http://www.dhammadownload.com

# အဘိဓမ္မာသင်တန်းပို့ချချက်များ

## ( စတုတ္ထတွဲ )

အရှင်သီလာနန္ဒာဘိဝံသ(D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်







http://www.dhammadownload.com

# အဘိဓမ္မာသင်တန်းပို့ချချက်များ

## ( စတုတ္ထတွဲ )

**အရှင်သီလာနန္ဒာဘိဝံသ(D.Litt.)**

**(အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**ပါဠိမောက္ခချုပ်ဆရာတော်**

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

4 713 2 12078 1







http://www.dhammadownload.com

7325004




အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ရန်ကုန်မြို့

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ပို့ချချက်များ

## (ဒုတိယတွဲ)

အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)
အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၃၄/၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၂၇/၂၀၀၄ (၃) |
| ထုတ်ဝေခြင်း | ပထမအကြိမ်<br>အုပ်ရေ ၁၀၀၀ |
| တန်ဖိုး | ၃၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ |
| အတွင်းသားပုံနှိပ် | ဦးကျော်ဇင် (၀၄၂၂၉)<br>ခိုင်ရည်မွန်ပုံနှိပ်တိုက်<br>အမှတ် (၈၁)၊<br>ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ဦးဝင်းမင်းကို (၀၇၀၉၅)<br>တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက်<br>အမှတ် (၁၁၇)၊ ၄၀ လမ်း၊<br>ရန်ကုန်။ ဖုန်း- ၃၇၇၄၄၅ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (၀၉၃၂) ရဲဘော်ကျော်ဆန်း<br>ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း (၁)လမ်း၊<br>ပုသိမ်ညွန့်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | **Dream City** |
| ဖလင် | K & M³<br>အမှတ် ၁၅၀ (ပ/ယာခန်း)<br>ဆိပ်ကမ်းသာလမ်း၊ (အောက်ဘလောက်)<br>ဖုန်း – ၃၇၅၅၈၀ |
| စာအုပ်ချုပ် | ဦးတင်ထွန်း "ငွေအိမ်စည်"<br>၇/၁၁၁လမ်း၊ ဖုန်း ၂၉၁၆၈၀ |
| စီစဉ်သူ | သိရိ |

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
၀၁-၂၄၃၈၇၀

www. foreverspace. com.mm
www.myanmarebook.com.mm
တို့တွင် ဝယ်ယူဖတ်ရှုနိုင်ပါသည်။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်းပို့ချချက်များ

(စတုတ္ထတွဲ)

## မာတိကာ


**အဘိဓမ္မာသင်တန်း (၃၇)**
[ရုပ်ပိုင်း]
ရုပ် ၂၈–ပါး ၄
**အဘိဓမ္မာသင်တန်း (၃၈)**
(ရုပ်ပိုင်း)
ဟဒယဝတ္ထုနှင့် ရူပဝိဘာဂ ၂၉
**အဘိဓမ္မာသင်တန်း (၃၉)**
(ရုပ်ပိုင်း)
ရူပဝိဘာဂနှင့် ရူပသမုဋ္ဌာန ၅၆
**အဘိဓမ္မာသင်တန်း (၄၀)**
(ရုပ်ပိုင်း)
ရူပသမုဋ္ဌာနနှင့် ရူပကလာပ ၈၃
**အဘိဓမ္မာသင်တန်း (၄၁)**
(ရုပ်ပိုင်း)
ရုပ်ဖြစ်စဉ်, ချုပ်စဉ်, ရုပ်ဝီထိ ၁၀၈
**အဘိဓမ္မာသင်တန်း (၄၂)**
(ရုပ်ပိုင်း)
နိဗ္ဗာန်အကြောင်း ၁၃၃
**အဘိဓမ္မာသင်တန်း (၄၃)**
(သမုစ္စည်းပိုင်း)
အကုသလသင်္ဂဟ ၁၆၆
**အဘိဓမ္မာသင်တန်း (၄၄)**
(သမုစ္စည်းပိုင်း)
မိဿကသင်္ဂဟ ၁၉၇
**အဘိဓမ္မာသင်တန်း (၄၅)**
(သမုစ္စည်းပိုင်း)
ဗောဓိပက္ခိယသင်္ဂဟ ၂၂၄
**အဘိဓမ္မာသင်တန်း (၄၆)**
(သမုစ္စည်းပိုင်း)
သဗ္ဗသင်္ဂဟ ၂၄၉

http://www.dhammadownload.com

# နိဒါန်း

ဤအဘိဓမ္မာသင်တန်း ပို့ချချက်များကို အမေရိကန်နိုင်ငံရောက် မြန်မာ အမျိုးသားအမျိုးသမီးများအတွက် ပို့ချခဲ့ပါသည်၊ မြန်မာနိုင်ငံ၌ ထုတ်ဝေရန် ရည်ရွယ်ချက် မရှိခဲ့ပါ၊ အကြောင်းကား မြန်မာနိုင်ငံ၌ မိမိထက် အဘိဓမ္မာအရာ၌ ကျွမ်းကျင်သောဆရာတော်များ ရှိနေ၍တစ်ကြောင်း, မြန်မာလို ရေးသားထားသော အဘိဓမ္မာစာအုပ်များ များစွာရှိနေ၍ တစ်ကြောင်း ဖြစ်ပါသည်။

တစ်ပတ်တစ်ခါ, တစ်ခါလျှင် တစ်နာရီပို့ချခဲ့ပါသည်၊ အားလုံးပေါင်း ၅၆ ကြိမ်, တိတ်ခွေ ၅၆ ခွေစာ ပို့ချခဲ့ပါသည်၊ နဂိုက မြန်မာနိုင်ငံ၌ထုတ်ဝေရန် ရည်ရွယ်ချက် မရှိသော်လည်း တစ်နေ့သ၌ Fremont မြို့ မေတ္တာနန္ဒဝိဟာရ ကျောင်းတိုက် ဆရာတော်ဦးဓမ္မပိယနှင့် စကားစပ်မိရာ သူက မြန်မာနိုင်ငံ၌ ထုတ်ဝေလိုကြောင်း, မြန်မာအမျိုးသား အမျိုးသမီးများအဖို့လည်း ကျေးဇူးများနိုင် ကြောင်းနှင့် မိမိတို့အနေနှင့်လည်း နည်းယူစရာရနိုင်မည်ဖြစ်ကြောင်းများကို ပြောသဖြင့် မြန်မာပြည်၌ထုတ်ဝေရန် သဘောတူခဲ့ပါသည်၊ တစ်ဖန်တုံ ဤသို့ စာအုပ်ရိုက်မည့်အကြောင်းကို ရွှေစန္ဒာထွန်းစာပေမှသိရှိသွား၍ သူတို့ကပင် တာဝန်ယူရိုက်၍ ဖြန့်ချိရန် တောင်းပန်သဖြင့် ဤစာအုပ်မှာ ပို၍ လျှင်မြန်စွာ ထွက်ပေါ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသင်တန်းမှာ အမေရိကန်ပြည်ရောက် မြန်မာများအတွက် ပို့ချခဲ့ခြင်း ဖြစ်၍ ၎င်းတို့မှာ အင်္ဂလိပ်လိုတတ်သူများဖြစ်ကြ၍ အချို့နေရာ၌ အင်္ဂလိပ် စကားလုံးကိုညှပ်၍ သုံးထားသည်တို့ကို တွေ့ရမည်ဖြစ်ပါသည်၊ ထိုသို့သုံးထား ခြင်းမှာ အချို့အရာ၌ အင်္ဂလိပ်လိုပြောခြင်းက သူတို့အဖို့ ပိုမိုလွယ်ကူစွာ နားလည်နိုင်မည်ဖြစ်သောကြောင့်ဖြစ်ပြီး အခြားအကြောင်းတစ်ခုမှာမူ အကျင့်ပါနေ သောကြောင့်ဟု ဆိုရပါမည်၊ ထိုအင်္ဂလိပ် အသုံးအနှုန်းများကိုလည်း ပင်ကိုယ် အတိုင်းပင် ထားခဲ့ပါသည်၊ မြန်မာပြန်ဆိုခြင်း မပြုခဲ့ပါ၊ ထို့ပြင် သင်တန်းပို့ချချက်

http://www.dhammadownload.com

အားလုံးလိုလိုပင် သူ့အတိုင်းထားခဲ့ပါသည်၊ အချို့ စကားမချောသောနေရာများတွင်သာ ရွှေစန္ဒာထွန်းစာပေမှ ဆရာမဒေါ်သီရိက ဒိုင်ခံ၍ ပြင်ပေးပါသည်၊ စာတစ်အုပ်လုံးကို ဒိုင်ခံ၍ တည်းဖြတ်ပေးသူကားအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပဋိပတ္တိ မဟာဌာနမှူး၊ ဒေါက်တာဘွဲ့ရ ဦးဥတ္တရဉာဏ ဖြစ်ပါသည်၊ သူက မြန်မာမှုဆိုင်ရာ၌လည်းကောင်း၊ အင်္ဂလိပ်စာဆိုင်ရာအပိုင်း၌လည်းကောင်း တတ်စွမ်းသလောက် ပြင်ဆင်ပေးပါသည်၊ အင်္ဂလိပ်စာပိုင်းဆိုင်ရာ၌ ဤစာရေးသူလည်း အထူးဂရုစိုက်၍ ပြင်ပေးပါသည်၊ ထိုပြင်ချက်အားလုံးကိုမှ ပုံနှိပ်တိုက်မှပြင်၍ ရိုက်နှိပ်ခဲ့ပါသည်၊ ဤသို့ ကြိုးပမ်းကြပါသော်လည်း အမှားကတော့ကင်းချင်မှ ကင်းမည်၊ အမှားတွေ့ရှိပါက ဖြန့်ချိသူတို့ထံသို့ စာဖြင့် အကြောင်းကြားပါလျှင် ထိုပြင်ချက်များ မှတ်ထားပြီး နောက်တစ်ကြိမ် ရိုက်သောအခါ ထည့်သွင်းပြင်ဆင်ပါမည်။

လက်ာများကို များသောအားဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ပရမတ္ထသံခိပ်နှင့် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်၏ ဘာသာဋီကာမှရယူပါသည်။

ပစ္စည်းပိုင်းလာ အခန်းများကို ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းမှ ထုတ်ဝေသောစာအုပ်မှ ရယူပါသည်။

ဦးသီလာနန္ဒ

**အရှင်သီလာနန္ဒာဘိဝံသ**

၁၃၆၅ ခု၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့

(၃-၆-၂၀၀၃)

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်

ရန်ကုန်မြို့၊

မြန်မာနိုင်ငံ။

http://www.dhammadownload.com

# ရုပ်ပိုင်း

## ရုပ် ၂၈ -ပါး

မဟာဘုတ် ၄-ပါး

၁။ ပထဝီဓာတ်

၂။ အာပေါဓာတ်

၃။ တေဇောဓာတ်

၄။ ဝါယောဓာတ်

ပသာဒရုပ် ၅-ပါး

၅။ စက္ခုပသာဒ

၆။ သောတပသာဒ

၇။ ဃာနပသာဒ

၈။ ဇိဝှါပသာဒ

၉။ ကာယပသာဒ

ဝိသယရုပ် ၇-ပါး

၁၀။ ရူပါရုံ

၁၁။ သဒ္ဒါရုံ

၁၂။ ဂန္ဓာရုံ

၁၃။ ရသာရုံ

။ ဖောဋ္ဌဗ္ဗာရုံ (ပ, တေ, ဝါ)

ဘာဝရုပ် ၂-ပါး

၁၄။ ဣတ္ထိဘာဝရုပ်

၁၅။ ပုမ္ဘာဝရုပ်

၁၆။ ဟဒယရုပ်

၁၇။ ဇီဝိတရုပ်

၁၈။ အာဟာရရုပ်

၁၉။ အာကာသရုပ်

http://www.dhammadownload.com



ဝိညတ်ရုပ် ၂-ပါး
၂၀။ ကာယဝိညတ်
၂၁။ ဝစီဝိညတ်

ဝိကာရရုပ် ၅-ပါး
၂၂။ ကာယဿ လဟုတာ
၂၃။ ကာယဿ မုဒုတာ
၂၄။ ကာယဿ ကမ္မညတာ
- ကာယဝိညတ်
- ဝစီဝိညတ်

လက္ခဏရုပ် ၄-ပါး
၂၅။ ဥပစယ
၂၆။ သန္တတိ
၂၇။ ဇရတာ
၂၈။ အနိစ္စတာ

ထို ရုပ် ၂၈-ပါးတို့တွင် ၁ မှ ၁၈ အထိ ရုပ်များကို သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ် ဟူ၍လည်း ခေါ်သည်။

သုတ္တန်ပါဠိတော်တို့၌ ဟောအပ်သော "ဇာတိ" ရုပ်ကိုပင် အဘိဓမ္မာ၌ "ဥပစယ၊ သန္တတိ" ဟု အမည်နှစ်မျိုးခွဲ၍ တရားနာဝေနေယျတို့၏ အလိုကျလေအောင် ဟောတော်မူသည်။

# အဘိဓမ္မာသင်တန်း ပို့ချချက်များ



| | ၂၈ အနိစ္စတာ | ၂၇ ဇရတာ | ၂၆ သန္တတိ | ၂၅ ဥပစယ | ၂၄ ကမ္မညတာ | ၂၃ မုဒုတာ | ၂၂ လဟုတာ | ၂၁ ဝစီဝိညတ္တိ | ၂၀ ကာယဝိ | ၁၉ အာကာသ | ၁၈ အာဟာရ | ၁၇ ဇီဝိတ | ၁၆ ဟဒယ | ၁၅ ပုမ္ဘာဝ | ၁၄ ဣတ္ထိဘာဝ | • ဖောဋ္ဌဗ္ဗ | ၁၃ ရသ | ၁၂ ဂန္ဓ | ၁၁ သဒ္ဒ | ၁၀ ရူပ | ၉ ကာယ | ၈ ဇိဝှါ | ၇ ဃာန | ၆ သောတ | ၅ စက္ခု | ၄ ဝါယော | ၃ တေဇော | ၂ အာပေါ | ၁ ပထဝီ | ← ထောင်လိုက်ဖတ် | ရုပ် ၂၈ ပါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | + | + | + | + | + | + | + | | | + | + | + | | | | | + | + | | + | | | | | | + | + | + | + | အသညသတ်ဘုံ | |
| | + | + | + | + | + | + | + | + | + | + | + | + | + | | | | + | + | + | + | | | | | + | + | + | + | + | ကြွင်းရူပ-၁၅ ဘုံ | |
| | လက္ခဏရုပ် ၄ | | | | ဝိကာရရုပ် ၅ | | | ဝိညတ် ၂ | | ပ | အာ | ဇီ | ဟ | ဘာဝရုပ် | | ဂေါစရရုပ်-၇ | | | | | ပသာဒရုပ်-၅ | | | | | မဟာဘုတ် ၄ | | | | | |
| ၄ | | | | | | | | | | | | | | | | ✿ | | | | | | | | | | ✿ | ✿ | ✿ | ✿ | ဘူတရုပ် | |
| ၂၄ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | ဥပါဒါရုပ် | |
| ၆ | | | | | | | | | | | | | | | | | | | | | | | | | | | | | | အဇ္ဈတ္တိက | ရုပ်ဝိဘာဂ |
| ၂၂ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | ဗာဟိရ | |
| ၆ | | | | | | | | | | | | | ✿ | | | | | | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | ဝတ္ထု | |
| ၂၂ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | အဝတ္ထု | |
| ၇ | | | | | | | | ✿ | ✿ | | | | | | | | | | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | ဒွါရ | |
| ၂၁ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | အဒွါရ | |
| ၈ | | | | | | | | | | | | ✿ | | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | ဣန္ဒြိယ | |
| ၂၀ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | အနိန္ဒြိယ | |
| ၁၂ | | | | | | | | | | | | | | | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | ဩ သံ သပ် | |
| ၁၆ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | | | | | | | | | ✿ | | သု, ဒူ အပ် | |
| ၁၈ | | | | | | | | | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ဥပါဒိန္န | |
| ၁၀ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | | | | | | ✿ | | | | | | | | | | | အနုပါဒိန္န | |
| ၁ | | | | | | | | | | | | | | | | | | | | ✿ | | | | | | | | | | သနိဒဿန | |
| ၂၇ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | အနိဒဿန | |
| ၅ | | | | | | | | | | | | | | | | | | | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | ဂေါစရဂ္ဂါဟိက | |
| ၂၃ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | အဂေါစရဂ္ဂါဟိက | |
| ၈ | | | | | | | | | | | ✿ | | | | | ✿ | ✿ | ✿ | | ✿ | | | | | | ✿ | ✿ | ✿ | ✿ | အဝိနိဗ္ဘောဂ | |
| ၂၀ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | ✿ | ✿ | ✿ | | | | ✿ | | ✿ | ✿ | ✿ | ✿ | ✿ | | | | | ဝိနိဗ္ဘောဂ | |
| ၁၈ | | | | | | | | | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ကမ္မဇ | ရုပ်သမုဋ္ဌာန် |
| ၁၅ | | | | | ✿ | ✿ | ✿ | ✿ | ✿ | ✿ | ✿ | | | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | စိတ္တဇ | |
| ၁၃ | | | | | ✿ | ✿ | ✿ | | | ✿ | ✿ | | | | | ✿ | ✿ | ✿ | ✿ | ✿ | | | | | | ✿ | ✿ | ✿ | ✿ | ဥတုဇ | |
| ၁၂ | | | | | ✿ | ✿ | ✿ | | | ✿ | ✿ | | | | | ✿ | ✿ | ✿ | | ✿ | | | | | | ✿ | ✿ | ✿ | ✿ | အာဟာရဇ | |
| ၁၀ | | | | | | | | | | | ★ | ★ | | | | ★ | ★ | ★ | | ★ | | | | | ★ | ★ | ★ | ★ | ★ | စက္ခုဒသက | ရုပ်ကလာပ် – ကမ္မဇကလာပ် |
| ၁၀ | | | | | | | | | | | ★ | ★ | | | | ★ | ★ | ★ | | ★ | | | | ★ | | ★ | ★ | ★ | ★ | သောတဒသက | |
| ၁၀ | | | | | | | | | | | ★ | ★ | | | | ★ | ★ | ★ | | ★ | | | ★ | | | ★ | ★ | ★ | ★ | ဃာနဒသက | |
| ၁၀ | | | | | | | | | | | ★ | ★ | | | | ★ | ★ | ★ | | ★ | | ★ | | | | ★ | ★ | ★ | ★ | ဇိဝှါဒသက | |
| ၁၀ | | | | | | | | | | | ★ | ★ | | | | ★ | ★ | ★ | | ★ | ★ | | | | | ★ | ★ | ★ | ★ | ကာယဒသက | |
| ၁၀ | | | | | | | | | | | ★ | ★ | | | ★ | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ဣတ္ထိဘာဝဒသက | |
| ၁၀ | | | | | | | | | | | ★ | ★ | | ★ | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ပုမ္ဘာဝဒသက | |
| ၁၀ | | | | | | | | | | | ★ | ★ | ★ | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ဝတ္ထုဒသက | |
| ၉ | | | | | | | | | | | ★ | ★ | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ဇီဝိတနဝက | |
| ၈ | | | | | | | | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | သုဒ္ဓဋ္ဌက | စိတ္တဇကလာပ် |
| ၉ | | | | | | | | | ★ | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ကာယဝိနဝက | |
| ၁၀ | | | | | | | | ★ | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ဝစီဝိဒသက | |
| ၁၁ | | | | | ★ | ★ | ★ | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | လဟုတာဒေကာဒသက | |
| ၁၂ | | | | | ★ | ★ | ★ | | ★ | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | ကာဝိလဟုဒွါ | |
| ၁၃ | | | | | ★ | ★ | ★ | ★ | | | ★ | | | | | ★ | ★ | ★ | ★ | ★ | | | | | | ★ | ★ | ★ | ★ | ဝစီဝိလဟုတေ | |
| ၈ | | | | | | | | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | သုဒ္ဓဋ္ဌက | ဥတုဇ |
| ၉ | | | | | | | | | | | ★ | | | | | ★ | ★ | ★ | ★ | ★ | | | | | | ★ | ★ | ★ | ★ | သဒ္ဒနဝက | |
| ၁၁ | | | | | ★ | ★ | ★ | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | လဟုတာဒေကာဒသက | |
| ၁၂ | | | | | ★ | ★ | ★ | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | သဒ္ဒလဟုဒွါ | |
| ၈ | | | | | | | | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | သုဒ္ဓဋ္ဌက | အာဟာရဇ |
| ၁၁ | | | | | ★ | ★ | ★ | | | | ★ | | | | | ★ | ★ | ★ | | ★ | | | | | | ★ | ★ | ★ | ★ | လဟုတာဒေကာဒသက | |



http://www.dhammadownload.com

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၃၇)

## [ရုပ်ပိုင်း]

## ရုပ် - ၂၈ ပါး

ဒီနေ့ ဩဂုတ်လ ၂၁-ရက်နေ့။

လွန်ခဲ့တဲ့ အပတ်တုန်းက home work ပေးခဲ့တယ်၊ အဲဒါအသေးစိတ် ရနိုင်သမျှဆက်ပြီး လုပ်ကြရအောင်။

စုတိနောင် ပဋိသန္ဓေနောင်းပုံမှာ အဲဒီလို အသေးစိတ်သာလုပ်ထားရင်တော့ တကယ်ကျေတော့မှာပဲ၊ အဲဒီတော့ ပုထုဇဉ်အတွက်က ဇယားကွက်တစ်စုံ, အရိယာ အတွက်က ဇယားကွက်တစ်စုံ, အဲသလိုသွားလိမ့်မယ်။

အဲဒီတော့ ပုဂ္ဂိုလ် ၁၂-ယောက်စိတ်ထဲကမှတ်မိနေမယ်၊ ဘုံ ၃၁-မှတ်မိနေ ရမယ်၊ ပဋိသန္ဓေစိတ် ၁၉-ခု မှတ်မိနေရမယ်။

ဘယ်စုတိနောင်မှာ ဘယ်လိုပဋိသန္ဓေနောင်းတယ်ဆိုတာနဲ့ တိုက်ဆိုင်ပြီး လုပ်သွား ရင်လည်းရပါတယ်၊ ခဲယဉ်းတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် လုပ်ရတာ များတော့ တာဝန်များတာလည်းရှိမယ်၊ မှားတာလည်းရှိမယ်။

ကောင်းပြီ၊ ဘုံပိုင်းပဉ္စမပိုင်းဟာ အဲဒါနဲ့ပဲအဆုံးသတ်ကြမယ်၊ ဒီနေ့ရုပ်ပိုင်း သွားကြမယ်။

http://www.dhammadownload.com



ပရမတ္ထတရား ၄-ပါးရှိတယ်၊ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်,နိဗ္ဗာန်ရယ်, စိတ်ကို စိတ်ပိုင်းနဲ့ပြခဲ့ပြီ၊ စေတသိက်ကို စေတသိက်ပိုင်းနဲ့ ပြခဲ့ပြီ၊ စေတသိက်ပိုင်း မှာလည်း စိတ်ကောပြတာပဲ၊ စိတ်နဲ့ စေတသိက်နဲ့ ယှဉ်တာပဲ၊ ပကိဏ်းပိုင်းမှာလည်း စိတ်ကို ပဓာနထားပြီးတော့ ဝေဒနာအစရှိသည်ဖြင့် ခွဲခြားပြခဲ့ပြီ၊ ဝီထိပိုင်းဆိုင်ရာမှာ လည်း စိတ်သာပဓာနပါပဲ။

ဘုံပိုင်းကျတော့ စိတ်လည်းဟုတ်တယ်၊ ကံဆိုတဲ့အတွက် စေတသိက်လည်း ဟုတ်တယ်၊ ဒါတွေပြခဲ့ပြီ၊ အဲဒီတော့ စိတ်နဲ့စေတသိက်ကို အမျိုးမျိုးခွဲခြားဝေဖန်ပြီး တော့ ပြပြီးပြီပေါ့။

အဲဒီတော့ တတိယဖြစ်တဲ့ ပရမတ္ထတရားဖြစ်တဲ့ရုပ်ပိုင်းကို အခုဒီနေ့လေ့လာ ရမယ်၊ အဲဒီတော့ ရုပ်ဆိုတာဘာလဲ, သင်တန်းအစတုန်းက ပြောခဲ့တယ်၊ ၁- နှစ်ကျော်ပြီ၊ မှတ်မိကြသေးလားမသိဘူး၊ ရုပ်ရဲ့ (defination) က ဖောက်ပြန်တတ် သောကြောင့်ရုပ်တဲ့။

ဖောက်ပြန်တတ်တယ်ဆိုတာဘာလဲ၊ အပူကြောင့်, အအေးကြောင့် ဆာလောင် မွတ်သိပ်မှုကြောင့်, ရေငတ်လို့ ပိုးမွှားကိုက်လို့ အစရှိသည်ဖြင့် ရှေ့ရုပ်အစဉ်နဲ့ မတူတဲ့ နောက်ရုပ်အစဉ် ဖြစ်သွားတာကို ဖောက်ပြန်တယ်လို့ခေါ်တယ်။

အေးတဲ့အခါ ရုပ်အစဉ်က တစ်မျိုးမနေဘူးလား၊ ပူတဲ့အခါကျတော့ရုပ်အစဉ်က တစ်မျိုးနေတယ်၊ ဆာတဲ့အခါကျတော့ တစ်မျိုး၊ ရေငတ်နေတဲ့အခါကျတော့တစ်မျိုး၊ ပိုးကောင်တွေ အကိုက်ခံရတဲ့အခါ တစ်မျိုးနေတယ်၊ အဲဒီလို ရှေ့ရုပ်အစဉ်နဲ့မတူတဲ့ နောက်ရုပ်အစဉ်ဖြစ်တာ၊ အဲသလို ဖြစ်တာကိုပဲ ဖောက်ပြန်တယ်လို့ခေါ်တယ်၊ ဒါကြောင့် ရုပ်ဆိုတာဖောက်ပြန်တတ်တဲ့သဘောတရားလို့ မှတ်ရမယ်။

ရုပ်ဟာဖောက်ပြန်တတ်တဲ့ သဘောတရားဆိုရင် စိတ်ကောမဖောက်ပြန် ဘူးလား၊ ရှေ့စိတ်အစဉ်နဲ့ မတူတဲ့ နောက်စိတ်အစဉ်တွေဖြစ်နေတာပဲ၊ ဝီထိတွေ ဖြစ်နေတာပဲ၊ ဒါပေမယ်လို့ ဒီနေရာမှာ မျက်မြင်ထင်ထင်ရှားရှားဖောက်ပြန်တာကို ဆိုလိုတယ်၊ စိတ်က လူသိတာမှ မဟုတ်ပဲ၊ တစ်ထိုင်ထဲ အမျိုးမျိုးဖြစ်နေတာ ဘယ်သူသိကြလဲ၊ ရုပ်ကျတော့ သိတယ်။

သူများက ကြည့်လိုက်ရင် ဒီပုဂ္ဂိုလ်ဟာ ဆာလောင်နေတယ်, ချမ်းနေတယ်, အိုက်နေတယ်စသည်ဖြင့် အမျိုးမျိုးသိကြတယ်၊ ဒါကြောင့်မို့ ထင်ရှားတဲ့ ဖောက်ပြန်မှု မျိုးကို ရည်ရွယ်ပြီးတော့ ဖောက်ပြန်တတ်သောကြောင့် ရုပ်လို့ ဒီလိုခေါ်ရတယ်၊ အဲဒီရုပ်ဟာ ဘယ်လိုဘာညာဆိုတာ ရုပ်ပိုင်းထဲမှာ အကုန်ပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီရုပ်ဟာ အဘိဓမ္မာသဘောတရားအရ, အဘိဓမ္မာမှာ သင်ကြားထားတာ အရ, ရုပ်ပေါင်း ၂၈–ပါးရှိတယ်၊ ရုပ်အမျိုးပေါင်း ၂၈–မျိုးရှိတယ်၊ ဒါဟာ chemistry မှာ element နဲ့ တူတူပဲ၊ ဟိုမှာတော့ element က ၁၀၀–ကျော်နေ တယ်၊ ရုပ်ပိုင်းမှာတော့ ၂၈–မျိုးရှိတယ်လို့ အဘိဓမ္မာမှာဟောတယ်။

အဲဒီ ၂၈–မျိုးမှာ အမျိုးမျိုးပေါင်းစုပြီးတော့ သတ္တဝါတွေဖြစ်နေတယ်၊ သစ်ပင်တောတောင် ရေမြေတွေဖြစ်နေတယ်၊ ဒါတွေအကုန်လုံးဟာ ရုပ် ၂၈–မျိုး ကို အမျိုးမျိုးအတွေးလိုက် စုပေါင်းပြီးတော့ဖြစ်နေတာ၊ အဲဒီရုပ် ၂၈–ပါးကိုလည်း အစုလေးတွေ ခွဲခွဲပြီးနားလည်ရမယ်၊ လေ့လာရမယ်။

အဲဒီမယ် ပထမဆုံး မဟာဘုတ် ၄–ပါးတဲ့၊ သူက အခြေခံအကျဆုံးပေါ့လေ၊ primary လို့လည်း အင်္ဂလိပ်လိုခေါ်တယ်၊ essentional လို့လည်းခေါ်တယ်၊ သူက အခြေခံကျတယ်၊ ရုပ်လေးမျိုးကိုပဲ ဓာတ်ကြီး ၄–ပါးလို့လည်းခေါ်တယ်။

ဓာတ် ၆–ပါး ကြားဖူးကြလားမသိဘူး၊ တရားထိုင်ဖူးတဲ့သူက သိလိမ့်မယ်၊ ဓာတ် ၆–ပါးကျတော့ အာကာသဓာတ်နဲ့ ဝိညာဏဓာတ်ထည့်ရမယ်၊ ဒီမှာတော့ ရုပ်ဓာတ်ပဲ၊ ထားဦးတော့ ဒါက အခြေခံ။

အဲဒီဓာတ်ကြီး ၄–ပါးကို အမှီပြုပြီးတော့ဖြစ်တဲ့ရုပ်ကို ဥပါဒါရုပ်လို့ခေါ်တယ်၊ ဒီထဲမှာ ထည့်ရေးမထားဘူး၊ ဒီတော့ မဟာဘုတ် ၄–ပါး၊ ဥပါဒါရုပ် ၂၄–ပါး အဲသလို ပထမခွဲရမယ်။

ဥပါဒါရုပ်က မဟာဘုတ်ကို အမှီပြုပြီးဖြစ်တာ၊ မဟာဘုတ်မရှိရင် ဥပါဒါရုပ် မဖြစ်ဘူး၊ အဲဒီတော့ ဖယားကွက်လုပ်နေတာ မပြီးသေးဘူး၊ အဲဒီတော့ မဟာဘုတ်ရယ်၊ ဥပါဒါရုပ်ရယ်၊ အဲသလို ပထမနှစ်မျိုးခွဲလိုက်၊ မဟာဘုတ်က အခြေခံ, ဥပါဒါရုပ်က မဟာဘုတ်ကို အမှီပြုပြီးဖြစ်တဲ့ရုပ်တွေ။

မဟာဘုတ် ၄–ပါးက ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, ဒီအစဉ်အတိုင်းသွားတယ်၊ မြန်မာလိုဆိုရင်တော့ ပထဝီဆိုတာ မြေ၊ အာပေါဆိုတာရေ၊ တေဇောဆိုတာမီး၊ ဝါယောဆိုတာလေ၊ မြန်မာလိုဆိုရင်တော့ မြေ, ရေ, လေ, မီးလို့ နှုတ်တက်တတ်ကြတယ်၊ ပါဠိအစဉ်အတိုင်းကတော့ မြေ, ရေ, မီး, လေ အဲသလို ဓာတ်ကြီး ၄–ပါးတဲ့။

ဒီဓာတ်ကြီး ၄–ပါးကို အနောက်နိုင်ငံ philosophy မှာလည်း တွေ့ရတယ်၊ ဂရိတ် philosophy မှာလည်းရှိတယ်၊ အဲဒီတော့ ဒီဓာတ် ၄–ပါးက ဗုဒ္ဓဘာသာ တစ်ခုထဲမှာသာ တွေ့နိုင်တဲ့တရားမဟုတ်ဘူး၊ ဟိန္ဒူမှာလည်း ရှိမှာပဲ။

http://www.dhammadownload.com



ဒါပေမယ်လို့ အဘိဓမ္မာမှာကျတော့ ဒီဓာတ်ကြီး ၄–ပါးက နက်နဲသွားတယ်, သိမ်မွေ့သွားတယ်၊ ဘာကြောင့်လဲဆိုတော့ ပထဝီဓာတ်ဆိုတာ ဘာလဲ၊ မြေကြီးလား၊ ပထဝီဓာတ်ရဲ့ လက္ခဏာကဘာလဲ၊ မာတဲ့လက္ခဏာ, သို့မဟုတ်နူးညံ့တဲ့ လက္ခဏာ တို့ကို ပထဝီဓာတ်လို့ခေါ်တယ်၊ ပါဠိလို ကက္ခဠတ္တလို့ခေါ်တယ်။

ကက္ခဠတ္တဆိုတာ မာတဲ့သဘောပေါ့၊ မာတယ်ဆိုတာ realtive ပေါ့၊ တစ်ခုခုထောက်လိုက်ရင် သူကပျော့သွားတာပဲ၊ အဲသလို ပျော့မှုမာမှုသဘောကို ပထဝီဓာတ်လို့ခေါ်တယ်၊ မြေကြီးကို (အဘိဓမ္မာမှာ) ပထဝီဓာတ်လို့ခေါ်တာ မဟုတ်ဘူး၊ အဲသလို နက်နဲသွားတယ်။

သာမန်အမြင်အားဖြင့်တော့ မြေကြီးဟာ ပထဝီဓာတ်ပဲ၊ ရေဟာအာပေါဓာတ်ပဲ၊ ဒါပေမယ့် တကယ်ဒီမှာဆိုလိုတဲ့, ရုပ် ၂၈–ပါးမှာပါတဲ့ပထဝီဓာတ်ဟာ ဘာလဲဆိုရင် ခက်မာတယ်လို့ စာမှာသုံးတယ်၊ မာတဲ့သဘော, ပျော့တဲ့သဘော, ကြမ်းတမ်းတဲ့ သဘော, နူးညံ့တဲ့သဘော၊ အဲဒါကို ပထဝီဓာတ်လို့ခေါ်တယ်။

ဒါကြောင့်မို့ ရေမှာကော ပထဝီဓာတ်မရှိဘူးဘူးလား, ရှိတာပဲ၊ မီးမှာကော ပထဝီဓာတ် မရှိဘူးလား,ရှိတာပဲ၊ လေမှာကော ပထဝီဓာတ် မရှိဘူးလား, ရှိတာပဲ၊ ဒီဓာတ်ကြီး ၄–ပါးဟာ နေရာတကာတိုင်းမှာရှိတယ်၊ အဲဒီလို နက်နဲသွားတယ်။

အမှန်က မြေကြီးကို ပထဝီဓာတ်ခေါ်တာ မဟုတ်ဘူး၊ မြေကြီးမှာရှိတဲ့ သဘောတရား, ခက်မာမှု, နူးညံ့မှုကို ပထဝီလို့ခေါ်တာ။

အာပေါဓာတ်တဲ့၊ ရေကို အာပေါလို့ခေါ်တယ်၊ ဒါပေမယ့် အာပေါဓာတ်ဆိုတာ ရေလား၊ not nesscessely ရေမဟုတ်ဘူး၊ ဘာလဲဆိုရင် ရေမှာရှိတဲ့ သဘောတရား၊ ယိုစီးတတ်တဲ့သဘောတရား၊ ထွက်စီးတတ်တဲ့သဘောတရား။

ဂျုံမှုန့်မှာ ရေထည့်လိုက်တယ်၊ ဂျုံမှုန့်လေးတွေတစ်ခုနဲ့တစ်ခု ဖွဲ့စည်းသွားတယ်၊ ဘာဖြစ်သွားလဲ၊ ဂျုံမှုန့်ထဲရေထည့်နယ်လိုက်ရင် အင်္ဂလိပ်လို fluidity လို့လည်း ပြန်တယ်၊ cohesiveness လို့လည်းပြန်တယ်။

ကောင်းပြီ, အာပေါဓာတ်ဟာမြေကြီးထဲမှာကော မရှိနိုင်ဘူးလား၊ သစ်သား ထဲမှာကော မရှိနိုင်ဘူးလား၊ ရှိတာပေါ့၊ အာပေါဓာတ်ရှိလို့သာ တစ်ခုနဲ့တစ်ခု တွယ်ကပ်နေတာ၊ အာပေါဓာတ် လုံးဝမရှိဘူးဆိုရင် ကွာသွားတော့မှာပဲ။

တေဇောဓာတ်တဲ့၊တေဇောဆိုတာ အရှိန်အဟုန်လို့လည်း ဆိုတယ်၊ မီးလို့လည်း ဆိုတယ်ပေါ့၊ အမှန်က ဒီမှာတော့ ပူမှုအေးမှုကို ပြောတာ၊ အေးတာလည်းတေဇောပဲ နော်၊ များသောအားဖြင့် ထင်နေကြတာက ပူတာကိုပဲတေဇောလို့ထင်နေတယ်၊

http://www.dhammadownload.com



တကယ်တော့ အပူနဲ့အအေးဆိုတာလည်း relatively ပဲ မဟုတ်လား၊ ၇၀ ဒီဂရီ သမားက ၈၀ ဒီဂရီကို ပူတယ် ပြောမယ်၊ ၉၀ ဒီဂရီသမားက ၈၀ ဒီဂရီကို အေးတယ်ပြောမယ်၊ အဲသလိုပေါ့၊ ဒီနေ့နည်းနည်းအိုက်တယ်၊ ကိုယ်က ၇၀ ဒီဂရီ၊ ၆၀ ဒီဂရီ နေနေကျ ဖြစ်တော့ ၈၀ ဒီဂရီဆိုရင် ပူလာပြီ၊ မြန်မာပြည်က လူတွေ ၈၀ ဒီဂရီဆိုရင် ဘာမှ မဖြစ်ဘူး၊ ဒါကြောင့်မို့ တေဇောဆိုတာ temperature ကိုဆိုလိုတယ်၊ အဲဒီတေဇော သဘောဟာလည်း အရာဝတ္ထုတိုင်းမှာရှိတယ်။

ဝါယောဆိုတာက လေဓာတ်, လေမှာဘယ်လိုသတ္တိရှိသလဲ, ဘယ်လိုလက္ခဏာ ရှိသလဲဆိုတော့ တွန်းကန်တတ်တဲ့ လက္ခဏာ, ထောက်ထားတတ်တဲ့ သဘောရှိတယ်၊ ဘောလုံးထဲလေထိုးထည့်ထားတော့ လေကတွန်းကန်ထားလို့ ဘောလုံးက ပြန့်ပိန် မသွားတာ။

ထို့အတူပဲ လေဆိုတဲ့ ဝါယောဓာတ်က ထောက်ပံ့ထားတဲ့အတွက်ကြောင့်မို့ သတ္တဝါတွေ ထိုင်နေနိုင်တယ်၊ မားမားမတ်မတ် နေနိုင်တာ၊ လေလုံးဝမရှိရင်လည်း သွားမယ် ပေါ့လေ၊ ဒါကြောင့်မို့ "ထောက်ကန်တတ်တဲ့ သဘောတရားမျိုးကို ဝါယောဓာတ်လို့ခေါ်တာ။

အဲဒီဝါယောဓာတ်ဟာ နေရာတကာတိုင်းမှာရှိတာပဲ၊ မြေကြီးထဲမှာလည်း ရှိတာပဲ၊ သစ်သားထဲမှာလဲ ရှိတာပဲ၊ သံထဲမှာလည်း ရှိတာပဲ။

အဲသလို အခြေခံကျတဲ့ဓာတ်တွေကို မဟာဘုတ်လို့ခေါ်တယ်၊ မဟာဘုတ် ၄-ပါးလို့ ခေါ်ရင်လည်း ဟုတ်တယ်၊ ဓာတ်ကြီး၄-ပါးလို့ပြောရင်လည်းဟုတ်တယ်၊ ဒါက ရုပ်ဝတ္ထုအားလုံးရဲ့ အခြေခံကျတဲ့ သဘောတရား ၄-ခု။

ဒါကြောင့်မို့ ရုပ်, ရုပ်လို့ခေါ်ပေမယ့် အမှန်က သဘောတရားကိုခေါ်တာ၊ substance ရှိတာမဟုတ်ဘူး၊ အမှန်ကတော့ natural science မှာလို တကယ် လိုက်လိုက်တော့ ဘာမှရှာမတွေ့တော့ဘူး၊ eletrical charge ထဲ energy ထဲမှာ မတွေ့တော့ဘူး။

အဲသလိုပဲ၊ ရုပ်ဆိုတာလည်း ဘုရားဟော အဘိဓမ္မာသဘောတရားအရ အကောင် အထည်ရှိတယ်မဆိုလိုဘူး၊ သဘောတရားကိုပဲရုပ်လို့ခေါ်တာ၊ ဒါကြောင့်မို့ ပထဝီဓာတ်လို့ဆိုရင် ပထဝီရဲ့သဘောတရား၊ မြေကြီးမှာရှိတဲ့ သဘောတရား chractic တွေပါတယ်၊ ခုနပြောတဲ့ခက်မာမှု၊ နူးညံ့မှု အဲဒါဆိုတာမျိုးပေါ့၊ ဒါကြောင့်မို့ သဘောတရားထိအောင်သွားရမယ်၊ ရုပ်ကြမ်းကြီးမှာတင် ဦးဇင်းတို့က ရုပ်မနေရဘူး၊ ဒါပဲ၊ ဒါမဟာဘုတ် ၄-ပါးတဲ့။

http://www.dhammadownload.com



အဲဒီ မဟာဘုတ် ၄-ပါးကို အမှီပြုပြီးတော့ ကြွင်းတဲ့ဥပါဒါရုပ် ၂၄-ပါး ဖြစ်ပေါ်တယ်၊ စိတ်နဲ့ စေတသိက်လိုပေါ့၊ စိတ်မဖြစ်ပဲနဲ့ စေတသိက် မဖြစ်ပေါ် နိုင်ဘူး၊ စိတ်က ရှေ့သွားခေါင်းဆောင်၊ ဒါကြောင့် စိတ်၌ဖြစ်တတ်သောတရားလို့ ဒီလိုစေတသိက်ကို define လုပ်တယ်။

ထို့အတူပဲ, ဒီမှာလည်း မဟာဘုတ်တွေက ဥပါဒါရုပ်တွေကို produce လုပ်တာတော့ မဟုတ်ဘူး၊ သို့သော် မဟာဘုတ်ရှိမှ ဥပါဒါရုပ်ဖြစ်နိုင်တယ်၊ အမှီသဘောမျိုးပေါ့၊ အိမ်ရှိမှ လူနေနိုင်တာမျိုးလိုပေါ့၊ ယဉ်ရှိမှ အဲဒီပေါ်လူက တက်ပြီးသွားလို့ရသလိုမျိုးပေါ့၊ ဒါကြောင့်မို့ သူတို့ကို ဥပါဒါရုပ်လို့ ခေါ်တယ်၊ အင်္ဂလိပ်လို ပြန်တဲ့နေရာမှာ derivative meterial လို့ပြန်တယ်၊ အဲဒါကို ဦးဇင်းတော့ မကြိုက်ဘူး။

derivative ဆိုတော့ မဟာဘုတ်တွေက လုပ်လိုက်လို့ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်တယ်၊ ဒါကြောင့်မို့ ဦးဇင်းတော့ dependent meterial ဆိုတာမျိုးကြိုက်တယ်၊ များသောအားဖြင့် derivative လို့ ပြန်နေတယ်။

အမှန်က မဟာဘုတ် ၄-ပါးက ဆင်းသက်လာတာမဟုတ်ဘူး၊ မဟာဘုတ် ၄-ပါးက ပြောင်းပြီးဖြစ်လာတာမဟုတ်ဘူး၊ သူတို့က သီးခြားရုပ်တွေ၊ စိတ်နဲ့ စေတသိက်လိုပဲ၊ သို့သော် သူတို့က မဟာဘုတ်ရှိမှ မဟာဘုတ်ကို အမှီပြုပြီးဖြစ်တာ။

ကောင်းပြီ၊ အဲဒီဥပါဒါရုပ် ၂၄-ပါးမှာ ပထမဆုံးဘာတဲ့တုန်း၊ ပသာဒရုပ် ၅-ပါးတဲ့၊ ပသာဒရုပ် ၅-ပါးက (၁)စက္ခုပသာဒ (၂) သောတပသာဒ (၃) ဃာနပသာဒ (၄) ဇိဝှါပသာဒ (၅) ကာယပသာဒတဲ့။

ဒီနေရာမှာ ပသာဒဆိုတာဘာလဲ၊ ပါဠိကိုတိုက်ရိုက်ပြန်လိုက်ရင်ပသာဒဆိုတာ ကြည်လင်တာကိုခေါ်တာ၊ ဒါကြောင့်မို့ စက္ခုပသာဒဆိုရင် မျက်စိအကြည်တဲ့၊ သောတပသာဒနားအကြည်, ဃာနပသာဒ, နှာခေါင်းအကြည်,ဇိဝှါပသာဒ လျှာအကြည်, ကာယပသာဒ, ကိုယ်အကြည်တဲ့။

အဲဒီအကြည်ဓာတ် (စက္ခုပသာဒ) ဘယ်နေရာမှာရှိသလဲ၊ မျက်လုံးထဲမှာရှိတာတော့ သေချာတာပေါ့၊ မျက်လုံးကြီးတစ်ခုလုံးကို စက္ခုပသာဒလို့ခေါ်တာ မဟုတ်ဘူး၊ စာမှာလာတဲ့အတိုင်း ပြောရမယ်ဆိုရင် ဒီမျက်လုံးထဲမှာ မျက်နက်ဝန်း ရှိတယ်၊ အဲဒီမျက်နက်ဝန်း အလည်လောက်မှာ ရုပ်တစ်မျိုးရှိတယ်၊ ရူပါရုံတွေဘာတွေ ထင်တဲ့ရုပ်ပေါ့၊ အဲဒီနေရာမှာရှိတဲ့ရုပ်တွေကို စက္ခုပသာဒလို့ခေါ်တယ်၊ ဒါကြောင့်မို့ မျက်လုံးတစ်လုံးလုံးကို စက္ခုပသာဒခေါ်တာမဟုတ်ဘူး၊ meterial မျက်လုံးတစ်လုံး

http://www.dhammadownload.com



လုံးကိုကျတော့ မံသစက္ခု၊ သသမ္ဘာရစက္ခုလို့ ခေါ်တယ်၊ အခုဟာက ပသာဒစက္ခု၊ အခု ခေတ်နည်းနဲ့ ပြောမယ်ဆိုရင်တော့ retina ဖြစ်လိမ့်မယ်၊ retina မှာ သွားပြီး Image ထင်တာ။

သောတပသာဒ, ထို့အတူပဲ, နားထဲမှာရှိတဲ့ နားအကြည်ဓာတ်လေး inner ear အဲဒီသာမန်ဆိုရင်တော့ လက်စွပ်ကလေးနဲ့တူတယ်ဆိုတာဟုတ်မယ်၊ နားထဲမှာ အခွေလေးရှိတယ်၊ အဲဒီရှိတဲ့ အကြည်ဓာတ်ကို အသံလှိုင်းရိုက်တဲ့နေရာဆိုကြပါစို့၊ အသံလှိုင်း receive လုပ်တဲ့နေတာကို သောတပသာဒလို့ခေါ်တယ်၊ နားရွက်ကြီး ကို သောတပသာဒခေါ်တာ မဟုတ်ဘူး။

ဃာနပသာဒဆိုတာ နှာခေါင်း၊ ဒါလည်းပဲ အနံ့ကိုသိတဲ့နေရာ၊ နှာခေါင်းထဲမှာ ရှိတဲ့ အကြည်ဓာတ်ပေါ့၊ ကျမ်းဂန်ထဲတွေမှာတော့ ဆိတ်ခွာသဏ္ဍာန်ရှိတယ်လို့ဆိုတယ်၊ ဘာလို့လဲဆိုတော့ နှာခေါင်းကနှစ်ပေါက်ကိုး၊ အနံ့နဲ့ထိတွေ့တဲ့ အခါမှာ နံ့တဲ့စိတ် ဖြစ်ပေါ်စေနိုင်တယ်၊ အဲဒီနေရာကို ဃာနပသာဒလို့ခေါ်တယ်။

ဇိဝှါပသာဒဆိုတာကတော့ taste bud တွေပေါ့၊ လျှာမှာရှိတယ်၊ လျှာမှာရှိတဲ့ အရသာသိတဲ့ အကြည်ဓာတ်ပဲ၊ အခုခေတ်လူတွေကတော့ ခွဲလိုက်သေးတယ်နော်၊ ငန်တဲ့အရသာကို သိတဲ့နေရာက ဘယ်နားမှာရှိတယ်၊ ချိုတဲ့အရသာသိတဲ့ နေရာက ဘယ်နားမှာရှိတယ်နဲ့ လျှာတစ်ခုလုံးကို သူတို့က ခွဲတယ်၊ လျှာကြီးတစ်ခုလုံးကို ဇိဝှါပသာဒလို့ ခေါ်တာမဟုတ်ဘူး။

ကောင်းပြီ, ကာယပသာဒတဲ့၊ ကာယပသာဒကျတော့ ဘယ်မှာရှိသလဲ၊ ကိုယ်အကြည်ဓာတ်ဟာ တစ်ကိုယ်လုံးမှာတည်တယ်၊ ခုန စက္ခုပသာဒက မျက်လုံး ထဲမှာတည်တယ်၊ သောတပသာဒက နားထဲမှာတည်တယ်၊ ဃာနပသာဒကနှာခေါင်း ထဲမှာ တည်တယ်၊ ဇိဝှါပသာဒက လျှာထဲမှာတည်တယ်၊ ကာယပသာဒကျတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ပျံ့နှံ့ပြီးတော့တည်တယ်။

အဲဒီတော့ ကာယပသာဒမရှိတဲ့ နေရာမျိုးက လက်သည်းပေါ့၊ ရှည်သွားတဲ့ ဆံပင်၊ အသားမာတို့မှာ ကာယပသာဒမရှိဘူး၊ ဒါကြောင့်အသားမာကို ဓားနဲ့လှီးရင် မနာတော့တာပေါ့၊ ဖောဋ္ဌဗ္ဗမရှိတာပေါ့၊ ဒါကြောင့် ကာယပသာဒက တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့တည်တယ်၊ ဒီလိုမှတ်ရမယ်၊ ဒါက အကြည်ဓာတ်ငါးပါး၊ အဲဒီ အကြည်ဓာတ် ၅-ပါးကို ပသာဒရုပ် ၅-ပါးလို့ ခေါ်တယ်။

ဒီပသာဒရုပ် ၅-ပါးကို နောက်တုန်းကတွေ့ခဲ့ဖူးပြီ၊ ပကိဏ်းပိုင်းတုန်းကလေ, စက္ခုဒွါရဆိုတာဘာလဲ, စက္ခုပသာဒပဲ၊ စက္ခုဝတ္ထုဆိုတာဘာလဲ, စက္ခုပသာဒပဲ၊

http://www.dhammadownload.com



ဒါကြောင့်မို့ လုံးဝမကြားဖူးတာမဟုတ်ဘူး၊ နောက်က တွေ့ခဲ့ပြီးသား။

အဲဒီစက္ခုပသာဒကိုပဲ စက္ခုဝိညာဏ်စတဲ့ စိတ်တွေဝင်ရာ ထွက်ရာဖြစ်လို့ သူ့ကို ဒွါရလို့ခေါ်တယ်၊ တစ်နည်းအားဖြင့် စိတ်တွေရဲ့တည်ရာဖြစ်လို့ သူ့ကို အမှီပြုပြီး ဒီစိတ်တွေပေါ်တဲ့အတွက်ကြောင့်မို့ ဝတ္ထုလို့ခေါ်တယ်၊ စက္ခုဒွါရ စက္ခုဝတ္ထုဆိုတာ စက္ခုပသာဒကိုပဲခေါ်တာ၊ ထို့အတူပဲ သောတပသာဒစသည်တို့ကိုသိ။

ကောင်းပြီ, သတိထားနော်၊ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒဆိုပြီး ပသာဒရုပ် ၅-မျိုးရှိတယ်၊ ဘာကြောင့်သတိထားလို့ ပြောရတာလဲဆိုတော့ တစ်နေ့ကတော့ ဦးဇင်းတပည့်မ sarah က စာအုပ်လေး ကပ်တယ်၊ တော်တော်လေး attractive ဖြစ်တဲ့ စာအုပ်ပါပဲ၊ ဒီမှာရိုက်တာတော့ မဟုတ်ဘူး၊ စင်္ကာပူမှာရိုက်တာထင်တယ်၊ ဒီတိုင်းပြည်မှာရောင်းတယ်၊ အဲဒါနဲ့ သူက အဲဒီစာအုပ်လေး ဝယ်လာပြီး အရှင်ဘုရား စိတ်ဝင်စားလိမ့်မယ်ထင်လို့တဲ့ ကပ်တယ်၊ အဲဒါနဲ့ စာအုပ်ကလေးက အမြင်လှတော့ ဖတ်လိုက်တော့ စိတ်ပျက်သွား တယ်။

စာအုပ်က ဟဒယဝတ္ထုကို ပသာဒရေးလိုရေး၊ ဟဒယဝတ္ထုနဲ့ မနာယတနကို အတူတူလို့ထင်ပြီး မဟုတ်တာတွေ လျှောက်ရေးထားတယ်။

ပသာဒရုပ် ၆-ပါးမရှိဘူးနော်၊ ၅-ပါးပဲ၊ ရုပ်အနေနဲ့ ပသာဒရုပ် ၅-ပါးပဲ ရှိတယ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊

ပသာဒရုပ် ၅-ပါးပြီးတဲ့နောက် ဝိသယရုပ် ၇-ပါး၊ ဝိသယက အာရုံကို ခေါ်တာ၊ ဝိသယတဲ့, အာရမ္မဏတဲ့, ဂေါစရတဲ့, ပါဠိမှာသုံးတာ၊ အတူတူပဲ၊ အာရုံကို ခေါ်တာချည်းပဲ။

အာရုံဖြစ်တဲ့ရုပ် (အာရုံဆိုတာ မျက်စိရဲ့ အာရုံ, နားရဲ့ အာရုံ စသည်ဖြင့် ပေါ့လေ) ၇-ပါးရှိတယ်၊ ပဌမရူပါရုံ, ဒုတိယသဒ္ဒါရုံ, တတိယက ဂန္ဓာရုံ, စတုတ္ထက ရသာရုံ, ပဉ္စမက ဆဋ္ဌမ, သတ္တမ ဖောဋ္ဌဗ္ဗာရုံ။

ကောင်းပြီ၊ ရူပါရုံဆိုတာ ဘာတုန်း, မြင်ရတာကို ရူပါရုံလို့ခေါ်တယ်၊ မြင်နိုင်တဲ့ရုပ်ကို ရူပါရုံလို့ခေါ်တယ်၊ တော်ကြာကျတော့ လာလိမ့်မယ်၊ ဒီရုပ် ၂၈-ပါးထဲမှာ မြင်နိုင်တာ ဒီတစ်ခုပဲရှိတယ်၊ စက္ခုပသာဒကို မမြင်နိုင်ဘူး၊ ပထဝီဓာတ်ကို မမြင်နိုင်ဘူး၊ မြင်တာက မြေကြီးပဲ၊ မြေကြီးမှာဖြစ်တဲ့ ရူပါရုံကို မြင်တာ၊ ဒါကြောင့်မို့ မြင်နိုင်တဲ့ရုပ် (စာစကားနဲ့ပြောတော့) မြင်အပ်တဲ့ရုပ်ကို ရူပါရုံ၊ ကြားအပ်တဲ့ရုပ်ကို သဒ္ဒါရုံ၊ နံအပ်တဲ့ရုပ်ကို ဂန္ဓာရုံ၊ အရသာသိတဲ့ရုပ်ကို ရသာရုံ။

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံဆိုတာက အတွေ့အထိကို ဆိုလိုတာ၊ အဲဒီ ဖောဋ္ဌဗ္ဗာရုံဆိုတာ အမှန်ကတော့ သီးခြားမဟုတ်ဘူးတဲ့၊ နံပတ်ဂဏန်းထိုးပြီး သီးခြားတွက်ဖို့ရာ မလွယ်ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ ဖောဋ္ဌဗ္ဗာရုံဆိုတာ ပထဝီ, တေဇော, ဝါယော, ဒီ ၃–မျိုးပေါင်းတာကို ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တာ။

ဘာကြောင့်လဲဆိုတော့ အဘိဓမ္မာသဘောတရားအရ အာပေါဓာတ်ကို တွေ့ထိလို့မရဘူး၊ ရေကိုလက်နဲ့နှိုက်လိုက်လို့ အေးတာက တေဇောသွားတွေ့တာ၊ အာပေါရဲ့ ဖွဲ့စည်းမှုကို ထိလို့တွေ့လို့ မရဘူးလို့ ဒီလိုယူဆထားတယ်၊ ဒါကြောင့်မို့ ပထဝီ, တေဇော, ဝါယော, ဒီ ၃–မျိုးပေါင်းကို ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တယ်။

အဲဒီတော့ ဖောဋ္ဌဗ္ဗာရုံဆိုတာ သီးခြားရှိတယ်လို့ မဆိုနိုင်ဘူး၊ မဟာဘုတ် ၃–ပါး အပေါင်းပဲ။

ဒါကြောင့်မို့ အဲဒီမဟာဘုတ် ၃–ပါး အပေါင်းသည်ပင်လျှင်ဖောဋ္ဌဗ္ဗာရုံဖြစ်တဲ့အတွက်ကြောင့် ဝိသယရုပ် ၇–ပါးလို့ ပြောရင်လည်း ဟုတ်တာပဲ၊ ၄–ပါးလို့ ပြောရင်လည်း ဟုတ်တာပဲ၊ ၅–ပါးလို့ ပြောရင်လည်းဟုတ်တယ်၊ ရူပါရုံ, သဒ္ဒါရုံ ဂန္ဓာရုံ, ရသာရုံဖောဋ္ဌဗ္ဗာရုံ၊ အဲဒါ တော်တော်ကြာကျတော့ သတိမေ့ပြီး ပေါင်းတာ နှုတ်တာတွေမှာ လွဲကုန်တယ်၊ ဒါထည့်ပေါင်းပြီး သချာက မကိုက်ဘူး၊ မနုတ်မိလို့ သချာမကိုက်ဘူး စသည်ဖြင့်အလွန်သတိထားရမယ်၊ ဖောဋ္ဌဗ္ဗာရုံပါလာရင် သတိထားရမယ်။

ရူပါရုံဆိုတာ မြင်နိုင်တာ၊ သဒ္ဒါရုံဆိုတာ ကြားနိုင်တာ၊ ဂန္ဓာရုံဆိုတာ နံနိုင်တာ၊ ရသာရုံ,အရသာခံနိုင်တာ၊ ဖောဋ္ဌဗ္ဗာရုံ တွေ့ထိနိုင်တာ၊ The corresponding five pasāda ပသာဒ ၅–ခုနဲ့ဟပ်လိုက်ရင် ရူပါရုံက ဘယ်သူ့အတွက်တုန်း၊ စက္ခုပသာဒအတွက်, သဒ္ဒါရုံက သောတပသာဒအတွက်, ဂန္ဓာရုံက ဃာနပသာဒအတွက်, ရသာရုံက ဇိဝှါပသာဒအတွက်, ဖောဋ္ဌဗ္ဗာရုံက ကာယပသာဒအတွက်။

အခုလက်ထဲမှာ ခဲတံကိုင်ထားတယ်၊ အဲဒါအတွေ့အထိရှိတယ်၊ အဲဒီအတွေ့အထိက ကာယပသာဒနဲ့ တိုက်ဆိုင်တယ်၊ အဲသလို တိုက်ဆိုင်တွေ့ထိမှုကိုသိတဲ့ ကာယဝိညာဏ်စိတ်ဖြစ်တယ်။

အဲဒီတော့ ဒီနေရာမှာ ပြောဖို့ကောင်းတာတွေရှိတယ်၊ ဒါပေမယ်လို့ ဘေးထွက်သွားသလိုဖြစ်မယ်။

စက္ခုပသာဒ ရူပါရုံ၊ စက္ခုဝိညာဏ် ဒီ ၃–ခုရှိတယ်၊ စက္ခုပသာဒနဲ့ ရူပါရုံ

http://www.dhammadownload.com



တွေ့တာနဲ့တစ်ပြိုင်နက် စက္ခုဝိညာဏ်ပေါ်တယ်၊ နဂိုတုန်းက စက္ခုဝိညာဏ် ဘယ်မှာ နေသလဲ ဘယ်သူမှမသိဘူး၊ ဘယ်နားသိမ်းထားလဲ မသိဘူး၊ သို့သော် ဒီနှစ်ခုလာပြီး တိုက်ဆိုင်လာတာနဲ့တပြိုင်နက် စက္ခုဝိညာဏ်ပေါ်လာတယ်၊ အဲသလိုပဲ ဒီ၃-ခုပေါင်း လိုက်ရော၊ ဖဿဆိုတာတစ်ခါပေါ်လာတယ်၊ နောက်တော့ ဝေဒနာ၊ သညာဆိုတာတွေပါ တစ်ခါထဲပေါ်တာပေါ့။

အဲဒီလို ဗုဒ္ဓအဘိဓမ္မာမှာက စိတ်ဟာ စက္ခုဝတ္ထုကို အမှီပြုပြီး ဖြစ်တာတော့ မှန်တယ်၊ သို့သော် စက္ခုဝတ္ထုပေါ်မှာ သွားနေတာမဟုတ်ဘူး၊ ကိန်းအောင်းနေတာ မဟုတ်ဘူး၊ ဘယ်မှာနေတယ် ဘယ်မှာကိန်းအောင်းတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး၊ သို့သော် အကြောင်းတိုက်ဆိုင်လာတဲ့အခါကျတော့ ထပြီးပေါ်တာပဲ။

ကျမ်းဂန်မှာ ဥပမာပေးတာကတော့ အခုခေတ်နဲ့ ပြောရရင် မှန်ဘီလူးပေါ့၊ နေရောင်ရယ်၊ မှန်ဘီလူးရယ်, လောင်စာရယ်, ဒီ ၃-ခုဆုံလိုက်တဲ့အခါကျတော့ မီးထတောက်တာပဲ၊ အဲဒီမီးကို ဘယ်မှာသိမ်းထားလဲ၊ မှန်ထဲမှာရှိလား, လောင်စာ ထဲမှာရှိလား၊ နေထဲမှာရှိလား, ဘယ်မှာရှိတယ်လို့ မပြောနိုင်ဘူး၊ ဒီ ၃-ခုဆုံရင် မီးထတောက်တယ်။

အဲဒါမျိုးလိုပဲ, ဒီမှာလဲ စက္ခုပသာဒနဲ့ ရူပါရုံနဲ့တွေ့လိုက်တဲ့အခါမှာ စက္ခု ဝိညာဏ်ဆိုတာဖြစ်တာပဲ၊ ဒါကြောင့်မို့ ရူပါရုံကို အာရုံပြုပြီးတော့ စက္ခုပသာဒကို မှီပြီးတော့ စက္ခုဝိညာဏ်ဖြစ်တာ၊ ဝီထိတွေမှာဆိုရင် အမှီက တစ်မျိုး၊ အာရုံကတစ်မျိုး မဟုတ်ဘူးလား၊ စက္ခုဝိညာဏ်ဝီထိဆိုရင် မှီတာက စက္ခုပသာဒနဲ့ တခြားစိတ်တွေက ဟဒယဝတ္ထုမှီတယ်, အာရုံက ရူပါရုံ၊ အဲသလို သွားတယ်။

ဒါကြောင့်မို့ ဝိသယရုပ်, ဂေါစရရုပ်လို့လည်းခေါ်တယ်၊ ဝိသယရုပ်နဲ့ ဂေါစရရုပ် လို့ခေါ်တာအတူတူပဲ၊ အဲဒါလည်းမှတ်ထားဦး၊ တော်ကြာကျတော့ နှစ်ခုမတူဘူး ထင်နေဦးမယ်။

ကိုင်း, ဝိသယရုပ် ၇-ပါး၊ သို့မဟုတ် ၄-ပါး၊ ၅-ပါး ပြီးသွားပြီ၊ အဲဒီ ဝိသယရုပ် ပြီးတဲ့နောက်ကျတော့ ဘာဝရုပ် ၂-ပါးတဲ့၊ ဘာဝရုပ်ဆိုတာ sex ကို ပြောတာ၊ ဣတ္ထိဘာဝရုပ်ဆိုတာ မိန်းမသဘော, ပုမ္ဘာဝရုပ်ဆိုတာ ယောကျာ်းလိင် သဘော။

ဒီရုပ်ကို အကြောင်းပြုပြီးတော့ ဒီပုဂ္ဂိုလ်ကို မိန်းမလို့သိတာ၊ ဒီရုပ်ကို အကြောင်းပြုပြီးတော့ ဒီပုဂ္ဂိုလ်ကို ယောကျာ်းလို့ သိတာ၊ အဲဒီရုပ်မျိုးကို ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်လို့ခေါ်တယ်၊ not necessarily the sex organs.

http://www.dhammadownload.com



ဒါကြောင့်မို့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်ဟာ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တည်တယ်၊ လူကို မျက်နှာမမြင်ရပေမယ်လို့(ဆိုပါတော့) ပြန်ကြည့်တဲ့အခါမှာ လူကိုမြင်ရမယ်ဆိုရင် မိန်းမယောကျ်ားမသိပေမယ်လို့ မြင်လိုက်တာနဲ့ သွားတာ လာတာ ကြည့်လိုက်တာနဲ့ ဒီဟာမိန်းမပဲ၊ ဒီဟာယောကျ်ားပဲ သိနိုင်တယ်၊ အဲဒီ သိနိုင်တဲ့ဟာမျိုးကို ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်လို့ခေါ်တယ်။

မိန်းမမှာ မိန်းမအလိုက် အသွင်သဏ္ဌာန်က ယောကျ်ားနဲ့မတူဘူး၊ လက်ခြေက အစပေါ့၊ ယောကျ်ားက တောင့်တောင့်တင်းတင်း ခိုင်ခိုင်မာမာ ကြမ်းကြမ်းတမ်းတမ်း ရှိတယ်၊ မိန်းမကျတော့ နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်းရှိတယ်၊ ဒါမျိုးတွေပေါ့။

ပြီးတော့ပြုံးတာရယ်တာကစပြီး ယောကျ်ားနဲ့မိန်းမ မတူဘူး၊ ကလေးဘဝမှာ လည်း ကစားတာချင်းမတူဘူး (အခုခေတ်တော့ တူချင်တူနေမှာ) မိန်းကလေးတွေက အိုးပုတ်ချိုးရုပ်နဲ့ ကစားတယ်၊ ယောကျ်ားလေးတွေက ပြေးလွှားခုန်ပေါက်ကစား တယ်၊ သွားတာလာတာလည်းပဲမတူဘူး၊ ယောကျ်ားလေးသွားတာက တစ်မျိုး၊ မိန်းကလေး သွားတာကတစ်မျိုးပေါ့လေ၊ ဒါဟာ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်က ဖြစ်လာတဲ့အခြင်းအရာမတူမှုလေးတွေပေါ့လေ၊ အဲဒါတွေရဲ့မှီရာဖြစ်တဲ့ရုပ်ကို ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်လို့ခေါ်တယ်။

အဲဒီဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်ဟာ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတည်တယ်၊ လိင်အင်္ဂါမှာသာ တည်သည်မဟုတ်၊ အဲဒါက ဘာဝရုပ် ၂–ပါး။

နံပတ် ၁၆, ဟဒယရုပ်တဲ့၊ သူက သီးခြားတစ်ခုထဲ မဟုတ်ဘူး၊ ခုနလို common နာမည်မရှိတော့ဘူး၊ ဟဒယရုပ်ဟာ ဟဒယရုပ်ပဲ၊ ဟဒယဝတ္ထုလို့ ခေါ်တယ်။

မွေ့သင်္ဂဇာပါဠိတော်မှာ ရုပ်ပိုင်းရှိတယ်၊ အဲဒီရုပ်ပိုင်းမှာ ဟဒယဝတ္ထုမပါဘူး၊ အကြောင်းပြတာတွေတော့ရှိတယ်၊ ဒါတွေက ပါဠိနားလည်မှ ပါဠိတော်စာအုပ်လည်း ကြည့်ပြီး ပြောမှကောင်းတယ်။

ဆိုလိုတာက မြတ်စွာဘုရားက အစုံအစုံလုပ်, လုပ်ပြီး ဟောသွားတဲ့အခါ ကျတော့ သူက အဲဒီအစုံထဲမှာ ဘယ်ထဲမှ ဝင်မရဖြစ်နေတယ်၊ အဲဒီတော့ ဒါကို ချန်ထားခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားရဲ့ ရည်ရွယ်ချက်က သတ္တဝါတွေ ဒီတရားကို နာပြီးတော့ အကျွတ်တရားရစေချင်တယ်၊

ဒါကြောင့်မို့ အဲဒီလို ဟဒယဝတ္ထုကို ထည့်ဟောလိုက်ရင် အစုံက အစဉ်ပျက် သွားမယ်၊ ဟောလာတဲ့ course ဟာ ပျက်သွားမယ်၊ အဲဒါကြောင့် ချန်ထားခဲ့တယ်၊

http://www.dhammadownload.com



ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟဒယဝတ္ထုကို မဟောဘူး၊ သေချာတယ်။

ဒါဖြင့် ဘယ်မှာဟောသလဲဆိုတော့ ပဋ္ဌာန်းပါဠိတော်ကျတော့ ဟောထားတာ ရှိတယ်၊ သို့သော် ဟဒယဝတ္ထုဆိုတဲ့ နာမည်ကို ထည့်ပြီးမြတ်စွာဘုရားကမဟောဘူး၊ နာမရူပံနိဿာယ အကြင်ရုပ်ကို အမှီပြု၍ မနောဓာတ်တွေ မနောဝိညာဏဓာတ်တွေ ဖြစ်တယ်၊ ထိုရုပ်ကထိုဓာတ်တို့အား နိဿယဓာတ်ပင်ဖြစ်ပေ၏ စသည်ဖြင့် ဒီလို ဟောသွားတယ်။

အဲဒီတော့ ပဋ္ဌာန်းမှာတောင်မှ မြတ်စွာဘုရားက ဟဒယဝတ္ထုဆိုတဲ့ နာမည်နဲ့ မဟောပဲနဲ့ a certain meterial အကြင်ရုပ်တစ်ခုကို အမှီပြုပြီးတော့ မနောဓာတ်, မနောဝိညာဏဓာတ်ဖြစ်တယ်၊ ထိုရုပ်က မနောဓာတ် မနောဝိညာဏဓာတ်တို့ကို နိဿယအားဖြင့် ကျေးဇူးပြုတယ် စသည်ဖြင့် ဒီလို ဟောသွားတယ်။

ဒီလိုဟောသွားတော့ အဋ္ဌကထာဆရာများက ဘယ်လိုအကြောင်းပြပြီး ယူဆသလဲဆိုတော့ ဒါဟာ ဟဒယဝတ္ထုကိုပဲ မြတ်စွာဘုရားက ဟောတော်မူတာ၊ ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာ တခြားရုပ်တွေ မဖြစ်နိုင်ဘူး၊ ဒီရုပ်သာဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားက ဟဒယဝတ္ထုကိုသာ ဆိုလိုတယ်လို့ ဆိုပြီးတော့ အဲဒီလို အကြောင်းပြပြီး အဋ္ဌကထာတွေက ဟဒယဝတ္ထုကိုပဲကောက် (indirect) ချက်ချတယ်၊ တိုက်ရိုက်ကတော့ ဟဒယဝတ္ထုပဲလို့ ဟောထားတာ မရှိဘူး၊ ခုနပြောတဲ့ အများဆိုင် စကားလုံးဖြစ်တဲ့ "အကြင်ရုပ်တစ်ခုကိုအမှီပြု၍" ဒီလိုသာ ဟောသွားတယ်။

ဒါကြောင့်မို့ အဲဒီခေတ်က ဟဒယဝတ္ထုမှာ စိတ်မှီတယ်ဆိုတာက အများက လက်ခံထားတဲ့ သဘောရှိတယ်၊ အဲဒါကြောင့်မို့ အဋ္ဌကထာဆရာများကလည်း တခြားစိတ်တွေ စက္ခုဝိညာဏ်၊ သောတဝိညာဏ်ကလွဲတဲ့ တခြားစိတ်တွေဟာ ဟဒယကို မှီတယ်၊ အရင်တုန်းက ဦးဇင်းတို့လည်း ဟဒယကိုမှီတယ် မမှီဘူးပြောခဲ့ပြီ မဟုတ်လား။

အဲဒါကြောင့် ဟဒယဝတ္ထု(ဝါ)နှလုံးထဲမှာရှိတဲ့ ဟာကိုပဲ ဟဒယဝတ္ထုလို့ ယူဆကြတယ်၊ အဲဒီအများအယူအဆအတိုင်းပဲ အစဉ်အလာယူဆလာကြတယ်။

အခုခေတ်မှာ စိတ်ဟာ ဦးနှောက်မှာတည်တယ်, ဦးနှောက်ကိုမှီတယ်ဆိုပြီး ပြောလာကြတဲ့အခါကျတော့ လူတွေက အဲသလိုပေါ့လေ၊ ဘုရားက ဟဒယဝတ္ထုလို့ အတိအကျဟောခဲ့တာ မဟုတ်ပါဘူး၊ အဲဒီတော့ အဲဒီရုပ်ဟာ ဦးနှောက်လည်းဖြစ်နိုင် ပါတယ်ပေါ့၊ စိတ်ဟာ ဦးနှောက်မှီတယ်ဆိုတာလည်း မြတ်စွာဘုရားအလို

http://www.dhammadownload.com



မဆန့်ကျင်ပါ ဘူးလို့ ဘာတို့လုပ်လာကြတယ်။

ဒါတော့ မပြောတတ်ဘူး၊ ဦးနှောက်မှီတယ်ဆိုတာက နောက်ပေါ် အယူအဆပေါ့၊ ဒါပေမယ့် တကယ်ပဲ ဦးနှောက်ကို လေ့လာတဲ့အခါကျတော့ သူတို့လည်း တိတိကျကျကြီး ကောက်ကြီး မဟုတ်ပြန်ဘူးတဲ့၊ သူတို့လည်းလိုက်လေ ဝေးလေဖြစ်နေတယ်။

ဦးဇင်းတို့ကတော့ ဟဒယဝတ္ထုမှီတယ်ဆိုတာမပြင်နိုင်ဘူး၊ သူတို့တွေက မှားတယ် ပြောချင်ပြောတော့ပဲ၊ ခုနလို ဟဒယဝတ္ထုဟာနှလုံးပဲဖြစ်မလား, ဦးနှောက်ပဲဖြစ်မလားဆိုတာကတော့ မသိနိုင်ဘူးပေါ့လေ။

အဲဒီတော့ နှလုံးသားကြီးဟာ ဟဒယဝတ္ထုလားဆိုတာ တစ်ခါထပ်လာပြန်တယ်၊ နှလုံးသားဟာအကြီးကြီးမဟုတ်လား၊ အကြီးကြီးလို့ပဲပြောကြပါစို့၊ လက်တစ်ဆုပ်စာ လောက်ရှိမယ်ပြောတာပဲ၊ အဲဒီတစ်ခုလုံးဟာ ဟဒယဝတ္ထုလားဆိုတော့ မဟုတ်ဘူးတဲ့၊ အဲဒီနှလုံးအိမ်မှာ သွေးက သွားလာနေတယ်၊ ကံကြောင့်ဖြစ်တဲ့ သွေးတစ်မျိုးရှိတယ်၊ အဲဒီသွေးကို ဟဒယဝတ္ထုလို့ခေါ်တာ။

စာထဲအဆိုအတိုင်းပြောရမယ်ဆိုရင် လက်တစ်ဆုပ်စာလောက် သွေးရှိ တယ်တဲ့၊ အမှန်ကတော့ အခုခေတ်ဆေးပညာအရ ပြောရမယ်ဆိုရင် သွေးဟာ အမြဲတမ်း ပြောင်းလဲနေတဲ့ သွေးရှိတယ် မဟုတ်လား၊ အဲဒီသွေးကို ဟဒယဝတ္ထုလို့ ဒီလို ယူရမယ်တဲ့၊ နှလုံးသားကြီး တစ်ခုလုံးကို ဟဒယဝတ္ထုလို့ ယူတာမဟုတ်ဘူး။

ဟဒယဝတ္ထုဟာ တော်တော်အရေးကြီးတယ်၊ ဘာကြောင့်လဲဆိုတော့ များစွာသောစိတ်တွေဟာ ဟဒယဝတ္ထုကိုမှီရတယ် မဟုတ်လား၊ အဲဒီ ဓမ္မသင်္ဂဏီမှာ မဟောတာကတော့ ဟောနေတဲ့ အစဉ်ပျက်သွားမှာစိုးလို့ ဒုက်လို့ ခေါ်တာပေါ့လေ၊ ဒုက်ဟာ နှစ်ခုတွဲ, နှစ်ခုတွဲအစဉ်ပျက်မှာစိုးလို့။

အဲဒီအကြောင်းအကျယ်ဆိုရင် နောက်အပတ်ကျမှ ပြောကြစို့၊ နားထောင်ဖို့တော့ကောင်းတယ်၊ သိဖို့တော့ကောင်းတယ်၊ ရှေ့ပဲသွားလိုက်ကြဦးစို့၊ ဒီနေ့သင်တန်းကရုပ် ၂၈–ပါးဖြစ်တယ်။

ဟဒယရုပ်ပြီးတော့ ဇီဝိတရုပ်၊ ဇီဝိတရုပ်ဆိုတာ အသက်ပေါ့၊ ဇီဝိတိန္ဒြေ စေတသိက်ဆိုတာ တွေ့ခဲ့ပြီမဟုတ်လား၊ အဲဒါကနာမ်ဇီဝိတ၊ အခုဟာက ရုပ်ဇီဝိတ။

အဲဒီ ဇီဝိတရှိတဲ့အတွက်ကြောင့်မို့ လူ့ခန္ဓာကိုယ် မပုပ်မသိုးဖြစ်တာ၊ သေတဲ့အခါကျတော့ ဇီဝိတကင်းသွားတယ်၊ ဒါကြောင့်မို့ သေတဲ့အခါကျတော့ ပုပ်သိုးသွားတယ်၊ ဆွေးမြေ့သွားတယ်၊ အဲဒီလို မပုပ်သိုးအောင် မဆွေးမြေ့အောင်

http://www.dhammadownload.com



စောင့်ရှောက်တတ်တဲ့ သဘောတရား, ရုပ်တရားတစ်ခုကို ဇီဝိတရုပ်လို့ခေါ်တယ်၊ အဲဒီတော့ နာမ်ဇီဝိတက နာမ်တရားတွေကို စောင့်ရှောက်တယ်၊ ရုပ်ဇီဝိတက ရုပ်တရားတွေကို စောင့်ရှောက်တယ်။

အဲဒီ ဇီဝိတရှိတာနဲ့ မရှိတာ အမှီပြုပြီး သတ္တဝါဟုတ်တာနဲ့ မဟုတ်တာ ခွဲခြားသွားတာပဲ၊ အသညသတ်ဗြဟ္မာတွေ အသညသတ်ဘုံမှာ သွားဖြစ်တဲ့အခါကျတော့ ဆင်းတုကြီးလို သွားဖြစ်တယ်ဆိုတယ်၊ ဒါဖြင့်ရင် အဲဒီမှာသွားဖြစ်တဲ့ (နာမ်လုံးဝမရှိတဲ့) အသညသတ်ဗြဟ္မာတစ်ပါးနဲ့ တကယ့်သစ်သားကို ထုထားတဲ့ ဆင်းတုနဲ့ ဘာကွာသလဲဆိုတော့ သစ်သားဆင်းတုက ဇီဝိတမရှိဘူး၊ အသညသတ်ဗြဟ္မာက ဇီဝိတရှိတယ်၊ အဲဒါကွာတယ်။

ဇီဝိတရှိတဲ့အတွက်ကြောင့် သူ့ကို (စိတ်မရှိပေမယ်လို့) သတ္တဝါလို့ပဲခေါ်ရတယ်၊ သစ်သားရုပ်တုကျတော့ ဇီဝိတမရှိတဲ့အတွက်ကြောင့် သတ္တဝါလို့ ဦးဇင်းတို့က မခေါ်ဘူး၊ အသက်ရှိတယ်လို့ လက်မခံဘူး၊ သစ်ပင်တွေလည်း ဒီအတိုင်းပဲ၊ ဒါကြောင့်မို့ ဇီဝိတက အရေးကြီးတယ်။

ဒီဇီဝိတရုပ်က သက်ရှိသတ္တဝါ သန္တာန်မှာသာ ဖြစ်နိုင်တယ်တဲ့၊ ပြင်ပဗဟိဒ္ဓမှာမဖြစ်နိုင်ဘူး၊ နောင်တော့ဒီကိစ္စအဖြေ ပေါ်လာလိမ့်မယ်၊ အဲဒါလည်း မှတ်ထားကြဖို့ အရေးကြီးတယ်။

ဘာကြောင့်လဲဆိုတော့ အခုခေတ်မှာက သစ်ပင်တွေမှာ အသက်ရှိတယ်လို့ ယူဆနေကြတယ်၊ သူတို့က သေသေချာချာလေ့လာတယ်တဲ့၊ လူတစ်ယောက်က သစ်ပင်ကို သွားပြီး ဆိတ်ထားရင်နောက်တစ်ခါ ဒီလူလာရင် အဲဒီသစ်ပင်က တစ်မျိုးတစ်မည် ပြောင်းလဲတယ်လို့ဆိုတာပဲ၊ ဟုတ်မဟုတ်တော့ မသိဘူး၊ သူ(သစ်ပင်)က ကြောက်တတ်တဲ့စိတ် ရှိသလိုလို ဘာလိုလိုပေါ့လေ။

ဘာပဲပြောပြော ဦးဇင်းတို့ အနေနဲ့ကတော့ ဇီဝိတဆိုတဲ့ အသက်မရှိဘူးကွာ၊ ဒါကတော့ အဘိဓမ္မာအခြေခံပြီးတော့ ကေန်ပြောရမှာပဲ၊ ဒါပေမယ်လို့ တခြားနည်းနဲ့ react လုပ်တာတွေဘာတွေတော့ဖြစ်ချင် ဖြစ်နိုင်တယ်၊ ရုပ်တရားအချင်းချင်းလဲ react လုပ်နိုင်တာပဲ။

ဆိုပါတော့၊ ကိုယ့်ခန္ဓာကိုယ်က viberation ရှိတယ်၊ viberation ထိပြီးတော့ ဟိုရုပ်တရားမှာ တစ်မျိုးတစ်မည် ပြောင်းလဲတာမျိုး ဖြစ်ချင်ဖြစ်နိုင်တယ်၊ သို့သော် အဲဒီသစ်ပင်မှာ စိတ်စေတနာရှိတယ်ဆိုတာကို ဦးဇင်းတို့ အဘိဓမ္မာအနေနဲ့ လက်မခံနိုင်ဘူး၊ ဇီဝိတမရှိဘူးလို့ ယူရမယ်၊ တခြားတစ်နည်းနဲ့ ဇီဝိတမဟုတ်တဲ့

http://www.dhammadownload.com



အသက်မျိုးရှိချင်ရှိမယ်၊ ဒါတော့ မသိဘူးပေါ့၊ အသက်ဆိုတာ လူတွေသမုတ်ထားတဲ့ သစ်ပင်အသက်ဆိုတာမျိုး ရှိချင်ရှိမယ်ပေါ့၊ သစ်ပင်ရှင်တယ် သေတယ်လို့ ပြောဆိုနေကြသေးတာပဲ။

တစ်ခါတုန်းက ဒကာမတစ်ယောက်နဲ့ ဘုန်းကြီးတစ်ပါး အဲဒီကိစ္စငြင်းတာ၊ ဦးဇင်းက ဘေးကထိုင်ပြီး ရယ်ချင်တယ်၊ ဘာကြောင့်လဲဆိုတော့ အသက်ဆိုတာကို define မလုပ်ပဲနဲ့ ပြောနေကြတာ၊ အဲဒီတော့ သူကလည်းဟုတ်တယ်, ဟိုကလည်းဟုတ်တယ်နဲ့လေ၊ သူတို့ပြောနေတဲ့ အသက်ဆိုတာဘာလဲလို့ ပထမ define လုပ်ရမယ်၊ ဒီဟာမလုပ်ရင် ဘယ်တော့မှ မရဘူး၊ အဲဒီတော့ တစ်မျိုးစီ ကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေကြတာ။

ဦးဇင်းတို့ကတော့ အသက်ဆိုတာ ဟုတ်ပြီ၊ အသက်ဆိုတာ ဘာလဲ, ဒို့က အသက်ကို ဇီဝိတလို့ခေါ်တယ်၊ ရုပ်ဇီဝိတ, နာမ်ဇီဝိတ, ဒီဇီဝိတက သတ္တဝါရဲ့ အဇ္ဈတ္တသန္တာန်မှာသာရနိုင်တယ်လို့ ဘုရားဟောတယ်၊ အပမှာ မရနိုင်ဘူးမရှိနိုင်ဘူးလို့ ဆိုတယ်၊ ဒါကြောင့် အပမှာ အသက်မရှိနိုင်ဘူး။

ဒါပေမယ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း လူတွေဟာ အသက်ရှိတယ်လို့ ယူဆတတ်တယ်ဆိုတာ သိတာပဲ၊ ဒါပေမယ်လို့ ဇီဝိတဆိုတဲ့ အသက်မရှိဘူး။

ကောင်းပြီ၊ ဒီဇီဝိတဟာ ရုပ်တရားထဲမှာ ဦးဇင်းတို့ရုပ်တွေ မပုပ်မသိုးအောင် (သူတို့တည်နေတုန်း) စောင့်ရှောက်တာပေါ့၊ တစ်သက်လုံး အမြဲတမ်းကြီး တည်နေဖို့က သူကိုယ်တိုင်တောင်တည်မှာမှမဟုတ်ပဲ၊ ဒါကြောင့် သူတည်နေတုန်း တခြားရုပ်တွေ တည်နေတုန်းမှာ စောင့်ရှောက်တာကိုပဲ ဆိုလိုတယ်။

နောက်တစ်ခုက အာဟာရရုပ်တဲ့, အာဟာရဆိုတာ အစားအစာကိုဆိုလိုတယ်၊ အဟာရမဟုတ်ဘူးနော်၊ အာဟာရ၊ လူတွေက အဟာရချည်းခေါ်နေကြတယ်၊ မြန်မာစကားကလည်း အဟာရ, အဟာရနဲ့ အမှန်တော့ အာဟာရ။

အာဟာရဆိုတာ သာမညအားဖြင့် ပြောရင်တော့ အစာပေါ့၊ သို့သော် အခုဒီမှာဆိုလိုတဲ့ အာဟာရရုပ်က အဲဒီအစာမှာပါတဲ့ ဩဇာလို့ခေါ်တယ်၊ အစာမှာပါတဲ့ဩဇာဓာတ် (nutriment) အစေးလို့လည်းသုံးတယ်၊ အဲဒီဩဇာဓာတ်ကို အာဟာရလို့ခေါ်တာ၊ တစ်ခါတစ်လေ ဩဇာဆိုတဲ့ စကားလုံးကို ပါဠိမှာသုံးတယ်၊ အဲဒီဩဇာကို အာဟာရလို့ခေါ်တာ၊ တစ်ခါတစ်လေ ဩဇာဆိုတဲ့ စကားလုံးကို ပါဠိမှာသုံးတယ်၊ အဲဒီဩဇာကို အာဟာရလို့ခေါ်တာ၊ စားစရာကြီးတစ်ခုလုံးကို အာဟာရခေါ်တာ မဟုတ်ဘူး၊ အဲဒီစားစရာထဲမှာပါတဲ့ အာဟာရဓာတ်, ဩဇာဓာတ်ကို

http://www.dhammadownload.com



အာဟာရရုပ်လို့ ခေါ်တယ်။

နောက်တစ်ခုက အာကာသရုပ်တဲ့၊ ဒါကတော့ space ပဲ၊ ဟင်းလင်းဖြစ်နေတာ၊ ဒါကို ရုပ်လို့ပဲ ဒီနေရာမှာခေါ်တယ်၊ အမှန်ကတော့ ဘာမှ မရနိုင်တဲ့ဟာ၊ သဘာဝအားဖြင့် မရနိုင်တဲ့ဟာပဲ၊ အာကာသရုပ်တဲ့။

အထူးသဖြင့်တော့ နောင်အခါကျတော့ ကလာပ်ဆိုတာတွေ လာလိမ့်မယ် group တွေဖွဲ့တဲ့အခါကျတော့ group တွေတစ်ခုနဲ့ တစ်ခုကြားမှာရှိတဲ့ရုပ်ကို အာကာသရုပ်လို့ခေါ်တာ။

ဆိုပါတော့ ရုပ် ၈–ခုကို group တစ်ခုဖွဲ့ထားမယ်၊ ရုပ် ၉–ခုကို group တစ်ခုဖွဲ့ထားမယ်၊ ဒီ group တစ်ခုနဲ့ ဟို group တစ်ခုကြားမှာ အာကာသရှိတယ်၊ အဲဒီကွက်လပ် space ကိုအာကာသလို့ခေါ်တယ်။

အာကာသရုပ်ပြီးတဲ့နောက် ဝိညတ်ရုပ် ၂–ပါးတဲ့၊ ဝိညတ်ဆိုတာ သိစေတာကို ဝိညတ်လို့ခေါ်တယ်၊ ဝိညတ္တိဆိုတဲ့ ပါဠိစကားကလာတာ။

ကာယဝိညတ်ဆိုတာ ကိုယ်ဖြင့်သိစေမှု ကိုယ်ဖြင့်သိစေတတ်တဲ့ သဘောတရား၊ ဝစီဝိညတ်ဆိုတာက နှုတ်ဖြင့်သိစေတတ်တဲ့ သဘောတရား။

လက်ကလေး ဒီလိုလုပ်လိုက်တယ်ဆိုရင် ဒီနိုင်ငံ (အမေရိကန်)မှာဆိုရင် ငါ့ဆီလာခဲ့ခေါ်တာမဟုတ်လား၊ ဦးဇင်းတို့ မြန်မာမှာက ခေါ်ချင်ရင် လက်ယပ်ခေါ်တာ၊ အဲဒီတော့ ဝိညတ်က သူ့နိုင်ငံနဲ့သူပဲ၊ ဘာပဲပြောပြော ဒီခန္ဓာကိုယ်နဲ့ ကိုယ့်ရဲ့အလိုဆန္ဒကို သူတစ်ပါးကို သိစေတာ၊ အဲဒါကို ကာယဝိညတ်လို့ခေါ်တယ်၊ အဲဒီတော့ ဝိညတ်ဆိုတာ အမှန်အတိုင်းပြောရရင် လှုပ်ရှားမှုသဘောတစ်မျိုးပဲ၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်လာတဲ့ ရုပ်တစ်မျိုးပဲ၊ အဲဒီရုပ်က လှုပ်ရှားတဲ့သဘောပါတယ်၊ အဲဒါကို ကာယဝိညတ်လို့ခေါ်တယ်။

ဝစီဝိညတ်ဆိုတာက စကားပဲ၊ အခုစကားပြောတော့ စကားသံကို နားထောင်ပြီးတော့ကြားတဲ့သူက အဓိပ္ပါယ်သိတယ်၊ ကိုယ့်ဘာသာနဲ့ ပြောတော့လည်း အဓိပ္ပါယ်သိတယ်၊ သူများဘာသာနဲ့ ပြောတော့လည်း သူများဘာသာကိုယ်က တတ်နေရင် အဓိပ္ပါယ်သိတယ်၊ အဲဒီလို ဝစီဝိညတ်ဆိုတာ အဲသလို တစ်မျိုးပဲ၊ အဲဒါကို ဝစီဝိညတ်လို့ခေါ်တယ်၊ အမှန်ကတော့ သူတို့ကလည်း ရုပ်တို့ရဲ့ ထူးခြားတဲ့အမူအရာတစ်မျိုးပဲ၊ ခန္ဓာကိုယ်ရဲ့ ထူးခြားတဲ့အမူအရာ, စကားသံရဲ့ ထူးခြားတဲ့အမူအရာတစ်မျိုး၊ အသံလှိုင်းက သိစေတာမဟုတ်ဘူး၊ လေတိုက်တဲ့သံက ဘာမှ သိစေတာမဟုတ်ဘူး၊ လူလုပ်တဲ့အသံက သိစေတယ်၊ အဲဒါမျိုးပေါ့ အဲဒါကြောင့်မို့

http://www.dhammadownload.com



ကာယဝိညတ်, ဝစီဝိညတ်, ဝိညတ်ရုပ် ၂-ပါးလို့ဆိုတယ်။

အဲဒီ ဝိညတ်ဆိုတဲ့ စကားလုံးကိုကော နောက်တုန်းကတွေ့ခဲ့ပြီလား၊ ဘုံပိုင်းတုန်းက တွေ့တော့တွေ့ခဲ့ပြီ၊ ကာယဝိညတ်ကို ကာယဒွါရလို့ခေါ်တယ်၊ ဝစီဝိညတ်ကို ဝစီဒွါရလို့ခေါ်တယ်လို့ နောက်ပိုင်း (ကံပိုင်း)တုန်းက လာခဲ့ပြီ၊ အခုဒီမှာပြန်တွေ့တာ။

ဝိကာရရုပ် ၅-ပါးတဲ့၊ ဝိကာရဆိုတာ ဖောက်ပြန်တယ်လို့တော့ သုံးလေ့ရှိတယ်၊ သို့သော် အခြေအနေသဘောပါပဲ၊ အခြင်းအရာတစ်မျိုးပါ။

ကာယဿလဟုတာတဲ့,သူကတော့ ပေါ့ပါးတဲ့သဘောတဲ့၊ ရုပ်မှာပေါ့တဲ့အခါ ပေါ့တယ် မဟုတ်လား၊ ကျန်းမာတဲ့အခါ, အစားအသောက်ကောင်းကောင်းစားရတဲ့အခါ, ရာသီဥတုကောင်းတဲ့အခါ ရုပ်ရဲ့ပေါ့ပါးမှုထင်ရှားတယ်။

ကာယဿမုဒုတာ ဆိုတာက နူးညံ့တာ၊ နူးညံ့တယ်ဆိုတာက ဟိုလိုဆွဲယူလို့ရ, ဒီလိုဆွဲယူလို့လည်းရ၊ နူးညံ့တယ်ဆိုတာက တစ်မျိုးလေ။

ကမ္မညတာဆိုတာက အမှုနဲ့ခန့်တယ်လို့သုံးတယ်၊ မြန်မာစကားပဲ၊ ကာယကမ္မညတာတုန်းကလည်းပါခဲ့ပြီ၊ စေတသိက်တုန်းကတော့ (adaptability) လို့ခေါ်တယ်၊ အဲသလို နူးညံ့တာမျိုး၊ ဟိုဟိုဒီလို ဘယ်လိုလုပ်လုပ်ဆွဲတိုင်းပါတာမျိုးကို ကမ္မညတာ။

ဟိုတုန်းက စိတ်စေတသိက်တို့ရဲ့ လဟုတာကမ္မညတာ၊ ဒီနေရာမှာ ကာယဆိုတော့ ရုပ်ပေါ့၊ ရုပ်ရဲ့ပေါ့တာ နူးညံ့တာ၊ အမှုနဲ့ခန့်တာ၊ ဒီ ၃-မျိုးပေါ့၊ ဒီ ၃-မျိုးနဲ့ ခုနပြောတဲ့ကာယဝိညတ်, ဝစီဝိညတ် စုစုပေါင်း ၅-ခုကို ဝိကာရရုပ်လို့ခေါ်တယ်၊ အခြင်းအရာတစ်မျိုးပါပဲ။

အမှန်ကတော့ ရုပ်အစစ်တော့မဟုတ်ဘူး၊ သို့သော် ရုပ်အစစ်ရဲ့အခြင်းအရာတစ်မျိုးကိုပဲရုပ်လို့ ဒီနေရာမှာ တင်စားပြီးတော့သုံးထားတယ်၊ ဝိကာရရုပ်တဲ့။

လက္ခဏရုပ် ၄-ပါးတဲ့, လက္ခဏဆိုတာ sign အမှတ်အသားကို လက္ခဏလို့ခေါ်တယ်၊ အခြားရုပ်တွေရဲ့ အမှတ်အသားဖြစ်တဲ့ ရုပ်ပါပဲ။

ဥပစယတဲ့, သန္တတိတဲ့၊ အမှန်ကတော့ ပထမဖြစ်တာ၊ သန္တတိကလည်းဖြစ်တာပဲ၊ ဒါကြောင့်မို့ အောက်နားကျတော့ သုတ္တန်ပါဠိတော်တို့မှာ ဟောထားတဲ့ ဇာတိရုပ်တစ်ခု ကိုပဲ အဘိဓမ္မာကျတော့ ဥပစယ, သန္တတိလို့ ၂-မျိုးခွဲပြီး ဟောတယ်တဲ့၊ အဲဒီလို။

အဲဒီတော့ စာမှာဆိုတာကတော့ ဘဝတစ်ခုမှာ ပဋိသန္ဓေနေတယ်ဆိုတဲ့

http://www.dhammadownload.com



အခါကျတော့ စိတ်, စေတသိက်, ပြီးတော့ ရုပ်အချို့ဖြစ်တယ်၊ သို့သော် ဘဝ တစ်ခုမှာ ရတတ်တဲ့ ရုပ်အကုန်လုံးက ပဋိသန္ဓေ အခိုက်အတန့်မှာ မဖြစ်သေးဘူး၊

ဆိုပါတော့, ပဋိသန္ဓေ အခိုက်အတန့်မှာ စက္ခုပသာဒမှာဖြစ်တယ်၊ သောတ ပသာဒမှာဖြစ်နိုင်တယ် စသည်ဖြင့်ပေါ့၊ အဲဒီတော့ အဲဒီဘဝတစ်ခုမှာ ရတတ်သမျှ ရုပ်များပြည့်စုံသည်ကစ၍ အစဉ်မပြတ်ထပ်ကာထပ်ကာဖြစ်တာကို သန္တတိလို့ ခေါ်တယ်။

ဒါဖြင့် ဥပစယဆိုတာက ဘာလဲ၊ ပဋိသန္ဓေတည်စ ပထမဖြစ်ခြင်း၊ အဲဒီ နောက် တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်တွေပြည့်စုံသည်တိုင်အောင် ဆက်,ဆက် ဖြစ်တာကို ဥပစယလို့ခေါ်တယ်၊ အဲဒီတော့ ခုနပြောသလိုပဲ၊ ဘဝတစ်ခု လူ့ဘဝဆို ပါတော့၊ နတ်ဘဝတို့ ဗြဟ္မာဘဝတို့က ဘွားခနဲဖြစ်တာကိုး၊ လူတို့ တိရစ္ဆာန်တို့ ကျတော့ အမိဝမ်းမှာ ပဋိသန္ဓေနေရတယ်၊ သို့မဟုတ် ဥခွံထဲမှာ ပဋိသန္ဓေနေရတယ်။

အဲဒီတော့ဖြစ်သည်ကစ၍ ဘဝတစ်ခုမှာရထိုက်သည့်ရုပ်တွေ ပြည့်စုံသည်တိုင် အောင်ဖြစ်နေတာကို ဥပစယ, အဲဒီပြည့်စုံသည်ကစပြီး အစဉ်မပြတ် ထပ်ကာ, ထပ်ကာဖြစ်တာကို သန္တတိလို့ခေါ်တယ်။

ဒါပေမယ်လို့ အမှန်အတိုင်းပြောရင် ဥပစယနဲ့ သန္တတိဟာဇာတိကိုပဲခေါ်တာ၊ အစဆိုတာဖြစ်ပေါ်မှု၊ ဒါကိုပဲ ဥပစယနဲ့သန္တတိလို့ အဘိဓမ္မာမှာ ဒီလိုခွဲဟောတယ်။

ဘာကြောင့် ဒီလိုခွဲဟောတာတုန်း၊ သုတ္တန်မှာတစ်ခုထဲ၊ အဘိဓမ္မာကျတော့ ဘာကြောင့်နှစ်ခုခွဲ ဟောတာတုန်းဆိုတော့ တရားနာဝေနေယျတို့၏ အလိုကျလေ အောင် ဟောတော်မူတယ်။

အဲဒီတော့မြတ်စွာဘုရား တရားဟောတဲ့အခါမှာ ဝေနေယျတွေရဲ့အလိုကို လည်းကြည့်ပြီးဟောတာ၊ အဘိဓမ္မာဟာ တကယ်တိကျတဲ့ဒေသနာလို့ ဆိုရပေမယ်လို့ မြတ်စွာဘုရားက ဝေနေယျတွေရဲ့အလို အကြိုက်ကိုလိုက်ပြီး ဟောတဲ့နေရာတွေ ရှိတယ်၊ ဒီလိုဟောမှ ဝေနေယျတွေ အကျွတ်တရားရမှာဆိုတော့ ဒီလိုအကြိုက် လိုက်ဟောတာ မှားလည်းမမှားဘူးလေ။

ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရား တရားရဲ့ ရည်ရွယ်ချက်က သတ္တဝါတွေ အကျွတ်တရားရဖို့ ရည်ရွယ်ချက်ကိုး၊ မိမိရဲ့ သဗ္ဗညုတဉာဏ်ကို ထုတ်ဖော်ကြွားဝါဖို့ ရည်ရွယ်ချက်မှမဟုတ်ပဲ၊ ဒါကြောင့်မို့သတ္တဝါတွေက ဒီလိုဟောမှပဲ အကျွတ်တရား ရမယ်ဆိုရင် ဒီလိုဟောလိုက်တာပဲ။

ဒါကြောင့်မို့ အစစဖြစ်ပေါ်မှုကိုပဲ အဘိဓမ္မာကျတော့ ဥပစယဟော့, သန္တတိ

http://www.dhammadownload.com



ဟောလို့ ဒီလိုဟောတော်မူတယ်၊ ဒါကြောင့်မို့ ၂-ခုကွဲသွားတယ်၊ ဒါပေမယ်လို့ ဇာတိကိုပဲခေါ်တယ်။

နံပတ် ၂၇-က ဇရတာတဲ့၊ ဇရတာဆိုတာ အိုမင်းရင့်ရော်ခြင်းကို ဆိုလိုတယ်၊ ဇရာဆိုတာကြားဖူးတယ် မဟုတ်လား၊ ဇရာ, ဇရာနဲ့ခေါ်တယ်၊ ဇရာဆိုတာအိုတာ၊ ရင့်ရော်တာ, ဆွေးမြေ့တာပေါ့။

အနိစ္စဆိုတာက မမြဲခြင်း, ဆိုလိုတာက သေခြင်းပေါ့၊ သေခြင်းဆိုတာဒီနေရာမှာ ချုပ်သွားတာ။

စိတ်တစ်ခုဖြစ်သွားတဲ့အခါမှာ ခဏငယ် ၃-ခုရှိတယ် မဟုတ်လား၊ ဥပါဒ်ရယ်, ဋ္ဌီရယ်, ဘင်ရယ်, ဒီမှာလည်းပဲ ဥပစယနဲ့ သတတ္တိကရုပ်ရဲ့ ဥပါဒ်ပဲ၊ ဇရတာဆိုတာ ဋ္ဌီပဲ၊ အနိစ္စတာဆိုတာဘင်ပဲ၊ အဲဒီလို ဖြစ်, တည်, ပျက်ပါပဲ။

သူတို့က ရုပ်သီးခြားရယ်လို့မဟုတ်ပါဘူး၊ တကယ်ရှိတဲ့ရုပ်တွေရဲ့ အခိုက်အတန့် ပါပဲ၊ သူတို့ကို မှတ်သားကြောင်းဖြစ်တဲ့အတွက်ကြောင့် လက္ခဏရုပ်လို့ ဒီမှာ ခေါ်တယ်၊ ဖြစ်တဲ့အခိုက်အတန့်မှာ ဥပစယနဲ့ သန္တတိ, ရင့်ရော်နေတဲ့ အခိုက်အတန့်မှာ ဇရတာ, ချုပ်သွားတဲ့အခိုက်အတန့်မှာ အနိစ္စတာလို့ဒီလိုခေါ်တယ်၊ ဒါက လက္ခဏရုပ် ၄-ပါးတဲ့။

အဲဒီတော့ အားလုံးပေါင်းလိုက်ရင် ရုပ် ၂၈-ပါး၊ အဲဒီမှာ ဝိသယရုပ် ၇-ပါးထဲမှာ သတိထားရမယ်၊ ဝိကာရရုပ် ၅-ပါးကိုမှာ သတိထားရမယ်၊ ဝိကာရရုပ် ၅-ပါးထဲမှာ ကာယဝိညတ်, ဝစီဝိညတ်က ထပ်ပါနေတယ်၊ ဒါကြောင့်မို့သူ့မှာ ဂဏန်းမထိုးထားဘူး၊ နောက်ထပ်လာတဲ့ ကာယဝိညတ် ဝစီဝိညတ် မထိုးဘူး၊ အဲဒါတွေ ထိုးလိုက်ရင် ရှုပ်ကုန်မှာစိုးလို့။

ရုပ်ကို တကယ်ရေတွက်လိုက်တဲ့အခါကျတော့ ရုပ် ၂၈-ပါးရှိတယ်လို့ ဒီလိုပဲ ယူဆရတယ်၊ ဒီလိုပဲ ကျမ်းဂန်မှာလာတယ်။

အဲဒီရုပ် ၂၈-ပါးမှ နံပတ် ၁-မှ နံပတ် ၁၈-ထိ ရုပ်များကို သဘာဝရုပ်လို့လည်း ခေါ်တယ်၊ သလက္ခဏရုပ်လို့လည်းခေါ်တယ်၊ နိပ္ဖန္နရုပ်လို့လည်းခေါ်တယ်၊ ရူပရုပ်လို့လည်း ခေါ်တယ်၊ သမ္မသနရုပ်လို့လည်းခေါ်တယ်။

ဆိုလိုတာကတော့ အဲဒီရုပ်တွေဟာ ရုပ်အစစ်တွေ၊ တကယ့်ပရမတ္ထအားဖြင့် တကယ့်ကို ထင်ရှားရှိတဲ့ရုပ်တွေ၊ ကျန်တဲ့ဟာတွေကတော့ တကယ်ထင်ရှားရှိတာ မဟုတ်ဘူး၊ ထင်ရှားရှိတဲ့ရုပ်တွေရဲ့ အမူအရာအခြေအနေတွေပဲ၊ ဒါကြောင့်မို့ သမ္မသနကျတော့ ပေါ်လိမ့်မယ်။

http://www.dhammadownload.com



ပထမက သဘာဝရုပ်တဲ့, သဘာဝဆိုတာ တကယ့်သဘောဟုတ်တဲ့ရုပ်ပေါ့၊ သဘာဝရုပ်။

သလက္ခဏရုပ်ဆိုတာ လက္ခဏဆိုတာက အမှတ်အသား၊ အဲဒီတော့ သဘာဝရုပ်ဆိုတာက သူတို့သဘောက တကယ်ရှိတယ်၊ ပထဝီဓာတ်ဆိုပါတော့, ခက်မာတဲ့သဘောရှိတယ်၊ အဲဒီ ခက်မာတဲ့သဘော ကိုယ်ပိုင်ရှိတဲ့ရုပ်တွေလို့ဆိုလိုတယ်၊ သူ့သဘောလက္ခဏာအကုန်ရှိတယ်၊ နောက်ရုပ်တွေကတော့ သူ့သဘောလက္ခဏာ အကုန်ရှိတာမဟုတ်ဘူး၊ ဒါပေမယ်လို့ ရှေ့က ရုပ်တွေရဲ့အမူအရာ တစ်မျိုးဖြစ်တဲ့ အတွက်ကြောင့်မို့ သူတို့ကိုလည်း ရုပ်လို့ခေါ်ရတာ။

အဲဒီတော့ ပထဝီဓာတ်မှာဆိုရင် လက္ခဏာသဘောရှိတယ်၊ အဲဒီလိုကိုယ့် လက္ခဏာကိုယ်စီပါတဲ့ ရုပ်တွေကို သဘာဝရုပ်လို့ခေါ်တယ်။

သလက္ခဏရုပ်ဆိုရာမှာ လက္ခဏဆိုတာ ဒီနေရာမှာ မှတ်သားကြောင်း၊ မှတ်သားကြောင်းဆိုတာ ဒီနေရာမှာ အနိစ္စ ဒုက္ခ, အနတ္တ၊ အဲသလိုအများဆိုင်ရာ လက္ခဏာ၊ ရုပ်တွေမှာ အနိစ္စ, ဒုက္ခ, အနတ္တမရှိဘူးလား၊ ရှိတာပေါ့ ဒါကြောင့်မို့ ရုပ် ၁၈–ပါးကို သလက္ခဏလို့ခေါ်တယ်၊ လက္ခဏာရေး ၃–ပါးဆိုတာ ကြားဖူး တယ်မဟုတ်လား၊ အဲဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

နိပ္ဖန္နရုပ်တဲ့၊ နိပ္ဖရုပ်ဆိုတာဘာလဲဆိုတော့ ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းတရား ၄–ပါး, နောက်တော့ လာလိမ့်မယ်, အဲဒီကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေအပ်တဲ့ ရုပ်ကို နိပ္ဖန္နရုပ်၊ သူတို့ကြောင့်ဖြစ်လာတဲ့ရုပ်ကို နိပ္ဖန္နရုပ်လို့ခေါ်တယ်၊ နိပ္ဖန္နဆိုတာပြီးစီးတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ သူတို့က လုပ်လိုက်လို့အပြီးအစီးပေါ်လာတယ်ပေါ့လေ၊ နိပ္ဖန္နရုပ်လို့ခေါ်တယ်၊ နောက်ပိုင်းကျ တော့ နိပ္ဖန္နရုပ်ဆိုတဲ့ နာမည်ကို ခဏခဏသုံးလိမ့်မယ်၊ သဘာဝရုပ်ဆိုတဲ့ နာမည် သိပ်မသုံးဘူး၊ သလက္ခဏရုပ်ဆိုတဲ့ နာမည်သိပ်မသုံးဘူး၊ ဒီ ၁၈–ပါးကို refer လုပ်ချင်ရင် နိပ္ဖန္နရုပ် ၁၈–ပါးလို့ ဒီလိုသုံးလိမ့်မယ်။

အဲဒါကြောင့်မို့ နိပ္ဖန္နရုပ် ၁၈–ပါးဟာ ဘာလဲလို့မေးရင် ပထမ ၁၈–ခုပဲ အဲဒါလေးမှတ်ထား၊ နိပ္ဖန္နရုပ်လို့လည်းခေါ်တယ်၊ ရူပရုပ်လို့လည်းခေါ်တယ်၊ ဆိုလိုတာ ကတော့ နှစ်ခါထပ်ဆိုရင် လေးနက်စေချင်တယ်ပေါ့။

အဲဒီတော့ လူဟုတ်တဲ့လူပဲ၊ လူအစစ်ပဲ, ဆိုသလိုပဲ၊ ရုပ်တကယ်စစ်တဲ့ရုပ်ကို ရူပရုပ်, ရူပရုပ်ဆိုတာ ပါဠိလို မြန်မာလိုဆိုတော့ ရူပဆိုတာ ရုပ်ပဲ, ရုပ်ဆိုတာ ဘာလည်းဆိုတော့ တကယ့်ကို ဖောက်ပြန်တတ်တဲ့ သဘောရှိပါတယ်၊ တကယ့်ရုပ်

http://www.dhammadownload.com



အစစ်ပါလို့ဆိုလိုတယ်၊ ဒါကြောင့်မို့ ရူပ, ရူပရုပ်။

နောက်ဆုံးက သမ္မသနရုပ်တဲ့, သမ္မသနဆိုတာ တရားထိုင်ရင် သိလိမ့်မယ်၊ ဝိပဿနာတရားထိုင်တဲ့အခါကျတော့ လက္ခဏာရေး ၃–ပါးတင်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တလို့ဆင်ခြင်သုံးသပ်ရတယ်၊ အဲသလို အနိစ္စ, ဒုက္ခ, အနတ္တလို့ လက္ခဏာရေး ၃–ပါးဆင်ခြင်သုံးသပ်လို့ရတဲ့ရုပ်က ဟောဒီ ၁၈–ပါး၊ ဝိညတ်ရုပ်ကို သွားပြီး အနိစ္စ, ဒုက္ခ, အနတ္တလုပ်လို့ မရဘူး၊ အာကာသသွားလုပ်လို့ မရဘူး၊ တခြားရုပ်တွေ သွားလုပ်လို့မရဘူး။

ဝိပဿနာရှုကောင်းတဲ့ ရုပ်တွေဟာ ဘယ်ရုပ်တွေလဲဆိုရင် နိပ္ဖန္နရုပ် ၁၈–ပါး ပဲ၊ ဒါကြောင့်မို့သူတို့ကို သမ္မသနရုပ်လို့ခေါ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး ၃–ပါးတင်ပြီးတော့ သုံးသပ်လို့ရတဲ့, ရှုလို့ရတဲ့, စီးဖြန်းလို့ရတဲ့ရုပ်မျိုးကို သမ္မသနလို့ခေါ်တယ်၊ ဝိပဿနာဉာဏ်တွေထဲမှာ သမ္မသနဉာဏ်ဆိုတာ ပါတယ် မဟုတ်လား၊ ဉာဏ် ၁၀–ပါးဆိုရင် သူက ပထမဆုံးဉာဏ်ပေါ့လေ၊ ဒါပေမယ့် သူ့ရှေ့က ရှိတော့ရှိသေးတယ်၊ နာမရူပပရိစ္ဆေဒတို့ ဘာတို့ပေါ့၊ ထားပါတော့။

ဒါကြောင့်မို့ ရုပ် ၂၈–ပါးထဲက ပထမ ၁၈–ပါးဟာ ပိုပြီး အရေးကြီးတယ်လို့ မှတ်ရမယ်၊ တကယ့်ကို အထည်ကိုယ်ရှိတယ်ဆိုရင်ဒီရုပ် ၁၈–ပါးကိုပဲဆိုလိုလိမ့်မယ်၊ နောင် သတ္တမပိုင်းတွေ ဘာတွေကျတော့ အထည်ကိုယ်ရှိတဲ့ သဘောတရားကောက် လိုက်တဲ့အခါကျတော့ အဲဒီ ၁၈–ပါးသာကောက်တော့တယ်၊ ကျန်တာ မကောက် တော့ပဲထားခဲ့တယ်၊ ကျန်တဲ့ဟာတွေကတော့ ဒီ ၁၈–ပါးရဲ့ အမူအရာတွေ အခြင်း အရာလေးတွေပဲ။

ဒါကြောင့်မို့ ပထမ ၁၈–ပါးကို သဘာဝရုပ် တကယ့်ကို သူ့သဘောလက္ခဏာ တကယ်ရှိတဲ့ရုပ်, သလက္ခဏရုပ်, အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာနှင့်တကွဖြစ်တဲ့ ရုပ်, နိပ္ဖန္နရုပ်ဆိုရင် ကံ စိတ်, ဥတု, အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊ ရူပရုပ်ဆိုရင် တကယ့်ကို ဖောက်ပြန်တတ်တဲ့ရုပ်၊ သမ္မသနရုပ်ဆိုရင် ဝိပဿနာ စီးဖြန်းရတဲ့ရုပ်၊ ဒီလိုခေါ်ရတယ်၊ ဒါဟာရုပ် ၂၈–ပါး။

သုတ္တန်ပါဠိတော်တို့၌ ဟောအပ်သော ဓာတ်ရုပ်ကို အဘိဓမ္မာ၌ ဥပစယ သန္တတိဟု အမည် ၂–မျိုးခွဲ၍ တရားနာဝေနေယျတို့၏ အလိုကျလေအောင် ဟော တော်မူသည်။

ဒါဟာရုပ် ၂၈–ပါး၊ အစတုန်းကပြောခဲ့သလိုပဲ ဒီရုပ်၂၈–ပါးဟာ chem-istry အနေနဲ့ပြောမယ်ဆိုရင် element တွေပဲ၊ အဲဒီတော့ သတ္တဝါတွေမှာလည်း

http://www.dhammadownload.com



ဒီရုပ် ၂၈–ပါးရှိတာပဲ၊ အပြင်မှာဆိုရင်တော့ ရုပ် ၂၈–ပါးလုံးတော့ မရှိဘူးပေါ့လေ၊ ဒါပေမယ့် အပြင်မှာလည်း အပြင်အလိုက် ရုပ်တွေရှိတာပဲ။

ဒါလည်းပဲ စေတသိက် ၅၂–ပါးကို မှတ်သလို ရုပ် ၂၈–ပါးကိုလည်းကျေအောင် မှတ်ရမှာပဲ၊ ဒါကြောင့်မို့စိတ်တစ်ခုယုတ်ကိုးဆယ် ကျေအောင်မှတ်ရတယ်၊ စေတသိက် ၅၂–ပါးကျေအောင် မှတ်ရတယ်၊ ရုပ် ၂၈–ပါးလည်းကျေအောင် မှတ်ရတယ်။

ဒါမှ နောင်ခါကျတော့ ကံကြောင့်ဖြစ်တာက ရုပ်ဘယ်နှစ်မျိုး၊ စိတ်ကြောင့်ဖြစ်တာကရုပ်ဘယ်နှစ်မျိုး စသည်ဖြင့် ခွဲလာတဲ့အခါကျတော့ မကျေရင် မျက်စိလည်တတ်တယ်၊ ဒါကြောင့်မို့ရုပ် ၂၈–ပါးလိုလည်းကျေအောင် မှတ်ထားရမယ်။

ကိုင်း, ပြန်ပြီးတော့ လုပ်လိုက်စမ်းပါဦး။

မဟာဘုတ် ၄–ပါး, အဲဒီမဟာဘုတ် မှီတဲ့ ဥပါဒါရုပ် ၂၄–ပါး, အဲဒီ ဥပါဒါရုပ် ၂၄–ပါးက ဘာတွေတုန်းဆိုရင် ပသာဒရုပ် ၅–ပါး, ဝိသယရုပ် ၇–ပါး ဘာဝရုပ် ၂–ပါး, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, အာကာသရုပ်,ဝိညတ်ရုပ် ၂–ပါး, ဝိကာရရုပ် ၅–ပါး, လက္ခဏ၄–ပါး, အဲဒါတွေပြီးတော့မှ တစ်ခုစီတစ်ခုစီသွား၊ အစဉ်အတိုင်း ဂဏန်းထိုးထားတဲ့အတိုင်း ၂၈–ထိ သွား၊ ခုနပြောခဲ့တဲ့အတိုင်း ဂဏန်းမထိုးတာ ပါလာရင် သတိထားပေတော့၊ တွက်ရင် သူတို့ကို အမြဲသတိထားပြီး လျှော့တန်လျှော့ရမယ်၊ တိုးတန်တိုးရမယ်။

ဒါဟာ အချမ်းအပူစသည်တို့ကြောင့် ဖောက်ပြန်တတ်တဲ့သဘောတရား(ဝါ) ရုပ်တရား, ရုပ်ရဲ့အပြား၊ ရုပ်အမျိုးအစား ၂၈–ပါးရှိတယ်၊ နောက်လာမယ့်အပတ်တွေကျရင် ဒါတွေကိုပဲ ဒီလိုဟိုလိုဝေဖန်ပြီးတော့လာမယ်။

ဘာကြောင့် ဘယ်လိုရုပ်တွေဖြစ်တယ်၊ အဲဒီရုပ်တွေဟာ ဘယ်လိုဖွဲ့စည်းတယ်၊ တစ်ဘဝမှာ ဘယ်ရုပ်က ဘယ်အချိန်စဖြစ်တယ်၊ နောက်ဆုံး ဘယ်အချိန်စဖြစ်တယ် စသည်ဖြင့် ဒါတွေလာမယ်၊ ပြီးတော့ နောက်ဆုံးကျမှ နိဗ္ဗာန်လာမယ်။

ဒါဟာ တတိယပရမတ္ထတရားပေါ့။

http://www.dhammadownload.com



## ဓမ္မသင်္ဂဏီပါဠိတော် ဝတ္ထုဒုက်နှင့် အာရမ္မဏဒုက်

**ဝတ္ထုဒုက်**

၁။ စက္ခုဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည် ရှိ၏။
၂။ စက္ခုဝိညာဏ်၏ မှီရာမဟုတ်သော ရုပ်သည် ရှိ၏။
၁။ သောတဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည် ရှိ၏။
၂။ သောတဝိညာဏ်၏ မှီရာမဟုတ်သော ရုပ်သည် ရှိ၏။
၁။ ဃာနဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည် ရှိ၏။
၂။ ဃာနဝိညာဏ်၏ မှီရာ မဟုတ်သော ရုပ်သည် ရှိ၏။
၁။ ဇိဝှါဝိညာဏ်၏ မှီရာ ဖြစ်သော ရုပ်သည် ရှိ၏။
၂။ ဇိဝှါဝိညာဏ်၏ မှီရာမဟုတ်သော ရုပ်သည် ရှိ၏။
၁။ ကာယဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည်ရှိ၏။
၂။ ကာယဝိညာဏ်၏ မှီရာမဟုတ်သော ရုပ်သည် ရှိ၏။

**အာရမ္မဏဒုက်**

၁။ စက္ခုဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏။
၂။ စက္ခုဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏။
၁။ သောတဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏။
၂။ သောတဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏။
၁။ ဃာနဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏။
၂။ ဃာနဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏။
၁။ ဇိဝှါဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏။
၂။ ဇိဝှါဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏။
၁။ ကာယဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏။
၂။ ကာယဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏။

**ဖြစ်သင့်သောဆဋ္ဌ ဝတ္ထုဒုက်**

၁။ မနောဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည် ရှိ၏။
၂။ မနောဝိညာဏ်၏ မှီရာ မဟုတ်သောရုပ်သည် ရှိ၏။

**ဖြစ်သင့်သော ဆဋ္ဌအာရမ္မဏဒုက်**

၁။ မနောဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည်ရှိ၏။
၂။ မနောဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်သည်ရှိ၏။

http://www.dhammadownload.com



## ရုပ် ၂၈–ပါးကို အမျိုးမျိုးခွဲခြင်း

ရုပ် ၂၈ ပါးလုံးသည် အဟေတုကသာ ဖြစ်သည်၊ သဟေတုက ဟု မရှိ။
သပ္ပစ္စယသာ ဖြစ်သည်၊ အပ္ပစ္စယ ဟု မရှိ။
သာသဝသာ ဖြစ်သည်၊ အနာသဝ ဟု မရှိ။
သင်္ခတသာ ဖြစ်သည်၊ အသင်္ခတ ဟု မရှိ။
လောကိယသာ ဖြစ်သည်၊ လောကုတ္တရ ဟု မရှိ။
ကာမာဝစရသာ ဖြစ်သည်၊ ရူပါဝစရစသည် ဟု မရှိ။
အနာရမ္မဏသာ ဖြစ်သည်၊ သာရမ္မဏ ဟု မရှိ။
အပ္ပဟာတဗ္ဗသာ ဖြစ်သည်၊ ပဟာတဗ္ဗ ဟုမရှိ။
ဤနည်းအားဖြင့် စိစစ်လျှင် ရုပ်သည် တစ်မျိုးသာ ရှိသည်။

| | | |
|---|---|---|
| အဟေတုက | – | လောဘစသောဟိတ်များနှင့် မယှဉ်။ |
| သပ္ပစ္စယ | – | ကံစိတ်ဥတုအာဟာရဟူသော အကြောင်းရှိသည်။ |
| သာသဝ | – | အာသဝေါတရားတို့၏ အာရုံဖြစ်သည်။ |
| သင်္ခတ | – | ကံစသောအကြောင်းတစ်ခုခုက ပြုစီမံအပ်သည်။ |
| လောကိယ | – | သင်္ခါရလောက၌ ပါဝင်သည်၊ လောကီတရားဖြစ်သည်။ |
| ကာမာဝစရ | – | ကာမတဏှာ၏ ကျင်လည်ရာ(အာရုံပြုရာ) ဖြစ်သည်။ |
| အနာရမ္မဏ | – | စိတ်စေတသိက်တို့ကဲ့သို အာရုံကို ယူတတ်သည် မဟုတ်၊ မယူတတ်။ |
| အပ္ပဟာတဗ္ဗ | – | အကုသိုလ်ကိလေသာကဲ့သို့ ပယ်လို့ရသည်မဟုတ်၊ ပယ်လို့မရ။ |

ထိုတစ်မျိုးတည်းသာ ရုပ်သည်ပင် အောက်ပါအတိုင်း အမျိုးမျိုး ဖြစ်နိုင်သည်။

| | | | |
|---|---|---|---|
| အဇ္ဈတ္တိကရုပ် | – | အတွင်းဖြစ်သောရုပ်။ | ပသာဒရုပ် ၅–ပါး။ |
| ဗာဟိရရုပ် | – | ပြင်ပဖြစ်သောရုပ်။ | ကြွင်းရုပ် ၂၃–ပါး။ |
| ဝတ္ထုရုပ် | – | မှီရာဖြစ်သော ရုပ်။ | ပသာဒရုပ် ၅၊ ဟဒယ ၁။ |
| အဝတ္ထုရုပ် | – | မှီရာမဖြစ်သော ရုပ်။ | ကြွင်းရုပ် ၂၂–ပါး။ |
| ဒွါရရုပ် | – | ဒွါရဖြစ်သောရုပ်။ | ပသာဒ ၅ (ဥပပတ္တိဒွါရ) ဝိညတ် ၂ (ကမ္မဒွါရ)။ |
| အဒွါရရုပ် | – | ဒွါရမဖြစ်သောရုပ်။ | ကြွင်းရုပ် ၂၁–ပါး။ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ဣန္ဒြိယရုပ် | – | အစိုးရသောရုပ်၊ | ပသာဒ ၅၊ ဘာဝ ၂၊ ဇီဝိတ |
| အနိန္ဒြိယရုပ် | – | အစိုးမရသောရုပ်၊ | ကြွင်းရုပ် ၂၀။ |
| ဩဠာရိကရုပ် | – | ကြမ်းသောရုပ်၊ | ပသာဒ ၅၊ ဝိသယ ၇။ |
| သုခုမရုပ် | – | သိမ်မွေ့သောရုပ်၊ | ကြွင်းရုပ် ၁၆ ပါး။ |
| သန္တိကေရုပ် | – | နီးသောရုပ်၊ | ဩဠာရိကနှင့်တူ။ |
| ဒူရေရုပ် | – | ဝေးသောရုပ်၊ | သုခုမနှင့်တူ။ |
| သပ္ပဋိဃရုပ် | – | ထိခိုက်တတ်သောရုပ်၊ | ဩဠာရိကနှင့်တူ။ |
| အပ္ပဋိဃရုပ် | – | မထိခိုက်တတ်သောရုပ် | သုခုမနှင့်တူ။ |
| ဥပါဒိန္နရုပ် | – | ကံ၏အကျိုးဖြစ်သောရုပ်၊ | ကမ္မဇရုပ် ၁၈–ပါး။ |
| အနုပါဒိန္နရုပ် | – | ကံ၏အမျိုးမဟုတ်သောရုပ်၊ (နောက်၌ထင်ရှားလတ္တံ့.) | တိဇရုပ် ၁၅–ပါး |
| သနိဒဿနရုပ် | – | မြင်ကောင်းသောရုပ်၊ | ရူပါရုံ။ |
| အနိဒဿနရုပ် | – | မမြင်ကောင်းသောရုပ်၊ | ကြွင်းရုပ် ၂၇ –ပါး။ |
| ဂေါစရဂ္ဂါဟကရုပ် | – | အာရုံယူတတ်သောရုပ်၊ | ပသာဒရုပ်–၅။ |
| အဂေါစရဂ္ဂါဟကရုပ် | – | အာရုံမယူတတ်သောရုပ်၊ | ကြွင်းရုပ် ၂၃–ပါး။ |

(ထိုတွင် စက္ခုနှင့် သောတသည် မိမိသို့ မရောက်မထိသော အာရုံကို ယူသည်၊ ဃာန, ဇိဝှါ, ကာယသည် မိမိသို့ ရောက်ထိသော အာရုံကို ယူသည်။)

| | | | |
|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် | – | တစ်ခုစီခွဲ၍ မရသောရုပ်၊ | ရူပ,ဂန္ဓ,ရသ,အာဟာရ,မဟာဘုတ်၄။ |
| ဝိနိဗ္ဘောဂရုပ် | – | ခွဲခြား၍ ရကောင်းရုပ်၊ | ကြွင်းရုပ် ၂၀။ |

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၃၈

## [ရုပ်ပိုင်း]

## ဟဒယဝတ္ထုနှင့် ရူပဝိဘာဂ

ဒီနေ့ ဩဂုတ်လ ၂၈–ရက်၊ လွန်ခဲ့တဲ့အပတ်က ရုပ်ပိုင်းစခဲ့ပြီ၊ ရုပ်ပိုင်းမှာ အခန်းလေးတွေရှိတဲ့အနက် ပထမအခန်း၊ ရုပ် ၂၈ ပါးကို အကျဉ်းပြခြင်းဆိုတဲ့ အကြောင်းပြောခဲ့ပြီ။

ရုပ် ၂၈–ပါးရှိတယ်၊ မဟာဘုတ် ၄–ပါး၊ ပသာဒရုပ် ၅–ပါး၊ ဝိသယရုပ် ၇–ပါး၊ သို့မဟုတ် ၄–ပါးပေါ့၊ (ခရေပွင့်ပြထားတာ ထည့်တွက်လို့ မရဘူး) ဘာဝရုပ် ၂–ပါး၊ ဝိညတ်ရုပ် ၂–ပါး၊ ဝိကာရရုပ် ၅–ပါး၊ လက္ခဏရုပ်–၄ပါး၊ ရုပ် ၂၈–ပါး ပြောခဲ့ပြီ။

အဲဒီရုပ် ၂၈–ပါးမှာ ဟဒယဝတ္ထုရုပ်တဲ့, နံပတ်–၁၆ ဟဒယဝတ္ထုအကြောင်းလည်း ဟိုနေ့က ပြောခဲ့ပြီမဟုတ်လား၊ ဟဒယဝတ္ထုဟာ ဓမ္မသင်္ဂဏီပါဠိတော်မှာ မရှိဘူးတို့ ဘာတို့လေ၊ တော်တော်လေးတော့ ပြောခဲ့ပြီ၊ ဒီနေ့ အဲဒါကိုပဲ ထပ်ပြီး အကျယ် ပြောမယ်။

ဟိုနေ့ကပြောခဲ့သလိုပဲ၊ အဘိဓမ္မာမှာ ဟဒယဝတ္ထုဆိုတဲ့ နာမည်နဲ့ တိုက်ရိုက် ဟောထားတာမရှိဘူး၊ မရှိတော့ ရှေးတုန်းကိုကပဲ ဆရာတွေဟာ အမျိုးမျိုး

http://www.dhammadownload.com



အကြောင်းပြပြီးတော့ ဖြေရှင်းနေရတာပေါ့၊ ဒါကြောင့်မို့ ဟဒယဝတ္ထုအကြောင်းကို အဲဒီနေ့ထပ်ပြီးတော့ ရှင်းဦးမယ်။

ဘာကြောင့်လဲ ဆိုတော့ ဒီ course က ပထမ beginner's course ဖြစ်ပေမယ်လို့ လူကြီးတွေဆိုတော့ နားလည်ထားရင်ကောင်းတယ်။

စာမျက်နှာ–၃၉၇ မှာရှိတော့ ဒုတိယစာပိုဒ် ၄ ကြောင်းလောက်မှာကြည့်လိုက်စမ်းပါ၊ ဘာတွေ့လဲ။

"ဤနှလုံးသားတည်းဟူသော ရုပ်ပါသည့်အတွက် ထိုထိုကောင်းကျိုး ဆိုးကျိုး ပြည့်စုံစေနိုင်ကြ၏၊ ထို့ကြောင့် နှလုံးသားတည်းဟူသောရုပ်ကို ဟဒယဟုခေါ်သည်၊ ဤနေရာ၌ကားထိုနှလုံးသား၏ အလယ်မှာ ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်ရှိ၏။

Medical science မှာ ventricle လား ဘာလားခေါ်တယ် ထင်တယ်။

"ထိုတွင်းငယ်၌ သွေးများတည်ရှိ၏။ ထိုသွေးများပုံ့နှံ့လျက်တည်သော ဝတ္ထုရုပ်တစ်မျိုးကို ဟဒယဟုဆိုသည်"

ဟဒယဆိုတာ တကယ့်နှလုံးသားကြီးကို ဆိုတာမဟုတ်ဘူးတဲ့၊ ဟဒယဆိုတာ နှလုံးကို ဟောတာတော့မှန်တယ်၊ ဒါပေမယ့် ဒီနေရာမှာ ပထဝီလို့ ဆိုပေမယ့် မြေကြီးကို ယူရတာမဟုတ်ဘူး၊ ခက်မာမှုကို ယူရတာမျိုးလိုပဲ၊ ဒီမှာလည်းပဲ ဟဒယနှလုံးလို့ ပြောပေမယ့် နှလုံးသားကြီး တစ်ခုလုံးကို ယူရတာမဟုတ်ဘူး၊ ဘာကိုယူရမှာတုန်းဆိုရင် နှလုံးထဲမှာ တွင်းငယ်လေးရှိတယ်၊ အဲဒီထဲမှာ သွေးရှိတယ်၊ အဲဒီသွေးတွေပေါ်မှာ ပျံ့နှံ့ပြီးတည်တဲ့ရုပ်ကို ဟဒယဝတ္ထုလို့ ခေါ်တာ။

"ဤရုပ်ကို ဟဒယဝတ္ထုဟု နာမည်တပ်၍ တိုက်ရိုက်ဟောထားအပ်သော ပါဠိတော်မရှိ" ပါဠိတော်မှာ ဟဒယဝတ္ထုဆိုတဲ့ နာမည်နဲ့ ဟောထားတဲ့နေရာမရှိဘူးတဲ့။

"ဓမ္မသင်္ဂဏီရူပကဏ္ဍပါဠိတော်သည် ရုပ်ဟူသမျှကို ထုတ်ပြသောပါဠိတော်ပင် ဖြစ်၏" ဓမ္မသင်္ဂဏီမှာ စိတ်တွေ အကုန်ပြရတယ်၊စေတသိက်တွေ အကုန်ပြရတယ်၊ ရုပ်တွေ အကုန်ပြရတယ်။

"ထိုပါဠိတော်၌သော်မှ ထုတ်ပြခြင်းမရှိ" ရုပ် ၂၈–ပါး ထုတ်ပြရမှာကို ၂၈ ပါးလုံး ထုတ်မပြခဲ့ဘူး၊ ၂၇–ပါးပဲ ပြခဲ့တယ်တဲ့။

"သို့သော် ထိုထိုပါဠိတော်များကို သဲနှံ့စပ်ပြု၍ ဤဝတ္ထုရုပ်ရှိထိုက်ကြောင်းကို အဋ္ဌကထာ, ဋီကာတို့ယူဆကြလေသည်"

ဒါပေမယ်လို့ ပဋ္ဌာန်းပါဠိတော်မှာကျတော့ ဟောထားတာရှိတယ်၊ ဟဒယ

http://www.dhammadownload.com



ဆိုတဲ့နာမည်နဲ့တော့ မဟုတ်ဘူးနော်၊ သို့သော် ဟောထားတဲ့ အဲဒီရုပ်ဟာ ဟဒယဝတ္ထုရုပ်ပဲ ဖြစ်ရမယ်ဆိုပြီးတော့ ရှေးဆရာများ ဆုံးဖြတ်ထားကြတယ်။ method of elimination ပေါ့၊ တစ်ခုမဖြစ်ထိုက်ဘူး, ဟိုဟာမဖြစ်ထိုက်ဘူး, ဒီဟာမဖြစ်ထိုက်ဘူးနဲ့ အကုန်ပယ်, ပယ်သွားလိုက်တာ သူတစ်ခုထဲကျန်တော့ သူ့ကိုပဲယူလိုက်ရတယ်။

သဲန္ဓိစပါဠိတော်တဲ့၊ လူတွေသုံးတာတော့ သဲလွန်စလို့သုံးတယ်၊ ဒီဆရာတော် (အရှင်ဇနကာဘိဝံသ)ကတော့ သဲန္ဓိစလို့သုံးတယ်၊ ထားပါတော့၊ ဒီဟာလေး အကြောင်း ပြုပြီး ပါဠိတော်မှာ အစလေးရတယ်ပေါ့၊ အဲဒီပါဠိတော်က ပဋ္ဌာန်းမှာ လာတယ်။

ယံ ရူပံ နိဿာယ မနောဓာတုစ, မနောဝိညာဏဓာတုစ ပဝတ္တန္တိ, တံရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော, ပဋ္ဌာန်းပါဠိတော်ကြီးရှိတယ်၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသထဲမှာ ပါတယ်၊ မြန်မာပြန်ထားတာ ဒီမှာရှိတယ်၊ ဘာတဲ့တုန်း။

"အကြင်ရုပ်ကိုမှီ၍ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့ ဖြစ်ကြကုန်၏၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် စေတသိက်တို့အား ထိုရုပ်က နိဿယသတ္တိဖြင့်ကျေးဇူးပြုသည်"

အဲဒီတော့ရုပ်တစ်ခုရှိတယ်၊ အဲဒီရုပ်ကိုအမှီပြုပြီးတော့ မနောဓာတ်နဲ့ မနောဝိညာဏဓာတ်ဖြစ်တယ်, အဲဒီရုပ်က အဲဒီမနောဓာတ်နဲ့ မနောဝိညာဏဓာတ်ကို မှီရာသတ္တိနဲ့ ကျေးဇူးပြုတယ်တဲ့၊ အဲဒီတော့ အဲဒီမသွားခင် ပထမ ဘာနားလည်ရမလဲ၊ ဝိညာဏဓာတ် ၇-ပါးကို နားလည်ရမယ်၊ ဝိညာဏဓာတ် ၇-ပါးမှတ်မိရဲ့လား, ပကိဏ်းပိုင်း ပြန်ရလိမ့်မယ်။

စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်။

စက္ခုဝိညာဏဓာတ်ဆိုတာ စက္ခုဝိညာဏ်ဒွေး ၂-ခု၊ ကာယဝိညာဏဓာတ်ဆိုတာ ကာယဝိညာဏ်စိတ် ၂-ခု၊ မနောဓာတ်ဆိုတာ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေး၊ ကျန်တဲ့စိတ်တွေက မနောဝိညာဏဓာတ်၊ နားလည်ပြီနော်။

ကောင်းပြီ, ရှေ့ဆက်ဖတ်လိုက်စမ်း။

"ဤပါဠိတော်ကို ထောက်ထားလျှင် စက္ခုဝိညာဏ်တို့၏ မှီရာစက္ခုဝတ္ထု၊ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့၏ မှီရာ

http://www.dhammadownload.com



သောတ, ဃာန, ဇိဝှါ, ကာယဝတ္ထုများ ရှိသကဲ့သို့ ထိုအတူမနောဓာတ်, မနော ဝိညာဏဓာတ်တို့၏မှီရာ ဝတ္ထုရုပ်တစ်မျိုးရှိသည်ဟု ယူဆရပေမည်။"

ဟုတ်တာပေါ့၊ စက္ခုဝိညာဏ်ရဲ့ မှီရာစက္ခုဝတ္ထုရှိတယ်၊ သောတဝိညာဏ်ရဲ့ မှီရာ သောတဝတ္ထုရှိရင် မနောဓာတ်, မနောဝိညာဏဓာတ်တို့ရဲ့ မှီရာလည်း ဝတ္ထု ရုပ်တစ်မျိုး ရှိရလိမ့်မယ်၊ အဲဒါဘယ်ဟာလဲဆိုတာ စိစစ်ရလိမ့်မယ်၊ စိစစ်ပြလိမ့်မယ်။

"ဤဝတ္ထုရုပ်ဟူသည် မဟာဘုတ်ကြီး ၄-ပါးလည်း မဟုတ်ရာ" (မနောဓာတ် မနောဝိညာဏဓာတ်တို့ရဲ့ မှီရာဟာမဟာဘုတ် ၄-ပါးလဲ မဖြစ်နိုင်ဘူးတဲ့၊ ဘာကြောင့် လည်းဆိုရင် မဟာဘုတ်တို့ကို ဥပါဒါရုပ်တွေကမှီနေတယ် မဟုတ်လား၊ အဲဒီတော့ တစ်ခုအမှီခံရပြီးရင် နောက်တစ်ခု အမှီမခံနိုင်ဘူးပေါ့၊ အလုပ်နှစ်ခုကို မလုပ်နိုင်ဘူး ဆိုပါတော့၊ ဒါကြောင့် မို့ ဥပါဒါရုပ်တွေက မဟာဘုတ်တွေကို မှီပြီးသားဖြစ်နေပြီ၊ အဲဒါကြောင့် မဟာဘုတ် ၄-ပါးတော့ မဖြစ်နိုင်ဘူးတဲ့၊ အဲဒီတော့ ရုပ် ၂၈-ပါး ကြည့်ထားပေါ့၊ ရုပ် ၂၈-ပါးထဲက တစ်ခုစီ ထုတ်သွားလိမ့်မယ်၊ အခုမဟာဘုတ် ၄-ပါးထုတ်လိုက်ပြီ၊ မဟာဘုတ် ၄-ပါးမဖြစ်နိုင်ရင် ကျန်တဲ့ ဥပါဒါရုပ်တွေထဲက တစ်ခုခုဖြစ်ရမယ်, ဒီလိုဆိုလိုတယ်။

"ဥပါဒါရုပ် ၂၄-ပါးတွင်လည်း အနိပ္ဖန္နရုပ်တို့မှာ အထည်ကိုယ်ထင်ရှားသော ရုပ်များ မဟုတ်ကြ"

အနိပ္ဖန္နရုပ်ဆိုတာ ဘယ်ကစလဲ၊ ၁၉-ကစတယ်၊ ၁၉-ကစတဲ့ရုပ်တွေကို အနိပ္ဖန္နရုပ်လို့ခေါ်တယ်။

ထိုရုပ် ၂၈-ပါးတို့တွင် ၁-မှ ၁၈-အထိ ရုပ်များကို သဘာဝရုပ်, သလက္ခဏ ရုပ်, နိပ္ဖန္နရုပ်၊ ဒါဖြင့်ရင် ၁၉-ကနေပြီး ၂၈-အထိ အနိပ္ဖန္နရုပ်ပေါ့ ၁၉-က ၂၈-အထိရုပ်တွေက အမှန်က ရုပ်အစစ်မဟုတ်ဘူး၊ ပရမတ္ထအစစ်မဟုတ်တဲ့ အတွက်ကြောင့်မို့ အဲဒီရုပ်တွေကို စိစစ်စရာ မလိုဘူးဆိုတော့ နိပ္ဖန္နရုပ်တွေထဲကပဲ စိစစ် ရမယ်ပေါ့၊ အဲဒါကြောင့်။

"နိပ္ဖန္နဥပါဒါရုပ် ၁၄-ပါး၌သာ စဉ်းစားဖွယ်ရှိတော့သည်" ကိုင်း နောက်မျက် နှာသွား၊ ပါဠိဂါထာနဲ့ အနက်ကိုကျော်လိုက်။

"နိပ္ဖန္န ဥပါဒါရုပ် ၁၄-ပါးတွင် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ပသာဒရုပ် ၅-ပါးမှာ စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် ၅-ပါး၏ မှီရာဖြစ်သော ကြောင့် မနောဓာတ်, မနောဝိညာဏဓာတ်တို့က ပသာဒရုပ် ၅-ပါးကို မမှီနိုင်"

စက္ခုဝတ္ထုကို ဘယ်သူကမှီသလဲ၊ စက္ခုဝိညာဏ်က မှီတယ်၊ ဒီလို အမှီခံရတာဖြစ်

http://www.dhammadownload.com



တဲ့အတွက်ကြောင့် သူတို့တွေဟာ မနောဓာတ်, မနောဝိညာဏဓာတ်ရဲ့ မှီရာမဖြစ်နိုင်ဘူး၊ ကိုင်း ဒီ ၅-ခု ပြုတ်သွားပြန်ပြီ၊ တစ်ခုချင်း ဖြုတ်သွားလိမ့်မယ်"

"ရူပ, သဒ္ဒ, ဂန္ဓ, ရသနှင့် ဩဇာကိုလည်း မမှီနိုင်" ရူပါရုံကိုလည်း မမှီနိုင်ဘူး၊ သဒ္ဒါရုံကိုလည်း မမှီနိုင်ဘူး၊ ဂန္ဓာရုံကိုလည်းမမှီနိုင်ဘူး၊ ရသာရုံကိုလည်း မမှီနိုင်ဘူး၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း မမှီနိုင်ဘူးလို့တော့ ပြောရမှာပဲ။

သို့သော် ဖောဋ္ဌဗ္ဗာရုံနဲ့ ပထဝီ, တေဇော, ဝါယောဆိုတဲ့ ဓာတ် ၃-မျိုးနဲ့ အတူတူပဲ၊ ဒါကြောင့်မို့ ဒီမှာထည့်မပြောတာ။

ဘာကြောင့် ရူပါရုံကို မနောဓာတ်, မနောဝိညာဏဓာတ်ကမမှီနိုင်တာတုန်း ဆိုတော့ ဘယ်လိုအကြောင်းပြထားသလဲဆိုရင် "ထိုရုပ်တို့က ခန္ဓာကိုယ်မှ အပြင်ပ၌လည်း ဖြစ်ကြသောကြောင့်တည်း"

ရူပါရုံဆိုတာ ကိုယ့်ခန္ဓာသာမှာ ဖြစ်တာမဟုတ်ဘူး၊ ခန္ဓာကိုယ်အပြင်ဘက်မှာလည်း မဖြစ်ဘူးလား၊ စာအုပ်တွေ, သစ်ပင်တွေ အိမ်တွေမြင်နေရတာပဲဟုတ်လား၊ အဲဒီတော့ ရူပါရုံကိုမှီတယ်ဆိုရင် မနောဓာတ်, မနောဝိညာဏဓာတ်က အဲသလို အပြင်ပကြီးမှာ သွားပြီး မှီနေရလိမ့်မယ်၊ ဒါကြောင့်မို့ ခန္ဓာကိုယ်အပြင်ပမှာ သူတို့တွေက ဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကိုမှီတယ်လို့လည်း မဆိုနိုင်ဘူး။

ဩဇာဆိုတာက နံပတ် ၁၈-အာဟာရရုပ်ကိုပြောတာ၊ ဒါဖြင့် တော်တော်ကို ပြုတ်သွားပြီပေါ့၊ ပသာဒရုပ် ၅-ပါး ပြုတ်သွားပြီ၊ ဝိသယရုပ် ၇-ပါးပြုတ်သွားပြီ အာဟာရရုပ် ပြုတ်သွားပြီ၊ နောက်ထပ် ဘာစီစစ်ဦးမလဲ၊ နောက်စာပိုဒ်ဂါထာရယ်၊ အနက်ရယ် ကျော်လိုက်, ဘာတဲ့တုန်း။

"ဤဓာတ် ၂-ပါးသည် ဇီဝိတိန္ဒြေကိုလည်း မမှီ" ကောင်းပြီ၊ ဒါဖြင့် ဇီဝိတရုပ်ကိုများ မှီသလားလို့ ဒီလိုမေးမယ်ဆိုပါတော့၊ ဇီဝိတရုပ်ကိုလည်း မမှီနိုင်ဘူးတဲ့၊ ဘာကြောင့်တုန်း။

"ဇီဝိတိန္ဒြေမှာ တကွဖြစ်ဘက်ရုပ်တွေကို စောင့်ရှောက်ရခြင်း ကိစ္စတစ်မျိုးရှိပြီး ဖြစ်သောကြောင့်တည်း" သူ့မှာ အတူဖြစ်ဘက်ရုပ်တွေကို စောင့်ရှောက်ရတဲ့ ကိစ္စ ရှိနေတယ်၊ ဒီကိစ္စလုပ်နေရတဲ့ အတွက်ကြောင့်မို့ မနောဓာတ်, မနောဝိညာဏ ဓာတ်တွေရဲ့ မှီရာကိစ္စကို သူမဆောင်ရွက်နိုင်ဘူးတဲ့။

"အလုပ်ကိစ္စတစ်ခုရှိနေသူသည် အခြားကိစ္စကို မရွက်ဆောင်နိုင်သကဲ့သို့ ဇီဝိတရုပ်မှာ မလွဲမရှောင်သာသော ကိစ္စကရှိပြီးဖြစ်၍ သူတစ်ပါးအမှီကို မခံနိုင်တော့ပြီ"

ဒါဖြင့် မနောဓာတ် မနောဝိညာဏဓာတ်ရဲ့ မှီရာဟာ ဇီဝိတလည်း မဟုတ်နိုင်

http://www.dhammadownload.com



ဘူးပေါ့၊ ကောင်းပြီ၊ ဘာဝရုပ် ၂-ပါးကို မှီတယ်လို့ပြောရင်တော့ ဘာဝရုပ်ဆိုတာ ဣတ္ထိ ဘာဝပုမ္ဘာဝ မိန်းမအဖြစ်, ယောက်ျားအဖြစ်ဆိုတဲ့ရုပ်၊ အဲဒီရုပ်နှစ်ပါးကို မှီတယ် ဆိုရင်ကောတဲ့။

"ဘာဝရုပ် ၂-ပါးမရှိသော နပုံးပဏ္ဍုက်သန္တာန်မှာလည်း ဤမနောဓာတ် မနောဝိညာဏဓာတ်များ ဖြစ်နေသောကြောင့် ဘာဝရုပ် ၂-ပါးကို မမှီကြောင်းမှာ သိသာပြီ"

ယောက်ျားလည်းမဟုတ်, မိန်းမလည်းမဟုတ်တဲ့ လူတွေမှာ ဒီစိတ်တွေရှိမနေ ဘူးလား၊ ရှိနေတာပေါ့၊ ဒါကြောင့်မို့ ဘာဝရုပ်ကို မှီတယ်ဆိုရင် ဒီစိတ်တွေ အဲဒီပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ မဖြစ်ရပဲနေလိမ့်မယ်၊ အခုတော့ဖြစ်တယ်၊ ဒါကြောင့်မို့ ဘာဝရုပ် ၂-ပါးကိုလည်း မမှီဘူးတဲ့၊ ဘာကျန်တော့လဲ၊ သူပဲကျန်တော့တယ်။

"ထို့ကြောင့် ထိုဆိုအပ်ပြီးသော နိပ္ဖန္နရုပ်များအပြင် ဤဓာတ် ၂-ပါး၏ မှီရာဝတ္ထုရုပ်သည် ဥပါဒါရုပ်တစ်မျိုးပဲဟု သိလိုက်၏" ဒါဖြင့်ရင် ဒီဓာတ်တွေရဲ့ မှီရာဟာ ဥပါဒါရုပ်တစ်မျိုး ဖြစ်ရမယ်ပေါ့။

"ထိုဥပါဒါရုပ်တစ်မျိုးကား ဤဟဒယဝတ္ထုဖြစ်သည်ဟူလို"တဲ့၊ ဒါကျတော့ arbitrary အဲဒီ ရုပ်ဝတ္ထုဟာ ဟဒယပဲဖြစ်ရမယ်၊ အဲဒါကျတော့ သူကအနိုင်ယူပြီး ဆုံးဖြတ်သွားပြီ၊ အကြောင်းပြခြင်းလို့ မရဘူး။

အဲဒီလို Law of Elimination ပေါ့၊ မဖြစ်နိုင်တာတွေ တစ်ခုပြီးတစ်ခု ဖြုတ်, ဖြုတ်သွားလိုက်တာ ဘာမှ မကျန်တော့ဘူး၊ ဘာမှ မကျန်တော့သူတို့ရဲ့ မှီရာရုပ်တစ်ခုကလည်း ရှိရမယ်ဆိုတော့ အဲဒီရုပ်တစ်ခုတော့ ရှိရလိမ့်မယ်၊ အဲဒီရုပ်ဟာ ဥပါဒါရုပ်ပဲ၊ အဲဒီဥပါဒါရုပ်ဟာ ဘာလဲဆိုရင် ဟဒယပဲ၊ ဒီလို အဋ္ဌကထာ, ဋီကာဆရာတော်တွေ, ရှေးဆရာတော်တွေ interpret လုပ်တယ်၊ ယူဆတယ်ပေါ့။

ကောင်းပြီ၊ ဒါကတော့ လက်ခံပါတယ်ဆိုကြပါစို့၊ လက်မခံလို့လဲ တခြား အကြောင်းပြဖို့လင်းမရှိဘူး၊ ဦးနှောက်မှီတယ်ပြောပြန်ရင် ပြဿနာတွေက လာလိမ့် ဦးမယ်။

အဲဒီတော့ ဒါဖြင့်ရင် ဓမ္မသင်္ဂဏီပါဠိတော်မှာ ဘာကြောင့်မဟောတာလဲ, မခံချင်စရာမကောင်းဘူးလား၊ အဘိဓမ္မာဆိုတာ ဆိုင်ရာအကြောင်းအရာကို အပြည့် အစုံဟောရမယ် မဟုတ်ဘူးလား၊ ဘာကြောင့် အဘိဓမ္မာပါဠိတော်ကြီးမှာ ဟဒယဝတ္ထု ကိုမဟောခဲ့တာတုန်းဆိုတော့ အကြောင်းပြချက်က ဘာလဲဆိုရင်

"ထိုဆိုခဲ့သည့်အတိုင်း ဝတ္ထုရုပ်တစ်မျိုးရှိသင့်လျှင် ဓမ္မသင်္ဂဏီပါဠိ ရူပကဏ္ဍ

http://www.dhammadownload.com



ပါဠိတော်၌ ဘာကြောင့် မဟောပါသနည်းဟု မေး" အဲဒါက တစ်ယောက်ယောက် ကမေးမယ်ပေါ့၊ အဖြေက ဘာတဲ့တုန်း။

"ဓမ္မသင်္ဂဏီ ရူပကဏ္ဍပါဠိတော်၌ကား အာရမဏဒုကဒေသနာ ပျက်မည်စိုး သောကြောင့် ဝတ္ထုဒုက်ကိုလည်း မဟောပဲချန်ထားတော်မူသည်" ဒုက်ဆိုတာ နှစ်ခုတွဲကို ဒုက်လို့ခေါ်တယ်၊ ရိုက်တဲ့တုတ်မဟုတ်ဘူးနော်၊ ဒုက ဆိုတဲ့ ပါဠိ စကားကလာတာ၊ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ၁-ခု၊ ၂-ခု၊ ၃-ခု၊ ၄-ခု စသည်ဖြင့် အဲသလို ရုပ်တွေကို အမျိုးမျိုးခွဲပြီး ဟောသွားတာ။

ဟောသွားတဲ့အခါကျတော့ ဒုကဒေသနာရောက်တဲ့အခါကျတော့ ဘယ်လိုလဲ တဲ့၊ ဖတ်ကြည့်လိုက်ကြဦးစို့။

"ရူပကဏ္ဍပါဠိတော်၌ ဧကက (ဧကကဆိုတာ တစ်မျိုးကိုချည်း ဟောသွားတာ ဒုကဆိုတာက နှစ်မျိုးဟောသွားတာ၊ တိကဆိုတာ သုံးမျိုးတွေချည်း ဟောသွားတာ၊ စတုက္ကဆိုတာ လေးမျိုးဟောသွားမယ်ပေါ့) ဒုက, တိကမှစ၍ ဧကာဒသကတိုင်အောင် (၁၁-ခုထိအောင်) ဟောတော်မူလျက်ရှိ၏၊ ထိုဒုကဒေသနာတော်၌ "အတ္ထိ ရူပံ စက္ခုဝိညာဏဿဝတ္ထု (စက္ခုဝိညာဏ်၏ မှီရာဝတ္ထုရုပ်ရှိ၏ စက္ခုဝတ္ထုကို ပြတော်မူ လိုသည်) အတ္ထိ ရူပံ စက္ခုဝိညာဏဿနဝတ္ထု (စက္ခုဝိညာဏ်၏ မှီရာမဟုတ်သော ရုပ်များလည်းရှိ၏၊ (ဒါကျတော့ စက္ခုမှ ကျန်တဲ့ ရုပ်တွေအားလုံးပေါ့ အဲဒီလိုဟောတာ)

"ဤသို့စသည်ဖြင့် သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏ်တို့၏ သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု ဟုတ်-မဟုတ်သောရုပ်များကို ခွဲခြားပြတော်မူ ပြီးလျှင် (စက္ခု, သောတ, ဃာန ဇိဝှါကာယပြီးရင် ဘာလာမလဲ၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်ပြီးရင် မနောဝိညာဏ် လာဖို့ကောင်းတာပေါ့၊ ဒါကြောင့်မို့ ဟောချင်းဟောရင် ဘယ်လို ဟောရမလဲ၊ အတ္ထိ ရူပံ မနောဝိညာဏဿဝတ္ထု" မနောဝိညာဏ်၏ မှီရာဖြစ်တဲ့ရုပ် ရှိတယ်၊ အတ္ထိရူပံ မနောဝိညာဏဿနဝတ္ထု မနောဝိညာဏ်၏မှီရာမဟုတ်တဲ့ရုပ် ရှိတယ်လို့ ဒီလိုခြောက်ခုမြောက်ဒုက်ကို ဟောရလိမ့်မယ်။

ဟောခဲ့တော့ ဘာဖြစ်လဲ၊ ဘာဖြစ်လို့ ဘုရားကမဟောခဲ့တာလဲ၊ အဲဒီတော့ ဒီနေရာမှာစဉ်းစားကြည့်လိုက်စမ်း၊ မနောဝိညာဏ်၏မှီရာဝတ္ထုရုပ်ဆိုရင် ဟဒယဝတ္ထု လို့ပဲ ပြောကြပါစို့၊ ဟဒယဝတ္ထုလို့ပဲပြောနိုင်တယ် မဟုတ်လား။

မနောဝိညာဏ်၏မှီရာ မဟုတ်ဘူးဆိုရင် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, အဖြေပေးလို့ရတယ်မဟုတ်လား၊

http://www.dhammadownload.com



အဲဒီတော့ မနောဝိညာဏ်၏ မှီရာဖြစ်သော ဝတ္ထုရုပ်လို့ပြောရင်လည်းပဲ အဖြေပေးလို့ ရတယ်၊ မနောဝိညာဏ်၏ မှီရာမဟုတ်တဲ့ ဝတ္ထုရုပ်လို့ ပြောရင်လည်းပဲ အဖြေပေးလို့ ရတယ်။

ဒါကြောင့် အမှန်ကတော့ ဒီဒုက်မှာ ပြဿနာမရှိဘူး၊ ဘယ်ကျတော့ ပြဿနာပေါ်မလဲတဲ့။

"အကယ်၍ ဟောတော်မူလျှင် "အဇ္ဈတ္တိရုပ် မနောဝိညာဏသ ဝတ္ထု" အရ ဟဒယဝတ္ထုကို ကောက်၍ အဇ္ဈတ္တိ ရုပ် မနောဝိညာဏသ နဝတ္ထုအရ ဟဒယဝတ္ထု မှကြွင်းသမျှ ကောက်ရလိမ့်မည်၊ ဤသို့ ကောက်ဖွယ်ရာ ရုပ်ရှိသော်လည်း ဒီဒုက်နဲ့ ပတ်သက်လို့ကတော့ ကိစ္စမရှိဘူး ဆိုလိုတယ်။

"၎င်း ဝတ္ထုဒုက်နှင့် တစ်ဆက်တည်း ဟောရမည့် အာရမ္မဏ ဒုက်၌" (အဲဒီ ကျတော့ ဘာတဲ့တုန်း၊ အဇ္ဈတ္တိ ရုပ် စက္ခုဝိညာဏသ အာရမ္မဏံ စက္ခုဝိညာဏ်၏ အာရုံ ဖြစ်သောရုပ်ရှိသည်၊ အဇ္ဈတ္တိရုပ် စက္ခုဝိညာဏ၏ အာရုံဖြစ်သောရုပ်ရှိသည်၊ အဇ္ဈတ္တိ ရုပ်စက္ခုဝိညာဏသ န အာရမ္မဏံ စက္ခုဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်ရှိသည်။

ကိုင်း- အဖြေပေးကြစမ်း၊ စက္ခုဝိညာဏ်၏ အာရုံဖြစ်သောရုပ်ရှိတယ် ဆိုရင်၊ ရူပါရုံပေါ့၊ ဟုတ်တယ်နော်၊ စက္ခုဝိညာဏ်၏အာရုံမဟုတ်တဲ့ ရုပ်ဆိုရင် ရူပါရုံမှတပါး ကျန်တာအားလုံးပေါ့၊ ဒီလိုဆို အဖြေပေးလို့မရဘူးလား၊ ရတယ်နော်။

ကောင်းပြီ, သောတဝိညာဏ်နော်၊ မရဘူးလား၊ ရတယ်၊ ဃာနဝိညာဏ် မရဘူးလား, ရတယ်၊ ဇိဝှါဝိညာဏ်ရတယ်၊ ကာယဝိညာဏ်ရတယ်၊ ကိုင်း, မနော ဝိညာဏ်စမ်းကြည့်ကြစို့။

"ထို့အတူ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ ဖောဋ္ဌဗ္ဗာရုံနှင့် ကြွင်းသမျှရုပ်များကို ထောက်ဖို့ရာ ဒုက် ၅-မျိုးကို ဟောတော်မူပြီးနောက် (ဆဋ္ဌမသုတ် အဇ္ဈတ္တိရုပ် မနောဝိညာဏသ အာရမ္မဏံ ဟောမယ်ဆိုရင်) မနောဝိညာဏ်၏ အာရုံဖြစ်သော ရုပ်ကား ရုပ်အားလုံးပင်ဖြစ်၍ (မနောဝိညာဏ်၏ အာရုံက ရုပ်အားလုံးမဖြစ်နိုင်ဘူး လား၊ ဖြစ်နိုင်တယ်နော်၊ အာရမ္မဏသင်္ဂဟပြန်ကြည့်ရင် အဇ္ဈတ္တိ ရုပ် မနောဝိညာဏသန အာရမ္မဏံ ကျတော့ ဘယ့်နှယ်လုပ်မလဲ၊ မနောဝိညာဏ်၏ အာရုံမဟုတ်သော ရုပ်ဆို တော့ Zero ပေးရလိမ့်မယ်၊ အဖြေပေးစရာ မရှိတော့ ဒါကို ဒုက်ကျိုးတယ် ခေါ်တယ်။

ဒုက်ကျိုးတယ်ဆိုတာ တစ်ခြမ်းဖြစ်သွားတာ၊ တစ်ဖက်သာရတယ်၊ တစ်ဖက် မရဘူးဖြစ်သွားတယ်၊ ဒီ ၂-ခုတွဲဟောလာရာမှာ တစ်ခုအတွက်သာ အဖြေရှိတယ်၊

http://www.dhammadownload.com



နောက်တစ်ခုအတွက်ကျတော့ အဖြေမရှိဘူး၊ ဒုက်ပျက်သွားတယ်။

အဲဒီလိုဒုက်ပျက်သွားရင် ဘာဖြစ်မလဲ၊ ဒီဒုက်ပျက်မှာစိုးလို့ ဒီဒုက်ကိုဟောလို့ မဖြစ်ဘူး၊ ဒီဒုက်ကို ဟောလို့မဖြစ်တဲ့အတွက်ကြောင့် ဝတ္ထု ဒုက်ကိုလည်းပဲ ဘုရားကထည့်မဟောခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဝတ္ထုဒုက်ပြီးတဲ့နောက် တစ်ဆက်တည်း အာရမ္မဏဒုက်ကို ဟောရတယ်၊ ဟောတဲ့အခါကျတော့ ဝတ္ထုဒုက်တုန်းက ၆–မျိုး ဟောခဲ့ပြီးတော့ အာရမ္မဏဒုက်ကျမှ ၅–မျိုးထဲဟောရင် ဒုက်ချင်း မညီမညွတ်ဖြစ် တယ်။

အဲဒီတော့ ဆဠမဒုက်ကို အာရမ္မဏဒုက်တွေမှာလည်းဟောလို့ရလား၊ မရဘူး၊ ခုနပြောသလိုပဲ၊ တစ်ခုအတွက်တော့ အဖြေရှိတယ်၊ နောက်တစ်ခုအတွက်ကျတော့ အဖြေမရှိဘူး၊ အဲဒီလို ဒုက်ပျက်သွားမှာစိုးလို့ ဒုကဒေသနာရှေ့နောက် ပျက်သွားမှာစိုးလို့ အာရမ္မဏဒုက်မှာ ဟောလို့မရတဲ့ အတူတူ ဝတ္ထုဒုက်မှာလည်းမဟောဘူးဆိုပြီး မြတ်စွာဘုရားက ချန်ထားခဲ့တာ၊ အဲဒါကြောင့်မို့ ဝတ္ထုဒုက်မှာလည်း ငါးမျိုးသာဟောတယ်။

စက္ခုဝိညာဏ်၏ မှီရာ သောတ, ဃာန, ဇိဝှါ, ကာယတို့၏ မှီရာပဲဟောတယ်၊ မနောဝိညာဏ်၏ မှီရာမဟောဘူး၊ အာရမ္မဏဒုက်မှာလည်း မဟောဘူး၊ ဒါကြောင့်မို့ ဒုကဒေသနာပျက်မှာ စိုးလို့မဟောတာ၊ မရှိလို့ မဟောတာ မဟုတ်ဘူး၊ ဒီလို ဆိုလိုတယ်။

ဒုက်ပျက်လင်းဘာဖြစ်လဲ, ဟောပါလား၊ မရှိတာ မရှိတာပေါ့၊ ရှိတာ ရှိတာပေါ့၊ ဒုက်ပျက်လည်းဟောပါလားဆိုတော့၊ ရှေ့ဆက်ဖတ်ကြည့်စမ်း။

"ထို့ကြောင့် ဤဆဠအာရမ္မဏဒုက်အတွက် တစ်ဘက်ပျက်ဖွယ်ရာရှိသည်၊ ဤအာရမ္မဏဒုက်တစ်ဘက် ပျက်မည့်အရေးကို မြင်တော်မူသောကြောင့် ဝတ္ထုဒေသနာနှင့် အာရမ္မဏဒေသနာကို အသွားအလာတူထား၍ ဟောပြတော်မူမှ ဝေနေယျတို့ နားလည်ဖွယ်ရှိရကား"

အဲဒါသော့ချက်ပဲ၊ မြတ်စွာဘုရား တရားဟောတယ်ဆိုတာ သဗ္ဗညုတဉာဏ် အစွမ်းပြဖို့ဟောတာမဟုတ်ဘူး၊ တရားနာတဲ့ ဝေနေယျ ပုဂ္ဂိုလ်တွေ တရားထူးရဖို့ ဟောတာ၊ အဲဒီတော့ တရားနာသူတွေ တရားထူးမရနိုင်တဲ့ တရားမျိုးဆိုရင် မြတ်စွာဘုရားက မဟောဘူး။

ဒါကြောင့်မို့ ဝေနေယျတွေအနေနဲ့ နားထောင်သူတွေ အနေနဲ့ ဒီလိုဖြစ်သွားရင် သူတို့စိတ်တစ်မျိုးတစ်မည်ဖြစ်သွားမယ်၊ သူ့ဟာသူ နဂိုတုန်းကတော့ အချိုးကျကျလေး

http://www.dhammadownload.com



တစ်စုံ, တစ်စုံလာပြီးတော့ ဒီကျတော့ တစ်ခြမ်းပျက်ကျန်ရစ်ရောဆိုတော့ သူတို့မှာ စိတ်တစ်မျိုးတစ်မည်ဖြစ်ပြီးတော့ တရားထူးရဖို့ရမှာ စိတ်အနှောင့်အယှက်ဖြစ်သွားမယ်၊ ဒါကို ဝေနေယျအလိုကို လိုက်တယ်လို့ ဦးဇင်းတို့ ပါဠိကျမ်းဂန်တွေမှာသုံးတယ်၊ ဝေနေယဇ္ဈာသယလို့သုံးတယ်။

အဲဒါကြောင့်မို့ ဒီလိုအသွားတူ အလာတူဟောပြမှသာ ဝေနေယျတွေက နားလည်ဖွယ်ရှိတယ်၊ နားလည်ရုံတင်မကဘူး၊ နားလည်ပြီးတော့ တရားထူးရဖို့ရှိတယ်၊ အကယ်၍ ဒုက်တစ်ခုနဲ့တစ်ခု မတူပေမယ်လို့ဟောမယ်ဆိုရင် သူတို့အဖို့ အနှောင့်အယှက်ဖြစ်သွားပြီးတော့ တရားထူးရဖို့ရာ မဖြစ်နိုင်ဘူး ဖြစ်လိမ့်မယ်။

အဲဒါကြောင့်မို့ ဝတ္ထုဒေသနာမှာ ဝတ္ထုဒုက်တွေဟောတဲ့နေရာမှာ ဆဋ္ဌမဒုက်ကို ရသင့်လျက်နဲ့ မဟောပဲထားခဲ့တယ်၊ အာရမ္မဏဒုက်မှာတော့ ဟောမဖြစ်လို့ မဟောတာ၊ ဝတ္ထုဒုက်မှာတော့ ဟောလို့တော့ဖြစ်တယ်၊ ဒါပေမယ့် အရမ္မဏဒုက်နဲ့ မကိုက်ညီမှာစိုးလို့၊ ရှေ့သွားနောက်လိုက် မညီမှာစိုးလို့ မဟောဘဲ ချန်ထားခဲ့တယ်။

ကောင်းပြီ, လက်နှိပ်စက်နဲ့ရိုက်ထားတဲ့ စာရွက်လေးကြည့်လိုက်၊ ဒါက ဝတ္ထုဒုက်နဲ့ အာရမဏဒုက်ကို ရှင်းရှင်းလင်းလင်းမြင်အောင် ထုတ်နုတ်ပြီး ရိုက်ထားတာ။

ဝတ္ထုဒုက်မှာ ဒုက် ၅-မျိုးရှိတယ်၊ စက္ခုဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည် ရှိ၏၊ စက္ခုဝိညာဏ်၏မှီရာမဟုတ်သော ရုပ်သည်ရှိ၏၊ အဖြေထွက်နိုင်တယ်နော်။

သောတဝိညာဏ်၏ မှီရာဖြစ်သောရုပ်သည်ရှိ၏၊ သောတဝိညာဏ်၏ မှီရာ မဟုတ်သောရုပ်သည်ရှိ၏၊ ဒီနှစ်ခုကို ဒုက်တစ်ခုလို့ခေါ်တယ်။

ဃာနဝိညာဏ်၏ မှီရာဖြစ်သောရုပ်သည် ရှိ၏။ ဃာနဝိညာဏ်၏ မှီရာ မဟုတ်သော ရုပ်သည်ရှိ၏၊ ဒါ တစ်ဒုက်။

ဇိဝှါဝိညာဏ်၏ မှီရာဖြစ်သောရုပ်သည်ရှိ၏။ ဇိဝှာဝိညာဏ်၏ မှီရာ မဟုတ်သောရုပ်သည်ရှိ၏။ ဒါလည်းတစ်ဒုတ်။

ကာယဝိညာဏ်၏ မှီရာဖြစ်သောရုပ်သည်ရှိ၏၊ ကာယဝိညာဏ်၏ မှီရာ မဟုတ်သောရုပ်သည်ရှိ၏၊ တစ်ဒုက်။

အဲဒီဒုက် ၅-မျိုးကို ဟောပြီးတဲ့နောက်မြတ်စွာဘုရားက အာရမ္မဏဒုက်ကို ဟောတယ်၊ ဒီကျတော့ မှီရာနေရာမှာ အာရုံပေါ့။

စက္ခုဝိညာဏ်၏ အာရုံဖြစ်သောရုပ်သည်ရှိ၏၊ စက္ခုဝိညာဏ်၏ အာရုံမဟုတ် သောရုပ်သည်ရှိ၏၊ ဖြေလို့ရတယ်နော်၊ ထိုနည်းတူသောတဝိညာဏ်, ဃာနဝိညာဏ်,

http://www.dhammadownload.com



ဇိဝှါဝိညာဏ်, ကာယဝိညာဏ် ဖြေလို့မရဘူးလား၊ ဖြေလို့ရတယ်နော်။

ဖြစ်သင့်သော ဆဋ္ဌဝတ္ထုဒုက်တဲ့၊ ဒါဟာဖြစ်တော့ဖြစ်သင့်တယ်၊ မြတ်စွာဘုရားက မဟောခဲ့ဘူး၊ ဒါကဘာတုန်း၊ မနောဝိညာဏ်၏ မှီရာဖြစ်သော ရုပ်သည်ရှိ၏၊ မနောဝိညာဏ်၏မှီရာ မဟုတ်သော ရုပ်သည်ရှိ၏၊ ဒါက ရနိုင်တယ်၊ နှစ်ခုစလုံးအတွက် အဖြေပေးနိုင်တယ်။

သို့သော် ဖြစ်သင့်သောဆဋ္ဌ အာရမ္မဏဒုက်ကျတော့ မနောဝိညာဏ်၏ အာရုံဖြစ်တတ်သော ရုပ်သည်ရှိ၏၊ ဟုတ်ပြီ ရုပ် ၂၈ ပါး–ရပြီ၊ မနောဝိညာဏ်၏ အာရုံမဟုတ်သောရုပ်သည်ရှိ၏၊ ဘယ်လိုမှ ဖြေမရတော့ဘူး၊ ဘာကြောင့်တုန်းဆိုတော့ မနောဝိညာဏ်ရဲ့ အာရုံမဟုတ်တဲ့ ရုပ်ရယ်လို့ ရှိကိုမရှိဘူး၊ အဲဒီတော့ ဒုက်က ပျက်သွားပြီ၊ ကျိုးသွားပြီ။

ဒါကြောင့်မို့ ဝတ္ထုဒုက်မှာရော အာရမ္မဏဒုက်မှာရော ခြောက်ခုမြောက်ဖြစ်တဲ့ ဒုက်ကို မဟောဘူး၊ အဲသလို မဟောတဲ့အတွက်ကြောင့်မို့ ဟဒယဝတ္ထု ပါမသွားနိုင်တော့ဘူး၊ ရုပ်တွေအကုန်လုံး ပြတဲ့ဓမ္မသင်္ဂဏီ ရူပကဏ္ဍပါဠိတော်မှာ ရုပ်က ၂၇–ပါးပဲရှိတော့တယ်၊ ၂၈–ပါးမရှိတော့ဘူး။

နောက်စာရွက် ၂ ရွက်ကလည်းဓမ္မသင်္ဂဏီ ပါဠိတော် မြန်မာပြန်ကကူးထားတာ၊ ဒါလည်းပဲ ကိုယ့်ဟာကိုယ် ပါဠိတော်မှာ တကယ်ရှိတာမရှိတာသိအောင်လို့ ပေးထားတယ်၊ အဲဒီမှာ ဖတ်ရတာ နည်းနည်းရှုပ်တယ်၊ ဒါကြောင့်မို့ လက်နှိပ်စက်နဲ့ ရိုက်ပြီးတော့ ရှင်းအောင်လုပ်ထားတယ်၊ ဟိုမှာကျတော့ ရှုပ်နေတာဖတ်ကြည့်ပါလား၊ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှုဖဿ၏ မှီရာတည်ရာမဟုတ်သောရုပ်သည်ရှိ၏၊ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု ဖဿကြောင့်ဖြစ်သော ခံစားမှုဝေဒနာ၏ ၊ပ၊ ဖြစ်သွားတယ်။

ပဆိုတာ သိလား၊ ပြတ်သွားပြီလို့ ပြောတာ၊ ဒီမှာပ တို့,ပေတို့, တစ်ခါတလေလတို့တွေ့တတ်တယ်၊ အဲသလို တွေ့ရင် ကြားမှာပြတ်သွားပြီလို့ ဆိုလို တယ်၊ ပေလာယ လို့ခေါ်တယ်။

“မှတ်သားမှု သညာ၏ စေ့ဆော်မှုစေတနာ၏ မြင်သိစိတ်၏ မှီရာတည်ရာရုပ်သည်ရှိ၏” ဒါက စက္ခုဝိညာဏသ ဝတ္ထု။

မြင်သိစိတ်၏ မှီရာတည်ရာမဟုတ်သော ရုပ်သည်ရှိ၏၊ ဒါက စက္ခုဝိညာဏသနဝတ္ထု၊ တစ်ခါကြားသိစိတ်သွားတယ်၊ အတူတူပါပဲ၊ ဒီမှာကြည့်ရတာ ရှုပ်မှာစိုးလို့ ရှင်းအောင်ဆိုပြီးတော့ လက်နှိပ်စက်နဲ့ ရိုက်လိုက်တယ်၊ လက်နှိပ်စက်နဲ့ ရိုက်ပြီးတော့

http://www.dhammadownload.com



တစ်ခါ ပါဠိတော် တကယ်ကို မရှိတာဟုတ်ပါလားဆိုပြီးတာ သိအောင်ဆိုပြီးတော့ ပါဠိတော် မြန်မာပြန်မှာ ပေးထားတယ်၊ ဒါတွေအကုန်လုံး ညှပ်လိုက်ရင် ဟဒယ ဝတ္ထုအကြောင်းတော့ တော်တော်ပြည့်ပြည့်ဝဝ နားလည်သွားပြီ။

အဲဒါကြောင့်မို့ အဋ္ဌကထာဋီကာဆရာများရဲ့အယူအဆအရ သို့မဟုတ် ရှေးဆရာတော်တို့ရဲ့ အယူအဆအရ မြတ်စွာဘုရားက သာမညအကျဉ်းချုပ်လို့ ဟောခဲ့ပေမယ့် အဲဒါသည် ဟဒယဝတ္ထုပဲဟူ၍ မှတ်ရမယ်၊ ဒါဟာ တစ်ချက်လွတ် တော့ကျတယ်၊ ကျပေမယ်လို့ ဒီလိုပဲမှတ်ရမယ်၊ ဒါကြောင့်မို့ ဟဒယဝတ္ထုရုပ်ဆိုတာ ရှိပါတယ်။

ဒါဖြင့် ဓမ္မသင်္ဂဏီမှာ ဘာကြောင့် မဟောတာတုန်းဆိုရင် ဝတ္ထုဒုက်အာရမ္မဏ ဒုက်ပျက်မှာစိုးလို့၊ ပျက်မှာဆိုတာရှေ့နောက်မညီတာ၊ မလိုက်လျောမှာစိုးလို့ မဟောတာပါ၊ မရှိလို့ မဟောတာ မဟုတ်ပါဘူး။

ဘာကြောင့် ဝတ္ထုဒုက်ပျက်မှာ ကြောက်ရတာတုန်း၊ စိုးရိမ်ရတာတုန်း၊ ဝေနေယျတွေ နားမလည်မှာစိုးလို့၊ နားမလည်ရင် တရားမရမှာစိုးလို့၊ တစ်ခါတလေ ဝေနေယျတွေ အလိုလိုက်ပြီး ဟောရတာတွေရှိတယ်၊ အဘိဓမ္မာမှာတောင်မှရှိတယ်၊ သုတ္တန်မှာဆို ပြောစရာမလိုတော့ဘူး။

ဒါကြောင့်မို့ ဒီတရားတွေကိုပဲ ခန္ဓာဆိုတဲ့ နာမည်နဲ့ဟောထားတယ်၊ တော်တော် ကြာအာယတနဆိုတဲ့နာမည်နဲ့ ဟောထားတယ်၊ ဒါတွေပဲ၊ အာယတန ၁၂-ပါး ဆိုတာလည်း ခန္ဓာ ၅-ပါးပဲ၊ ခန္ဓာ ၅-ပါးထဲကဟာတွေကို အာယတနနဲ့ တစ်မျိုး လှည့်ဟော လိုက်တာ။

ဓာတ် ၁၈ ပါးဆိုတာလည်း ဒီခန္ဓာ ၅-ပါးပဲ၊ နိဗ္ဗာန်တော့ ပါတယ်ပေါ့လေ၊ ဒါတွေပဲ၊ ဣန္ဒြေ ၂၂-ပါးဆိုလည်း ဒါတွေပဲ၊ အဲဒီလို အမည်အမျိုးမျိုးနဲ့ မြတ်စွာ ဘုရားက ဟောတော်မူတယ်။

တချို့က ခန္ဓာဆိုတဲ့ နာမည်နဲ့ ရင်းနှီးပြီးသားဖြစ်ရင် ခန္ဓာဆိုတဲ့စကားလုံးလေး ကြားလိုက်ရင် သူတို့မှာ တရားနားလည်သွားမယ်၊ တရားထူးရမယ်။

တချို့က အာယတနဆိုတဲ့ နာမည်နဲ့ ရင်းနှီးထားတဲ့သူတွေကျတော့ အာယတန ဆိုတဲ့ အသံလေးကြားလိုက်ရရင် (ကိုယ်ရင်းနှီးထားတဲ့အသံလေး ကြားလိုက်ရရင်) နားလည်တာပေါ့၊ အဲဒီလို ဝေနေယျအလိုလိုက်ပြီးတော့ ဟောရတာတွေ အဘိဓမ္မာမှာ တောင်မှရှိတယ်၊ အဲသလို မှတ်ရမယ်။

ယေဘုယျအတိုင်း ပြောရမယ်ဆိုရင် အဘိဓမ္မာမှာ အရှိကို အရှိအတိုင်းဟောတာ၊

http://www.dhammadownload.com



ဝေနေယျအလိုကို လိုက်နေတာမဟုတ်ဘူးလို့ ယေဘူယျ ပြောမယ်ဆိုရင်ရတယ်၊ သို့သော် ဒီတစ်နေရာမှာတော့မရဘူး။

ဒီနေရာမှာ တကယ့်ကို ဝေနေယျရဲ့အလိုလိုက်ပြီးတော့ နားထောင်တဲ့ပုဂ္ဂိုလ်တွေ တရားထူးမရမှာစိုးလို့၊ ဒုက်အပျက်မခံပဲနဲ့ လုံးဝဒီဒုက်ကို ချန်ထားခဲ့တယ်။

ဒီဒုက်ချန်ထားလိုက်တော့ ဟဒယဝတ္ထုကလည်း ဓမ္မသင်္ဂဏီပါဠိတော်မှာ ဖော်ပြခြင်း မခံရတော့ဘူးပေါ့၊ သို့သော် ခုနထောက်ထားတဲ့ အထောက်အထားတွေအရ ဝတ္ထု ရုပ်တစ်ခုကတော့ ရှိထိုက်တယ်၊ အဲဒီဝတ္ထုရုပ်တစ်ခုဟာ ဘာလည်းဆိုရင် ဟဒယရုပ်ပဲ။

အခုခေတ်လူတွေကတော့ ဘာပြောသလဲ၊ မြတ်စွာဘုရားက ဟဒယဆိုတဲ့ နာမည်နဲ့ ဟောခဲ့တာမှမဟုတ်ပဲ၊ အဲဒီတော့ ဟဒယဝတ္ထုမဟုတ်ပဲနဲ့ ဦးနှောက်ကော မဖြစ်နိုင်ဘူးလားပေါ့လေ၊ ဒါတော့တီကျပြတ်သားတဲ့အဖြေ ထွက်မယ့် အရာမျိုးတော့ မဟုတ်ဘူးပေါ့၊ သူကြိုက်တာ သူလက်ခံ, ငါကြိုက်တာ ငါလက်ခံပေါ့။

ဘာသာဋီကာမှာတော့ အဲဒါလေးနဲ့ ပတ်သက်ပြီးပြောထားတာရှိသေးတယ်၊ စာမျက်နှာ ၄၀၀– မှာထင်တယ်။

“ဤပြခဲ့သော ပါဠိတော်နှင့် ယုတ္တိများအရ ဝတ္ထုရုပ်တစ်မျိုး ရှိထိုက်ကြောင်းကား ထင်ရှားလေသည်၊ ထိုဝတ္ထုရုပ်သည် နှလုံးအိမ်အတွင်းမှာ တည်ရှိကြောင်းကိုလည်း ဤသို့သိရာ၏”တဲ့၊ ဒါက ဆရာတော်ရဲ့ အကြောင်းပြချက်ပေါ့လေ။

“တစ်စုံတစ်ခုသော အကြံကို စူးစူးစိုက်စိုက် ကြံစည်သည့်အခါ တစ်စုံတစ်ခု စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည့် အခါတို့၌ စိတ်မှ အပူဓာတ်သည် မှီရာဝတ္ထုသို့ ကူးစက်၍ ထိုဝတ္ထုရုပ်မှ အပူဓာတ်လည်း ဝတ္ထုရုပ်တည်ရာသွေးများနှင့် တကွ နှလုံးအိမ်မှာ ကူးစက်သဖြင့် ရင်ပူလာပုံကိုလည်းကောင်း–

– ထို့ပြင် ပြင်းထန်သော အမြောက်သံ စသည်ကို ကြားရာ, တစ်စုံတစ်ယောက်က ခြောက်လှန့်သည့်အခါတို့၌ စိတ်ဓာတ်တုန်လှုပ်သဖြင့် နှလုံးသွေးနှင့် ရင်များခုန်နေပုံကိုလည်းကောင်း–

– အပြင်းအထန် သောကနှိပ်စက်သည့်အတွက် နှလုံးကွဲ(ရင်ကွဲ)ပုံကိုလည်းကောင်း–

– အလွန်ပျော်ရွှင်သည့်အခါ ရင်ထဲမှာ တစ်မျိုးတစ်ဖုံဖြစ်နေပုံကိုလည်းကောင်း သောက်၍ စိတ်၏မှီရာ ဝတ္ထုရုပ်သည် နှလုံးအိမ်အတွင်းမှာ တည်ရှိသည်ဟုယုံကြည်ထိုက်လှပြီ၊ ဤသို့ နှလုံးအိမ်ဟဒယအတွင်းမှာတည်ရှိသောကြောင့်ပင်လျှင် ဤဝတ္ထု

http://www.dhammadownload.com



ရုပ်ကို ဟဒယဝတ္ထုဟု နာမည်တပ်ရလေသည်။

ယခုခေတ် လောကဓာတ်ဆရာအချို့တို့ကား နှလုံးအိမ်မှ သွေးပူလေပူတို့ အထက်သို့ ပြန်တက်သဖြင့် ဦးခေါင်း၌ နောက်ကျူရှုပ်ထွေးလျက်ရှိသည်ကိုအထောက် အထားပြုပြီးလျှင် စိတ်ဝိညာဏ်သည် ဦးနှောက်မှာတည်ရှိ၏ဟု ပြောဆိုမိကြလေသည်။

**ပရိသတ်** – အရှင်ဘုရား၊ သိပ်မှန်တယ်ဘုရား၊

**မေး** – ခုနက အရှင်ဘုရားပြောခဲ့တယ်၊ နှလုံးထဲမှာရှိတဲ့ သွေးလို့ပြောခဲ့တယ်၊ အဲဒီသွေးများကို ပျံ့နှံ့လျက် တည်နေတဲ့ ဝတ္ထုရုပ်တစ်မျိုးဆိုတော့ အဲဒီသွေးထဲက ဟာက အရေးကြီးဆုံးပဲ၊ အဲဒီသွေးက ဦးနှောက်ထိလဲရောက်တယ်။

**ဆရာတော်** – ရောက်နိုင်တာပေါ့။

**မေး** – အဲဒီသွေးက ဦးနှောက်ထိ မရောက်နိုင်ခဲ့ရင် လူသေတာပဲ၊ ခန္ဓာကိုယ်အနေနဲ့ မြဲနေပေမယ့် ဦးနှောက်ကမရှိဘူးဆိုရင် ဘာမှခံစားမှုမရှိဘူး၊ အဲဒီသွေးကို ပြောတာ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီသွေးက ပျံ့နှံ့နေတာလို့ ပြောလိမ့်မယ်ထင်ပါတယ်။

**ဆရာတော်** – ဖြစ်နိုင်ပါတယ်။

**ပရိသတ်** – သိပ်ယုတ္တိတန်ပါတယ်ဘုရား။

ကိုင်း ဒါကရုပ် ၂၈–ပါးပြီးသွားပြီ၊ ရှေ့ဆက်လိုက်ကြဦးစို့၊ ရုပ် ၂၈–ပါး ပြီးတဲ့နောက် တစ်ရွက်မှာ ဘာရှိသလဲ၊ ရုပ် ၂၈–ပါးကို အမျိုးမျိုးခွဲခြင်းတဲ့၊ အဲဒီမှာ ဇယားကွက်ပေးထားတယ်၊ ဇယားကွက်နဲ့ ကြည့်လိုက်ရင် ရှင်းနေတာပဲ။

ကောင်းပြီ ပထမအပိုင်းက ရုပ် ၂၈–ပါးကို list လုပ်ပြတဲ့ အပိုင်းပေါ့၊ ဒီအပိုင်းကျတော့ ရုပ် ၂၈–ပါးကိုပဲ အမျိုးမျိုးခွဲခြားပြီးတော့ပြမယ်၊ အမျိုးမျိုးခွဲခြား ပြမယ်ဆိုတော့ ခုနပြောသလို ဓမ္မသင်္ဂဏီပါဠိတော်မှာ ခွဲတာမျိုးလို တစ်မျိုးထဲရုပ် နှစ်မျိုးရုပ် စသည်ဖြင့် ခွဲခြားပြလိမ့်မယ်။

"ရုပ် ၂၈– ပါးလုံးသည် အဟေတုကသာဖြစ်သည်၊ သဟေတုကဟုမရှိ"တဲ့ ရုပ်မှန်ရင် အဟေတုကချည်းပဲတဲ့၊ သဟေတုကရယ်လို့ မရှိဘူး၊ ဒါတွေအောက်ပိုင်း ကျတော့ ရှင်းလိမ့်မယ်။

> သပ္ပစ္စယသာ, အပ္ပစ္စယဟု မရှိ
> သာဝသဝသာ, အနာသဝဟုမရှိ
> သခ်တသာ, အသခ်တဟု မရှိ
> လောကိယသာ, လောကုတ္တရဟု မရှိ
> ကာမာဝစရသာ, ရူပါဝစရစသည်မရှိ

http://www.dhammadownload.com



အနာရမ္မဏာသာ, သာရမ္မဏာဟုမရှိ

အပ္ပဟာတဗ္ဗသာ ပဟာတဗ္ဗဟု မရှိတဲ့၊ ပါဠိစကားချည်း ဖြစ်နေတယ်။

ကောင်းပြီ, အဟေတုကဆိုတာဘာတုန်း၊ အဟေတုကဆိုတာ လွယ်ပါတယ်၊ လောဘစသော ဟိတ်များနှင့်မယှဉ်, ပါဠိတည်တာမှာကတော့ အလောဘစတဲ့ ဟိတ်များနဲ့ မယှဉ်ဘူးလို့ ဒီလိုပြောတယ်။

ဘာကြောင့် ဒီလိုပြောတာလဲဆိုတော့ ရုပ်ဆိုတာက ကုသိုလ်လည်းမဟုတ်ဘူး၊ အကုသိုလ်လည်းမဟုတ်ဘူး၊ အဗျာကတ တရားဖြစ်တယ်၊ အဗျာကတဆိုတာ လောဘ, ဒေါသ, မောဟနဲ့ မယှဉ်ဘူး၊ အလောဘ, အဒေါသ, အမောဟနဲ့သာ ယှဉ်တာ, ဒါကြောင့် အလောဘစသော ဟိတ်များနဲ့ မယှဉ်ဘူးလို့ဆိုတာ၊ ဒါပေမယ်လို့ အကုသိုလ်စိတ်ကြောင့်လည်းပဲ ရုပ်ကဖြစ်နိုင်သေးတယ်၊ အဲဒီတော့ အကုသိုလ်စိတ်ကြောင့် ဖြစ်တဲ့ရုပ်ဟာ အကုသိုလ်ဟိတ်နဲ့ယှဉ်လေသလားလို့ သံသယဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ သမညအားဖြင့် လောဘစသော ဟိတ်လို့ သုံးလိုက်တာက ပိုကောင်းတယ်၊ ဟိတ် ၆-ပါးလုံး ဆိုကြပါစို့၊ အဲသလို ရုပ် ၂၈ -ပါးဟာဟိတ်နဲ့ မယှဉ်ဘူး၊ ဒါဖြင့် ဟိတ်နဲ့ယှဉ်တဲ့ရုပ်ဟာ ဘယ်တော့မှ မရှိနိုင်ဘူးပေါ့။

နောက်တစ်ခုက သပ္ပစ္စယ၊ သပ္ပစ္စယဟာ အကြောင်းနဲ့တကွ ဖြစ်တယ်လို့ အဓိပ္ပါယ်ရှိတယ်၊ အကြောင်းနဲ့တကွဖြစ်တယ်ဆိုတာ အကြောင်းကြောင့်ဖြစ်တယ်လို့ ဆိုတယ်၊ အကြောင်းနဲ့အတူတူဖြစ်တယ် ပြောတာမဟုတ်ဘူး၊ အကြောင်းရှိတယ်ဆို တာဟာ သူ့ကို အကြောင်းတစ်ခုခုကဖြစ်စေတယ်လို့ ဆိုလိုတာ၊ အတူတူဖြစ်တယ် ဆိုလိုတာ မဟုတ်ဘူး။

ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းရှိသည်၊ မြန်မာလိုအဓိပ္ပါယ်က ကံစိတ်ဥတု အာဟာရဟူသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်သည်။

ရုပ်ဆိုတာ (နောက်တစ်ခန်းကျတော့ လာလိမ့်မယ်) ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်, ဥတုကြောင့်ဖြစ်တဲ့ရုပ်, အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊ ဒီလို ကံ, စိတ်, ဥတု အာဟာရဆိုတဲ့ အကြောင်းမရှိပဲနဲ့ ရုပ်ဟာဖြစ်ကိုမဖြစ်ဘူး၊ ဒါကြောင့် ကေန်အကြောင်းရှိတယ်လို့ ယူရတယ်, အကြောင်းကြောင့်ဖြစ်တယ်။

သာသဝချည်းပဲ အနာသဝမရှိဘူးဆိုတာ ဘာပြောတာလဲဆိုရင် အာသဝေါ တရားတို့ရဲ့ အာရုံဖြစ်တာချည်းပဲ၊ အာသဝေါတရားတို့ရဲ့ အာရုံမဖြစ်တဲ့ ရုပ်ရယ်လို့ မရှိဘူး၊ အာသဝေါတရားဆိုတာက ဘယ့်နှယ်တုန်း၊ ဘာတွေတုန်းဆိုတာ မသိသေး ပါဘူး၊ ဒါက သတ္တမပိုင်းကျမှ လာလိမ့်မယ်။

http://www.dhammadownload.com



လောဘရယ်, ဒိဋ္ဌိရယ်, မောဟရယ် ဒီ ၃-ပါးကို အာသဝလို့ခေါ်တယ်၊ ဒကာမကြီးတို့ အာသဝေါတရားဆိုတဲ့ စကား ခဏခဏကြားနေတာပဲမဟုတ်လား၊ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တယ်, အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာ နိဗ္ဗာန်ရောက်ရပါလို၏နဲ့ ရေစက်ချနေကြတာနော်။

အဲဒီတော့ အာသဝေါတရားဆိုတာ လောဘ, ဒိဋ္ဌိ, မောဟတို့ပဲဆိုလိုတယ်၊ လောဘ, ဒိဋ္ဌိ, မောဟကကုသိုလ်လား, အကုသိုလ်လားဆိုရင်အကုသိုလ်၊ အကုသိုလ်စိတ်ရဲ့ အာရုံက ဘာတွေလဲမှတ်မိလား၊ အာရမ္မဏသင်္ဂဟ ပြန်သွား လိုက်စမ်း၊ လောကီတရားအားလုံးပဲ၊ လောကီတရားအားလုံးထဲမှာ ရုပ်မပါဘူးလား၊ ပါတာပေါ့၊ ဒါကြောင့်မို့ ရုပ်မှန်ရင် လောဘရဲ့အာရုံဖြစ်တယ်၊ ဒိဋ္ဌိရဲ့အာရုံဖြစ်တယ်၊ မောဟရဲ့ အာရုံဖြစ်တာချည်းပဲ။

နောက်ဆုံး ရဟန္တာရဲ့ ရုပ်တောင်မှ လောဘရဲ့ အာရုံဖြစ်တယ်၊ သောရေယျ သူဌေးသားဟာ အဆင်းလှတဲ့ ရဟန္တာပြစ်မှားမိလို့ ယောကျ်ားကနေ ချက်ချင်း မိန်းမဖြစ်သွားတယ်၊ အဲဒါကြောင့်မို့ ဘုရားရဟန္တာတွေရဲ့ ရုပ်ဟာလည်း တခြား ပုဂ္ဂိုလ်တွေရဲ့ လောဘရဲ့အာရုံဖြစ်နိုင်တယ်၊ ဒေါသရဲ့ အာရုံဖြစ်နိုင်တယ်၊ ဘုရားကို စိတ်ဆိုးတယ်၊ ဒေါသရဲ့ အာရုံမဖြစ်ဘူးလား၊ တွေဝေတယ်ဆိုရင် မောဟရဲ့အာရုံ ဖြစ်နိုင်တယ်။

ဒါကြောင့်မို့ ရုပ်တရားဆိုတာ အမြဲတမ်း အာသဝရဲ့ အာရုံဖြစ်တာချည်းပဲ၊ အာသဝရဲ့ အာရုံမဖြစ်တဲ့ ရုပ်တရားရယ်လို့ မရှိဘူး။

အနာသဝဆိုရင်တော့ အာသဝေါတရားရဲ့ အာရုံမဟုတ်ဘူးလို့ဆိုလိုတယ်၊ သူကတော့ သာသဝ၊

သင်္ခတတဲ့၊ သင်္ခတတဲ့ အဓိပ္ပါယ်က ကံ စသောအကြောင်း တစ်ခုခုက ပြုစီမံ အပ်တယ်လို့ဆိုလိုတယ် (condition)အကြောင်းတစ်ခုခုက ထုတ်လုပ် အပ်တယ်, ပြုအပ်တယ်ပေါ့လေ၊ ဒါကို သင်္ခတလို့ခေါ်တယ်၊ ဒီစကားလုံးလည်း ဗုဒ္ဓဘာသာ လောကမှာ အများကြီးသုံးတယ်၊ သင်္ခတ, အသင်္ခတနဲ့။

သင်္ခတလို့ သုံးလိုက်ရင် ကံစတဲ့အကြောင်းတစ်ခုခုက ပြုလုပ်ထားတယ်၊ ကံစတဲ့အကြောင်းတစ်ခုခုက ဖြစ်တဲ့တရားဆိုလိုတယ်၊ ကံစသည်ကြောင့် မဖြစ်တဲ့ ရုပ်ရယ်လို့ရှိလား၊ မရှိဘူးပေါ့၊ ကံကြောင့်ဖြစ်မယ်၊ စိတ်ကြောင့်ဖြစ်မယ်၊ ဥတုကြောင့် ဖြစ်မယ်၊ အာဟာရကြောင့်ဖြစ်မယ်။

ဒါဖြင့် အသင်္ခတဖြစ်တဲ့ရုပ်လို့ မရှိနိုင်ဘူးပေါ့၊ နိဗ္ဗာန်ကို အသင်္ခတလို့ခေါ်တယ်

http://www.dhammadownload.com



မဟုတ်လား၊ နိဗ္ဗာန်ဟာ ဘယ်အကြောင်းကမှ ပြုလုပ်စီမံအပ်တာ မဟုတ်ဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်ဟာ ရုပ်မဟုတ်ဘူး။

လောကီယတဲ့၊ ဒါကတော့ လောကီစိတ်ဆိုတာ သိခဲ့ပြီ၊ လောကီတရားပဲ၊ သင်္ခါရလောကဥ္စ ပါဝင်တဲ့တရားမျိုးကို လောကီတရားလို့ခေါ်တယ်၊ အာရုံတွေခွဲတုန်းက လောကီအာရုံ လောကုတ္တရာအာရုံခွဲရင် လောကီအာရုံတွေထဲမှာ ဘာပါလဲ။

လောကီစိတ်–၈၁, စေတသိက်–၅၂, ရုပ်–၂၈၊ ဒါလောကီတရားပဲ၊ ဒါကြောင့်မို့ ရုပ်ဆိုတာ လောကီသာရှိတယ်၊ လောကုတ္တရာ ရုပ်ရယ်လို့မရှိဘူး။

ကာမာဝစရတဲ့၊ ကာမတဏှာ၏ ကျင်လည်ရာ (အာရုံပြုရာ)ဖြစ်သည်၊ ရူပတဏှာနဲ့ ရုပ်ကို မတပ်မက်ဘူး၊ အရူပတဏှာနဲ့ရုပ်ကို မတပ်မက်ဘူးတဲ့၊ ဒီရုပ် ၂၈–ပါးဟာ ကာမတဏှာရဲ့ ကျင်လည်ရာ, ကာမတဏှာရဲ့ အာရုံပြုရာဖြစ်တယ်တဲ့၊ ဒါကြောင့်မို့ သူ့ကို ကာမာဝစရတရားလို့ခေါ်တယ်။

ပက်ကိဏ်းပိုင်းတုန်းကဟာ ပြန်သတိရကြလား၊ စိတ် ၂၅–ပါးဟာ ကာမတရားကို အာရုံပြုတယ်လို့ ပြောခဲ့ပြီ၊ ကာမတရားကို အာရုံပြုတယ်ဆိုရင် ကာမစိတ်–၅၄၊ စေတသိက်–၅၂၊ ရုပ် ၂၈–ကို အာရုံပြုတယ်ဆိုတာပဲ။

အဲဒီတော့ ကာမာဝစရလို့ဆိုလိုက်ရင် ရုတ်တရက်ကျတော့ စိတ်လို့ပဲ ထင်နေတယ်၊ ကာမာဝစရဆိုတဲ့ တရားထဲမှာ ရုပ်လည်းပါတယ်၊ ဒါကြောင့်မို့ ပက်ကိဏ်းပိုင်းတုန်းက အာရုံပြုတဲ့ အပိုင်းမှာ ကာမအာရုံပြုတဲ့တရားတွေ ဘယ်ဟာ တွေလဲ လျှောက်ကြည့်လိုက်ရင် ၂၅–ပါးတွေ့လိမ့်မယ်၊ အဲဒီတော့ ၁၀ ရယ်, ၃ ရယ်, ၁၂–ရယ်, အာရမ္မဏသင်္ဂဟထဲမှာ ဒွေးပဥ္စဝိညာဏ် ၁၀ ရယ်၊ မနောဓာတ် ၃–ခုရယ်၊ ကာမာဝစရဝိပါက်စိတ် ၈–ခုရယ်၊ ၁၀ + ၃+ ၈ = ၂၁ အဲဒီ ၂၅–ပါးသော စိတ်တို့က ကာမာဝစရတရားကို အာရုံပြုတယ်။

ဒါကြောင့်မို့ ရုပ်ဆိုရင် ကာမတဏှာရဲ့ အာရုံဖြစ်တဲ့ဟာချည်းပဲ၊ ကာမတဏှာရဲ့ အာရုံမဟုတ်တာ၊ ကာမတဏှာရဲ့ ကျင်လည်ရာ မဟုတ်တာရယ်လို့မရှိ၊ ကာမာဝစရ ချည်းပဲ။

အနာရမ္မဏဆိုတာ ဘာလဲဆိုရင် အာရုံကို မယူတတ်ဘူးတဲ့၊ စိတ်က အာရုံကို ယူတတ်တယ်၊ ရုပ်က အာရုံကို မယူတတ်ဘူးတဲ့၊ ဒါကြောင့်မို့ ရုပ်ကို အနာရမ္မဏတရားတဲ့, သစ်ပင်က တခြားတစ်ခုခု အာရုံမပြုနိုင်သလိုပေါ့၊ ရုပ်ဆိုတာက သူတို့ကိုယ်တိုင်က အာရုံဖြစ်တယ်၊ ဒါကြောင့်မို့ သူက သူများကို အာရုံအဖြစ်နဲ့ မယူနိုင်ဘူးတဲ့ သိတဲ့ (cognition) မှမရှိပဲ၊ (cognition) ရှိမှ အာရုံယူလို့ရတာ၊

http://www.dhammadownload.com



ဒါကြောင့် အနာရမ္မဏဆိုတာ စိတ်, စေတသိက်တို့ကဲ့သို့ အာရုံကို ယူတတ်သည် မဟုတ် အာရုံကို မယူတတ်တဲ့တရားပါ။

အပ္ပဟာတဗ္ဗတဲ့၊ အကုသိုလ်ကိလေသာကဲ့သို့ ပယ်လို့ရသည် မဟုတ်တဲ့, အကုသိုလ်တွေကျတော့ မဂ်နဲ့ပယ်လို့မရဘူးလား၊ မဂ်နဲ့တောင်မဟုတ်ဘူး၊ ကာမာဝစရ ကုသိုလ်နဲ့လည်း တစ်ဒင်္ဂပယ်လို့ရတယ်၊ မဟဂ္ဂုတ်ကုသိုလ်နဲ့ ဝိက္ခမ္ဘန လို့ခေါ်တဲ့ တော်တော်ကြာကြာပယ်လို့ရတယ်၊ မဂ်ကုသိုလ်နဲ့ အကုန်လုံး ပယ်လို့ ရတယ်။

အဲဒီလို အကုသိုလ်တွေကို ပယ်လို့ရသလို ရုပ်ကို ပယ်လို့မရဘူး၊ ဒါကြောင့် ရုပ်ဟာ အပ္ပဟာတဗ္ဗ၊ ပယ်လို့မရဘူး၊ ပဟာတဗ္ဗဆိုရင် ပယ်လို့ရတယ်၊ အပ္ပဟာ တဗ္ဗဆိုတော့ ပယ်လို့မရဘူး။

အဲဒီလိုအနေနဲ့ပြောမယ်ဆိုရင် ရုပ်ဟာတစ်မျိုးထဲရှိတယ်၊ အဟေတုက သို့မဟုတ် သပ္ပစ္စယ, သို့မဟုတ် သာဝသ-----စသည်ဖြင့်သွား၊ တချို့ရုပ်က အဟေတုက၊ တချို့ရုပ်က သဟေတုက, ဒီလိုမရှိဘူးပေါ့၊ ရုပ်မှန်ရင် အဟေတုက ချည်းပဲ စသည်ဖြင့် သွား၊ ဒီနည်းနဲ့ ပြောမယ်ဆိုရင် ရုပ်ဟာ တစ်မျိုးထဲသာရှိတယ်။

အဲဒီတစ်မျိုးထဲသောရုပ်ဟာ တခြားနည်းအားဖြင့် ကြည့်မယ်ဆိုရင် ၂-မျိုး ဖြစ်နိုင်တယ်၊ ၃-မျိုးဖြစ်နိုင်ဟယ် စသည်ဖြင့် သွားတယ်၊ အဲဒီမှာ ၂-မျိုးတွေ များပါတယ်၊ ဘာတဲ့တုန်း။

အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ်အနေနဲ့ ပြောမယ်ဆိုရင် ၂-မျိုးဖြစ်နိုင်တယ်၊ ဝတ္ထုရုပ်, အဝတ္ထုရုပ်အနေနဲ့ပြောမယ်ဆိုရင် ၂-မျိုးဖြစ်နိုင်တယ်၊ ဒွါရရုပ်, အဒွါရရုပ် စသည်ဖြင့်ဆိုရင် ၂-မျိုးဖြစ်နိုင်တယ်။

ကောင်းပြီ, အဇ္ဈတ္တိကရုပ်ဆိုတာ ဘာကိုဆိုတာတုန်း၊ အတွင်းကျတဲ့ရုပ်လို့ ဆိုလိုတယ်၊ အတွင်းကျဟာယ်ဆိုတာ ခန္ဓာကိုယ်ထဲ ဝင်နေတာလို့ဆိုလိုတာ မဟုတ်ဘူး၊ ခန္ဓာကိုယ်အတွက် တကယ်ကျေးဇူးများတာကိုပဲ အတွင်းကျတယ်လို့ သုံးတယ်၊ ခန္ဓာကိုယ်အတွက် အလွန်ကြီး ကျေးဇူးမများဘူးဆိုရင် အပြင်အပဖြစ်တဲ့ ရုပ်လို့ ဒီလိုဆိုလိုတယ်။

အတွင်းကျတဲ့ ရုပ်တွေဆိုတာ ဘယ်ရုပ်တွေတုန်းဆိုရင် ပသာဒရုပ် ၅-ပါး, လူအနေနဲ့မျက်စိမရှိရင် ဘယ့်နှယ်နေတုန်း၊ နားမရှိရင်, နှာခေါင်းမရှိရင် ဘယ့်နှယ် တုန်း၊ အဲဒီတော့ သူတို့က တကယ့်ကို သတ္တဝါတွေအတွက် ကျေးဇူးများတဲ့ ရုပ်တွေ၊ သူတို့မရှိရင် function မလုပ်နိုင်ဘူးပေါ့၊ ဒါကြောင့်မို့ သူတို့ကို အဇ္ဈတ္တိကရုပ်၊ အတွင်းကျတဲ့ရုပ်တွေပေါ့။

http://www.dhammadownload.com



ကြွင်းတဲ့ရုပ် ၂၃-ပါးကတော့ ဒီလိုအတွင်းကျတာမဟုတ်တဲ့ အတွက်ကြောင့် ဗာဟိရ (external) အပြင် အပရုပ်။

နောက်တစ်နည်းကတော့ ဝတ္ထုရုပ်, အဝတ္ထုရုပ်၊ မှီရာဖြစ်တဲ့ရုပ်ကို ဝတ္ထုရုပ်, မှီရာမဟုတ်တဲ့ရုပ်ကို အဝတ္ထုရုပ်တဲ့။

မှီရာဖြစ်တဲ့ရုပ်ဆိုရင် ပသာဒရုပ် ၅-ပါးရယ်, ဟဒယရုပ်တစ်ခုရယ်ပေါ့၊ ဝတ္ထုရုပ် ၆-ပါးတွေ့ခဲ့ပြီမဟုတ်လား၊ ကျန်တဲ့ရုပ် ၂၂-ပါးက မှီရာမဟုတ်တဲ့ရုပ်တွေ၊ စိတ်ရဲ့မှီရာမဟုတ်ကြဘူး။

ဒွါရရုပ်, အဒွါရရုပ်, ဒွါရဖြစ်တဲ့ရုပ်ကို ဒွါရရုပ်၊ ဒွါရမဖြစ်နိုင်တဲ့ရုပ်ကို အဒွါရရုပ်၊ ဒွါရသင်္ဂဟတုန်းက ၆-ပါးတွေ့ခဲ့တယ်မဟုတ်လား၊ ဒါပေမယ့် မနော ဒွါရ ဆိုတာက ရုပ်မဟုတ်ဘူး နာမ်၊ ဒါကြောင့်မို့ ပသာဒရုပ် ၅-ပါးကို ဒွါရရုပ်လို့ ခေါ်မယ်၊ ဝိညတ် ၂-ပါးကိုလည်း ဒွါရရုပ်လို့ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့က ကံဖြစ်ကြောင်း (ဘုံပိုင်းပြန်ကြည့်ရင် တွေ့လိမ့်မယ်) ကာယဝိညတ်လို့ ခေါ်တဲ့ ကာယဒွါရမှာ ဖြစ်တာကြောင့် ကာယကံ၊ ဝစီဝိညတ်ခေါ်တဲ့ ဝစီဒွါရမှာ ဖြစ်တာကြောင့် ဝစီကံလို့ ဟိုတုန်းကသုံးခဲ့တယ်၊ ဒါကြောင့်မို့ ဝိညတ်၂-ပါး ဖြစ်တဲ့ ကာယဝိညတ် ဝစီဝိညတ် ၂-ပါးကိုလည်းဒွါရရုပ်လို့ခေါ်ရတယ်။

သူ့ကျတော့ ဘာရဲ့အကြောင်းလဲ၊ ဘာနဲ့ တံခါးဝဖြစ်တဲ့ရုပ်လဲဆိုရင် ကံ (ကာယကံ, ဝစီကံ)ရဲ့ အကြောင်း ဒွါရဖြစ်တဲ့ရုပ်၊ တခြားပသာဒရုပ် ၅-ပါး ကတော့ ဥပါပတ္တိဒွါရလို့ခေါ်တယ်၊ စိတ်ဖြစ်ကြောင်းပေါ့လေ၊ စိတ်ဖြစ်ဖို့ရန် တံခါးဝတွေ။

ဒါကြောင့်မို့ ဒွါရရုပ်လို့ဆိုရင် ပသာဒရုပ် ၅-ပါးနဲ့ ဝိညတ်ရုပ် ၂-ပါး၊ ၇-ခု၊ ကျန်တဲ့ ၂၁-ပါးက ဒွါရရုပ်မဟုတ်တဲ့ အဒွါရရုပ်။

ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်၊ ဣန္ဒြိယဆိုတာ အစိုးရတဲ့ရုပ်၊ လူတွေက ဣန္ဒြေ ဆိုရင် ရှုတည်တည်ကြီးနေတာကို ဣန္ဒြေလို့ထင်တယ်၊ ဣန္ဒြေလုပ်တယ်လို့ ပြောတယ်၊ ဒီနေရာမှာ ဣန္ဒြေဆိုတာ (technical term) အစိုးရတဲ့ ရုပ်ကို ဣန္ဒြေလို့ခေါ်တယ်။

ကိုင်း, စက္ခုပသာဒက မြင်ခြင်းမှာ အစိုးမရဘူးလား၊ စက္ခုသာဒပျက်နေရင် မမြင်ဘူးပေါ့၊ သောတပသာဒပျက်နေရင် မကြားဘူး စသည်ဖြင့်ပေါ့၊ ဒါကြောင့် ထိုထိုဆိုင်ရာကိစ္စတွေမှာ အစိုးရတဲ့ရုပ်တွေကို ဣန္ဒြိယရုပ်လို့ခေါ်တယ်။

ဘာဝရုပ် ၂-ပါးကတော့ မိန်းမအဖြစ် ယောကျ်ားအဖြစ်ဆိုတာ သူက

http://www.dhammadownload.com



လွှမ်းမိုး အုပ်ချုပ်ထားတဲ့အတွက်ကြောင့် မိန်းမကျတော့ မိန်းမအလိုက် အမူအရာဟာ တစ်မျိုးဖြစ်သွားတယ်၊ ယောကျ်ားကျတော့ ယောကျ်ားအမူအရာ ပြောပုံဆိုပုံ, သွားပုံလာပုံ ကစားပုံဟာ မတူကြဘူးဟုတ်လား။

ဘယ်လောက်ပဲ ဘာပြောနေနေ, ဒီနိုင်ငံ(အမေရိကန်)မှာ မိန်းမတွေဟာ ယောကျ်ားတွေနဲ့ တန်းတူတို့ ဘာလုပ်နေနေ, တကယ်ကတော့ မတူဘူးပဲ၊ biologically မတူဘူး၊ ဒါကို ဒီနိုင်ငံ ဒကာမတွေက အဲဒါကို ဖယ်ထားပြီး ဘာဖြစ်ဖြစ် အတူတူချည်း လုပ်ချင်တယ်၊ နေရာတကာမှာ မဖြစ်နိုင်ဘူးလေ။

ဆိုပါတော့, အခွင့်အရေး တန်းတူဆိုတာတော့ ဟုတ်နိုင်တယ်၊ ပညာအတူတူ တတ်တယ်၊ အလုပ်အတူတူလုပ်တယ်၊ လခတန်းတူရဖို့ဘာတို့ဆိုတာ ဒါတွေကတော့ ဟုတ်ပါတယ်၊ ဒါပေမယ်လို့ တချို့နေရာတွေမှာ မိန်းမတွေအနေနဲ့ တကယ်မတတ်နိုင်ဘူး၊ အဲသလို နေရာမျိုးတွေလည်း ရှိတယ်၊ အဲဒီတော့ မိန်းမတစ်ထောင်, တစ်သောင်းမှာ တစ်ယောက်က ယောကျ်ားလို ထလုပ်တာမျိုးကို အကြောင်းပြလို့ မရဘူး။

ဆိုပါတော့, မိန်းမတွေ ထရပ်ကားမောင်းနေတာလဲရှိတာပဲ၊ မိန်းမတွေ နပမ်း သတ်နေတာလည်းရှိတာပဲ၊ ပြောတော့ ပြောနိုင်တယ်၊ ဒါပေမယ့် ဒါဟာ တစ်ထောင်တစ်ယောက်မရှိဘူး၊ တစ်သောင်းတစ်ယောက်မရှိဘူး၊ ဒါဟာ exception တွေပဲ။

တစ်ခါတုန်းက တီဗွီမှာရုပ်ရှင်တစ်ခုပြဖူးတယ်၊ အစအဆုံးကြည့်တာ မဟုတ်တော့ ရုပ်ရှင်နာမည်လည်း မသိဘူး၊ လေယာဉ်ပျံနဲ့သွားတဲ့အခါမှာ လေယာဉ်ပျံ မောင်းတဲ့သူတွေ ဘာကြောင့်မှန်းမသိဘူး၊ သေကုန်ကြတယ်၊ သေနေတော့ လေယာဉ် မောင်းခန်းဝင်ပြီး လုပ်ရတယ်ဆိုတော့ အောက်က controller တွေက မြေကြီးပေါ်က နေပြီး သူ့ကို ဘာလုပ်ညာလုပ်လိုက်နဲ့ လှမ်းလှမ်းပြောတယ်၊ သူကလည်း ပြောသလို ဟိုဟာလေးလုပ်၊ ဒီဟာလေးလုပ်နဲ့ အချိုးကျကျကလည်း မလုပ်နိုင်တော့ တစ်ခါတလေ လွဲချော်သိုက်နဲ့ပေါ့၊ အဲဒီအခါမှာ ဒီမိန်းမဟာ ငိုနေတယ်၊ ငိုလျက်ကြီးနဲ့ လုပ်နေ တယ်ပေါ့။

အဲဒါကို ဦးဇင်းက အမေရိကန် တပည့်တွေကို ပြောပြတယ်၊ ငါ ရုပ်ရှင် ကြည့်တော့ အဲသလိုတွေ့တယ်၊ အဲဒီတော့ ငါစဉ်းစားမိတယ်၊ ယောကျ်ားသာဆိုရင် ဒီလိုငိုနေမှာမဟုတ်ဘူးကွလို့ ပြောရတယ်။

**ပရိသတ်တစ်ဦး** – ချန်းကပြောတယ်, မိန်းမကို ချန်ပီယံလို့ပြောတယ်၊ ယောကျ်ားကို

http://www.dhammadownload.com



ယှဉ်လို့မရဘူးဆိုတာ သူသိတယ်၊ ဒို့ကနံပတ် ၁၀၀–ကို မပြောနဲ့တဲ့၊ ယောကျ်ားအဆင့် ၁–ကနေပြီး ၁၀၀–နိုင်ဖို့မပြောနဲ့, ကောလိပ်ကချန်ပီယံကိုယောင် နိုင်ဖို့မလွယ်ပါဘူးတဲ့, (မိန်းမချန်ပီယံချင်း)

**ဆရာတော်** – ဟုတ်တာပေါ့၊ မတူနိုင်တာကိုတော့ လက်ခံနိုင်ဖို့ကောင်းတယ်ပေါ့၊ ပညာရေးကျတော့ ဟုတ်တယ်လေ၊ မိန်းမကတောင် ယောကျ်ားထက်သာချင်သာဦးမယ်၊ သာကိုသာဦးမယ် မဟုတ်ဘူး၊ သာနေတဲ့မိန်းမတွေအများကြီး ရှိတာပဲ၊ ကျောင်းခန်းထဲမှာ မိန်းမကလေးက ယောကျ်ားလေးထက် သာတာပဲ၊ အဲသလို ဦးဇင်းကပြောတော့ တပည့်တစ်ယောက်က ပြောတယ်။

အရှင်ဘုရား အဲဒီနေရာ လေယာဉ်ပျံမှာ ယောကျ်ားသာဆိုရင် ဘာလုပ်နေမလဲ သိလားတဲ့၊ မသိဘူးကွာဆိုတော့ ဆဲနေမှာပေါ့တဲ့၊ ဒါလည်းဟုတ်တာပဲ၊ နောက်တော့လဲ လေယာဉ်ပျံက ကောင်းကောင်းမွန်မွန်ဆင်းနိုင်သွားတာပေါ့လေ၊ ဓာတ်ကားနာမည် ဘာမှန်း မသိလိုက်ဘူး၊ ယောကျ်ားမိန်းမ မတူနိုင်ဘူးပေါ့လေ။

တရားထူးဖို့ရာ, ကမ္မဋ္ဌာန်း အားထုတ်တဲ့နေရာကျတော့ ဘာမှမဆိုင်ဘူး၊ ယောကျ်ားမို့ပိုပြီး ဖြစ်ရမယ်၊ မိန်းမမို့ မဖြစ်ရဘူးဆိုတာ ရှိကို မရှိဘူး၊ အဲဒါကျတော့ မိန်းမလည်းသာချင်သာမှာပဲ၊ ယောကျ်ားလည်း သာချင်သာမှာပဲ။

ကောင်းပြီ၊ ဇီဝိတတဲ့၊ ဇီဝိတဆိုတာ ဖြစ်ဘက်ရုပ်တရားတွေကို မပုပ်မသိုးအောင် စောင့်ရှောက်တဲ့နေရာမှာ သူပြဋ္ဌာန်းတယ်၊ သူအစိုးရတယ်၊ ဒါကြောင့် သူ့ကိုလဲ ဣန္ဒြိယရုပ်လို့ခေါ်တယ်၊ ဒါဖြင့် ဣန္ဒြိယရုပ် ဘယ်နှစ်ခုရှိလဲ၊ ပသာဒရုပ်–၅, ဘာဝရုပ် ၂, ဇီဝိတရုပ် ၁, ၅ ရယ်, ၂ ရယ်, ၁ ရယ် ပေါင်းတော့ ၈–ခု, ဣန္ဒြိယရုပ် ၈–ပါး, ဣန္ဒြိယရုပ်မဟုတ်တဲ့ အနိန္ဒြိယ ၂၀–ပေါ့။

ဩဠာရိကရုပ်, ကြမ်းတဲ့ရုပ်လို့ခေါ်တယ်၊ ကြမ်းတယ်ဆိုတာ ဒီနေရာမှာ တကယ့်ကို ကြမ်းကြမ်းတမ်းတမ်းကြီးကို ကြမ်းတယ်လို့ ဆိုလိုတာမဟုတ်ဘူး၊ မြင်လွယ်တာ၊ တရားရှုလိုက်တဲ့အခါမှာတို့ ဘာတို့မှာ မြင်လွယ်တဲ့ရုပ်ကို ဩဠာရိကရုပ်လို့ ခေါ်တာ၊ တကယ်ကြမ်းကြမ်းတမ်းတမ်းကြီးကို ဆိုလိုတာမဟုတ်ဘူး။

ပသာဒရုပ် ၅–ပါးဆိုတော့ သိလွယ်တယ်, မြင်လွယ်တယ်, ဝိသယရုပ် ၇–ပါးတို့ရူပါရုံ, သဒ္ဒါရုံ စသည်ကျတော့ မြင်လွယ်တယ်၊ သိလွယ်တယ်၊ အဲဒီလို ဉာဏ်မှာ သိလွယ်မြင်လွယ်တဲ့ တရားမျိုးကို ရုပ်ကြမ်းလို့ခေါ်တယ်။

အဲသလို ဉာဏ်မှာသိလွယ်မြင်လွယ် မဟုတ်တဲ့ ရုပ်တွေကို သုခုမရုပ်လို့ ခေါ်တယ်၊ သုခုမဆိုတာ သိမ်မွေ့တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။

http://www.dhammadownload.com



ဩဠာရိကရုပ် ဘယ်နှစ်ခုရှိလဲ, ပသာဒ ၅ + ဝိသယ ၇ = ၁၂ ရုပ်ရှိတယ်၊ ဩဠာရိကရုပ် ၁၂–ရုပ်ရှိတဲ့အတွက်ကြောင့် ကျန်တဲ့ သုခုမရုပ် ၁၆–ရုပ်ရှိတယ်၊ သုခုမရုပ် ၁၆–ပါး၊ ဩဠာရိကရုပ် ၁၂–ပါး။

သန္တိကေရုပ်, ဒူရေရုပ်တဲ့၊ သန္တိကေရုပ်ဆိုတာ နီးတဲ့ရုပ်၊ ဒူရေဆိုတာ ဝေးတဲ့ရုပ်၊ ဒီနေရာမှာ နီးတယ်ဆိုတာ ခုနပြောသလိုပဲ မြင်လွယ် သိလွယ်တာကို နီးတယ်လို့ သုံးတယ်၊ နီးရင် လွယ်တဲ့သဘောရှိတာပေါ့၊ ဝေးရင် မြင်ခဲတယ်၊ သိခဲတယ်။

ဒါကြောင့်မို့ သန္တိကေရုပ်လို့ဆိုတာနဲ့ ဩဠာရိကရုပ်နဲ့ အတူတူပဲ၊ ဒူရေရုပ်နဲ့ သုခုမရုပ်နဲ့ အတူတူပဲ၊ နောင်အခါကျရင်တော့ဩဠာရိကနဲ့ သုခုမကိုပဲ များများ သုံးလိမ့်မယ်၊ သန္တိကေရုပ်, ဒူရေရုပ်ဆိုတဲ့ စကားလုံးတွေ သုံးမှာမဟုတ်ဘူး၊ ဩဠာရိကနဲ့ သုခုမကတော့ အဘိဓမ္မာ မာတိကာတို့ဘာတို့မှာ အများကြီးသုံးတယ်။

သပ္ပဋိဃရုပ်နဲ့ အပ္ပဋိဃရုပ်တဲ့၊ သပ္ပဋိဃဆိုတာ ထိခိုက်မှုရှိတဲ့ရုပ်၊ အပ္ပဋိဃဆိုတာ ထိခိုက်မှုမရှိတဲ့ရုပ်၊ ဒါမှာလည်းပဲ ဩဠာရိက, သုခုမနဲ့အတူတူပဲ၊ ထိခိုက်တယ်ဆိုတာ တကယ်လာပြီး ထိခိုက်တာမဟုတ်ဘူးပေါ့၊ အာရုံနဲ့ပသာဒနဲ့ထိတွေ့တာ ဆုံစည်းမိတာမျိုးကို ထိခိုက်တဲ့သဘောရှိတယ်လို့ ဆိုရတယ်၊ သုခုမရုပ်ဖြစ်တာတွေကျတော့ မျက်လုံးနဲ့ကြည့်လို့ရတာတွေမှ မဟုတ်ပဲ၊ ရူပါရုံနဲ့ စက္ခုပသာဒကျတော့ တွေ့လို့ရတယ်၊ ဆုံလို့ရတယ်၊ တခြားရုပ်တွေကျတော့ မျက်စိနဲ့ မြင်နိုင်တာ မဟုတ်ဘူး၊ စက္ခုဝိညာဏ်စိတ်နဲ့ မြင်နိုင်တာမဟုတ်ဘူး၊ ဒါကြောင့်မို့ သူတို့ကျတော့ ထိခိုက်မှုမရှိဘူးလို့ ဒီလိုဆိုရတယ်၊ အပ္ပဋိဃရုပ်တဲ့။

နောက်တစ်ခုကတော့ ဥပါဒိန္နရုပ်တဲ့၊ ကံ၏အကျိုးဖြစ်တဲ့ရုပ်, ကံကြောင့်ဖြစ်တဲ့ရုပ်, အဲဒါက ကမ္မဇရုပ် ၁၈–ပါး၊ အဲဒါမသိချင်နဲ့အုံး၊ နောက်တစ်ခန်းကျမှ သိလိမ့်မယ်။

ကမ္မဇရုပ် ၁၈–ပါးရှိတယ်တဲ့၊ ကံကြောင့်ဖြစ်တဲ့ရုပ်၊ အနုပါဒိန္နရုပ်ဆိုတာ ကံရဲ့အကျိုးမဟုတ်တဲ့ရုပ်၊ ကံကြောင့်မဖြစ်တဲ့ရုပ်၊ ဒါကို တိဇရုပ်လို့ခေါ်တယ်၊ တိဆိုတာ ၃–ခုပေါ့ ကံမှတစ်ပါးဖြစ်တဲ့အကြောင်း ၃–ခုပေါ့၊ စိတ်, ဥတု, အာဟာရ အဲဒီအကြောင်း ၃–မျိုးကြောင့်ဖြစ်တာကို စာပေကျမ်းဂန်မှာ တိဇရုပ်ခေါ်တယ်၊ ဇဆိုတာ ဖြစ်တာ, တိက ၃၊ အကြောင်း ၃–ခုကြောင့်ဖြစ်တာ၊ ကမ္မဇဆိုတာ ကံကြောင့်ဖြစ်တာ၊ အဲဒီကံကြောင့်ဖြစ်တဲ့ရုပ်ကို ဥပါဒိန္နရုပ်, ကံကြောင့်မဖြစ်တဲ့ရုပ်ကို အနုပါဒိန္နရုပ်လို့ ဒီလိုခေါ်တယ်။

http://www.dhammadownload.com



ဒါက အဘိဓမ္မာမှာ တိတိကျကျ သုံးလာပြီဆိုရင် ဒီလိုခေါ်တယ်၊ တချို့နေရာတွေမှာတော့ သက်ရှိသတ္တဝါ, သက်ရှိရုပ်ကို ဥပါဒိန္နလို့ ဒီလိုသုံးတဲ့ နေရာတွေလည်းရှိတယ်၊ အဲဒီနေရာတွေကျတော့ ကံကြောင့်ဖြစ်တဲ့ရုပ်ကို မဆိုလိုတော့ဘူး၊ သက်ရှိကို ဥပါဒိန္န သက်မဲ့ကို အနုပါဒိန္နလို့ ဒီလိုသုံးတဲ့နေရာတွေလည်းရှိတယ်၊ ဒါတော့ အဘိဓမ္မာနည်းနဲ့ သုံးတာမဟုတ်ဘူး၊ သုတ္တန်နည်းပေါ့။

သနိဒဿနရုပ်တဲ့၊ ဒါက မြင်ကောင်းတဲ့ရုပ်ပေါ့၊ မမြင်ကောင်းတဲ့ရုပ်ကို အနိဒဿနရုပ်တဲ့၊ ရုပ် ၂၈–ပါးထဲမှာ မျက်လုံးနဲ့ မြင်နိုင်တာဆိုလို ရူပါရုံ တစ်ခုပဲရှိတယ်၊ တခြားရုပ်တွေက မျက်စိနဲ့မမြင်နိုင်ဘူး၊ စိတ်နဲ့သာမြင်နိုင်တာ၊ ဒါကြောင့်မို့ မြင်မြင်သမျှတွေဟာ ရူပါရုံတွေချည်းပဲ၊ ဟိုက ရူပါရုံတစ်မျိုး၊ ဒီက ရူပါရုံတစ်မျိုးနဲ့ ရူပါရုံ အမျိုးမျိုးကို မြင်နိုင်တာ။

သဒ္ဒါရုံဆိုတဲ့ အသံကို မြင်လို့မရဘူး၊ အနံ့ကို မြင်လို့ မရဘူး စသည်ဖြင့်ပေါ့, ဒါကြောင့်မို့ ရုပ် ၂၈–ပါးမှာ မြင်နိုင်တာဟာ တစ်ခုပဲရှိတယ်။

ဂေါစရဂ္ဂါဟကရုပ်၊ အာရုံကို ယူတတ်သောရုပ်၊ ပသာဒရုပ် ၅–ပါးတဲ့၊ အဂေါစရဂ္ဂါဟကရုပ်၊ အာရုံကို မယူတတ်သောရုပ်၊ ကြွင်းတဲ့ရုပ် ၂၃–ပါး။

ဒီနေရာမှာ မေးစရာရှိတယ်၊ ခုန အနာရမ္မဏတုန်းက ဘယ်နှယ်ပြောခဲ့တုန်း၊ ရုပ်အားလုံးဟာ အာရုံမယူတတ်ဘူးလို့ ပြောခဲ့တယ်၊ ဒီကျတော့ ပသာဒရုပ် ၅–ပါးက အာရုံယူတတ်တဲ့ရုပ်တဲ့၊ ကျန်တဲ့ ၂၃–ပါးက အာရုံမယူတတ်တဲ့ရုပ်လို့ ဆိုပြန်တယ်၊ ဒါက ဘာသဘောလဲ။

ဒါက တင်စားပြီးတော့သုံးတာ၊ ဥပစာလို့ခေါ်တယ်၊ အမှန်ကတော့ ဒီရုပ်တွေက အာရုံကိုယူတတ်တာမဟုတ်ဘူး၊ ဒီရုပ်တွေကို အမှီပြုပြီးဖြစ်တဲ့စိတ်တွေက အာရုံယူတာကိုပဲ ဒီရုပ်တွေက အာရုံယူတယ်လို့ ဒီလိုတင်စားပြီးတော့ သုံးတာ။

ပသာဒရုပ် ၅–ပါးဆိုတော့ စက္ခုဝိညာဏ်က စက္ခုပသာဒကို မမှီဘူးလား၊ အဲဒီ စက္ခုဝိညာဏ်က ရူပါရုံကို မယူဘူးလား၊ အဲဒီလို သူတို့ကို အမှီပြုပြီး ဖြစ်တဲ့ ဝိညာဏ်တွေက အာရုံကိုယူတတ်တဲ့အတွက်ကြောင့် သူတို့ကို အာရုံယူတတ်တဲ့ရုပ်, ပါဠိလို ဂေါစရဂ္ဂါဟကရုပ်လို့ဒီလိုခေါ်တယ်၊ တကယ်ကတော့ သူတို့မှာ အာရုံယူနိုင်တဲ့ အစွမ်းသတ္တိမရှိဘူး။

အဂေါစရဂ္ဂါဟကရုပ်ဆိုတာက အာရုံကိုမယူတတ်တဲ့ရုပ်၊ ဒါကတော့ ကြွင်းတဲ့ရုပ် ၂၃–ပါးတဲ့၊ အဲဒီမှာလည်းပဲ စက္ခုနဲ့သောတက မိမိထံသို့ မရောက်မထိသေးတဲ့ အာရုံကိုယူတယ်တဲ့၊ ဃာန, ဇိဝှါ, ကာယတို့ကတော့ မိမိဆီရောက်ထိမှ,

http://www.dhammadownload.com



မိမိနဲ့ လာပြီး အာရုံကထိမှပဲအာရုံကို ယူနိုင်တယ်တဲ့၊ အဲသလို ၂–မျိုးခွဲသေးတယ်တဲ့၊ အဲဒါအသာလေးထားခဲ့ဦး၊ ရှေ့သွားကြစို့။

အဝိနိဗ္ဘောဂရုပ်၊ တစ်ခုစီ ခွဲ၍မရတဲ့ရုပ်၊ ဘယ်တော့မှ မခွဲနိုင်ပဲ, ဒီရုပ် ၈–ပါးက အမြဲတမ်းတွဲနေတော့တယ်တဲ့၊ ဉာဏ်နဲ့တော့ခွဲလို့ ရမယ်ပေါ့၊ lab ထဲမှာ သွားပြီး ခွဲတာမျိုးလို ခွဲဖို့ ဘယ်လိုမှ မရနိုင်တဲ့ရုပ်၊ အဲဒီရုပ်ဟာ ၈–မျိုးရှိတယ်။

ဒါကြောင့်မို့ ရုပ်ကို ဘယ်လောက်သေးအောင်စိပ်, စိပ်၊ အဲဒီအသေးဆုံး sub-atomic particle အဲဒီထဲမှာ ဒီရုပ် ၈–မျိုးရှိတယ်လို့ ဦးဇင်းတို့ကပြောတယ်။ အဲဒီ ၈–မျိုးက ရူပ, ဂန္ဓ, ရသ, အာဟာရ (ဩဇာ) မဟာဘုတ် ၄ပါး၊ ဒီရုပ် ၈–မျိုးကို အဝိနိဗ္ဘောဂရုပ်လို့ ဒီလိုခေါ်တယ်၊ နောင်အခါကလာပ်စည်းတွေ လေ့လာတဲ့ အခါကျတော့ အဋ္ဌကလာပ်ရုပ် ၈–ပါးလို့ ဒီလိုသူ့ကိုခေါ်လိမ့်မယ်၊ ခွဲလို့မရဘူး။

ကြွင်းတဲ့ရုပ်တွေကတော့ ခွဲလို့ရတဲ့အတွက်ကြောင့် ဝိနိဗ္ဘောဂရုပ်၊ ဝိနိဗ္ဘောဂဆိုတာ ခွဲခြားလို့ရတယ်၊ အဝိနိဗ္ဘောဂဆိုတာ ခွဲခြားလို့မရဘူး၊ ခွဲခြားလို့မရတဲ့ ရုပ်က ၈–မျိုး၊ ခွဲခြားလို့ရတဲ့ရုပ်က –၂၀။

ခွဲခြားလို့မရတဲ့ ရုပ် ၈–မျိုးဟာ နောင်အခါမှာ ကလာပ်စည်းလုပ်တဲ့အခါမှ basic ဖြစ်လိမ့်မယ်၊ သူ့အပေါ်အခြေခံပြီးတော့ နောက်ထပ် တစ်ခုတိုးလိုက်, နှစ်ခုတိုးလိုက်စသည်ဖြင့် လုပ်ပြီးတော့ ကလာပ်အမျိုးမျိုး ဖြစ်လိမ့်မယ်၊ ၈–ခုပေါင်းကလာပ်၊ ၉–ခုပေါင်းကလာပ်၊ ၁၀–ခုပေါင်းကလာပ်စသည်ဖြင့် လုပ်လိမ့်မယ်။

**မေး** – အရှင်ဘုရား, တစ်ခုစီခွဲမရဘူးဆိုတာ ဘာကိုဆိုလိုတာလဲ၊

**ဖြေ** – lab ထဲမှာ ခွဲတာမျိုးလို မရတာ၊ ဉာဏ်နဲ့တော့ ခွဲလို့ရတာပေါ့၊ ဉာဏ်ထဲမှာတော့ ရူပါရုံပဲ, ဂန္ဓာရုံပဲလို့ ခွဲလို့ရတယ်၊ ဒါပေမယ်လို့ ရုပ်မှုံလေး တစ်ခုထဲမှာ ဒီ ၈–ခုက အမြဲတမ်းတွဲတွဲနေတော့ ရူပါရုံတစ်ခုထဲခွဲထုတ်မယ် ဂန္ဓာရုံတစ်ခုထဲ ခွဲထုတ်မယ်လို့ အဲသလို ခွဲထုတ်လို့မရဘူး၊ disect လုပ်လို့ မရဘူး၊ ဘယ်လောက်သေးတာလေးဖြစ်အောင် ခွဲထုတ်ထုတ်, အဲဒီရုပ် ၈–ခု ပါလာမှာပဲ၊ နောက်ဆုံး atom လောက်သေးသေး, အဲဒီထက် အပုံတစ်ရာသေး သွားလည်းအဲဒီ ၈–ခုက ပါနေမှာပဲ၊ ဒီ ၈–ခုကတော့ ဘယ်လိုမှ ခွဲလို့မရတဲ့ ၈–ခု။

ကိုင်း,ဒါကရုပ်ကို အမျိုးမျိုးခွဲခြင်း၊ ဇယားကွက်ပြန်ကြည့်လိုက်၊ ရူပဝိဘာဂဆိုတဲ့ အောက်မှာကြည့်လိုက်၊ အဇ္ဈတ္တိကရုပ် ၅–ခု ဟုတ်ရဲ့လား၊ စက္ခုသောတ, ဃာန, ဇိဝှါ, ကာယ ဟုတ်တယ်နော်၊ ဗာဟိရရုပ်ဆိုရင် ကျန်တာတွေ အကုန်ပေါ့။

http://www.dhammadownload.com



ပြီးတော့ ဝဋ္ဋရုပ် ၆-ခု၊ အဝဋ္ဋရုပ်ကျန်တာ ၂၂-ပါး၊

ဒွါရရုပ်တဲ့၊ စက္ခုသောတ, ဃာန, ဇိဝှါ, ကာယ ကာယဝိညတ်, ဝစီဝိညတ် ၇-ခု, အဒွါရရုပ် ၂၁-ခု။

ဣန္ဒြိယရုပ် ၈-ခု၊ ပသာဒရုပ်-၅၊ ဘာဝရုပ်-၂၊ ဇီဝိတ, ပေါင်း ၈-ခု၊ ကျန်တာ ၂၀။

ဩဠာရိကရုပ်, သန္တိကေရုပ်, သပ္ပဋိဃရုပ်, အဲဒီ ၃-ခုက တစ်တွဲသွားတယ်။ ၁၂-ခု။

သုခုမရုပ်၊ ဒူရေရုပ်၊ အပ္ပဋိဃရုပ် ၁၆။

http://www.dhammadownload.com



## စက္ခုနှင့်သောတတို့ သမ္ပတ္တဂ္ဂါဟကဖြစ်ပုံ

ပသာဒရုပ် ၅-ပါးတို့တွင် စက္ခုပသာဒနှင့် သောပတသာဒတို့သည် အခြား အကွယ်ရှိသောအာရုံ, ကြီးမားသောအာရုံတို့၌ စက္ခုဝိညာဏ်, သောတဝိညာဏ်ဖြစ် ကြောင်း ဖြစ်သောကြောင့် မိမိထံမှောက်သို့ မရောက်မထိသောအာရုံကို ယူတတ် သည်ဟု သိအပ်၏။

ချဲ့ဦးအံ့။ စက္ခုပသာဒသည် ဝေးသောအရပ်၌တည်သော အဆင်းကိုလည်း ကောင်း, ဖလ်မှန်စသည် ခြားကွယ်အပ်သော အဆင်းကိုလည်းကောင်း တောင်စသည် တို့၏ ကြီးမားသောအဆင်းကိုလည်းကောင်း မြင်နိုင်၏။

သောတပသာဒသည်လည်း ကောင်းကင်စသော အရပ်ဝေး၌တည်သောအသံကို လည်းကောင်း, ဝမ်းရေခြားနေသော အသံကိုလည်းကောင်း, ခေါင်းလောင်းသံ စသည်တို့၏ ကျယ်လောင်ကြီးမားသောအသံကိုလည်းကောင်း ကြားနိုင်၏။

ရူပါရုံ, သဒ္ဒါရုံ ၂-ပါးသည် မဟာဘုတ်အဆက်ဆက်ဖြင့် စက္ခု, သောတ, ပသာဒတို့၏ တည်နေရာအရပ်သို့ ရောက်လာသည် ဆိုငြားအံ့၊ ထိုသို့ ဆိုတိုင်း ဖြစ်ခဲ့သော် ကံစိတ် အာဟာရကြောင့်ဖြစ်သော အဆင်းသည်လည်းကောင်း, စိတ်ကြောင့်ဖြစ်သော အသံသည်လည်းကောင်း, စက္ခုသောတတို့၏ အာရုံမဖြစ် ကုန်ရာ၊ အကြောင်းကား ထိုကံစိတ်အာဟာရတို့ကြောင့် ဖြစ်သောအဆင်းနှင့် စိတ်ကြောင့်ဖြစ်သောအသံတို့သည် ခန္ဓာကိုယ်မှ ပြင်ပ၌ မဖြစ်ကြသောကြောင့်တည်း၊ ပဋ္ဌာန်းပါဠိတော်၌လည်း ထိုရူပါရုံ, သဒ္ဒါရုံတို့ကို စက္ခု, သောတတို့၏ အာရုံ တို့ချည်းဟူ၍ သာမညအားဖြင့်သာ ဟောထား၏။

စက္ခုသောတ ၂-ပါးသည် မိမိအနီးရှိ အာရုံကိုသာ ယူနိုင်သည် ဆိုအံ့၊ ထိုသို့ဖြစ်လျှင် စက္ခုသည် မျက်လုံး၏အဆင်းကိုလည်းကောင်း, မျက်ခုံး၏အရင်းကို လည်းကောင်း မြင်ရာသည်၊ အသံ၏ဖြစ်ရာအရပ်မျက်နှာတည်ရာဒေသကို ကျနစွာ ပိုင်းခြားနိုင်ခြင်းသည်လည်း မဖြစ်ရာ၊ ထိုသို့ဖြစ်လျှင် အသံကို မှန်း၍ပစ်သော လေးသမားသည် မိမိနားတွင်းသို့ မြှားကို ပစ်ချမိလေရာ၏။

စက္ခု, သောတ ၂-ပါးသည် ရူပါရုံ, သဒ္ဒါရုံရှိရာအရပ်သို့သွား၍ အာရုံပေါ်၌ ဖြန့်အုပ်၍ ယူသည်ဟု ဆိုငြားအံ့၊ ထိုသို့ဆိုတိုင်းမှန်လျှင် ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဏ်တို့၏ရှေ့ အဓိဋ္ဌာန်ကို စီမံရာ၌လည်း ရူပါရုံ, သဒ္ဒါရုံ ၂-ပါးသည် စက္ခု, သောတ ၂-ပါး၏ အာရုံဖြစ်ရာ၏။

http://www.dhammadownload.com



## ရုပ်ဖြစ်ခြင်း၏ အကြောင်း ၄–ပါး

**ကံ** အကုသိုလ်–၁၂, မဟာကုသိုလ် –၈, ရူပကုသိုလ်–၅ နှင့် ယှဉ်သော စေတနာ ၂၅–ပါးသည် အဇ္ဈတ္တိကသန္တာန်၌ ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်း ဖြစ်စေသည်။

**စိတ်** အရူပဝိပါက်–၄၊ ဒွေပဉ္စဝိညာဏ်–၁၀ ကြဉ်သော–၇၅ ပါးသော စိတ်သည် ပဋိသန္ဓေ နောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ မိမိတို့ ဥပါဒ်ခိုက် ဥပါဒ်ခိုက်၌ စိတ္တဇရုပ်ကို ဖြစ်စေသည်။

ထိုစိတ်တို့တွင်

- အပ္ပနာဇော – ၂၆ သည် ရုပ်သာမညအပြင် ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်၏။
- ဝုဋ္ဌော၊ ကာမဇော– ၂၉၊ အဘိညာဉ် ၂ ဤ ၃၂–ပါးသော စိတ်တို့သည် ရုပ်သာမညနှင့် ဣတိယာပုတ်အပြင် ကာယဝိညတ်၊ ဝစီဝိညတ် ၂–ပါး ကိုလည်း ဖြစ်စေနိုင်ကုန်၏။

ထို ၃၂–ပါးသော စိတ်တို့တွင် လောဘမူသောမနဿ ဇော–၄၊ ဟသိတုပ္ပါဒ်ဇော –၁၊ မဟာ ကု–ကြိ သောမနဿဇော –၈, ဤ၁၃–ပါးသော စိတ်တို့သည် ပြုံးရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။

**ရှစ် ပုထုဇန်၊ ခြောက် သေက္ခန်၊ ငါးတန် ရဟန္တာ။**
**ဟာသအကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ။**

**ဥတု** သီတဥတု, ဥဏှဥတုဟု သမုတ်အပ်သော တေဇောဓာတ်သည် ဌီသို့ ရောက်မှသာလျှင် အဇ္ဈတ္တသန္တာန်၌လည်းကောင်း, ဗဟိဒ္ဓသန္တာန်၌ လည်း ကောင်း၊ ဥတုဇရုပ်ကို ထိုက်သည်အားလျော်စွာ ဖြစ်စေသည်။

**အာဟာရ** ဩဇာဟုဆိုအပ်သော အာဟာရသည် စားဖွယ်ကို မျိုလိုက်သော အခါဝယ် ရောက်လေရာအရပ်၌ အသစ်အသစ် ဥပါဒ်ပြီးနောက် ဌီသို့ အရောက်မှာအာဟာရဇရုပ်ကို ဖြစ်စေသည်။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၁၉)

## [ရုပ်ပိုင်း]

## ရူပဝိဘာဂနှင့် ရူပသမုဋ္ဌာန

ဒီနေ့စက်တင်ဘာ ၁၈ ရက်၊ ၂–ပတ်ပျက်သွားတယ်၊ မနေ့က ရူပဝိဘာဂ ဖယားကွက်ကြည့်နေတုန်း အချိန်ကုန်သွားတာ၊

ရူပဝိဘာဂမှာ ရုပ်တွေအမျိုးမျိုးခွဲတာ၊အဇ္ဈတ္တိကရုပ်ရယ် ဗာဟိရရုပ်ရယ် တစ်တွဲ၊ ဝတ္ထုရုပ်, အဝတ္ထုရုပ်တစ်တွဲ၊ ဒွါရရုပ်, အဒွါရရုပ်တစ်တွဲ၊ ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်တစ်တွဲ၊ ပြီးတော့ ဩဠာရိကရုပ်၊ သန္တိကေရုပ် သပ္ပဋိဃရုပ်,သုခုမရုပ်, ဒုရေရုပ်, အပ္ပဋိဃရုပ်တစ်တွဲသွားခဲ့တယ်။

အဲဒီတော့ သပ္ပဋိဃရုပ်ဆိုတာ ထိခိုက်တတ်တဲ့ရုပ်၊ ထိခိုက်ခြင်းရှိတဲ့ရုပ်, ဩဠာရိကရုပ်နဲ့ အတူတူပဲ၊ သပ္ပဋိဃရုပ်ဆိုတာ မထိခိုက်တတ်တဲ့ရုပ်, သုခုမရုပ်နဲ့ အတူတူပဲ။

ဩဠာရိကရုပ် ၁၂–ပါးရှိတယ်၊ သုခုမရုပ် ၁၆–ခုရှိတယ်၊ ဒူရေရုပ်က ၁၆–ခု၊ အပ္ပဋိဃရုပ်ကလည်း ၁၆–ခုပဲ၊ ရှေ့ဆက်သွားကြစို့။

ဥပါဒိန္နရုပ်ဆိုတာ ကံရဲ့အကျိုးဖြစ်တဲ့ရုပ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်ကို ဥပါဒိန္နလို့

http://www.dhammadownload.com



ခေါ်တယ်၊ ကံရဲ့အကျိုးမဟုတ်ဘူး, ကံကြောင့်မဖြစ်ပဲနဲ့ စိတ်,ဥတု, အာဟာရကြောင့် ဖြစ်တဲ့ရုပ်ကို အနုပါဒိန္နရုပ်လို့ခေါ်တယ်။

အဲဒီ ဥပါဒိန္နရုပ်ဟာ ဘာတွေလဲဆိုရင် ကမ္မဇရုပ် ၁၈–ပါး၊ အနုပါဒိန္နရုပ်ဟာ ဘာတွေလဲဆိုရင် ကမ္မဇရုပ်မဟုတ်တဲ့ တိဇရုပ်လို့ခေါ်တယ်၊ စိတ်, ဥတု, အာဟာရ ကြောင့် ဖြစ်တဲ့ရုပ်, ၁၅–ပါးလို့ စာမှာပြောထားတယ်၊ အခုဒီဇယားကွက်မှာ ကြည့်လိုက်ရင် ဥပါဒိန္နရုပ်က ၁၈–ခု၊ အနုပါဒိန္နရုပ်က–၁၀ ဆိုတော့ ၁၈+၁၀= ၂၈ ဆိုတော့ ကိုက်နေတယ်။

ဟိုနေ့တုန်းကမေးတယ်မဟုတ်လား၊ ၁၈–နဲ့ ၁၅–ဆိုတော့ ၂၈–မကဘူး ဖြစ်နေပြီ၊ ဒါကဘာလဲဆိုတော့ အခုဇယားကွက်မှာ ပြထားတာက ယူပြီးသားကို မယူတဲ့နည်း။

ယူပြီးသားကို မယူတဲ့နည်းနဲ့ဆိုရင် ၁၈–နဲ့ ၁၀–ပဲရှိတယ်၊ ယူပြီးသားပါထပ် ယူမယ်ဆိုရင်တော့ ၁၈ နဲ့ ၁၅ ဖြစ်မယ်၊ ဘာကြောင့်လည်းဆိုတော့ ရူပသမုဋ္ဌာနပိုင်းမှာ ကြည့်လိုက်ရင် တချို့စိတ်တွေက ကံကြောင့်လည်းဖြစ်တယ်၊ စိတ်ကြောင့်လည်း ဖြစ်တယ်၊ ဥတုကြောင့်လည်းဖြစ်တယ်၊ အာဟာရကြောင့်လည်းဖြစ်တယ်၊ အကြောင်း တစ်ပါးထဲကြောင့် ဖြစ်တာတွေရှိသလို ၂–ပါး, ၃–ပါး, ၄–ပါးကြောင့် ဖြစ်တာတွေ လည်းရှိတယ်၊ အဲဒါ တွေပါနေတော့ ယူပြီးသားကိုထပ်ယူတဲ့နည်းနဲ့ဆိုရင် ဥပါဒိန္နရုပ် က ၁၈–ပါး အနုပါဒိန္နရုပ်က ၁၅–ပါးဖြစ်မယ်၊ နောက်ကျတော့ ထင်ရှားလိမ့်မယ်။

ယူပြီးသားကို ထပ်မယူဘူးဆိုရင် ဥပါဒိန္နရုပ်က ကမ္မဇရုပ် ၁၈–ပါး, အနုပါဒိန္နရုပ်က ၁၈–ပါးက ကျန်တဲ့ ၁၂–ပါး။

နောက်တစ်ခုက သနိဒဿနရုပ်, ရူပါရုံတစ်ခုထဲမဟုတ်လား၊မြင်နိုင်တဲ့ရုပ်, မြင်ကောင်းတဲ့ရုပ်ဆိုတာက ရူပါရုံတစ်ခုထဲ၊ အနိဒဿနရုပ်ဆိုတာက ကျန်တဲ့အားလုံး ၂၇–ပါး။

ပြီးတော့ ဂေါစရဂ္ဂါဟကရုပ်တဲ့၊ ဂေါစရဂ္ဂါဟကရုပ်က ဘယ်လောက် ရှိသလဲဆိုရင်–၅၊ အဂေါစရဂ္ဂါဟကရုပ်က ကျန်တဲ့–၂၃၊ ပသာဒရုပ် ၅–ခုက အာရုံကို ယူတတ်တော့ သူ့ကို ဂေါစရဂ္ဂါဟကခေါ်တယ်၊ ကျန်တဲ့ရုပ်တွေက အာရုံကို မယူတတ်တော့ အဂေါစရဂ္ဂါဟကခေါ်တယ်။

အဲဒီမှာ စက္ခုနဲ့သောတက မိမိသို့မရောက်မထိသော အာရုံကို ယူတယ်၊ ဃာန, ဇိဝှါ, ကာယက မိမိသို့ရောက်ထိတဲ့ အာရုံကိုယူတယ်၊ ဒါကို ဟိုနေ့တုန်းက နောက်မှ ပြောမယ်ဆိုပြီး ချန်ထားခဲ့တာ။

http://www.dhammadownload.com



အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ တစ်ခုစီခွဲ၍ မရတဲ့ ရုပ်တွေပေါ့၊ မဟာဘုတ် ၄–ပါးရယ်, ပြီးတော့ ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရ (သို့မဟုတ်) ဩဇာ ၄+၄ ဆိုတော့ အဝိနိဗ္ဘောဂရုပ် ၈–ခု၊ နောင်ကလာပ်စည်းလုပ်ရင် ခဏခဏသုံးလိမ့်မယ်၊ အဋ္ဌကလာပ်ရုပ် ၈–ခုလို့လည်းခေါ်လိမ့်မယ်၊ ခွဲခြားလို့မရဘူးတဲ့၊ ဉာဏ်နဲ့ ခွဲခြားရင်တော့ ရတာပေါ့လေ။

ခွဲခြားလို့ရကောင်းတဲ့ ရုပ်ကကျန်တဲ့ရုပ်–၂၀၊ ခွဲခြားလို့ မရကောင်းတဲ့ရုပ်က ၈–ပါးဆိုတော့ ရုပ်ကိုဘယ်လိုပဲ သေးငယ်အောင် ခွဲခြားစိတ်ဖြာ ပါစေ၊ အသေးဆုံးရုပ်ထဲမှာပဲ ဒီ ၈–မျိုးရှိနေတယ်၊ အဆင်းရှိတယ်၊ အနံ့ရှိတယ်၊ အရသာရှိတယ်၊ ဩဇာဆိုတဲ့ အဆီဓာတ်ရှိတယ်၊ ပြီးတော့ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်ကြီး၄–ပါးရှိတယ်၊ ဘယ်လောက်ပဲစိပ်စိပ် ဒီ ၈–ခုက ရှိနေတာချည်းပဲ၊ ဒါကြောင့်မို့ သူတို့ကို အဝိနိဗ္ဘောဂရုပ်ခေါ်ပြီးတော့ ကျန်တာကို ဝိနိဗ္ဘောဂရုပ်လို့ ခေါ်တယ်၊ ဒါက ဇယားကွက်နဲ့ကြည့်ပြီး ခွဲတတ်အောင် ပြောတာ၊ မမှတ်မိဘူးဆိုရင် ဇယားကွက်ကြည့်လိုက်ရုံပဲ၊ ဇယားကွက်ကြည့်လိုက်ရင် အားလုံးပေါ်လွင် ထင်ရှားပါလိမ့်မယ်။

**မေး** – အရှင်ဘုရား lab မှာရှိထဲက အဝိနိဗ္ဘောဂရုပ်တွေက ရှိနေတာပဲလား။

**ဖြေ** – အကုန်ပါတယ်၊ အဝိနိဗ္ဘောဂရုပ် ၈–ခုဟာ အပြင်မှာလည်းပါတယ်၊ သက်ရှိမှာသာ မဟုတ်ဘူး၊ သက်မဲ့မှာလည်းပါတယ်၊ သစ်ပင်မှာလည်း အတူတူပဲ၊ ရုပ်မှုလေးတွေထဲမှာလည်း အဝိနိဗ္ဘောဂရုပ်က မပါလို့ကို မဖြစ်ဘူး၊ ရုပ်ဖွဲ့စည်းမှုမှာ သူကအခြေခံပေါ့။

**မေး** – ဂန္ဓနဲ့ ရသကတော့ စဉ်းစားရကြပ်တယ်၊ ရူပရယ်, အာဟာရရယ်၊ မဟာဘုတ်ရယ်ကတော့ ရှင်းတယ်၊ ကျန်တဲ့ဟာတွေက စဉ်းစားလို့မရတာ။

**ဖြေ** – သေးလွန်းတော့ မသိတာပေါ့လေ၊ ရုပ်ဝတ္ထုလေးကသေးလွန်းတော့ အနံ့တို့ အရသာတို့က မထင်ရှားတာဖြစ်မယ်၊ ရှိတော့ရှိတယ်၊ စိတ်ကမြန်လွန်းတော့ သိဖို့ မလွယ်တာလိုပေါ့။

ကောင်းပြီ၊ ဒီနေ့ ဘာလုပ်ကြမလဲဆိုရင် စက္ခုနဲ့ သောတတို့ အသမ္ပတ္တဂ္ဂါဟက ဖြစ်ပုံ, အသမ္ပတ္တဆိုတာက မရောက်သေးတာ၊ ဂဟာကဆိုတာ ယူတတ်တာ၊ စက္ခုနဲ့ သောတတို့က မရောက်သေးတဲ့ အာရုံကို ယူတတ်တယ်တဲ့၊ စက္ခုနဲ့ သောတတို့က မိမိထံမရောက်မထိတဲ့ အာရုံကို ယူတယ်တဲ့၊ ဃာန, ဇိဝှါ, ကာယတို့က မိမိထံ ရောက်ထိတဲ့ အာရုံကို ယူတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့

http://www.dhammadownload.com



ရှေးတုန်းကတည်းက အယူအဆမတူတာတွေ ရှိခဲ့ကြတယ်။

တချို့ကလည်း ရောက်တဲ့အာရုံပဲယူတယ်၊ စက္ခုသောတလည်း ရောက်တဲ့ အာရုံကိုပဲ ယူတယ်၊ ဃာန, ဇိဝှါ, ကာယလည်းရောက်တဲ့ အာရုံပဲယူတယ်လို့ အဲသလို ယူဆတာတွေရှိတယ်။

အဲဒီတော့ အရှင်မဟာဗုဒ္ဓဃောသကို အဋ္ဌကထာသစ်ရဲ့ ဆရာလို့ခေါ်တယ်၊ ဘာကြောင့်လည်းဆိုတော့ သူ့ရှေ့က အဋ္ဌကထာဟောင်းတွေ ရှိခဲ့လို့။

အဋ္ဌကထာသစ်တွေရဲ့ ဆရာဖြစ်တဲ့ အရှင်မဟာဗုဒ္ဓဃောသက စက္ခုနဲ့ သောတဟာ အသမ္ပတ္တဂ္ဂါဟက, မရောက်သေးတဲ့အာရုံကို ယူတယ်လို့ ဒီလို ဆုံးဖြတ်တယ်၊ ရှင်မဟာဗုဒ္ဓဃောသရဲ့ အဆုံးအဖြတ်အတိုင်းပဲ၊ နောက်ပုဂ္ဂိုလ်များက လည်း လိုက်ကြတာပေါ့လေ၊ ဋီကာတို့ကလည်း အဲဒီအတိုင်းပဲ ရှင်မဟာဗုဒ္ဓဃောသရဲ့ အလိုကို ဋီကာကျော်ဆိုတဲ့ ကျမ်းက ရေးတယ်၊ အဲဒီရေးတဲ့အတိုင်း မြန်မာပြန်ထားတာ၊ သူတို့ဘယ်လိုအကြောင်းပြတယ် ဘာတယ်ပေါ့လေ၊ စိတ်ဝင်စားစရာ အလွန် ကောင်းတယ်။

ရှေးတုန်းကလည်း ကိုယ့်အချင်းချင်းပဲဖြစ်ပါစေ၊ အယူအဆမတူတာလေးတွေ ရှိတော့ ငြင်းကြတာပဲ၊ ဘယ်သူကမှန်တယ်၊ ဘယ်သူကမှားတယ်လို့ မဆိုနိုင်ဘူးပေါ့၊ ကိုယ့်ဘက်ကနေ ကြည့်ရင် ကိုယ်က အမှန်ပဲ၊ အဲသလိုရှိတယ်။

ရှေးဆရာတွေက ဘာပြောလဲဆိုတော့ အဆင်းတို့ အသံတို့မှာ အဆင်းဟာ မျက်စိရောက်မှမြင်တယ်၊ အသံဟာ နားရောက်မှကြားတယ်၊ ဒီလိုပဲယူဆတယ်။

အဲဒီဟာကို အရှင်မဟာဗုဒ္ဓဃောသတို့က မရောက်ခင်ယူတယ်၊ အဲသလို ယူဆတယ်၊ ဒီနေရာမှာ မရောက်ခင်ယူတယ်ဆိုတာကို အဲဒီအဆင်းတို့အသံတို့က လာတယ်, မလာဘူးဆိုတဲ့ ပြဿနာနဲ့ မဆိုင်ဘူးနော်၊ အဲဒါ သတိထား၊ လာတာ မလာတာက တခြား၊ မရောက်ခင်ယူတာ ရောက်မှယူတာက တခြား။

အဆင်းကတော့လာမယ်၊ အသံကတော့လာမယ်၊ ဒါပေမယ်လို့ စက္ခုက အဆင်းကိုယူတဲ့အခါမှာ သောတက အသံကိုယူတဲ့အခါမှာ သူ့ကိုမရောက်ခင် မထိခင်ကို ယူနေတယ်၊ အဲဒီလိုပဲ၊ အဲဒါကို အဓိပ္ပါယ်အကျယ်ပြောပြလိမ့်မယ်။

"ပသာဒရုပ် ၅-ပါးတို့တွင် စက္ခုပသာဒနှင့် သောတပသာဒတို့သည် အခြား အကွယ်မရှိသော အာရုံကြီးမားသော အာရုံတို့၌ စက္ခုဝိညာဏ်, သောတ ဝိညာဏ်ဖြစ်ကြောင်း ဖြစ်သောကြောင့် မိမိထံမှောက်သို့မရောက်မထိသော အာရုံကို ယူတတ်သည်ဟု သိအပ်၏"တဲ့။

http://www.dhammadownload.com



အဲဒီတော့ စက္ခုနဲ့သောတတို့ဟာ မိမိထံမှောက် မရောက်မထိတဲ့ အာရုံကို ယူတတ်တယ်တဲ့၊ ဘာကြောင့်လဲဆိုပြီး အကြောင်းပြပုံက အခြားအကွယ်ရှိသောအာရုံ ကြီးမားတဲ့အာရုံတို့မှာလည်း စက္ခုဝိညာဏ်, သောတဝိညာဏ်ဖြစ်ကြောင်း ဖြစ်သော ကြောင့်တဲ့။

ရှင်းရှင်းပြောရရင် အခြားအကွယ်ရှိတဲ့အာရုံ ကြီးမားတဲ့ အာရုံကို အာရုံပြု ပြီးတော့ စက္ခုဝိညာဏ်မဖြစ်နိုင်ဘူးလား၊ သိပ်ထင်ရှားတာပေါ့၊ အခြားအကွယ်ရှိတဲ့ အသံ, ကြီးမားတဲ့အသံကို နားကမကြားနိုင်ဘူးလား၊ ကြားနိုင်တယ်၊ အဲဒါကို ဝိညာဏ်၏ဖြစ်ကြောင်း ဖြစ်သောကြောင့်လို့ဆိုတာ၊ ဒါကိုအကျယ်ချဲ့ပြီးတော့ ပြမယ်တဲ့။

"စက္ခုပသာဒသည် ဝေးသောအရပ်၌ တည်သောအဆင်းကိုလည်းကောင်း၊ ဖလ်မှန်စသည် အခြားကွယ်အပ်သော အဆင်းကိုလည်းကောင်း, တောင် စသည်တို့၏ ကြီးမားသော အဆင်းကိုလည်းကောင်း မြင်နိုင်၏"

အဲဒီတော့ အဝေးကြီးမှာ တည်တဲ့အဆင်းကိုပဲ စက္ခုကမြင်နိုင်တယ်တဲ့၊ လတို့ နေတို့ဆိုရင် ကျမ်းဂန်အတိုင်း ပြောရင် ယူဇနာ ၄ သောင်း ၂ ထောင်ဝေး တဲ့နေရာကို စက္ခုက လှမ်းမြင်နိုင်တယ်တဲ့။

ဖလ်မှန်စသည် ခြားကွယ်အပ်သော အဆင်းကိုလည်းကောင်း၊ ဖလ်တို့မှန်တို့ ခြားကွယ်ထားပေမယ့် မြင်ရတာပဲ၊ အဲဒီတော့ သူ့ဆီမရောက်ခင် မြင်တယ်ပေါ့၊ မလာမရောက်ဘူးပေါ့။

တောင်စသည်တို့၏ ကြီးမားသောအဆင်းကိုလည်းကောင်း၊ စက္ခုကို ထိမှသာ မြင်မယ်ဆိုရင် ဒီတောင်ကြီးလာပြီးတော့ထိရင် ဘယ့်နယ်လုပ်မလဲ၊ တောင်ကြီးတစ်ခု လုံးကလည်းလာပြီး မျက်စိကို ထိနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် အဝေးက လှမ်းကြည့် လိုက်တဲ့အခါကျတော့ တောင်ကြီးတစ်ခုလုံးကို မျက်စိက မြင်နိုင်တယ်၊ အဲဒါကြောင့်မို့ စက္ခုဟာ ဝေးတဲ့အရပ်မှာ ရှိတဲ့အဆင်းကိုလည်း မြင်နိုင်တယ်၊ အခြားအကွယ်ရှိတဲ့ အဆင်းကိုလည်း မြင်နိုင်တယ်၊ ကြီးမားတဲ့အဆင်းကိုလည်း မြင်နိုင်တာကိုထောက်ရင် စက္ခုဟာ အာရုံကိုယူတဲ့နေရာမှ သူ့ကို မထိခင် မရောက်ခင်ကိုလှမ်းပြီးတော့ ယူတယ်၊ သူ့ကို ထိမှရောက်မှ ယူတာမဟုတ်ဘူး၊

ဝီထိပိုင်းတုန်းက စက္ခုဒွါရ ဝီထိဖြစ်ဖို့ရာ စက္ခုဝိညာဏ်ဖြစ်ဖို့ရာ အကြောင်း ၄–ပါးပြောခဲ့ဖူးတယ်၊ စက္ခုပသာဒရှိရမယ်၊ ရူပါရုံရှိရမယ်၊ အလောက အရောင် အလင်းရှိရမယ်၊ အာရုံစိုက်မှု နှလုံးသွင်းမှု ရှိရမယ် မဟုတ်လား။

http://www.dhammadownload.com



အဲဒီတော့ အကယ်၍ ထိမှယူတယ်ဆိုရင် ရူပါရုံက မျက်စိကို လာထိရင် အလောက အရောင်အလင်းဆိုတဲ့ အင်္ဂါချို့တဲ့သွားလိမ့်မယ်၊ အဲသလိုဆိုရင် စက္ခုဝိညာဏ်မဖြစ်နိုင်ဘူးပေါ့၊ ဒါကြောင့်မို့စက္ခုပသာဒဟာ သူ့ထိမှယူတာ မဟုတ်ဘူး၊ သူ့မထိခင်ယူတာ။

ရူပါရုံကတော့လာတဲ့ ရူပါရုံလည်းရှိမယ်၊ မလာတဲ့ ရူပါရုံလည်းရှိမယ်၊ အခုခေတ်လည်း Image ဆိုတာရှိတယ်၊ အဲဒီတော့ လာတာ မလာတာကို ဆိုလိုတာမဟုတ်ဘူး၊ လာတာလည်းရှိမယ်၊ မလာတာလည်းရှိမယ်၊ သို့သော် အာရုံယူတဲ့အခါ မထိခင်ယူတယ်၊ မရောက်ခင်ယူတယ်၊ ဒီလိုဆိုတယ်။

အကြောင်းပြတာကတော့ အဝေးကြီးမှာ တည်တဲ့နေလတို့ကို မြင်နိုင်တယ်၊ အခြားအကွယ်ရှိတဲ့ အာရုံတွေကိုလည်းမြင်လို့ရတယ်၊ ကြီးမားတဲ့ အာရုံတွေကိုလည်း မြင်လို့ရတယ်၊ အကယ်၍ ကြီးမားတဲ့တောင်ကြီးတွေဟာ စက္ခုနဲ့ထိမှသာ ဆိုရင်တောင် တစ်ခုလုံး ဘယ်တော့မှ မြင်မှာမဟုတ်ဘူး။

"သောတပသာဒသည်လည်း ကောင်းကင်စသော အရပ်ဝေး၌ တည်သော အသံကိုလည်းကောင်း (အဝေးကြီးက အသံလည်း ကြားနိုင်တယ်)၊ "ဝမ်းရေခြားနေသော အသံကိုလည်းကောင်း" (ဒါက အခြားအကွယ်ရှိတဲ့ အသံဆိုတော့ လွယ်လွယ်ပြောတော့ ဗိုက်ထဲကအသံကို ပြောတာပေါ့၊ ဘယ်လိုဖြစ်ဖြစ် အခြားအကွယ်ရှိတဲ့ အသံမှန်ရင် အကုန်လုံး ရတာပေါ့၊ ဗိုက်ထဲက တစ်ချက်တစ်ချက် မြည်တဲ့အသံ အပြင်က ကြားနေရသလိုပဲ)။

"ခေါင်းလောင်းသံစသည်တို့၏ ကျယ်လောင်ကြီးမားသော အသံကိုလည်းကောင်း" (ခေါင်းလောင်းကြီးတဲ့အခါကျတော့ အသံက တအားကြီး မြည်လာတယ်၊ အဲဒီမြည်လာတဲ့အသံကိုပဲ သောတပသာဒက ကြားနိုင်တယ်တဲ့၊ သောတပသာဒက အချိန်ညီနဲ့ သောတဝိညာဏ် ဖြစ်နိုင်တယ်လို့ဆိုလိုတာပေါ့၊ ဒါလည်းပဲ အကယ်၍သာ နားကိုထိမှကြားတယ်ဆိုရင်, ယူတယ်ဆိုရင် ဟိုဝေးကြီးကအသံဘယ်လို လုပ်ယူနိုင်မလဲ၊ ဝမ်းရေပိုင်းခြားနေတဲ့အသံ ဘယ်လိုလုပ်ယူနိုင်မလဲ၊ ခေါင်းလောင်းအကြီးကြီး ဆိုရင်လဲ ခေါင်းလောင်းသံကြီးတစ်ခုလုံး ကြားနိုင်မှာ မဟုတ်ဘူးပေါ့။

ဒါကြောင့်မို့ သောတပသာဒဟာလဲ မိမိထံမှောက်သို့မရောက်ခင် အာရုံကို ယူတယ်လို့ ဒီလိုမှတ်ရမယ်။

ဒီနေရာမှာလည်း သောတဝိညာဏ်ဖြစ်ဖို့ အကြောင်းထဲမှာ အာကာသဆိုတာ ပါတယ်၊ သောတပသာဒလည်းရှိစေ, သဒ္ဒါရုံလည်းရှိစေ, အာကာသလည်းရှိစေ,

http://www.dhammadownload.com



ပြီးတော့ မနသိကာရလည်းရှိစေ။

အဲဒီမှာ အကယ်၍ ထိမှုဆိုရင် အာကာသမရှိပဲဖြစ်လိမ့်မယ်၊ အာကာသ (space)မရှိရင် ကြားခြင်းမဖြစ်နိုင်ဘူးပေါ့၊ ဒါကြောင့်မို့ သောတပသာဒဟာလည်း မိမိသို့ မရောက်မထိမီ အာရုံကိုယူတယ်လို့ ဒီလိုမှတ်ရမယ်။

ကောင်းပြီ, ရှေးတုန်းကလည်း အပြန်အလှန် မပြောပေမယ်လို့ ပြောသကဲ့သို့ ရေးထားတာတွေရှိတယ်၊ အဲဒီတော့ တစ်ဖက်လူက ပြောမယ်ဆိုပါတော့၊

"ရူပါရုံ သဒ္ဒါရုံ ၂-ပါးသည် မဟာဘုတ်အဆက်ဆက်ဖြင့် စက္ခုသောတ ပသာဒတို့၏ တည်နေရာ အရပ်သို့ရောက်လာသည် ဆိုငြားအံ့"

အဝေးကြီးက အာရုံတွေက ဘုတ်အဆက်ဆက် ရောက်လာတယ်၊ ဘုတ် အဆက်ဆက်နဲ့လာပြီးတော့ စက္ခုပသာဒကို ထိတယ်၊ သောတပသာဒကိုထိတယ်၊ အဝေးကြီးက ရူပါရုံက ဘုတ်အဆက်ဆက်နဲ့လာပြီး (ဘုတ်ဆိုတာ မဟာဘုတ် ကိုပြောတာ) ထိတယ်, မဟာဘုတ် အဆက်ဆက်နဲ့ အဲသလိုလာပြီး စက္ခုပသာဒ, သောတပသာဒကို ထိမှသာ ယူတယ်လို့ ဒီလိုဆိုမယ် ဆိုပါတော့တဲ့၊ ဒီလိုဆိုရင် ဘယ်လိုပြန်ဖြေမလဲ၊ ဘယ်လို အပြစ်ရှိမလဲ။

"ထိုသို့ဆိုတိုင်းဖြစ်ခဲ့သော်" ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း ဟိုက လူ တစ်ယောက်က အော်လိုက်တဲ့အသံကြီးဆိုပါတော့၊ ဘုတ်အဆက်ဆက်လာပြီး နားထိမှ ကြားတယ်၊ ရူပါရုံတစ်ခုခုကလည်း ဘုတ်အဆက်ဆက်လာပြီး မျက်လုံးထိမှ မြင်တယ် ဆိုရင်

"ထိုသို့ ဆိုတိုင်းဖြစ်ခဲ့သော် ကံ, စိတ်, အာဟာရကြောင့်ဖြစ်သော အဆင်း သည်လည်းကောင်း, စိတ်ကြောင့်ဖြစ်သော အသံသည်လည်းကောင်း, စက္ခုသောတ တို့၏ အာရုံမဖြစ်ကုန်ရာ"

ဒါနားလည်ဖို့က ဘာကိုသိရမလဲဆိုတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်၊ စိတ်ကြောင့် ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်ဆိုတာဟာ အဇ္ဈတ္တသန္တာန်မှာသာရှိတယ်၊ ဗဟိဒ္ဓကို နည်းနည်းမှ မထွက်ဘူး၊ ရုပ်တွေဟာ သက်ရှိသန္တာန်မှာ ဖြစ်နိုင်တဲ့ရုပ်, သက်မဲ့သန္တာန်မှာ ဖြစ်နိုင်တဲ့ရုပ် (အဇ္ဈတ္တ, ဗဟိဒ္ဓဆိုတာ အဲဒါပြောတာ)ဆိုတဲ့ နေရာမှာ ကံကြောင့်ဖြစ်တဲ့ရုပ်, စိတ်ကြောင့်ဖြစ်တဲ့ရုပ်, အာဟာရကြောင့်ဖြစ်တဲ့ရုပ် တွေဟာ သက်ရှိသန္တာန်မှာသာ ဖြစ်တယ်၊ သက်ရှိသန္တာန်မှာတောင် ကိုယ့်သန္တာန်မှာ သာဖြစ်တယ်၊ ကိုယ့်သန္တာန်ကနေပြီး တခြားကို နည်းနည်းလေးမှ ထွက်မသွားဘူး၊

အခု ဦးဇင်းပြောလိုက်တဲ့အသံဟာ အပြင်ထွက်မသွားဘူးလား၊ ထွက်သွား

http://www.dhammadownload.com



တယ်၊ အဲဒါဘယ်လိုလဲဆိုတော့ ပထမစိတ်ကြောင့် ဖြစ်တဲ့အသံကနေပြီး တစ်ဆင့် ဥတုကြောင့်ဖြစ်တဲ့အသံ အဆက်ဆက်ဖြစ်သွားတယ်၊ အဲဒီတော့ အပြင်ဘက်ထွက်တဲ့ အသံဟာ စိတ်ကြောင့်ဖြစ်တဲ့ အသံမဟုတ်တော့ဘူး၊ စိတ္တပစ္စယဥတုဇလို့ ခေါ်တယ်၊ စိတ်ကြောင့်ဖြစ်ပြီးတော့ နောက်ဆက်ဖြစ်တော့ ဥတုကြောင့်ဖြစ်သွားတာ၊ အပြင်ရောက်သွားရင် စိတ်မပါတော့ဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ် မပါတော့ဘူး၊ အဲသလို အဆက်ဆက်သွားတယ်။

အဲဒီတော့ အကယ်၍သာ မဟာဘုတ်အဆက်ဆက်နဲ့လာတယ်ဆိုရင် ကမ္မဇရုပ် မလာနိုင်ဘူး၊ စိတ္တဇရုပ် မလာနိုင်ဘူး၊ အာဟာရဇရုပ် မလာနိုင်ဘူး။

မလာနိုင်ရင် ကမ္မဇ၊ စိတ္တဇ, အာဟာရဇရုပ်တို့ကို မျက်လုံးက မမြင်နိုင်ဘူး၊ ဒါပေမယ့် အခုမြင်နေရတယ်၊ မြင်နိုင်တယ်၊ နောင်ကျတော့ ပဋ္ဌာန်းပါဠိတော်မှာ သာမညအားဖြင့် ဟောထားတာရှိတယ်။

ရူပါရုံသည် စက္ခုဝိညာဏ်ကို အာရမ္မဏပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ မြန်မာလို ရှင်းရှင်းပြောရင် ရူပါရုံသည် စက္ခုဝိညာဏ်ရဲ့ အာရုံဖြစ်တယ်၊ သဒ္ဒါရုံသည် သောတဝိညာဏ်ရဲ့ အာရုံဖြစ်တယ်၊ သို့မဟုတ် စက္ခုဝိညာဏ်သည် ရူပါရုံကို သိတယ်၊ သောတဝိညာဏ်သည် သဒ္ဒါရုံကို သိတယ် ယူတယ်ပေါ့၊ အဲသလို သာမည ဟောထားတယ်။

ဥတုဇမှသာယူတယ်၊ ကမ္မဇ, စိတ္တဇ, အာဟာရဇတွေကို မယူဘူးလို့ ဒီလို သီးခြားခွဲဟောထားတာမရှိဘူး၊ သာမညအားဖြင့်ဟောထားရင် အကုန်လုံး ယူရတယ်၊ ဒါဟာ ထုံးစံပဲ။

ဒါကြောင့် ဒီမှာ အကယ်၍ မဟာဘုတ်အဆက်ဆက်နဲ့ ရောက်လာတာကို ယူတယ်လို့ဆိုမယ်ဆိုရင် ကံကြောင့်ဖြစ်တဲ့ရုပ်, စိတ်ကြောင့်ဖြစ်တဲ့ရုပ်, အာဟာရကြောင့် ဖြစ်တဲ့ရုပ် အဆင်းကို မြင်ရမှာ မဟုတ်တော့ဘူး၊ ဘာကြောင့်တုန်းဆိုရင် သူတို့က သက်ရှိသန္တာန်မှ အပြင်ကို နည်းနည်းလေးမှမထွက်လို့။

မြတ်စွာဘုရား ရောင်ခြည်တော်တွေ လွှတ်တဲ့အခါကျတော့ ရောင်ခြည်တော်တွေကို လူတွေက မမြင်ရဘူးလား၊ အဲဒီမှာ ပထမဘာလဲဆိုတော့ မြတ်စွာဘုရားရဲ့ စိတ်ဓာတ်ကြည်လင်တဲ့အတွက်ကြောင့် စိတ်ကြောင့်ဖြစ်တဲ့ ရောင်ခြည်၊ အဲဒီရောင်ခြည် ကမှတဆင့် ဆက်ပြီးတော့ဖြစ်တာ ဥတုဇပေါ့၊ ခုပြောတဲ့ စိတ္တပစ္စယ ဥတုဇလို့ ခေါ်တယ်၊ စိတ်အရင်းခံတဲ့ ဥတုကြောင့် ဖြစ်တဲ့ရုပ်လို့ခေါ်တယ်။

အဲဒါကြောင့်မို့ အသံဟာ အကြောင်းဘယ်နှစ်မျိုးကြောင့်ဖြစ်သလဲ၊ ဇယားမှာ

http://www.dhammadownload.com



ကြည့်လိုက်စမ်း၊ ၄-မျိုးစလုံးကြောင့်ဖြစ်တယ် မဟုတ်ဘူးလား၊ ရူပသမုဋ္ဌာနဆိုတာ မှာကြည့်၊ သဒ္ဒဆိုတဲ့နေရာမှာ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ၄-မျိုး မတွေ့ ဘူးလား၊ ဒါကြောင့်မို့ ရူပါရုံဆိုတာ ကံကြောင့်လည်းဖြစ်တယ်၊ စိတ်ကြောင့်လည်း ဖြစ်တယ်၊ ဥတုကြောင့်လည်းဖြစ်တယ်၊ အာဟာရကြောင့်လည်းဖြစ်တယ်၊ အဲဒီတော့ ဘုတ်အဆက်ဆက်နဲ့လာပြီးထိမှသာ စက္ခုပသာဒ ရူပါရုံကို ယူတယ် သိတယ်ဆိုရင် ကမ္မဇရုပ်ကို မြင်မှာမဟုတ်တော့ဘူး၊ စိတ္တဇရုပ်ကိုမြင်မှာ မဟုတ်တော့ဘူး၊ အာဟာရဇရုပ်ကို မြင်မှာမဟုတ်တော့ဘူး၊ ဥတုဇရုပ်ကိုသာ မြင်တယ်ဆိုရမယ်။

ဘုရားကလည်း ဒီလို ဟောမထားဘူး၊ မြတ်စွာဘုရားကလည်း သာမညပဲ, ရုပ်ကို မြင်တယ်၊ ဒီလိုဟောထားတယ်၊ အဲဒါကြောင့် တခြားဆရာတွေဆိုတိုင်း မဟုတ်ဘူးလို့ဆိုတယ်။

"အကြောင်းကား ထိုကံစိတ် အာဟာရတို့ကြောင့် ဖြစ်သောအဆင်းနှင့် စိတ်ကြောင့်ဖြစ်သော အသံတို့သည် ခန္ဓာကိုယ်မှ ပြင်ပ၌ မဖြစ်ကြသောကြောင့်တည်း"

ခုနပြောသလို အသံကြားတဲ့အခါမှာလည်း ဒီအတိုင်းပဲ၊ ပထမဖြစ်ပေါ်တဲ့ အသံက စိတ္တဇသံ၊ နောက်အဆက်ဆက်ဖြစ်ပေါ်တဲ့ သူများတွေကြားရတဲ့အသံက စိတ္တပစ္စယ ဥတုဇလို့ခေါ်တဲ့အသံ၊

အဲသလို ကမ္မဇ, စိတ္တဇ, အာဟာရဇတို့ဟာ ခန္ဓာကိုယ်မှ အပြင်ဘက်ကို တစ်ဆံခြည်မှ ထွက်တာမဟုတ်တဲ့ အတွက်ကြောင့်မို့အကယ်၍သာ လာရောက်ပြီး တော့ထိမှသာ ယူမယ်ဆိုရင် အဲဒီကံစိတ် အာဟာရကြောင့် ဖြစ်တဲ့ရုပ်တွေကို စက္ခုသောတတွေက ယူနိုင်မှာ မဟုတ်ဘူး၊ မြတ်စွာဘုရားကလည်း သာမညအားဖြင့် သာ ဟောထားတယ်၊ အဲသလို ဟောထားတဲ့အတွက်ကြောင့် အကုန်လုံးကိုပဲ ယူနိုင်တယ်လို့ ယူရမယ်၊ ဒါကြောင့် ရောက်မှထိမှ ယူတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ဒီလိုအဋ္ဌကထာ ဆရာများက ဆိုလိုတယ်။

ပြီးတော့မှ ဆက်ပြီးတော့ အကြောင်းပြတယ်၊ ရှေးကလည်းကုပ်ကပ်ပြီးတော့ ကြဲတာပဲ။

"စက္ခုသောတ ၂-ပါးသည် မိမိအနီးရှိ အာရုံကိုသာ ယူနိုင်သည်ဆိုအံ့"တဲ့၊ အနီးဆိုတာ ထိမှရောက်မှ ကပ်မှယူနိုင်တယ်ဆိုရင် ဘယ်လိုအပြစ် ဖြစ်နိုင်သေးလဲ။

"ထိုသို့ဖြစ်လျှင် စက္ခုသည် မျက်လုံး၏အဆင်းကို မြင်ရာ၏"ပေါ့၊ အနီးဆုံး ဖြစ်လို့ မျက်လုံးက သူ့ကိုယ်သူ ပြန်မြင်မယ်ပေါ့၊ မျက်ခုံး၏အရင်းကိုလည်းကောင်း မြင်ရာသည်"တဲ့၊ ဒီမျက်လုံးအရင်းကို မြင်မှ မမြင်ရပဲ၊ နီးကပ်တဲ့ အာရုံကိုသာ

http://www.dhammadownload.com



မြင်မယ်ဆိုရင် အဲဒါတွေ မြင်မှာပေါ့တဲ့။

"အသံဖြစ်ရာအရပ်မျက်နှာတည်ရာဒေသကို" အရှေ့ကလာတယ်၊ အနောက်က လာတယ်လို့ ဒီလိုပိုင်းခြားမှုမျိုးရယ်၊ နီးနီးကလာတယ်, ဝေးဝေးကလာတယ်ဆိုတဲ့ ပိုင်းခြားမှုမျိုးရယ်၊ ဒါကိုပြောတာ။

"အသံ၏ဖြစ်ရာ အရပ်မျက်နှာတည်ရာဒေသကို ကျနစွာ ပိုင်းခြားနိုင်ခြင်းသည်လည်း မဖြစ်ရာ" ဘာကြောင့်တုန်းဆိုတော့ အနီးကလာလာ, အဝေးကလာလာ, ရောက်မှသိတယ်ဆိုရင် ဒီအသံဟာ အဝေးကလာတယ်, အနီးကလာတယ်လို့ သူသိမှာမဟုတ်ဘူးတဲ့၊ ပြီးတော့ အရှေ့ကလာတယ်၊ အနောက်ကလာတယ်လို့ သူသိမှာမဟုတ်ဘူးတဲ့၊ ဘာကြောင့်တုန်း၊ ဒီရောက်မှသိမှာကိုး၊ ဒီရောက်မှ သိမှာဆိုတော့ မထူးတော့ဘူး၊ အရှေ့ကလာလည်း ဒီရောက်မှသိမှာပဲ၊ အနောက်ကလာလည်း ဒီရောက်မှ သိမှာပဲ။

ဒါဖြင့် ကောင်းပြီ ဆက်ပြီး ငြင်းနေတယ်ဆိုပါတော့၊ အပြစ်က ဘာဖြစ်နိုင်လဲ၊ အဲသလိုဆိုမယ်ဆိုရင် "အသံကို မှန်း၍ပစ်သော လေးသမားသည် ကိုယ့်နားထဲကို ပြန်ပြီး မြှားနဲ့ပစ်ချမိမှာပေါ့။

ရှေးတုန်းက သရဝေဓိဆိုတဲ့ လေးသမားတွေရှိတယ်၊ အသံကြားရင် အဲဒီ အသံကိုမှန်းပြီးပစ်ရင် မှန်တယ်၊ မျက်လုံးနဲ့ မမြင်ရပေမယ့် ကိစ္စမရှိဘူး၊ အသံကြားရာကို မှန်းပြီးပစ်ရင် ဟိုမှာထိတယ်၊ အဲဒီ သရဝေဓိဆိုတဲ့ လေးသမားတွေဟာ နားထဲရောက်မှ ကြားတယ်ဆိုရင် သူ့နားသူပြန်ပြီး မြှားနဲ့ပစ်မိမှာပေါ့၊ ကြံကြံဖန်ဖန် အကြောင်းပြတာ။

ဒါကြောင့်မို့ အကယ်၍သာ ထိမှကပ်နေတဲ့အာရုံကို ယူတယ်ဆိုရင် ဒီအပြစ်ကို ဖြစ်နိုင်တယ်တဲ့၊ မျက်လုံးကလည်း ကိုယ့်မျက်လုံး ပြန်မြင်နိုင်တယ်၊ မျက်ခုံးရဲ့ အရင်းကိုလည်း ပြန်မြင်မယ်၊ သရဝေဓိဆိုတဲ့ အသံကိုမှန်းပစ်တဲ့ လေးသမားတွေဟာ ကိုယ့်နားကိုယ်ပြန်ပစ်မိမယ်၊ ဘာကြောင့်တုန်းဆိုတော့ ဘယ်ကလာတယ်, ဘယ်လောက်ဝေးတယ် သူတို့မသိနိုင်တော့ဘူး၊ ဒီရောက်မှပဲသိမှာဆိုတော့ နီးတာ ဝေးတာ အရှေ့အရပ်အနောက်အရပ်စသည် မသိနိုင်တော့ဘူး။

ဒါကြောင့်မို့ စက္ခုနဲ့သောတတို့ဟာ မရောက်ခင်ယူတယ်လို့သာ မှတ်ရမယ်၊ ဒီလိုဆိုလိုတယ်။

"စက္ခုသောတ ၂-ပါးသည် ရူပါရုံ, သဒ္ဒါရုံရှိရာအရပ်သို့ သွား၍၊ အာရုံအပေါ်၌ ဖြန့်အုပ်၍ ယူသည်ဟုဆိုငြားအံ့"တဲ့၊ ဒါကလည်းပဲ တချို့အယူအဆတွေက

http://www.dhammadownload.com



အဲသလိုရှိသေးတာကိုး၊ အခုခေတ် အပြင်ထွက်သွားတာရှိပါရော၊ အဲသလိုယူမယ်တဲ့၊ အဲသလိုဆိုတိုင်းမှန်ရင် ဘာဖြစ်နိုင်သလဲ။

"ထိုသို့ ဆိုတိုင်းမှန်လျှင် ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, အဘိညာဏ်တို့၏ ရှေ့ အဓိဋ္ဌာန်ကို စီမံရာ၌လည်း ရူပါရုံ သဒ္ဒါရုံ ၂-ပါးသည် စက္ခုသောတ ၂-ပါး၏ အာရုံဖြစ်ရာ၏"

ဒါက ဘာလဲဆိုတော့ ဒိဗ္ဗစက္ခုဆိုတာ အဝေးမှာရှိတဲ့ အာရုံကို မြင်နိုင်တဲ့ဉာဏ်၊ သို့မဟုတ် အခြားအကွယ်ရှိသော, သိမ်မွေ့သေးငယ်သော ရူပါရုံကို မြင်နိုင်တဲ့ ဉာဏ်ကို ဒိဗ္ဗစက္ခုဉာဏ်လို့ခေါ်တယ်၊ အဘိညာဏ်ပေါ့။

အဲဒီ ဒိဗ္ဗစက္ခု အဘိညာဏ်ရအောင်လုပ်တဲ့အခါကျတော့ အဲဒီအဘိဉာဏ် မရောက်ခင် ဈာန်ဝင်စားရတယ်၊ ရူပဈာန်, အရူပဈာန် ဝင်စားရတယ်၊ ဝင်စားပြီးမှ ပဉ္စမဈာန် အဘိညာဏ်ဖြစ်အောင်လုပ်ရတယ်၊ အဲဒီ အဘိညာဏ်မရောက်ခင်ဘာလုပ် ရသလဲဆိုတော့ အဓိဋ္ဌာန်လုပ်ရတယ်၊ ခုနဈာန် ၈-ပါး၊ ၉-ပါးလုံး ဝင်စားပြီး နောက် အဘိညာဏ် မရောက်ခင်ပေါ့၊

အဲဒီအခါ ဒိဗ္ဗစက္ခုအဘိညာဏ် ဝင်စားတော့မယ်ဆိုရင် အဲဒီရူပါရုံကိုမြင်လို တယ်ဆိုတဲ့ စိတ်ပြဋ္ဌာန်းမှု အဓိဋ္ဌာန်ပြုရမယ်၊ အဲဒီအချိန်မှာ ရူပါရုံကို မမြင်သေးဘူး။

ထို့အတူပဲ ဒိဗ္ဗသောတဆိုတာလည်း အဝေးမှာရှိတဲ့ အာရုံကို ကြားရတယ်၊ အခြားအကွယ်ရှိတဲ့ အာရုံကိုကြားနေရတယ်ဆိုပါတော့၊ အဲဒီမှာလည်း ခုနလို ဈာန် ဝင်စားပြီးတဲ့နောက် အဘိညာဏ်တက်တော့မယ်ဆိုတော့ အဓိဋ္ဌာန်လုပ်ရတယ်၊ သူ့အသံကို ကြားလိုတယ်လို့ပေါ့။

အဲဒီတော့ အကယ်၍သာ ရူပါရုံ, သဒ္ဒါရုံရှိရာကို သွားပြီးတော့ စက္ခုသောတ ၂-ပါးက ယူတယ်ဆိုရင်အဲဒီ အဓိဋ္ဌာန်ပြုတဲ့အချိန်မှာပဲ မြင်နေပြီ၊ မြင်တော့မှာပေါ့တဲ့၊ အဘိညာဏ်ထိအောင်တောင် သွားစရာမလိုတော့ဘူးပေါ့၊ အဓိဋ္ဌာန်လုပ်လိုက်တာနဲ့ မြင်ပြီဆိုရင် အဘိညာဏ်လုပ်စရာမလိုတော့ဘူး။

တကယ်တော့ အဘိညာဏ်ဝီထိကျမှသာ အဘိညာဏ်ရောက်မှသာ ဝေးတဲ့ နေရာက ရူပါရုံတို့ကို မြင်နိုင်တယ်၊ ဝေးတဲ့ နေရာက သဒ္ဒါရုံတို့ကို ကြားနိုင်တယ်၊ ဒါကြောင့်မို့ ဒီလို ရူပါရုံသဒ္ဒါရုံရှိရာကို သွားပြီးတော့ ယူတယ်ဆိုတာလည်းပဲ မဖြစ်နိုင်ဘူးတဲ့။

ဒါကြောင့်မို့ အားလုံးချုပ်လိုက်တဲ့အခါမှာ စက္ခုနဲ့သောတတို့ဟာ အသမ္ပတ္တဂ္ဂါ ဟက မိမိထံမှောက်သို့ မရောက်သေးသောအာရုံကို ယူတတ်တယ်၊ ဒီလိုပဲ

http://www.dhammadownload.com



ရှင်မဟာ ဗုဒ္ဓဃောသအယူအဆအတိုင်းပဲ နောက်ဆရာများ လက်ခံတယ်၊ ဒီအတိုင်းပဲ ယူဆကြတယ်။

**မေး** – အရှင်ဘုရား၊ မျက်လုံးထဲက အကြည်ဓာတ်က သူ့ကို လာထိတယ်ဆိုတဲ့ ကိစ္စဟာ စာစောပိုင်းက သိထားတာနဲ့ ဘာကြောင့်မတူတော့သလဲ၊ အဲဒီအကြည် ဓာတ်နဲ့ အဲဒီရုပ်နဲ့ ဘယ်လို စပ်ဟပ်ပါသလဲ၊ အဲဒီ အကြည်ဓာတ်က ထွက်ပြီးတော့ သွားတာ မဟုတ်ဘူးဆိုတော့။

**ဖြေ** – ထွက်ပြီးသွားတာလည်းမဟုတ်ဘူး၊ သူ့ကိုထိမှာလည်းမဟုတ်ဘူး၊ မထိခင် လေးတင်ကပ်ပြီးတော့ ယူတယ်ပေါ့၊ တော်တော်နီးနီးကိုရောက်မှ မထိခင်ယူ တယ်ဆိုရမှာပေါ့၊ ထိသွားတဲ့အခါကျတော့ အလောက အရောင်မရှိတော့ဘူး၊ အာကာသမရှိတော့ဘူးဆိုတော့ ဝိညာဏ်မပေါ်နိုင်တော့ဘူး၊ မထိမိလေး (ထိတော့ ထိမှာပဲ၊ ရူပါရုံ သဒ္ဒါရုံတို့ကလာမှာပဲ)ကို ယူတယ်လို့ အဓိပ္ပါယ်ရှိတယ်၊ ဒါကြောင့်မို့ ရှေးတုန်းက ရောက်မရောက်နဲ့ပတ်သက်ပြီးတော့ စကားပြောတဲ့အခါ လာ,မလာနဲ့ ပတ်သက်ပြီးတော့ ငြင်းကြတာလဲရှိတယ်တဲ့၊ ရူပါရုံ သဒ္ဒါရုံကလာတယ် မလာဘူး ပေါ့လေ၊ ဒါလည်းမလာဘူးလို့တော့ ငြင်းစရာမလိုဘူး၊ ခုနလို ဘုတ် အဆက် ဆက်နဲ့တော့လာမှာပဲ၊ လာပေမယ်လို့ မရောက်မထိမိကိုယူတယ်၊ ဒီလို အဓိပ္ပါယ် ပေါက်တယ်။

ပြီးတော့ တချို့ဟာကျတော့ လူတစ်ယောက်က အဝေးမှာ အဝတ်ကိုရိုက်ပြီး လျှော်ဖွပ်နေတယ်၊ အဝေးမှာ ခဝါဖွပ်နေတဲ့သူကို ကြည့်တဲ့အခါ အဝတ်ရိုက်နေတာကို မြင်ရတယ်၊ မြင်ပြီးခဏနေမှ ရိုက်သံကြားတယ်၊ အဲဒါဟာ အသံလာလို့ကြားတာ မဟုတ်ဘူးလား ဆိုတာမေးကြတော့ အမှန်ကတော့ ကြားတာက နောက်ကျတာ မဟုတ်ဘူး၊ ဆင်ခြင်တာက နောက်ကျတာ၊ အဲသလို အကြောင်းပြတယ်။

ကြားတာကတော့ ရိုက်တုန်းကကြားတာပဲ ဒါပေမယ်လို့ ပြန်ဆင်ခြင်ပြီးမှသာ ကြားတယ်လို့သိတာကိုး၊ ဦးဇင်းတို့ ဝီထိမှာ ပထမဝီထိမှာ ကြားမှုသက်သက်လေးပဲ ဖြစ်လိုက်သေးတယ်၊ နောက်တစ်ခါ အတိတ်အသံကို အာရုံပြုတယ်၊ နောက်တစ်ခါ အပေါင်းကို အာရုံပြုတယ်၊ ပြီးတော့မှကြားတယ်၊ ဒီလိုရှိတယ်မဟုတ်လား၊ ထို့အတူပဲ မြင်ရင်လည်း ဒီလိုပဲရှိပါတယ်။

အဲဒီတော့ကြားကာကတော့ တစ်ချိန်ထဲမှာပဲ ကြားတာပဲ၊ ဒါပေမယ့်သိတာက နောက်ကျတော့ ကြားတာလည်းနောက်ကျတယ်လို့ ထင်တာတဲ့၊ အဲသလို အကြောင်း ပြတယ်။

http://www.dhammadownload.com



**မေး** – မိုးခြိမ်းလည်းမြင်တာပဲ၊ ပြီးတော့မှ အသံကကြားတာ။

**ဖြေ** – ဟုတ်တယ်၊ လျှပ်စီးလက်တာအရင်မြင်တယ်၊ နောက်မှ အသံကိုကြားရတာ။

**မေး** – ဒီဟာကို သိပ္ပံနည်းနဲ့ပြောတဲ့အခါ အသံ၏ သွားနှုန်းက အလင်းရောင်ရဲ့ သွားနှုန်းထက် နှေးတယ်လို့ပြောကြတယ်၊ အဲဒီလို ပြောတဲ့ဟာကို science မှာ ဆိုရင် ဟုတ်တယ်၊ ဒီအဘိဓမ္မာဘက်ကြည့်ရင် အတူတူလာတယ်ပဲထား၊ နားထောင်တာနောက်ကျရင် နောက်ကျတာပဲ၊ အဲဒီတော့ response time ကို ပြန်ကြည့်တဲ့အခါကျတော့ နားထောင်တဲ့အာရုံက ယူရမယ့်အာရုံထက် နည်းနည်းအချိန်ပိုကြာတဲ့အတွက်ကြောင့် ဒီလာတဲ့နှုန်းချင်း အတူတူ response က နှေးတဲ့အတွက်ကြောင့် ကြာတာပဲဖြစ်သွားတယ်၊ အဲဒီတော့ that is a relative term ဖြစ်သွားတယ်၊ ခုနဟာက အမြင်နှုန်းကို တွက်လိုက်တယ်၊ အခုဟာကျတော့ response လုပ်တာနှေးတယ်ဆိုတာကတော့ quite something to think about

**ဖြေ** – ဟုတ်တယ်၊ ရှေးအယူအဆတွေက ဆင်ခြင်တဲ့ အသိကနောက်ကျတာ၊ ကြားတာနောက်ကျတာ မဟုတ်ဘူးတဲ့၊ ဘယ်လောက်ကောင်းသလဲ၊ တောင်မြို့ဆရာတော်ရေးတဲ့ ဘာသာဋီကာထဲမှာပါတယ်၊ မဆိုးဘူး၊ ရှေးဆရာတော်တွေက တကယ်အတွေးအခေါ်ရှိတယ်လို့ မှတ်ရမယ်။

အဲသလို ရှေးတုန်းထဲကိုက စက္ခုသောတနဲ့ ပတ်သက်ပြီး အယူအဆမတူတာ ရှိတယ်လို့ ၂–မျိုးနားလည်ထားရမယ်၊ ဃာန, ဇိဝှါ, ကာယနဲ့ပတ်သက်လို့တော့ မရှိပါဘူး၊ ဒါကတော့ အနံ့ဆိုတာ အဝေးကြီးကနေပြီး နှာခေါင်းမထိပဲနဲ့ ဃာနဝိညာဏ် မဖြစ်ဘူးပေါ့။

ကောင်းပြီ၊ ဒါဟာဘာလဲဆိုရင် ရူပဝိဘာဂမှာ သိသင့်သိထိုက်တာတွေပဲ၊ ရှေ့ဆက်သွားကြဦးစို့။

ရူပဝိဘာဂပြီးတဲ့နောက် ရူပသမုဋ္ဌာနလို့ ပါဠိလိုခေါ်တယ်၊ ဇယားကွက်ထဲမှာ ရူပသမုဋ္ဌာနလို့တွေ့လိမ့်မယ်၊ အဲဒါကို ဒီနေ့လေ့လာကြမယ်။

သမုဋ္ဌာနဆိုတာ မြန်မာလိုဖြစ်ကြောင်းလို့ အဓိပ္ပါယ်ရတယ် ဖြစ်ကြောင်းဆိုတာ ဖြစ်ခြင်းရဲ့အကြောင်း၊ ရုပ်ဟာ အလိုလိုဖြစ်လာတာလည်းမဟုတ်ဘူး၊ ဘုရားသခင် ဖန်ဆင်းလို့ ဖြစ်လာတာလည်း မဟုတ်ဘူး၊ ရုပ်ဖြစ်ခြင်းရဲ့အကြောင်းတွေရှိတယ်၊ အဲဒီ အကြောင်းတွေကို ပါဠိလို သမုဋ္ဌာနလို့ခေါ်တယ်။

ရူပသမုဋ္ဌာနခေါ်တဲ့ ရုပ်ဖြစ်ခြင်းရဲ့အကြောင်းက ၄–ပါးရှိတယ်၊ အဲဒါ နားလည်ရမယ်၊ မြန်မာဗုဒ္ဓဘာသာတွေအနေနဲ့ ဒါကို ကြားဖူးပြီး သားပါ၊ ကံ,

http://www.dhammadownload.com



စိတ်, ဥတု, အာဟာရဆိုတာ မကြားဖူးဘူးလား၊ ကြားဖူးတာပေါ့၊ အဲဒီ ကံ, စိတ်, ဥတု, အာဟာရ ၄-မျိုးဟာ ရုပ်ဖြစ်ခြင်းရဲ့အကြောင်းတဲ့။

တချို့ရုပ်က ကံကြောင့်ဖြစ်မယ်၊ တချို့ရုပ်ကစိတ်ကြောင့်ဖြစ်မယ်၊ တချို့ရုပ်က ဥတုကြောင့်ဖြစ်မယ်၊ တချို့က အာဟာရကြောင့်ဖြစ်မယ်၊ တချို့က ၂-ခုကြောင့်ဖြစ်မယ်၊ တချို့လည်း ၃-ခုကြောင့် ဖြစ်မယ်၊ ၄-ခုကြောင့်ဖြစ်မယ်၊ အဲဒီလို ရှိမယ်၊ အဲဒီအပိုင်း ကိုလဲ ဒီနေ့လေ့လာရမယ်။

လေ့လာတော့ ကံဆိုတာဘာလဲ၊ ဒီနေရာမှာ ကံဆိုတာ ရုပ်ကိုဖြစ်စေ နိုင်တဲ့ ကံကိုသာယူမှာ၊ ရှိသမျှ ကံကိုယူမှာမဟုတ်ဘူး၊ ဒါကို နားလည်ထားရမယ်၊ ဒါကြောင့်မို့ ဒီနေရာ ဒီအပိုင်းမှာ ကံဆိုတာ ဘာကိုဆိုလိုသလဲ၊ အကုသိုလ်စိတ် ၁၂-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ ရူပကုသိုလ်စိတ် ၅-ခု အားလုံးပေါင်း ၂၅ - ခု၊ ဒီစိတ်၂၅-ခုမှာ ယှဉ်တဲ့ စေတနာစေတသိက်၊ အဲဒီစေတနာ စေတသိက်ကို ဒီမှာကံလို့ ခေါ်မယ်။

သာမညအားဖြင့် ပြောမယ်ဆိုရင်တော့ အရူပါဝစရမထည့်ရပေဘူးလား၊ ကံဆိုရင် အရူပါဝစရနဲ့ ယှဉ်တဲ့စေတနာ၊ နောက်ဆုံးမှာ မဂ်နဲ့ယှဉ်တဲ့ စေတနာတောင် ထည့်ရတယ်၊ ကမ္မပစ္စည်းထဲမှာ ပါတယ်။

သို့သော် အခုဟာက ရုပ်ကိုဖြစ်စေနိုင်တဲ့ကံကို ယူမှာဖြစ်တဲ့အတွက်ကြောင့်မို့ အရူပချန်ရတယ်၊ အဲဒါကြောင့်မို့ ကံဆိုတာ ဒီနေရာမှာ အကုသိုလ်စိတ် ၁၂, မဟာကုသိုလ်စိတ်၈, ရူပကုသိုလ်စိတ် ၅ပါး၊ ဆိုတဲ့ စိတ်၂၅-ပါးပဲ၊ အဲဒီစိတ် ၂၅-ပါးနဲ့ ယှဉ်တဲ့စေတနာ၊ အဲဒါကို ကံလို့ခေါ်တယ်။

အဲဒီကံက ဘယ်မှာ ကမ္မဇ (ကမ္မဇဆိုတာ ကံကြောင့်ဖြစ်တဲ့ရုပ်)ရုပ်ကို ဘယ်သန္တာန်မှာ ဖြစ်စေသလဲဆိုရင် အဇ္ဈတ္တသန္တာန်၌ ဖြစ်စေတယ်။

အဇ္ဈတ္တိကသန္တာန်ဆိုတာ ကိုယ့်သန္တာန်လို့ ဆိုလိုတယ်၊ အတွင်းသန္တာန်ဆိုတော့ (အမှန်အတိုင်းပြောရင်) သက်ရှိသန္တာန်ပါပဲ၊ ကိုယ့်အဇ္ဈတ္တိက ဒီလူအဇ္ဈတ္တိက ဟိုလူ့ အဇ္ဈတ္တိက စသည်ဖြစ်နိုင်တာပေါ့၊ ရှင်းရှင်းကတော့ သက်မဲ့မှာ မရှိဘူးလို့ ဆိုလိုတာ၊ အဇ္ဈတ္တိက သန္တာန်ဆိုတာ သက်ရှိသန္တာန်ကိုသာ ဆိုလိုတယ်။

ဒါကြောင့် ကမ္မဇရုပ်ဆိုတာဟာ သက်ရှိသန္တာန်မှာသာ ဖြစ်နိုင်တယ်၊သက်မဲ့ သစ်ပင်တို့, တောတောင်ရေမြေတို့မှာ ကမ္မဇရုပ်မရှိနိုင်ဘူး၊ ဒါကို သေသေချာချာ မှတ်ထားရမယ်။

အဇ္ဈတ္တိကသန္တာန်မှာ ကမ္မဇရုပ်ကိုဖြစ်စေတော့ ဘယ်အချိန်ကစပြီး ဖြစ်စေ

http://www.dhammadownload.com



သလဲ "ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာမှစ၍"၊ ပဋိသန္ဓေစိတ်ဖြစ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကမ္မဇရုပ်ကလည်း လူတို့လို တိရစ္ဆာန်တို့ ဂဗ္ဘသေယျဆိုတဲ့ အမိဝမ်းကိန်းရတာမျိုး ဆိုရင် ပဋိသန္ဓေစိတ်ရယ်, ကလာပ်သုံးစည်းရယ်၊ ကမ္မဇရုပ် ၃၀-တစ်ခါထဲဖြစ်တယ်၊ အဲသလို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာကစပြီးဖြစ်တာ၊ အဲဒီတော့ ဘဝစစချင်း ကမ္မဇရုပ်ဖြစ်တာပဲ။

နောက်ဘဝက ပြုခဲ့တဲ့ကံရှိတယ်၊ အဲဒီကံကြောင့် ဝိပါက်စိတ်ဖြစ်တယ်၊ ပြီးတော့ ကမ္မဇရုပ်ဖြစ်တယ်၊ ဒါကြောင့် ဝိပါက်နာမက္ခန္ဓာရုပ်ဆိုပြီးတော့ ပဋ္ဌာန်းမှာ အဲဒီအခေါ်အဝေါ်နဲ့ သုံးသွားတယ်။

**မေး** – အဲဒီရုပ်က စိတ်ကြောင့်ဖြစ်တာလား

**ဖြေ** – ကံကြောင့်ဖြစ်တာ, စိတ်ကြောင့်ဖြစ်တာ မလာသေးဘူး, နောက်တော့ လာလိမ့်မယ်။

အဲဒါကြောင့် ပဋိသန္ဓေမှာ ခဏ ၃-ချက်ရှိတယ်၊ ဥပါဒ်, ဌီ, ဘင်, အဲဒီ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်, ဌီ, ဘင်၃-ချက်လုံးမှာ စိတ္တဇရုပ်မပေါ်သေးဘူးတဲ့၊ ကမ္မဇ ရုပ်ပဲ ရှိသေးတယ်၊ နောက်တော့ ဥတုဇတော့ ရှိလိမ့်ဦးမယ်၊ ဒီမှာပထမကမ္မဇရုပ်နဲ့ ၂-ပါးပဲ ပြောမယ်ဆိုရင် ကမ္မဇရုပ်ပဲ ရှိသေးတယ်၊ စိတ္တဇရုပ်မရှိသေးဘူး။

ကောင်းပြီ, အဲဒီပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏာကစပြီးတော့ နောက် ဘယ်အချိန် တွေမှာဖြစ်စေတာလည်းဆိုတော့ စိတ်၏ခဏတိုင်း ခဏတိုင်းဖြစ်စေသည်၊ ခဏတိုင်း ခဏတိုင်းဆိုတာ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ, အဲသလိုယူရမယ်၊ ခဏ, ခဏ ငယ်လေးတွေပါယူရမှာ။

ဒါကြောင့်မို့ တစ်ဘဝလုံးမှာ ကမ္မဇရုပ် မဖြစ်တဲ့အခိုက်အတန့်ရယ်လို့များ ရှိသေးလား၊ မရှိနိုင်ဘူး, အမြဲဖြစ်နေတာပဲ၊ ကံဟာ ဘယ်လောက်အားရှိသလဲဆိုတာ အဲဒါသာကြည့်၊ တစ်ဘဝလုံး တစ်ခါထဲဖြစ်အောင် သူလုပ်ပစ်လိုက်တာ၊ အမှန်ကတော့ စိတ်လည်း ဖြစ်နေတာပဲ၊ အာရုံသစ်ပေါ်လာတဲ့အခါ ဝီထိစိတ်ဝင် ဖြစ်တော့ သူက ဖြစ်ခွင့်မရဘူး၊ ဝီထိစိတ်မဖြစ်တဲ့အခါကျ ဒီဝိပါက်စိတ်တွေဖြစ်နေတာကို ဘဝင်လို့ခေါ်တယ်မဟုတ်လား၊ ဒါ တစ်ဘဝလုံးသွားတာပဲ၊ ပဋိသန္ဓေစိတ်တွေပင်လျှင် ထပ်ဖြစ်နေရတော့ သူ့ကို ပဋိသန္ဓေလို့ မခေါ်တော့ဘူး၊ ဘဝင်လို့ခေါ်တော့တယ်၊ နောက်ဆုံး သေတဲ့အခါကျ ဒီစိတ်နဲ့ပဲ သေတော့ သူ့ကို စုတိစိတ်ခေါ်တော့တယ်။ ကြားမှာ အခုလို အာရုံသစ်တွေ့လို့ မြင်တာကြားတာတွေ့တဲ့အခါမှာ ပဉ္စဒွါရဝီထိတွေ ဖြစ်တယ်၊ မနောဒွါရဝီထိတွေဖြစ်တယ်ဆိုရင် သူက အသာကွယ်သွားတယ်၊

http://www.dhammadownload.com



ပြီးတော့ ပြန်ပေါ်လာတယ်။

ရုပ်တွေလဲ ဒီလိုပဲ၊ ကမ္မဇရုပ်ဟာ ခဏတိုင်းခဏတိုင်းဖြစ်တာ၊ နောက်ဆုံး ရူပပဝတ္တိက္ကမ္မဆိုတဲ့အပိုင်း ရောက်တော့ သေခါနီး ဘယ်ထိအောင်ဖြစ်တယ်၊ ဘယ်အချိန်မှာ အပြီးသတ်ချုပ်တယ်ဆိုတာတွေ လုပ်ရလိမ့်ဦးမယ်၊ ဒါက အဖြစ်ပဲ ရှိသေးတယ်၊ အစပဲရှိသေးတယ်။

ဒါကြောင့်မို့ မှတ်သားရမှာက ကံဟာရုပ်ကို ဖြစ်စေတယ်၊ ရုပ်ကိုဖြစ်စေတဲ့ အစ္ဈတ္တိကခေါ်တဲ့သက်ရှိသန္တာန်မှာသာ ဖြစ်စေတယ်လို့ ဆိုလိုတယ်၊ ဘယ်အချိန်က စပြီး ဖြစ်စေသလဲဆိုရင် ပဋိသန္ဓေရဲ့ ဥပါဒ်ခဏကစပြီး ဖြစ်စေတယ်။

ဘယ်အခြေအနေမှာ ဖြစ်စေတာတုန်း၊ ခဏတိုင်းခဏတိုင်းမှာ ဖြစ်စေတာ၊ ဆိုပါတော့, ပဋိသန္ဓေရဲ့ဥပါဒ်ခဏမှာ ရုပ်–၃၀ ဖြစ်တယ်ဆိုပါတော့၊ ဌီခဏမှာ ထပ်ပြီးတော့ရုပ်–၃၀ ဖြစ်မယ်၊ ဘင်ခဏမှာ ထပ်ပြီးတော့ ရုပ်–၃၀ ဖြစ်မယ်ဆိုတော့ ဘင်ခဏမှာ ရုပ်ပေါင်း ၉၀–ဖြစ်မသွားဘူးလား၊ အဲသလို တိုး, တိုးသွားမယ်။

နောက်အခါကျတော့ ရုပ်ဝီထိဆိုတာရှိတယ်၊ နာမ်ဝီထိတင်မဟုတ်ဘူး၊ ရုပ်ဝီထိဆိုတာရှိတယ်၊ အကုန်လုံး မလုပ်နိုင်ပေမယ်လို့ နည်းနည်းတော့ အမြည်းသဘော လုပ်ရလိမ့်ဦးမယ်။

ရုပ်လဲဒီလိုပဲ၊ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ ရုပ်ဘယ်လောက်ရတယ်, ဌီမှာ ဘယ်လောက်ရတယ်, ဘင်မှာဘယ်လောက်ရတယ်, ပထမဘဝင်မှာ ဘယ်လောက်ရတယ်၊ အဲသလို တွက်တာတွေ ရှိသေးတယ်၊ အဲဒါလဲ ဦးဇင်းတို့ မြန်မာဆရာတော်တွေ ထွင်ထားတာနော်၊ အဋ္ဌကထာတွေထဲမှာ ဒီလောက် အသေးစိပ် မရှိဘူး၊ ရှေးဆရာတော်ကြီးတွေ အတော့်ကိုထွင်နိုင်တယ်၊ အတော့်ကို ဉာဏ် နက်နဲတယ်။

သင်္ဂြိုဟ်မှာ နာမ်ဝီထိရှိတာကို ရုပ်ဝီထိလည်းရှိတယ်လို့ဆိုပြီး ရုပ်ကိုလုပ်ပြ ထားတာ ရှိတယ်၊ ရုပ်ပိုင်းဆုံးတဲ့အခါကျတော့ လေ့လာရလိမ့်မယ်။

**မေး** – ရုပ်လဲ ဥပါဒ်, ဌီ, ဘင်ပဲ မဟုတ်ပါလား၊ ဖြစ်ကြ, တည်ကြ, ပျက်ကြတာပဲ ထင်တယ်။

**ဖြေ** – သူ့ကျတော့ ခဏငယ် ၅၁–ချက်ကြာမယ် မဟုတ်လား၊ duration က သူက နာမ်ထက်ကြာတယ်လေ၊ စိတ်ကတော့ ဥပါဒ်, ဌီ, ဘင်ဆို ပျောက်သွားပြီ၊ ရုပ်ကျတော့ စိတ်ရဲ့ ဥပါဒ် ဌီ, ဘင်နဲ့ မပျောက်သေးဘူး၊ ဥပါဒ်, ဌီဘင်, ဥပါဒ်, ဌီ,ဘင်နဲ့ သွားနေပြီး ၁၇ ချက်ကျမှ ချုပ်မှာ၊ သူ့ duration ကရှည်တယ်၊ အဲဒါနဲ့

http://www.dhammadownload.com



တွက်ပြီးသွားတာပေါ့၊ ၁၇-ချက် ထိအောင်တော့ ဥပါဒ်မှာတိုးမယ်၊ ဌီမှာတိုးမယ်၊ ဘင်မှာတိုးမယ်၊ တိုးတိုး သွားတာ၊ ၁၇-ချက် ဟိုဘက်ခဏ ငယ်နဲ့ ပြောရင် ၅၁ ချက်ဟိုဘက်မှာ လျော့တာလျော့၊ တိုးတာတိုးဆိုတော့ အဲဒီကျတော့ သချာ တူဖြစ်သွားလိမ့်မယ်။

ဆိုပါတော့, ၁၈-ခုမြောက်စိတ်ရဲ့ ဥပါဒ်ခဏမှာဆိုရင် ၁၇-ခုမြောက်ရဲ့ ဘင်နဲ့ အတူတူလိုဖြစ်သွားလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီကျတော့ ၃-ခု လျော့ ၃-ခုတိုး ဖြစ်သွားလိမ့်မယ်၊ အဲသလိုသွားမှာ၊ နောက်ရုပ်ဝီထိကျတော့ အဲဒါ လာလိမ့်မယ်၊ စိတ်ဝင်စားစရာကောင်းတယ်။

ဒါကြောင့်မို့ ခဏတိုင်းခဏတိုင်းမှာ ကမ္မဇရုပ်တွေဖြစ်တယ်၊ ကမ္မဇရုပ်ဆိုတာ ဘာတွေလဲဆိုတာ မသိသေးဘူးနော်၊ ကံကြောင့်ဖြစ်တဲ့ရုပ်ကို ကမ္မဇရုပ်လို့ တော်ကြာ ကျရင် ခွဲလိမ့်မယ်။

နောက်တစ်ခုက စိတ်ကြောင့်ဖြစ်တဲ့ရုပ်တဲ့၊ ဒါကြောင့် စိတ်ဟာလည်းရုပ်ရဲ့ ဖြစ်ကြောင်းတစ်ခုပဲ၊ ဘယ်စိတ်တွေယူရမှာတဲ့လဲ၊ အရူပဝိပါက် ၄-ခုရယ်၊ ဒွေးပဉ္စ ဝိညာဏ် ၁၀-ကြဉ်ရမယ်၊ အရူပဝိပါက်ကတော့ ရုပ်မုန်းတဲ့ဗြဟ္မာတွေရဲ့ သန္တာန်မှာ ဖြစ်တဲ့စိတ်ဆိုတော့ သူက ရုပ်မဖြစ်စေနိုင်ဘူး၊ ဒွေးပဉ္စဝိညာဏ် ၁၀ ကလည်း ရုပ်မဖြစ်စေနိုင်ဘူး။။

ဘာကြောင့်လဲဆိုတော့ ဒွေးပဉ္စဝိညာဏ်-၁၀ မှာ ယှဉ်တဲ့စေတသိက်တွေ ကြည့်လိုက်စမ်း၊ အခုတော့ သိပ်နားလည်မှာ မဟုတ်သေးဘူး၊ သမုစ္စည်းပိုင်းရောက်မှ နားလည်လိမ့်မယ်ဆိုပါတော့၊ အားကောင်းတဲ့စေတသိက်တွေ တစ်ခုမှမပါဘူးလို့ ဆိုလိုတယ်၊ ဈာန်အင်္ဂါဖြစ်ထိုက်တဲ့ စေတသိက်တို့ မဂ္ဂင်ဖြစ်ထိုက်တဲ့ စေတသိက်တို့ ဘာမှ မပါဘူး။

ဒွေး ပဉ္စဝိညာဏ် ၁၀-မှာ ဘာစေတသိက်တွေ ယှဉ်သလဲ မှတ်မိကြလား၊ ပြန်ကြည့်စမ်းပါ၊ သဗ္ဗစိတ္တသာဓာရဏပေါ့၊ အဲဒီထဲမှာ ဟိတ်ဖြစ်တဲ့စေတသိက်တို့, မဂ္ဂင်ဖြစ်တဲ့ စေတသိက်တို့, ဈာန်အင်္ဂါဖြစ်တဲ့ စေတသိက်တွေ မပါဘူး။

အဲသလို ထက်မြက်တဲ့ စေတသိက်တွေ မပါတော့ ဒွေးပဉ္စဝိညာဏ် ၁၀- ဟာ ရုပ်လို့ မဖြစ်စေနိုင်ဘူးတဲ့၊ ဒါကြောင့် ရုပ်ဖြစ်စေနိုင်တဲ့ စိတ်ဆိုရင် အရူပ ဝိပါက် ၄-ခုနဲ့ ဒွေးပဉ္စဝိညာဏ်-၁၀ ကြဉ်ရတယ်၊ ကျန်တာ ၈၉-ထဲက ၁၄-နှုတ် လိုက်တော့ ၇၅-ကျန်တယ်၊ အဲဒီ ၇၅-ပါးသော စိတ်တွေဟာ ရုပ်ကို ဖြစ်စေ နိုင်တယ်။

http://www.dhammadownload.com



ကောင်းပြီ, ရုပ်ကိုဖြစ်စေနိုင်တော့ ဘယ်အချိန်ကစပြီးတော့ ဖြစ်စေနိုင်သလဲ၊ ပဋိသန္ဓေမှာ ဖြစ်စေနိုင်သလားတဲ့။

ပဋိသန္ဓေမှာတော့ မဖြစ်စေနိုင်ဘူးတဲ့၊ ဘာကြောင့်တုန်း ကံက သူ့တာဝန် ယူလိုက်ပြီပဲ၊ ရုပ်ဖြစ်စေနိုင်တဲ့ လုပ်ငန်းကို ကံက ယူလိုက်ပြီ၊ ဒါကြောင့်မို့ ပဋိသန္ဓေစိတ်က ရုပ်ကို မဖြစ်စေဘူး၊ ပြီးတော့လည်းပဲ ဘဝတစ်ခုမှာ ရောက်သစ်စ လည်း ဖြစ်နေတယ်၊ ဘွားကနဲ ရောက်လာတာလည်း ဖြစ်တော့ သူက မခိုင်မြဲသေးဘူးပေါ့၊ သူများကို ဖြစ်စေနိုင်ဖို့နေသာသာ၊ ကိုယ့်ကိုကိုယ်တောင် ရပ်နေနိုင်ဖို့ ကြိုးစားနေရ သေးတယ်၊ တစ်စုံတစ်ခု ပစ်ချလိုက်ရင် ဟိုမှာကျသွားတဲ့အခါ တခြားဘာမှ မလုပ်နိုင်သေးသလိုပေါ့။

ဒါကြောင့်မို့ ပဋိသန္ဓေစိတ် အခိုက်အတန့်မှာ စိတ္တဇရုပ် မဖြစ်ပေါ်သေးဘူး၊ ကမ္မဇရုပ်သာ ဖြစ်ပေါ်သေးတယ်၊ ပြီးတော့ ပဋ္ဌာန်းနည်းနဲ့ပြောမယ်ဆိုရင် ဘာပစ္စည်းမှ သူ့မှာ အထောက်အပံ့ခံရတာမရှိသေးဘူး၊ သူက ဒီတစ်ဘဝမှာ ပထမဆုံးစိတ်ဆိုတော့ ပုရေဇာတတို့ဆိုတာတွေ မရှိပဲကိုး၊ ဒါကိုလည်းပဋ္ဌာန်းကျမှ သိလိမ့်မယ်။

အဲသလို အားနည်းလို့ပဲ မှတ်ထားလိုက်ပါ၊ အားနည်းတဲ့အတွက်ကြောင့် သူမဖြစ်တော့ ဘယ်အချိန်ကစပြီး ဖြစ်မလဲ"ပဋိသန္ဓေ နောင် ပထမဘဝင်၏ ဥပါဒ်မှစ၍"တဲ့။

ပဋိသန္ဓေပြီးရင် ပထမဘဝင်ရှိတယ်၊ (ပထမ, ဒုတိယ, တတိယ စသည် ရှိတော့) ပထမဘဝင်ရဲ့ ဥပါဒ်မှစပြီးတော့ ဖြစ်တယ်, ဖြစ်တဲ့အခါမှာ ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃-ချက်စလုံးမှာ ဖြစ်သလားတဲ့, ဘယ့်နှယ်တုန်း။

"မိမိတို့ ဥပါဒ်ခိုက်၌ ဥပါဒ်ခိုက်၌ စိတ္တဇရုပ်ကို ဖြစ်စေသည်တဲ့" ဥပါဒ် အခိုက်မှာသာ စိတ်က စိတ္တဇရုပ်ကို ဖြစ်စေတယ်၊ ဌီ, ဘင်, အခိုက်မှာ မဖြစ်စေ နိုင်ဘူး၊ ဘာကြောင့်တုန်းဆိုတော့ သူတို့ကတော့ ဥပါဒ်အခိုက်မှာ အားရှိတယ်၊ ဌီကျတော့ ဇရာဖြစ်သွားပြီလေ၊ အိုမင်းရင့်ရော်သွားပြီ၊ ဘင်ကျတော့ ပျောက်သွားပြီ ဆိုတော့ အဲဒီအချိန်မှာ အားမရှိတော့ဘူး။

ရုပ်နဲ့စိတ်နဲ့ အဲဒါကွာတာ၊ စိတ်က ဥပါဒ် အခိုက်မှာ အားရှိတယ်၊ ရုပ်က ဌီအခိုက်ကျမှ အားရှိတယ်။

ဒါကြောင့်မို့ ပထမဘဝင်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇရုပ်ဖြစ် လိမ့်မယ်၊ အဲဒီတော့ ပဋိသန္ဓေစိတ်ရဲ့ ခဏငယ် ၃-ချက်မှာ စိတ္တဇရုပ် လုံးဝ မရှိသေးဘူး၊ ပထမဘဝင်ရဲ့ဥပါဒ်မှာ စိတ္တဇရုပ် တစ်ခုပဲ ပြောကြပါစို့၊ ပထမဘဝင်ရဲ့

http://www.dhammadownload.com



ဋ္ဌီမှာ စိတ္တဇရုပ် တစ်ခုပဲ၊ မတိုးသေးဘူး၊ ပထမဘဝင်ရဲ့ ဘင်မှာ မတိုးသေးဘူး။

ဒုတိယဘဝင်ရဲ့ ဥပါဒ်ကျတော့ တစ်ခု တိုးသွားပြီ၊ တစ်ခါ ဋ္ဌီနဲ့ဘင်မှာ မတိုးသေးဘူး၊ ၂-ပဲသွားဦးမယ်။

တတိယဘဝင်ရဲ့ ဥပါဒ်မှာ တစ်ခုတိုးတော့ ၃-ဖြစ်မသွားဘူးလား၊ အဲသလို သူက ဥပါဒ်, ဥပါဒ်မှာသာတိုးတိုးသွားမယ်၊ ရုပ်ဝီထိကျတော့ ဒါပြန်လာမယ်။

အဲဒီလို စိတ္တဇရုပ်များဟာ ဥပါဒ်, ဋ္ဌီ, ဘင် ခဏငယ် ၃-ချက်ရှိရာမှာ ဥပါဒ်အခိုက်အတန့်မှာသာ ဖြစ်တယ်၊ ဋ္ဌီ, ဘင် အခိုက်အတန့်မှာ မဖြစ်ဘူး၊ အဲဒါမှတ်ထားကြ။

**မေး** - ကာလလရုပ်နဲ့ စိတ္တဇရုပ်ဟာ မတူဘူးလား။

**ဖြေ** - မတူဘူး၊ မတူဘူးဆိုတာက တချို့ရုပ်က ကံကြောင့်လည်းဖြစ်မယ်, စိတ်ကြောင့်လည်းဖြစ်မယ်၊ တချို့ရုပ်ကတော့ ကံကြောင့်သာဖြစ်တယ်၊ စိတ်ကြောင့်သာဖြစ်တယ်၊ ဒါလည်းရှိတယ်၊ လာလိမ့်မယ်။

ဒါကစိတ်၊ အဲဒီစိတ်ကို ဖြစ်စေနိုင်တဲ့ ရုပ်တွေထဲမှာ နည်းနည်း (particular) အထူးအခြားလေးတွေ ရှိသေးတယ်၊ အဲဒါကိုမှတ်မိအောင် မှတ်ရလိမ့်မယ်။

"အဲဒီစိတ်တွေထဲမှာ အပ္ပနာဇော ၂၆-ဟာ ရုပ်သာမညအပြင် ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်တယ်တဲ့"၊ ထောက်ပံ့နိုင်တယ်ဆိုတာ ဖြစ်စေနိုင်တာမဟုတ်ဘူးပေါ့၊ တခြားစိတ်က ဖြစ်စေတဲ့ ဣရိယာပုတ်တွေကို သူက (maintain) လုပ်ထားတယ်ပေါ့၊ ခံနိုင်အောင်လုပ်ထားတယ်၊ ထောက်ပံ့ထားတယ်ပေါ့၊ ဘယ်ဇောတွေတုန်း၊ အပ္ပနာဇော ၂၆ တဲ့။

အပ္ပနာဇော ၂၆-ဆိုတာ ရူပါဝစရဇော၊ အရူပါဝစရဇော၊ လောကုတ္တရာဇော၊ ရူပါဝစရက ကုသိုလ်-၅၊ ကြိယာ-၅၊ အရူပါဝစရက ကုသိုလ်-၄၊ ကြိယာ-၄၊ လောကုတ္တရာစိတ် ၈-ခု၊ အားလုံးပေါင်း-၂၆၊ အဲဒါကို အပ္ပနာဇော-၂၆ လို့ ခေါ်တယ်။

အဲဒီအပ္ပနာဇော ၂၆-ဟာ သူ့စိတ်သဘောအတိုင်း ရုပ်သာမညကိုလည်း ဖြစ်စေတယ်၊ ပြီးတော့ ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်တယ်တဲ့၊ ဒါကြောင့်မို့ ဈာန်ဝင်စားနေတဲ့အခါကျတော့ တင်ပျဉ်ခွေလျက်ကြီးနဲ့ ၇-ရက် လုံးနေတာ၊ အဲဒီအချိန်အခါမှာ သူ့ကို တွန်းလှဲလိုက်ရင်တင်ပျဉ်ခွေလျက်ကြီး လဲသွားမှာပဲ၊ တင်ပျဉ်ခွေပျက်မှာ မဟုတ်ဘူး၊ ဘာကြောင့်တုန်းဆိုတော့ ဣရိယာပုတ်ကို ဈာန်ဇောတွေက သူ့အတိုင်း ထောက်ပံ့ထားနိုင်တယ် (သို့မဟုတ်) ဖိုလ်ဝင်စားနေရင်လည်း ဖိုလ်ဇောတွေ

http://www.dhammadownload.com



ကပေါ့။

အဲဒီတော့ အပ္ပနာဇော မဟုတ်တဲ့ ကာမာဝစရဇောတောင်မှ တရားထိုင်လို့ တော်တော်သမာဓိကောင်းလာပြီး ဉာဏ်စဉ်အထက် ရောက်သွားပြီဆိုတော့ နေနိုင်လာတယ်၊ သူတို့လည်း အပ္ပနာဇောလောက် ခိုင်ခိုင်ခန့်ခန့် မထောက်ပံ့နိုင်ပေမယ်လို့ သူ့အနေအထားနဲ့သူ ထောက်ပံ့နိုင်တယ်၊ ဒါကြောင့်မို့ အဲဒီအခါကျတော့ ၂-နာရီ, ၃-နာရီကြာ တရားထိုင်လာနိုင်တယ်၊ ညောင်းတာတွေဘာတွေ မရှိဘူး၊ တချို့ညလုံးပေါက် မအိပ်ပဲနဲ့ နေနိုင်တယ်ဆိုတာ အဲဒါကြောင့်။

အဲဒါ အပ္ပနာဇောတောင် မရောက်သေးဘူး၊ ကာမာဝစရဇောပဲ ရှိသေးတယ်၊ ဒါပေမယ်လို့ သမာဓိအားကောင်းလာတဲ့အချိန်အခါမှာ ဖြစ်တယ်၊ အပ္ပနာဇောတို့ကျတော့ ပိုပြီး အားကောင်းတာပေါ့၊ ဒါကြောင့်မို့ အပ္ပနာဇော ၂၆-ခုတို့သည် ရုပ်သာမညအပြင် ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်တယ်။

ပြီးတော့ "ဝုဋ္ဌော၊ ကာမဇော-၂၉, အဘိညာဏ်-၂, အဲဒီ ၃၂ ပါးသော စိတ်တွေကတော့ ရုပ်သာမညနှင့် ဣရိယာပုထ်အပြင်၊ ကာယဝိညတ်, ဝစီဝိညတ် ၂-ပါးကိုလည်း ဖြစ်စေနိုင်တယ်"တဲ့၊ ၃-မျိုးလုံး ဖြစ်စေနိုင်တယ်လို့ ဆိုလိုတာပေါ့။

ဒါဖြင့်ရင် မနောဒွါရဝဇ္ဇန်းရယ်, ကာမဝစရဇောတွေရယ်, အဘိညာဏ် ၂-ပါးရယ်က ရုပ်သာမညကိုလည်းဖြစ်စေနိုင်တယ်၊ ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်တယ်၊ ကာယဝိညတ်, ဝစီဝိညတ် ၂-ပါးကိုလည်းဖြစ်စေနိုင်တယ်။

ကာယဝိညတ်ဆိုတာ ကိုယ်လှုပ်ရှားမှုနဲ့ မိမိအလိုကို သိစေတာ၊ ဝစီဝိညတ်ဆိုတာ နှုတ်က ဖြစ်ပေါ်တဲ့စကားလုံးနဲ့ မိမိအလိုကို သိစေတာ။

တစ်ခါ အဲဒီစိတ် ၃၂-ပါးမှာ လောဘမူသောမနဿဇော-၄, ဟသိတုပ္ပါဒ်ဇော-၁, မဟာကုသိုလ်, မဟာကြိယာ သောမနဿဇော ၈-ခု, (မဟာကုသိုလ်ထဲက ၄-ခု, မဟာကြိယာထဲက ၄-ခု) ဤ ၁၃-ပါးသော စိတ်တို့သည် ပြုံးရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏"

အခုပြုံးတယ် ရယ်တယ်ဆိုတာ ဒီစိတ်တွေနဲ့ ပြုံးကြရယ်ကြတယ်တဲ့၊ ဘယ်စိတ်တွေတုန်း၊ တစ်ခါတလေ လောဘနဲ့ရယ်တယ်၊ တစ်ခါတလေ ကာမာဝစရကုသိုလ်နဲ့ ရယ်တယ်၊ ရဟန္တာတွေပြုံးကြရယ်ကြတဲ့အခါမှာဆိုရင် ကာမာဝစရကြိယာနဲ့ပေါ့၊ ပြီးတော့ ဟသိတုပ္ပါဒ်ပေါ့။

ဒါကြောင့်မို့ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်တဲ့စိတ် ၁၃-ပါးရှိတယ်၊ လောဘမူသောမနဿ-၄၊ ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ် သောမနဿ-၄, မဟာ ကြိယာ

http://www.dhammadownload.com



သောမနဿ–၄။

အဲဒီမှာ တစ်ခါခွဲလိုက်သေးတယ်၊ ပုထုဇဉ်တွေက ဘယ်စိတ်တွေနဲ့ ရယ်နိုင်သလဲ၊ သေက္ခတွေက ဘယ်စိတ်တွေနဲ့ ရယ်နိုင်သလဲ၊ ဘုရားရဟန္တာက ဘယ်စိတ်တွေနဲ့ ရယ်နိုင်သလဲ၊ အဲဒီတော့ လင်္ကာလေးက ဘယ်လိုတဲ့လဲ။

*** ရှစ်ပုထုဇန်, ခြောက် သေက္ခန်၊ ငါးတန် ရဟန္တာ,**

ပုထုဇဉ်တွေက စိတ် ၈–မျိုးနဲ့ ရယ်တယ်တဲ့၊ သေက္ခဆိုတာ အရိယာတော့ အရိယာပဲ၊ သို့သော် ရဟန္တာမဟုတ်သေးဘူး၊ သောတာပန်, သကဒါဂမ်, အနာဂါမ်ပဲ ပြောကြပါစို့၊ သူတို့ကို သေက္ခလို့ခေါ်တယ်၊ သေက္ခပုဂ္ဂိုလ်တွေက စိတ် ၆–မျိုးနဲ ရယ်တယ်၊ ရဟန္တာကျတော့ စိတ်၅ –မျိုးနဲ့ ရယ်တယ်တဲ့။

*** ဟာသအကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ၊**

တေရသာဆိုတာ ပါဠိစကား၊ ၁၃–လို့ ဆိုလိုတယ်၊ လင်္ကာလေးတွေက စာသင်သားတွေ သင်ပေးတဲ့အခါ သိပ်ကောင်းတယ်၊ လင်္ကာလေးရထားရင် မေ့လည်း မမေ့ဘူး၊ လင်္ကာလေးရလိုက်ရင် သိတော့တာပဲ။

ကိုင်း ၈, ၅, ၆ တို့ကို ကိုယ့်ဟာကိုယ် ရှာရလိမ့်မယ်၊ လွယ်ပါတယ်။

ပုထုဇဉ်အနေနဲ့ ပြောစမ်း၊ လောဘမူသောမနဿနဲ့ မရယ်ပေဘူးလား, ရယ်မယ်၊ ဟသိတုပ္ပါဒ်နဲ့ မရယ်ဘူး၊ မဟာကုသိုလ်သောမနဿ ၄–ခုနဲ့ ရယ်နိုင်တယ်၊ မဟာကြိယာသောမနဿ ၄–နဲ့ မရယ်နိုင်ဘူး၊ ဒါဖြင့် ပုထုဇဉ်ရဲ့ ရယ်နိုင်တဲ့စိတ် ၈–ခုဆိုတာ လောဘမူသောမနဿ ၄, မဟာကုသိုလ်သောမနဿ ၄–ပေါ့။

ကောင်းပြီ, သေက္ခပုဂ္ဂိုလ်တွေကျတော့ စိတ် ၆–မျိုးနဲ့ ရယ်နိုင်တယ်၊ လောဘမူသောမနဿ ၄ နဲ့ ရယ်မလား၊ မရယ်လား၊ အရိယာဖြစ်သွားရင် ဒိဋ္ဌိ ရှိသေးလား၊ မရှိဘူး၊ ဝိစိကိစ္ဆာရှိသေးလား၊ မရှိဘူး။

ဒါဖြင့်ရင် လောဘမူသောမနဿထဲမှာ ဒိဋ္ဌိဂတ သမ္ပယုတ်မပါဘူးလား၊ ၂–ခုပါတယ်၊ ဒိဋ္ဌိဂတသမ္ပယုတ် ၂–ခုနဲ့လည်းမရယ်ဘူး၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဟာ ဒိဋ္ဌိဂတသမ္ပယုတ်နဲ့ မရယ်ဘူး။

ဒါကြောင့်မို့ သေက္ခပုဂ္ဂိုလ်များဟာ စိတ် ၆–ပါးနဲ့၊ ရယ်တယ်ဆိုရင် လောဘမူဒိဋ္ဌိဂတ ဝိပ္ပယုတ်သောမနဿဇော ၂–ခုနဲ့ မဟာကုသိုလ်သောမနဿဇော ၄–ခုနဲ့ ရယ်လိမ့်မယ်။

ဘုရားရဟန္တာတွေကျတော့ စိတ် ၅–မျိုးနဲ့ ရယ်နိုင်တယ်တဲ့၊ လောဘမူ သောမနဿဇော ၄–ခုထဲက တစ်ခုခုနဲ့ ရယ်မလား၊ ဘယ်ရယ်မလဲ၊ ရှိမှမရှိတော့ပဲ၊

http://www.dhammadownload.com



ဟသိတုပ္ပါဒ်နဲ့ ရယ်မယ်၊ မဟာကုသိုလ်နဲ့ မရယ်ဘူး၊ မဟာကြိယာနဲ့ ရယ်မယ်ဆိုတော့ ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿဇော-၄၊ ပေါင်းရင် ၅-မျိုး၊ ဒီ ၅မျိုးနဲ့ ရယ်မယ်။

ဒါကြောင့်မို့

*** ရှစ်ပုထုဇန်၊ ခြောက်သေက္ခန်၊ ငါးတန် ရဟန္တာ၊**

*** ဟာသအကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်းတေရသာ၊**

ဒီနေရာမှာ တချို့က ဘယ်လိုယူဆလဲဆိုတော့ မြတ်စွာဘုရားသည် ဟသိတုပ္ပါဒ်နဲ့ မရယ်ထိုက်ပါဘူး၊ ဟသိတုပ္ပါဒ်စိတ်ဟာ မြတ်စွာဘုရား သန္တာန်မှာ မဖြစ်ထိုက်ပါဘူးလို့ဒီလိုယူဆတဲ့ ပုဂ္ဂိုလ်တွေ ရှေးကရှိခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ ဟသိတုပ္ပါဒ်စိတ်က အဟိတ်စိတ်ဖြစ်နေတယ်၊ အဟိတ်စိတ်ဆိုတော့ ဉာဏ်တွေနဲ့ မယှဉ်ဘူး၊ အဲဒီတော့ အာဝေနိကဂုဏ်တော်ထဲမှာ "သဗ္ဗံ ကာယကမ္မံ, ဉာဏပုပ္ဗင်္ဂမံ, ဉာဏာနုပရိဝတ္တံလို့ ဟောထားတာရှိတယ်၊ မြတ်စွာဘုရားရဲ့ အလုံးစုံသော ကာယကံ, ဝစီကံ, မနောကံတို့ဟာ ဉာဏ်ရှေ့သွားရှိတယ်၊ ဉာဏ်နောက်ကလိုက်တယ် (မထူးပါဘူး၊ ဉာဏ်ကရှေ့ကသွားတာနဲ့၊ ဉာဏ်ရဲ့နောက်က လိုက်တာနဲ့ အတူတူပါပဲ၊ အဓိပ္ပါယ်ကတော့ ဉာဏ်နဲ့ယှဉ်တယ်လို့ ဆိုလိုတယ်) အဲဒါကြောင့်မို့ အခုလို ဉာဏ်မယှဉ်တဲ့ အဟိတ်စိတ် မြတ်စွာဘုရား သန္တာန်မှာ မဖြစ်ထိုက်ပါဘူးလို့ ဒီလိုယူဆပြီးတော့ မြတ်စွာဘုရားဟာ မဟာကြိယာ သောမနဿနဲ့ပဲ ရယ်ချင်ရယ်မယ်၊ ဟသိတုပ္ပါဒ်နဲ့ မရယ်ထိုက်ပါဘူးလို့ ဒီလိုဆိုတယ်။

ဒါပေမယ်လို့ အများရဲ့အယူအဆကတော့ မြတ်စွာဘုရားဟာ ဟသိတုပ္ပါဒ်စိတ်နဲ့ ပြုံးတော်မူတဲ့အခါမျိုးလည်း ရှိနိုင်တယ်၊ တစ်စုံတစ်ခုမြင်ပြီးတော့ ပြုံးတော်မူတာမျိုးရှိတယ်၊ ဝက်မငယ်မြင်ပြီး ပြုံးတဲ့အခါမျိုးတို့မှာ ပထမတော့ဉာဏ်ယှဉ်တဲ့ စိတ်ဖြစ်မယ်ပေါ့၊ ပြီးတော့မှ ဟသိတုပ္ပါဒ်နဲ့ မပြုံးဘူးလို့လည်း မဆိုနိုင်ဘူးပေါ့လေ။

ဒါကြောင့်မို့ မြတ်စွာဘုရားလည်းပဲ ရဟန္တာတွေလို စိတ်၅-မျိုးနဲ့ ရယ်တယ် ဆိုတာကို အားလုံး သမာနဝါဒ ဆရာများက လက်ခံတယ်။

အဲဒါဘာကြောင့် ဦးဇင်းကပြောရတာလဲဆိုတော့ အရှင်နရဒရေးတဲ့ အင်္ဂလိပ်လို စာအုပ်ထဲမှာကျတော့ စာဖတ်တဲ့အခါမှာ စာဆုံးအောင် မဖတ်ပဲနဲ့ တစ်ဝက်တပျက် ဖတ်ပြီး ရေးပုံရတယ်၊ သူက အများအယူအဆအတိုင်း မဟုတ်ပဲ ဟသိတုပ္ပါဒ်နဲ့ မရယ်ထိုက်ဘူးဆိုပြီးတော့ ရေးတယ်၊ အမှန်ကတော့ မဟုတ်ဘူး။

ဦးဇင်းတို့က အများနောက်ပဲလိုက်ရမယ်၊ အဋ္ဌကထာဆရာတို့ ဋီကာဆရာတို့

http://www.dhammadownload.com



နောက်ပဲလိုက်ရမယ်၊ အဲဒီဆရာတွေရဲ့ အယူအဆက ဟာသိတုပ္ပါဒ်နဲ့လည်း မြတ်စွာဘုရား ရယ်နိုင်တာပဲဆိုတာရှိတယ်၊ အဲဒါကြောင့်မို့ အဲဒီစာအုပ်ဖတ်မိပြီးတော့ ဦးဇင်းပြော တာနဲ့ မကိုက်ပဲဖြစ်နေတယ်ဆိုရင် သံသယဖြစ်မှာစိုးလို့ ပြောတာ။

**မေး** – အရှင်ဘုရား၊ ဟာသိတုပ္ပါဒ်က ကြိယာစိတ်ဖြစ်ပါသလား၊

**ဖြေ** – ဖြစ်နိုင်တယ်၊ မြတ်စွာဘုရားဟာ ဝက်မငယ်မြင်လို့ ပြုံးတော်မူတယ်ဆိုတော့ ပုဗ္ဗေနိဝါသဉာဏ်တို့ အကယ်၍ ဒီပုဂ္ဂိုလ်ရှေ့ ဘာဖြစ်ဆိုတာကြည့်ရင် အနာဂတံသ ဉာဏ်ဆိုတာရှိတယ်၊ အဲသလိုဉာဏ်တွေနဲ့ကြည့်ပြီးမှ ပြုံးတော်မူတယ်ဆိုတာ ဉာဏ်နောက်လိုက်တယ်လို့ ဆိုနိုင်တာပေါ့လေ၊ ဉာဏ်နဲ့ယှဉ်ရမယ် မဆိုလိုဘူး၊ ဉာဏ်ယှဉ်တဲ့ စိတ်နောက် သူကလိုက်တယ်။

ဝက်မငယ်မြင်ပြီး ပြုံးတော်မူတဲ့အခါကျတော့ ပထမဒီဝက်မငယ်ဟာ နဂိုက ဗြဟ္မာဖြစ်ခဲ့ဖူးတယ်၊ ဗြဟ္မာဖြစ်၊ လူဖြစ်ခဲ့ပြီးမှဝက်ဖြစ်တယ်ပေါ့၊ အဲဒီတော့ ဘဝက်ရဲ့ ဆန်းကြယ်ပုံတွေမြင်ပြီးတော့ မြတ်စွာဘုရားပြုံးတော်မူတယ် ဆိုတော့ ပထမဆုံး ပုဗ္ဗေနိဝါသဉာဏ်နဲ့ သူရဲ့ အတိတ်ကို ပြန်ကြည့်ရဦးမယ်ပေါ့၊ အဲဒါ ဉာဏ်ပဲလေ၊ အဲဒီဉာဏ်နဲ့ သိပြီးနောက်မှ ပြုံးတော်မူတာဟာ၊ ဉာဏ်နောက်လိုက်တဲ့ ဉာဏာနုပရိဝတ္တိလို့ပဲ ဆိုနိုင်တယ်။

ထို့အတူပဲ အကယ်၍ အနာဂတ်မှာ ဖြစ်မှာကိုကြည့်ပြီး ပြုံးတော်မူတယ်ဆိုရင် လည်း ဒီအတိုင်းပေါ့၊ ဒါကြောင့်မို့ ဟာသိတုပ္ပါဒ်ဟာ မြတ်စွာဘုရားသန္တာန်မှာ မဖြစ်ထိုက်ဘူး ဆိုတဲ့ဝါဒကို ဆရာအများက လက်မခံဘူး။

သူကတော့ စာတစ်ဝက်တင်ဖတ်လိုက်မိရင် မြတ်စွာဘုရားဟာ ဟာသိတုပ္ပါဒ်နဲ့ မပြုံးသင့်ပါဘူး မဟုတ်လားဆိုတဲ့ စကားနားတင်ရပ်ပြီး ရှေ့ဆက်မဖတ်ဖြစ်ပုံရတယ်၊ အခုဟာက အမေးပုစ္ဆာတင် ပြောသေးတာ၊ အဖြေကို သူမဖတ်မိတာ၊ အဲသလိုဖြစ်မယ်၊ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အပြစ်တင် စကားတစ်ခြမ်းကိုသာ ဖတ်မိပြီးတော့ ကျမ်းဆရာရဲ့ စကားကို မဖတ်မိဘူး၊ အဲသလို ဖြစ်သွားတယ်။

ဒါကြောင့် ငါးတန်ရဟန္တာဆိုတဲ့ နေရာမှာ ရဟန္တာတင်မကဘူး၊ ဘုရား ကိုလည်း ထည့်ယူပါ။

ကောင်းပြီ၊ နည်းနည်းတော့ သွားလိုက်ကြဦးစို့။

ဥတုတဲ့၊ ဥတုဆိုတာဘာလဲ "သီတဥတု၊ ဥဏှဥတုဟုသမုတ်အပ်သော တေဇောဓာတ်သည်" ဥတုဆိုတာ တေဇောဓာတ်ပဲ၊ မြန်မာလို ရှင်းရှင်းပြောတော့ အပူအအေးပဲ၊ အင်္ဂလိပ်လိုကျတော့ (temprature) ပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့ သီတဥတုဆိုတာ အေးတဲ့ဥတု၊ အေးတဲ့တေဇောဓာတ်၊ ဥဏှ ဥတုဆိုတာ၊ ပူတဲ့ဥတု၊ ပူတဲ့တေဇောဓာတ်။

တေဇောဓာတ်တုန်းက ပြောခဲ့တယ်မဟုတ်လား၊ တေဇောဆိုတာ အပူလည်း ရှိတယ်, အအေးလည်းရှိတယ်လို့လေ၊ တေဇောဓာတ်အအေးကြောင့် ကြေမွသွားတာ၊ လောကန္တရိတ်ငရဲတို့မှာ သီတတေဇောကြောင့် အေးလွန်းလို့ ကြေမွသွားတာ။

အဲဒီ သီတဥဏှလို့ခေါ်တဲ့ တေဇောဓာတ်က ဌီသို့ရောက်မှသာလျှင် အဇ္ဈတ္တ သန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌လည်းကောင်း (ဒါကတော့သက်ရှိရော, သက်မဲ့ရောပေါ့၊ သက်ရှိမှာလည်းဖြစ်မယ်၊ သက်မဲ့မှာလည်းဖြစ်မယ်) ဥတုဇရုပ်ကို ထိုက်သည့် အားလျော်စွာ ဖြစ်စေသည်။

ဒီရုပ် တစ်ခုကပဲ နောက်ရုပ်တစ်ခုကို ထပ်ဖြစ်စေတယ်၊ နောက်ရုပ်တစ်ခုကို ထပ်ဖြစ်စေတယ်ပေါ့၊ အဲသလိုဖြစ်စေတဲ့အခါမှာ ဦးဇင်းတို့သန္တာန်မှာလည်း ဥတုဇရုပ်တွေ ဖြစ်တယ်၊ အပူနဲ့တွေ့တဲ့အခါ ရုပ်တစ်မျိုးနေတယ်၊ အအေးနဲ့တွေ့တဲ့ အခါ ရုပ်တစ်မျိုး နေတယ်၊ အပမှာလည်းဖြစ်နိုင်တာ သိပ်ထင်ရှားတယ်။

ဒါကြောင့်မို့ ဥတုဇရုပ်ကျတော့ သက်ရှိသန္တာန်မှာလည်းဖြစ်မယ်၊ သက်မဲ့ သန္တာန်မှာလည်းဖြစ်မယ်၊ သို့သော် ဘယ်အချိန်ရောက်မှ ဖြစ်မှာတုန်း, "ဌီသို့ရောက်မှ သာလျှင်"တဲ့။

ဥပါဒ်အခိုက်မှာ သူကမဖြစ်စေနိုင်ဘူး၊ ဌီကျမှ ဖြစ်စေမယ်ဆိုတော့ ။

http://www.dhammadownload.com



## ကမ္မဇရုပ်စသည် ခွဲပုံ

(ဇယားကွက်ကြည့်ပါ)

| | | |
|---|---|---|
| ကမ္မဇ | ကေန် ၉ + အနေကန် ၉ | ပေါင်း ၁၈။ |
| စိတ္တဇ | ကေန် ၂ + အနေကန် ၁၃ | ပေါင်း ၁၅။ |
| ဥတုဇ | ကေန် မရှိ + အနေကန် ၁၃ | ပေါင်း ၁၃။ |
| အာဟာရဇ | ကေန် မရှိ + အနေကန် ၁၂ | ပေါင်း ၁၂။ |

၄-ပါးမှအလွတ် လက္ခဏာရုပ် ၄-ပါး။

လက္ခဏာရုပ် ၄- ခုတို့သည် ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲရုပ်တို့၏ ဓမ္မတာသဘော ဖြစ်သောကြောင့် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကုန်၊ ထို့ကြောင့် လက္ခဏာရုပ် ၄-ခုတို့ကို ကမ္မဇစသည် ခွဲရာ၌ ချန်ထားရသည်။

## စိတ်နှင့် ဖြစ်စေအပ်သော ရုပ်များ

| | | | | | |
|---|---|---|---|---|---|
| လောဘမူသောမနဿ | ၄ | ရုပ် | ဣ | ဝိညတ် | ရယ်ရွှင် |
| လောဘမူဥပေက္ခာ | ၄ | ။ | ။ | ။ | |
| ဒေါသမူ | ၂ | ။ | ။ | ။ | |
| မောဟမူ | ၂ | ။ | ။ | ။ | |
| ဒွေပဥ္စဝိညာဏ် | ၁၀ | ဘာကိုမျှ မဖြစ်စေ | | | |
| သမ္ပဋိစ္ဆိုင်း | ၂ | ။ | | | |
| သန္တီရဏ | ၃ | ။ | | | |
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ | ။ | | | |
| မနောဒွါရာဝဇ္ဇန်း | ၁ | ။ | | | |
| ဟသိတုပ္ပါဒ် | ၁ | ။ | ။ | ။ | ။ |
| မဟာကု သော | ၄ | ။ | ။ | ။ | ။ |
| မဟာကု ဥ | ၄ | ။ | ။ | ။ | |
| မဟာဝိ | ၈ | ။ | | | |
| မဟာကြိ သော | ၄ | ။ | ။ | ။ | ။ |
| မဟာကြိ ဥ | ၄ | ။ | ။ | ။ | |
| ရူပ ကု | ၅ | ။ | ။ | | |

http://www.dhammadownload.com



| | | | | |
|---|---|---|---|---|
| ရှုပ ဝိ | ၅ | ။ | | |
| ရှုပ ကြိ | ၅ | ။ | ။ | |
| အရှု ကု | ၄ | ။ | | |
| အရှုဝိ | ၄ | ဘာကိုမျှမဖြစ်စေ | | |
| အရှု ကြိ | ၄ | ။ | ။ | |
| လောကုတ္တရ | ၈ | ။ | ။ | |
| အဘိညာဏ် | ၂ | ။ | ။ | ။ |

http://www.dhammadownload.com



## ရုပ်ကလာပ်များ

တူသောဖြစ်ခြင်း တူသောချုပ်ခြင်း တူသောမှီရာမဟာဘုတ် ရှိ၍ အတူ တကွဖြစ်သော ရုပ်အပေါင်းကို ကလာပ်ဟု ခေါ်သည်။

### ကလာပ် ၂၁ စည်း

**ကမ္မဇကလာပ် ၉ စည်း**

၁။ စက္ခုဒသက ကလာပ်
၂။ သောတဒသက ကလာပ်
၃။ ဃာနဒသက ကလာပ်
၄။ ဇိဝှါဒသက ကလာပ်
၅။ ကာယဒသက ကလာပ်
၆။ ဣတ္ထိဘာဝဒသက ကလာပ်
၇။ ပုမ္ဘာဝဒသက ကလာပ်
၈။ ဝတ္ထုဒသက ကလာပ်
၉။ ဇီဝိတနဝက ကလာပ်

**စိတ္တဇကလာပ် ၆ စည်း**

၁။ သုဒ္ဓဋ္ဌက ကလာပ်
၂။ ကာယဝိညတ္တိနဝက ကလာပ်
၃။ ဝစီဝိညတ္တိ ဒသက ကလာပ်
၄။ လဟုတာ ဒေကာဒသက ကလာပ်
၅။ ကာယဝိညတ္တိလဟုတာ ဒွါဒသက ကလာပ်
၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာ ဒိတေရသက ကလာပ်

**ဥတုဇကလာပ် ၄ စည်း**

၁။ သုဒ္ဓဋ္ဌက ကလာပ်
၂။ သဒ္ဒနဝက ကလာပ်
၃။ လဟုတာ ဒေကာဒသက ကလာပ်
၄။ သဒ္ဒလဟုတာဒွါဒသက ကလာပ်

**အာဟာရဇကလာပ် ၂ စည်း**

၁။ သုဒ္ဓဋ္ဌက ကလာပ်
၂။ လဟုတာ ဒေကာဒသက ကလာပ်

ကလာပ် ၂၁ စည်းတို့တွင် ဥတုဇ ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝက ကလာပ်တို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်၌ ၂-ပါးလုံးတို့၌ ရနိုင်သည်။

ကြွင်းကလာပ် ၁၉ စည်းကိုကား အဇ္ဈတ္တ သန္တာန်၌သာ ရနိုင်သည်။

အာကာသရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှဖြစ်၍လည်းကောင်း လက္ခဏာရုပ် ၄-ခုတို့သည် ရုပ်ကလာပ်တို့၏ အမှတ်အသားမျှ ဖြစ်၍လည်းကောင်း ကာလပ်ဖွဲ့ရာ၌ မပါဝင်နိုင်။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း [၄၀]

## [ရုပ်ပိုင်း]

## ရူပသမုဋ္ဌာနနှင့် ရူပကလာပ

လွန်ခဲ့တဲ့ အပတ်က ဥတုဇရုပ်အကြောင်း ပြောနေရတာ တစ်ဝက်တစ်ပျက်နဲ့ အချိန်ကုန်သွားတယ်ဆိုပါတော့၊ အဲဒါကြောင့်မို့ ဒီနေ့ ဥတုဇရုပ်က ပြန်စရမယ်။

အဲဒီတော့ ဥတုကဥတုဇရုပ် ဖြစ်စေတဲ့ စာပိုဒ်လေး ဖတ်ကြည့်ရင်ဘာတွေတုန်း၊ "သီတဥတု, ဥဏှဥတုဟု သမုတ်အပ်သော တေဇောဓာတ်သည်"တဲ့၊ ဥတုဆိုတာ ဘာလဲလို့မေးရင် တေဇောဓာတ်ပဲပေါ့၊ ဓာတ်ကြီး ၄–ပါးထဲက တေဇောကိုပဲ ဥတုလို့ ခေါ်တယ်။

အဲဒီဥတု သီတဥတု, ဥဏှဥတု, သီတဆိုတာ အအေး, ဥဏှဆိုတာ အပူ၊ အအေး အပူကိုပဲ ဥတုလို့ခေါ်တယ်၊ အင်္ဂလိပ်လို၊ temprature ပဲပေါ့၊

အဲဒီအအေးအပူဆိုတဲ့ တေဇောဓာတ်ဟာ ဌီသို့ရောက်မှသာလျှင် အဇ္ဈတ္တသန္တာန်၌ လည်းကောင်း, ဗဟိဒ္ဓသန္တာန်၌လည်းကောင်း, သူက ရုပ်ကို သက်ရှိသန္တာန်မှာလည်း ဖြစ်စေတယ်၊ သက်မဲ့သန္တာန်မှာလည်း ဖြစ်စေတယ်၊ ဒါကြောင့်မို့ အပြင်ပမှာလည်း ရုပ်တွေဖြစ်နေတာပေါ့၊ ပြင်ပမှာရှိတဲ့ ရုပ်တွေဟာ ဥတုဇရုပ်တွေချည်းပဲ၊ ကမ္မဇရုပ် မရှိဘူး၊ စိတ္တဇရုပ်ရှိဘူး၊ အာဟာရဇရုပ် မရှိဘူး။

http://www.dhammadownload.com



အဲဒါကြောင့် ရုပ်ဟာ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ဆိုတဲ့ သန္တာန် ၂- မျိုးလုံးမှာ ဖြစ်စေတယ်၊ ဘယ်အချိန်အခါမှာ ဖြစ်စေသလဲဆိုရင် ဌီသို့ရောက်မှသာ လျှင်တဲ့။

ဟိုနေ့ကလဲ ပြောခဲ့ပြီထင်တယ်၊ စိတ်ဟာ ဥပါဒ် အခိုက်မှာ အားရှိတယ်၊ ရုပ်ဟာ ဌီအခိုက်မှာအားရှိတယ်၊ ဒါကြောင့်မို့ ဌီအခိုက်ရောက်မှသာ ရုပ်က ဥတုဇရုပ်ကို ဖြစ်စေတာ၊ အဲဒီတော့ ပဋိသန္ဓေစိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင်လို့ ၃-ပါး ရှိတယ်၊ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ ဘာရုပ်ဖြစ်နေပြီလဲ မှတ်မိလား၊ ကမ္မဇရုပ်ဖြစ်ပြီ၊ စိတ္တဇရုပ်မဖြစ်သေးဘူး၊ ပဋိသန္ဓေရဲ့ ဥပါဒ်မှာရော၊ ဌီမှာရော၊ ဘင်မှာရော စိတ္တဇရုပ် မဖြစ်သေးဘူး၊ ပထမဘဝင်ရဲ့ ဥပါဒ်ကျမှ စိတ္တဇရုပ်ဖြစ်တယ်။

ကံက ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှစပြီး ခဏတိုင်းခဏတိုင်း ခဏငယ်တိုင်း ခဏငယ်တိုင်း ရုပ်ကိုဖြစ်စေတယ်၊ စိတ်က ပဋိသန္ဓေ နောင် ပထမဘဝင်ရဲ့ ဥပါဒ်မှစ ဥပါဒ်တိုင်းဥပါဒ်တိုင်းမှာသာ ဖြစ်စေတယ်၊ ဌီ၊ ဘင်မှာ မဖြစ်စေဘူး။

ကောင်းပြီ၊ အဲဒီတော့ ပဋိသန္ဓေရဲ့ ဥပါဒ်အခိုက်မှာ ကမ္မဇရုပ်သာရှိသေးတယ်၊ စိတ္တဇရုပ်မရှိသေးဘူး၊ အဲဒီကမ္မဇရုပ်ထဲမှာ တေဇောဓာတ်မပါဘူးလား၊ ကမ္မဇရုပ် ကလာပ် ၃ စည်း ရုပ် ၃၀ လို့ ဂန္ထသေယျာကခေါ်တဲ့ အမိဝမ်း ကိန်းတဲ့သူတွေမှာ ဖြစ်တာ၊ ဒါက လာမယ့်အခန်းကျမှ ဆိုလိမ့်မယ်။

အဲဒီကလာပ် ၃-စည်း၊ ရုပ် ၃၀-ထဲမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီး ၄-ပါးပါတာပေါ့၊ သူတို့က အမြဲတမ်းပါရတယ်၊ အဲဒီဓာတ်ကြီး ၄-ပါးထဲမှာ တေဇောဓာတ်ပါတယ်၊ အဲဒီတေဇောဓာတ်ဟာ ပဋိသန္ဓေရဲ့ ပဋိသန္ဓေ ဥပါဒ်တုန်းက သူက ဥပါဒ်၊ ပဋိသန္ဓေရဲ့ ဌီရောက်သွားတဲ့အခါ သူလဲဌီ၊ ပဋိသန္ဓေရဲ့ ဘင်ကျတော့ သူကဌီ၊ သူက ဌီ၊ ဌီ၊ ဌီနဲ့ ၁၇-ချက်သွားမယ်။

၁၇ -ချက်သွားတော့ ပဋိသန္ဓေရဲ့ဥပါဒ်က သူ့ရဲ့ဥပါဒ်၊ ပဋိသန္ဓေရဲ့ဌီကစပြီး နောက်စိတ်တွေ ဆက်သွားတာက သူ့ရဲ့ဌီ၊ နောက်ဆုံး ၁၇-ချက်မြောက် စိတ်၊ ဘင် ထဲပြန်ရောက်သွားတဲ့အခါမှာ သူ့ရဲ့ဘင်၊ အဲဒီတော့ ရုပ်ရဲ့ ဥပါဒ်၊ ဌီ၊ ဘင်မှာရုပ်ရဲ့ဌီဟာ အရှည်ကြီးပေါ့၊ ၄၉-ချက်ရှိတယ်၊ ခံနိုင်တယ်။

အဲဒါကြောင့်မို့ ပဋိသန္ဓေရဲ့ ဌီသို့ရောက်တဲ့အခါကျတော့ အဲဒီတေဇောဓာတ် ကလည်းဌီသို့ရောက်သွားပြီ၊ ဌီသို့ရောက်သွားတဲ့အတွက်ကြောင့် သူကရုပ်ကိုဖြစ်စေ တယ်၊ အဲဒီတော့ ပဋိသန္ဓေရဲ့ ဥပါဒ်အခိုက်မှာ ကမ္မဇရုပ်သာ ရှိသေးတယ်၊ ပဋိသန္ဓေရဲ့ဌီ အခိုက်ကျတော့ ကမ္မဇရုပ်လည်းရှိနေပြီ၊ ဥတုဇရုပ်လည်းဖြစ်ပေါ်လာပြီ၊

http://www.dhammadownload.com



စိတ္တဇရုပ် မဖြစ် သေးဘူး။

ဒါဖြင့် ပဋိသန္ဓေရဲ့ ဘင်အခိုက်မှာ ကမ္မဇရုပ်ရှိတယ်၊ ဥတုဇရုပ်ရှိတယ်၊ ပဋိသန္ဓေနောင် ပထမဘဝင်ရဲ့ ဥပါဒ်အခိုက်မှာ ကမ္မဇရှိတယ်၊ ဥတုဇရှိတယ်၊ စိတ္တဇလည်းရှိလာပြီ၊ အဲဒီလို သွားလိမ့်မယ်။

ဒါကြောင့်မို့ တေဇောဓာတ်ဟာ ဌီဌိသို့ရောက်တဲ့အခါမှသာ ဥတုဇရုပ်ကို ဖြစ်စေနိုင်တယ်၊ ဥပါဒ် အခိုက်အတန့်တုန်းကမဖြစ်စေနိုင်သေးဘူး၊ ဒါက ဥတုဇ ရုပ်နဲ့ပတ်သက်ပြီး မှတ်ဖို့ပဲ၊ ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တသန္တာန်မှာ ဖြစ်စေတဲ့အခါ ဖြစ်စေတယ်၊ ဗဟိဒ္ဓသန္တာန်မှာ ဖြစ်တဲ့အခါ ဖြစ်စေတယ်။

ကောင်းပြီ အာဟာရသွားကြစို့။

"ဩဇာဟုဆိုအပ်သော အာဟာရသည်"တဲ့၊ အာဟာရခေါ်တာ ဩဇာပါပဲ၊ ဩဇာဆိုတာ အဆီအစေးပေါ့၊ အင်္ဂလိပ်လိုကျတော့ nutrition ပေါ့၊ အစာကို ဩဇာလို့ခေါ်တာမဟုတ်ဘူး၊ အစာထဲက အဆီအစေးကို ဩဇာလို့ခေါ်တယ်၊ အဲဒီ ဩဇာအဆီအစေးကို အာဟာရလို့ ဒီနေရာမှာ ခေါ်ရတယ်။

သာမညအားဖြင့် ပြောမယ်ဆိုရင်တော့ အာဟာရဆိုတာ အစာပဲ, food ပဲ၊ ဒါပေမယ်လို့ အဘိဓမ္မာသဘောအရ အာဟာရရုပ်ကို ပြောပါဆိုရင်တော့ ထမင်းအစား အစာကို အာဟာရခေါ်တာမဟုတ်ဘူး၊ ထမင်းအစားအစာထဲမှာရှိတဲ့ ဩဇာ အဆီအစေးကို အာဟာရလို့ခေါ်တယ်။

အဲဒီဩဇာလို့ခေါ်တဲ့ အာဟာရက ရုပ်ကို ဘယ်အချိန်မှာဖြစ်စေသလဲဆိုရင် "စားဖွယ်ကို မျိုလိုက်သောအခါဝယ် ရောက်လေရာအရပ်၌ အသစ်အသစ်ဥပါဒ်ပြီး နောက်ဌီသို့အရောက်မှာ အာဟာရဇရုပ်ကို ဖြစ်စေသည်"တဲ့၊

ဒါကျတော့ ဘယ်အချိန်အခါမှာ ဖြစ်စေတယ်လို့ ပြောလို့မရဘူး၊ ဘယ်တော့မှ အာဟာရဇရုပ် ဒီအတိုင်းပဲဖြစ်စေတယ်လို့ အတိအကျ သတ်မှတ်လို့မရဘူး၊ ဒါကြောင့်မို့ တစ်ချိန်ချိန်ပဲလို့ သာမညအားဖြင့် မှတ်ထားရမယ်။

ဘာကြောင့်လဲဆိုတော့ သူက တစ်စုံတစ်ခုကို စားမျိုလိုက်တဲ့အခါမှ ဖြစ်မယ်လို့ဆိုတာကိုး၊ အဲဒီတော့ ကိုယ်ဝန်ထဲမှာ ဖြစ်နေတဲ့ ကလေးဟာ မိခင်ဝမ်းဗိုက် ထဲမှာရှိတုန်းက မျိုသလားဘာလား မသိဘူး၊ သူ့တံတွေးတွေ ဘာတွေ ပြန်မျိုနိုင် သလား။

**ပရိသတ်** – အဲဒီအချိန်မှာ biological အရ ပြောရရင် မမျိုနိုင်ဘူး၊ အမိဝမ်း ထဲမှာရှိတဲ့ ချက်တိုင်ကနေတစ်ဆင့် အစာရတာ၊ ပါးစပ်က မမျိုနိုင်သေးဘူး။

http://www.dhammadownload.com



ဒါကြောင့်မို့ ဘယ်အချိန်မှာ အာဟာရဇရုပ် စပြီးဖြစ်တယ်လို့ မသတ်မှတ်နဲ့ဦး၊ စားဖွယ်ကို မျိုလိုက်သည့်အခါဝယ် ရောက်လေရာအရပ်၌ အသစ်, အသစ်ဥပါဒ်ပြီး နောက် ဌီသို့ရောက်တဲ့အခါမှာ အာဟာရဇရုပ်ကို ဖြစ်စေတယ်။

အဲဒီတော့ ထမင်းစားလိုက်တယ်ဆိုပါတော့, အဲဒီထဲမှာပါတဲ့ ဩဇာက မျိုချလိုက်ပြီးတဲ့နောက် အသစ်အသစ်ဖြစ်တယ်၊ သူဖြစ်ပြီးတဲ့နောက် သူဌီသို့ရောက်တဲ့ အခါကျ သူကတစ်ခါတစ်ဆင့် အာဟာရဇရုပ် ဖြစ်စေတယ်၊ အဲဒီတော့ အာဟာရကလည်း ရုပ်ပဲ၊ အာဟာရဇကလည်းရုပ်ပဲ၊ ရုပ်ကရုပ်ကို ဖြစ်စေတာ၊ ခုန ဥတုဇရုပ်လည်း အတူတူ ပဲနော်၊ ဥတုလည်းရုပ်ပဲ၊ ဥတုဇရုပ်လည်းရုပ်ပဲ။

ကမ္မဇရုပ်ကျတော့ ကံကနာမ်, ကမ္မဇရုပ်ကရုပ်၊ စိတ္တဇရုပ်ကျတော့ စိတ်က နာမ်၊ စိတ္တဇရုပ်ကရုပ်ပဲ၊ အဲဒီတော့ စိတ်ကြောင့်ရုပ်ဖြစ်တယ်၊ ရုပ်ကြောင့်ရုပ် ဖြစ်တယ်ပေါ့၊ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်, ဒီလို ၄–မျိုး ရှိတယ်။

ကမ္မဇရုပ် ဘယ်အချိန်မှာ စဖြစ်တယ်၊ စိတ္တဇရုပ် ဘယ်အချိန်မှာ စဖြစ်တယ်၊ ဥတုဇရုပ် ဘယ်အချိန်မှာ စဖြစ်တယ်၊ အာဟာရဇရုပ် ဘယ်အချိန်မှာ စဖြစ်တယ် ပေါ့လေ၊ အဲဒါ နားလည်ပြီးနောက် ရုပ် ၂၈–ပါးကို ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ခွဲဝေရမယ်။

ခွဲဝေတော့ ဒီမှာ သာမညပဲပြထားတယ်၊ ဇယားကွက်ကြည့်ပါဆိုတော့ ဇယားကွက် ကြည့်ရလိမ့်မယ်။

ကမ္မဇရုပ်က အားလုံး ၁၈–ပါးရှိတယ်၊ ၁၈–ပါးထဲမှာ ဧကန် ၉–ပါး၊ အနေကန် ၉–ပါး၊ ဧကန် ၉–ပါး ဆိုတာ ကံကြောင့်သက်သက်သာဖြစ်တာ၊ စိတ်ကြောင့်ဖြစ်တာ မပါဘူး, ဥတု, အာဟာရကြောင့်ဖြစ်တာ မပါဘူး၊ ကံကြောင့် သာဖြစ်တဲ့ရုပ် ၉–ပါးရှိတယ်။

ကံကြောင့်လည်းဖြစ်တယ်၊ တခြားအကြောင်းကြောင့်လည်း ဖြစ်တဲ့ရုပ်က ၉–ပါးဆိုရင် အားလုံးပေါင်း ၁၈–ပါးဖြစ်တယ်၊ အဲဒီ ၁၈–ပါးကို ရှာစမ်းပါ၊ ကမ္မဇရုပ် ကြည့်လိုက်စမ်း၊ ပထမဧကန် ၉–ခုရှာလိုက်စမ်းပါ၊ ကံကြောင့်သာဖြစ်တယ်၊ စိတ်, ဥတု, အာဟာရကြောင့် မဖြစ်တဲ့ ၉–ပါးပေါ့။

ဘာတွေ့တုန်း၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊ ဒီ ၅–ခုဟာ ကံကြောင့်ပဲဖြစ်တယ်၊ စိတ္တဇ, ဥတုဇ, အာဟာရဇ, မရှိဘူး၊ ကောင်းပြီ ၅–ခုရပြီ။

ပြီးတော့ အောက်ကိုသွားလိုက်, ဣတ္ထိဘာဝ, ကံကြောင့်သာဖြစ်တယ်၊

http://www.dhammadownload.com



ပုမ္ဗာဝ, ကံကြောင့်သာဖြစ်တယ်၊ ဟဒယဝတ္ထု ကံကြောင့်သာဖြစ်တယ်၊ ဇီဝိတ ကံကြောင့်သာဖြစ်တယ်၊ အားလုံး ၄–ခု။

ဒီ ၄–ခုရယ်၊ ခုန ၅–ခုရယ် ပေါင်းရင် ၉–ခု, အဲဒီ ၉–ခုက ကမ္မဇကေန်လို့ ခေါ်တယ်၊ ကေန်ဆိုတာ ကံတစ်ခုထဲကြောင့်ဖြစ်တယ်လို့ ဆိုလိုတယ်။

အဲဒီတော့ ကံကြောင့်ဖြစ်တဲ့ တခြားရုပ်တွေလည်းရှိသေးတယ်၊ ဘာလဲဆိုရင် ပထဝီ, အာပေါ, တေဇော, ဝါယော, ပြီးတော့ ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ပြီးတော့ အာဟာရ, အာကာသ, ဒီရုပ်တွေက ကံကြောင့်လည်းဖြစ်တယ်၊ တခြားအကြောင်းကြောင့် လည်းဖြစ်တယ်၊ ဒါကြောင့်မို့ သူတို့ကို ကမ္မဇအနေကန်လို့ခေါ်တယ်၊ ၂–ခုပေါင်းလိုက်တဲ့ အခါကျတော့ ကမ္မဇရုပ် ၁၈–ပါးရတယ်။

ကေန် အနေကန်လည်းခွဲသိဖို့လိုတယ်၊ ကံကြောင့်သာဖြစ်တယ်၊ စိတ်ကြောင့်သာဖြစ်တယ်, တခြားအကြောင်းကြောင့်လည်း ဖြစ်တယ်ဆိုတာ ခွဲရမယ်။

ကောင်းပြီ, စိတ္တဇရုပ် ဘယ်လောက်ရှိသလဲ၊ ကေန် ၂–ခု၊ အနေကန် ၁၃–ခုတဲ့၊ ကေန် ၂–ခု ရှာလိုက်စမ်းပါ၊ စိတ်ကြောင့်သာဖြစ်တာ၊ တခြားဟာကြောင့် မဖြစ်တာ၊ ရူပသမုဒ္ဒေသ ကော်လံကိုကြည့်ပါ၊ အဲဒီအတန်းထဲ စိတ္တဇတန်းကို ကြည့်လိုက်၊ စိတ်ကြောင့်ချည်းဖြစ်တာ အဲဒီ ၄–ကွက်ထဲမှာ တစ်ကွက်ထဲ ပန်းလေးတွေ ရှိတာ၊ ဘာတွေလဲ၊ ကာယဝိညတ် မတွေ့ဘူးလား၊ ဝစီဝိညတ်ကော တွေ့လား၊ ဒီ ၂–ခုဟာ စိတ်ကြောင့်သာဖြစ်တယ်။

ရူပသမုဒ္ဒေသအကွက် ၄–ကွက်ခြုံကြည့်ထား၊ အဲဒီမှာ ၁–ကွက်ထဲရှိတယ်၊ အခြားအကွက်တွေက လပ်နေတယ်မဟုတ်ဘူးလား၊ အဲသလိုဖြစ်နေရင် ကာယဝိညတ်နဲ့ ဝစီဝိညတ်က စိတ်ကြောင့်သာဖြစ်တယ်ဆိုရတာပေါ့။

အနေကန်ဆိုတော့ တခြားဟာတွေ ပြန်ကောက်လိုက်၊ ပထဝီ, အာပေါ, တေဇော, ဝါယော ပြီးတော့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ပြီးတော့ အာဟာရ, အာကာသ, ပြီးတော့ အောက်သွားလိုက်ဦး ရူပဿ,ဟဟုတာ, မုဒုတာ, ကမ္မညတာ အားလုံး ၁၃–ခု၊ ၁၃ –ခု မှာ ဖောဋ္ဌဗ္ဗပါလာရင် သတိထားဦးနော်၊ ဖောဋ္ဌဗ္ဗပါပေမယ်လို့ မတိုးတော့ဘူး၊ ဟိုမှာ မဟာဘုတ် ၃–ခုက ဖောဋ္ဌဗ္ဗနဲ့ အတူတူပဲ၊ ဒါကြောင့်မို့ ဖောဋ္ဌဗ္ဗကို ဂဏန်းမထိုးပဲနဲ့ ခရေပွင့်ပြထားတာ၊ အားလုံးပေါင်းလိုက်ရင် ၁၃၊ ဝိညတ် ၂–ခု ကျော်ပြီးတော့ ရေရမယ်, အဲဒီတော့ စိတ္တဇရုပ် ၁၅–ခုရှိတယ်၊ အဲဒီထဲမှာ ကေန် ၂–ခု၊ အနေကန် ၁၃–ခုရှိတယ်။

ဥတုဇရုပ်တဲ့၊ ဥတုဇရုပ် တန်းပြီးကြည့်လိုက်ပါဦး၊ ဘယ်နှစ်ခုရသလဲ၊

http://www.dhammadownload.com



၁၃-ခုရှိတယ်၊ လျှော့ကြည့်လိုက်ပါ, ဘာတွေတွေ့လဲ၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ရူပ, သဒ္ဒ, ဂန္ဓ, ဖောဋ္ဌဗ္ဗ ပြီးတော့ အာဟာရ, အာကာသ၊ ရူပသလဟုတာ, မုဒုတာ, ကမ္မညတာ, အဲဒီကျတော့ ဥတုကြောင့်သာဖြစ်တဲ့ ရုပ်မရှိဘူး၊ ဒါကြောင့် ဥတုဇ ကေန်မရှိဘူး၊ အနေကန်ကတော့ ၁၃-ခုပဲ၊ ခုန ၁၃-ခုနဲ့ အတူတူပဲ၊ စိတ္တဇ အနေကန်နဲ့ အတူတူပဲ။

အာဟာရဇတဲ့,အာဟာရဇရုပ်က ၁၂-ခုရှိတယ်၊ ကေန်မရှိဘူး၊ အနေကန် ၁၂-ခုတဲ့၊ ဘာလျော့သွားပါလိမ့်၊ သဒ္ဒလျော့သွားတယ်၊ ဒီတော့ မဟာဘုတ် ၄-ပါးရယ်၊ ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗရယ်၊ အာဟာရရယ်၊ အာကာသရယ်၊ ရူပသလဟုတာ, မုဒုတာ, ကမ္မညတာရယ်, ကေန် ၁၂-ပါး၊ အာဟာရဇရုပ် ၁၂-ပါး။

ပြန်လုပ်လိုက်ကြဦးစို့, ကမ္မဇရုပ် ၁၈, စိတ္တဇရုပ် ၁၅, ဥတုဇရုပ် ၁၃, အာဟာရဇရုပ် ၁၂။

အဲဒီထဲမှာ ကမ္မဇကေန်ဆိုရင် ၉-ခုရှိတယ်၊ ဘာတွေတုန်းဆိုရင် စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဟဒယ, ဇီဝိတ, ဟုတ်ပြီလား။

စိတ္တဇကေန်ဆိုရင် ၂-ခုပဲရှိတယ်၊ ကာယဝိညတ်နဲ့ ဝစီဝိညတ်၊

၄-ပါးမှ အလွတ်, ကံ, စိတ်, ဥတု, အာဟာရကြောင့်ဖြစ်တာလို့ မဆိုထိုက်တဲ့ရုပ်ကလည်း ရှိသေးသတဲ့၊ အဲဒါကတော့ လက္ခဏရုပ် ၄-ပါးတဲ့၊ လက္ခဏ ရုပ်၄-ပါးကိုတော့ ဘာကြောင့်မှ ဖြစ်တယ်လို့ မဆိုထိုက်ဘူး၊ ဘာကြောင့်လည်းဆိုတော့ သူကရုပ်အစစ်မှ မဟုတ်ပဲကိုး၊ ဖြစ်ပြီးသားရုပ်တွေရဲ့ ဖြစ်ပေါ်လာမှုကို ဥပစယသန္တတိလို့ခေါ်တယ်၊ ရင့်ယော်သွားတာကို ဇရတာလို့ ခေါ်တယ်၊ ပျောက်သွားတာကို အနိစ္စတာလို့ ခေါ်တယ်ဆိုတော့ သူက သီးခြား ရုပ်ရယ်လို့ မဟုတ်တော့ဘူး။

ဒါကြောင့်မို့ လက္ခဏရုပ်၄-ပါးကတော့ ဘယ်အကြောင်းကြောင့်မှ ဖြစ်တယ်လို့ မဆိုနိုင်ဘူး၊ ကံကြောင့်ဖြစ်တယ်လို့လည်း မဆိုနိုင်ဘူး၊ စိတ်, ဥတု, အာဟာရကြောင့်ဖြစ်တယ်လည်း မဆိုနိုင်ဘူး။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကံကြောင့်ဖြစ်တယ်လည်းဆိုနိုင်တယ်၊ စိတ်ကြောင့် ဖြစ်တယ်လည်းဆိုနိုင်တယ်၊ ဥတုကြောင့်ဖြစ်တယ်လည်း ဆိုနိုင်တယ်၊ အာဟာရကြောင့် ဖြစ်တယ်လည်းဆိုနိုင်တယ်၊ သို့သော် ဒါကိုအလွတ်ထဲမှာ ထည့်ထားတယ်၊ လက္ခဏရုပ် ၄-ပါးကို ကမ္မဇထဲလည်းမထည့်ဘူး၊ စိတ္တဇ, ဥတုဇ, အာဟာရဇထဲလည်း မထည့်ဘူး၊ သူကိုတော့ အလွတ်ထားတယ်၊ ဘယ် အကြောင်းကြောင့်မှ မဖြစ်ဘူးလို့ ဒီလိုဆိုတယ်။

http://www.dhammadownload.com



ဒါကတော့ ခုနပြောသလိုပါပဲ၊ သူက ရုပ်အစစ်မဟုတ်ဘူး၊ ဖြစ်ပေါ်ရင် ရင့်ရော် ပျက်တဲ့ရုပ်တဲ့၊ ရုပ်တွေရဲ့ အခိုက်အတန့်ကိုပဲ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာလို့ ခေါ်တဲ့အတွက်ကြောင့်မို့ လက္ခဏရုပ် ၄-ပါးကတော့ ကမ္မဇ စသည်မှ အလွတ်ဖြစ်သည်လို့ ဒီလိုမှတ်ရမယ်။

ဒါဟာ ရုပ်ဖြစ်ခြင်းအကြောင်း ရူပသမုဋ္ဌာန ကုန်သွားပြီ၊ ဒါပေမယ်လို့ ဘာလေးလုပ်စေချင်သလဲဆိုတော့ စိတ္တဇရုပ်တွေထဲမှာ တချို့က ရုပ်သက်သက်သာ ဖြစ်စေတယ်၊ တချို့က ဣရိယာပုတ်ကို ခိုင်စေတယ်၊ တချို့က ရုပ်သက်သက်လည်း ဖြစ်စေတယ်၊ ဣတိယာပုတ်လည်း ခိုင်စေတယ်၊ ကာယဝိညတ် ဝစီဝိညတ်လည်း ဖြစ်စေတယ်၊ တချို့က ဒါတွေအပြင် ပြုံးရွှင်ခြင်းကိုလည်း ဖြစ်စေတယ်လို့ ခွဲခြားခဲ့ပြီ၊ ဒါကတော့ ဇယားကွက်ထဲမပါဘူး၊ အဲဒီခွဲခြားချက်ကို ကြည့်ပြီးတော့ ဒါတွေကို ရေတတ်အောင်၊ ရှင်းနေအောင် လုပ်ရမယ်။

အဲဒီတော့ရုပ်သက်သက်သာ ဖြစ်စေတဲ့စိတ်ဆိုရင် ဘယ်လောက်ရှိမလဲ၊ ရုပ်သက်သက်အပြင် ဣရိယာပုတ်ကို ခိုင်စေတဲ့စိတ် ဘယ်လောက်ရှိမလဲ၊ ဣရိယာပုထ် အပြင် ဝိညတ်ကိုဖြစ်စေနိုင်တဲ့ရုပ် ဘယ်လောက်ရှိမလဲ၊ ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်တဲ့ စိတ်ဘယ်လောက်ရှိမလဲ။

အဲဒီတော့ ရုပ်သက်သက်ကိုသာ ဖြစ်စေတဲ့စိတ်က ဘယ်စိတ်တွေလဲ၊ စိတ္တဇရုပ် ဆိုရင် အရူပဝိပါက် ၄-ခုနဲ့ ဒွေးပဉ္စဝိညာဏ် ၁၀-မပါရဘူး၊ သူတို့က ရုပ်ကို မဖြစ်စေနိုင်ဘူး၊ ကျန်တဲ့ ၇၅-ပါးက စိတ်ကို ဖြစ်စေတယ်။

ကျန်တဲ့ ၇၅-ထဲမှာ တချို့က ရုပ်သက်သက်ကိုသာ ဖြစ်စေတယ်၊ အဲဒါ ဘယ်စိတ်တွေတုန်း၊ အပ္ပနာဇော ၂၆-ပါ၊ ပြောထားတာက ကျန်တဲ့စိတ်တွေပေါ့၊ အဲဒါကို ခွဲနိုင်ရင် ပိုကောင်းတယ်။

လောဘမူသောမနဿ ၄-ခု၊ သူက ရုပ်သာမညကိုလည်း ဖြစ်စေတယ်၊- ဣရိယာပုတ်ကိုလည်းခိုင်စေတယ်၊ ဝိညတ်ကိုလည်းဖြစ်စေတယ်၊ ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေတယ်။

လောဘမူ ဥပေက္ခာ ၄-ခုကျတော့ ရယ်ရွှင်ခြင်း မပါဘူး၊ တခြား ၃-ခုပဲ၊ ဥပေက္ခာကျတော့ ဘယ်ရယ်ရွှင်မလဲ၊ သောမနဿနဲ့သာ ရယ်ရွှင်တယ်။

ဒေါသမူ, မောဟမူတို့ကျတော့ ရုပ်, ဣရိယာပုတ်, ဝိညတ်တို့ပါတယ်၊ မရယ်ရွှင်ဘူး။

ဒွေးပဉ္စဝိညာဏ် ၁၀-ကျတော့ ဘာမှမဖြစ်စေနိုင်ဘူး၊ သမ္ပဋိစ္ဆိုင်း ရုပ်သာမည

http://www.dhammadownload.com



ကိုသာ ဖြစ်စေတယ်၊ သန္တီရဏ ၃–ခု, ရုပ်သာမညကိုသာ ဖြစ်စေတယ်၊ ပဉ္စဒွါရ ဝဇ္ဇန်း, ရုပ်သာမညကိုသာ ဖြစ်စေနိုင်တယ်၊ မနောဒွါရဝဇ္ဇန်းကျတော့ ရုပ်လည်းဖြစ်စေ တယ်၊ ဣတိယာပုတ်လည်း နိုင်စေတယ်၊ ဝိညတ်လည်းဖြစ်စေတယ်။

ဟသိတုပ္ပါဒ်ကျတော့ ရုပ်ဖြစ်စေတယ်, ဣရိယာပုတ်နိုင်စေတယ် ဝိညတ်ဖြစ် စေတယ်၊ ရယ်ရွှင်စေတယ်၊ ၄–ခုလုံး သွားတယ်။

မဟာကုသိုလ် သောမနဿ, ၄–ခုလုံးဖြစ်စေတယ်, မဟာကြိယာ ဥပေက္ခာ ဆိုရင် ၃–ခုဖြစ်စေတယ်။

ရူပါဝစရကုသိုလ် ၅–ခု၊ ၂–ခုထဲ၊ သူက အပ္ပနာဇောကိုး၊ အပ္ပနာဇာ ဇော ၂၆–ထဲ သူပါတာကိုး၊ သူက ရုပ်သာမညရယ်၊ ဣရိယာပုတ် နိုင်စေတာရယ်၊ ရူပါဝစရဝိပါက် ၅–ခု၊ သူကတော့ ရုပ်သက်သက်ပဲ၊ ရူပါဝစရကြိယာ ရုပ်နဲ့ ဣရိယာပုတ်။

အရူပါဝစရကုသိုလ်, ရုပ်နဲ့ ဣရိယာပုတ်၊ အရူပါဝစရ ဝိပါက်, ဘာကို မှမ ဖြစ်စေဘူး၊ အရူပါဝစရကြိယာ, ရုပ်နဲ့ ဣရိယာပုတ်, သူက အပ္ပနာဇောထဲမှာ ပါတယ်။

လောကုတ္တရာ ၈–ခု၊ အပ္ပနာဇောထဲမှာပါတယ်၊ ဒါကြောင့် ရုပ်နဲ့ ဣရိယာပုထ် အဘိညာဏ် ၂–ခု၊ ဒါကတော့ သင်္ဂြိုဟ်ကျမ်းထဲမှာမပါဘူး၊ ဒါပေမယ့် တခြားကျမ်း တွေမှာပါလို့ ထည့်ထားတာ၊ အဘိညာဏ်က ရုပ်ဖြစ်စေတယ်၊ ဣရိယာပုတ် နိုင်စေတယ်၊ ဝိညတ်ကိုလည်း ဖြစ်စေတယ်တဲ့။

ဒါကို ဒီအတိုင်းလည်း ရှိထားပြီးတာပါပဲ၊ ပိုပြီးတော့ အမြင်ရှင်းချင်တယ်ဆိုရင် လုပ်ကြည့်လိုက်၊ ဒါက ရုပ်သက်သက် ဖြစ်စေတယ်၊ ဒါက ရုပ် ဣရိယာပုတ်, ဝိညတ်, ရယ်ရွှင်ခြင်း, ဒါကတော့ သုည, ဘာမှမဖြစ်စေဘူး စသည်ဖြင့် အဲသလို လုပ်ထားလိုက်ရင် သာပြီးတော့ကြည့်လို့ရှင်းတယ်။

ထောင့်အမျိုးမျိုးက တိုက်ရတာပေါ့လေ၊ ဟိုဘက်က လှည့်ကြည့်,ဒီဘက်က လှည့်ကြည့်နဲ့ အဲသလိုဆိုတော့ ပိုအမြင်ရှင်းတယ်၊ ပိုမှတ်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တိုင်လုပ်တဲ့အခါကျတော့ ကိုယ့်အလုပ်ပါသွားတော့ ပိုမှတ်မိတယ်။

**မေး** – အဲဒီအခါကျတော့ အဘိညာဏ်ကို ဘယ်လိုပြန်မလဲ။

**ဖြေ** – အဘိညာဏ်ကတော့ ပဉ္စမဈာန်အထူးလို့ ပြောရမှာပေါ့၊ အဘိညာဏ်ဆိုတာ ပဉ္စမဈာန်ကိုပဲခေါ်တယ်၊ ပဉ္စမဈာန် ကုသိုလ်ကြိယာ, ဝိပါက်မပါဘူး၊ အဲဒါကို အဘိညာဏ်လို့ခေါ်တယ်။

http://www.dhammadownload.com



ကိုင်း, ဒါဖြင့် ရူပသမုဋ္ဌာန ရုပ်ဖြစ်ကြောင်းနဲ့ပတ်သက်လို့ သိစရာကုန်သွားပြီ ဆိုပါတော့၊ အဲဒါပြီးတဲ့နောက် ဒီနေ့ရုပ်ကလာပ်များတဲ့၊ ရုပ်တွေဖြစ်တဲ့ အခါကျတော့ အမှန်ကတော့ အစု အစုနဲ့ဖြစ်တာ၊ သီးခြားပြီးဖြစ်တာ မဟုတ်ဘူး၊ စိတ်နဲ့စေတသိက်တွဲဖြစ်တာမျိုးလိုပေါ့၊ ရုပ်ကလည်း အစုနဲ့အစုနဲ့ ဖြစ်တယ်။

အဲဒီတော့ ရုပ်တွေအစုအစုကို ပါဠိလိုကလာပ, မြန်မာလိုကလာပ်လို့ခေါ်တယ်၊ မြန်မာစကားကလပ်ကတော့ တစ်ခုခုတင်တဲ့ဟာကို ကလပ်လို့ခေါ်တယ်၊ ဒီနေရာမှာတော့ ကလာပ်ဆိုတာ အစုအပေါင်းလို့ ဆိုလိုတယ်၊ အင်္ဂလိပ်စကား club နဲ့ ခပ်ဆင်ဆင်လာတူနေတယ်။

ရုပ်တွေဟာ အစုအစုနဲ့ ဖြစ်လေ့ရှိတယ်၊ သူ့အစုနဲ့သူ ဖြစ်တယ်၊ ဘယ်နှစ်ခုရှိမလဲ ကြည့်ရမယ်။

တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောမှီရာမဟာဘုတ်ရှိခြင်း, ဒီ ၃-ခု လက္ခဏာနဲ့ ပြည့်စုံရင် ရုပ်ကလာပ်ဖြစ်တော့တာပဲ။

ရုပ်ကလာပ်တစ်ခုထဲမှာ ဖြစ်တဲ့ရုပ် (ဆိုပါတော့) ဒီကလာပ်ထဲမှာ ရုပ် ၈-ခုပါတယ်ဆိုရင် ဒီရုပ် ၈-ခုဟာ အတူတကွဖြစ်ရမယ်၊ တစ်ပြိုင်နက်ဖြစ်ရမယ်၊ အတူတကွချုပ်ရမယ်၊ တစ်ပြိုင်နက် ချုပ်ရမယ်၊ မှီရာတူရမယ်၊ မှီရာတူရမယ်ဆိုတာ ဥပါဒါရုပ်က မဟာဘုတ်ကို မှီရတယ်မဟုတ်လား၊ ဒါကြောင့်မို့ မှီရာမဟာဘုတ်တူရမယ်။

အဲဒီလို တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောမှီရာ မဟာဘုတ်ရှိခြင်း, ဒီလက္ခဏာတွေနဲ့ ပြည့်စုံရင် ဒီရုပ်တွေကို ကလာပ်လို့ခေါ်တယ်၊ အဲဒါကြောင့်မို့ အတူတကွဖြစ်တဲ့ရုပ်အပေါင်းကို ကလာပ, ကလာပ်လို့ခေါ်တယ်။

အဲဒီတော့ ရူပသမုဋ္ဌာနတုန်းက ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်လုပ်ခဲ့တော့ ဒီမှာလည်းပဲ ကမ္မဇရုပ်ကလာပ်, စိတ္တဇရုပ်ကလာပ်, ဥတုဇရုပ်ကလာပ်, အာဟာရဇရုပ်ကလာပ်လို့ ဒီလိုခွဲရမှာပဲ။

အဲဒီတော့ ကမ္မဇရုပ်ကလာပ်ဆိုရင် ကမ္မဇရုပ် ၁၈-ခုထဲကပဲ ထုတ်ပြီးတော့ အစုအစုလေးတွေ group လေးတွေဖြစ်သွားမှာ၊ တစ်ခုမှတ်ထားရမှာက ကလာပ်စည်းဖွဲ့တဲ့အခါမှာ ဘာဟာ basic ဖြစ်သလဲ, ဘာဟာ အခြေခံဖြစ်သလဲဆိုတော့ အဝိနိဗ္ဘောဂရုပ် ၈-ခုဆိုတာ မှတ်မိလား, ရူပဝိဘာဂဆိုတဲ့ထဲမှာ ကြည့်လိုက်, အဝိနိဗ္ဘောဂရုပ် ၈-ခုရှိတယ်၊ ဘာတွေလဲ၊ ဓာတ်ကြီး ၄-ပါးရယ် ပြီးတော့ ရူပ, ဂန္ဓ, ရသ, အာဟာရ (ဩဇာလို့လည်းခေါ်တယ်)

http://www.dhammadownload.com



ဒါဖြင့်ရင် ဓာတ်ကြီး ၄-ပါးရယ်၊ ရူပ၊ ဂန္ဓ၊ ရသ အာဟာရ၊ အဲဒီ ၈-ခုကို အဝိနိဗ္ဘောဂရုပ်၊ အဝိနိဗ္ဘောဂဆိုတာ ခွဲမရဘူး၊ ခွဲမရတဲ့အတွက်ကြောင့် အသင်းအဖွဲ့တွေ ဆိုရင် သူက အခြေခံကျရတော့မှာပဲ၊ သူ့ကို ထပ်ခွဲလို့မှရမပဲ၊ သူ့အပေါ်ကိုမှ နောက်ထပ်တစ်ခုတိုးရင် ကလာပ်တစ်မျိုး ဖြစ်သွားမယ် ၂-ခု၊ ၃-ခု၊ ၄-ခုတိုးရင် ထပ်တစ်မျိုးဖြစ်မယ်၊ ဒီ ၈-ခုက ကလာပ်ရဲ့ အခြေခံလို့ ပထမ မှတ်ထားရမယ်။

အဲဒီ ၈-ခုကို နောင် စိတ္တဇကလာပ်ရောက်တဲ့အခါတွေ့လိမ့်မယ်၊ သုဒ္ဓဋ္ဌက ကလာပ်လို့ခေါ်တယ်၊ သုဒ္ဓဆိုတာ သက်သက်၊ ဘာမှ မရောဘူး၊ အဋ္ဌဆိုတာ ၈-ခု၊ ရုပ် ၈-မျိုး၊ တခြားရုပ်တွေနဲ့ မရောတဲ့ဒီရုပ် ၈-မျိုးကို သုဒ္ဓဋ္ဌကကလာပ်၊ သို့မဟုတ် ရူပဝိဘာဂမှာ ပြောတဲ့အတိုင်းဆိုရင် အဝိနိဗ္ဘောဂရုပ်။

အဲဒီ အဝိနိဗ္ဘောဂရုပ် (သို့) သုဒ္ဓဋ္ဌကကလာပ်(သို့) ရုပ် ၈-ပါးသည် ကလာပ်ဖွဲ့စည်းရာမှာ အခြေခံဖြစ်မယ်။

ကောင်းပြီ၊ ကမ္မဇကလာပ် ၉-စည်းရှိတယ်၊ နံပတ်တစ်ကလာပ် နာမည်က စက္ခုဒသက ကလာပ်။

ဒသကဆိုတာ ဆယ်ခုပေါင်းလို့ခေါ်တယ်၊ (a group of ten) ကို ဒသက ခေါ်တယ်၊ အဲဒီတော့ စက္ခု ဒသကလို့ ပြောလိုက်ရင် စက္ခုပါတဲ့ရုပ် ၁၀-ခုပေါင်းလို့ဆိုလိုတယ်၊ စက္ခုရယ်၊ အခြားရုပ် ၉-ခုရယ်၊ ဒီလိုနေရမယ်။

အဲဒီတော့ အဝိနိဗ္ဘောဂရုပ် ၈-ခုအပြင် ဘာတစ်ခုလိုသလဲဆိုတော့ ဇီဝိတဆိုတဲ့ ရုပ်လည်းပါရမယ်၊ သက်ရှိသန္တာန်မှာ ဇီဝိတရုပ်က ဖြစ်ကို ဖြစ်ရမယ်၊ ဒါကြောင့်မို့ ကမ္မဇရုပ်မှာ အဝိနိဗ္ဘောဂရုပ်နဲ့ ဇီဝိတရုပ်ကို အခြေခံထားလိုက်ကြစို့။

ဇီဝိတရုပ်ဟာ ကံကြောင့်ဖြစ်တဲ့ရုပ် မဟုတ်ဘူးလား၊ ကမ္မဇကနေ မဟုတ် ဘူးလား၊ ဒါကြောင့်မို့ အဝိနိဗ္ဘောဂရုပ် ၈-ခုနဲ့ ဇီဝိတကို ကိုင်လိုက်ကြစို့၊ ဒီ ၉-ခုမှာ စက္ခုထည့်လိုက်တော့ ၁၀-ခုဖြစ်သွားတယ်၊ အဲဒီ ၁၀-ခုကို စက္ခုဒသက ကလာပ်။

ဇယားကွက်မှာ တန်းကြည့်လိုက်ပါလား၊ စက္ခုပသာဒကဆိုရင် ဘာတွေ့လဲ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ စက္ခု၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗက ခုနပါပြီးသား၊ ဇီဝိတနဲ့ အာဟာရ အဲဒီရုပ် ၁၀-ခုကို စက္ခုဒသက ကလာပ်လို့ ခေါ်တယ်။

အဲဒီဟာကို ဦးဇင်းတပည့်မက ဘာနဲ့လုပ်ထားသလဲဆိုတော့ biologi

http://www.dhammadownload.com



လုပ်သလိုပဲ၊ စက်ဝိုင်းလေးတွေလုပ်၊ အဲဒီထဲမှာ ရုပ်လေးတွေ ရေးထားပြီးတော့ ၈–ခု၊ ၉–ခု၊ ၁၀–ခု စသည်ဖြင့် လုပ်ထားတယ်၊ မဆိုးဘူး၊ ပုံများများတော့ ရေးရတယ်၊ circle များ များရေး, အဲဒီထဲမှာ ၈–ခု, ၉–ခု ၁၀–ခု ထည့်ပြီးကော့ ဒါက ကမ္မဇကလာပ် ၉–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ စသည်ဖြင့် လုပ်တယ်၊ အဲဒါကြည့်လိုက်တော့ တော်တော်ကောင်းသား၊ ပိုရှင်းတယ်။

သောတဒသကကလာပ်ဆိုရင် သောတပသာဒပါတဲ့ ရုပ် ၁၀–ခုပေါင်းပေါ့, စက္ခုနေရာ သောတထည့်လိုက်ရုံပဲ၊ ခုန ၉–ခု မူရင်း ထားရမယ်၊ အဝိနိဗ္ဘောဂရုပ် ၈–ခုရယ်၊, ဇီဝိတရုပ်ရယ်, သောတပသာဒရယ်, သူ့ကို သောတ ဒသက ကလာပ်လို့ခေါ်တယ်။

ဃာန ဒသက ကလာပ်၊ အဲဒီကျတော့ ခုနအတိုင်းပဲ၊ ၉–ခုမှာ ဃာနပသာဒ ထည့်လိုက်ရင် ဃာန ဒသကကလာပ်။

ဇိဝှါဒသကကလာပ်၊ ဒါလည်း ဃာန နေရာ ဇိဝှာထည့်၊ ဟို ၉–ခုက ၉–ခုပဲ၊ ကာယဒသက ကလာပ်၊ ဒါလည်းဇိဝှာနေရာကာယထည့်။

ဣတ္ထိဘာဝဒသက ကလာပ်၊ ဒါက သူတို့နေရာမှာ ဣတ္ထိဘာဝရုပ်ကို ထည့်လိုက်, ပုမ္ဘာဝကလာပ်ကျတော့လည်းပဲ ဣတ္ထိဘာဝနေရာမှာ ပုမ္ဘာဝရုပ်ကို ထည့်လိုက်။

ဝတ္ထုဒသကဆိုတာ ဟဒယဝတ္ထုကိုပြောတာ၊ ဒါဖြင့် ရုပ် ၉–ခုနဲ့ ဟဒယဝတ္ထုနဲ့ ပေါင်းလိုက်ရင် ၁၀–ခု၊ အဲဒါကို ဝတ္ထုဒသကကလာပ်၊ ပြီးတော့မှ ဇီဝိတနဝက ကလာပ်၊ အားလုံး ကမ္မဇကလာပ် ၉–စည်း။

ကမ္မဇကလာပ် ၉ စည်းဖွဲ့တော့ ကမ္မဇရုပ် ၁၈–ခုထဲကပဲ ဖွဲ့တာပဲ၊ ဒီအပြင် မထွက်ဘူး၊ ဒါကြောင့်မို့ သူတို့ကို ကမ္မဇကလာပ်လို့ ခေါ်တာပဲ။

စိတ္တဇရုပ် ၁၅ခုထဲက ကလာပ်ဖွဲ့ကြဦးစို့။

စိတ္တဇကလာပ် ၆–စည်းရှိတယ်၊ ပထမဆုံး သုဒ္ဓဋ္ဌကကလာပ်တဲ့၊ ဒါဟာ ခုန ပြောခဲ့တဲ့ အဝိနိဗ္ဘောဂရုပ် ၈–ခု သက်သက်ပဲ၊ အဲဒီသုဒ္ဓဋ္ဌကကလာပ်ထဲမှာ ကာယဝိညတ် ထည့်လိုက်ရင် ကာယဝိညတ္တိ နဝကကလာပ်၊ ကာယဝိညတ်ဖြစ်တဲ့အခါ ဝစီဝိညတ် ဖြစ်တဲ့အခါ,လာမှာပေါ့။

ဝစီဝိညတ်ဖြစ်တဲ့အခါ ဝစီဝိညတ်နဲ့ တွဲတဲ့အခါတော့ နဝက မဟုတ်ပဲ ဘယ့်နှယ် ဒသကဖြစ်သွားပါလား၊ ဘာပိုဝင်လာသလဲ၊ သဒ္ဒဝင်လာတယ်၊ ဝစီဝိညတ်နဲ့ သဒ္ဒက ခွဲမရဘူး၊ ဝစီဝိညတ်ဆိုတာ နှုတ်နဲ့ သူတစ်ပါးကို ကိုယ့်အလို

http://www.dhammadownload.com



သိစေတာဆိုတော့ ပြောမှသိမှာပေါ့၊ ပြောရင် အသံမထွက်ဘူးပေလား၊ ဒါကြောင့်မို့ ဝစီဝိညတ်ကို ယူလိုက်ရင် သဒ္ဒကလည်း ယူရတော့မယ်၊ ဒါကြောင့်မို့ ဒီမှာ နဝက မဟုတ်ပဲ ဒသကလို့ခေါ်တာ, ပိုပြီးတော့ ရှင်းချင်ရင် ဝစီဝိညတ္တိ သဒ္ဒဒသက လို့တောင် ခေါ်ဖို့ကောင်းသေးတယ်၊ ဒါပေမယ့် ကျမ်းဂန်တွေမှာ ဒီလိုမခေါ်ဘူး၊ ဝစီဝိညတ္တိ ဒသက လို့ပဲခေါ်တယ်၊ အဲဒီတော့ ဝစီဝိညတ်လို့ ပြောလိုက်ရင် သဒ္ဒပါပြီဆိုတာ သိပေတော့။

ပြီးတော့ လဟုတာဒေကာ ဒသကတဲ့၊ ဆိုလိုတာကတော့ လဟုတာအစရှိတာ တွေပါတဲ့ (ကောဒသကဆိုတာ ၁၁, ဒသဆိုတာ ၁၀, ဧက ဆိုတာ တစ် ဧကာ ဒသ ဆိုတော့ ၁၁) ရုပ် ၁၁–ခု ရှိလိမ့်မယ်၊ ၁၁–ခုရှိတော့ သုဒ္ဓဋ္ဌက ကလာပ်မှာ ပါတဲ့ ၈–ခုကို မူရင်းထားပြီးတော့ ၁၁–ဖြစ်အောင် ၃–ခုထည့်ရမယ်၊ ဘာ ၃– ခုလဲ ဆိုတော့ လဟုတာ, မုဒုတာ, ကမ္မညတာပေါ့၊ ဒီ ၃–ခုက တွဲနေတာပဲ၊ တစ်ခုယူ လိုက်ရင် အကုန်ပါသွားပြီ။

ဒါကြောင့်မို့ သုဒ္ဓဋ္ဌကလာပ် ၈–ပါး သို့မဟုတ် အဋ္ဌကလာပ် ရုပ် ၈–ပါးလို့ လည်းခေါ်တယ်၊ အဝိနိဗ္ဘောဂရုပ်, ဒါကြောင့် အဋ္ဌကလာပ် ၈–ပါးနဲ့ လဟုတာ, မုဒုတာ, ကမ္မညတာနဲ့ပေါင်းလိုက်ရင် ၁၁–ခုရတယ်၊ အဲဒီ ၁၁–ခုကို လဟုတာ ဒေကာဒသက၊

နောက်တစ်ခုက ကာယဝိညတ္တိလဟုတာ ဒွါဒသကကလာပ်, ဒွါဒသက ဆိုတာ ၁၂၊ ကာယဝိညတ်ရယ်, လဟုတာစတဲ့ ၃–ခုရယ်ပါတဲ့ ရုပ် ၁၂–ခု အပေါင်းဆိုတော့ အဋ္ဌကလာပ်ရုပ် ၈–ခုရယ်, ကာယဝိညတ်ရယ်ဆိုတော့ ၉–ခု၊ လဟုတာ, မုဒုတာ, ကမ္မညတာ ၃–ခုပေါင်းလိုက်တော့ ၁၂–ခု, အဲဒီ ၁၂–ခု အပေါင်းကို ကာယဝိညတ္တိလဟုတာ ဒွါဒသသက။

ဝစီဝိညတ္တိ သဒ္ဒလဟုတာ ဒိတေရသကကလာပ်, တေရသဆိုတာ ၁၃၊ ဒီကလာပ်မှာ ရုပ် ၁၃–ခု ရှိလိမ့်မယ်တဲ့၊ အဋ္ဌကလာပ်ရုပ် ၈–ခုအပေါင်း ဝစီဝိညတ်, သဒ္ဒ, လဟုတာ, မုဒုတာ, ကမ္မညတာ, ၈နဲ့ ၅ပေါင်း ရင် ၁၃–ခု။

အဲဒီတော့ စိတ္တဇရုပ်တွေမှာ ကလာပ်စည်း စည်းလိုက်တော့ ၆–စည်းရတယ်၊ သူတို့ရဲ့ basic က အဋ္ဌကလာပ်ရုပ် ၈–ပါးသို့မဟုတ် အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ အဲဒီထဲကို ကာယဝိညတ်ထည့်လိုက်တဲ့ အခါမှာ ကာယဝိညတ် ဒသကဖြစ်တယ်၊ ဝစီဝိညတ်နဲ့ သဒ္ဒထည့်လိုက်တဲ့အခါမှာ ဝစီဝိညတ္တိဒသကဖြစ်တယ်၊ လဟုတာထိထည့် လိုက်တော့ လဟုတာ ဒေကာ ဒသကဖြစ်တယ်၊ ကာယဝိညတ်နဲ့ လဟုတာနဲ့

http://www.dhammadownload.com



တွဲလိုက်တော့ ဒွါဒသက ဖြစ်သွားတယ်။

ဝစီဝိညတ်နဲ့ လဟုတာနဲ့ တွဲလိုက်တော့ တေရသက ၁၃–ဖြစ်သွားတယ်၊ ဒါကြောင့်မို့စိတ္တဇ ကလာပ် ၆–စည်းရှိတယ်။

ဥတုဇကလာပ် ၄ စည်းရှိတယ် (၁) သုဒ္ဓဋ္ဌကကလာပ်တဲ့၊ ဒါကတော့ အဋ္ဌကလာပ်ရုပ် ၈–ခုပဲ။

(၂) သဒ္ဒနဝက ကလာပ်တဲ့, ဒါကတော့ သဒ္ဒထည့်လိုက်တာပဲ၊ ပြင်ပမှာ အသံမြည်တဲ့အခါကျတော့ အဲဒီ သဒ္ဒနဝက ကလာပ်တွေဖြစ်တာပေါ့၊ သက်ရှိပုဂ္ဂိုလ် ကပြောတဲ့အခါ ဝစီဝိညတ်ပါတယ်၊ သဒ္ဒသက်သက်မဟုတ်ဘူး။

ပြင်ပမှာ သူ့ဟာသူ ခဲချင်းတိုက်မိသံလို ပြင်ပသံတွေကျတော့ သဒ္ဒနဝက သက်သက်ပဲ၊ ဒါကြောင့်မို့ အဲဒီအခါကျတော့ သဒ္ဒတစ်ခုပဲတိုးရတယ်၊ ဝစီဝိညတ်မပါနိုင်ဘူး၊ ဝစီဝိညတ်က ပြင်ပမှာ မဖြစ်ဘူး၊ သတ္တဝါသန္တာန်မှာသာဖြစ်တယ်။

(၃) လဟုတာ ဒေကာဒသက ကလာပ်တဲ့, လဟုတာ, မုဒုတာ, ကမ္မညတာရယ်, အဋ္ဌကလာပ်ရုပ် ၈–ခုရယ်။

(၄) သဒ္ဒလဟုတာဒိ ဒွါဒသက ကလပ်တဲ့၊ ဒါကလဟုတာ စသည် ၃–ခုနဲ့ သဒ္ဒနဲ့ ထပ်ထည့်လိုက်တဲ့အခါကျတော့ ၁၂–ခု ဖြစ်သွားတယ်။

ဒါဖြင့် ပထမ ကလာပ်က ရုပ် ၈–ခု၊ ဒုတိယရုပ် ၉–ခု၊ တတိယက ၁၁–ခု၊ စတုတ္ထက ၁၂–ခုတဲ့၊ ဥတုဇရုပ်ကလာပ် ၄– စည်းရှိတယ်။

အာဟာရဇကလာပ်ကျတော့ ၂–စည်းပဲရှိတယ်၊ သုဒ္ဓဋ္ဌကလာပ်ရယ်၊ လဟုတာ ဒေကာဒသက ကလာပ်ရယ်၊ အဲဒီတော့ သုဒ္ဓဋ္ဌကဆိုတဲ့ ၈–ခုထဲမှာ လဟုတာစတဲ့ ၃–ခုထည့်လိုက်ရင် လဟုတာဒေကာ ဒသကကလာပ်ဖြစ်သွားတယ်။

ဒါဖြင့် လဟုတာ ဒေကာဒသကက စိတ္တဇထဲလည်းပါတယ်၊ ဥတုဇထဲလည်း ပါတယ်၊ အာဟာရဇထဲလည်းပါတယ်။

အားလုံးပေါင်းလိုက်ရင် ကလာပ်ဘယ်လောက်ရှိသလဲ၊ ၉ ရယ်, ၆ ရယ်, ၄ ရယ်, ၂ ရယ် ပေါင်းလိုက်တော့ ကလာပ် ၂၁–စည်းရှိတယ်၊ ကမ္မဇကလာပ်, စိတ္တဇကလာပ်, ဥတုဇကလာပ်, အာဟာရဇကလာပ်, အဲဒီလို အားလုံးပေါင်း ၂၁ စည်း။

ကမ္မဇကလာပ် ၉–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–စည်း၊ အာဟာရဇကလာပ် ၂–စည်း၊ ဒါဟာ ဇယားကွက်ကို ကြည့်ရင်ရှင်းတယ်။

ကောင်းပြီ, ညာဘက်ကစာကြည့် "ကလာပ် ၂၁–စည်းတို့တွင် ဥတုဇဖြစ်သော

http://www.dhammadownload.com



သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝက ကလာပ်တို့ကို အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် ၂–ပါးတို့၌ ရနိုင်သည်”တဲ့။

ဥတုဇထဲက သုဒ္ဓဋ္ဌကဆိုတာနံပတ်တစ်၊ သုဒ္ဓဋ္ဌကဆိုတာ နံပတ်နှစ်၊ ဥတုဇကလာပ်ထဲက နံပတ်တစ်နဲ့ နံပတ်နှစ်က အပသန္တာန်မှာလည်းဖြစ်နိုင်တယ်၊ သက်ရှိ သန္တာန်မှာလည်း ဖြစ်နိုင်တယ်၊ ဒီလိုဆိုလိုတယ်။

အဇ္ဈတ္တသန္တာန်ဆိုတာ သက်ရှိပေါ့, အတွင်းသန္တာန်၊ ဗဟိဒ္ဓဆိုတာ အပသန္တာန် ရှင်းရှင်းနားလည်အောင်ပြောရရင် အဇ္ဈတ္တသန္တာန်ဆိုတာ သက်ရှိသန္တာန်ပဲ၊ ဗဟိဒ္ဓသန္တာန်က သက်မဲ့ သန္တာန်ပေါ့။

အဲဒီတော့ သုဒ္ဓဋ္ဌကလာပ်နဲ့ သဒ္ဒနဝက ကလာပ် ၂–ခုကိုတော့ သတ္တဝါသန္တာန်မှာလည်း ရနိုင်တယ်၊ ပြင်ပသန္တာန်မှာလည်း ရနိုင်တယ်တဲ့။

“ကြွင်းကလာပ် ၁၉ စည်းကိုကား၊ အဇ္ဈတ္တသန္တာန်၌သာ ရနိုင်သည်”တဲ့၊ အဲဒါ အလွန်အရေးကြီးတယ်၊ သေသေချာချာမှတ်ပါ။

အခြားကလာပ်တွေကို အပမှာမရနိုင်ဘူးတဲ့၊ သတ္တဝါသန္တာန်မှာသာ ရနိုင်တယ်တဲ့၊ ဒါကြောင့် (အပသန္တာန်) သက်မဲ့သန္တာန်မှာ ဘာသာရှိနိုင်သလဲဆိုတော့ သုဒ္ဓဋ္ဌကကလာပ်နဲ့ သဒ္ဒနဝက ကလာပ်သာရှိနိုင်တယ်၊ တခြားရုပ်တွေ မရှိနိုင်ဘူး၊ စက္ခုမရှိနိုင်ဘူး, သောတမရှိနိုင်ဘူး စသည်ဖြင့် အစဉ်အတိုင်းသွားပေါ့၊ ဣတ္ထိဘာဝ, ပုမ္ဘာဝမရှိနိုင်ဘူး၊ ဟဒယမရှိနိုင်ဘူး၊ ဇီဝိတမရှိနိုင်ဘူး၊ အာဟာရတောင် မရှိနိုင်ဘူးနော်၊ အဲဒါသတိထား။

အာဟာရဇရုပ်ဟာ သက်ရှိသန္တာန်မှာသာဖြစ်တယ်၊ အာဟာရရုပ်က သက်ရှိရော သက်မဲ့မှာပါဖြစ်တယ်၊ အဲဒါကွဲရဲ့လား၊ သုဒ္ဓဋ္ဌကကလာပ် ၈–ခုထဲမှာ အာဟာရပါတယ်၊ ဒါကြောင့်မို့ အာဟာရရုပ် (ဩဇာ) သက်သက်ကတော့ အပမှာလည်း ရှိနိုင်တယ်၊ အပမှာရှိလို့လည်းပဲ ထမင်းစားတော့ ဩဇာတွေတွေ့နေတာပေါ့၊ အစားအစာထဲမှာ ဩဇာတွေပါနေတာပေါ့။

သို့သော် အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ကျတော့ သက်ရှိသန္တာန်မှာသာဖြစ်တယ်၊ အဲဒါလေး သတိထားရမယ်၊ အခုခေတ် biologically ကဘာပဲပြောနေနေပေါ့၊ ဇီဝိတဆိုတာ အပသန္တာန်မှာ မရနိုင်ဘူး၊ အပသန္တာန်မှာ ဇီဝိတနဝကကလာပ်ရတယ်လို့ မဆိုဘူး၊ အပသန္တာန်မှာ ရနိုင်တာက ဥတုဇကလာပ်ထဲက နံပတ်တစ်နဲ့ နံပတ်နှစ်ပဲ ရနိုင်တယ်လို့ ပြောတယ်မဟုတ်လား၊ အဲဒီထဲမှာ ဇီဝိတမပါဘူး။

ဒါကြောင့်မို့ အဘိဓမ္မာအလိုအရပြောရရင် ဇီဝိတဆိုတဲ့သဘောမျိုး သစ်ပင်

http://www.dhammadownload.com



တွေမှာမရှိဘူး၊ ခေတ်အပြောအရ အသက်ရှိတယ်လို့ ပြောချင်ပြောပေါ့၊ အသက်တစ်မျိုး တစ်နည်းတစ်ဖုံရှိတယ်ပေါ့၊ ဝေါဟာရမှာလည်း သုံးနေတာပဲ၊ သစ်ပင်ရှင်လာတယ်, သစ်ပင်သေသွားတယ်၊ ညှိုးသွားတယ်နဲ့ စသည်ဖြင့် သုံးနေတယ်၊ ဒါပေမယ်လို့ ရုပ်သက်လို့ခေါ်တဲ့ ဇီဝိတရုပ်မျိုးကတော့မရှိဘူး၊ အဲသလို မှတ်ရမယ်။

တစ်ခါပြောဖူးတယ်မဟုတ်လား၊ ဒကာမတစ်ယောက်နဲ့ ဘုန်းကြီးတစ်ပါး ငြင်းကြတာလေ၊ ဘုန်းကြီးကလည်း ဇီဝိတရုပ်မရှိဘူးဆိုတဲ့အနေနဲ့ မရှိဘူးပြော၊ ဒကာမကလည်း မဟုတ်ဘူး၊ သစ်ပင်မှာလဲသိတတ်တဲ့ အသက်ရှိတယ်လို့ ငြင်းနေကြရော၊ သို့သော် ဘာပဲဖြစ်ဖြစ် အဘိဓမ္မာသဘောအနေနဲ့ ပြောမယ်ဆိုရင် ဇီဝိတဆိုတာ မရှိရဘူး၊ ဒီမှာ အတိအကျဆိုပြီးသားပဲ၊ တခြားနည်းနဲ့ သူ့ဟာသူ ရှိတာတော့ လက်ခံရမှာပေါ့။

ဒါကြောင့်မို့ရုပ် ၂၈–ပါးရှိပေမယ်လို့ အပသန္တာန်မှာရနိုင်တဲ့ ရုပ်က ဘာမှ မရှိဘူး၊ အဇ္ဈတ္တသန္တာန်မှာရနိုင်တဲ့ ရုပ်တွေက ပိုပြီးများတယ်။

အပသန္တာန်မှာရနိုင်တဲ့ ရုပ်ကို ဥတုဇကလာပ် ၄–စည်းထဲမှာ ကြည့်လိုက်စမ်းပါ၊ သုဒ္ဓဋ္ဌကကလာပ်နဲ့ သဒ္ဒနဝကကလာပ် ဒါပဲရှိတယ်၊ ဒါပဲရှိတယ်ဆိုတော့ (အမှန်ကတော့) ရုပ် ၉–ခုပဲရှိတယ်ပေါ့၊ တခြားရုပ်တွေက အပသန္တာန်မှာ မဖြစ်နိုင်ဘူး၊ အတွင်း သန္တာန် (သို့မဟုတ်) သက်ရှိသန္တာန်မှာသာ ဖြစ်နိုင်တယ်။

ဒါကြောင့်မို့ "ကွင်းကလာပ် ၁၉–စည်းကိုကား အဇ္ဈတ္တသန္တာန်၌သာ ရနိုင်သည်"

ကောင်းပြီ၊ အခုကလာပ်တွေ ဖွဲ့သွားခဲ့တယ်၊ ဘာတွေ ကျန်နေလဲ၊ ဇယား ကွက်ကြည့်လိုက်ရင် ဟိုအောက်မှာ ကွက်လပ်တွေကျန်မနေဘူးလား၊ ဥပစယ သန္တတိ, ဇရတာ, အဲဒါကျန်နေတယ်၊ ကလာပ်ထဲမပါဘူး၊ အာကာသကလာပ်ထဲပါ ရဲ့လား၊ အာကာသတစ်တန်းလုံး ကြည့်လိုက်စမ်း၊ ကလာပ်ဖွဲ့တဲ့ကော်လံတွေမှာ ကြယ်လေးတွေ မရှိဘူးနော်၊ ဥပစယ သန္တတိ, ဇရတာ၊ အနိစ္စတာမှာလည်းမရှိဘူး။

အဲဒီတော့ ကလာပ်ဖွဲ့ရာမှာ အာကာသရုပ်လည်းမပါဘူး၊ လက္ခဏာရုပ် ၄–ပါးလည်း မပါဘူး၊ ဒါလည်းမှတ်ရမယ်၊ ဒါဘာကြောင့်လဲ။

"အာကာသရုပ်သည် ရုပ်ကလာပ်တို့၏အပိုင်းအခြားဖြစ်၍လည်းကောင်း" ဆိုလိုတာကတော့ အာကာသရုပ်ဟာ ရုပ်ကလာပ်တွေရဲ့ အပြင်ဘက်ကနေတာ၊ ဒီရုပ် ၈–ခုပေါင်းနေတယ်၊ ဒီရုပ် ၉–ခုပေါင်းနေတယ်၊ အဲဒီရုပ်ကလေးတွေက တစ်ခုနဲ့တစ်ခု ဖွဲ့စည်းနေတော့ သူတို့ကြားမှာ အာကာသဆိုတာရှိတယ်၊ ရုပ်ကလာပ်

http://www.dhammadownload.com



ကြားမှာ အာကာသရှိတယ်၊ ရုပ်ကလာပ်အတွင်းမှာ အာကာသမရှိဘူး။

ဆိုပါတော့, ပထဝီအာပေါ် တေဇော, ဝါယောရယ်, ရူပ, ဂန္ဓ, ရသ, အာဟာရရယ်, သူတို့ပေါင်းနေတဲ့ အခါမှာတော့ သူတို့တစ်ခုနဲ့တစ်ခုကြားမှာ အာကာသမရှိဘူး။

ဒါပေမယ်လို့ သူတို့တစ်စုနဲ့ နောက်တစ်စု (သူတို့ကလည်းပေါင်းကပ်နေတာပဲ) အဲဒီကျတော့ ကလာပ်တစ်ခုနဲ့တစ်ခုကြားမှာသာ အာကာသရှိတယ်၊ ဒါကြောင့်မို့ အာကာသဆိုတာ ကလာပ်တွေကို ပိုင်းခြားတာဖြစ်တဲ့အတွက်ကြောင့်မို့ ကလာပ်တွင်းမှာ သူမပါနိုင်ဘူး၊ ကလာပ်ရဲ့ အပြင်ဘက်မှာနေတယ်၊ ဒါကြောင့်မို့ ကလာပ်ဖွဲ့တဲ့ အခါကျတော့ အာကာသရုပ် ဘယ်မှာမှ မပါနိုင်တော့ဘူး၊

အာကာသဟာတော်တော် မြတ်စွာဘုရားဟောခဲ့တာမှာ advance ဖြစ်တယ်နော်၊ အခုမှလူတွေ ဒါကိုလက်ခံတာ၊ nuclear science ပေါ်လာမှ ကြည့်လိုက်ရင် လောကမှာ space က ပိုပြီး များနေတယ်ဆိုတာ သူတို့ပြောလာတာ။

တစ်ခါတုန်းက Reader's Digest article တစ်ခု ဖတ်ဖူးတယ်၊ နှစ် ၂၀-၃၀ လောက်ရှိရော့မယ်၊ အဲဒီထဲမှာပါတာက ကမ္ဘာမြေကြီးထဲမှာရှိတဲ့ space တွေကို အကုန်ထုတ်ပစ်လိုက်မယ်ဆိုရင် ကမ္ဘာမြေကြီးဟာ ဂေါက်သီးလောက်ပဲ ရှိမယ်တဲ့။

ရှေးတုန်းက ပြောတာဆိုရင် လူတွေက ယုံချင်မှယုံမယ်၊ သစ်သားကြီးမှာ အာကာသရှိတယ် ပြောရင် ဒီလောက်ထူပိန်းနေတာကြီး အာကာသရှိတာ မဟုတ်နိုင်ပါဘူး ပြောမှာပဲ၊ သံတုံးကြီးတွေ ခဲတုံးကြီးတွေ ဘယ်လိုလုပ် အာကာသရှိနိုင်မလဲ၊ မှုတ်ကြည့်လို့ရှိရင် ဟိုဘက်ကို လေထွက်သွားမှာ မဟုတ်ဘူးဆိုပြီး ဒီလိုငြင်းမှာပဲ။

အခု nuclear ပေါ်လာတဲ့အခါကျတော့ သူတို့ကပြောတော့ ယုံသွားကြပြီ၊ ဒီအခါကျတော့ လူတွေက မမေးမမြန်းတော့ဘူး၊ အဲဒါ အာကာသ၊

**ပရိသတ်** – လက်တွေ့ရှိနေတာကို ဘုရား၊

**ဆရာတော်** – ဟုတ်တယ်၊ လက်တွေ့ပြောနေတော့ ယုံတာပေါ့၊

**ပရိသတ်** – သူတို့ science နဲ့ရှင်းလင်းချက် ရှိထားပြီးသားဆိုတော့ အပြီးယုံတော့ တာပေါ့။

**ပရိသတ်** – သူတို့ကလက်တွေ့နဲ့မှ ယုံတယ်၊ မြတ်စွာဘုရားကတော့ နှုတ်နဲ့ ဟောခဲ့တာကိုး။

**ဆရာတော်** – မြတ်စွာဘုရားကတော့ တိုက်ရိုက်သိပြီးတော့ သူ့ရဲ့ သဗ္ဗညုတဉာဏ်နဲ့

http://www.dhammadownload.com



ဟောခဲ့တာကိုး၊ နောက်ပိုင်းကျတော့ ဦးဇင်းတို့က ဘုရားဟောခဲ့တာကို proof လုပ်ဖို့ကျတော့ ဘယ်လိုမှ မတတ်နိုင်တော့ဘူး၊ ဒီသစ်သားတုံးကြီး မြင်ပါလျက်နဲ့ အာကာသရှိပါတယ်လို့ ပြောရတာ အတော်ခက်တယ်၊ မင်းရှုးနေသလားလို့ ရှေးခေတ်တုန်းကဆိုရင် ပြောလိမ့်မယ်၊ ဒါပေမယ်လို့ အခုကျတော့ လက်ခံလာတယ်၊ ခုနပြောသလိုလည်း ကမ္ဘာလုံးကြီးထဲက အာကာသထုတ်ပစ်လိုက်ရင် ကမ္ဘာကြီးဟာ ဂေါက်သီးလုံးလေးလောက်ရှိမယ် ပြောတာယုံနိုင်စရာ မရှိဘူး၊ ဟုတ်မှာပါပဲ။

ဒါကြောင့်မို့ အာကာသရုပ်ဟာ ကလာပ်ဖွဲ့စည်းတာမှာ မပါဘူး၊ ကလာပ် အပြင်ဘက်မှာ ဖြစ်နေတဲ့အတွက်ကြောင့် ကလာပ်ထဲမှာ သူမပါဘူး။

လက္ခဏရုပ် ၄-ခုကလည်းပဲ ခုနပြောတဲ့ ရုပ်ကလာပ်တွေရဲ့ အမှတ်အသားမျှပဲ ဖြစ်တယ်ဆိုတော့ အခိုက်အတန့်ပဲပေါ့၊ ဒီရုပ်တွေဖြစ်နေတာကို ဥပစယသန္တတိလို့ ခေါ်တယ်၊ ရင့်ရော်သွားတဲ့အခိုက်ကို ဇရတာလို့ခေါ်တယ်၊ ကွယ်ချုပ်သွားတဲ့အခါ ကျတော့ အနိစ္စတာလို့ခေါ်တယ်ဆိုတော့ သူတို့ကလည်းပဲ ရုပ်သီးခြားမဟုတ်ဘူး။

အဲသလို ရုပ်သီးခြားမဟုတ်တဲ့အတွက်ကြောင့်မို့ different stages of material properties အဲဒါကြောင့်မို့ သူတို့ကို ကလာပ်ထည့်ဖွဲ့စည်းတဲ့ထဲမှာ သူလည်းမပါဘူး၊ လက္ခဏရုပ် ၄-ပါးဟာ တော်တော်မျက်နှာငယ်တယ်၊ ရူပသမုဒ္ဒေသ တုန်းကလည်း သူတို့ကို ချန်ထားခဲ့တယ်၊ ကလာပ်ဖွဲ့စည်းတော့လည်း သူတို့ကိုချန်ထား ခဲ့တယ်၊ အမှန်ကတော့ ရုပ်အစစ်မဟုတ်လို့ပါပဲ။

ဒါကြောင့်မို့ ဝိပဿနာရှုတဲ့အခါကျတော့ အနိပ္ဖန္နရုပ်ကို မရှုဘူး၊ နိပ္ဖန္နရုပ်သာ ရှုရတယ်ဆိုတာပေါ့၊ ဘာကြောင့်တုန်းဆိုတော့ နိပ္ဖာနရုပ်က တကယ်ကိုရှိတဲ့ရုပ်ကိုး၊ အနိပ္ဖန္နရုပ်ကတော့ နိပ္ဖန္နရုပ်ရဲ့ အမူအရာအထူးလေးတွေ အခိုက်အတန့် အထူး လေးတွေကို ခေါ်တာ။

ဒါကြောင့်မို့ အာကာသရုပ်နဲ့ လက္ခဏရုပ် ၄-ခုတို့ဟာ ကလာပ်ဖွဲ့စည်းရာမှာ မပါဝင်နိုင်ဘူး၊ ဘာကြောင့် မပါဝင်နိုင်သလဲ၊ အာကာသကလည်း ကလာပ်တစ်ခုနဲ့ တစ်ခုကို ပိုင်းခြားပေးတာသာဖြစ်တယ် space၊ အဲဒါကြောင့်မို့ ကလာပ်ထဲမပါဘူး။

လက္ခဏရုပ်ကလည်း ကလာပ်ထဲပါတဲ့ရုပ်တွေရဲ့ အခိုက်အတန့်မျှသာဖြစ်တဲ့ အတွက်ကြောင့်မို့ (စာစကားနဲ့ပြောရင် အမှတ်အသားပေါ့) အမှတ်အသားမျှသာဖြစ်တဲ့ အတွက်ကြောင့်မို့ မပါဝင်နိုင်ဘူး၊ ဒါကြောင့်မို့ သူတို့ကိုတော့ ဘယ်ကလာပ်ထဲမှာ ပါတယ်လို့ မဆိုရ။

အဲဒါကလာပ်အားလုံး ၂၁-စည်း၊ ရုပ်ကလာပ် အစု အစုလေးတွေနဲ့ဖြစ်တာ၊

http://www.dhammadownload.com



အဲဒါကြောင့်မို့ တစ်လောက လူတစ်ယောက်ကမေးတယ်၊ လောကဓာတ် ပညာကို လိုက်ပြီးတော့ ဗုဒ္ဓဘာသာကကော ပြင်သေးလားတဲ့။

ဦးဇင်းက ပြန်ပြောလိုက်တယ်၊ ဗုဒ္ဓဘာသာက အဲသလို မဟုတ်ဘူးကွာ၊ လောကဓာတ်ပညာဟာ ဗုဒ္ဓဘာသာနဲ့ မညီသေးရင် အသာစောင့်နေတယ်, ဒို့က မပြင်သေးဘူး၊ လောကဓာတ်ပညာတွေ တစ်နေ့ ညည်းလာလိမ့်မယ်၊ ညည်းလာတဲ့ အချိန်ကျမှ ဒို့က လက်ခံပြီး ဒို့ရဲ့ ပင်ရင်းအယူအဆကို ပြောမယ်၊ လောကဓာတ်ပညာပြောင်းတိုင်း ဗုဒ္ဓဘာသာက လိုက်မပြောင်းဘူး၊ ဘာကြောင့်တုန်း ဆိုတော့ ဘုရားဟောပြီးသား ဒါဟာ ဒါပဲ၊ ပြင်လို့မရဘူး၊ ဘယ်သူမှလည်း မပြင်နိုင်ဘူး၊ ဆိုပါတော့, မင်းတို့က မှားတယ်ပြောချင်လဲပြောတော့,ဒို့ကတော့ ခုံးပေခံရမှာပဲဆိုတဲ့ အစိပ္ပါယ်မျိုး ပြောလိုက်တယ်။

ဟုတ်တယ်လေ၊ သူတို့က ဒီနေ့ဒါတွေရှိပါတယ်ဆိုရင် ဒို့ (ဗုဒ္ဓဘာသာ) ကလိုက်ပြီး ပြင်ဦးမှာပဲဆိုရင် နောက်တစ်နေ့ကျတော့ သူတို့က ဒီနေ့တစ်မျိုးတွေ့ ပြန်ပြီ၊ မနေ့ကတွေ့တာမဟုတ်ဘူးဆိုတော့ ပြင်ရပြန်ပြီ, နောက်တစ်ခါပြင်ရပြန်ပြီ ဆိုတော့ မဖြစ်နိုင်ဘူး။

ဒါကြောင့်မို့ Science ဆိုတာ (ultimate truth) မဟုတ်ဘူး၊ (realtive truth)၊ နေ့ရှိသည်နှင့်အမျှ ပြောင်းလဲနိုင်တယ်၊ atom ကိစ္စမှာဆိုရင် ပြောင်းလာတာပဲမဟုတ်လား၊ ဒါကြောင့်မို့ ဒို့ (ဗုဒ္ဓဘာသာ)က science ဟာ တစ်နေ့ကျတော့ ဒို့ (ဗုဒ္ဓဘာသာ)နဲ့ တူလာလိမ့်မယ်၊ ဒို့(ဗုဒ္ဓဘာသာ)ကို ထောက်ခံ လာလိမ့်မယ်လို့ အဲသလိုပဲစောင့်ပြီးနေတယ်၊ science နောက်လိုက်ပြီး ဟိုပြောင်း ဒီပြောင်း မပြောင်းဘူး၊ ဒို့က ပြောသာပြောတတ်တယ်၊ ဘာမှမလုပ်တတ်ဘူး၊ မင်းတို့က ထလုပ်ပြီး မင်းတို့က ထောက်ခံပေးတော့ ဒို့ (ဗုဒ္ဓဘာသာ)က ဟန်ကျနေတယ်။

တစ်နေ့ကတော့လည်း စိတ်ဖြစ်ပုံတွေပြောတော့ ကွန်ပျူတာပေါ်တော့ ပြောရတာ လွယ်သွားပြီ၊ မျက်စိတစ်မှိတ် ကုဋေတစ်သိန်းတို့ဘာတို့ဟာလေ၊ အခု ကွန်ပျူတာ က ၁ စက္ကန့် အတွင်းမှာသန်းနဲ့ချီပြီး လုပ်နိုင်တာဆိုတော့ မဖြစ်နိုင်ဘူးလို့ ပြောစရာမလိုတော့ဘူး။

အဲဒီတော့ လောကဓာတ် ပညာထွန်းကားတာ ဦးဇင်းတို့ ဗုဒ္ဓဘာသာအတွက် ကတော့ အမှန်တကယ်ကောင်းတယ်၊ သူကဝင်ဝင်ပြီး ထောက်ခံပေးသွားတာ, ကိုယ်က ဘာမှ မလုပ်တတ်ဘူး။

**ပရိသတ်** – ဒါပေမယ့် သူတို့က တစ်ခွန်းပိုပဲ၊

http://www.dhammadownload.com



**ဆရာတော်** – သူတို့ကတော့ အမြဲတမ်း ပြင်နေရမှာပဲ၊ တစ်ခါပြင်ပြီး နောက်ပြင်နေရမှာပဲ။

**ပရိသတ်** – အဲဒီတော့ ပုပ် ဂျွန်ပေါလ်ကပြောတာပေါ့၊ ရာဇဝင်နဲ့ကိုလာတာ always လူတွေက change လုပ်တယ်၊ အမြဲမှားတယ်၊ အဲဒီလိုဖြစ်နေတာ တောင်မှ လူတွေက ပြင်ချင်သေးတယ်၊ အဲဒါကြောင့် သူတို့က မပြင်ဘူး။

**ဆရာတော်** – အဲဒါတော့ ဦးဇင်းသဘောကျတယ်၊ ဘယ့်နှယ်သူတို့က နိုင်ငံရေး တောင်းဆိုသလို တောင်းဆိုနေတာ၊ ဘာသာရေးမှာ နိုင်ငံရေးလိုလုပ်နေတာ၊ ဟိုဟာ ပေးရမယ်၊ ဒီဟာပေးရမယ်နဲ့ ပုပ်ဂျွန်ပေါလ်ပြောသွားတော့ သဘောကျတယ်၊ ချိုချိုသာသာ အေးအေးဆေးဆေးနဲ့ သူပြောသွားတာ၊ ဒေါနဲ့မောနဲ့ ပြောသွားတာ မဟုတ်ဘူး၊ တော်တော်ကို ကောင်းတယ်။

ဒီလိုပဲဖြစ်ရမှာပဲ၊ ဒီလိုတောင်းတိုင်း ထပေးနေရင် နောင် တစ်ချိန်ကျတော့ ဒီ Society က တစ်မျိုးပြောင်းလိမ့်ဦးမယ်၊ အခုအချိန်ဆိုတစ်မျိုး နောင် အနှစ် ၂၀/ ၃၀ ဆို တစ်မျိုးပြောင်းချင်ပြောင်းလိမ့်မယ်၊ အဲဒီအခါကျ တစ်မျိုးတောင်းရင် ပေးရဦးမှာလား။

ဗုဒ္ဓဘာသာကတော့ အဲဒါမျိုး လက်မခံဘူးလေ၊ မြတ်စွာဘုရားကတော့ သဗ္ဗညုတဉာဏ်တော်နဲ့ မြင်ပြီးဟောခဲ့တာကိုး၊ ဒီအတိုင်း ဦးဇင်းတို့ကတော့ ယုံကြည်ပြီးတော့ လိုက်ရတာကို၊ အခုတဖြည်းဖြည်းနဲ့ သူတို့ကပဲကိုယ့် (ဗုဒ္ဓဘာသာ) ကို ထောက်ခံရတာ၊ ကိုယ်က ဘယ်လိုမှ မလုပ်တတ်ဘူး၊

**ပရိသတ်** – ကိုယ်ကဘုရားဟောအတိုင်း ဟောရုံပဲဟောနိုင်တယ်။

**ဆရာတော်** – သူတို့က ဘာလေးတွေ့ရှိလိုက်၊ ညာလေးတွေ့ရှိလိုက်, ထလုပ်လိုက်တော့ ကိုယ့်(ဗုဒ္ဓဘာသာ)နဲ့လာပြီး အံဝင်ခွင်ကျလာဖြစ်နေတယ်။

**ပရိသတ်** – အမှန်ဒီဥစ္စာက အဘိဓမ္မာကို လေးလေးနက်နက် လေ့လာလိုက်တဲ့ အခါကျတော့ ထင်ထင်ရှားရှားပေါ်နေတယ်၊ အဲဒီအခါကျတော့ ဘာသာရေးမှာ story မဟုတ်တော့ဘူး၊ သေသေချာချာခွဲခြားပြီး ပြနိုင်တယ်။

**ပရိသတ်** – ဒါကြောင့်မို့ မြတ်စွာဘုရားဟာ ငါပြောတာနဲ့လည်း မယုံနဲ့ဦးလို့ကာလာမ သုတ်မှာ ဟောထားတယ်၊ ကိုယ်တိုင်လေ့လာဦးလို့။

**ဆရာတော်** – အဲဒီကာလာမသုတ်မှာ မြတ်စွာဘုရားဟောထားတာ သိပ်မျှတတယ်နော်၊ ၁၀–ခုရှိတယ်၊ အစဉ်အလာက ယူလာလို့လည်းဟုတ်ပြီလို့ မယူနဲ့ဦး၊ မဆုံးဖြတ်နဲ့ဦးတဲ့၊ ဒီဘုန်းကြီးကတော့ ဒို့ဆရာတော်ပဲ၊ သူပြောရင် မှန်ရမှာပဲဆိုပြီး

http://www.dhammadownload.com



မယုံလိုက်နဲ့ဦး၊ ဒို့ဘာသာရေးစာအုပ်တွေနဲ့ ကိုက်ညီတယ်ဆိုပြီး မယုံလိုက်နဲ့ဦးလို့ အဲသလိုတောင်ပါတာ၊ ကိုယ်တိုင်လေ့လာလုပ်ကြည့်၊ ကိုယ်တိုင်စမ်းကြည့်လို့ အကျိုး ရှိလား မရှိလား၊ အဲဒီလိုဟောတာ။

**ပရိသတ်** – အဲဒီသုတ်ဘာသာပြန်ထားတာရှိပါသလား။

**ဆရာတော်** – ရှိတယ်၊ မြန်မာလိုလည်းရှိတယ်၊ အင်္ဂလိပ်လိုလဲရှိတယ်၊ ကာလာမသုတ်ဆိုတာ နာမည်ကျော်ပဲ၊ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ သိပ်နာမည်မကျော်ဘူး၊ ဒီသုတ်က တခြားနိုင်ငံတွေမှာ နာမည်ကျော်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ်က ဗုဒ္ဓဘာသာဖြစ်နေတော့ ဒီသုတ်က သိပ်အရေးမကြီးသလိုထင်တာပေါ့၊ ဒီဘက် (အနောက်နိုင်ငံ)က လူတွေကျတော့ အဲဒီသုတ်တွေ့လိုက်ရင် ဟာကနဲဖြစ်သွားတာ၊ ဒီကျတော့ မင်းတို့ဘုရားသခင်ကို ယုံရမယ်၊ faith ရှိရမယ်၊ ဒါပဲမဟုတ်လား၊ ကာလမသုတ်ကတော့ ဒီလိုမဟုတ်ဘူး၊ မင်းတို့ဘာမှ အရမ်းမယုံနဲ့၊ စဉ်းစားတွေးခေါ်ပြီးမှ ကိုယ်ကိုယ်တိုင်သိပြီးမှ ဟုတ်ရင်ဟုတ်သလို လက်ခံ၊ မဟုတ်ရင် မဟုတ်သလို ပယ်ဆိုတော့ သိပ်မျှတတာပဲ။

ဒါကြောင့်မို့ အစစ်အဆေးခံနိုင်တယ်ဆိုပြီးတော့ မျောက်ပင်မင်းပေးတဲ့ ဥပမာနဲ့ မြတ်စွာဘုရား ဟောထားတာရှိတယ်။

လင်မယား ၂–ယောက်ရှိတယ်၊ မျောက်ကလေးမွေးထားတယ်၊ အဲဒီတော့ ပုဏ္ဏေးမက ပုဏ္ဏားကိုပြောတယ်၊ ဒီမျောက်ကို ဆေးဆိုးပေးပါပြောတော့ ပုဏ္ဏားက မျောက်ကိုဆေးဆိုးပေးလို့မဖြစ်ဘူး၊ အထုအရိုက်မခံနိုင်ဘူးပေါ့၊ အဲသလိုပဲ၊ တစ်ပါးသော အယူဝါဒတွေက အထုအရိုက်မခံနိုင်ဘူး၊ အနှိပ်အနယ် မခံနိုင်ဘူး၊ ဗုဒ္ဓဘာသာကတော့ ခံနိုင်တယ်။

ဒါကြောင့်ပဲ,ဟေိပဿိကော ဆိုတာဒါပဲ,လာပြီးကြည့်လှည့်ပါလို့ ခေါ်နိုင်တာ၊ come and see, you don't have to take for granted, come and see for yourself ကိုယ်တိုင်လေ့လာကြည့်၊ အားထုတ်ကြည့်၊ ဟုတ်သလား မဟုတ်သလား စမ်းသပ်ကြည့်၊ ကိုယ့်အတွေ့အကြုံနဲ့ အမှန်ကို အဆုံးအဖြတ်ယူရမယ်၊ မြတ်စွာဘုရားတရားက အဲသလို တရားမျိုး၊

ဒါကြောင့်မို့ အဘိဓမ္မာသဘောဟာ စိတ်ဝင်စားဖို့သိပ်ကောင်းတယ်၊ ကိုယ်ဉာဏ်မမှီတာတွေလည်းရှိတာပေါ့၊ ဒါပေမယ်လို့ ဒီလောက်နက်နဲတဲ့ တရားမျိုးကို ဟောထားနိုင်တာကတော့ တကယ့်ကို အံ့ဩလောက်တယ်၊ ရှေးတုန်းက ဘာ instrument တွေ လက်နက်ကရိယာ အထောက်အကူပစ္စည်းတွေ ဘာမှမရှိပဲနဲ့

http://www.dhammadownload.com



သဗ္ဗညုတဉာဏ်နဲ့ ထိုးထွင်းသိမြင်ပြီး ဟောထားခဲ့တာ၊ ဒါက အခုလာပြီး science က advance ဖြစ်နေတာတောင်မှ မမီသေးဘူးနော်၊ အမှန်ပြောရရင် science ကနောက်ကပဲရှိသေးတယ်၊ အဲသလောက် နက်နဲတဲ့ တရားကို ဦးဇင်းတို့အနေနဲ့ သိရတာ၊ နားလည်ရတာ ယုံကြည်ရတာဟာ သာမညကံမဟုတ်ဘူး၊ နောက်ဘဝက တော်တော်ကံကောင်းခဲ့လို့။

ဒီလို ကံမကောင်းဘူးဆိုရင် သူတို့လို နေမှာပဲ၊ သူတို့ဟာသူတို့ ယုံနေမှာပဲ၊ ဦးဇင်း တစ်ခါတလေစဉ်းစားမိတယ်၊ ကံကောင်းလွန်းလို့ ဗုဒ္ဓဘာသာဖြစ်ရတာလို့။

စဉ်းစားကြည့်ရင် ဗုဒ္ဓဘာသာ ဖြစ်ရတာ တကယ့်ကို တန်ဖိုး ရှိတယ်နော်၊ သူတို့သွားပြောလို့ ဘယ်ရမလဲ။

ဗုဒ္ဓဘာသာဖြစ်တော့ ဒါတွေအတွက် သိပ်ကောင်းတယ်၊ ဗုဒ္ဓဘာသာကမျှတတဲ့ စိတ်ရှိတယ်၊ ဗုဒ္ဓဘာသာက မင်းတို့ ဘယ်သူ့မှအားကိုးစရာမလိုဘူး၊ ကိုယ့်ကိုကိုယ် အားကိုးရမယ်၊ အားကိုးလို့လည်းမရဘူး၊ ဗုဒ္ဓက မင်းကိုရွေးဆိုပြီးပေးတာမျိုးလည်း မပေးနိုင်ဘူး၊ အဲဒီလို။

**ပရိသတ်** – ဗုဒ္ဓဘာသာမှာကျတော့ ကိုးကွယ်ရာလို့ပဲ ယူဆတယ်၊ တကယ့်တကယ် ultimate sin ကို ပယ်ဖျောက်နိုင်တာမျိုး မဟုတ်ဘူး။

**ဆရာတော်** – ကိုးကွယ်တယ်ဆိုတာလည်း ဆရာအနေနဲ့ အားကိုးတာကိုပဲ ကိုးကွယ်တာ ခေါ်တာ၊ တပည့်တော်မြတ်စွာဘုရားကို ကိုးကွယ်ပါတယ်၊ ပြီးရင် တပည့်တော် ဘာမှ မလုပ်ဘူး၊ အိပ်နေမယ်၊ ဘုရားကကြည့်လုပ်ပေးပါဆိုတာမျိုး၊ မဟုတ်ဘူး။

ဘုရားကို ကိုးကွယ်တယ်၊ ဘုရားတပည့်ဖြစ်ပြီ၊ ဘုရားညွှန်ကြားတာ လိုက်နာကျင့်ကြံ၊ ဒါပဲ၊ အဲသလို မကျင့်ကြံရင် ငါပြောတဲ့ အကျိုးတရား မရဘူးပေါ့၊ သိပ်ပြီးတော့မျှတတယ်၊ သိပ်ပြီးတော့လည်း သဘာဝကျတယ်။

ဦးဇင်းက ဘုရားတရားတော်ကို ပြောရင် အခုခေတ်နဲ့ ပြန်လှည့်ပြောလေ့ရှိတယ်၊ ဘုရားတရားတော်က fitness programe နဲ့ တူတယ်၊ fitness programeဘယ်လောက်ဖတ်နေနေ ဘယ်လောက်ကြည့်နေနေ မလုပ်ရင် မရဘူး။

**ပရိသတ်** – စားစရာတွေ တစ်ပွဲကြီးထားပေမယ့် ကိုယ်မစားပဲနဲ့ ဝတယ်လို့ ဖြစ်နိုင်မလား၊ စားမှ ဝမှာ, လုပ်မှရမှာ။

**ဆရာတော်** – အဲဒါမှာ ကွာသွားတယ်။

http://www.dhammadownload.com



**ပရိသတ်** – စားမှရမှာဆိုပေမယ့် ဒီမှာက မစားမှရမှာ၊ ပိန်ချင်နေကြတာကိုး။ (ရယ်ကြသည်)

ကိုင်း၊ ရုပ်ကလာပ်ပြီးသွားပြီ၊ နောက်အပတ်ဆိုရင် ဘဝတစ်ခုမှာ ရုပ်စဖြစ်ပုံတို့ ဘာတို့လာမယ်၊ စဉ်းစားကြည့်ခဲ့ကြစမ်း၊ ကမ္မဇကလာပ်ထဲက ဘယ်ကလာပ်တွေက ပဋိသန္ဓေအခိုက်အတန့်မှာ ဘယ်ကလာပ်တွေများ ဖြစ်နိုင်မလဲဆိုတာ စဉ်းစားခဲ့ကြ၊ mental exercise ပေါ့၊ စက္ခုဒသကက ကလာပ်များ ဖြစ်နိုင်သလား၊ သောတဒသကက ကလာပ်များဖြစ်နိုင်သလား။

http://www.dhammadownload.com



## ရုပ်ဖြစ်စဉ် ချုပ်စဉ်

**သတ္တဝါ ၃ မျိုး ၄ မျိုး**

၁။ သံသေဒဇ သတ္တဝါ – ပန်းသစ်ပင်အညစ်အကြေးတို့၌ သန္ဓေတည်သော သတ္တဝါ။ ပုံစံ –ပဒုမဝတီ, ဝေဠုဝတီ, ပိုးလောက်။

၂။ ဩပပါတိက သတ္တဝါ– ခုန်လွှား၍ ဘွားကနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင်အရှားဖြစ်သူ။ ပုံစံ–ကမ္ဘာဦးလူသတ္တဝါ၊ နတ်၊ ဗြဟ္မာ။

၃။ ဂဗ္ဘသေယျက သတ္တဝါ– အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေနေသူ။

(က) ဇလာဗုဇ – (က) လူ စသူတို့ကဲ့သို့ သားအိမ်၌ ဖြစ်သူ။

(ခ) အဏ္ဍဇ (ခ) ငှက်စသည်တို့ကဲ့သို့ ဥခွံတွင်း၌ ဖြစ်သူ။

ကာမဘုံ၌ ရုပ် ၂၈–ပါးလုံး ပဝတ္တိအခါ၌ ထိုက်သလို ရနိုင်သည်။

ပဋိသန္ဓေအခါ – ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ။

ပဝတ္တိအခါ – ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စုတိစိတ်မကျမီအတွင်း။

ပဋိသန္ဓေအခါ၌ သံသေဒဇနှင့် ဩပပါတိက သတ္တဝါတို့ သန္တာန်၌ အများဆုံးအားဖြင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝနှင့် ဝတ္ထု ဒသကပေါင်း ခုနစ်ဒသက ဖြစ်နိုင်သည်၊ ယင်းတို့တွင် ရံခါ စက္ခု သောတ ဃာန ဘာဝ ဒသကတို့ကို မရအပ်ကုန်။

ဂဗ္ဘသေယျက သတ္တဝါ ၂–မျိုးတို့ သန္တာန်၌ ကာယ ဘာဝ ဝတ္ထု ဒသက ၃–မျိုးဖြစ်သည်၊ ထိုတွင်လည်း ရံခါ ဘာဝဒသကကို မရအပ်၊ ထိုမှနောက်ပဝတ္တိအခါ အစဉ်အတိုင်း စက္ခု သောတ ဃာန ဇိဝှါ ဒသကတို့ ဖြစ်ကုန်သည်။

**အမိဝမ်းတွင်းကိန်းစဉ် ရုပ်ကြီးပွားပုံ**

| | | |
|---|---|---|
| ၁–သတ္တာဟ | ကလလရေကြည် | ကလလ။ |
| ၂–သတ္တာဟ | အမြှုပ် | အဗ္ဗုဒ။ |
| ၃–သတ္တာဟ | သားတစ် | ပေသိ။ |
| ၄–သတ္တာဟ | တစ်ခဲနက် | ဃန။ |
| ၅–သတ္တာဟ | ခက်မငါးဖြာ | ပသာခ။ |
| ၁၁–သတ္တာဟ | စက္ခုသောတဃာနဇိဝှါဒသက | |
| ၄၂–သတ္တာဟ | ဆံပင် မွေးညင်း လက်သည်းခြေသည်း | |

http://www.dhammadownload.com



အို–ဘိလူး, ရှေးဦးစွာကာလလရေကြည်ဖြစ်၏၊ ကလလရေကြည်မှ အမြှုပ်ဖြစ်၏၊ အမြှုပ်မှ သားတစ်ဖြစ်၏၊ သားတစ်မှ အခဲဖြစ်၏၊ အခဲမှ ခက်မငါးဖြာတို့ ဖြစ်ကုန်၏, ဆံ, အမွေး, ခြေသည်း, လက်သည်းတို့လည်း ဖြစ်ကုန်၏။(ယက္ခသံယုတ်ပါဠိတော်)

ဤသို့လျှင် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို အစပြု၍ ခဏငယ်တိုင်း၌ ကမ္မဇရုပ်များ ဖြစ်ကြသည်၊ ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ်၏ ဥပါဒ်ခဏတိုင်း၌ စိတ္တဇရုပ်များဖြစ်ကြသည်၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်များ ဖြစ်ကြသည်၊ ဩဇာပျံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များ ဖြစ်ကြသည်၊ ဤသို့ အကြောင်း ၄–ပါးကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း အသက်ရှင်သမျှ မပြတ်ဖြစ်သည်။

စုတေခါနီးအခါ၌ကား စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇–ချက်မြောက်စိတ်၏ ဌီကာလကို အစပြု၍ ကမ္မဇရုပ်တို့ မဖြစ်တော့ကုန်၊ ရှေးကဖြစ်နှင့်ကုန်ပြီးသော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်၏ ဘင်ကာလတိုင်အောင်ဖြစ်တည်၍ ချုပ်ကုန်၏။ ကမ္မဇရုပ်တို့ ချုပ်ပြီးနောက်၌ စိတ္တဇရုပ် အာဟာရဇရုပ်တို့လည်း ပြတ်ကုန်၏။ ထို တိဇရုပ်တို့ ချုပ်ပြီးနောက် ဥတုဇရုပ်တို့သည် စုတေပြီးနောက် အလောင်းကောင်ဟု ခေါ်ဆိုအပ်သည့်တိုင်အောင် ဖြစ်ကုန်၏။

စုတေပြီးနောက် တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေ၏ ဥပါဒ်ကို အစပြု၍ ဆိုခဲ့သည့်အတိုင်း ရုပ်တို့သည် ဖြစ်ကုန်၏။

ရူပါဝစရဘုံ၌ကား ဃာန ဇိဝှါ ကာယ ဘာဝ ဒသကတို့ကိုလည်းကောင်း အာဟာရဇကလာပ်တို့ကိုလည်းကောင်း မရအပ်ကုန်၊ ထို့ကြောင့် ထိုရူပဗြဟ္မာတို့၏

– ပဋိသန္ဓေအခါ၌– စက္ခုသောတ ဝတ္ထုဒသကနှင့် ဇီဝိတနဝက ကလာပ်ပေါင်း ကမ္မဇကလာပ် ၄ စည်းတို့ ဖြစ်ကုန်၏။

– ပဝတ္တိအခါ၌ကား– စိတ္တဇ ဥတုဇ ကလာပ်တို့ကိုလည်း ရအပ်ကုန်၏။

အသညသတ်ဗြဟ္မာတို့ သန္တာန်၌ကား စက္ခု သောတ ဝတ္ထု ဒသကနှင့် သဒ္ဒနဝက ကလာပ်တို့ကိုလည်း မရအပ်ကုန်၊ အလုံးစုံသော စိတ္တဇရုပ်တို့လည်း မရအပ်ကုန်၊ ထို့ကြောင့် ထိုအသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေအခါ၌ ဇီဝိတနဝက ကလာပ်သည်သာ ဖြစ်၏၊ ပဝတ္တိအခါ၌လည်း သဒ္ဒရုပ်သည် ကြဉ်အပ်သော ဥတုဇရုပ်သာ ရအပ်၏၊ (ဥတုဇကလာပ် ၄–စည်းတွင် သုဒ္ဓဋ္ဌကကလာပ်နှင့်

http://www.dhammadownload.com



လဟုတာဒေကာ ဒသကကလာပ် ၂-စည်းသော ရသည်ဟူလို။)

## ဘုံနှင့်ရသောရုပ်

| | | |
|---|---|---|
| ကာမဘုံ | ရုပ် ၂၈-ပါး။ | |
| အသညသတ်ကြဉ် ရူပ ၁၅ -ဘုံ | ၂၃-ပါး။ | (ဃာဓိကာပသာဒနှင့် ဘာဝရုပ် ၂-ပါး ကြဉ်။ |
| အသညသတ်ဘုံ | ၁၇ -ပါး။ | (အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတ၊ လဟုတာဒိ ၃၊ အာကာသ လက္ခဏ ၄) |
| အရူပဘုံ | ရုပ် လုံးဝမရှိ။ | |

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၃၁)

## [ရုပ်ပိုင်း]

## ရုပ်ဖြစ်စဉ်, ချုပ်စဉ်, ရုပ်ဝီထိ

ဒီနေ့ အောက်တိုဘာ ၂–ရက်နေ့

လွန်ခဲ့တဲ့ အပတ်က ကမ္မဇရုပ်ကလာပ်, စိတ္တဇရုပ် ဥတုဇရုပ်ကလာပ်, အာဟာရဇရုပ်ကလာပ် ဆိုပြီး ရုပ်ကလာပ်တွေ ဖွဲ့စည်းပုံ လေ့လာပြီးပြီ၊ ဒီနေ့တော့ ရုပ်ဖြစ်စဉ်, ချုပ်စဉ်တဲ့။

တစ်ဘဝမှာ ဘယ်အချိန်မှာစပြီး ရုပ်တွေ ဖြစ်တယ်, ဘယ်လို တိုးပွားတယ်, ဘယ်လို ကြီးပွားတယ်, ဘယ်အချိန်မှာ နောက်ဆုံးဖြစ်ပြီး နောက်ဆုံးချုပ်တယ်၊ ဒါတွေ လေ့လာရလိမ့်မယ်။

ပထမရုပ်ဖြစ်စဉ်ချုပ်စဉ် မလေ့လာခင် သတ္တဝါ၃–မျိုး, ၄–မျိုးကို နားလည်ရမယ်၊ သတ္တဝါ ၃–မျိုးဆိုရင်လည်းဟုတ်တယ်၊ ၄–မျိုးဆိုရင်လည်းဟုတ်တယ်။

(၁) သံသေဒဇသတ္တဝါ– သံသေဒ, ဇ၊ သံသေဒ ဆိုတာ အညီအဟောက်တို့ အညစ်အကြေးတို့ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ သေဒဆိုတာ ချွေးကိုခေါ်တယ်၊ ၃၂–ကောဋ္ဌာသများ ရကြလား၊ ကေသာ, လောမာ, စသည်လေ၊ အဲဒီမှာ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ, မေဒေါ ဆိုတာရှိတယ်။

http://www.dhammadownload.com



သံသေဒဆိုတာ ချွေးတို့ဘာတို့စတဲ့ အညစ်အကြေးကို အမှီပြုပြီးတော့ သန္ဓေတည်တဲ့သတ္တဝါမျိုးကို သံသေဒဇသတ္တဝါခေါ်တယ်၊ အညစ်အကြေးဆိုပေမယ် လို့ ပန်းတို့သစ်ပင်တို့ကို အမှီပြုပြီးတော့ သန္ဓေတည်ခဲ့ကြတာလည်း နောက်တုန်းက ရှိခဲ့ဖူးတယ်။

ပဒုမဝတီဆိုတဲ့ မိဖုရားဟာ ပဒုမ္မာကြာမှာ သန္ဓေတည်တယ်လို့ဆိုတယ်၊ ဝေဠုဝတီက ဝါးပင်မှာ သန္ဓေတည်တယ်လို့ဆိုတယ်၊ ပိုးလောက်, ယင်ကောင်တို့ ကတော့ သံသေဒဇတွေပေါ့၊ အညစ်အကြေးစိုစိုစွတ်စွတ် အမှီပြုပြီးတော့ ပဋိသန္ဓေ တည်နေတဲ့သတ္တဝါတွေကို သံသေဒဇသတ္တဝါလို့ခေါ်တယ်။

(၂) ဩပပါတိကသတ္တဝါ, ဩပပါတိကဆိုတာ ဥပပါတကလာတာ, ဥပပါတဆိုတာကျတာ၊ တစ်ခါတည်း ကောင်းကင်က ကျလာသလို ဘွားကနဲဖြစ်တဲ့ ပဋိသန္ဓေမျိုး ခန္ဓာကိုယ်အထင်အရှားဖြစ်တာ။

လူမှာဆိုရင် ပဋိသန္ဓေနေ တဖြည်းဖြည်းကြီးပွားပြီးမှ လူကောင်ကြီးဖြစ်တာ, သူတို့ကဒီလိုမဟုတ်ဘူး၊ ဖွားတယ်ဆိုကတည်းက ကြီးပွားပြီးသားအတိုင်း ဖွားတာ၊ အဲဒါကို ဩပပါတိကသတ္တဝါလို့ ခေါ်တယ်၊ ဒါကြောင့်မို့ ခုန်လွှား၍ ဘွားခနဲကျလာ သကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဖြစ်သူ၊ ပုံစံက ဘာတဲ့တုန်း၊ ကမ္ဘာဦးလူသတ္တဝါတဲ့။

ကမ္ဘာဦးက ဖြစ်ပေါ်ခဲ့တဲ့ လူတွေဟာ အဲသလိုဖြစ်တာတဲ့၊ စဖြစ်တယ်ဆိုတော့ အမေအဖေကမွေးလို့ မရသေးပဲကိုး၊ ဗြဟ္မာ့ပြည်ကစုတေပြီးတော့ လူ့ပြည်ကို လာဖြစ်တာ၊ အဲသလို လာဖြစ်တော့ ဘာပဋိသန္ဓေနဲ့ လာဖြစ်သလဲဆိုရင် ကမ္ဘာဦး လူသတ္တဝါတွေမှာ ဩပပါတိက ပဋိသန္ဓေနဲ့လာဖြစ်တယ်၊ သူတို့နောက် ကျတော့ ဩပပါတိက ပဋိသန္ဓေ မဟုတ်တော့ဘူး ရိုးရိုးကိုယ်ဝန်ဆောင်ပြီးတော့ ဖြစ်တဲ့ ဂဗ္ဘသေယျက သတ္တဝါဆိုတာ နောက်တော့ လာလိမ့်မယ်။

ဒါကြောင့်မို့ ကမ္ဘာဦးလူသတ္တဝါတွေ, နတ်တွေ, ဗြဟ္မာတွေ, ငရဲသတ္တဝါတွေလဲ ဩပပါတိကပဲ၊ ဒါကပုံစံပြတာ၊ အကုန်မဟုတ်ဘူး၊ ငရဲကျတဲ့အခါ ဝုန်းကနဲ ကျသွားရင် ကလေးကနေကြီးပွားတာ မဟုတ်ဘူး၊ ကြီးပွားပြီးသားဆိုတဲ့အရွယ်, နတ်ပြည်မှာဆိုရင် ၁၆–နှစ်အရွယ်ဖြစ်တယ်လို့ ဆိုလိုတယ်။

အဲသလို ဩပပါတိကဆိုတာ ဘွားကနဲကျလာသလို ကိုယ်အထင်အရှားနဲ့ မွေးဖွားတယ်ပဲ ပြောကြပါစို့။

(၃) ဂဗ္ဘသေယျကသတ္တဝါ၊ ဂဗ္ဘဆိုတာ ကိုယ်ဝန်ပေါ့, အမိဝမ်း၊ သေယျက ဆိုတာက ကိန်းအောင်းတာ၊ အမိဝမ်းမှာ ကိန်းအောင်းတဲ့သတ္တဝါ၊ အမိဝမ်းမှာ

http://www.dhammadownload.com



ကိန်းအောင်းပြီး ပဋိသန္ဓေနေတဲ့ သတ္တဝါမျိုးကို ဂဗ္ဘသေယျက သတ္တဝါလို့ခေါ်တယ်၊ အဲဒီဂဗ္ဘသေယျက သတ္တဝါက ၂-မျိုးရှိတယ်၊

ပထမက ဇလာဗုဇတဲ့၊ ဇလာဗုဇဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲဆိုတော့ လူစသူတို့ကဲ့သို့ အမိဝမ်းရှိ သားအိမ်မှာ ပဋိသန္ဓေနေပြီးဖြစ်ရတဲ့ သတ္တဝါမျိုးကို ဇလာဗုဇတဲ့၊ လူတွေ၊ နွားတွေ၊ ခွေးတွေ အစရှိသည်ဟာ ဇလာဗုဇတွေပေါ့၊ သားအိမ်မှာ ဖြစ်တည်ပြီး မွေးရတာ။

နောက်တစ်ခုကတော့ အဏ္ဍဇတဲ့၊ ကြက်ဥ၊ ငှက်ဥ အစရှိသည်ပေါ့၊ ငှက်စသည်တို့ကဲ့သို့ ဥခွံတွင်း၌ဖြစ်သူတဲ့၊ အမှန်ကတော့ သူတို့က နှစ်ခါမွေးရတာ၊ အမိဝမ်းထဲလည်း ပထမတော့ နေသေးတယ်၊ ပြီးတော့မှ ဥခွံကနေတစ်ခါ ပေါက်ရတယ်၊ ဒါကြောင့်မို့ သူတို့ကို နှစ်ခါမွေးတဲ့သတ္တဝါတွေလို့ခေါ်တယ်၊ ပါဠိလို ဒွိဇလို့ခေါ်တယ်။

ဒီလို ဂဗ္ဘသေယျက သတ္တဝါက နှစ်မျိုးဖြစ်တဲ့အတွက်ကြောင့်မို့ သတ္တဝါ ၄-မျိုးဖြစ်သွားတယ်၊ သံသေဒဇသတ္တဝါ၊ ဩပပါတိကသတ္တဝါ၊ ဇလာဗုဇသတ္တဝါ၊ အဏ္ဍဇသတ္တဝါ၊ အဲသလို ၄-မျိုးကို ပထမမှတ်ထားရမယ်၊ ဘာကြောင့်လဲဆိုတော့ ရုပ်ကလာပ်ဖြစ်တာတွေကို သူတို့နဲ့ ဟပ်ပြီးတော့ ပြောလိမ့်မယ်။

ကောင်းပြီ ကာမဘုံ၌ ရုပ် ၂၈-ပါးလုံး ပဝတ္တိအခါ၌ ထိုက်သလို ရနိုင်သည်၊ ပဝတ္တိအခါဆိုတာ သိလား၊ မှတ်စုမှာ ဆက်ကြည့်လိုက်၊ ပဋိသန္ဓေအခါဆိုတာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏကို ဆိုလိုတယ်၊ အဲဒီပဋိသန္ဓေစိတ်ရဲ့ ဌီခဏမှ စပြီးတော့ စုတိတိုင်အောင်ဆိုကြပါစို့ စုတိစိတ် မကျမီအတွင်းကို ပဝတ္တိအခါလို့ ခေါ်တယ်။

လူတွေမှာလည်း ဇာတိနဲ့ ပဝတ္တိလို့ အသုံးရှိတယ်၊ မွေးဖွားတာကတစ်နေရာ၊ ကြီးပွားတာက တစ်နေရာဆိုပါတော့၊ တချို့တွေ မြို့ကလေးတောရွာကလေးမှာ မွေးတယ်၊ ရန်ကုန်မှာလာပြီးတော့ကြီးတယ်၊ ဒါဖြင့် ဇာတိကမြို့လေး၊ ပဝတ္တိက ရန်ကုန် အဲသလိုလည်းသုံးတယ်၊ ဒါကတော့ လောကဝေါဟာရမှာ သုံးတာ။

အဘိဓမ္မာမှာ သုံးလာပြီဆိုရင်တော့ တိတိကျကျ သွားရတော့မယ်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို ပဋိသန္ဓေအခါလို့ခေါ်ပြီးတော့ ကျန်တဲ့အခါကို ပဝတ္တိအခါလို့ ခေါ်တယ်။

အဲဒီတော့ ပဝတ္တိအခါ ရုပ် ၂၈-ပါးလုံး ထိုက်သလိုရနိုင်တယ်ဆိုတော့ ပဋိသန္ဓေအခါမှာတော့ ၂၈-ပါးလုံး မရနိုင်ဘူးပေါ့။

http://www.dhammadownload.com



ကောင်းပြီ, "ပဋိသန္ဓေအခါ၌ သံသေဒဇနှင့် ဩပပါတိက သတ္တဝါတို့သန္တာန်၌ အများဆုံးအားဖြင့် ဝတ္ထုဒသကက, သောတဒသကက, ဃာနဒသကက, ဇိဝှါဒသကက, ကာယဒသကက, ဘာဝဒသကကနှင့် ဝတ္ထုဒသကက ပေါင်းခုနစ် ဒသကကဖြစ်နိုင်သည်" တဲ့။

ဆိုပါတော့, နတ်ဖြစ်မယ်, ဗြဟ္မာဖြစ်မယ် ဘွားကနဲသွားဖြစ်တယ်၊ ဖြစ်ဖြစ်ချင်း ပဋိသန္ဓေအခိုက်အတန့်မှာပဲ ဘယ်လိုရုပ်တွေ ဖြစ်နိုင်သတုန်း၊ စက္ခုဒသကကဆိုရင် စက္ခုပါတဲ့ ရုပ် ၁၀–ခုအပေါင်း (အဋ္ဌကလာပ်ရုပ် ၈–ခုရယ်၊ ဇီဝိတရုပ်ရယ်၊ စက္ခုရယ်ပေါ့)

ထို့အတူ သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ (ဘာဝဆိုတာ ဣတ္ထိဘာဝ သို့မဟုတ် ပုမ္ဘာဝပေါ့, ယောက်ျားဖြစ်ဖြစ်, မိန်းမဖြစ်ဖြစ် sex ကို ခေါ်တာ၊ ပြီးတော့ ဝတ္ထုဆိုတာ ဟဒယဝတ္ထုကိုခေါ်တာ၊ ဒသကကဆိုတာ ၁၀–ခုပေါင်းဆိုတော့ ၇–ဒသကကဆိုရင် ရုပ်အမျိုးပေါင်း ၇၀ လို့ ဆိုလိုတာပေါ့၊ တကယ့်ကို ရုပ်အမှုံလေး ၇၀ ဖြစ်တယ်လို့ မဆိုလိုဘူး၊ ဘာကြောင့်လဲဆိုရင် လူကောင်ကြီးလို အကောင်ကြီးသွားဖြစ်မှာပေါ့၊ ရုပ်မှုံ ၇၀–ဆိုရင် အပ်ဖျားပေါ် တင်ထားတာလောက်လေးရှိမှာ ရုပ်အမျိုးအစားပေါင်း ၇၀ သွားဖြစ်မှာ၊ ဒါကပဋိသန္ဓေအခါမှာတဲ့။

"ယင်းတို့တွင် ရံခါ စက္ခု,သောတ, ဃာန, ဒသကတို့ မရအပ်ကုန်" မရအပ်ကုန်ဆိုတာ မဖြစ်ဘူးလို့ ပြောတာ၊ ပါဠိလာတဲ့အတိုင်း မြန်မာပြန်ထားတာ။

အဲဒီတော့ ရံခါ စက္ခုချို့နိုင်တယ်၊ ရံခါသောတချို့နိုင်တယ်၊ ရံခါ ဃာနချို့နိုင်တယ်၊ ရံခါ ဘာဝ (ဣတ္ထိဘာဝ, ပုမ္ဘာဝ) ချို့နိုင်တယ်၊ ဒါကြောင့်မို့ တစ်ခါတစ်ခါ သူတို့တွေမပါတဲ့အတွက်ကြောင့် လျော့သွားဦးမယ်ပေါ့၊ ၇–ခုမဟုတ်တော့ဘူး၊ ၆–ခု၊ ၅–ခု၊ ၄–ခု စသည်ဖြင့် ဖြစ်နိုင်တယ်တဲ့။

ဒါကြောင့်မို့ နတ်ပြည်သွားဖြစ်မယ်, ငရဲပြည်သွားဖြစ်ပေမယ်လို့ တစ်ခါတလေ စက္ခုချို့ချင်ချို့နေမယ်၊ သောတချို့ချင်ချို့နေမယ်၊ ဃာနချို့မယ်ဆိုတာက ဗြဟ္မာပြည်သွားဖြစ်ရင် ဘယ့်နှယ်တုန်း၊ ဃာနမချို့ပေဘူးလား၊ ချို့တာပေါ့၊ သံသေဒဇနဲ့ ဩပပါတိကဆိုရင် နတ်ပြည်ဗြဟ္မာပြည်ပါနေပြီ။

ဘာဝဒသကကတဲ့, ဒါကပဋိသန္ဓေအခါကိုပြောတာ, ဗြဟ္မာတွေမှာ ဘာဝဒသကက မရှိဘူး၊ ဗြဟ္မာတွေဟာ ယောက်ျားလည်းမဟုတ်ဘူး၊ မိန်းမလည်းမဟုတ်ဘူး၊ သို့သော် ယောက်ျားပုံသဏ္ဌာန်မျိုးတော့ ပုံသဏ္ဌာန်မျိုးပဲ၊ ဘာဝရုပ်မပါဘူး၊ အဲဒီဒသကကတွေကို ရံခါမရအပ်ဘူးတဲ့။

http://www.dhammadownload.com



"ဂဗ္ဘသေယျက သတ္တဝါ ၂–မျိုးတို့ သန္တာန်၌ (ဇလာဗုဇ, အဏ္ဍဇ ၂–မျိုးတို့) ကာယ, ဘာဝဝတ္ထု ဒသက ၃–မျိုးဖြစ်သည်" (ဒါကပဋိသန္ဓေအခါကို ဆိုလိုတယ် နော်) အဲဒီတော့ ပဋိသန္ဓေစိတ်ဖြစ်ဖြစ်ချင်း ဒီရုပ်ကလာပ် ၃–ခုလည်းဖြစ်တယ်၊ ကာယဒသက, ဘာဝဒသက,ဝတ္ထုဒသက၊ ဒါကြောင့်မို့ ကလာပ် ၃–စည်း ရုပ် ၃၀ လို့ အဆိုရှိတယ်။

အမိဝမ်းမှာ ပဋိသန္ဓေနေလိုက်တယ်ဆိုလိုက်ရင် ကလာပ် ၃–စည်း ရုပ် ၃၀ ဖြစ်ပြီ၊ အဲဒါတွေဟာ အကုန်လုံး ကမ္မဇချည်းပဲ။

"ထိုတွင်လည်း ရံခါဘာဝဒသကကို မရအပ်"တဲ့၊ နပုံးတို့ဆိုတဲ့ ယောကျ်ား မဟုတ်, မိန်းမမဟုတ် သတ္တဝါမျိုးဆိုတာတွေ ရှိသေးတယ်၊ သူတို့တွေဆိုရင် ဘာဝဒသက မရဘူးဆိုရင် ကာယနဲ့ဝတ္ထု ၂–ခုပဲရတော့မှာပေါ့။

"ထိုမှနောက်ပဝတ္တိအခါ၌ အစဉ်အတိုင်း စက္ခု,သောတ,ဃာန, ဇိဝှါ, ဒသကတို့ ဖြစ်ကုန်သည်" ဒီအခါကျတော့ သင်္ဂြိုဟ်ကျမ်းက တိတိကျကျ မရေးတော့ဘူး၊ အဲဒီနောက်တော့ အစဉ်အတိုင်းပဲ စက္ခု, သောတ, ဃာန, ဇိဝှါတွေ ဖြစ်တယ်လို့ ဆိုတယ်။

ပထမ ပြန်စလိုက်ဦးမယ်။

ပဋိသန္ဓေအခါ၌ သံသေဒဇနှင့် ဩပပါတိကဆိုတာ (အမှန်က) ဒီမှာ ကာမာဝစရ သတ္တဝါကိုသာ ရည်ရွယ်တာနော်၊ ရူပါဝစရသတ္တဝါကို မရည်ရွယ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရူပါဝစရအတွက် သီးခြားပြောလိမ့်မယ်။

ဒါကြောင့်မို့ ကာမာဝစရ သံသေဒဇ, ဩပပါတိကတို့မှာ အများဆုံးအားဖြင့် စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု ဒသက ၇–ခု၊ အဲဒီထဲမှာ စက္ခုချို့နိုင်တယ်၊ သောတချို့နိုင်တယ်၊ ဃာနချို့နိုင်တယ်၊ ဘာဝချို့နိုင်တယ်၊ ကာမာဝစရမှာ ဇိဝှါမချို့နိုင်ဘူးလို့ဆိုတယ်။

ပြီးတော့ ပဋိသန္ဓေအခါမှာပဲ ဂဗ္ဘသေယျက သတ္တဝါနှစ်မျိုးတို့မှာတော့ ကာယ, ဘာဝ, ဝတ္ထု ဒီ ၃–မျိုးပဲဖြစ်သည်၊ ကလာပ် ၃–စည်း ရုပ် ၃၀၊ အဲဒီ ၃–မျိုးထဲကလည်း ဘာဝဒသကကို တစ်ခါတလေ မရအပ်ဘူးတဲ့၊ ထိုမှနောက် ပဝတ္တိအခါ၌ အစဉ်အတိုင်း စက္ခု, သောတ, ဃာန, ဇိဝှါ, ဒသကတို့ဖြစ်သည်။

သူကတော့ ဒီလောက်ပဲပြောတယ်၊ ဋီကာဆရာတွေကျတော့ နည်းနည်းလေး ချဲ့ပြောတယ်၊ စာရွက်မှာ အမိဝမ်းတွင်း ကိန်းစဉ်ရုပ်ကြီးပွားပုံဆိုတာတွေ့လိမ့်မယ်၊ ကျမ်းဂန်မှာ ဆိုထားတာတွေ ရှိတယ်၊ အခုခေတ် ဆေးပညာနဲ့ ကိုက်တာလည်းရှိမယ်၊

http://www.dhammadownload.com



မကိုက်တာလည်းရှိမယ်၊ သို့သော် ဒါကတော့ မတတ်နိုင်ဘူး၊ စာမှာရှိတဲ့အတိုင်း သိထားနားလည်ထားဖို့ကောင်းတာပေါ့။

"ဘိလူး, ရှေးဦးစွာ ကလလရေကြည်ဖြစ်၏၊ ကလလရေကြည်မှ အမြှုပ်ဖြစ်၏၊ အမြှုပ်မှ သားတစ်ဖြစ်၏၊ သားတစ်မှ အခဲဖြစ်၏၊ အခဲမှ ခက်မငါးဖြာဟို့ဖြစ်ကုန်၏။ ဆံ, အမွေး, ခြေသည်း,လက်သည်းတို့လည်း ဖြစ်ကုန်၏" (ယက္ခသံယုတ် ပါဠိတော်)

မြတ်စွာဘုရားက ဘိလူးကိုဟောတာ၊ ပါဠိတော်မှာ တိုက်ရိုက်ရှိတဲ့စကား။

အဲဒီပါဠိတော်မှာ တိုက်ရိုက်ရှိတဲ့စကားကို အဋ္ဌကထာတွေက ဖွင့်လိုက်တဲ့ အခါကျတော့ ကလလရေကြည်မှ အမြှုပ်ဖြစ်တယ်ဆိုတာဟာ ပထမဆုံး ကလလရေကြည် one week ၁–သတ္တာဟ၊ သတ္တာဟဆိုတာ ၇–ရက်, တစ်ပတ်ဆိုလိုတယ်။

ကလလရေကြည် ၁–ပတ်ဖြစ်ပြီးရင် အမြှုပ် ၁–ပတ်, ပြီးတော့ သားတစ် ၁–ပတ်, ပြီးတော့ တစ်ခဲနက်တစ်ပတ်၊ ပြီးတော့ ခက်မငါးဖြာတစ်ပတ်၊ အဲဒီလို ဖြစ်တယ်လို့ အဋ္ဌကထာတွေမှာဆိုတယ်။

အဲဒီတော့ အမိဝမ်းမှာ ပဋိသန္ဓေနေတဲ့အခါမှာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်နဲ့ ပြိုင်ပြီးတော့ ကလာပ် ၃–စည်း ရုပ် –၃၀ ဖြစ်တယ်၊ အဲဒီကလာပ် ၃ စည်း ရုပ် ၃၀ ကလည်းရုပ်အမျိုးပေါင်း ၃၀–လို့ ဆိုလိုတာပေါ့။ ရုပ်တွေကတော့ ၃၀–မက အများကြီးဖြစ်မယ်။

အဲဒီပထမဆုံးဖြစ်ပေါ်တဲ့ ကလာပ် ၃–စည်း ရုပ် ၃၀–ကို ကလလရေကြည် လို့ခေါ်တယ်၊ အခုခေတ်စကားနဲ့ဆိုရင် fertilizer လို့ခေါ်တယ်။ fertilize ဖြစ်တဲ့အခါမျိုးမှာ ဖြစ်ပေါ်တာ၊ ရေကြည်လေးလိုပဲတဲ့၊ အလွန့်ကို နည်းနည်းလေးပေါ့၊ စာမှဆိုထားတာက အပ်ဖျားနဲ့ ဆိကိုတို့လိုက်၊ အဲဒီမှာ ကပ်ပါလာသလောက်လေး, သိုးငယ်လေးရဲ့အလွန်နူးညံ့တဲ့ မွေးညင်းလေးနဲ့ ဆိထဲနှစ် လိုက်ရင် မွေးညင်းမှာ ကပ်ပါလာသလောက် သေးသေးလေးကို ကလလရေကြည်လို့ ဆိုတယ်၊ ဒါကတော့ ခေတ်ပေါ်ဆေးပညာရဲ့အဆိုနဲ့ဆိုရင် မဆိုးလှသေးဘူး၊ ဆေးပညာကလည်း အဲဒီ အခါမှာ သေးသေးလေးလို့ဆိုတယ်။

အဲသလို ကလလရေကြည် ၇–ရက်ဖြစ်ပြီးတော့ နည်းနည်းပြစ်လာတာပေါ့လေ၊ အမြှုပ်ကလေးလို ဖြစ်လာတယ်၊ သတ္တဝါကတော့ ဖြစ်နေပြီနော်၊ ပဋိသန္ဓေနေတာနဲ့တစ်ပြိုင်နက် ပဋိသန္ဓေစိတ်က ပါလာပြီမဟုတ်လား၊ ပါလာတော့ ဇီဝိတလည်း ပါလာပြီ၊ နာမ်ဇီဝိလည်း ပါလာတယ်၊ ရုပ်ဇီဝိတလည်းကာယ

http://www.dhammadownload.com



ဘာ၀ဝတ္တုဆိုတဲ့ ဒသကက သုံးမျိုးထဲမှာ ပါတယ်။

ဒါကြောင့်မို့ အသက်ဟာ ဗုဒ္ဓဘာသာအလိုအရ ပဋိသန္ဓေတည်ကတည်းက ရှိတာ၊ အခု သူတို့ပြောတဲ့ ၄-လနေမှ အသက်ဝင်တယ် ဘာတယ်ဆိုတာဟာ လှုပ်လာတဲ့အခါကို ပြောတာနဲ့ တူပါတယ်၊ ကိုယ်ဝန်က နည်းနည်းရင့်လာတော့ လှုပ်လာတဲ့အခါ သိတာတွေဘာတွေကို ရည်ရွယ်ပြီး ပြောတာနဲ့တူတယ်၊ အမှန်ကတော့ ဗုဒ္ဓအဘိဓမ္မာအရ၊ စစချင်း ပဋိသန္ဓေတည်နေသည်က စပြီးတော့ အသက်ဝင်တယ်၊ ဒါကြောင့်မို့ abortion လုပ်ရင် ဘယ်အချိန်ကလုပ်လုပ် ပါဏာတိပါတပဲ, မလွတ်ဘူး။

ကလလရေကြည် ၁-သတ္တာဟ နေပြီးနောက် အဗ္ဗုဒ ၁-သတ္တာဟဆိုတော့ နည်းနည်းပြစ်လာပြီပေါ့၊ အဲဒီလို ၇-ရက်နေပြီးနောက် သားတစ်လေးလိုဖြစ်လာတယ် ပိုပြီး မာလာပြီပေါ့၊ အတုံးအခဲ (solid) ဖြစ်လာတယ်။

အဲဒီသားတစ်ကနေပြီးတော့ တစ်ခါ နောက် ၁-သတ္တာဟ တစ်ခဲနက်ဆိုတော့ ပိုပြီးမာသွားပြန်တယ်၊ ပါဠိလိုဃနလို့ခေါ်တယ်၊ ဘေးမှာပါဠိလို နာမည်လေးတွေ ထည့်ပေးထားတယ်၊ ပေသိဆိုတာက သားတစ်ကို ခေါ်တယ်၊ ဃနက တစ်ခဲနက်ဆိုတော့ ပေသိထက်ပိုပြီး မာသွားပြီ၊ ပေသိတုန်းက သိပ်မမာသေးဘူး။

တစ်ခဲနက် ၁-သတ္တာဟနေပြီးနောက် ခက်မငါးဖြာတဲ့, ခက်မငါးဖြာဆိုတာ လက်နှစ်ဖက်ထွက်စရာအဖုလေး, ခြေထောက်နှစ်ဖက်ထွက်စရာအဖုလေး, ခေါင်းထွက် စရာ အဖုလေး၊ အဲဒီအဖုလေး ၅-ခုပေါ်လာတာကို ခက်မငါးဖြာလို့ စာမှာ ဒီလိုသုံးတယ်။

အဲဒီခက်မငါးဖြာရဲ့ နောက်မှာ ပါဠိတော်မှာကျတော့ ဆံ, အမွေး, လက်သည်း, ခြေသည်းတို့ ဖြစ်ကုန်၏လို့ ဒီလိုပဲ ပြောသွားတယ်။

အဲဒါကို အဋ္ဌကထာက ဘာပြောသလဲဆိုတော့ ဒါဟာ ခက်မငါးဖြာဖြစ်ပြီး ပြီးချင်း ဆံ, အမွေး, ခြေသည်း, လက်သည်း ဆက်ဖြစ်တာမဟုတ်ဘူး၊ ကြားမှာ သတ္တာဟတွေရှိသေးတယ်၊ အဲဒါတွေကို ချုပ်ထားခဲ့ပြီးတော့မှ ပြောတာလို့ ဒီလို အဋ္ဌကထာတွေမှာ ဆိုတယ်။

အဲဒီတော့ အဋ္ဌကထာ, ဋီကာဆရာတွေရဲ့ အယူအဆတိုင်းဆိုရင် ၁၁-သတ္တာဟ eleventh week မှာ စက္ခု, သောတ, ဃာန, ဇိဝှါ ဒသကတွေ ဖြစ်ကြတယ်တဲ့၊ ဘယ်သူက အရင်ဖြစ်တယ်၊ ဘယ်သူက နောက်ဖြစ်တယ် ဘာညာတော့ မပြောနိုင်ဘူး၊ ၁၁-သတ္တာဟကျမှ စက္ခုဒသကလာပ်,

http://www.dhammadownload.com



သောတဒသကကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါဒသကကလာပ်တွေ ဖြစ်တယ်တဲ့၊

အဲဒီနောက်ကို ဘယ်သတ္တာဟမှာ ဘာဖြစ်တယ်လို့ အဆိုမရှိဘူး၊ မရှိတော့ ကိုယ်ဝန် သိမ်ငယ်လေးဟာ တဖြည်းဖြည်းနဲ့ကြီးပွား, ကြီးပွားပြီးနေတယ် ဆိုရမှာပေါ့။

ဘယ်အချိန်ကျမှ ဆံပင်, မွေးညင်း, ခြေသည်း,လက်သည်းဖြစ်သလဲဆိုတော့ အဋ္ဌကထာ အလိုအရ ၄၂-သတ္တာဟကျမှတဲ့၊ ၄၂-သတ္တာဟဆိုရင် (42rd week) ဆိုတော့ ၉ -လကျော်သွားပြီ၊ အဲဒီအခါကျမှ ဆံပင်မွေးညင်း ခြေသည်း လက်သည်းဖြစ်တယ်လို့ ဒီလို အဋ္ဌကထာတွေမှာဆိုတယ်၊ ဒါဟာ ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။

အခုခေတ်အနေနဲ့ ပြောရရင်တော့ ဒီထက်စောပြီးတော့ ဆံပင်တို့မွေးညင်း တို့ဖြစ်တယ်လို့ ဆိုရမယ်၊ A Child is Born ဆိုတဲ့ စာအုပ်မှာပါတယ်၊ သူက ၁၀ လအကုန်လုံး မပြဘူး၊ ရှေ့ပိုင်းကိုပြတယ်။

ဒီစာအုပ်ကိုကြည့်လိုက်တော့ ၅ လ Four and half month ဆံပင်ပေါက်နေပြီ၊ အဲဒီပုံတွေမှာ ဗိုက်ထဲဝင်ရိုက်သွားတာ၊

**ပရိသတ်–** တစ်ခါတလေကျတော့ မမွေးခင်ကဆုံးသွားတဲ့ ကလေးကိုယူ ဆေးရည်စိမ်ထားပြီး အထောက်အထားလုပ်တာလည်းရှိတယ်။

**ဆရာတော်–**အဲဒါမျိုးလည်းရှိမယ်၊ အခုခေတ်မှာ ဓာတ်ပုံက ဗိုက်ထဲထိသွင်းပြီး ရိုက်နိုင်တာလည်းရှိတယ်၊ တော်တော်စွမ်းဆောင်တယ်၊ အဲဒီတော့ သူတို့နဲ့ ဦးဇင်းတို့နဲ့ အကုန်လုံး ကိုက်ချင်မှကိုက်မယ်၊ ၂-ခုလုံး ဘယ်ဟာမှ မတိကျဘူးဆိုရမှာပဲ၊ ဆေးပညာအရလည်း တိကျတာမဟုတ်ဘူး၊ သတ္တဝါတစ်ယောက်နဲ့တစ်ယောက်ဟာ ကွာခြားမှုရှိမှာပဲ၊ ဦးဇင်းတို့ကျမ်းဂန်မှာလည်းပဲ ဒီအတိုင်းပဲ၊ ခန့်မှန်းခြေ ယေဘုယျ အနေနဲ့ပြောတယ်လို့ပဲ ယူရမှာပဲ။

အဲဒါကြောင့်မို့ သတ္တာဟအနေနဲ့ ပြောရရင် ကာလလရေကြည် ၁-ပတ်၊ အမြှုပ် ၁-ပတ်၊ သားတစ် ၁-ပတ်၊ တစ်ခဲနက် ၁-ပတ်၊ ခက်မငါးဖြာ ၁-ပတ် ပြီးရင်သွား, သွားပြီး ၁၁-ပတ်ကျတော့ စက္ခု, သောတ, ဃာန, ဇိဝှါတွေဖြစ်မယ်၊ အဲဒီကနေ ဆက်သွားပြီး တဖြည်းဖြည်းကြီးပွားသွားပြန်ပြီ၊ ၄၂-သတ္တာဟကျမှ ဆံပင်မွေးညင်း လက်သည်းခြေသည်းတွေ ဖြစ်မယ်တဲ့၊

အဲဒီဆံပင်မွေးညင်းဖြစ်တဲ့ အချိန်ကစပြီး ကိုယ်ဝန်ဟာ ပြည့်စုံပြီလို့ ဒီလိုယူရ

http://www.dhammadownload.com



မယ်တဲ့၊ ကိုယ်ဝန်ဟာရင့်ကျက်ပြီး မကြာခင်မွေးတော့မှာပဲ။

၁၀-လ မွေးတယ်ဆိုပေမယ့် ၁၀-လအတိအကျ မဟုတ်ပါဘူးနဲ့တူတယ်၊ ၉-လကျော်ရင် မွေးတာပဲ မဟုတ်လား။

**ပရိသတ်** - တချို့က ၇-လနဲ့ မွေးတာလည်းရှိတယ်။

**ဆရာတော်**-ဟုတ်တယ်၊ ၇-လ ၈-လနဲ့ မွေးတာလည်းရှိတယ်၊ ရိုးရိုး normalဆိုရင် ၉-လနဲ့ ၁၀လကြားမှာမွေးတယ် တင်တယ်၊ ဆရာဝန်တွေ တွက်တတ်တယ်နော်၊ The last day of menstruation ကတွက်ရင် ၁၀ ရက် ၁၅ ရက်လောက်လွဲချင်လွဲမယ်။

ဆိုပါတော့ ၉-လ နဲ့ ၁၀-လအတွင်းမှာ ဖွားတယ်၊ ဘုရားလောင်းတို့ကျတော့ ၁၀-လတိတိလို့ အဲသလိုဆိုတာကိုး၊ တခြားသတ္တဝါတွေကတော့ အမျိုးမျိုးပေါ့။

အဲဒီတော့ ကျမ်းဂန်မှာ ဆိုတာရှိသေးတယ်၊ ၇-လဖွား၊ ၁၀ လဖွားမှာ ၇-လဖွားလည်းရှင်တတ်တယ်၊ ၁၀-လ ဖွားကတော့ ရှင်ပြီပေါ့လေ၊ ၈-လဖွားတို့ကျတော့ မရှင်တတ်ဘူးလို့ ဆိုတာပဲ။

အဲဒါက ဘာလဲဆိုတော့ friction ပေါ့လေ၊ ၇-လဆိုတော့ သိပ်သေးသေးတော့ မွေးတဲ့အခါမှာ friction သိပ်မခံရဘူးပေါ့လေ၊ ၁၀-လကျတော့လည်း ခံနိုင်သွားပြီပေါ့၊ ၈-လကျတော့ အကောင်ကလည်းကြီးနေပြီ friction လည်း မခံနိုင်တော့ဘူး၊ မရှင်ဘူးလို့ ကျမ်းဂန်မှာဆိုတာပဲ၊ ဒီကြားထဲက ရှင်တာတွေလည်း ရှိချင်ရှိမယ်၊ သေတာတွေလည်းရှိမှာပေါ့၊ ဒါက အမိဝမ်းတွင်းမှာ ကိန်းစဉ်ရုပ်ဖြစ်ပုံကို ပါဠိတော် အဋ္ဌကထာတွေမှာ ဆိုတဲ့အတိုင်း ပြောပြတာ၊ ဒါက ဗုဒ္ဓဘာသာနည်းပေါ့။

ဝိသုဒ္ဓိမဂ်မှာ ဒုက္ခသစ္စာကိုဖွင့်တဲ့အခါကျတော့ ကိုယ်ဝန်ဟာ အမိဝမ်းတွင်းမှာ ဘယ်လိုဆင်းဆင်းရဲရဲနေရတယ်ဆိုတာကို တော်တော်သရုပ်ပေါ်အောင်ရေးတယ်၊ အဲဒီ စာထဲမှာပါတာကတော့ အမိဝမ်းကို မျက်နှာပြုနေတယ်၊ **"ဒူးနှစ်ခုကြား၊ ဦးခေါင်းထား၍၊ မေးကြားလက်ဆုပ်၊ သစ်ခွတို့မှာ မျောက်အိုကုပ်သည့်နှယ်၊ အလမ္မာယ်မိ၊ မြွေငယ်ရှိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်ဖျားဆတ်ဆတ်၊ သက်ပြတ်တစေ"** အမေက အပူတွေစားလိုက်ရင်လည်း သူပူတယ်၊ အအေးတွေစားရင် သူအေးတယ်ပေါ့လေ၊ ပဋိသန္ဓေနေတယ်ဆိုတာ ဒီလိုဒုက္ခတွေ အများကြီး ခံရတယ်တဲ့။

ဒါကြောင့်မို့ အခုပြောရင် လူတွေက ကြောက်မှာမဟုတ်ဘူး၊ ဘာကြောင့်လည်း ဆိုတော့ သိမှမသိခဲ့ပဲကိုး။

http://www.dhammadownload.com



ဒါပေမယ်လို့ တချို့တွေကျတော့ ဒီနိုင်ငံ (အမေရိကန်)မှာရှိတယ်နော်၊ မွေးတုန်းက ဒုက္ခဖြစ်ခဲ့တာကြီးသည့်တိုင်အောင် စိတ်ထဲမှာပါနေတာ၊ အဲဒါတွေရှိတယ်၊ သူတို့ပြောကြတယ်။

အေး, ၁၀-လ ပြည့်ရင် ဖွားတယ်ပဲ ပြောကြပါစို့၊ ဒါက ဂဗ္ဘသေယျက သတ္တဝါကို ပြောတာ၊ ပြီးတော့ လူတွေကို ရည်ရွယ်ပြီးပြောတာ၊ ခွေးတွေမွေးဖွားတာ ဒီလောက်ကြာမလား, ကြွက်စတဲ့ သတ္တဝါတွေလည်း ဒီလောက်မကြာဘူး၊ ဒါက တော့ လူကိုရည်ရွယ်ပြီးဟောတဲ့ တရားပေါ့။

ကောင်းပြီ၊ ဒါက ပဋိသန္ဓေအခိုက်နဲ့ ပဋိသန္ဓေ နောင် ပဝတ္တိအခိုက်မှာ ရုပ်တွေဖြစ်ပုံကို ပြောပြတာ။

"ဤသို့လျှင် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို အစပြု၍ ခဏငယ်တိုင်း၌ ကမ္မဇရုပ်များ ဖြစ်ကြသည်" ဒါက ရုပ်ဖြစ်ခြင်းအကြောင်းတုန်းက ပါခဲ့ပြီမဟုတ်လား၊ ကမ္မဇရုပ်ဟာ ဘယ်ခဏမှာဖြစ်သလဲ၊ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်မှစပြီးတော့ ခဏတိုင်း, ခဏတိုင်း ခဏငယ်တိုင်း, ခဏငယ်တိုင်းမှာ ဖြစ်တယ်၊ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်မှာ ဖြစ်တယ်, ဌီမှာဖြစ်တယ်, ဘင်မှာဖြစ်တယ်၊ တစ်ခါ ပဋိသန္ဓေရဲ့ နောင် ပထမ ဘဝင်၊ ဘဝင်ရဲ့ ဥပါဒ်မှာ ဖြစ်တယ်၊ ဌီမှာဖြစ်တယ်၊ ဘင်မှာဖြစ်တယ်၊ အဲဒီလို ခဏတိုင်း ခဏတိုင်းမှာ ကမ္မဇရုပ်တွေ ဖြစ်တယ်။

ကံရဲ့ အစွမ်းသတ္တိ ဘယ်လောက်အားကြီးသလဲဆိုတာ အဲဒါကြည့်၊ အရင် ရှေးဘဝက ပြုခဲ့တဲ့ ကံဟာ ဒီဘဝလာပြီး အကျိုးပေးတဲ့အခါကျတော့ တစ်ဘဝလုံး တောက်လျှောက်တန်းပြီး အကုန်အကျိုးပေးတာပဲ၊

"ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှ စ၍ စိတ်၏ ဥပါဒ်ခဏတိုင်း၌ စိတ္တဇရုပ်များဖြစ်ကြသည်" စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဟာ ပဋိသန္ဓေရဲ့ဥပါဒ် အခိုက်အတန့်တုန်းက မဖြစ်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ကံကဖြစ်စေ နေပြီကိုး၊ ဌီမှာ မဖြစ်သေးဘူး၊ ဘင်မှာ မဖြစ်သေးဘူး၊ ပထမဘဝင်ရဲ့ ဥပါဒ်ကျမှ စဖြစ်တယ်၊ အဲဒီတော့ စိတ်က ဥပါဒ်ရဲ့ အခိုက်အတန့်မှာ အားရှိတဲ့ အတွက်ကြောင့်မို့ ဥပါဒ်ခိုက်မှာသာ ရုပ်ကို ဖြစ်စေတယ်၊ ဌီခဏ, ဘင်ခဏမှာ ရုပ်ကို မဖြစ်စေဘူး၊ ကောင်းပြီ၊ ဒါက စိတ္တဇရုပ်နဲ့ ပတ်သက်ပြီးတော့ ပြောတာ။

"ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်များ ဖြစ်ကြသည်" ရုပ်၏ ဌီသို့ရောက်တဲ့အခါကျတော့၊ သီတဥဏှာလို့ခေါ်တဲ့ တေဇောဓာတ်က ဥတုဇရုပ်ကို ဖြစ်စေတယ် မဟုတ်လား၊ ဒါဟာ နောက်ကပါပြီးပြီ၊ ဒါကြောင့်မို့ ပဋိသန္ဓေရဲ့

http://www.dhammadownload.com



ဠီခဏမှာ ဥတုဇရုပ်တွေ ဖြစ်ပြီ။

ကောင်းပြီ၊ အာဟာရဇရုပ်ကျတော့ကော "သြဇာပျံ့နှံ့ရာ အခါမှစ၍တဲ့၊ အာဟာရဇရုပ်ကတော့ ဘယ်အချိန်မှာ စဖြစ်တယ် ပြောလို့မရ၊ အမိဝမ်းမှာရှိစဉ်ကလည်း အမိထံက nutrition ကြောင့်ဖြစ်မယ်ပေါ့"

"ဤသို့ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ရုပ်ကလာပ် အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း, မြစ်ရေအယဉ်ကဲ့သို့လည်းကောင်း အသက်ရှင်သမျှ မပြတ်ဖြစ်သည်"

ဆီမီးများကြည့်စမ်း၊ ဒီမီးတစ်ခုထဲလို့ ထင်ရပေမယ့် တဖြည်းဖြည်းသွားနေတာပဲမဟုတ်လား၊ စိတ်က ထင်နေတာကတော့ ခုနကြည့်တုန်းကလည်း ဒီမီးလျှံပဲ၊ အခုကြည့်တော့လည်း ဒီမီးလျှံပဲ၊ ဘယ်ဟုတ်ပါ့မလဲ၊ တဖြည်းဖြည်းပြောင်းလဲနေတာပဲ၊ ဆီကုန်သွားရင် မီးငြိမ်းတယ်၊ ဖယောင်းတိုင်ဆိုရင် တဖြည်းဖြည်း တိုသွားတာပဲ။

မြစ်ရေအယဉ်ဆိုရင်လည်း ဒီလိုပဲ၊ ထိုင်ကြည့်နေရင် ရေဟာ ဒီတစ်ခုထဲလို့ထင်ရတယ်၊ ဘယ်ဟုတ်မလဲ၊ ရှေ့ရေကသွားပြီ၊ နောက်ရေက သူ့နေရာဝင်ယူတာ။

ဒီအတိုင်းပဲ၊ ဦးဇင်းတို့သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တွေဟာလည်းပဲ အဟောင်းဖြစ်တဲ့ရုပ်တွေကချုပ်, သူတို့နေရာမှာ အသစ်ဖြစ်တဲ့ ရုပ်တွေကဖြစ် အဲဒီလို အဟောင်းနေရာမှာ အသစ်တွေကဝင်, ဝင်နေတော့ အစဉ်အတန်းကြီး သွားနေတယ်လို့ ဒီလိုပဲ ထင်ကြတယ်။

မနေ့က ငါ့ရုပ်နဲ့ ဒီနေ့ ငါ့ရုပ် အတူတူပဲ၊ လွန်ခဲ့တဲ့ ၁-နာရီကငါ့ရုပ်နဲ့ အခု ငါ့ရုပ်အတူတူပဲ၊ ဒီလိုပဲထင်နေရတယ်၊ မြစ်ကြီးကိုကြည့်လိုက်တော့ ရေဟာ တစ်ခုထဲ ထင်ရသလို ဖယောင်းတိုင် မီးလျှံကြည့်လိုက်ရင် ဒီတစ်ခုထဲ ထင်ရတယ်။

ဒါပေမယ်လို့ ဖယောင်းတိုင်ပြောင်းနေတာလည်း စဉ်းစားကြည့်ရင် သိတယ်၊ မြစ်ရေစီးဆင်းနေတာ စဉ်းစားကြည့်ရင်သိတယ်၊ ထိုအတူပဲ, မိမိတို့ ခန္ဓာကိုယ်မှာဖြစ်နေတဲ့ ရုပ်တွေဟာ ခဏတိုင်းခဏတိုင်းမှာ ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက် (သို့မဟုတ်) ရှေ့ကပျက်လိုက် ရှေ့ကပျက်တဲ့နေရာကို နောက်ထပ် အသစ်တွေက ဖြစ်လိုက်၊ အဲသလို ဆက်, ဆက်သွားတာကြောင့် အစဉ်အတန်းကြီးလို့ ထင်နေတာ။

ဒါကြောင့်မို့ဆီမီးလျှံကဲ့သို့လည်းကောင်း, မြစ်ရေအယဉ်ကဲ့သို့ လည်းကောင်း, အသက်ရှင်သမျှ မပြတ်ဖြစ်နေတယ်တဲ့၊ သူတို့ဖြစ်မှု ရပ်သွားတယ်ဆိုတဲ့ အချိန်မျိုး မရှိဘူးတဲ့။

http://www.dhammadownload.com



ဒါကတော့ ချွင်းချက်တော့ရှိတယ်ပေါ့၊ အဲဒီချွင်းချက်ဘာလဲဆိုတာ သိလား၊ နိရောဓသမာပတ် ဝင်စားတဲ့အခါကျတော့ စိတ်ရယ်၊ စေတသိက်ရယ်၊ စိတ္တဇရုပ်ရယ် ချုပ်တယ်မဟုတ်လား၊ အဲဒီအခါကျတော့ ကမ္မဇရယ်၊ ဥတုဇရယ်၊ အာဟာရဇရယ်၊ ဒါပဲရှိတယ်၊ စိတ္တဇရုပ်မရှိဘူး၊ ဒါတော့ ချွင်းချက်ပေါ့။

ကောင်းပြီ၊ ဤသို့ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအယဉ်ကဲ့သို့ လည်းကောင်း၊ အသက်ရှင်သမျှ မပြတ်ဖြစ်နေသည်၊ ပဋိသန္ဓေ တည်နေသည်ကစ၍ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ သွားနေတာ၊ စဉ်းစားကြည့်ရင် ငြီးငွေ့စရာပျင်းစရာကြီးပါ၊ ခဏတိုင်းဖြစ်လိုက်ပျက်လိုက်နဲ့၊ သေမှပြီးတယ်ဆိုပေမယ့် အမှန်ကပြီးတာလည်း မဟုတ်ဘူး၊ နောက်တစ်ဘဝဆက်ပြန်ရော၊ ဒီဘဝအနေနဲ့သာကြည့်လို့သာ ဒီဘဝဆုံးသွားပေမယ့်၊ တကယ်ဆုံးသွားတာမဟုတ်ဘူး၊ ဆက်နေတာပဲ၊ စိတ်အစဉ်ကလည်း ဆက်သွားနေတာပဲ၊ ရုပ်အစဉ်ကလည်း ဆက်သွားနေတာပဲ၊ ဒီက ရုပ်ကသွားတာတော့ မဟုတ်ဘူး၊ သို့သော် အခိုက်အတန့်မှာ အသစ်အသစ်ကဖြစ်နေတာပဲ။

ကောင်းပြီ၊ ဒါက တစ်ဘဝမှာ ရုပ်တွေဖြစ်တာကို ဒီစာပိုဒ်ကပြောတာ၊ နောက်စာပိုဒ်မှာက ရုပ်တွေနောက်ဆုံးဘယ်မှာဖြစ်သလဲ၊ ဘယ်အချိန်မှာ ချုပ်သလဲ ဆိုတာ လာလိမ့်မယ်။

"စုတေခါနီးအခါ၌ကား စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက် သောစိတ်၏ ဋ္ဌီကာလကို အစပြု၍ ကမ္မဇရုပ်တို့ မဖြစ်တော့ကုန်"

စုတိစိတ်ရှိတယ်၊ စုတိစိတ်က နောက်ကို ပြန်ရေလိုက်၊ စုတိစိတ်ပါထည့်ရမယ်၊ စုတိစိတ်ကနေစပြီး ၁၇ ခု မြောက်ရဲ့ ဋ္ဌီကာလကစပြီး မဖြစ်တော့ဘူးတဲ့၊ ဥပါဒ်တုန်းက ဖြစ်လိုက်သေးတယ်၊ အဲဒါ ဘာလဲဆိုတော့ ရုပ်သက် ၁၇-ချက်ရှိတယ် မဟုတ်လား၊ အဲဒါကို ပြောင်းပြန်ပြန်ကြည့်လိုက်တာ၊ ခုန ၁၇-ခုမြောက်စိတ်ရဲ့ ဥပါဒ်မှာ ဖြစ်တဲ့ရုပ်က စုတိ၊ ဘင်ကျတော့ ၅၁-ချက်ပြည့်သွားပြီ။

စိတ္တဇရုပ်က ဒီဘဝဟိုဘက်ကို နည်းနည်းမှ မလွန်ဘူး၊ ဒီဘဝ အပြီးသတ်တစ်ခါတည်း စုတိစိတ်ရဲ့ ဘင်နဲ့ အတူတူချုပ်ရမယ်၊ ကမ္မဇရုပ်ဟာ ဒီဘဝမှာ အပြီးသတ် ချုပ်ရမယ်၊ စုတိပြီးတဲ့နောက် ကမ္မဇကျန်ရစ်သေးတယ်လို့ မရှိတော့ဘူး။

အဲဒါကြောင့် ကမ္မဇရုပ်တွေရဲ့ စုတိစိတ်ရဲ့ဘင်နဲ့ ပြိုင်ချုပ်ရမှာဖြစ်တော့ နောက်ဆုံးဘယ်အချိန်မှာ ဖြစ်သလဲ၊ ဘယ်ခဏမှာ ဖြစ်သလဲဆိုတာ ပြန်ရေလိုက်ရင်

http://www.dhammadownload.com



ပြောင်းပြန်ပြန်ရေလိုက်ရင် ၁၇-ခုမြောက်စိတ်ရဲ့ ဥပါဒ်ဟာ နောက်ဆုံးဖြစ်တာပဲ၊ အဲဒီနောက် ဌီကျတော့ မဖြစ်တော့ဘူး၊ ဘင်ကျတော့ မဖြစ်တော့ဘူး, သွားရော။

၁၇-ချက်မြောက်စိတ်ရဲ့ ဥပါဒ်နဲ့ ပြိုင်ပြီးဖြစ်ခဲ့တဲ့ ကမ္မဇရုပ်က ဘယ်ကျတော့ သွားချုပ်မလဲ၊ စုတိစိတ်ရဲ့ ဘင်နဲ့ပြိုင်ပြီး ချုပ်တော့မယ်။

"ရှေးကဖြစ်နှင့်ကုန်ပြီးသော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်၏ဘင်ကာလတိုင်အောင် ဖြစ်တည်၍ ချုပ်ကုန်၏" စုတိစိတ်ရဲ့ ဘင်ကာလတိုင်အောင် တည်တယ်၊ နောက်ထပ်ပြီး produce အလုပ်ခံရတာမဟုတ်ဘူး၊ ဖြစ်တည်ပြီးတော့ ဘင်နဲ့ပြိုင်ပြီးတော့ချုပ်တယ်၊ ဒါက ကမ္မဇရုပ်။

"ကမ္မဇရုပ်တို့ ချုပ်ပြီးနောက်၌ စိတ္တဇရုပ်, အာဟာရဇရုပ်တို့လည်း ပြတ်ကုန်၏" စိတ္တဇရုပ်ကတော့ ကမ္မဇရုပ်ချုပ်ပြီးရင် သူက နောက်ထပ်နေသေးတယ်လို့ ဆိုတယ်၊ တည်နေသေးတယ်၊ ခုနကမ္မဇရုပ်ကတော့ တည်ကိုမနေတော့ဘူး ၁၇-ချက်မြောက်စိတ်က ဖြစ်ခဲ့တဲ့ကမ္မဇရုပ်က စုတိစိတ်တို့ရဲ့ ဘင်ကျတော့ ပြတ်သွားပြီ။

ကမ္မဇရုပ်တို့ချုပ်ပြီးနောက်၌ စိတ္တဇရုပ်, အာဟာရဇရုပ်တို့လည်း ပြတ်ကုန်တယ် ဆိုတာဟာ စုတိစိတ်ပြီးတဲ့နောက် နည်းနည်းသွားနေသေးတယ်လို့ ဆိုတယ်၊ ပြီးတော့မှ ဘယ်လောက်လောက် သွားနိုင်တယ်ဆိုတာ တွက်ကြည့်ရမယ်။

"ထို တိဇရုပ်တို့ ချုပ်ပြီးနောက် (တိဇဆိုတာ ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်တို့ကို ခေါ်တာ၊ တိဆိုတာ သုံးခုပေါ့၊ အကြောင်း ၃-ပါးကြောင့်ဖြစ်တဲ့ရုပ်) ဥတုဇရုပ်တို့သည် စုတေပြီးနောက် အလောင်းကောင်ဟု ခေါ်ဆိုအပ်သည့်တိုင်အောင် ဖြစ်ကုန်၏"

ဒါလည်း လောက ဝေါဟာရအနေအားဖြင့်သာ ပြောတာပါ၊ အလောင်းကောင်ကြီး မြေမြှုပ်လိုက်လို့ ပိုးလောက်တွေစားလို့ မြေကြီးဖြစ်သွားလည်း ဥတုဇရုပ်ကရှိသေးတာပဲ၊ အမှန်ကတော့ ဥတုဇရုပ်က ဆက်,ဆက်သွားနေမှာပဲ၊ သို့သော် ဒီလူတစ်ယောက်ရဲ့ ရုပ်ဆိုတဲ့ အနေနဲ့ ပညတ်နယ်က ကြည့်လိုက်တဲ့အခါကျတော့ သေလို့အလောင်းကောင်ကြီး ဖြစ်သည့်တိုင်အောင် ဥတုဇရုပ်ဆိုတာ ရှိနေဦးမယ် ပေါ့လေ၊ အမှန်ကတော့ အလောင်းဖြစ်ပြီးတဲ့နောက် အလောင်းကောင်ကို မြေမြှုပ်သည်ဖြစ်စေ, မီးရှို့သည်ဖြစ်စေ, အဲဒီပြာဟာ ဥတုဇရုပ်ပဲ၊ အဲဒီပြာကတဆင့် ဥတုဇရုပ်တွေဟာ ဆက်သွားမှာပဲ။

"စုတေပြီးနောက် တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေ၏ ဥပါဒ်ကို အစပြု၍

http://www.dhammadownload.com



ဆိုခဲ့သည့်အတိုင်း ရုပ်တို့သည် ဖြစ်ကုန်၏”ဆိုတော့ စက်ရဟတ်ကြီး လည်သလို လည်မသွားပေဘူးလား။

ပဋိသန္ဓေ အခိုက်အတန့်ဖြစ်လိုက်, ချုပ်လိုက်, စုတိဖြစ်လိုက်၊ နောက် ပဋိသန္ဓေတစ်ခါလာပြန်ပြီ၊ စက်ကြီးလိုသွားနေတာပဲ၊ မြစ်ရေအယဉ်ကဲ့သို့ မပြတ် သွားနေတော့တာပဲ။

ကောင်းပြီ, အဲဒီတော့ စိတ္တဇရုပ်တွေ ဘယ်လောက်ထိအောင် တည်သလဲ၊ စဉ်းစားကြည့်စမ်းပါ၊ စိတ္တဇရုပ်တွေဟာ ဘယ်ကာလထိအောင် ဖြစ်နိုင်သလဲ၊ အဲဒီတော့ စိတ်ရဲ့ဥပါဒ်, ဥပါဒ်ခဏမှာ စိတ္တဇရုပ်တွေ ဖြစ်မယ်မဟုတ်လား၊ စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့စိတ်တွေ ပြန်ကြည့်လိုက်စမ်း၊ ဒွေးပဉ္စဝိညာဏ်–၁၀ ရယ်၊ အရူပဝိပါက် ၄–ခုရယ်၊ သူတို့က စိတ္တဇရုပ်ကို မဖြစ်စေဘူး၊ တခြားစိတ်တွေက စိတ္တဇရုပ်ကို ဖြစ်စေတယ်။

ဒါဖြင့် ကာမာဝစရ စုတိစိတ်ဆိုတာ ဒွေးပဉ္စဝိညာဏ် ၁၀–နဲ့ အရူပဝိပါက် ၄–ခုထဲမပါဘူးပေါ့၊ ဒါဖြင့် စုတိစိတ်ရဲ့ ဥပါဒ်မှာ စိတ္တဇရုပ်ဖြစ်ဦးမယ်ပေါ့၊ ရဟန္တာတို့ရဲ့ စုတိစိတ်ကတော့ စိတ္တဇရုပ်ကို မဖြစ်စေဘူး၊ တခြားသတ္တဝါတွေရဲ့ စုတိစိတ်ကတော့ စိတ္တဇရုပ်ကို ဖြစ်စေသေးတယ်၊ တစ်နေရာမှာ ရဟန္တာစုတိက စိတ္တဇရုပ် မဖြစ်ဘူးဆိုတာပါတယ်။

ကောင်းပြီ, ဒါဖြင့်ရင် စုတိစိတ်ရဲ့ဥပါဒ် အခိုက်အတန့်မှာ စိတ္တဇရုပ်ဖြစ် သေးတယ်ပေါ့၊ အဲဒီဖြစ်တဲ့ စိတ္တဇရုပ်ဟာ ခဏငယ် ဘယ်လောက်နေရမလဲ (၅၁) ချက် မတည်ရပေဘူးလား၊ စုတိလွန်သွားပြီ၊ လွန်သွားပေမယ်လို့ တည်နေမှာပဲ၊ သေတာတော့ သေသွားပြီ၊ ဒါပေမယ်လို့ စိတ္တဇရုပ်ကတော့ ကျန်နေသေးတယ်။

အဲဒီတော့ စုတိစိတ်ရဲ့ဥပါဒ်, ဋ္ဌီ, ဘင်ပြီးတဲ့နောက် ခဏငယ် ဘယ်နှစ်ချက် ဟိုဘက်ပြန်ဆက်သွားမလဲ၊ စုတိက ၃ ချက် ဆိုတော့ ဟိုဘက်မှာ ၅၁–ထဲက ၃– နုတ်လိုက်၊ ၄၈–ကျန်တယ်၊ စုတိစိတ်ဘင်ပြီးတဲ့နောက် ဟိုဘက်မှာ သတ္တဝါအနေနဲ့က ပဋိသန္ဓေတွေ ဘာတွေဖြစ်သွားပြီပေါ့လေ၊ ဒီမှာကျန်ရစ်တဲ့ စိတ္တဇရုပ်က ခဏငယ် ၄၈–ချက်တိုင်အောင် နေလိမ့်မယ်၊ အဲဒီကျမှ သူက ကုန်လိမ့်မယ်၊ ချုပ်လိမ့်မယ်။

ကောင်းပြီ, အာဟာရဇရုပ်ကြည့်ရအောင်။

အာဟာရဇရုပ်က ဗဟိဒ္ဓက မျိုးအပ်တဲ့ အာဟာရလည်းရှိမှ, ဗဟိဒ္ဓကမျိုးအပ်တဲ့ အာဟာရနဲ့ အဇ္ဈတ္တိက အာဟာရနဲ့ပေါင်းပြီးတော့မှ အာဟာရဇရုပ်ကို ဖြစ်စေနိုင် တာကိုး၊ အဲသလို ဖြစ်စေနိုင်တဲ့အခါမှာ ဝိညာဉ်အထောက်အပံ့ရရင် အာဟာရဇရုပ်ကို

http://www.dhammadownload.com



ဖြစ်စေနိုင်တယ်လို့ ဆိုတယ်၊ ဝိညာဉ်ဆိုတာ စိတ်၊ စုတိစိတ်တိုင်အောင် စိတ်က မရှိဘူးလား၊ ရှိတယ်။

အဲသလိုရှိတဲ့အတွက်ကြောင့် စုတိစိတ်ရဲ့ ဘင်ခဏတစ်ချက်ကို နှုတ်လိုက်၊ စုတိစိတ်ရဲ့ ဌီမှာဖြစ်ဦးမယ်ပေါ့၊ အဲဒီဌီမှာဖြစ်တဲ့စိတ်ဟာ ဘယ်လောက်ထိအောင် သွားမလဲ၊ ခဏငယ် ၅၀-ကြာမှ စုတိစိတ်ဘင်တိုင်အောင် အာဟာရဇရုပ်တွေ ဖြစ်နိုင်သေးတယ်၊ ဘာကြောင့်လဲဆိုတော့ စုတိစိတ်ရဲ့ ဥပါဒ်, ဌီ, ဘင်မှာ ဥပါဒ်မှာလည်း စိတ်ရှိသေးတယ်၊ ဌီမှာလည်းစိတ်ရှိသေးတယ်၊ ဘင်မှာလည်း စိတ်ရှိသေးတယ်၊ ဒါကြောင့်မို့ စုတိစိတ်ရဲ့ ဘင်ခဏမှာ အာဟာရဇရုပ် ဖြစ်လိမ့်မယ်။

အဲဒီစုတိစိတ်ရဲ့ ဘင်ခဏမှာဖြစ်တဲ့ အာဟာရဇရုပ်ဟာ ခဏငယ်ဘယ်လောက် ကြာမှာ သူကုန်မလဲ, ချုပ်မလဲ, ၅၀-ပေါ့၊ အဲဒီတော့ စုတိရဲ့ဘင်ရဲ့ နောက်မှာ ခဏငယ် ၅၀-ကြာမှ ချုပ်လိမ့်မယ်။

ဒါဟာ သဂြိုဟ်ကျမ်းမှာတော့မပါဘူး၊ ဒါပေမယ့် နောက်ဆရာတွေက တွက်တာ၊ ဥတုဇရုပ်နဲ့ ပတ်သက်လို့ကတော့ ဘာမှပြောမနေနဲ့၊ ကမ္ဘာဆုံးသည် တိုင်အောင် (ဆိုပါတော့) တည်သွားမှာပါပဲ၊ ကိုယ်ကောင်ကြီးတင် မဟုတ်ပါဘူး။

ကိုင်း၊ အဲဒါ ပြန်ပြီးတွက်ကြဦးစို့၊ အခုပြောတာ ရှင်းရဲ့လား၊ မရှင်းတရှင်း ဖြစ်နေပုံရတယ်။

ပထမ မရဏာသန္နဝီထိကို စိတ်ထဲမှာ မြင်အောင်ကြည့်လိုက်၊ စုတိစိတ် တွေ့တယ်၊ အဲဒီစုတိစိတ်ကနေပြီးတော့ ဘယ်ဘက်ကို ပြောင်းပြန်ပြန်လိုက်၊ ၁၇ ချက်မြောက်တွေ့တယ်၊ အဲဒီ ၁၇-ချက်မြောက် ဥပါဒ်ရဲ့ ဖြစ်ခဲ့တဲ့ ကမ္မဇရုပ်ဟာ နောက်ဆုံးဖြစ်တာ၊ အဲဒီနောက်ကို ကမ္မဇရုပ် မဖြစ်တော့ဘူး။

အဲဒီဖြစ်ခဲ့တဲ့ ကမ္မဇရုပ်ဟာ ဘယ်လောက်ကြာကြာတည်နေမလဲဆိုရင် စုတိစိတ်ရဲ့ဘင်တိုင်အောင် တည်နေမယ်၊ ဘာကြောင့်တုန်း၊ ကမ္မဇရုပ်ဆိုတာ ဒီဘဝမှာပဲ အပြီးသတ်ရတယ်၊ နည်းနည်းမှ လွန်မသွားရဘူး၊ ကံကြောင့်ဖြစ်တဲ့ရုပ်ပဲ၊ ပြီးပြီနော်။

စိတ္တဇရုပ်ကျတော့ဘယ်လိုလဲ၊ စိတ်တိုင်းစိတ်တိုင်းသည် စိတ္တဇရုပ်ကို ဖြစ်စေ သည်ဆိုကြပါစို့၊ စိတ္တဇရုပ်ကို မဖြစ်စေတာက စက္ခုဝိညာဏ်, သောတဝိညာဏ် ဆိုတာတွေ၊ စုတိစိတ်ဟာ စက္ခုဝိညာဏ်လား သောတဝိညာဏ်လား မေးနေစရာ မလိုဘူး၊ အဲဒီတော့ စုတိစိတ်ဟာ စိတ်ကိုဖြစ်စေနိုင်သေးတယ်။

စိတ်ကို မဖြစ်စေနိုင်တဲ့ အလေးအစိတ် ရုပ်ကိုဖြစ်စေနိုင်သေးတယ်၊ ရုပ်ကို

http://www.dhammadownload.com



မဖြစ်စေနိုင်တဲ့ စုတိစိတ်ဟာ ရဟန္တာရဲ့ စုတိစိတ်ပဲ၊ ရဟန္တာ မဟုတ်သေးရင် စုတိစိတ်ဟာ ရုပ်ကို ဖြစ်စေဦးမှာပဲ။

ဖြစ်စေနိုင်တော့ စိတ္တဇရုပ်ကို ဖြစ်စေနိုင်တာက ဘယ်အခိုက်အတန့်မှာ ဖြစ်စေနိုင်သလဲဆိုရင် ဥပါဒ်အခိုက်အတန့်မှာသာ ဖြစ်စေနိုင်တယ်၊ ဌီမှာ မဖြစ်စေနိုင်ဘူး၊ ဘင်မှာမဖြစ်စေနိုင်ဘူး၊ အဲဒီတော့ စုတိစိတ်၏ ဥပါဒ်နဲ့ ပြိုင်ပြီးတော့ စိတ္တဇရုပ် ဖြစ်တယ်၊ ဒီစိတ္တဇရုပ်ဟာ ဘယ်လောက်ကြာမှ ချုပ်မလဲ၊ သူက ၅၁ ချက်နေရမှာကိုး၊ စုတိစိတ်ရဲ့ ၃–ချက်နှုတ်လိုက်ရင် ဟိုဘက်ကို ၄၈–ချက်တိုင်အောင် သွားမယ်၊ အဲဒီကျမှ နောက်ဆုံးချုပ်သွားမယ်၊

သေလို့ တစ်ဘဝရောက်သွားပြီ၊ သို့သော် ရုပ်ကတော့ နည်းနည်းကျန်ခဲ့သေးတာပေါ့၊ ဒါလည်းပဲ ခဏ ငယ် ၄၈–ချက်ဆိုတော့ ဘာမှ များတာတော့မဟုတ်ပါဘူး၊ နားလည်ပြီနော်။

အာဟာရဇရုပ်တဲ့၊ အာဟာရဇရုပ်က ခုနပြောသလို ဗဟိဒ္ဓကလည်း အာဟာရရမယ်၊ ခန္ဓာကိုယ်တွင်းကလည်း အာဟာရရှိတယ်၊ ဝိညာဏ်အထောက်အပံ့ကလည်း ရှိတယ်ဆိုရင် အာဟာရဇရုပ်တွေက ဖြစ်နိုင်သေးတယ်၊ ဗဟိဒ္ဓအာဟာရဆိုတာ ကိုယ့်တံတွေး ကိုယ်မျိုလည်းဖြစ်တာပဲပေါ့။

အဲဒါကြောင့်မို့ဆရာအများ ယူဆကြတာက စုတိစိတ်ရဲ့ ဘင်ထိအောင်၊ ဘင်အခိုက်အတန့်မှာကိုပဲ အာဟာရဇရုပ်ဖြစ်နိုင်သေးတယ်၊ ဒါဖြင့်ရင် စုတိရဲ့ဘင်မှာ အာဟာရဇရုပ်ဖြစ်ရင် အဲဒီမှာ ခဏငယ် တစ်ချက်မိသွားပြီ။

ခဏငယ် တစ်ချက်မိသွားတဲ့အခါ သူက ခဏငယ် ၅၁–ချက်ကြာမှချုပ်မှာ ဆိုတော့ စုတိရဲ့ ဘင်နောက်ကို ခဏငယ် ၅၀–ပေါ့၊ အဲဒီ ၅၀–တိုင်အောင်နေပြီးမှ အာဟာရဇရုပ်က ချုပ်သွားမယ်။

ဒါကြောင့်မို့ ကမ္မဇရုပ်က စုတိစိတ်ရဲ့ ဘင်နဲ့ ပြိုင်ပြီးချုပ်တယ်၊ စိတ္တဇရုပ်က စုတိစိတ် နောင် ခဏငယ် ၄၈–ချက်ကျမှ ချုပ်တယ်၊ အာဟာရဇရုပ်က စုတိစိတ် နောင် ခဏငယ် ၅၀–ကျမှချုပ်တယ်၊ ဥတုဇ ရုပ်ကတော့ သွားရော။

**မေး** – ဥတုဇရုပ်ကတော့ တစ်ချိန်မှာ ပြောင်းသွားမယ် ထင်တယ်။

**ဖြေ** – ဟုတ်တယ်၊ ပြောင်းပြောင်းသွားမယ်လေ၊ ခန္ဓာကိုယ်ကြီး မီးရှို့လိုက်လို့ ပြာဖြစ်သွားလည်း အဲဒီပြာဟာဥတုဇရုပ်ပဲ၊ ဒီပြာကမြေကြီးဖြစ်သွားရင် မြေကြီးလည်း ဥတုဇရုပ်ပဲ၊ အဲသလို ကမ္ဘာဆုံးတိုင် အဆင့်ဆင့်သွားနေမှာ, ဒါက ကာမာဝစရဘုံနဲ့ ပတ်သက်ပြီးတော့ ပြောတာ။

http://www.dhammadownload.com



"ရူပါဝစရဘုံ၌ကား ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဒသကတို့ကိုလည်း ကောင်း, အာဟာရဇကလာပ်တို့ကိုလည်းကောင်း မရအပ်ကုန်တဲ့။

ပကိဏ်းပိုင်း ဝတ္ထုသင်္ဂဟတုန်းက ရူပါဝစရဘုံမှာ ဘယ်ဝတ္ထုတွေ မရဘူးလို့ ပြောခဲ့လဲ၊ ဃာန, ဇိဝှါ, ကာယတို့ မရဘူးလို့ပြောခဲ့တယ်မဟုတ်လား၊ ဗြဟ္မာတွေက ဘုရားဖူးဖို့ရန် မျက်လုံးနဲ့ တရားနာဖို့ရန် နားသာချန်ထားတယ်၊ ဃာန, ဇိဝှါ, ကာယကို သူတို့ မလိုချင်ဘူး, မဖြစ်စေချင်ဘူး။

ဒါကြောင့်မို့ အဲဒီဘာဝနာရဲ့အစွမ်းကြောင့်သူတို့တွေ ဗြဟ္မာဖြစ်တဲ့အခါကျတော့ ဃာန, ဇိဝှါ, ကာယမရှိဘူး၊ ပြီးတော့ ဗြဟ္မာတွေဟာ ဘာဝရုပ်မရှိဘူး၊ ပုံသဏ္ဌာန် ကတော့ ယောကျ်ားပုံသဏ္ဌာန်ပဲလို့ ဆိုတယ်၊ သို့သော် ယောကျ်ားလည်းမဟုတ်ဖူး၊ မိန်းမလည်းမဟုတ်ဘူးပေါ့။

"အာဟာရဇ ကလာပ်တို့ကို မရအပ်ကုန်တဲ့" အာဟာရဇကာလပ်ဆိုတာက တစ်ခုခုစားမှကိုး၊ သူတို့က ဘာမှမစားတော့ဘူး၊ ပီတိနဲ့ပဲနေတော့တယ်၊ ဒါကြောင့် အာဟာရဇကလာပ်လည်း မရဘူးတဲ့။

ဒါကြောင့်မို့ ရူပဗြဟ္မာတို့ရဲ့ ပဋိသန္ဓေအခါမှာ ဘာရုပ်တွေရသလဲဆိုရင် စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက (ဟဒယဝတ္ထုတော့ရှိတယ်) ဒီ ၃-ခုနဲ့ ဇီဝိတနဝက ကလာပ်, ဒါပဲရတယ်၊ ကမ္မဇကလာပ် ၄-စည်းရတယ်၊ ပဝတ္တိအခါမှာတော့ စိတ္တဇ, ဥတုဇကလာပ်တို့လည်း ရနိုင်ပါတယ်တဲ့။

အသညသတ် ဗြဟ္မာတွေကျတော့ စက္ခု, သောတ ဝတ္ထုလည်းမရှိဘူး၊ သဒ္ဒနဝက ကလာပ်ကိုလည်းမရအပ်ဘူး၊ တခြားဟာတွေ ပါပါသွားပြီပေါ့၊ အဲဒီ တော့ အသညသတ် ဗြဟ္မာမှာ ဘာကျန်တော့လဲ။

"အလုံးစုံသော စိတ္တဇရုပ်တို့ကိုလည်း မရအပ်ကုန်" စိတ်မှမရှိပဲ၊ စိတ္တဇရုပ်လဲ မရဘူး၊ ကမ္မဇထဲကလဲ စက္ခု,သောတ, ဝတ္ထုမရဘူး သဒ္ဒနဝက ကလာပ်ထဲကလည်း မရဘူး၊ ဘာကျန်တော့လဲ။

အသညသတ် ဗြဟ္မာတွေမှာ ပဋိသန္ဓေအခါ၌ ဇီဝိတ နဝက ကလာပ်တစ်ခုပဲ၊ ဒါကြောင့်မို့ သူတို့ကို ရုပ်ပဋိသန္ဓေနေတဲ့ သတ္တဝါတွေလို့ ဘုံပိုင်းအဆုံးတုန်းက ခေါ်ခဲ့တယ်မဟုတ်လား၊ ရုပ်ပဋိသန္ဓေ၊ နာမ်ပဋိသန္ဓေ၊ ရုပ်နာမ်ပဋိသန္ဓေမှာ သူတို့က ရုပ်ပဋိသန္ဓေအမျိုးအစားဖြစ်ပြီး ဇီဝိတနဝကကလာပ်ထင်ရှားဖြစ်တယ်။

ပဝတ္တိအခါမှတော့ "သဒ္ဒရုပ်သည် ကြဉ်အပ်သော ဥတုဇရုပ်သာရအပ်၏" သူတို့မှာ စကားမှမပြောရပဲ၊ ဘယ်လိုလုပ် သဒ္ဒရုပ် ထွက်မလဲ၊ ဆိုလိုတာကတော့

http://www.dhammadownload.com



ဥတုဇကလာပ် ၄-စည်းမှာ သုဒ္ဓဋ္ဌကကလာပ်နဲ့ လဟုတာဒေကာဒသက ကလာပ် ၂-မျိုးသာရတယ်၊ သဒ္ဒနဝကရယ်, သဒ္ဒလဟုတာ ဒွါဒသကဆိုတဲ့ သဒ္ဒပါတဲ့ ကလာပ် ၂-မျိုးမရဘူးပေါ့၊ ဒါပဲရမယ်တဲ့။

ဒါဖြင့် ရူပါဝစရမှတ်ရတာက သိပ်မခဲယဉ်းပါဘူး၊ ကာမာဝစရက နည်းနည်းရှုပ်တယ်၊ ရူပဘုံပဋိသန္ဓေအခါမှာ စက္ခု, သောတ, ဝတ္ထု၊ ပြီးတော့ ဇီဝိတနဝက၊ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝက၊ ကလာပ် ၄-စည်း၊ ပဝတ္တိအခါမှာတော့ စိတ္တဇ၊ ဥတုဇရတယ်။

အသညသတ်ကျတော့ လွယ်လိုက်တာ၊ စိတ္တဇလည်း လုံးဝမရဘူး၊ စက္ခု, သောတ, ဝတ္ထုနဲ့သဒ္ဒနဝကလည်း မရဘူး၊ ဒါကြောင့်မို့ ပဋိသန္ဓေအခါမှာ ဇီဝိတနဝက ကလာပ်တစ်ခုထဲသာရှိတယ်။

ဇီဝိတနဝက ကလာပ်သာရှိတဲ့အတွက်ကြောင့်မို့ ရုပ်ထုနဲ့ သူတို့နဲ့ အဲဒါကွာတာပေါ့၊ သစ်သားရုပ်ကြီးနဲ့ အသညသတ် ဗြဟ္မာနဲ့ ဘာကွာသလဲမေးရင် အသညသတ် ဗြဟ္မာမှာ ဇီဝိတရုပ်ရှိတယ်၊ ဆိုလိုတာကတော့ ဇီဝိတရုပ်ရှိတဲ့အတွက်ကြောင့်မို့ အသညသတ်ဗြဟ္မာရဲ့ ခန္ဓာကိုယ်ကြီးဟာမဆွေးဘူးပေါ့၊ ကမ္ဘာငါးရာနေလည်း နေတာပဲ၊ သစ်သားရုပ်ကြီးကတော့ ဆွေးသွားမှာ။

ကောင်းပြီ၊ ဘုံနှင့်ရသောရုပ်တဲ့၊ စမ်းကြည့်ရအောင်။

ကာမဘုံမှာ ရုပ်ဘယ်လောက်ရနိုင်သလဲ၊ ရုပ် ၂၈-ပါး ရနိုင်တယ်၊ ဒါက ပုဂ္ဂိုလ်တစ်ယောက်ထဲမှာ ရုပ် ၂၈-ပါး ရနိုင်ပါ့မလား၊ ဘယ့်နှယ်တုန်း ကာမဘုံအနေနဲ့ ပြောလိုက်ရင်တော့ ဟုတ်တယ်ပေါ့၊ ကာမဘုံမှာ ရုပ်၂၈-ပါးရမယ်၊ ပုဂ္ဂိုလ်တစ်ယောက်မှာ ရုပ်အများဆုံး ဘယ်လောက်ပဲ ရနိုင်သလဲ၊ You can be man or woman ၂၇-ပါးပဲ အများဆုံးရမယ်၊ ၂၈-ပါး မရနိုင်ဘူး၊ သို့သော် ကာမဘုံမှာ ခြုံပြီးပြောလိုက်တော့ ရုပ် ၂၈-ပါးလုံး ရနိုင်တယ်ပေါ့။

အသညသတ် ကြဉ်တဲ့ ရူပ ၁၅-ဘုံမှာ ရုပ် ၂၃-ပါးပဲရတယ်၊ ရုပ် ၂၈ ပါးထဲက ဘာတွေကြဉ်ရမလဲဆိုရင် ဃာန ပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်, ဒီ ၅-ခုနှုတ်လိုက်၊ အဲဒီတော့ ၂၃-ပါးရတယ်။

အသညတ် ဘုံမှာကျတော့ ၁၇-ပါးပဲရတယ်၊ အဝိနိ ဗ္ဘောဂရုပ် ၈-ခုရယ်၊ ဇီဝိတရယ် လဟုတာ, မုဒုတာ, ကမ္မညတာဆိုတဲ့ ၃-ခုရယ်၊ လက္ခဏာရုပ် ၄-ခုရယ်၊ အာကာသရယ်။

အာကာသကတော့ ရုပ်ကလာပ် ၂-ခု ရှိတော့ တာပါ၊ ဒါကြောင့်မို့

http://www.dhammadownload.com



အသညသတ်ဘုံမှာ ရုပ် ၁၇–ပါးပဲရတယ်။

အရူပဘုံမှာ ရုပ် လုံးဝ မရှိဘူး၊ ဒါဟာ ဘာလဲဆိုတော့ ရုပ်ဖြစ်စဉ် ချုပ်စဉ်, ဘဝတစ်ခု အစမှာ ဘယ်လိုရုပ်တွေ ဖြစ်လာတယ်၊ ပဝတ္တိအခါမှာတော့ ဖြစ်လိုက် ချုပ်လိုက်သွားတာပေါ့၊ နောက်ဆုံး ဘယ်လိုဖြစ်တယ်ချုပ်တယ်ဆိုတာကို ရုပ်ဖြစ်ပုံ, ချုပ်ပုံကိုပြတဲ့ အပိုင်း အခန်းတဲ့။

ဒီအပိုင်းအခန်းမှာ ဘုံတွေနဲ့ ရုပ်တွေနဲ့ ဘယ်ဘုံမှာ ရုပ်ဘယ်လောက် ရသင့်တယ်၊ ရုပ်ဘယ်လောက်ရနိုင်တယ်ဆိုတာလည်း ကွဲပြားသွားရမယ်၊ အမိဝမ်းမှာ ကိန်းစဉ်ဆိုတာလေးတွေလည်း ကျမ်းဂန်အလိုအရပေါ့လေ, ဗဟုသုတအဖြစ်နဲ့ သိထား ရမယ်။

ကောင်းပြီ, ဟိုနေ့က ဦးဇင်းရုပ် ဝီထိဆိုတာ ပြောလိုက်တယ်၊ စိတ်မှာ ဝီထိရှိသလို ရုပ်မှာလည်း ဝီထိရှိတယ်၊ ဒီအဆိုနဲ့ ပတ်သက်ပြီး ပါဠိကျမ်းဂန်တွေမှာ တော့တိုက်ရိုက်မတွေ့ဘူး၊ ဒါပေမယ်လို့ ရှေးမြန်မာဆရာတော်တွေက တီထွင် ထားတာ၊ စိတ်အစဉ်ဖြစ်သလို ရုပ်မှာလည်းပဲ ဒီအခိုက်အတန့်မှာ ရုပ်ဘယ်လောက် ရှိသင့်တယ်၊ ဟိုအခိုက်အတန့်မှာ ရုပ်ဘယ်လောက်ရှိသင့်တယ်လို့ အဲဒီလို ရုပ်ဝီထိ ဆိုပြီးတော့ ပြတယ်၊ ဒါကြောင့်မို့ ရှေးဆရာတော်တွေ အလွန်ကျေးဇူးတင်ဖို့ ကောင်းတယ်။

အဲဒါကြောင့်လည်း မြန်မာဟာ သူများထက် (တခြားလူမျိုးထက်) အဘိဓမ္မာ သာတာဟာ ရှေးကဆရာတော်ကြီးတွေ လုပ်ပြသွားတာကို ဦးဇင်းတို့က နောက်က လိုက်ရုံပဲ။

အဲဒီတော့ ဂဗ္ဘသေယျကကို ကြည့်လိုက်တဲ့အခါကျတော့ ပထမ နာမ်ဝီထိကို မြင်ထားရမယ်၊ နာမ်ဝီထိကို မူတည်ပြီးတော့ ရုပ်ဝီထိက သွားရမှာ၊ အဲဒီတော့ ပဋိသန္ဓေစိတ်ရှိတယ်၊ ပဋိသန္ဓေစိတ်ရဲ့ နောက်ကို ဘဝင် ၁၅–ကြိမ်၊ ၁၆–ကြိမ် ရှိတယ် မဟုတ်လား၊ မရဏာသန္နဝီထိ ချလိုက်တဲ့အခါကျတော့ ပဋိသန္ဓေရဲ့နောက်ကို ဘဝင် ၁၆–ကြိမ်ပဲထားကြပါစို့၊ အဲဒါကို ပထမကြည့်ထား။

ကောင်းပြီ, ပဋိသန္ဓေစိတ်ဖြစ်ပြီ၊ ခဏငယ် ၃–ချက်၊ ဥပါဒ်, ဌီ, ဘင်, ဂဗ္ဘသေယျက သတ္တဝါဖြစ်တဲ့အတွက်ကြောင့်မို့ ကလာပ် ၃–စည်းရမယ်၊ အဲဒီတော့ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်အခိုက်အတန့်မှာ ကလာပ် ၃–စည်းရတယ်၊ ဘာကြောင့်ဖြစ်တဲ့ ကလာပ်လည်းဆိုရင် ကမ္မဇပေါ့၊ ဒါဖြင့်ရင် ပဋိသန္ဓေရဲ့ဥပါဒ်မှာ ကမ္မဇကလာပ် ၃–စည်း။

http://www.dhammadownload.com



ပဋိသန္ဓေ၏ ဌီမှာ ဘာဖြစ်နိုင်သလဲဆိုရင် စိတ်၏ခဏတိုင်း ခဏတိုင်းမှာ ကမ္မဇရုပ်တွေ ဖြစ်စေတယ်ဆိုသဖြင့် ဌီကျတော့ ကမ္မဇကလာပ် ၆-စည်းဖြစ်သွားတယ်၊ ၃-စည်းတိုးသွားတယ်။

တစ်ခါ ဥပါဒ်အခိုက်အတန့်မှာတုန်းကဖြစ်ခဲ့တဲ့ ကမ္မဇကလာပ်က ဌီအခိုက် အတန့်ရောက်တဲ့အခါကျတော့ သူက ဌီသို့ရောက်သွားပြီ မဟုတ်လား၊ ဌီသို့ရောက်တဲ့ အခါကျတော့ ဥတုဇကလာပ်မဖြစ်စေပေဘူးလား။

အဲဒါကြောင့်မို့ ဥပါဒ်တုန်းက ဖြစ်ခဲ့တဲ့ ကမ္မဇကလာပ် ၃-စည်းက ဌီ အခိုက်ကျတော့ ဥတုဇကလာပ် ၃-စည်းဖြစ်စေပြန်တယ်၊ အဲဒီတော့ ဌီအခိုက်မှာ ပထမ ၃-စည်းရှိတယ်၊ နောက်ထပ် ၃-စည်းရှိတယ်၊ ပြီးတော့ ဌီအခိုက်ရောက်တော့ ဥတုဇ ၃-စည်းဖြစ်စေတယ်ဆိုတော့ ကမ္မဇကလာပ် ၆-စည်း ဥတုဇကလာပ် ၃ စည်း အားလုံး ၉-စည်း မနေဘူးလား။

ဘင်ကျတော့ ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် မရှိသေးဘူး၊ ဥတု ဇကလာပ်ကတော့ ဌီတုန်းက ၃-စည်းက ဘင်ကျတော့ ဌီသို့မရောက်ပေဘူးလား၊ ဌီတုန်းကဖြစ်ခဲ့တဲ့ ကမ္မဇကလာပ် ၃-စည်းရှိတယ်မဟုတ်လား၊ အဲဒီဌီဟာ သူ့ရဲ့ ဥပါဒ်ပေါ့၊ ဘင်ဟာ သူ့ရဲ့ ဌီမဖြစ်ပေဘူးလား။

အဲဒီတော့ ဌီတုန်းက ဖြစ်ခဲ့တဲ့ ၃-စည်းက ဘင်သို့ရောက်တဲ့အခါကျတော့ ဥတုဇကလာပ် ၃-စည်းထပ်မဖြစ်စေဘူးလား၊ ၃-စည်းတိုးမသွားဘူးလား၊ တိုးရင်ဘယ်လောက်လဲ၊ ၆-စည်း၊ ဒါဖြင့် ကမ္မဇကလာပ် ၉-စည်း၊ ဓိတ္တဇကလာပ် မရှိ၊ ဥတုဇကလာပ် ၆-စည်း၊ ပေါင်းလိုက်စမ်း, ၁၅-ဖြစ်သွားတယ်။

ရှေ့ဆက်သွားကြဦးစို့၊ စိတ္တဇရုပ်လာဦးမှာ။

ခုနကမ္မဇကလာပ် ၉ စည်း၊ ပထမဘဝင်ရဲ့ ဥပါဒ်မှာ ကမ္မဇကလာပ် ၃-စည်းထပ်တိုးလိုက် ၁၂-စည်း, ဒီကျတော့ စိတ္တဇကလာပ် ၁-စည်းလာခဲ့။

ဥတုဇကလာပ်ကျတော့ကော စောစောက ၆-စည်း, အခု ၃-စည်းတိုးရင် ၉-စည်းဖြစ်မှာပဲ၊ ဘာကြောင့်တုန်း၊ ပဋိသန္ဓေရဲ့ ဘဝင်မှာဖြစ်တဲ့ ကမ္မဇကလာပ် ၃-စည်းက ပထမဘဝင်ရဲ့ ဥပါဒ်ကျတော့ ဌီသို့ရောက်သွားပြီ၊ ဌီသို့ရောက်သွားတဲ့ အတွက်ကြောင့် သူက ၃-စည်း ဖြစ်စေတယ်။

အဲဒီတော့ ပြန်ပြောမယ်ဆိုရင် ပထမဘဝင်ရဲ့ဥပါဒ်မှာ ကမ္မဇကလာပ် ၁၂-စည်း၊ စိတ္တဇကလာပ် ၁-စည်း၊ ဥတုဇကလာပ် ၉-စည်း။

ရှေ့ဆက်သွားစမ်း, ပထမဘဝင်ရဲ့ဌီမှာ ကမ္မဇကလာပ်ကတော့ ၃-ခုစီတိုးသွား

http://www.dhammadownload.com



မှာပဲ၊ ကိစ္စမရှိဘူး၊ ဥပါဒ်တုန်းက ၁၂-မဟုတ်လား၊ ၁၂-ထဲ ၃-ထည့်လိုက် ၁၅၊ စိတ္တဇကလာပ်ကတော့ ၁-စည်းဟာ စည်းပဲ၊ မတိုးသေးဘူး၊ သူက ဥပါဒ်မှာသာ တိုးမှာကိုး။

ကောင်းပြီ၊ ဒီကျတော့ ကမ္မဇကလာပ် ၃-စည်းက ဥတုဇကလာပ် ၃-စည်း ဖြစ်စေမယ်၊ စိတ္တဇကကပ် ၁-စည်းက ဥတုဇကလာပ် ၁- စည်းဖြစ်စေမယ်။ ဒီကျတော့ ၄-စည်းတိုးရလိမ့်မယ်၊ ၃-စည်းမဟုတ်တော့ဘူး၊ အဲဒီတော့ ၉-ထဲ၄ ထည့် ပေါင်းရင်-၁၃, ထပ်ရှင်းပြမယ်။

ပထမဘဝင်ရဲ့ ဥပါဒ်အခိုက်အတန့်ကို ကြည့်လိုက်, ပထမဘဝင်ရဲ့ ဥပါဒ်မှာ ဖြစ်တဲ့ရုပ်ဟာ ဌီသို့ရောက်တဲ့အခါကျတော့ သူက ဥတုဇကလာပ် ၃-စည်း ထပ် မဖြစ်စေပေဘူးလား၊ အဲဒီတော့ သူက ဥတုဇကလာပ် ၃-စည်းဖြစ်စေပြီ၊ ပြီးတော့ ပထမဘဝင်ရဲ့ ဥပါဒ်မှာ စိတ္တဇကလာပ် ၁-စည်းဥပါဒ် ခဲ့တယ်၊ အဲဒီဥပါဒ်က ဌီသို့ရောက်တဲ့အခါကျတော့ သူက ၁-စည်းမဖြစ်စေပေဘူးလား၊ အဲဒီတော့ ကမ္မဇကလာပ် ၃-စည်းက ဖြစ်စေတဲ့ ဥတုဇကလာပ်က ၃-စည်း၊ စိတ္တဇကလာပ် ၁-စည်းပဲ၊ မတိုးသေးဘူး, သို့သော် သူက ဌီရောက်တဲ့အခါကျတော့ ၁-စည်း ဖြစ်စေတယ်လေ။

ဒါကြောင့်မို့ ပထမဘဝင်ရဲ့ ဥပါဒ်အခိုက်တုန်းက သူ့အနေနဲ့ ဘာမှမတိုး သေးဘူး၊ ဌီကျတော့ သူက ၁-ခု ဖြစ်စေပြီဆိုတော့ သူ့အတွက် ၁-ခုထည့်၊ ကမ္မဇကလာပ် ၃-စည်းအတွက် ၃-ခု ထည့်ရတော့ အားလုံး ၄-ခု ထည့်ရတယ်။

ကောင်းပြီ၊ ပထမဘဝင်ရဲ့ဘင်ကျတော့ ကမ္မဇကလာပ် ၃-စည်းပဲတိုးတယ်၊ စိတ္တဇကလာပ်ကတော့ ဒါဟာဒါပဲ၊ အဲဒီတော့ စိတ္တဇကလာပ်က ဒီမှာမထူးတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ပထမဘဝင်ရဲ့ ဌီမှာ စိတ္တဇရုပ်ကဖြစ်တော့တာ မဟုတ်ဘူး၊ ဥပါဒ်တုန်းကသာ ဖြစ်ခဲ့တာကိုး၊ ဒါကြောင့်မို့ ပထမဘဝင်ရဲ့ ဘင်မှာကျတော့ သူက မဖြစ်စေနိုင်တော့ဘူး၊ ဒါကြောင့်မို့ အဲဒီကျတော့ ၃-စည်းပဲထပ်တိုးတော့ တယ်၊ အဲဒီတော့ ၁၆-စည်းပဲ။

ဒုတိယဘဝင်, ဥပါဒ်, ကမ္မဇကလာပ် ဘယ်လောက်လဲ၊ ၃-ခုထည့်လိုက် ၂၁၊ စိတ္တဇကလာပ် ၂-စည်း ဖြစ်သွားပြီ၊ ဟိုတုန်းက ၁-စည်း၊ အခု ဒီမှာ ၁-ခုထပ်တိုးတယ်၊ ၂-စည်းဖြစ်သွားပြီ၊ ဥတုဇကလာပ် ၃-စည်းပဲတိုးတယ်၊ ဘာကြောင့် တုန်း ဒီ ၂-က အသစ်ရှိသေးတယ်၊ သူက ဌီမရောက်သေးဘူး၊ သူက ဌီရောက်မှ ဖြစ်စေမှာ။

http://www.dhammadownload.com



ဒုတိယဘဝင်ရဲ့ ဌီကျတော့ ကမ္မဇကလာပ်က ၃–ခုတိုးလာပြီ၊ စိတ္တဇကလာပ်ကတော့ ၂–စည်းဟာ ၂–စည်းပဲ၊ ဥတုဇကလာပ်ကျတော့ ကမ္မဇအတွက်က ၃–စည်းရယ်၊ စိတ္တဇအတွက်က ၁–စည်းရယ် ၄–စည်းထပ်တိုးလိုက် ၂၃–ခု၊ ဟုတ်ပြီလား။

ဒုတိယ ဘဝင်ရဲ့ဘင်၊ ကမ္မဇကလာပ် ၃–စည်းပဲတိုး၊ စိတ္တဇကလာပ်ကတော့ ၂–စည်းပဲ၊ ဒါကြောင့်မို့ ဥတုဇကလာပ်ကျတော့–

http://www.dhammadownload.com



## ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ မရနိုင်သောရုပ်များ

သဒ္ဒရုပ် ၁၊ ဝိညတ် ၂၊ လဟုတာ စသည် ၃၊ ဇရတာ ၁၊ အနိစ္စတာ ၁ ပေါင်း ရုပ် ၈ ပါး။

ပဝတ္တိအခါ၌ကား ရုပ် ၂၈-ပါးလုံး ရနိုင်သည်။

## နိဗ္ဗာန်

နိဗ္ဗာန = နိ + ဝါန။ နိ = ထွက်မြောက်။ ဝါန = တဏှာ။

ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်သည်၊ ထွက်မြောက်ဟူသည် အာရုံပြုမခံရခြင်းကို ဆိုလိုသည်။

ထိုနိဗ္ဗာန်သည် မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက်ပြုထိုက်သော တရားဖြစ်သည်၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သည်။

### နိဗ္ဗာန် ၂-မျိုး

၁။ သဉပါဒိသေသနိဗ္ဗာန် (သေသ = ကိလေသာတို့မှ ကြွင်းကျန်ရစ်သော + ဥပါဒိ = ဝိပါက်နာမ် ခန္ဓာ, ကမ္မဇရုပ်ခန္ဓာ + သ = ရှိသည်။) ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ မချုပ်သေးခင် (ပရိနိဗ္ဗာန်မစံခင်) အာရုံပြုအပ်သော နိဗ္ဗာန်။

၂။ အနုပါဒိသေသနိဗ္ဗာန် - (န + ဥပါဒိသေသ)။ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့ ချုပ်ပြီးနောက် (ပရိနိဗ္ဗာန်စံသည့်အခါ) ရအပ်သော နိဗ္ဗာန်။

### နိဗ္ဗာန် ၃-မျိုး

၁။ သုညတနိဗ္ဗာန် - ရာဂ ဒေါသ မောဟနှင့်တကွ ရုပ်နာမ်အားလုံး ကင်းဆိတ် သောနိဗ္ဗာန်။

၂။ အနိမိတ္တနိဗ္ဗာန် - ပုံသဏ္ဌာန် မရှိသော နိဗ္ဗာန်၊ ရာဂဒေါသမောဟ နှင့်တကွ ရုပ်နာမ်အားလုံးဟူသော နိမိတ်အမှတ် အသားမရှိသော နိဗ္ဗာန်။

၃။ အပ္ပဏိဟိတနိဗ္ဗာန် - ရာဂ ဒေါသ မောဟဟူသော တောင့်တခြင်းမရှိသော နိဗ္ဗာန်။

http://www.dhammadownload.com



**နိဗ္ဗာန်ဟူသည်**

၁။ တဏှာ၏အကြွင်းမဲ့ ကုန်ရာကုန်ကြောင်း/ကုန်ခြင်း။ တဏှာယအသေသ ဝိရာဂနိရောဓ။
၂။ တဏှာ ကုန်ရာကုန်ကြောင်း/ကုန်ခြင်း။ တဏှက္ခယ။
၃။ ရာဂ ဒေါသ မောဟ ကုန်ရာကုန်ကြောင်း/ကုန်ခြင်း။ ရာဂက္ခယ၊ ဒေါသက္ခယ၊ မောဟက္ခယ။
၄။ ဘဝချုပ်ရာချုပ်ကြောင်း/ချုပ်ခြင်း။ ဘဝနိရောဓ။
၅။ ဆင်းရဲချုပ်ရာချုပ်ကြောင်း။ ချုပ်ခြင်း။ ဒုက္ခနိရောဓ။
၆။ မည်သည့်အကြောင်းကမျှ မပြုလုပ်အပ်သောတရား။ အသင်္ခတ။
၇။ ကိလေသာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း/ လွတ်မြောက်ခြင်း။ မုတ္တိ၊ ဝိမုတ္တိ။
၈။ ကျွန်းသဖွယ် ဖြစ်သောတရား။ ဒီပ။
၉။ လည်းလျောင်းရာဖြစ်သောတရား။ တာဏ။
၁၀။ ပုန်းအောင်းရာဖြစ်သောတရား။ လေဏ။
၁၁။ မှီခိုရာဖြစ်သောတရား။ ပရာယဏ။
၁၂။ အမှန်တရား။ သစ္စ။
၁၃။ ချမ်းသာခြင်းတရား။ သုခ။
၁၄။ ငြိမ်းချမ်းခြင်းတရား။ သန္တိ။
၁၅။ မွန်မြတ်သောတရား။ ပဏီတ။
၁၆။ မြဲသောတရား။ ဓုဝ။
၁၇။ မသေတရား။ အမတ၊ အစ္စုတ။
၁၈။ မိမိထက်သာသောတရားမရှိသောတရား။ အနုတ္တရ။
၁၉။ နက်နဲသောတရား။ ဂမ္ဘီရ။
၂၀။ မြင်နိုင်ခဲသောတရား။ ဒုဒ္ဒသ။
၂၁။ သိမ်မွေ့သောတရား။ အဏု။ သုခုမ။

http://www.dhammadownload.com



**အရှင်နာဂသိန် မိန့်ကြားချက်များ (မိလိန္ဒပဥှာပါဠိတော် မြန်မာပြန် မှ။)**

ချုပ်ခြင်းသည် နိဗ္ဗာန် မည်၏။ (နှာ-၇၇)

အလုံးစုံသောသူတို့ နိဗ္ဗာန်ကို မရကုန်၊ ကောင်းစွာကျင့်၍ သစ္စာ ၄-ပါး သိသူသာ နိဗ္ဗာန်ကို ရနိုင်သည်။ (၇၈)

နိဗ္ဗာန်ကို မရသူသည်လည်း နိဗ္ဗာန်သည် ချမ်းသာသည်ဟု သိနိုင်သည်၊ (၇၈)

နိဗ္ဗာန်သည် ချမ်းသာအတိဖြစ်သည်၊ ဆင်းရဲနှင့် မရောပြွမ်း။ (၃၂၂)

နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် အရွယ်အတိုင်း အရှည်ကို ဆောင်ပြခြင်းငှာ မတတ်နိုင်။ (၃၂၅)

နိဗ္ဗာန်သည် ကာလသုံးပါးမှ အလွတ်ဖြစ်သော်လည်း အရှိတရားဖြစ်သည်၊ (၃၃၀)

နိဗ္ဗာန်၏တည်ရာအရပ် မရှိ။ (၃၃၃)

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၄၂

## [ရုပ်ပိုင်း]

## နိဗ္ဗာန်အကြောင်း

ဒီနေ့ အောက်တိုဘာလ ၉ ရက်။

ဟိုနေ့တုန်းက ရုပ်ဝီထိအကြောင်းပြောနေတာ နည်းနည်းလေး ကျန်သွားတယ်၊ အဲဒါ ဘာလဲဆိုတော့ ဒီနေ့ပေးတဲ့ စာရွက်ထိပ်မှာရှိတဲ့ "ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ မရနိုင်သောရုပ်များ" ဆိုတာပဲ၊ မရနိုင်တာ မဖြစ်နိုင်တာကို ဆိုလိုတာပဲ၊ ဒီရုပ်တွေဟာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်အခိုက်အတန့်မှာ မဖြစ်တဲ့ ရုပ်တွေတဲ့။

သဒ္ဒရုပ်ရယ်၊ ဝိညတ်ရုပ် ၂-ခုရယ် (ကာယဝိညတ် ဝစီဝိညတ်)၊ လဟုတာ စသည် ၃-ခု (လဟုတာ၊ မုဒုတာ၊ ကမ္မညတာ) ဇရတာ (အိုတဲ့ရုပ်) အနိစ္စတာ (သေတဲ့ရုပ် ပျောက်ပျက်တဲ့ရုပ်) ဖြစ်တဲ့အချိန်မှာ ဘယ်အိုဦးမလဲ၊ အိုတာသေတာ မရှိဘူးပေါ့။

ဒါကြောင့်မို့ အားလုံးပေါင်းလိုက်ရင် ဒီရုပ် ၈-ပါးဟာ ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှာ မရနိုင်ဘူး မဖြစ်ဘူးတဲ့၊ ပဝတ္တိအခါ (အဲဒီနောက်မှာ) သေသည်တိုင်အောင် ရုပ် ၂၈-ပါးလုံး မရနိုင်တာမရှိဘူး၊ အားလုံးရနိုင်တယ်တဲ့။

အဲဒီတော့ သင်္ဂြိုဟ်ကျမ်းမှာ အဲဒီစကားလေးနဲ့ရုပ်ဖြစ်စဉ် ပျက်စဉ် အခန်းလေးကို အဆုံးသတ်လိုက်တာပဲ၊ ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှာ မရနိုင်တဲ့ ရုပ်ရယ်၊ ပဝတ္တိအခါမှာ မရနိုင်တဲ့ ရုပ်ရယ်လို့ မရှိဘူး၊ အကုန်လုံးရတယ်။

http://www.dhammadownload.com



အဲဒါပြီးတဲ့နောက် သင်္ဂြိုဟ်မှာ နိဗ္ဗာန်ကိုပြတယ်၊ ပရမတ္ထတရား ၄–ပါးမှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ရယ်လို့ရှိတယ်၊ စိတ်ကို စိတ်ပိုင်းနဲ့ပြခဲ့ပြီ, စေတသိက်ကို စေတသိက်ပိုင်းနဲ့ ပြခဲ့ပြီ, ပကိဏ်းပိုင်း, ဝီထိပိုင်း, ဝီထိမုတ်ပိုင်းနဲ့ စိတ်နဲ့ စေတသိက်ကိုပဲပြခဲ့ပြီ၊ ရုပ်ပိုင်းကိုလည်းပြခဲ့ပြီ၊ ဒါကြောင့်မို့စိတ် စေတသိက် ရုပ်။

ဒီနေ့ ပရမတ္ထတရား ၃–ပါးရဲ့ အကျယ်ကိုပြပြီးတဲ့နောက် နိဗ္ဗာန်ရဲ့အကျယ်ကို ပြဖို့ရာ နိဗ္ဗာန်အခန်းကို ရုပ်ပိုင်းနောက်ဆက်တွဲလို အနေနဲ့ထားရင် နိဗ္ဗာန်သီးခြား တစ်ခန်းအနေနဲ့ မရေးတော့ဘူး၊ ဒီနေ့ နိဗ္ဗာန်ရောက်ကြမယ်။

နိဗ္ဗာန်နဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန်နား လည်ထားဖို့လည်း အရေးကြီးတယ်၊ ဒါကြောင့် ဒီနေ့မှာ ကျမ်းဂန်တွေထဲက ရှာကြံထားတာလေးတွေရော, မိလိန္ဒပဉှာမှာ လာတဲ့ စကားလေးတွေရော စုထားလိုက်တာ။

အဲဒီတော့ နိဗ္ဗာန်ဆိုတာဘာလဲ၊ ဖတ်ကြည့်လိုက်စမ်းပါ၊ နိဗ္ဗာန်ဆိုတဲ့ စကားက နိဗ္ဗာနဆိုတဲ့ ပါဠိစကားကလာတာ၊ နိဗ္ဗာနဆိုတဲ့ ပါဠိစကားကလည်း နိဆိုတာနဲ့ ဝါနဆိုတဲ့စကားနှစ်ခုပေါင်းစပ်ထားတာ၊ ပေါင်းစပ်လိုက်တော့ ပါဠိစကား နိအရ နိဗ္ဗာနဖြစ်သွားတယ်။

နိက ထွက်မြောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ ဝါနက တဏှာဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ အမှန်က ဝါနကဘာလည်းဆိုတော့ ဆက်တတ်တဲ့သဘောလို့ ဆိုလိုတယ်။

ခုနက သက်န်းချုပ်တဲ့အကြောင်း ပြောနေရသေးတယ်၊ အဝတ်စ ၂၇–ခု တွဲပြီး အပ်ချည်လေးနဲ့ ချုပ်လိုက်တဲ့အခါ အဝတ်စ ၂–ခု ဟာစပ်သွားတယ်၊ ထို့အတူပဲ တဏှာရှိနေတဲ့အတွက်ကြောင့် တဏှာက ဘဝတစ်ခုပြီးတစ်ခု တစ်ခုပြီး တစ်ခု စက်နဲ့ချုပ်သွားသလိုပဲ၊ အဲဒီလို ဘဝတစ်ခုကို ဘဝတစ်ခုနဲ့ ဆက်စပ်ပေးတတ်တဲ့ အတွက်ကြောင့် တဏှာကို ဝါနလို့ခေါ်တယ်။

အဲဒီတဏှာမှ ထွက်မြောက်တတ်တဲ့သဘောတရားကို နိဝါန၊ ဝါန မရှိတဲ့ တရားပေါ့၊ အဲဒီနိဝါနကနေပြီးတော့ ပါဠိသဒ္ဒါနည်းအရ နိဗ္ဗာနဖြစ်လာတယ်၊ ဒါကြောင့်မို့ "ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်သည်"တဲ့၊ ဘာကို နိဗ္ဗာန်ဟု ခေါ်သည်ဆိုတာ မပါသေးဘူးနော်။

အဲဒီတော့ တဏှာမှ ထွက်မြောက်တယ်ဆိုတာဘာလဲတဲ့၊ နဂိုက နိဗ္ဗာန်က တဏှာထဲမှာရှိပြီး တဏှာထဲက ထွက်မြောက်သွားတာလား၊ ဒီလိုမဟုတ်ဘူး၊

http://www.dhammadownload.com



ထွက်မြောက်တယ်ဆိုတာ အာရုံပြုမခံရတာကို ဆိုလိုတယ်။

တဏှာက နိဗ္ဗာန်ကို အာရုံမပြုနိုင်ဘူး၊ ပကတိအားဖြင့် ပြန်ကြည့်လိုက်ရင် အကုသိုလ်စိတ်တွေဟာ လောကီတရားကိုသာ အာရုံပြုတယ်၊ လောကုတ္တရာတရားကို အာရုံမပြုဘူး၊ ဒါကြောင့်မို့ တဏှာရဲ့ အာရုံပြုရာ နယ်ပယ်မှ အပြင်ဘက်ရောက်တာကိုပဲ တဏှာမှ ထွက်မြောက်တယ်လို့ ဒီလိုသုံးတယ်၊ တဏှာရဲ့ ကျက်စားရာ မဟုတ်တော့ဘူး၊ တဏှာရဲ့ စားကျက်မဟုတ်တော့ဘူး၊ တဏှာ အာရုံပြုနယ်ပယ်မှ ထွက်သွားတဲ့အတွက်ကြောင့်မို့ ဒီတရားကို နိဗ္ဗာန (နိဗ္ဗာန်)လို့ ခေါ်တယ်။

အဲဒီ နိဗ္ဗာန်ဟာ "မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက်ပြုထိုက်သော တရားဖြစ်သည်"တဲ့၊ ဒါက ဘာကိုဆိုလိုတာလဲဆိုတော့ မဂ်စိတ်ဖြစ်တဲ့အခါမှာ နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်တယ်မဟုတ်လား၊ အဲသလိုဖြစ်တဲ့အခါကျတော့ မဂ်ဉာဏ် ၄-ပါးနဲ့ (သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်) တိုက်ရိုက်မြင်ထိုက်တဲ့ တရားလို့ဆိုတယ်၊ မျက်မှောက်ပြုတယ်ဆိုတာ တိုက်ရိုက်သိ, တိုက်ရိုက်မြင်တာကိုပြောတာ။

မဂ်ဉာဏ်ကမှ နိဗ္ဗာန်ကိုတိုက်ရိုက်သိ တိုက်ရိုက်မျက်မှောက်ပြုတာ၊ လောကီစိတ်နဲ့ နိဗ္ဗာန်ရရပါလို၏လို့ ဆုတောင်းကြတာတွေဟာ နိဗ္ဗာန်အစစ်ကို မြင်တာမဟုတ်ဘူး၊ နိဗ္ဗာန်ကို အာရုံပြုနိုင်တာ မဟုတ်ဘူး၊ နိဗ္ဗာန်ဆိုတဲ့ စကားလုံး ပညတ်၊ အဲဒါကို အာရုံပြုပြီးတော့ နိဗ္ဗာန်ကို ရရပါလို၏၊ နိဗ္ဗာန်ကို ရောက်ချင်တယ်နဲ့ အဲသလိုပြောကြတာ၊ နိဗ္ဗာန်ကိုတော့ တကယ့်မဂ်ဉာဏ်နဲ့သာ မျက်မှောက်ပြုလို့ရတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ မဂ်ဖိုလ်တို့ရဲ့ အာရုံဖြစ်တယ်၊ ဒါဟာ ဘာလည်းဆိုတော့ နိဗ္ဗာန်ဆိုတာ မရှိတဲ့တရားကြီးလို့ ထင်သွားမှာစိုးလို့ မရှိတဲ့တရားဆိုရင် အာရုံပြုလို့ မရဘူးပေါ့၊ ဒီနိဗ္ဗာန်ဟာ ရှိကိုရှိနေတယ်၊ အဲဒီအရှိဖြစ်တဲ့ နိဗ္ဗာန်တရားကို မဂ်ဉာဏ် ၄-ပါးဖြင့် အာရုံပြုနိုင်သည်၊ မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက်ပြုထိုက်တဲ့ တရား၊ မဂ်ဖိုလ်တို့ရဲ့ အာရုံဖြစ်တဲ့တရားလို့ ဆိုလိုတယ်။

မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုထိုက်တဲ့တရားဆိုတော့ ကိုယ်ကိုယ်တိုင် သိနိုင်တဲ့တရားလို့ ဆိုလိုတာပေါ့၊ မိမိသန္တာန်မှာ မဂ်ဉာဏ်ဖြစ်၊ အဲဒီမဂ်ဉာဏ်နဲ့ သိနိုင်တဲ့တရား။

ကောင်းပြီ၊ အဲဒီနိဗ္ဗာန်ဟာ ဘာလဲဆိုတော့ နိဗ္ဗာန်ဟူသည် ဆိုပြီး ထုတ်နုတ်ပေးထားတာကို ကြည့်လိုက်။

၁။ တဏှာ၏အကြွင်းမဲ့ကုန်ရာကုန်ကြောင်းကုန်ခြင်း, ကုန်ရာကုန်ကြောင်းသို့မဟုတ် ကုန်ခြင်းဆိုတဲ့ အဓိပ္ပါယ် ၂-မျိုးရှိတယ်။

http://www.dhammadownload.com



ကုန်ရာကုန်ကြောင်းဆိုတာက နိဗ္ဗာန်က တကယ်ဌာနမဟုတ်ပေမယ်လို့ ဌာနလို သဘောထားပြီးတော့ ကုန်ရာလို့ဆိုလိုတယ်။

ကုန်ကြောင်းဆိုတာကတော့ တဏှာကုန်ရာမှာသူက instrumental ဖြစ်တယ်လို့ ဆိုလိုတာ၊ အဲဒီတော့ နိဗ္ဗာန်ကို အာရုံပြုရမှ မဂ်ဉာဏ်ဖြစ်တယ်၊ မဂ်ဉာဏ်ဖြစ်မှ တဏှာကိုအကြွင်းမဲ့ ပယ်နိုင်တယ်၊ ရဟန္တာဖြစ်တော့မှ အရဟတ္တ မဂ်ဉာဏ်ဖြစ်တယ်၊ အဲဒီ အရဟတ္တမဂ်ဖြစ်မှ တဏှာကို ပယ်နိုင်တယ်။

အဲဒီတော့ နိဗ္ဗာန်ကို အာရုံမပြုရရင် မဂ်ဉာဏ်က ဖြစ်ကို မဖြစ်ဘူး၊ မဂ်ဉာဏ် မဖြစ်ရင် တဏှာမပယ်နိုင်ဘူး၊ ဒါကြောင့်မို့ တဏှာရဲ့ အကြွင်းမဲ့ကုန်ရာ ကုန်ကြောင်း ဖြစ်တယ်၊ တစ်နည်းအားဖြင့်တော့ တဏှာရဲ့ အကြွင်းမဲ့ကုန်ခြင်းကိုပဲ နိဗ္ဗာန်လို့ ခေါ်တယ်၊ အဓိပ္ပါယ် ၂-မျိုး, ၂မျိုး သွားလိမ့်မယ်။

မဟာစည်ဆရာတော်ကတော့ ကုန်ရာကုန်ကြောင်းဆိုတာထက် ကုန်ခြင်း ဆိုတာမျိုးကို ပိုပြီးနှစ်သက်တယ်၊ အဲဒီတော့ တဏှာအကြွင်းမဲ့ချုပ်တယ်ဆိုတာ အမှန်တော့ နောက်ထပ်မဖြစ်တာကို ဆိုလိုတာ၊ အကြွင်းမဲ့ချုပ်တယ်ဆိုတာကိုလဲ နားလည်ရမယ်၊ ဖြစ်ပေါ်တဲ့ တဏှာကတော့ချုပ်မှာချည်းပဲ။

ကိုင်း, အခု တစ်ခုခုလိုချင်လို့တဏှာဖြစ်နေပါပြီတဲ့၊ တော်တော်ကြာ ဘုရားရှိခိုးလိုက်မယ်၊ မေတ္တာပို့လိုက်မယ်၊ ပုတီးစိပ်လိုက်မယ်၊ တဏှာပျောက်မသွား ဘူးလား၊ ပျောက်သွားတာပဲ။

အဲသလိုပျောက်သွားတာကို မဆိုလိုဘူး၊ နောင်တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်သွားတာ, နောက်တစ်ခါ မဖြစ်တော့တာ၊အဲဒါကို ကုန်ခြင်းလို့ ဒီနေရာမှာ ခေါ်တယ်။

အကြွင်းမဲ့ဆိုတာ ဘာမှကို နည်းနည်းလေးလောက်မှ အကျန်မရှိတော့တာ၊ ဒါကြောင့်မို့ တဏှာရဲ့ အကြွင်းမဲ့ ကုန်ရာကုန်ကြောင်း သဘာတရားတစ်ခု, အဲဒီ သဘောတရားကို နိဗ္ဗာန်လို့ ခေါ်တယ်၊ တစ်နည်းအားဖြင့်တော့ ကုန်ခြင်းသဘော ပေါ့လေ၊ ပါဠိလိုကျတော့ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓောဆိုပြီး ဓမ္မစကြာပါဠိများ အလွတ်ရရင်သိလိမ့်မယ်။

ယောတဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿ ဂ္ဂေါ, မုတ္တိ, အနာလယောဆိုပြီး အထပ်ထပ်ဟောတယ်၊ တခြားပုဒ်တွေက ဒီပုဒ် အဓိပ္ပါယ်နဲ့ သိပ်မကွာပါဘူး၊ အနာလယောတို့ စာဂေါတို့ ပဋိနိဿဂ္ဂေါတို့။

ဒါဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် define လုပ်တဲ့ ဓမ္မစကြာသုတ်ထဲမှာ

http://www.dhammadownload.com



ဒုက္ခနိရောဓသစ္စာဆိုတာ ဘာပါလဲဆိုတော့ ဒုက္ခနိရောဓဆိုတာ တဏှာရဲ့ နိရောဓပဲ, အဲသလိုပြောတာ၊ အကြောင်းချုပ်တာနဲ့ အကျိုးချုပ်တာကို define လုပ်သွားတာ၊ အမှန်တော့ တဏှာကုန်မှ ဒုက္ခကုန်တယ်၊ တဏှာမကုန်သေးရင် ဒုက္ခမကုန်သေးဘူး၊ အကြွင်းမဲ့ကုန်ရာကုန်ကြောင်းကို နိဗ္ဗာန်ဟုခေါ်သည်။

၂။ တဏှာကုန်ရာကုန်ကြောင်း

တဏှာကုန်ခြင်းတဲ့ တဏှက္ခယဆိုတဲ့ ပါဠိပုဒ်လေးက ရှိတာကိုး၊ မြန်မာလို အဓိပ္ပါယ်က အတူတူပါပဲ။

၃။ ရာဂ, ဒေါသ, မောဟ, ကုန်ရာကုန်ကြောင်း

ဒါက ကိလေသာကုန်ရာကုန်ကြောင်း ဖြစ်သွားပြီ၊ ရာဂဒေါသမောဟ ကုန်ခြင်းဆိုတာ နောင်တစ်ဖန် မဖြစ်ခြင်းပဲ၊ ပါဠိတော်တွေကျတော့ ရာဂက္ခယသည် နိဗ္ဗာန်, ဒေါသက္ခယသည် နိဗ္ဗာန်, မောဟက္ခယသည် နိဗ္ဗာန်လို့ ဟောထားတာရှိတယ်။

၄။ ဘဝချုပ်ရာချုပ်ကြောင်း၊ ဘဝချုပ်ခြင်း, ဘဝနိရောဓ ဖြစ်ပျက်ဖြစ်ပျက်နေတဲ့ ဘဝတွေရှိတယ်၊ အဲဒီဘဝမရှိတော့တာ၊ နောက်ထပ်မဖြစ်တော့တာ ချုပ်တာ၊ ဒါကိုလည်း နိဗ္ဗာန်လို့ခေါ်တယ်၊ သို့မဟုတ် နိဗ္ဗာန်ကို အာရုံပြု မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ရင် နောက်ထပ် ဘဝမဖြစ်တော့ဘူး (အရဟတ္တ မဂ်ဉာဏ်ဖြစ်ရင်) ဒါကြောင့်မို့ ဘဝရဲ့ ချုပ်ရာချုပ်ကြောင်း၊ ဘဝရဲ့ ချုပ်ခြင်းကို နိဗ္ဗာန်လို့ခေါ်တယ်။

၅။ ဆင်းရဲချုပ်ရာချုပ်ကြောင်း, ဆင်းရဲချုပ်ခြင်း

ဒုက္ခနိရောဓ သစ္စာလေးပါးမှာ တတိယသစ္စာကို ဒုက္ခနိရောဓလို့ခေါ်တယ်။

အဲဒီတော့ အဋ္ဌကထာတွေမှာ ဖွင့်တဲ့အခါကျတော့ ကုန်ရာကုန်ကြောင်း ချုပ်ရာချုပ်ကြောင်းဆိုတဲ့ အနေမျိုးနဲ့ဖွင့်တယ်၊ အဲဒီတော့ ခုနပြောသလိုပဲ သူက ဒုက္ခကုန်ရာ နေရာတစ်မျိုး သဘောလိုထားပြီး ဥပမာတင်စားပြီးသုံးတယ်၊ အမှန်ကတော့ နိဗ္ဗာန်ကို ဌာနတစ်ခု, ဘုံတစ်ခုအနေမျိုးနဲ့ စဉ်းစားလို့မရဘူး၊ သဘောတရားတစ်ခုပဲ, ရာဂ, ဒေါသ, မောဟ သို့မဟုတ် ကိလေသာကုန်ငြိမ်းတဲ့ သဘောကိုပဲ နိဗ္ဗာန်လို့ခေါ်တယ်။

အဲဒီ နိဗ္ဗာန်ကို အမျိုးမျိုးဟောထားတာတွေရှိတယ်၊ ဒီမှာပေးထားတာက အကုန်မဟုတ်သေးဘူးနော်၊ အများကြီးရှိသေးတယ်၊ နည်းနည်းပိုပြီး ထင်ရှားအတွေ့များတာလေးတွေကို ထုတ်ထားတာ။

၆။ မည်သည့်အကြောင်းကမျှ မပြုလုပ်အပ်သောတရား

http://www.dhammadownload.com



ဘယ်အကြောင်းကမှ လုပ်အပ်တာမဟုတ်ဘူး၊ နိဗ္ဗာန်ဆိုတာ သူ့ဟာသူအလိုလို ကိလေသာကင်းငြိမ်းခြင်းအားဖြင့် ထင်ရှားရှိနေသော တရား, ဘယ်သူ့ကြောင့် နိဗ္ဗာန်ဖြစ်တယ်၊ ဒီလိုမရှိဘူး၊ ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့အကြောင်းတရား ၄-ပါးက ရုပ်ကို ပြုပြင်တယ်၊ အဲဒါမျိုးလိုမျိုး နိဗ္ဗာန်မှာ အကြောင်းတရား မရှိဘူး၊ နိဗ္ဗာန်ဟာ ဘယ်လိုအကြောင်းကမှ ပြုလုပ်အပ်တာမဟုတ်ဘူး၊ ဒါကြောင့်မို့ သူ့ကို အသင်္ခတလို့ခေါ်တယ်။

သင်္ခတဆိုရင် အကြောင်းကပြုလုပ်အပ်တဲ့တရား၊ အကြောင်းကြောင့် ဖြစ်ပေါ်တတ်တဲ့ အကျိုးတရားတွေကို သင်္ခတလို့ခေါ်တယ်၊ အကြောင်းတစ်ခုခုကို အမှီပြုပြီး ဖြစ်ပေါ်တာ၊ နိဗ္ဗာန်ကတော့ ဘယ်အကြောင်းကိုမှ အမှီပြုပြီး ဖြစ်တာမဟုတ်တဲ့ အတွက်ကြောင့် အသင်္ခတလို့ ဒီလိုခေါ်တယ်။

နိဗ္ဗာန်ဟာ တရားအားထုတ်ခြင်းရဲ့ အကျိုးလားဆိုရင် မဟုတ်ဘူး၊ မဂ်ဉာဏ်ရဲ့ အကျိုးလည်း မဟုတ်ဘူး၊ နိဗ္ဗာန်ဟာ နိဗ္ဗာန်ပဲ၊ တကယ်တမ်းကျတော့ နိဗ္ဗာန်ကို အကြောင်းလို့လည်း ပြောလို့မရဘူး၊ အကျိုးလို့လည်း ပြောလို့မရဘူး၊ ဒါပေမယ်လို့ အာရုံကို အကြောင်းလို့ဆိုတာရှိတယ်၊ အာရုံကို အကြောင်းဆိုတဲ့ အနေနဲ့ ပါဠိလို ပစ္စယသဒ္ဒါဆိုတဲ့ အနေနဲ့သုံးတာရှိတယ်၊ အဲသလိုအနေနဲ့ ပြောရင်တော့ နိဗ္ဗာန်ဟာ အကြောင်းထဲပါနိုင်တယ်၊ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ မဂ်ဉာဏ်ဖြစ်တယ် မဟုတ်လား၊ အဲဒီတော့ မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုရင် နိဗ္ဗာန်က အာရုံအကြောင်းအဖြစ်ဖြင့် မဂ်ဉာဏ်ကို ကျေးဇူးပြုတယ်၊ ဒီလိုအနေနဲ့တော့ အကြောင်းလို့ ပြောလို့ရတယ်၊ ကံ, ကံ၏ အကျိုး သဘောတရားမျိုးလို အကြောင်း အနေမျိုးနဲ့ ပြောလို့မရဘူး။

အထူးသဖြင့်တော့ နိဗ္ဗာန်ဟာ အကျိုးမဟုတ်ဘူး၊ ဘယ်သူရဲ့ ဘာရဲ့အကျိုးမှ မဟုတ်ဘူး၊ နိဗ္ဗာန်ဟာ သူ့ဟာသူ ထင်ရှားရှိနေတာပဲ၊ တရားအကျင့်ကျင့်လို့ တရားအားထုတ်လိုက်လို့ မဂ်ဉာဏ်ဖြစ်ပေါ်လာတဲ့အခါမှာ သူ့ကို ထင်ရှားတွေ့မြင်သွားတာပဲ၊ ဒါပဲရှိတယ်။

သင်္ခတ, အသင်္ခတလို့ပြောလေ့ရှိတယ်၊ ဘုန်းကြီးတွေ တရားဟောရင် ဒီစကားလုံးသုံးလေ့ရှိတယ်၊ သင်္ခတတရားဆိုတာ သင်္ခါရတရားဆိုတာနဲ့ အတူတူပါပဲ၊ အကြောင်းတရားက ပြုပြင်အပ် ပြုလုပ်အပ်တဲ့ တရားကို သင်္ခတ, အဲသလို ပြုလုပ်မခံရတဲ့ တရားမျိုးကို အသင်္ခတ

၇။ ကိလေသာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း

သို့မဟုတ် လွတ်မြောက်ခြင်း၊ မုတ္တိလို့လည်းသုံးတယ်၊ ဝိမုတ္တိလို့လည်း

http://www.dhammadownload.com



သုံးတယ်။

ကိလေသာမှ လွတ်တယ်ဆိုတာ ကိလေသာရဲ့အာရုံပြုမခံရတော့တာ၊ ကိလေသာ အာရုံနယ်ပယ်အပြင်ဘက် ရောက်နေတာ၊ ဒါကိုပဲ ကိလေသာမှ လွတ်မြောက်တယ်၊ ကိလေသာမှ ထွက်မြောက်တယ်၊ ထွက်မြောက်ရာထွက်မြောက်ကြောင်း၊ သို့မဟုတ် ထွက်မြောက်ခြင်း ဒီလိုခေါ်တယ်။

ဒါတွေက ဘာနဲ့တူသလည်းဆိုတော့ (negative definition) တွေ ဖြစ်နေတယ်, ကုန်တယ်ပျောက်တယ် ဆိုတော့လေ၊ အခု positive definition လေးတွေ လာလိမ့်ဦးမယ်၊ ဘာတဲ့တုန်း။

၈။ ကျွန်းသဖွယ်ဖြစ်သောတရား

မှီခိုရာလို့ဆိုလိုတာပေါ့၊ သမုဒ္ဒရာပင်လယ်မြစ်ထဲ ဒီအတိုင်း မျောနေရင် ဒုက္ခရောက်မယ်၊ ကျွန်းတွေ့လိုက်ရင် ကျွန်းကိုမှီခိုပြီး အသက်ရှင်ရတယ်၊ အဲသလိုပဲ သံသရာဆိုတဲ့ သမုဒ္ဒရာကြီးထဲမှာ နိဗ္ဗာန်ဟာ ကျွန်းသဖွယ်လို့ တင်စားတာ၊ ကျွန်းသဖွယ်ဖြစ်တဲ့တရား၊ ဒီပတဲ့,

၉။ လည်းလျောင်းရာဖြစ်သော တရား၊ တာဏ

လည်းလျောင်းရာဆိုတာ အားကိုးတာကို ဆိုလိုတာပဲ၊ မှီပြီးတော့ သူ့အပေါ် အိပ်မနေတဲ့သဘောမျိုး, လည်းလျောင်းရာတဲ့။

၁၀။ ပုန်းအောင်းရာဖြစ်သောတရား လေဏ၊

ဂူထဲမှာ သွားပုန်းနေရင် ဘေးအန္တရာယ် လွတ်တယ်ပေါ့၊ အဲသလိုပဲ နိဗ္ဗာန်ဆိုတဲ့ ပုန်းအောင်းရာကို ရသွားရင် သံသရာ ဘေးဒုက္ခတွေ လွတ်တယ်၊ ဒါကြောင့်မို့ ပုန်းအောင်းရာဖြစ်တဲ့ တရားလို့ ဒီလိုလည်းသုံးတယ်။

၁၁။ မှီခိုရာဖြစ်သောတရား၊ ပရာယဏ

နိဗ္ဗာန်ကို တကယ်တွေ့မှ, နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ စိတ်တွေ ကိုယ့်သန္တာန်မှာ ဖြစ်မှ, တကယ့်အားထား မှီခိုရာရတာ၊ အပါယ်ဘေးမှ လွတ်တော့တာ၊ ဒီလို မဟုတ်သေးဘူးဆိုရင် အပါယ်ဘေးမှ မလွတ်သေးဘူးဆိုရင် အားထားမှီခိုရာအစစ် မရသေးဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်ကို ပရာယဏ, ဒီလိုလည်း ခေါ်တယ်။

၁၂။ အမှန်တရား သစ္စ၊

နိဗ္ဗာန်ကို သစ္စာတရားလို့လည်းခေါ်တယ်၊ အမှန်တရားပေါ့၊ အမှန်တရား ၄–မျိုး ရှိတယ်မဟုတ်လား။

ဆင်းရဲအမှန်တရား၊ ဆင်းရဲအကြောင်းအမှန်တရား၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်

http://www.dhammadownload.com



အမှန်တရား၊ ဆင်းရဲချုပ်ရာ ရောက်ကြောင်းဖြစ်တဲ့ အကျင့်အမှန်တရားလို့ ၄-မျိုး ရှိတယ်၊ နိဗ္ဗာန်ဟာ အမှန်တရားတစ်ခုပဲ။

၁၃။ ချမ်းသာခြင်း တရား၊ သုခ

နိဗ္ဗာန်ကို ချမ်းသာလို့လည်းခေါ်တယ်၊ ဓမ္မပဒမှာ ဟောထားတယ်၊ နိဗ္ဗာန ပရမံသုခံ၊ နိဗ္ဗာန်ဟာ အမြတ်ဆုံးချမ်းသာ၊ နိဗ္ဗာန်ထက်သာတဲ့ ချမ်းသာရယ်လို့ မရှိတော့ဘူး၊ အဲဒီချမ်းသာဆိုတာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား လက်ထက်တုန်းကလည်း အမေးအဖြေ ရှိခဲ့ဖူးတယ်။

နိဗ္ဗာန်ဟာ ခံစားမှုရှိသလား;, ခံစားမှုမရှိရင် ဘယ်လိုလုပ် ချမ်းသာမလဲ၊ ရှင်သာရိပုတ္တရာရဲ့ အဖြေကတော့ ခံစားမှုမရှိတာကိုက ချမ်းသာတဲ့၊ ခံစားမှုရှိရင် ဒီခံစားမှုက ချုပ်ဦးမယ်မဟုတ်လား" အကောင်းခံစားမှုပဲ ပြောကြပါစို့၊ အကောင်း ခံစားမှုရှိရင် ခံစားမှုဟာ ဥပါဒ်, ဌီ, ဘင်လာရဦးမယ် မဟုတ်လား၊ ချုပ်ရဦးမယ်ဆိုရင် သူက အစစ်မဟုတ်သေးဘူး၊ ဒါကြောင့်မို့ ခံစားမှု မရှိတာသည်ပင်လျှင် သုခတဲ့၊ ချမ်းသာတဲ့, သိပ်မှန်တယ်။

ဒါကြောင့် မြတ်စွာဘုရားဟောတဲ့ သုခချမ်းသာဆိုတာအမြင့်ဆုံးအနေနဲ့ ပြောရရင် ခံစားမှုမရှိတဲ့ အေးချမ်းတဲ့ သုခကို ဆိုလိုတယ်၊ သူ့အောက်ဆင်းလိုက် မယ်ဆိုရင် သမာပတ်ချမ်းသာတွေ ဈာန်ချမ်းသာတွေရှိသေးတယ်။

သုတ်တစ်သုတ်မှာ မြတ်စွာဘုရားဟောထားတာ သိပ်ကောင်းတယ်၊ အောက် ဆုံးတန်းချမ်းသာကနေပြီး တဖြည်းဖြည်း တက်,တက်သွားတာ၊ ဆိုပါတော့, လောကလူတွေ ပြောနေကြတဲ့ ကာမဂုဏ်ချမ်းသာ မြင်ချင်တာ မြင်ရတယ်၊ စားချင်တာ စားရတယ် စသည်ဖြင့် ဒါကိုလည်း ချမ်းသာတယ်လို့ ဆိုရတယ်ပေါ့လေ။

မြတ်စွာဘုရားက အဲဒီချမ်းသာထက် ဈာန်ချမ်းသာကသာတယ်၊ ပထမ ဈာန်ထက် ဒုတိယဈာန်ကသာတယ်၊ ဒုတိယဈာန်ထက် တတိယဈာန်က သာတယ်နဲ့ တဖြည်းဖြည်းသာ, သာသွားလိုက်တာဟာ နေဝသညာ နာသညာယတန ကျတော့ ချမ်းသာမှာဖြင့် ထိပ်တန်းလောက်ပဲ၊ လောကီချမ်းသာမှာဖြင့် ထိပ်တန်း ရောက်သွားတယ်။

အဲဒီချမ်းသာကိုတောင်မှ မြတ်စွာဘုရားက ဒုက္ခသဘောတရား မကင်းသေး ဘူးလို့ ဟောတာ၊ သူကလည်း ဥပါဒ်, ဌီ,ဘင်ရှိသေးတယ်၊ ဖြစ်, တည်, ချုပ် ရှိသေး တယ်၊ အဲဒီတော့ ချုပ်သေးတာပဲ၊ ချုပ်သေးရင် အဖြစ်အပျက်ရဲ့ အနှိပ်စက်ကို ခံရသေးတာပဲ၊ အဖြစ်အပျက်ရဲ့ အနှိပ်စက်ခံရရင် ဒုက္ခပဲ၊ ဒုက္ခတရားပဲ။

http://www.dhammadownload.com



အဲဒီထက် ချမ်းသာတာရှိသေးတယ်၊ နိရောဓသမာပတ် ဝင်စားတဲ့အခါပေါ့၊ နေဝသညာနာသညာယတနထက် သာသွားပြန်ပြီ။

နောက်ဆုံး အဆင့်အမြင့်ဆုံး ချမ်းသာကတော့ အနုပါဒိသေသ နိဗ္ဗာန်ခေါ်တဲ့ ဘုရားရဟန္တာတွေ ပရိနိဗ္ဗာန်ပြုသွားတဲ့အခါမှာ ဖြစ်ပေါ်တဲ့ နိဗ္ဗာန်ချမ်းသာမျိုးပေါ့။

အဲဒါကြောင့် ချမ်းသာဆိုတာ လောကီအနေနဲ့ ပြောရင်ကောင်းတာတွေ မြင်ရတာ စားရတာကို ချမ်းသာလို့ ဆိုတာကိုး၊ လောကုတ္တရာအမြင်နဲ့ကတော့ အေးချမ်းနေတာကိုချမ်းသာလို့ ခေါ်တယ်။

အဲဒီတော့ လောကမှာ လူတွေက ပြောတယ်၊ ဗုဒ္ဓဘာသာတွေက ဒုက္ခပဲ၊ ငါတို့ဖြင့် မကြိုက်ဘူးလို့ ပြောနေတယ်၊ လောကမှာ ချမ်းသာတွေလည်းရှိတာပဲ၊ ဗုဒ္ဓဘာသာက ဆင်းရဲတာကိုပဲ ပြောနေတယ်၊ ဒါကြောင့် မကြိုက်ဘူးလို့ ပြောနေတာတွေရှိတယ်။

ဦးဇင်းကတော့ ပြန်ပြောရတယ်၊ မြတ်စွာဘုရားက ချမ်းသာအမျိုးမျိုးကို ခံစားခဲ့ဖူးပြီးသား, အောက်တန်းစား ကာမဂုဏ်ချမ်းသာနေပြီး နိဗ္ဗာန်ချမ်းသာအထိ မြတ်စွာဘုရားက ခံစားဖူးခဲ့တယ်၊ ခံစားဖူးခဲ့တော့ ဘယ်ချမ်းသာဟာ ဘယ်လောက်တန်ဖိုးရှိတယ် မရှိဘူးဆိုတာ ကိုယ်တိုင်သိတယ်၊ မြတ်စွာဘုရားအဖို့က ကာမဂုဏ်ချမ်းသာကို ကောင်းပါတယ်လို့ ဘယ်နည်းနဲ့မှ မဟောနိုင်ဘူး၊ ဒီထက်အဆင့်အတန်းမြင့်တဲ့ ချမ်းသာတွေကို သိထားပြီးပြီ၊ ကိုယ်တိုင်လည်း ခံစားဖူးထားပြီးပြီ၊ ပထမဈာန်ချမ်းသာကိုလည်း ချမ်းသာအစစ်လို့ မပြောရဲသေးဘူး၊ ဒုတိယဈာန် တတိယဈာန် စသည်လည်း ဒီအတိုင်းပေါ့၊ နိဗ္ဗာန်ချမ်းသာကျမှ ချမ်းသာအစစ်လို့ မြတ်စွာဘုရား ဟောတော်မူတာ။

ကိုယ်က ကိုယ့်အသိဉာဏ်လေးနဲ့ ကြည့်ပြီးတော့ ဘုရားကို မကြိုက်နိုင်ဘူး၊ ဒုက္ခချည်း ဟောနေတာပဲလို့ ပြောရင် ကိုယ်ရဲ့ spiritual level ကို ဖော်ပြရာရောက်တယ်၊ ကာမဂုဏ်ချမ်းသာကိုပဲ ချမ်းသာထင်နေတဲ့ အဆင့်အတန်းပဲရှိသေးတယ်၊ ဒီထက်ပိုပြီး မရောက်သေးဘူးလို့ ထင်ရမယ်။

ဆိုပါတော့, လူတစ်ယောက်ဟာ မွဲနေတယ်၊ စားစရာမရှိဘူး၊ ညနေစာအတွက်တောင် မရှိဘူး၊ သူ့ကို ငွေတစ်ရာသွားပေးလိုက်စမ်း၊ သူ့အဖို့တော့ အများကြီး ဖြစ်သွားပြီ၊ သူဝမ်းသာသွားပြီ၊ သဘောကျသွားပြီ၊ နောင် အခါ သူက အလုပ်လေး ဘာလေးရသွားတဲ့အခါကျတော့ ငွေတစ်ရာဟာ သူ့အဖို့မများတော့ဘူး၊

http://www.dhammadownload.com



ထို့အတူပဲ သူဟာ တဖြည်းဖြည်းနဲ့ တိုးတက်သွားလို့ ကြီးပွားသွားတဲ့အခါ ကျတော့ တစ်ထောင်လည်း မများတော့ဘူး၊ တစ်သောင်းလည်း မများတော့ဘူး၊ သိန်းသိန်း ကုဋေလည်း မများတော့ဘူးဆိုတဲ့ အဖြစ်ရောက်နိုင်မှာပဲ၊ ဘီလျံနာလောက် ဖြစ်သွားပြီးတဲ့ လူတစ်ယောက်က ငွေတစ်ရာဟာ အလကားပါကွာလို့ ပြောမှာပဲ၊ ငွေတစ်ရာမဖြစ်လောက်ပါဘူးလို့ ပြောမယ်။

အဲဒါ ကိုယ်က သွားပြီးတော့ ဒီလူဟာ ငွေတစ်ရာကို မဖြစ်လောက်ပါဘူးလို့ ပြောနေတယ်၊ ငွေတစ်ရာဟာ တကယ် ဖြစ်လောက်ပါတယ်လို့ ပြောမိရင်ကိုယ်က အောက်ဆုံးလူအဆင့်အတန်းလောက်ပဲ ရှိသေးလို့ပေါ့။

အဲသလိုပဲ ခုခေတ်လူတွေက ချမ်းသာကို တယ်ကြိုက်တာကိုး၊ လောကီချမ်းသာ သိပ်ကြိုက်ကြတော့ ဗုဒ္ဓဘာသာက ဒုက္ခဟောရင် သူတို့မကြိုက်တော့ဘူး။

ဗုဒ္ဓဘာသာက ဒုက္ခတင်ဟောပြီးတော့ စိတ်ညစ်လက်မှိုင်ချနေတာ မဟုတ်ဘူး၊ ဒါဟာ အလွန်အရေးကြီးတယ်၊ အမှန်ကို အမှန်အတိုင်း မြင်အောင်ကြည့်တာ၊ ဒါကို လက်ခံရမယ်၊ မကောင်းဘူးဆိုတာ လက်ခံပြီး မကောင်းတာကို လွတ်မြောက်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ လွတ်မြောက်ရေး လမ်းစဉ်ကို မြတ်စွာဘုရားက ဟောထားတာ၊ လောကကြီးဟာ ဒုက္ခဆင်းရဲပဲ၊ ဒီဒုက္ခဆင်းရဲကို မင်းတို့ ဘယ်လိုမှ ပြန်လှန် လုပ်နိုင်စွမ်း မရှိဘူး၊ ဒီအတိုင်းပဲနေကြတော့ ဒီအတိုင်းပေခံနေတော့လို့ ဒီလိုဟောထားတာ မဟုတ်ဘူး။

လူတစ်ယောက်မှာ ရောဂါရှိလို့ diagnosis လုပ်ရင် မင်းမှာ ရောဂါရှိနေပြီလို့ ရှိတဲ့အကြောင်းကို ဆရာဝန်က ပြောရမှာပဲ၊ ဆရာဝန်က ဒီလို မပြောရင် သူဟာ သမားကောင်းမဟုတ်တော့ဘူး၊ သူဟာ ဆေးရှာကြံပြီး ကုရမယ်။

အဲဒီအတိုင်းပဲ၊ အဲသလို မမြင်ဘူး၊ ဆရာဝန်က မမြင်ချင်ယောင်ဆောင်နေမယ်၊ ဆိုရင် ဘယ်လိုလုပ်ဆေးကုတော့မလဲ၊ ဒီလူနာဘယ်လိုလုပ် ပျောက်တော့မလဲ။

အဲသလိုပဲ,ဗုဒ္ဓဘာသာက အရှိကို အရှိအတိုင်း သေသေချာချာမြင်အောင် ကြည့်တယ်၊ အမှန်ကို အမှန်အတိုင်း လက်ခံတယ်၊ လက်ခံပြီးတော့မှ ဒါလွတ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ လွတ်မြောက်ရေးအထိပါ ဟောထားတာ။

ဒါကြောင့်မို့ နိဗ္ဗာန်ချမ်းသာဆိုတာ တကယ့်အဆင့်အတန်း အမြင့်ဆုံးချမ်းသာ appreciate မလုပ်နိုင်သေးတာ ကိုယ်အဆင့်အတန်း နိမ့်သေးလို့ပဲ၊ တရားကို သွားပြီး အပြစ်ပြောလို့မရဘူး၊ ကိုယ့်ကိုကိုယ် အပြစ်ပြောရမယ်။

၁၄။ ငြိမ်းချမ်းခြင်းတရား, သန္တိ၊

http://www.dhammadownload.com



ငြိမ်းချမ်းတယ်၊ ငြိမ်းအေးတယ်၊ ခံစားမှုမပါတဲ့ ငြိမ်းအေးတယ်ဆိုတာ (ဆိုပါတော့) အိပ်တဲ့အခါ ခံစားမှုမရှိသလောက်ပဲမဟုတ်လား၊ အဲဒီအိပ်ရတဲ့ချမ်းသာကို အမှန်အတိုင်းဆိုရင် တခြားချမ်းသာနဲ့ မလဲနိုင်ဘူး၊ အိပ်ရာက သွားနှိုးရင် ဘယ်သူမှ မကြိုက်ဘူး၊ ထမင်းစားရတာထက်ဆိုရင် အိပ်ရတာကို ပိုကြိုက်တယ်၊ အိပ်နေရတဲ့ချမ်းသာဟာ နိဗ္ဗာန်ချမ်းသာလိုမျိုးပေါ့လေ၊ အဲဒါနဲ့ ခပ်ဆင်ဆင်ပဲ, စားသောက်လုပ်ကိုင်ပြီး နေရတဲ့ချမ်းသာမျိုး မဟုတ်ဘူး၊ ငြိမ်ငြိမ် သက်သက်လေးနေပြီးတော့ ချမ်းသာတဲ့ ချမ်းသာမျိုး၊ အဲဒါကို သန္တိ, ငြိမ်းချမ်းတယ်။

၁၅။ မွန်မြတ်သောတရား၊ ပဏီတ၊

နိဗ္ဗာန်ကို မွန်မြတ်တဲ့ တရားလို့ ဟောတယ်။

၁၆။ မြဲသောတရား၊ ဓုဝ၊

နိဗ္ဗာန်ကို မြဲသောတရားလို့လည်းဟောတယ်၊ တရားတွေထဲမှာ မြဲတယ်ဆိုတာ နိဗ္ဗာန်ပဲရှိတယ်၊ နိဗ္ဗာန်ဟာ အမြဲရှိတယ်။

၁၇။ မသေရာ တရား၊ အမတ၊

သေခြင်းကင်းတဲ့တရား၊ ဆိုလိုတာကတော့ ဥပါဒ်ဆိုတဲ့ အဖြစ်မှ မရှိပဲ၊ ဘင်ဆိုတဲ့ အပျက်လည်း မရှိဘူး၊ ဒါပဲ၊ ဥပါဒ်ရှိတယ်ဆိုရင် ဘင်ဟာ ကေန်လာမှာပဲ၊ ဒီသဘောတရားဟာ ဥပါဒ်သာရှိချင်တယ်၊ ဘင်မရှိချင်ပါဆိုလို့ မရဘူး။

ဦးဇင်းတို့ အခု သတ္တဝါတွေက ဥပါဒ်တော့ကြိုက်တယ်၊ ဘင်တော့ မလိုချင်ဘူး၊ ဥပါဒ်ပဲ လိုချင်တယ်ဆိုလို့ ဘယ်ရမလဲ၊ ဖြစ်ပြီးတော့ တည်နေချင်တာကိုး၊ မပျက်ချင်ဘူး၊ ဒီလိုတော့ မရှိနိုင်ဘူး။

ဒါကြောင့်မို့ မသေတဲ့တရားဆိုတာ အမှန်ကတော့ ဖြစ်ကိုမဖြစ်လို့ မသေတာ၊ မမွေးလို့ကို မသေတာ၊ လူအဖြစ်နဲ့ မွေးမလာရင် လူအဖြစ်နဲ့ သေခြင်းမျိုး မရှိနိုင်ဘူးပေါ့၊ အဲဒီလိုမျိုး မသေခြင်းတရား၊ သေခြင်းကင်းတဲ့ တရားဆိုတာ သေခြင်းပါကင်းတာ မဟုတ်ဘူး၊ ဖြစ်ခြင်းပါကင်းတာ။

၁၈။ မိမိထက်သာသောတရား မရှိသောတရား၊ အနုတ္တရ၊

ဒါကတော့ အမြတ်ဆုံးတရားလို့ ဆိုလိုတာပါပဲ၊ နိဗ္ဗာန်ထက်သာတဲ့တရား မရှိဘူးတဲ့။

၁၉။ နက်နဲသောတရား, ဂမ္ဘီရ

နက်နဲတယ်ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တကယ်ရမှာပဲ မြင်နိုင်တာကိုး၊ အမှန်းအဆနဲ့သာ မြင်နိုင်တယ်။

http://www.dhammadownload.com



၂၀။ မြင်နိုင်ခဲသောတရား, ဒုဒ္ဒသ၊

နက်နဲရင် မြင်နိုင်ခဲတော့တာပဲပေါ့၊

၂၁။ သိမ်မွေ့သောတရား၊ အဇရ၊ သုခုမ၊

ပါဠိလို အဇရလို့လည်းခေါ်တယ်၊ သုခုမလို့လည်းခေါ်တယ်၊ သိမ်မွေ့လို့ မြင်နိုင်ခဲတာပေါ့၊ နက်နဲတယ်နက်နဲတော့ မြင်နိုင်ခဲတယ်၊ သိမ်မွေ့တယ်၊ နိဗ္ဗာန်ကို ဟောထားတဲ့ တခြားအချက်အလက်တွေလဲ အများကြီးရှိပါသေးတယ်၊ ဒါကတော့ negative side ရော positive side ရော ၂-မျိုးလုံး ပြောထားတာ။

ဘာဖြစ်လို့လဲဆိုတော့ positive side ကို သိပ်ကြိုက်ကြတယ်၊ ဘာပဲပြော လိုက်ပြောလိုက် positive မပါရင် မကြိုက်ကြပဲကိုး၊ နိဗ္ဗာန်ကို negative tern အနေနဲ့ ဟောထားတာလည်းရှိတယ်ဆိုတာ သိရမယ်။

နောက်ကဟာတွေကတော့ နိဗ္ဗာန်ရဲ့ဂုဏ်တွေလို့ ပြောရင်ရပါတယ်၊ နိဗ္ဗာန်ရဲ့ သဘောကတော့ တဏှာရဲ့ အကြွင်းမဲ့ ကုန်ရာကုန်ကြောင်း ကုန်ခြင်းပါပဲ နောက်က ဟာတွေက နိဗ္ဗာန်ရဲ့ ဂုဏ်ပုဒ်တွေပါပဲ။

ကောင်းပြီ, နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ မိလိန္ဒပဉှာမှာ ရှင်နာဂသိန်နဲ့မိလိန္ဒ မင်းကြီး အမေးအဖြေလုပ်ထားတာရှိတယ်၊ ဒါလည်း ဖတ်ကြဖို့တော့ ကောင်းတယ် စာလည်းတော်တော်များတယ်၊ ကူးလည်း မကူးနိုင်ဘူး၊ ဒီမှာတော့ အနှစ်ချုပ်လေးပဲ ပြထားတယ်။

ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏၊ နိဗ္ဗာန်ဆိုတာ ချုပ်တဲ့သဘောတရားပဲတဲ့ အဲဒီချုပ်တဲ့ သဘောတရားကို နိဗ္ဗာန်လို့ ခေါ်ပါတယ်လို့ မိလိန္ဒမင်းကြီးကမေးလို့ ရှင်နာဂသိန်က ဖြေတာ၊ မိလိန္ဒပဉှာမြန်မာပြန် စာမျက်နှာ ၇၇ မှာပါတယ် မြန်မာပြန်ဖတ်ရင် ဒီလောက် လွယ်ကူနားမလည်ဘူး၊ ပါဠိမြန်မာပြန် ဖတ်ရတာကလဲ ရိုးရိုးစကားပြေ ဖတ်ရတာနဲ မတူဘူး၊ အင်္ဂလိပ်လို ပြန်လည်း ဒီလိုပဲ၊ အဲဒီ အင်္ဂလိပ် ဘာသာပြန်ဟာ ရိုးရိုးအင်္ဂလိပ်နဲ့မတူပြန်ဘူး၊ ဒီလိုချည်းသွားမှာပဲ။

အလုံးစုံသော သူတို့သည် နိဗ္ဗာန်ကို မရကုန်၊ ကောင်းစွာကျင့်၍ သစ္စာလေးပါး သိသူသာ နိဗ္ဗာန်ကို ရနိုင်သည်။

မိလိန္ဒမင်းကြီးက စကားသိပ်ကပ်တယ်၊ သတ္တဝါတိုင်း နိဗ္ဗာန်ရနိုင်သလားလို့ မေးတော့ ရှင်နာဂသိန်ဖြေတာက သတ္တဝါတိုင်း နိဗ္ဗာန်မရနိုင်ဘူးတဲ့၊ မြတ်စွာဘုရား ဟောတော်မူထားတဲ့အတိုင်း ကောင်းစွာမှန်ကန်စွာကျင့်ပြီးတော့ သစ္စာလေးပါးကို သိမြင်တဲ့ ပုဂ္ဂိုလ်မှသာ နိဗ္ဗာန်ရနိုင်တယ်တဲ့။

http://www.dhammadownload.com



ပြီးတော့ တစ်ခုရှိသေးတယ်၊ အခြားသုတ်တစ်သုတ်မှာ ပုဏ္ဏားတစ်ယောက်က မေးတာ၊ ဂဏကမောဂ္ဂလာန်ထင်တယ်၊ မြတ်စွာဘုရားတဲ့၊ အရှင်ဘုရား တပည့်တွေ အကုန်လုံး နိဗ္ဗာန်ရောက်နိုင်သလားတဲ့၊ အဲဒီတော့ မြတ်စွာဘုရားက ရောက်တဲ့ သူလည်းရှိတယ်၊ မရောက်တဲ့သူလည်းရှိတယ်၊ အဲဒီတော့ ပုဏ္ဏားကလည်း စကား ကပ်တယ်။

အရှင်ဘုရား၊ နိဗ္ဗာန်ဆိုတာလည်းရှိတယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားလို့ လည်း အရှင်ဘုရားကဟောထားတယ်၊ ဒါဖြင့် ဘာကြောင့် နိဗ္ဗာန်မရောက်ကြတာလဲ၊ နိဗ္ဗာန်မရောက်တဲ့သူတွေ ရှိနေတာလဲတဲ့။

အဲဒီတော့ မြတ်စွာဘုရားက "မင်းဘယ်မြို့သိလား၊ (နာမည်မေ့နေတယ်) အဲဒီမြို့ကို ဘယ်လိုသွားရလဲလို့ လူတစ်ယောက်က မင်းကို လာမေးတယ်၊ ဘယ် လမ်းကိုသွား, ဟိုဘက်ချိုး, ဒီဘက်ကွေ့ စသည်ဖြင့် မင်းက ညွှန်ကြားလိုက်မယ်၊ မင်းညွှန်ကြားလိုက်တဲ့လူတွေက လူတိုင်း လူတိုင်း အဲဒီမြို့ကို ရောက်သလားတဲ့။

ပုဏ္ဏားက ရောက်တဲ့သူလည်းရှိမယ်ဘုရား၊ မရောက်တဲ့သူလည်းရှိမယ်တဲ့၊ သူ ညွှန်ကြားတာ တကယ်လိုက်နာနားထောင်ရင်တော့ တကယ်ရောက်မှာပေါ့၊ သူ ညွှန်ကြားတဲ့အတိုင်း မဟုတ်ပဲနဲ့ ညာဘက်ချိုးပါ ဆိုတာကို ဘယ်ဘက်ချိုးရင် မရောက်ဘူးပေါ့၊ ဒါကြောင့် ရောက်တဲ့သူလည်းရှိမယ် မရောက်တဲ့သူလည်းရှိတယ်လို့ ပြောတာ။

"ဒါဖြင့် မြို့ကြီးကလည်း ဟိုမှာ အထင်အရှားရှိနေတယ်၊ မင်းကလဲ အတိ အကျ ညွှန်ကြားနေတယ်၊ ဒါတောင် မရောက်တဲ့သူ ရှိသေးလားတဲ့" ဘုရားက ပြန်မေးသတဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားဟောတဲ့ တရားရှိတိုင်းလဲသတ္တဝါတိုင်း နိဗ္ဗာန်ကို ဘယ်ရောက်မလဲ၊ မြတ်စွာဘုရား ဟောထားတော်မူတဲ့အတိုင်း ကျင့်ဦးမှ၊ မှန်မှန် ကန်ကန်လည်း ကျင့်မှပေါ့။

အဲသလို ကောင်းစွာဆိုတာ မှန်ကန်စွာလို့ဆိုတယ်၊ မှန်ကန်စွာ ကျင့်ပြီးတော့ သစ္စာလေးပါး သိသူသာ နိဗ္ဗာန်ကို ရနိုင်တယ်။

ဒါဖြင့် နိဗ္ဗာန်မရပဲနဲ့ နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့ ဘယ်လိုလုပ် သိမလဲ၊ "နိဗ္ဗာန်ကို မရသူသည်လည်း နိဗ္ဗာန်သည် ချမ်းသာသည်ဟု သိနိုင်သည်"တဲ့။

နိဗ္ဗာန်မရပေမယ်လို့ မှန်းဆပြီးတော့ နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့ သိနိုင်ပါ တယ်တဲ့၊ ကိုယ့်လက်မီး မလောင်ဖူးပေမယ်လို့ မီးမလောင်တာဟာ ချမ်းသာလို့

http://www.dhammadownload.com



သူသိတာပေါ့။

နိဗ္ဗာန်သည် ချမ်းသာအတိဖြစ်သည်၊ ဆင်းရဲနှင့် မရောနှောဘူးတဲ့၊ ဒါလည်း မိလိန္ဒမင်းကြီးက မေးတာ၊ နိဗ္ဗာန်ဟာ ချမ်းသာချည်းပဲလား၊ ဆင်းရဲနဲ့ နည်းနည်းလေးမှ မရောနှောဘူးလားတဲ့၊ မရောဘူးကွတဲ့၊ ဒါနဲ့ ထပ်လာသေးတယ်၊ တရားကျင့်တော့ ဒုက္ခမရောက်ဘူးလားတဲ့၊ မိလိန္ဒပဉှာကိုဖတ်ကြ၊ ဖတ်ဖို့ကောင်းတယ်၊ အခုတော့ အကျယ်မပြောအားဘူး။

အဲဒါကြောင့်မို့ နိဗ္ဗာန်ဟာ ချမ်းသာပဲ၊ ဆင်းရဲနဲ့ မရောဘူး၊ အကျင့်ကတော့ ဟုတ်မှာပေါ့၊ ကျင့်ရတုန်းကတော့ ဆင်းရဲမှုပါတာပေါ့၊ ဒါပေမယ့် နိဗ္ဗာန်ကို တကယ့်အာရုံပြုပြီး မျက်မှောက်ပြုတဲ့အခါ နိဗ္ဗာန်ကျတော့ ဆင်းရဲလုံးဝ မပါတော့ဘူး၊ ချမ်းသာချည်းပါပဲတဲ့။

တစ်နေ့ရာကျတော့ တစ်ခါမေးပြန်ရော၊ နိဗ္ဗာန်ဟာ ဘယ်လိုအဆင်း သဏ္ဌာန်ရှိတယ်၊ ဘယ်လောက်အရှယ်ရှိတယ်၊ ဘယ်လိုအတိုင်းအရှည်ရှိတယ်ဆိုတာ ကိုကော ပြောပြလို့ ဖြစ်ပါသလား ဘုရားတဲ့။

မဖြစ်ဘူး၊ နိဗ္ဗာန်ဟာ အဆင်းသဏ္ဌာန် အရှယ်အတိုင်းအရှည်ဘာမှမရှိ၊ နိဗ္ဗာန်ဟာ ပြောင်ပြောင်ဝင်းဝင်း လင်းလင်းကြီးပဲလို့လည်း ပြောလို့မရဘူး၊ ပြောရင် သူ အလွဲပြောတာပဲ။

နိဗ္ဗာန်ဟာ အဝိုင်းပဲ၊ လေးထောင့်ပဲ၊ ဘယ်လိုပုံသဏ္ဌာန်ရှိတယ်လို့ ဒီလိုလည်း ပြောလို့မရဘူး၊ နိဗ္ဗာန်ဟာ သက်တမ်းဘယ်လောက်ရှိပြီ၊ အရှယ်အားဖြင့် ဘယ်လောက် ရှိပြီလည်း ပြောလို့မရဘူး၊ နိဗ္ဗာန်ဟာ ဘယ်လောက်ကြီးပါတယ်၊ ဘယ်လောက်သေး ပါတယ် စသည်ဖြင့် နိဗ္ဗာန်ရဲ့အတိုင်းအရှည်ကို ပြောလို့မရဘူး၊ ဒါကြောင့်မို့ ဘယ်လိုနည်းနဲ့မှ နိဗ္ဗာန်ရဲ့ အဆင်းသဏ္ဌာန်အရှယ်အတိုင်း အရှည်ကို ပြောပြခြင်းငှာ မတတ်ကောင်းဘူးတဲ့။

အမှန်ကတော့ နိဗ္ဗာန်ကို မဆိုထားနဲ့၊ နာမ်တရားရဲ့အသွင် သဏ္ဌာန်တို့ကို တောင် ပြောလို့မရတာ၊ နိဗ္ဗာန်ကပိုပြီး သိမ်မွေ့နူးညံ့တဲ့တရားပဲ၊ အဲဒါကြောင့် နိဗ္ဗာန်မှာ အဆင်းမရှိဘူး၊ သဏ္ဌာန်မရှိဘူး။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ ဝင်းဝင်းလင်းလင်းကြီးပဲလို့ စာထဲမှာတော့ ဟောထား တာရှိတယ်နော်၊ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံလို့ ပါဠိတော်မှာ ဟောထားတာရှိတယ်၊ ဒါပေမယ်လို့ အဲဒါက တင်စားပြီး ဟောထားတာ၊ တကယ် အရောင်အဆင်းရှိလို့ ဟောထားတာမဟုတ်ဘူး၊ နိဗ္ဗာန်ရဲ့ ပစ္စုပဋ္ဌာန်ဟာ

http://www.dhammadownload.com



ဘာလည်းဆိုရင် ပုံသဏ္ဌာန် နိမိတ်မရှိဘူး ဆိုတာနိဗ္ဗာန်ရဲ့ ပစ္စုပ္ပဋ္ဌာန်ပဲ။

ဒါကြောင့်မို့ နိဗ္ဗာန်ကို ပုံသဏ္ဌာန်နဲ့ ပြောလာရင် ဒါဟာ တင်စားပြောတယ်လို့သာ မှတ်ပေတော့၊ မုချစကားမဟုတ်ဘူး၊ တိုက်ရိုက်ပြောတဲ့စကားမဟုတ်ဘူး တချို့ပါဠိတော်တွေမှာ အထူးသဖြင့် မိလိန္ဒပဉှာပါဠိတော်မှာ တချို့နေရာကျ နိဗ္ဗာန်ကို မြို့ကြီးသဖွယ် ပြောထားတာတွေရှိတယ်၊ ဒါလည်းနားလည်အောင် တင်စား ပြောတာ၊ တကယ့်မြို့ကြီးမဟုတ်ဘူး၊ မြို့ရယ် ဘာရယ်လို့ မရှိဘူး။

ဒါကြောင့်မို့ နိဗ္ဗာန်ကို အဆင်းဘယ်လိုရှိပါတယ်ပြောရင် မဟုတ်နိုင်ဘူး ဘယ်လို သဏ္ဌာန်မျိုး ရှိပါတယ်ပြောရင်လည်း မဟုတ်ဘူး၊ နိဗ္ဗာန်ရဲ့အဆင်းသဏ္ဌာန် အရွယ်အတိုင်းအရှည်ကို ဆောင်ပြခြင်းငှာ မတတ်နိုင်ဘူး။

အဲဒီတော့ မိလိန္ဒမင်းကြီးက မေးပြန်တယ်၊ နိဗ္ဗာန်မျက်မှောက်ပြုတယ်လို ပြောတယ်၊ အဲဒီမျက်မှောက်ပြုတဲ့ နိဗ္ဗာန်ဟာ ဖြစ်ပြီးတဲ့နိဗ္ဗာန်လား,ဖြစ်လတ္တံ့ နိဗ္ဗာန်လား, ပစ္စုပ္ပန်နိဗ္ဗာန်လားတဲ့။

အဲဒီတော့ အရှင်နာဂသိန်ဖြေတာက ဘာတစ်ခုမှ မဟုတ်ဘူး, နိဗ္ဗာန်ဟာ နိဗ္ဗာန်ပဲတဲ့၊ ဒါကြောင့်မို့ နိဗ္ဗာန်ဟာ ကာလသုံးပါးမှ အလွတ်ဖြစ်သော်လည်း ပစ္စုပ္ပန်လည်း မဟုတ်ဘူး, အတိတ်လည်းမဟုတ်ဘူး, အနာဂတ်လည်းမဟုတ်ဘူး, အရှိတရားဖြစ်တယ်။

အဖြစ်တရားနဲ့ အရှိတရားကို ခွဲခြားနားလည်ရမယ်၊ ရုပ်နာမ်က အဖြစ်တရား၊ ဖြစ်ပြီးတော့ ရှိတယ်ပေါ့လေ, ရှိလည်းရှိတယ်, အဖြစ်တရား၊ နိဗ္ဗာန်က အရှိတရား သက်သက်, အဖြစ်တရားမဟုတ်ဘူး။

ဒါကြောင့်မို့ နိဗ္ဗာန်ရှိသလား မရှိဘူးလားမေးရင် ရှိတယ်လို့ဖြေရမယ်၊ ရှိလို့ပဲသူ့ကို အာရုံပြုပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေဖြစ်ပြီးတော့ အရိယာတွေ ဘုရားရဟန္တာတွေ ဖြစ်ကြတာပေါ့။

နိဗ္ဗာန်မရှိဘူးလို့ပြောလိုက်ရင် ဘုရားရဟန္တာလည်းမရှိဘူးဆိုတဲ့ အဓိပ္ပါယ် ရောက် သွားမယ်၊ ဘာကြောင့်လည်းဆိုရင် ဘုရားရဟန္တာဖြစ်တာဟာ သူတို့သန္တာန်မှာ မဂ်ဖိုလ်ဖြစ်လို့၊ အဲသလို မဂ်ဖိုလ်ဟာ နိဗ္ဗာန်မရှိပဲနဲ့ မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်မရှိဘူးလို့ ပြောလိုက်ရင် မဂ်ဖိုလ်မရှိနိုင်ဘူးပြောတဲ့ အဓိပ္ပါယ်ရောက်တယ်၊ မဂ်ဖိုလ်မရှိနိုင်ဘူးပြောရင် အရိယာပုဂ္ဂိုလ် ဘုရားရဟန္တာလည်း မရှိနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ အရှိတရား, အဖြစ်တရားမဟုတ်ဘူး၊ အဖြစ်တရား

http://www.dhammadownload.com



မဟုတ်တဲ့အတွက်ကြောင့် အပျက်မရှိဘူး၊ အဲဒီတော့ သိဖို့ကတော့ အလွန်ခဲယဉ်းတယ် ပေါ့လေ၊ စကားလုံးအနေနဲ့လဲ နိဗ္ဗာန်ကို actually describe လုပ်လို့ မရဘူး၊ ဘာကြောင့်လဲဆိုတော့ ဦးဇင်းတို့သုံးနေတဲ့ စကားလုံးတွေက ပညတ်နယ်၊ ဘဝနယ် ထဲက သုံးနေတာကိုး၊ ဟိုကဒီဟာနဲ့ ဆန့်ကျင်ဘက်ဖြစ်တာနဲ့ ပြောနေရတာဆိုတော့ ဘယ်လိုစကားလုံးနဲ့ ပြောလို့မှ တိတိကျကျ မရဘူး၊ အရှိတရားလို့ ပြောတာတောင်မှ ဒါဖြင့် ဖြစ်ပြီးသားတရားလည်းရှိသလားမရှိဘူးလားလို့ အဲသလို စကားကပ်လာရင် ရဦးမယ်၊ သို့သော် ဒီမှာ အရှိတရားဆိုတာ အရှိသက်သက်၊ အဖြစ်မပါတဲ့တရား။

အဲဒီလို ကိလေသာငြိမ်းအေးမှု၊ ကိလေသာကုန်ခမ်းမှု၊ ကိလေသာ နောက်ထပ် မဖြစ်ဘူးဆိုတာဟာ ဘယ်လိုလုပ်ပြီး သူ့ကို အတိတ်လို့ ပြောမလဲ၊ ပစ္စုပ္ပန်လို့ပြောမလဲ၊ အနာဂတ်လို့ပြောမလဲ၊ ကင်းငြိမ်းခြင်းသဘောတရား တစ်ခုအနေနဲ့သူ (နိဗ္ဗာန်) ရှိနေတာပဲ၊ ဒါပဲ၊ ဘယ်တုန်းကဖြစ်တယ် ဘယ်တော့ကွယ်ပျောက်သွားမယ်၊ ဒီလိုလည်း ပြောလို့မရဘူး၊ ဒါကြောင့် ကာလသုံးပါးမှ အလွတ်ဖြစ်ပေမယ်လို့ အရှိတရား။

ဦးဇင်းတို့ တတိယပိုင်း အာရုမ္မဏသင်္ဂဟမှာတုန်းက ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် စသည်ဖြင့် အာရုံတွေကို ခွဲတဲ့အခါကျတော့ နိဗ္ဗာန်နဲ့ ပညတ်ကို ကာလ ဝိမုတ်လို့ခေါ်ခဲ့တယ်၊ ကာလသုံးပါးမှ အလွတ်၊ ဒါကြောင့်မို့ နိဗ္ဗာန်ဟာ ပစ္စုပ္ပန်လည်း မဟုတ်ဘူး၊ အတိတ်လည်းမဟုတ်ဘူး၊ အနာဂတ်လည်းမဟုတ်ဘူး။

ဒါဖြင့် အဘာဝ၊ လုံးဝဘာမှမရှိတဲ့ ဗလာဟင်းလင်းကြီးလားဆိုရင် ဒီလိုလဲ မဟုတ်ဘူး၊ အရှိတရားပဲ၊ ဒါကြောင့် ကာလသုံးပါးမှ အလွတ်ဖြစ်ပေမယ်လို့ အရှိတရားဖြစ်တယ်။

နိဗ္ဗာန်၏ တည်ရာအရပ်မရှိ၊ ဒီစကားက သိပ်ကောင်းတယ်၊ အခုပြောကြတာက နိဗ္ဗာန်လို့ ပြောလိုက်ရင် နိဗ္ဗာန်ရောက်တယ်လို့လည်း ပြောလေ့ရှိကြတယ်၊ နိဗ္ဗာန်ရတယ် လို့လည်း ပြောလေ့ရှိကြတယ်၊ ရောက်တယ်ဆိုတဲ့ စကားထဲမှာ ဘာပါနေသလဲဆိုတော့ နိဗ္ဗာန်ဟာ ရောက်စရာနေရာတစ်ခု၊ ဘုံတစ်ခု၊ ဌာနတစ်ခုလို့ စိတ်ကထင်,ထင်နေ တတ်တယ်၊ ဘယ်သူပဲဖြစ်ဖြစ် များသောအားဖြင့် အဲသလိုချည်း ထင်တတ်ကြတယ်၊

ဒီနေရာမှာ မိလိန္ဒမင်းကြီးက မေးတယ်၊ နိဗ္ဗာန်ရဲ့တည်ရာအရပ်ရှိပါသလားတဲ့၊ မရှိဘူးလို့ ရှင်နာဂသိန်က ဖြေတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ အရှေ့မှာရှိတယ်၊ အနောက်မှာရှိတယ်၊ တောင်မှာ ရှိတယ်၊ မြောက်မှာရှိတယ်၊ အထက်မှာရှိတယ်၊ အောက်မှာရှိတယ်၊ ဘယ်လိုမှ

http://www.dhammadownload.com



ပြောလို့မရဘူး၊ ဘယ်နေရာ နိဗ္ဗာန်ရှိတယ်ဆိုတာ ပြောလို့မရဘူး၊ ကိလေသာ ချုပ်ငြိမ်းခြင်းသဘောကို ဘယ်နေရာမှာ ရှိတယ်လို့ ပြောလို့မရဘူး၊ ညွှန်ကြားလို့ မရဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်ရဲ့ တည်ရာအရပ်ရယ်လို့ မရှိဘူး။

နိဗ္ဗာန်အကြောင်းနဲ့ ပတ်သက်ပြီးတော့ အဲသလောက်တော့ နားလည်ထား ရမယ်၊ ဒီထက် အကျယ်သိချင်သေးရင် မဟာစည်ဆရာတော်ရေးထားတဲ့ "နိဗ္ဗာန် ဆိုင်ရာတရားတော်"ဆိုတဲ့ စာအုပ်တစ်အုပ်ရှိတယ်၊ အဲဒီမှာ နိဗ္ဗာန်နဲ့ပတ်သက်ပြီး မဟာစည်ဆရာတော် အကျယ်ဟောထားတာရှိတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်လို့ ပြောလိုက်ရင် ဘုံတစ်ခုအနေမျိုး မမြင်မိစေနဲ့၊ ရောက်စရာဌာနအနေ မမြင်မိစေနဲ့၊ အဲဒါအရေးကြီးတယ်၊ နိဗ္ဗာန်ဟာ သဘောတရား တစ်ခုပဲ။

ပရိနိဗ္ဗာန်စံတယ်ဆိုတာလဲ အဲဒီအတိုင်းပဲ၊ အင်္ဂလိပ်လို enter into Nibbānaတို့ ဘာတို့တွေဟာ တင်စားသုံးတယ်လို့သာ နားလည်ရမယ်၊ သို့မဟုတ် ရင် ပရိနိဗ္ဗာန်စံတယ်ဆိုတာ အိမ်ကြီးထဲဝင်သွားသလိုလို ဘုံတစ်ခုထဲရောက်သွား သလိုလို စိတ်ကမထင်ပေဘူးလား၊ ဘုရားပရိနိဗ္ဗာန်စံတယ်ဆိုတာ ဘုရားက တစ်နေရာရောက် သွားသလိုလို စိတ်ကထင်, ထင်နေတတ်တယ်၊ အမှန်ကတော့ ချုပ်သွားတာပဲ၊ ဘုရားဆိုတဲ့ ရုပ်နာမ်ချုပ်သွားတာပဲ၊ ဒါကို နိဗ္ဗာန်လို့ခေါ်တယ်။

**မေး** - အဲဒါဟာ state လို့ ခေါ်လို့ရသလား။

**ဖြေ** - အဲဒါ ဦးဇင်းက စကားလုံး မရှိလို့ကွာ၊ ဒါကိုငါက state လို့ သုံးမယ်လို့။ ဒါပေမယ့် ဒါကို state ခေါ်ထိုက်မခေါ်ထိုက် သေသေချာချာမသိဘူး၊ ဘာကြောင့်လဲ ဆိုတော့ state လို့ ပြောလိုက်ရင် အဖြစ်တရားဆိုတဲ့ အဓိပ္ပါယ်မျိုး ရောက်သွား ပြန်တာကိုး၊ သို့သော် state ဆိုတဲ့စကားလုံး မသုံးဘူးဆိုရင် ဘယ်လို သုံးရမှန်း မသိဘူး၊ အဲဒီတော့ define လုပ်ပြီး အဓိပ္ပါယ်ဖွင့်ပြီး ပြောရရင် state ဆိုတဲ့ စကားလုံးကို သုံးမယ်၊ ဒါပေမယ်လို့ ဥပါဒ်, ဌီ, ဘင်ရှိတဲ့သဘော တရားလို့တော့ မယူဆနဲ့ပေါ့။

နိဗ္ဗာန်ဟာ နားလည်ဖို့ သိပ်ခဲယဉ်းတာ၊ ကိုယ်ကမှ မမြင်ဖူး, မသိဖူး, မတွေ့ကြုံဖူးတော့ နားလည်ဖို့ သိပ်ခဲယဉ်းတယ်၊ ပြီးတော့ ကိုယ်က ဘဝအပေါ်မှာ တွယ်တာမှုရှိနေသေးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘာပဲစဉ်းစားစဉ်းစား ဒီ background နဲ့ချည်း စဉ်းစားလိုက်တာပဲ။

ဒါကြောင့်မို့ လူတွေဟာ နိဗ္ဗာန်မကြိုက်ဘူးပြောတာ၊ နိဗ္ဗာန်မှာ ဘာရှိလဲ

http://www.dhammadownload.com



မေးတယ်၊ ဘာရှိလဲမေးတဲ့ အမေးကိုကမှားနေတယ်၊ ဘာရှိလဲမေးတာကိုက နိဗ္ဗာန်ဟာ နေရာတစ်ခု ဌာနတစ်ခု, ဘုံတစ်ခုလို့ ယူဆပြီး မေးနေတာကိုး၊ ဒါကြောင့်မို့ သိပ်ခက်တယ်။

ဥပမာလေးတစ်ခုပေးထားတာရှိတယ်၊ ဝါပိုလာရဲ့ စာအုပ်တစ်အုပ်ထဲမှာပေါ့၊ လိပ်နဲ့ငါးနဲ့လေ၊ တစ်နေ့တော့ လိပ်ကကုန်းပေါ်တက် လမ်းလျှောက်ပြီး ရေထဲပြန်ဆင်းသွားတော့ ငါးနဲ့တွေ့တယ်၊ ငါးကလိပ်ကို မင်းဘယ်သွားလဲမေးတော့ ငါက ကုန်းပေါ်သွား လမ်းလျှောက်တာဆိုတော့ ငါးက နားမလည်နိုင်ဘူးလေ၊ မင်း ရေကူးတာလားကွတဲ့၊ ရေကူးတာမဟုတ်ဘူး၊ လမ်းလျှောက်တာလို့ လိပ်က ပြန်ပြောတယ်၊ ငါးကနားမလည်နိုင်ပြန်ဘူးတဲ့၊ ကုန်းဆိုတာကိုသူမှမသိဘဲ၊ ကုန်းဆိုတာရှိမှန်းမသိဘူးလေ။

လိပ်ကတော့ ကုန်းပေါ်လည်းတက်နိုင်တယ်၊ ရေထဲလည်းနေနိုင်တော့ ၂-မျိုးလုံး သိတယ်လေ၊ ငါးကတော့ ကုန်းပေါ်တက်တယ်ဆိုတာကို စဉ်းစားလို့မရဘူး၊ အဲဒါမျိုးပေါ့၊ ဒီမှာလဲ နိဗ္ဗာန်လို့ ပြောလိုက်ရင် နားမလည်နိုင်ကြဘူး၊

ကောင်းပြီ, ပထမစာရွက် ပြန်ကြည့် နိဗ္ဗာန် ၂- မျိုးတဲ့။

ပထမတစ်မျိုးကို သဉပါဒိသေသနိဗ္ဗာန်တဲ့, ဉပါဒိဆိုတာ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ကိုခေါ်တယ်၊ သေသဆိုတာက ကြွင်းတာ၊ ကြွင်းတယ်ဆိုတာ ကိလေသာတို့မှ ကြွင်းတာ၊ သ ဆိုတာကရှိတာ၊ ဒါကြောင့်မို့ သဉပါဒိသေသဆိုတာ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တွေရှိတဲ့ နိဗ္ဗာန်၊ ရှိတဲ့နိဗ္ဗာန်ဆိုတာ အဲဒါတွေရှိနေစဉ် အာရုံပြုရတဲ့ နိဗ္ဗာန်၊ တွေ့ရတဲ့နိဗ္ဗာန်လို့ ဆိုလိုတယ်၊ အဲဒီနိဗ္ဗာန်မှာ ဒီဟာတွေရှိနေတယ်လို့ ဆိုလိုတာမဟုတ်ဘူး၊ အဲသလိုဆိုရင် နိဗ္ဗာန်ကို ပစ္စည်းတစ်ခုလို့ ထင်သွားလိမ့်ဦးမယ်။

အမှန်ကတော့ ဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်တွေ မချုပ်သေးခင် တွေ့မြင်အပ်တဲ့ အာရုံပြုအပ်တဲ့ နိဗ္ဗာန်ကို သဉပါဒိသေသ နိဗ္ဗာန်လို့ခေါ်တယ်၊ အဲဒီတော့ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ မချုပ်သေးခင်ဆိုတာ ရဟန္တာကို ရည်ရွယ်ပြီး ပြောလိုက်တာ၊ ရဟန္တာဖြစ်သွားတဲ့အခါကျတော့ ကိလေသာကုန်သွားတယ်၊ ကုန်သွားတယ်ဆိုတာ နောက်ထပ်မဖြစ်တာကိုပြောတာ။

အဲဒီ ကိလေသာ ကုန်သွားပေမယ့် ရဟန္တာမှာ ခန္ဓာကြီးရှိတုန်းပဲ မဟုတ်ဘူးလား၊ စိတ်တွေကော ရှိတုန်းပဲမဟုတ်လား၊ ဒါကြောင့်မို့ ခန္ဓာဆိုလည်း အထူးသဖြင့် ကမ္မဇရုပ်ပေါ့၊ အမှန်ကတော့ ရုပ်အားလုံးပါပဲ, အဲဒီ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် အကြွင်းရှိနေစဉ်မှာ ရှိနေသေးတုန်းမှာ တွေ့ကြုံရတဲ့ အာရုံပြုရတဲ့နိဗ္ဗာန်ကို

http://www.dhammadownload.com



သဥပါဒိသေသ နိဗ္ဗာန်လို့ခေါ်တယ်၊ မြန်မာလိုရှင်းရှင်းပြောရရင် ရဟန္တာတွေ ရဟန္တာဖြစ်ပြီးတဲ့နောက် ပရိနိဗ္ဗာန်မစံခင် တွေ့ကြုံရတဲ့ နိဗ္ဗာန်ကို သဥပါဒိသေသ နိဗ္ဗာန်လို့ခေါ်တယ်။

အမှန်ကတော့ နိဗ္ဗာန်ဆိုတာ တစ်မျိုးထဲပဲ၊ ၂–မျိုး ၃–မျိုး အနေနဲ့ရှိတယ်ရယ်လို့ မဟုတ်ဘူး၊ တင်စားပြီး သုံးတဲ့အနေနဲ့ကျတော့ မသေခင် တွေ့ကြုံရတဲ့ နိဗ္ဗာန်၊ သေပြီးဖြစ်တဲ့နိဗ္ဗာန်ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ၊ သဥပါဒိသေသနိဗ္ဗာန်, ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တွေမချုပ်သေးခင်, ပရိနိဗ္ဗာန်မစံသေးခင် အာရုံပြုအပ်တဲ့နိဗ္ဗာန်ကို သဥပါ ဒိသေသ နိဗ္ဗာန်။

အနုပါဒိသေသနိဗ္ဗာန်ဆိုတာ နဥပါဒိသေသ၊ နဆိုတာ မရှိတာ၊ ဝိပါက်နာမ က္ခန္ဓာကမ္မဇရုပ်တို့ ချုပ်ပြီးနောက်မရှိတဲ့အခါမှာဖြစ်တဲ့ နိဗ္ဗာန်, ရအပ်တဲ့နိဗ္ဗာန်လို့ ဆိုလိုတယ်၊ သို့မဟုတ် ဘယ်စကားလုံးပြောရမလဲဆိုတော့ ဖြစ်ပေါ်တဲ့ နိဗ္ဗာန် စသည်ဖြင့် ပြောချင်ပြောရမယ်။

အဲဒါကတော့ ဘုရားရဟန္တာတွေ ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ ဖြစ်တဲ့နိဗ္ဗာန် အမှန်ကတော့ နိဗ္ဗာန်ဆိုတာ သူ့ဟာသူ တစ်မျိုးထဲပါပဲ၊ ဒီမှာ အချိန်အခါလိုက်ပြီး ပြောနေတာ၊ သူတို့ပရိနိဗ္ဗာန်မစံသေးခင်ကျတော့ အဲဒီနိဗ္ဗာန်ကို သဥပါဒိသေသ နိဗ္ဗာန်လို့ ခေါ်လိုက်တယ်၊ ပရိနိဗ္ဗာန်စံပြီးတဲ့အခါကျတော့ အနုပါဒိသေသနိဗ္ဗာန်၊ အဲဒီတော့ ပရိနိဗ္ဗာန် မစံသေးခင်ကို အနုပါဒိသေသလို့ သုံးလို့မရဘူး။

အဲဒီ ၂–မျိုးမှာ သဥပါဒိသေသနိဗ္ဗာန်ကို ကိလေသပရိနိဗ္ဗာန်လို့လည်း ခေါ်တယ်၊ ကိလေသာတွေ ချုပ်ငြိမ်းသွားတာပေါ့၊ အနုပါဒိသေသ နိဗ္ဗာန်ကိုတော့ ခန္ဓ ပရိနိဗ္ဗာန်လို့ ဒီလိုလည်းခေါ်တယ်။

ဘုရားရဟန္တာတွေ ပရိနိဗ္ဗာန် စံတဲ့အခါကျတော့ ရုပ်ခန္ဓာနာမ်ခန္ဓာတွေ ပျောက်သွားတယ် (ကျန်တဲ့ခန္ဓာကို ဆိုလိုတာ ကိလေသာက ဟိုတုန်းက ပျောက်ခဲ့ပြီ) ဒါကြောင့် ဘုရားရဟန္တာတွေ ပရိနိဗ္ဗာန်ပြုတဲ့အခါမှာဖြစ်တဲ့ နိဗ္ဗာန်ကို ခန္ဓပရိနိဗ္ဗာန်လို့ သုံးတယ်။

ကိလေသ ပရိနိဗ္ဗာန်ဆိုရင် ဘုရားရဟန္တာတွေ အသက်ရှင်တုန်းပေါ့၊ ခန္ဓ ပရိနိဗ္ဗာန်ဆိုတာက ပရိနိဗ္ဗာန်ပြုတဲ့အချိန်။

**မေး** – ဘုရားရဟန္တာတွေ ပရိနိဗ္ဗာန်စံပြီးသွားပြီဆိုရင် ဘာမှ မရှိတော့ဘူးဆိုတော့ နိဗ္ဗာန်ဆိုတဲ့ တရားတွေပါ ကွယ်ပျောက်သွားတာလား ဘုရား။

**ဖြေ** – နိဗ္ဗာန်ကတော့ သူ့ဟာသူနေမှာပဲ၊ အဲဒီ ပုဂ္ဂိုလ်ကတော့ ပျောက်သွားပြီ၊

http://www.dhammadownload.com



နောက်ထပ်မဖြစ်ဘူးပေါ့။

အဲဒီ အမေးပုစ္ဆာ ပြဿနာက အလွန်ခက်တယ်၊ ရဟန္တာတွေ ပရိနိဗ္ဗာန်စံပြီး နောက်ထပ် ဖြစ်သေးလား၊ မဖြစ်ဘူးလားဆိုတဲ့ အမေးကို ဘုရားက မဖြေဘူး၊ ဖြစ်တယ်လည်းမဖြေဘူး၊ မဖြစ်ဘူးလည်းမဖြေဘူး၊ ဘုရားသာမဟုတ်ဘူး၊ ရဟန္တာတွေကို လျှောက်ထားမေးမြန်းလဲမဖြေဘူး။

ဘာကြောင့်လဲဆိုတော့ ရဟန္တာပရိနိဗ္ဗာန် ပြုပြီးဖြစ်သေးလား မဖြစ်ဘူးလား မေးတာကိုက ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ယူဆပြီးတော့မေးတာကိုး။

အဲဒီတော့ အမှန်သဘောတရားအရ ပြောရရင် အသက်ရှိထင်ရှားဖြစ်နေတုန်းတောင် သတ္တဝါမှမရှိတာ၊ ရုပ်နာမ်မျှသာရှိတာ၊ အဲဒါကြောင့် ရဟန္တာ ပရိနိဗ္ဗာန်ပြုရင် ထပ်မဖြစ်ဘူးလို့ ဘုရားက မဖြေဘူး၊ ဖြစ်တယ်လို့သာပြီး မဖြေသေးတာပေါ့၊ သို့သော် ဘယ်လိုဘယ်လို ဖြေသလည်းဆိုတော့ ရုပ်နာမ် ခန္ဓာဆိုတဲ့ ဒုက္ခတွေ ရှိတယ်၊ အဲဒီ ရုပ်နာမ်ခန္ဓာဆိုတဲ့ ဒုက္ခတွေချုပ်ငြိမ်းသွားတာပဲ၊ ဒါပဲ၊ အဲဒီတော့ မဖြစ်ဘူးဆိုတာနဲ့ အတူတူပဲ၊ အဲဒီနိဗ္ဗာန်ဟာ ဆီမီးများ ငြိမ်းသလို ပျောက်သွားပြီ။

ဒါကြောင့်မို့ သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်မှာ သဉပါဒိသေသ နိဗ္ဗာန်ကို နာမည်တစ်မျိုးနဲ့ ကိလေသပရိနိဗ္ဗာန်လို့ခေါ်တယ်၊ အနုပါဒိသေသ နိဗ္ဗာန်ကို ခန္ဓပရိနိဗ္ဗာန်လို့ခေါ်တယ်၊ ဒီ ၂–မျိုးကို သေသေချာချာ နားလည် ထားသင့်တယ်။

ဒါကြောင့်မို့ နိဗ္ဗာန်မှာ ဘာရှိတယ် ညာရှိတယ် ပြောနေတာကိုက မဟုတ်တော့ဘူး၊ နိဗ္ဗာန်မှာ ချမ်းသာရှိတယ်လို့ ပြောနေတာမဟုတ်ဘူး၊ နိဗ္ဗာန်ကိုက ချမ်းသာ, သူကတော့ ချမ်းသာပဲ, သူ့မှာ ရှိနေတာရယ်လို့ မဟုတ်ဘူး၊ သူ(နိဗ္ဗာန်) ကဌာနလည်းမဟုတ်ဘူး၊ ဘာမှလည်းးမဟုတ်ဘူး၊ အဲဒါမှတ်ထား။

**မေး** – အရှင်ဘုရား ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ တကယ်လို့ သူဖျားနာတယ်ဆိုရင် သူ့အနေနဲ့ အဲဒီဖျားနာတာကို ဝေဒနာအနေနဲ့တော့ feel မလုပ်တတ်ဘူးလား။

**ဖြေ** – feeling တော့ရှိတယ်၊ သို့သော် သူ့စိတ်ကို ဒုက္ခမပေးဘူး၊ နာတာတော့ အနာကရှိတာပဲ၊ ပုထုဇဉ်တွေ အနေနဲ့တော့ နာရင်စိတ်ညစ်မယ်, စိတ်ပျက်မယ်, စိတ်ဆိုးမယ်၊ ငိုကြွေးမယ်စသည်ဖြင့်ရှိတယ်၊ ဘုရားရဟန္တာအနေနဲ့ကျတော့ ဒါဟာ မခံသာတဲ့ ဝေဒနာအနေနဲ့ ရှုပြီး ဉပေက္ခာဖြစ်တာပေါ့၊ အဲဒါမှာ ကွာသွား တယ်။

နာတာကတော့ ဘုရားရဟန္တာလည်းနာတာပဲ၊ ဦးဇင်းတို့လို ပုထုဇဉ်လည်းနာတာပဲ၊ ဒါပေမယ့် ပုထုဇဉ်နာတော့ ခံနိုင်ခဲတယ်လေ၊ ဒေါသမူစိတ်တစ်ခုခုဖြစ်

http://www.dhammadownload.com



တတ်တယ်၊ ဘုရားရဟန္တာကတော့ ဒေါသမူစိတ်မဖြစ်အောင် ထိန်းသိမ်းထား နိုင်တယ်။

**မေး** – တပည့်တော်ထင်တာကတော့ လုံးဝတောင် နာမယ်မထင်ဘူး၊

**ဖြေ** – နာတာတော့နာတယ်။

**မေး** – နာတယ်လို့မြင်လိုက်ရင် ဝေဒနာ ဆက်ဝင်သွားမယ်, feel back က ဆက်ဝင်သွားမယ်၊ နာတယ်လို့ မြင်ပေမယ့် at the same time မှာသူ့အာရုံက အများကြီးရှိပြီးတော့ မြင်နိုင်တဲ့ အာရုံဖြစ်ပါသလား။

**ဖြေ** – ဒီဒုက္ခနဲ့ ပတ်သက်ပြီးတော့ ကာယဝိညာဏ်ဖြစ်တယ်၊ မနောဝိညာဏ်မဖြစ်ဘူး၊ ဒုက္ခ ဝေဒနာ ခံစားနေရတော့ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်ဖြစ်မယ် မဟုတ်လား၊ အဲဒါက ဘယ်သူမဆိုဖြစ်မှာ, ရှောင်လို့ မရဘူး၊ ဝိပါက်စိတ်ကိုး၊ အဲဒီ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဖြစ်ပြီးတဲ့နောက် ဇောစောတဲ့ အချိန်ကျတော့ ရိုးရိုး လူကျတော့ အကုသိုလ်ဇောစောနိုင်တယ်၊ များသောအားဖြင့် အကုသိုလ်ဇောပဲ စောတယ်၊ ဘုရားရဟန္တာကျတော့ အကုသိုလ်ဇောမစောဘူး၊ အဲဒါပဲ၊ ကာယ ဝိညာဏ်ကတော့ ဘယ်သူမှ ရှောင်လို့မရဘူး၊ ဒါကြောင့်မို့ နာတာကတော့နာမှာပဲ။

**မေး** – သူ့ဟာသူ နာနေတာပဲလား၊ စိတ်က ဒီထဲမရောက်ဘူး ထင်ပါတယ်။

**ဖြေ** – စိတ်ကို မထိခိုက်တော့ဘူးလေ၊ ဒါကြောင့်မို့ စိတ်ဟာ ဒေါမနဿဇော မစောတော့ဘူး၊ လောဘမူဇောတော့ မစောနိုင်ဘူးပဲထားပါတော့၊ ထင်ရှားပါတယ်၊ ဒေါသမူဇော မစောနိုင်တော့ဘူး၊ အဲဒါမှာ ကွာသွားတယ်၊ အဲဒါနဲ့ပတ်သက်ပြီးတော့ ရှင်အနုရုဒ္ဓါနေမကောင်းဖြစ်နေတော့ အခြားရဟန်းတွေက မေးတယ်။

"အရှင်ဘုရား တော်တော်နေမကောင်းဖြစ်နေတယ်၊ ဘယ်လိုလုပ်ပြီးတော့ ဒီဒုက္ခဝေဒနာတွေက အရှင်ဘုရားရဲ့ စိတ်ကို မလွှမ်းမိုးနိုင်ပါသလဲ၊ သိမ်းကျုံးပြီး မယူနိုင်ပါသလဲ"မေးတော့ ဖြေတာက "ငါ သတိပဋ္ဌာန်တရားအမြဲပွားများတဲ့အတွက် ကြောင့် ဒုက္ခဝေဒနာတွေက ငါ့စိတ်ကို ဒုက္ခမပေးနိုင်ဘူး"လို့ အဲသလိုဖြေတယ်။

နောက်ထပ် နိဗ္ဗာန် ၃– မျိုးရှိသေးတယ်၊ ဒါလည်းပဲပရိယာယ် တစ်မျိုးပေါ့။

၁။ သုညတနိဗ္ဗာန်တဲ့၊ ရာဂ, ဒေါသ, မောဟနှင့်တကွ ရုပ်နာမ်ခန္ဓာ အားလုံးကင်းဆိတ်တယ်တဲ့၊ နိဗ္ဗာန်မှာ ရာဂမရှိဘူး, ဒေါသမရှိဘူး, မောဟမရှိဘူး, ရုပ်မရှိဘူး, နာမ်မရှိဘူး, ပထဝီ, တေဇော, အာပေါ, ဝါယော ဘာမှမရှိဘူးပေါ့လေ၊ အဲဒါတွေအားလုံး ဆိတ်သုဉ်းတဲ့အတွက်ကြောင့် နိဗ္ဗာန်ကို သုညတနိဗ္ဗာန်လို့ခေါ်တယ်။

၂။ အနိမိတ္တနိဗ္ဗာန်ဆိုတာ ပုံသဏ္ဌာန်မရှိတာကိုခေါ်တယ်၊ ပုံသဏ္ဌာန်မရှိတာ

http://www.dhammadownload.com



ဆိုတာ တကယ့်ပုံသဏ္ဌာန်ကိုလည်း ပုံသဏ္ဌာန်လို့ခေါ်တယ်၊ ရာဂ, ဒေါသ, မောဟနှင့်တကွ ရုပ်နာမ် အားလုံးကိုလဲ ဒီနေရာမှာတော့ နိမိတ် အမှတ်အသား ပုံသဏ္ဌာန် လို့ခေါ်တယ်၊ အဲဒါတွေ ဘာမှမရှိတဲ့ အတွက်ကြောင့် အနိမိတ္တနိဗ္ဗာန်။

၃။ အပ္ပဏိဟိတနိဗ္ဗာန်, ပဏိဟိတဆိုတာ တောင့်တတာ၊ တဏှာနဲ့ တောင့်တတာ၊ ဒါကြောင့်မို့ အပ္ပဏိဟိတနိဗ္ဗာန်ဆိုတာ ရာဂ, ဒေါသ, မောဟ တည်းဟူသော တောင့်တခြင်း မရှိသော နိဗ္ဗာန်, ဒီလိုဆိုလိုတယ်၊ အဲသလို နိဗ္ဗာန် ၃–မျိုးလည်းရှိတယ်။

အဲဒီတော့ အနိမိတ္တနိဗ္ဗာန်ဆိုတာလေး မှတ်ထား၊ နိဗ္ဗာန်ကို ပုံသဏ္ဌာန်နဲ့ နေရာဌာနနဲ့ ပြောလာရင်ဒါနဲ့ check လုပ်ရုံပဲ။

သုညတဆိုတဲ့ ပုဒ်လေးလဲမှတ်ရမယ်၊ မဟာယာနမှာ သုညတဆိုတာ အလွန် အရေးကြီးတယ်၊ သူတို့ သုညတနဲ့ ဦးဇင်းတို့ ထေရဝါဒသုညတနဲ့ မတူဘူးဆိုတာ မှတ်ထား။

သူတို့ သုညတက တကယ့် void , သူတို့ဟာက ချာလပတ်လည်သွား တယ်၊ နောက်ဆုံး ဘာမှမရှိတော့ဘူး၊ ရုပ်လည်းမရှိတော့ဘူး၊ နာမ်လည်းမရှိတော့ဘူး၊ ရုပ်လည်းသုညပဲ၊ နာမ်လည်းသုညပဲ၊ ဘာမှမရှိတော့ဘူး၊ မွမွကြေသွားတာ၊ အဲဒါမျိုးကို သူတို့က သုညတလို့ခေါ်တာ။

ဦးဇင်းတို့ ထေရဝါဒမှာ သုညတလို့ခေါ်တာက ရုပ်ဟာရှိတယ်၊ နာမ်ဟာ ရှိတယ်၊ ရုပ်ဟာအဖြစ်အရှိတရား, နာမ်ဟာအဖြစ်အရှိတရား, ဒါဟာ လက်ကိုခံရမယ်။

ဒါပေမယ်လို့ ဒီရုပ်နာမ်မှာလည်း သုညသဘောရှိတယ်, ဘာကြောင့်တုန်း, အတ္တသဘောမရှိဘူး၊ နိစ္စသဘောမရှိဘူး၊ အဲဒါမျိုးကို ထေရဝါဒ သုညလို့လက်ခံတာ။

နိဗ္ဗာန်ကို သုညလို့ ပြောတာကျတော့ အခုလို ရာဂ, ဒေါသ, မောဟကင်းတာ, ရုပ်နာမ်အားလုံးကင်းဆိတ်တာ, ဒါကို ဒီအဓိပ္ပါယ်နဲ့ နိဗ္ဗာန်ကို သုညတလို့ဆိုတာ၊ လုံး၀ ဘာမှမရှိတော့တာ void ဖြစ်နေတာမျိုးကိုသုညတလို့ ထေရဝါဒမှာ ခေါ်တာမဟုတ်ဘူး။

သူတို့ မဟာယာနမှာ ဟောထားတာရှိတယ်၊ ရုပ်သည် သုညဖြစ်သည်၊ သုညသည် ရုပ်ဖြစ်သည်၊ ဝေဒနာသည်သုညဖြစ်သည်၊ သုညသည် ဝေဒနာဖြစ် သည်နဲ့ အဲသလို အပြန်ပြန်အလှန်လှန်ဟောထားတာ၊ အဲဒီတော့ ရုပ်ဟာ သုည ဖြစ်တယ်ဆိုတာမှာ အတ္တကင်းဆိတ်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး, နိစ္စသဘော ကင်းဆိတ် တယ်ဆိုတာမျိုး, ချမ်းသာသဘော ကင်းဆိတ်တယ်ဆိုတာမျိုးဆိုရင် ဦးဇင်းတို့

http://www.dhammadownload.com



လက်ခံတယ်၊

ရုပ်ဟာ သုည, တကယ့်ကို သုညအစစ်၊ ဘာမှမရှိဘူးဆိုရင် ဒါကိုတော့ လက်မခံနိုင်ဘူး၊ ပရမတ္ထသဘောတရား အနေနဲ့ ဥပါဒ်, ဋ္ဌီ, ဘင် ရှိကိုရှိနေတယ်၊ ဒါမရှိဘူးလို့ ပြောလို့ကို မရဘူး။

နိဗ္ဗာန် ၃-မျိုး သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်၊ ဒါတွေလည်းဥပစာနဲ့ တင်စားပြီး ပြောတာတွေပါပဲ၊ နောက်ဆုံးတော့ နိဗ္ဗာန်ဟာ တစ်မျိုးထဲ, တစ်ခုထဲပါပဲ၊ ခုနပြောတဲ့ ရာဂ, ဒေါသ, မောဟ (သို့မဟုတ်)ကိလေသာ (သို့မဟုတ်) ဒုက္ခချုပ်ငြိမ်းခြင်း, ကုန်ဆုံးခြင်း သဘောတရားအနေနဲ့ရှိတဲ့ နိဗ္ဗာန် အဲဒါကို နိဗ္ဗာန်လို့ ခေါ်သည်တဲ့။

မေး - ရုပ် ၂၈-ပါးထဲက တစ်ခုခုဟာ နိဗ္ဗာန်မှာ ရှိပါသလား။

ဖြေ - ဘာမှမရှိဘူး၊ နိဗ္ဗာန်ဟာ ရုပ်လည်းမရှိဘူး၊ နာမ်လည်းမရှိဘူး၊ နာမ်ဆိုတာ စိတ်စေတသိက်၊ အဲဒီတော့ ပစ္စည်းပိုင်း အဆုံးကျရင် လာလိမ့်ဦးမယ်၊ စိတ်ပိုင်းတုန်းက ဦးဇင်းပြောခဲ့ပြီးပြီထင်တယ်၊ နာမ်ဆိုတဲ့ စကားထဲမှာ စိတ်, စေတသိက်, နိဗ္ဗာန် ၃-မျိုးကိုခေါ်တယ်၊ နာမ်လို့ဆိုရင် စိတ်ရော, စေတသိက်ရော နိဗ္ဗာန်ကိုရော ဆိုလိုတယ်။

ဒါပေမယ်လို့ ဦးဇင်းတို့ အခုပြောနေတဲ့ ရုပ်, နာမ်ထဲမှာ နိဗ္ဗာန်မပါဘူး၊ အဲဒီအခါကျတော့ ရုပ်က ရုပ် ၂၈-ပါးထဲကပါမယ်ပေါ့၊ နာမ်ဟာ စိတ်စေတသိက် ကိုပဲဆိုလိုတယ်။

ဆိုပါတော့၊ ဝိပဿနာရှုတယ်၊ ရုပ်နာမ်ကိုရှုရတယ်၊ အဲဒီနာမ်ထဲမှာ နိဗ္ဗာန် မပါဘူး၊ ဒါပေမယ်လို့ နာမ်ဆိုတဲ့ နာမည်ရထားတဲ့ တရားတွေပြောပြစမ်းပါဆိုရင် အဲဒါကျတော့ နိဗ္ဗာန်ပါတယ်၊ ဘာလို့တုန်းဆိုတော့ နိဗ္ဗာန်ဟာ မိမိတို့ စိတ်စေ တသိက်တွေကို ညွှတ်စေတဲ့ အတွက်ကြောင့် သူ့ကို နာမ်လို့ခေါ်တယ်။

ယမိုက်ပါဠိတော်မှာ နာမ်တရားတွေဟာ ဘယ်ဟာတွေလဲမေးတဲ့အခါ အဖြေကျတော့ နိဗ္ဗာန်ပါတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ နာမ်တရားတော့ ဟုတ်တယ်၊ but it is not mental။ အင်္ဂလိပ်လိုကျတော့ သိပ်ပြောရခက်တယ်၊ ဘာလို့လဲဆိုတော့ နာမ်ဆိုတဲ့ စကားလုံး သူတို့မှာမှ မရှိပဲ၊ မရှိတော့ mental လို့ပဲ သုံးထားတယ်၊ အဲဒီတော့ နိဗ္ဗာန်ကို နာမ်တရားလို့ပြန်ရင် နိဗ္ဗာန်ကို mental လို့ ပြန်လို့မရဘူး၊ နိဗ္ဗာန်ဟာ စေတသိက်တရားမဟုတ်ဘူး၊ သူက သီးခြားပရမတ္ထတရားတစ်ခု၊ သူ့ကို အာရုံပြုလို့

http://www.dhammadownload.com



ရတယ်၊ သူက ပြန်ပြီး အာရုံမပြုနိုင်ဘူး၊

ဒါကြောင့် နိဗ္ဗာန်မှာရုပ်လည်းမရှိဘူး၊ နာမ်လည်းမရှိဘူး၊ နိဗ္ဗာန်ဟာ ရုပ်လည်း မဟုတ်ဘူး၊ စိတ် စေတသိက် နာမ်လည်းမဟုတ်ဘူး။

http://www.dhammadownload.com



## သမုစ္စည်းပိုင်း

စိတ် ၁–ပါး, စေတသိက် ၅၂–ပါး, နိပ္ဖန္နရုပ် ၁၈–ပါး, နိဗ္ဗာန် ပေါင်း ၇၂–ပါး အပြားရှိကုန်သော သဘောတရားများကို ပေါင်းစု၍ ရသင့်သည်အားလျော်စွာ ပြဆိုခြင်းသည် သမုစ္စယ=သမုစ္စည်းမည်၏။

(အာကာသစသော အနိပ္ဖန္နရုပ်တို့သည် အထည်ကိုယ်ဝတ္ထုရကောင်းသော ဝတ္ထုဓမ္မအစစ်ပရမတ္ထအစစ် မဟုတ်ကြသောကြောင့် ဤသတ္တတိအရ၌ မပါဝင်နိုင်ချေ။)

သမုစ္စည်းပိုင်း၌

(၁) အကုသလ သင်္ဂဟ = အကုသိုလ်ဇာတ်အားဖြင့်တူသော သဘောရှိကုန်သော အာသဝေါစသောတရားတို့ကို တစ်ပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သော သင်္ဂဟ။

(၂) မိဿကသင်္ဂဟ = ကုသိုလ်အကုသိုလ် အဗျာကတဖြစ်သော တရားတို့ကို ရောနှောသိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟ။

(၃) ဗောဓိပက္ခိယသင်္ဂဟ = ဗောဓိဉာဏ်ကိုရခြင်း၏ အကြောင်းဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော တရားတို့ကို တစ်ပေါင်းတည်းသိမ်းယူရာဖြစ်သော သင်္ဂဟ။

(၄) သဗ္ဗသင်္ဂဟ = အလုံးစုံသော ပရမတ္ထတရားမှန်သမျှတို့ကို တပေါင်းတည်းသိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟ ဟူ၍ ၄–ပါးရှိ၏။ ထိုတွင်

အကုသလသင်္ဂဟ၌ – (၁) အာသဝ ၄–ပါး။
(၂) ဩဃ ၄–ပါး။
(၃) ယောဂ ၄–ပါး
(၄) ဂန္ထ ၄–ပါး၊
(၅) ဥပါဒါန် ၄–ပါး။
(၆) နီဝရဏ ၆– ပါး
(၇) အနုသယ ၇– ပါး။
(၈) သုတ္တန်၌လာသော သံယောဇဉ် ၁၀– ပါး။
အဘိဓမ္မာ၌လာသော သံယောဇဉ် ၁၀– ပါး။
(၉) ကိလေသာ ၁၀–ပါးအားဖြင့် ဝေဖန်ပြဆို၏။

http://www.dhammadownload.com



### အာသဝ

အမာဝမှယိုသော သန်ရည်ကဲ့သို့ စက္ခုဒွါရစသည်တို့မှ ရူပါရုံစသည်တို့၌ ယိုတတ်သောကြောင့် အာသဝ။ ကြာမြင့်စွာ ထုံအပ် စိမ်ထားအပ်သော စိမ်ရည် အရက်သည် သုံးသောက်စားသူ သတ္တဝါတို့ကို မူးယစ်စေသကဲ့သို့ လောဘစသော တရားတို့သည်လည်း သတ္တဝါတို့ကို အမြဲမူးယစ်စေကုန်သောကြောင့် အာသဝ။

### ဩဃ

မဟာသမုဒ္ဒရာအတွင်း၌ရှိသော ဝဲဩဃကြီးများသည် မိမိဝဲဩဃအတွင်းသို့ ကျရောက်သမျှသော သတ္တဝါတို့ကို အတင်းနစ်၍ သတ်တတ်သကဲ့သို့ ကာမောဃ စသော ဩဃကြီး ၄-ပါးတို့သည် မိမိတို့နှင့်ဆက်ဆံသမျှသော သတ္တဝါတို့ကို သံသရာထဲ၌ အတင်းနစ်၍ သတ်တတ်ကုန်၏၊ ကူးမြောက်ခြင်းငှာ ခဲယဉ်းကုန်၏။ ထို့ကြောင့် ကာမောဃစသောတရားတို့သည် ဩဃမည်၏။

### ယောဂ

ထမ်းပိုးခွင်၌မြင်းတို့ကိုလည်းကောင်း, နွားတို့ကိုလည်းကောင်း, တပ်၍ကဲ၍ ထားကုန်ဘိသကဲ့သို့ ယောဂ ၄-ပါးတို့သည် သတ္တဝါတို့ကို ဝဋ္ဋဒုက္ခ ဘဝစက်ယန္တရား ကြီး၌ တပ်၍ ကဲ၍ ထားတတ်ကုန်သောကြောင့် ယောဂမည်၏၊ ယောဂသဒ္ဒါသည် အစေးဖြင့် ကပ်၍ စပ်ထားသကဲ့သို့ ယှဉ်စပ်ခြင်းအနက်ကိုဟော၏၊ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ကပ်ထားတတ်သော တရားဆိုလို၏။

### (၁) အာသဝ ၄-ပါး

(၁) ကာမာသဝ = ကာမဘုံ၌ တပ်တတ်ကုန်သော ကာမဂုဏ် ၅-ပါးနှင့်စပ်သော ရာဂဟုဆိုအပ်သော လောဘစေတသိက်သည် ကာမာသဝ။

(၂) ဘဝါသဝ = ရူပအရူပဘုံ၌ကပ်တတ်သော လောဘစေတသိက်သည် ဘဝါသဝ။

(၃) ဒိဋ္ဌာသဝ = ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌာသဝ။

(၄) အဝိဇ္ဇာသဝ = သစ္စာ ၄-ပါး၊ ပုဗ္ဗန္တ၊ အာပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်သော တရားတို့ကို ဖုံးလွှမ်းတတ်သော မောဟသည် အဝိဇ္ဇာသဝ။

(က) ကာမောဃ (၂) ဘဝေါဃ (၃) ဒိဋ္ဌောဃ (၄) အဝိဇ္ဇောဃဟု ဆိုအပ် သော ဩဃလေးပါး။ (၁) ကာမယောဂ (၂) ဘဝယောဂ (၃)ဒိဋ္ဌိယောဂ (၄)

http://www.dhammadownload.com



အဝိဇ္ဇာယောဂဟုဆိုအပ်သော ယောဂလေးပါးတို့ကိုလည်း အာသဝလေးပါးနှင့် တရားကိုယ် အားဖြင့်လည်းကောင်း သရုပ်အားဖြင့်လည်းကောင်း နည်းတူမှတ်။

## ဂန္ထ

ရစ်ပတ်ချည်နှောင်တတ်သောကြောင့် ဂန္ထ ခေါ်သည်၊ လက်ထိပ်စသော အနှောင်အဖွဲ့ကဲ့သို့ နာမကာယနှင့် ရူပကာယကို မကွဲမပြားရအောင် ဖွဲ့တတ်ခြင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဘဝအဆက်မပြတ်ရအောင် ဖွဲ့တတ်ခြင်း၊ ဘဝတပါး၏ စုတိနှင့် ဘဝတပါး၏ ပဋိသန္ဓေကို ဘဝအဆက်မပြတ်ရစေခြင်းငှာ ဖွဲ့တတ်စပ်တတ်သောကြောင့် လောဘစသော တရားတို့သည် ကာယဂန္ထ မည်၏။

## (၄) ဂန္ထ လေးပါး

(၁) အဘိဇ္ဈာကာယဂန္ထ = အလုံးစုံသောတဏှာ။

(၂) ဗျာပါဒကာယဂန္ထ = အလုံးစုံသောဒေါသ။

(၃) သီလဗ္ဗတပရာမာသကာယဂန္ထ = အကြောင်းမဟုတ်သော နွားအလေ့အကျင့်၊ ခွေးအလေ့အကျင့်စသည် များသည် ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြောင်း မဂ်ပင်တည်းဟု မှားယွင်းသော အလေ့ဆိုး အကျင့်ဆိုးကိုပင် အမှန်ဟု ထင်မှတ်သုံးသပ်တတ်သော ဒိဋ္ဌိစေတသိက်။

(၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ = မိမိယူထားပြီးသောမိစ္ဆာအယူကို ငါ၏ အယူသာမှန်၏။ အခြားတပါးသော အယူများသည် အမှားတို့သာတည်းဟူ၍ ပြင်းပြင်းထန်ထန် အယူသန်မှု။

## ဥပါဒါန်

ဖားကိုမြွေဖမ်းသောအခါ မလွှတ်ပဲစွဲစွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ မိမိဆိုင်ရာ အာရုံ၌ စွဲစွဲမြဲမြဲယူတတ်သော (စွဲလမ်းတတ်သော) တရားကို ဥပါဒါန်မည်၏။

http://www.dhammadownload.com



## (၅) ဥပါဒါန်လေးပါး

(၁) ကာမုပါဒါန် = ဝတ္ထုကာမတို့၌ ပြင်းပြစွာ စွဲလမ်း၍ တပ်မက်သောတဏှာ

(၂) ဒိဋ္ဌုပါဒါန် = အလုံးစုံသောဒိဋ္ဌိ။

(၃) သီလဗ္ဗတုပါဒါန် = နွားတို့၏သီလ နွားတို့၏အကျင့်များသည် သံသရာမှ စင်ကြယ်ကြောင်းပင်တည်းဟု စွဲမြဲ၍ယူသောဒိဋ္ဌိ။

(၄) အတ္တဝါဒုပါဒါန် = ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး ယောကျ်ား မိန်းမစသောအားဖြင့် မှောက်မှောက်မှားမှား အထင်မှားတတ်သော သက္ကာယဒိဋ္ဌိ။

## နီဝရဏ

ဈာန်, ဝိပဿနာ, မဂ် စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် လောဘစသောတရားတို့သည် နီဝရဏမည်၏။

## (၆) နီဝရဏ ၆ ပါး

(၁) ကာမစ္ဆန္ဒနီဝရဏ = ကာမဂုဏ်ငါးပါး၌ လွန်လွန်ကဲကဲသာယာ တပ်မက်သောရာဂ။

(၂) ဗျာပါဒနီဝရဏ = အလုံးစုံသောဒေါသ။

(၃) ထိနမိဒ္ဓနီဝရဏ = ထိနမိဒ္ဓနှစ်ပါးစုံ။

(၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ = ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါးစုံ။

(၅) ဝိစိကိစ္ဆာနီဝရဏ = ဝိစိကိစ္ဆာစေတသိက်။

(၆) အဝိဇ္ဇာနီဝရဏ = မောဟစေတသိက်။

## အနုသယ

လျှောက်ပတ်သောအကြောင်းကို မရလျှင် မဖြစ်ပေါ်ကြကုန်ပဲ လျှောက်ပတ်သော အကြောင်းကိုရလျှင် ဖြစ်လတ္တံ့သော သဘောတရားရှိကုန်သော တရားတို့သည် အနုသယမည်၏၊ သတ္တဝါတို့သန္တာန်၌အစဉ်ကိန်းဝပ်၍နေသော ငုတ်ဓာတ်, ဝပ်ဓာတ်, မျိုးစေ့ဓာတ်တို့ပေတည်း။

http://www.dhammadownload.com



(၇) အနုသယ ၇ ပါး

(၁) ကာမရာဂါနုသယ = ကာမတရားတို့၌ သာယာနှစ်သက်တတ်သော လောဘစေတသိက်

(၂) ဘဝရာဂါနုသယ = မဟဂ္ဂုတ်ကုသိုလ်ဝိပါက်တို့၌ တပ်နှစ်သက်သော လောဘစေတသိက်။

(၃) ပဋိဃာနုသယ = ဒေါသစေတသိက်။

(၄) မာနာနုသယ = မာနစေတသိက်။

(၅) ဒိဋ္ဌာနုသယ = ဒိဋ္ဌိစေတသိက်။

(၆) ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာစေတသိက်။

(၇) အဝိဇ္ဇာနုသယ = မောဟစေတသိက်။

## သံယောဇဉ်

ဝဋ်ဆင်းရဲ၌ ဖွဲ့တတ်သော သဘောတရားတို့သည် သံယောဇဉ်မည်၏။ လောက၌ရှိသော နှောင်အိမ်အမျိုးမျိုး နှောင်ကြိုးအမျိုးမျိုးနှင့်တူသော တရားတို့တည်း။

## ယောဂ။ ဂန္ထ။ သံယောဇဉ်

ဤ ၃- မျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တစ်မျိုးစီ ယှဉ်စပ်ဖွဲ့နှောင်တတ်ကြသဖြင့် သဘောတူသကဲ့သို့ရှိသော်လည်း အဝေးဘုံဘဝသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲထားဘိသကဲ့သို့ ဆွဲချည် ဖွဲ့နှောင်တတ်သော သဘောသည် သံယောဇဉ်။ သံကွင်းချင်းဖွဲ့ဆက်သကဲ့သို့ စုတိပဋိသန္ဓေ, ပဋိသန္ဓေစုတိအားဖြင့် ရုပ်နာမ်အပေါင်းကို ဖွဲ့ဆက်တတ်သော သဘောသည် ဂန္ထ။ သစ်စေးဖြင့် ကပ်သကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိကိန်းရာ သတ္တဝါကို ယှဉ်စပ်ကပ်ထားတတ်သော သဘောသည် ယောဂ။

(ဂ) သံယောဇဉ် ၁၀ ပါး

**သုတ္တန်နည်း**

(၁) ကာမရာဂသံယောဇဉ်

(၂) ရူပရာဂသံယောဇဉ်

(၃) အရူပရာဂသံယောဇဉ်

**အဘိဓမ္မာနည်း**

(၁) ကာမရာဂသံယောဇဉ်

(၂) ဘဝရာဂသံယောဇဉ်

(၃) ပဋိဃသံယောဇဉ်

http://www.dhammadownload.com



(၄) ပဋိဃသံယောဇဉ်
(၅) မာနသံယောဇဉ်
(၆) ဒိဋ္ဌိသံယောဇဉ်
(၇) သီလဗ္ဗတပရာမာသသံယောဇဉ်
(၈) ဝိစိကိစ္ဆာသံယောဇဉ်
(၉) ဥဒ္ဓစ္စသံယောဇဉ်
(၁၀) အဝိဇ္ဇာသံယောဇဉ်

(၄) မာနသံယောဇဉ်
(၅) ဒိဋ္ဌိသံယောဇဉ်
(၆) သီလဗ္ဗတပရာမာသသံယောဇဉ်
(၇) ဝိစိကိစ္ဆာသံယောဇဉ်
(၈) ဣဿာသံယောဇဉ်
(၉) မစ္ဆရိယသံယောဇဉ်
(၁၀) အဝိဇ္ဇာသံယောဇဉ်

## ကိလေသာ

စိတ်၏ပူပန်ကြောင်း ညစ်ညှိုးကြောင်း ကြင်နာကြောင်းဖြစ်သောကြောင့် ကိလေသာမည်၏။

## (၉) ကိလေသာ ၁၀ ပါး။

(၁) လောဘ (၂) ဒေါသ (၃) မောဟ (၄) မာန (၅) ဒိဋ္ဌိ (၆) ဝိစိကိစ္ဆာ (၇) ထိန (၈) ဥဒ္ဓစ္စ (၉) အဟိရိက (၁၀) အနောတ္တပ္ပ။

* သုတ္တန္တေအဘိဓမ္မေဟု သံယောဇဉ်ကို သုတ္တန်အလိုအဘိဓမ္မာအလိုဟု နှစ်မျိုး ညွှန်ပြရာ သုတ္တန္တေဟုဆိုသည်မှာ ဒီဃနိကာယ်အပါအဝင် သုတ်ပါထေယျပါဠိတော် (၁၀) ခုမြောက် သံဂီတိသုတ်၌ လာသည်ကိုဆိုသည်၊ အဘိဓမ္မေ ဟုဆိုသည်မှာ ဓမ္မသင်္ဂဏီပါဠိတော် သညောဇန ဂေါစ္ဆက၌ လာသည်ကိုဆိုသည်။

## တရားကိုယ်ကောက်နည်း

အကုသလသင်္ဂဟတစ်ခုလုံးအတွက် တရားကိုယ်ကောက်ပုံ အတိုချုပ်မှာ ကာမသဒ္ဒါ၊ ဘဝသဒ္ဒါ၊ အဘိဇ္ဈာသဒ္ဒါတို့ကို တွေ့လျှင် တရားကိုယ်လောဘကို ကောက်ပါ။ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာ ဘိနိဝေသ၊ အတ္တဝါဒ သဒ္ဒါတို့ကို တွေ့လျှင် တရားကိုယ်ဒိဋ္ဌိကို ကောက်ပါ။ ဗျာပါဒ သဒ္ဒါကိုတွေ့လျှင် တရားကိုယ် ဒေါသကို ကောက်ပါ။ ကျန်တရားကိုယ်များမှာ အမည်အတိုင်းပင်ဖြစ်ကြ၏။

## တစ်ထောင့်ငါးရာ ကိလေသာသရုပ်

(က) နံတေပညာ၊ နိပ္ပန္နာ၊ တည်ပါလက္ခဏာ။

http://www.dhammadownload.com



ဝဋ်ဆင်းရဲ၌ ဖွဲ့တတ်သော သဘောတရားတို့သည် သံယောဇဉ်မည်၏။ လောက၌ရှိသော နှောင်အိမ်အမျိုးမျိုး နှောင်ကြိုးအမျိုးမျိုးနှင့်တူသော တရားတို့တည်း။

## ယောဂ။ ဂန္ထ။ သံယောဇဉ်

ဤ ၃– မျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တစ်မျိုးစီ ယှဉ်စပ်ဖွဲ့နှောင်တတ်ကြသဖြင့် သဘောတူသကဲ့သို့ရှိသော်လည်း အဝေးဘုံဘဝသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲထားဘိသကဲ့သို့ ဆွဲချည် ဖွဲ့နှောင်တတ်သော သဘောသည် သံယောဇဉ်။ သံကွင်းချင်းဖွဲ့ဆက်သကဲ့သို့ စုတိပဋိသန္ဓေ၊ ပဋိသန္ဓေစုတိအားဖြင့် ရုပ်နာမ်အပေါင်းကို ဖွဲ့ဆက်တတ်သော သဘောသည် ဂန္ထ။ သစ်စေးဖြင့် ကပ်သကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိကိန်းရာ သတ္တဝါကို ယှဉ်စပ်ကပ်ထားတတ်သော သဘောသည် ယောဂ။

## (ဂ) သံယောဇဉ် ၁၀ ပါး

### သုတ္တန်နည်း

(၁) ကာမရာဂသံယောဇဉ်
(၂) ရူပရာဂသံယောဇဉ်
(၃) အရူပရာဂသံယောဇဉ်
(၄) ပဋိဃသံယောဇဉ်
(၅) မာနသံယောဇဉ်

### အဘိဓမ္မာနည်း

(၁) ကာမရာဂသံယောဇဉ်
(၂) ဘဝရာဂသံယောဇဉ်
(၃) ပဋိဃသံယောဇဉ်
(၄) မာနသံယောဇဉ်
(၅) ဒိဋ္ဌိသံယောဇဉ်

http://www.dhammadownload.com

## သမုစ္စည်းပိုင်း - သဗ္ဗသင်္ဂဟဇယား

| | | ရုပ် ၂၈ | | | | | | | | | | | စေတသိက် ၅၂ | | | | | | စိတ် ၈၉ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဩဠာရိကရုပ် ၁၂ | | | | | | | | | | ၁၆ သုခုမရုပ် | | | | | | | | | | | | | | | |
| | | စက္ခုပသာဒ | သောတ " | ဃာန " | ဇိဝှာ " | ကာယ " | ရူပါရုံ " | သဒ္ဒါရုံ " | ဂန္ဓာရုံ " | ရသာရုံ " | ဖောဋ္ဌဗ္ဗာရုံ " | | ဝေဒနာ | သညာ | လောဘ | မဂ္ဂင်တရားကိုယ်-၈ | ကြွင်းစေ ၄၁ | နိဗ္ဗာန် | စက္ခုဝိညာဏ် ဒွေး | သောတ " | ဃာန " | ဇိဝှာ " | ကာယ " | ပဉ္စဒွါရ၊ သမ္ပဋိစ္ဆိုင်း ၂ | ကြွင်းလောကီစိတ် ၆၈ | လောကုတ္တရာစိတ် ၈ |
| ခန္ဓာ | ၅ | ရူပက္ခန္ဓာ | | | | | | | | | | | ဝေဒနာ ခန္ဓာ | သညာ ခန္ဓာ | သင်္ခါရ ကွန္ဓာ | | | X | ဝိညာဏက္ခန္ဓာ | | | | | | | |
| ဥပါဒါနက္ခန္ဓာ | ၅ | ရူပုပါဒါနက္ခန္ဓာ | | | | | | | | | | | ဝေဒနုပါဒါနက္ခန္ဓာ | သညုပါဒါနက္ခန္ဓာ | သင်္ခါရုပါဒါနက္ခန္ဓာ | | | X | ဝိညာဏုပါဒါနက္ခန္ဓာ | | | | | | | X |
| အာယတန | ၁၂ | စက္ခာယတန | သောတာယတန | ဃာနာယတန | ဇိဝှာယတန | ကာယာယတန | ရူပါယတန | သဒ္ဒါယတန | ဂန္ဓာယတန | ရသာယတန | ဖောဋ္ဌဗ္ဗာယတန | ဓမ္မာယတန | | | | | | | မနာယတန | | | | | | | |
| ဓာတ် | ၁၈ | စက္ခုဓာတ် | သောတဓာတ် | ဃာနဓာတ် | ဇိဝှာဓာတ် | ကာယဓာတ် | ရူပဓာတ် | သဒ္ဒဓာတ် | ဂန္ဓဓာတ် | ရသဓာတ် | ဖောဋ္ဌဗ္ဗဓာတ် | ဓမ္မဓာတ် | | | | | | | စက္ခုဝိညာဏဓာတ် | သောတ " | ဃာန " | ဇိဝှာ " | ကာယ " | မနောဓာတ် | မနောဝိညာဏဓာတ် | |
| သစ္စာ | ၄ | ဒုက္ခသစ္စာ | | | | | | | | | | | | | သမုဒယ | မဂ္ဂ | ဒုက္ခ | နိရောဓ | ဒုက္ခသစ္စာ | | | | | | | X |

လောကုတ္တရာမဂ္ဂင် ၈-ပါးသာ မဂ္ဂသစ္စာထိုက်၍ လောကီမဂ္ဂင် ၈-ပါးကို ဒုက္ခသစ္စာသို့သွင်း၍ ရေတွက်ရ၏။

## သမုစ္စည်းပိုင်း - အကုသလသင်္ဂဟတရားကိုယ်နှင့် ဂွာနယူပုံယား

| ဒေါသ | | တရားကိုယ် လောဘ | ဒေါသ | မာန | ဒိဋ္ဌိ | ထိနမိဒ္ဓ | ဝိစိကိစ္ဆာ | ဥဒ္ဓစ္စကုက္ကုစ္စ | ဣဿာ | မစ္ဆရိယ | အကုသိုလ်စေတသိက် ၁၄ ခု မောဟ | အဟိရိက | အနောတ္တပ္ပ | တရားကိုယ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အာသဝ | ၄ | ကာမာသဝ ဘဝါသဝ | | | ဒိဋ္ဌာသဝ | | | | | | အဝိဇ္ဇာ သဝ | | | ၃ |
| ဩဃ | ၄ | ကာမောဃ ဘဝေါဃ | | | ဒိဋ္ဌောဃ | | | | | | အဝိ ဇ္ဇောဃ | | | ၃ |
| ယောဂ | ၄ | ကာမယောဂ ဘဝယောဂ | | | ဒိဋ္ဌိယောဂ | | | | | | အဝိဇ္ဇာ ယောဂ | | | ၃ |
| ဂန္ထ | ၄ | အဘိဇ္ဈာ ကာယဂန္ထ | ဗျာပါဒ ကာယ ဂန္ထ | | သီလဗ္ဗတ .. ပရာမာသ ကာယဂန္ထ ဣဒံသစ္စာဘိ နိဝေသ .... | | | | | | | | | ၃ |
| ဥပါဒါန် | ၄ | ကာမုပါဒါန် | | | ဒိဋ္ဌုပါဒါန် သီလဗ္ဗတု ပါဒါန် အတ္တဝါဒု ပါဒါန် | | | | | | | | | ၂ |
| နီဝရဏ | ၆ | ¹ကာမစ္ဆန္ဒနီဝရဏ | ²ဗျာပါဒ | | | ³ထိနမိဒ္ဓ | ⁵ဝိစိကိစ္ဆာ | ⁴ဥဒ္ဓစ္စကုက္ကုစ္စ | | | ⁶အဝိဇ္ဇာ | | | ၈ |
| အနုသယ | ၇ | ကာမရာဂါ နုသယ ဘဝရာဂါနုသယ | ပဋိဃာ နုသယ | မာနာ နုသယ | ဒိဋ္ဌာနုသယ | | ဝိစိကိစ္ဆာ နုသယ | | | | အဝိဇ္ဇာ နုသယ | | | ၆ |
| သံယောဇဉ် သုတ္တန် | ၁၀ | ကာမရာဂ ... ရူပရာဂ ... အရူပရာဂ ... | ပဋိဃ .. | မာန | ဒိဋ္ဌိ .. သီလဗ္ဗတ ပရာမာသ | | ဝိစိကိစ္ဆာ | ဥဒ္ဓစ္စ | | | အဝိဇ္ဇာ | | | ၇ } ၈ |
| သံယောဇဉ် အဘိဓမ္မာ | ၁၀ | ကာမရာဂ ... ဘဝရာဂ ... | ပဋိဃ | မာန | သီလဗ္ဗတ ပရာမာသ ဒိဋ္ဌိ ...... | | ဝိစိကိစ္ဆာ | | ဣဿာ | မစ္ဆရိယ | အဝိဇ္ဇာ | | | ၉ |
| ကိလေသာ | ၁၀ | ¹လောဘ | ²ဒေါသ | ⁴မာန | ³ဒိဋ္ဌိ | ⁷ထိန | ⁶ဝိစိကိစ္ဆာ | ⁸ဥဒ္ဓစ္စ | | | ³မောဟ | ⁹အဟိရိက | ¹⁰အနောတ္တပ္ပ | ၁၀ |
| ဂွာနယူပုံ = | | ၉ | ၅ | ၃ | ၈ | ၂း၁ | ၄ | ၃း၁ | ၁ | ၁ | ၈ | ၁ | ၁ | |

လောဘစေတသိက်သည် အာသဝဂွာန, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ ဂွာနအားဖြင့် ၉-ဂွာနတပ်၏ သေည်ဆိုလေ။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း [၄၃]

## [သမုစ္စည်းပိုင်း]

## အကုသလသင်္ဂဟ

ဒီနေ့ ၁၉၈၈ ခု ဩဂုတ်လ ၁၉ ရက်နေ့,အဘိဓမ္မာသင်တန်း ပြတ်သွားတာကို ၂–နှစ်နီးပါးရှိပြီ၊ မနှစ်အောက်တိုဘာတုန်းက ပြတ်သွားတာ။

လွန်ခဲ့တဲ့ အချိန်က လေ့လာခဲ့တာ ၆–ပိုင်း ကုန်သွားတယ်၊ ရုပ်ပိုင်းကုန်သွားပြီ၊ နောက်ထပ် ၃– ပိုင်း ကျန်သေးတယ်၊ အဲဒီ ၃ –ပိုင်းကို ဒီနှစ်ထဲပြီးမယ်ထင်တာပဲ။

ဒီနေ့စမှာကတော့ သတ္တမမြောက်အပိုင်းပေါ့၊ သမုစ္စည်းပိုင်းလို့ခေါ်တယ်၊ ပေးထားတဲ့စာရွက်ထဲမှာ ဖတ်လိုက်ရင် အကုန်လုံး သိသွားမှာပါ၊ လွယ်ပါတယ်။

အဲဒီတော့ သမုစ္စည်းပိုင်းမှာ ဘယ်တရားတွေကို ပြမလဲ၊ သမုစ္စည်းဆိုတာ ပေါင်းစုပြီးတော့ ပြတာကိုခေါ်တယ်၊ အဲဒီတော့ ဘယ်တရားတွေကို ပေါင်းစုပြီးတော့ ပြမလဲဆိုတော့ အထည်ကိုယ်ရှိတဲ့ မိမိဆိုင်ရာ လက္ခဏာရှိတဲ့ တရား ၇၂–ပါးကို ပြမယ်လို့ ဒီလိုဆိုတယ်၊ အဲဒီတရား ၇၂–ပါးကို ရေလိုက်မယ်ဆိုရင် စိတ်ကို ၁–ခုထဲယူရတယ်၊ ဘာလို့တုန်းဆိုရင် စိတ်မှာ ဘယ်စိတ်ဖြစ်ဖြစ် အာရုံတည်ခြင်း လက္ခဏာ ၁–ခုထဲပဲရှိတယ်၊ အဲဒီတော့ လက္ခဏာအနေနဲ့ ပြောရင် စိတ်က ၁–ခု၊ စေတသိက်ကတော့ သုခဟာသူ ပဋိဃလက္ခဏာတစ်မျိုး, ဝေဒနာလက္ခဏာ တစ်မျိုးရှိတော့ ၅၂–ပါး၊ ပြီးတော့ နိပ္ဖန္နရုပ် ၁၈–ပါးတဲ့။

http://www.dhammadownload.com



ရုပ် ၂၈-ပါးထဲက ပထမ ၁၈-ခုကို နိပ္ဖန္နရုပ်လို့ခေါ်တယ်၊ အမှန်တော့ အဲဒီနိပ္ဖန္နရုပ်တွေကမှ အထည်ကိုယ်ရကောင်းတဲ့ တကယ့်ရုပ်အစစ်တွေ၊ အနိပ္ဖန္နရုပ်လို့ခေါ်တဲ့ အာကာသစိတ်က စတဲ့ရုပ်တွေကတော့ ရုပ်အစစ်လို့ မဆိုလိုဘူး၊ ဒါကြောင့်မို့ တကယ့်အထည်ကိုယ်ရနိုင်တဲ့ ပရမတ္ထတရားအစစ်ကို ထုတ်မယ်ဆိုရင် သူတို့ကို ချန်ထားရမယ်။

ဒါကြောင့်မို့ အနိပ္ဖရုပ်တွေချန်ပြီးတော့ နိပ္ဖရုပ် ၁၈-ပါးရယ် နိဗ္ဗာန်ရယ် ထည့်လိုက်တော့ ၇၂-ပါးရတယ်၊ အမှန်ကတော့ ပရမတ္ထတရား ၄-ပါးပါပဲ၊ ပရမတ္ထတရား ၄-ပါး (ရုပ် ၂၈ ပါး)ထဲက အနိပ္ဖန္နရုပ် ၁၀-ခုချန်ထားတာပါပဲ။

ဒီတရား ၇၂-ပါးကို သဘောတူရာပေါင်းစုပြီးတော့ ရသင့်သလို ပြသွားမယ့် အပိုင်းကို သမုစ္စည်းပိုင်းလို့ခေါ်တယ်၊ သမုစ္စည်းဆိုတာအပေါင်းအစုလို့ ဆိုလိုတယ်၊ သမုစ္စယဆိုတဲ့ ပါဠိစကားလာတာ။

အဲဒီသမုစ္စည်းပိုင်းမှာ သင်္ဂဟလို့ခေါ်မယ့် အပိုင်းငယ် ၄-ပိုင်းထားတယ် (၁) အကုသလသင်္ဂဟတဲ့, အကုသလသင်္ဂဟဟုဆိုသဖြင့် အကုသိုလ်တရားတွေကို ပေါင်းစုပြီးတော့ပြမယ်ပေါ့၊ အကုသိုလ်ဓာတ်အားဖြင့် တူတဲ့သဘောရှိတဲ့ အာသဝ စတဲ့တရားတွေပေါ့၊ အဲဒီတရားတွေကိုပြမယ်၊ ဒီသင်္ဂဟမှာပြမယ့်တရားတွေဟာ အကုသိုလ်တရားတွေချည်းပဲ၊ ကုသိုလ်မပါဘူး၊ ဝိတက်မပါဘူး၊ ကြိယာမပါဘူး၊ အကုသိုလ်တရားတွေချည်းပြမယ့် အကုသလသင်္ဂဟ။

နောက်တစ်ခုက (၂) မိဿကသင်္ဂဟတဲ့၊ မိဿကဆိုတာ ရောနှောထားတယ်လို့ဆိုတယ်၊ ဒါကြောင့်မို့ ဒီသင်္ဂဟကျတော့ ကုသိုလ်တရားတွေလဲပါလိမ့်မယ်၊ အကုသိုလ်တရားတွေလည်းပါလိမ့်မယ်၊ အဗျာကတ တရားတွေလည်းပါလိမ့်မယ်၊ အဲဒီ ကုသိုလ်အကုသိုလ်, အဗျာကတတရားတွေကို ရောပြွမ်းပြီးတော့ပြတဲ့ သင်္ဂဟကို မိဿကသင်္ဂဟ။

တတိယကတော့ (၃)ဗောဓိပက္ခိယသင်္ဂဟ၊ ဗောဓိပက္ခိယဆိုတဲ့ စကားလုံးကို တရားထိုင်သူတွေ တရားနာယူလေ့လာသူတွေကြားဖူးပြီးသား ဖြစ်လိမ့်မယ်၊

ဗောဓိပက္ခိယရဲ့ အဓိပ္ပါယ်က ဗောဓိဉာဏ်ကိုရခြင်း၏အကြောင်းတဲ့၊ ဒါကတော့ အဓိပ္ပါယ်ပေါ့လေ၊ ဗောဓိဆိုတာ ဗောဓိဉာဏ်၊ ပက္ခဆိုတာ အသင်းအပင်း၊ အိယဆိုတာ အသင်းအပင်းမှာဖြစ်တယ်လို့ဆိုတယ်၊ ဗောဓိဉာဏ်ရဲ့အသင်းအပင်းမှာဖြစ်တဲ့တရားတွေ၊ ဆိုလိုတာကတော့ ဗောဓိဉာဏ်နှင့်တကွဖြစ်တဲ့တရားတွေ၊ ဗောဓိဉာဏ်သို့ရောက်အောင် ပို့ဆောင်ပေးတဲ့တရားတွေ၊ ဒါကြောင့်မို့ ဗောဓိဉာဏ်ကို ရခြင်းရဲ့အကြောင်းဖြစ်တဲ့ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စတဲ့ တရားတွေကိုပေါင်းစုပြီးပြတဲ့

http://www.dhammadownload.com



သင်္ဂဟကို ဗောဓိပက္ခိယသင်္ဂဟလို့ခေါ်တယ်။

ဗောဓိပက္ခိယဆိုတော့ အကုသိုလ်မပါနိုင်ဘူး၊ ကုသိုလ်တွေပါလိမ့်မယ်၊ ကုသိုလ်ပဲ များပါတယ်။

စတုတ္ထသင်္ဂဟကတော့ ဒီကျတော့ (၄)သဗ္ဗသင်္ဂဟတဲ့၊ သဗ္ဗဆိုတာ အလုံးစုံ၊ သင်္ဂဟဆိုတာပေါင်းစုပြထားတာ၊ ပရမတ္ထတရားတွေ အကုန်လုံး ပေါင်းစုပြထားလိမ့်မယ်၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဆိုတာတွေပေါ့၊ အဲဒီပရမတ္ထတရားတွေ အကုန်လုံး ပါနိုင်တဲ့ ခွဲခြားမှုလေးတွေကို တစ်ပေါင်းတည်း သိမ်းယူပြီး ပြမယ့် သင်္ဂဟကို သဗ္ဗသင်္ဂဟလို့ခေါ်တယ်။

အဲဒီလို သင်္ဂဟ ၄-မျိုးကို သမုစ္စည်းမှာပြလိမ့်မယ်၊ ရှေးဦးစွာ အကုသလ သင်္ဂဟကို လေ့လာရမယ်၊ အဲဒီအကုသလသင်္ဂဟမှာ ဘယ်တရားတွေကို ပြမလဲ (၁) အာသဝ ၄-ပါး (၂) ဩဃ ၄-ပါး (၃) ယောဂ ၄-ပါး (၄) ဂန္ထ ၄-ပါး (၅) ဥပါဒါန် ၄-ပါး (၆) နီဝရဏ ၆-ပါး (၇) အနုသယ ၇-ပါး (၈) သုတ္တန်၌လာသော သံယောဇဉ် ၁၀-ပါး အဘိဓမ္မာ၌လာသော သံယောဇဉ် ၁၀ ပါး (၉)ကိလေသာ ၁၀-ပါး, အဲဒီတရားတွေကို အကုသလသင်္ဂဟမှာ ဝေဖန်ခွဲခြမ်း ပြလိမ့်မယ်။

အမှန်ကတော့ သမုစ္စည်းပိုင်းဟာ နောက်တုန်းက လေ့လာခဲ့ပြီးတဲ့တရားတွေကို တစ်မျိုးနာမည် ထပ်ပေးတာပါပဲ၊ ဒါတွေဟာ သုတ္တန်ထဲမှာ ဟောပြီးသားတွေလည်း ရှိတယ်၊ အာသဝဆိုတဲ့ နာမည်နဲ့ဟောထားတာရှိမယ်၊ ဩဃဆိုတဲ့နာမည်နဲ့ ဟောထားတာရှိမယ် စသည်ဖြင့်ပေါ့၊ ဒါကြောင့်မို့ ဒီအပိုင်းဟာ အသုံးကျတယ်၊ ဒီအပိုင်းကို ကျေထားရင် နားလည်ထားရင် စာဖတ်တဲ့အခါ သုတ္တန်တွေဖတ်တဲ့အခါ ကျတော့ သံယောဇဉ်, ကိလေသာ, အာသဝ, အနုသယတို့ဆိုတာတွေ ပါလာရင် ကိုယ်က နားလည်ပြီးသားဖြစ်တာပေါ့၊ အမှန်တော့ ကိုယ်နားလည်ပြီးသား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဒီဟာတွေရဲ့ အပြင်ဘက် ထွက်သွားတာမဟုတ်ဘူး။

ဒါပေမယ်လို့ ဒီအတွင်းကဟာတွေကိုပဲ နာမည်တစ်မျိုးတစ်မျိုးနဲ့ မြတ်စွာဘုရားက အမျိုးမျိုးဟောတော်မူတယ်၊ အဲသလိုအမျိုးမျိုးဟောတော်မူတာတွေကို လိုက်စု ပြီးတော့ ဒီနာမည်လေးတွေ စုထားတာပါပဲ၊

အာသဝတရား ၄-ပါးတဲ့၊ အာသဝကို မြန်မာတွေကတော့ အာသဝေါတရား ၄-ပါးလို့ခေါ်တယ်၊ အမှန်ပါဠိစကားကတော့ အာသဝ။

အာသဝဆိုတဲ့ပုဒ်ရဲ့ အဓိပ္ပါယ်က အမာဝမှ ယိုသောသနံ့ရည်ကဲ့သို့ (အနာတွေ

http://www.dhammadownload.com



ပေါက်ပြီး အနာကနေအရည်, သွေးပြည်တွေယိုတာ) စက္ခုဒွါရစသည်တို့မှ ရူပါရုံစသည်တို့၌ ယိုတတ်သောကြောင့် အာသဝလို့ခေါ်တယ်တဲ့၊ ယိုစီးတတ်တဲ့ သဘောတရားလို့ ဆိုလိုတယ်ပေါ့။

အဲဒီတော့ သန့်ရည်ကတော့ ပကတိအနာက ယိုတယ်ပေါ့၊ အာသဝတရားတွေကတော့ မျက်စိကယိုမယ် နားကယိုမယ်ပေါ့လေ၊ ဆိုလိုတာကတော့ စက္ခုဒွါရကဖြစ်တယ်၊ သောတဒွါရကနေဖြစ်တယ်လို့ ဆိုလိုတာပါပဲ၊ ဒီလိုဖြစ်တာကိုပဲ ယိုစီးတယ်လို့ ဒီနေရာမှာသုံးတယ်၊ အဲဒီလို စက္ခုဒွါရစသည်တို့က ယိုစီးတတ်တာကြောင့် ဒီတရားတွေကို အာသဝတရားလို့ခေါ်တယ်။

တစ်နည်းအားဖြင့်တော့ "ကြာမြင့်စွာ ထုံအပ်စိမ်ထားအပ်သော စိမ်ရည် အရက်သည် သုံးသောက်စားသူ သတ္တဝါတို့ကို မူးယစ်စေသကဲ့သို့ လောဘစသော တရားတို့သည်လည်း သတ္တဝါတို့ကို အမြဲမူးယစ်စေကုန်သောကြောင့် အာသဝ။

ရှင်းရှင်းကတော့ အရက်နဲ့တူလို့ အာသဝ၊ ရှေးတုန်းကတော့ အရက်ချက်တယ်ဆိုရင် စိမ်ရည်လုပ်ရတယ်၊ ကြာရှည်စွာ ပန်းတို့ကောက်ညှင်းတို့ကိုထားတော့ အချိန်ကြာတဲ့အခါ အချဉ်ပေါက်ပြီးတော့ အရက်ဖြစ်သွားတယ်၊ အဲသလို ကြာရှည်စွာ ထုံထားအပ်တဲ့ အရက်နဲ့တူတဲ့အတွက်ကြောင့် ဒီတရားတွေကို အာသဝလို့ခေါ်တယ်။

သံသရာကြီးမှာကျင်လည်လာတော့ ကိုယ့်အနေနဲ့ ပြောရရင် ဒီတရားတွေဟာ သာသနာအစထဲက ဖြစ်ခဲ့ပြီ မဟုတ်လား၊ အဲသလို ဖြစ်ခဲ့တဲ့ တရားတွေဟာ အခုထိအောင်လည်း ဖြစ်နေတုန်း, ရှိနေတုန်းပဲ၊ အဲဒီတော့ ကြာမြင့်စွာ ထုံထားတဲ့ စိမ်ရည်နဲ့တူတယ်, အရက်နဲ့တူတယ်၊ ဒါကြောင့်မို့ ဒီတရားတွေကို အာသဝလို့ ခေါ်တယ်။

နောက်တစ်နည်းရှိသေးတယ်၊ ဒါကတော့ စာရွက်ထဲမှာမပါဘူး၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်သောကြောင့် အာသဝ၊ အဲသလိုဆိုတာလည်းရှိသေးတယ်၊ ယိုစီးတာပဲ။

ဒီနေရာကျတော့ ယိုစီးတာကိုနယ်နဲ့ သတ်မှတ်လိုက်တယ်၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်ဆိုတော့ ကုန်နေပြီ၊ ၃၁–ဘုံလုံးမှာ အာသဝတရားတွေအာရုံ မပြုနိုင်တဲ့တရားရယ်လို့မရှိဘူး၊ အာရုံပြုရာနယ်ပယ်ကိုပဲယိုစီးတယ်လို့ သုံးတာကိုး၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်တဲ့။

ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးနိုင်တယ်ဆိုတော့ ဂေါတြဘူတိုင်အောင် အာရုံပြုနိုင်တယ်လို့ ဆိုတယ်၊ သူတို့က အကုသိုလ်တရားတွေဆိုတော့ အကုသိုလ်

http://www.dhammadownload.com



တရားတွေက ဘယ်ကို အာရုံပြုသလဲ၊ အာရမ္မဏာသင်္ဂဟာပြန်ကြည့်ရလိမ့်မယ်။

အကုသိုလ်စိတ်ရဲ့ အာရုံကဘာလဲဆိုရင် လောကီတရားတွေပေါ့၊ လောကီစိတ်, စေတသိက်, ရုပ်, လောကုတ္တရာစိတ်ကို အကုသိုလ်က အာရုံမပြုနိုင်ဘူး၊ နိဗ္ဗာန်ကိုလည်း အကုသိုလ်က အာရုံမပြုနိုင်ဘူး။

ဒါကြောင့်မို့ ဓမ္မအားဖြင့် ကြည့်လိုက်မယ်ဆိုရင် မဂ်ရမယ်၊ ဝီထိမှာကြည့်လိုက်ရင် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်၊ အဲဒီမှာ ဂေါတြဘူတိုင်အောင် သူက အာရုံပြုနိုင်တယ်၊ ဒါကိုပဲ ဂေါတြဘူတိုင်အောင် ယိုစီးတယ်လို့ ဒီလိုဆိုတယ်၊ ဂေါတြဘူတိုင်အောင်ဆိုတာ ဂေါတြဘူပါ အပါအဝင်ပေါ့, အဲဒီဂေါတြဘူတိုင်အောင် အာရုံပြုနိုင်တဲ့တရားတွေကို အာသဝလို့ခေါ်တယ်။

အဲဒီအာသဝ ၄–ပါးရှိတယ်၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝလို့ အာသဝတရား ၄–ပါးရှိတယ်၊ မြန်မာလို အာသဝေါတရား ၄–ပါးလို့ ခေါ်ချင်လည်းခေါ်ပေါ့လေ၊ ဒါပေမယ်လို့ ဦးဇင်းတို့ ဘုန်းကြီးတွေသင်ရင်တော့ အာသဝလို့ပဲ ခေါ်တယ်။

ကာမာသဝဆိုတာ ကာမဘုံ၌ တပ်ကုန်သော ကာမဂုဏ် ၅–ပါးနှင့်စပ်သော ရာဂဟုဆိုအပ်သော လောဘစေတသိက်သည် ကာမာသဝ၊ ကာမဂုဏ်အာရုံတွေကို လိုချင်တောင့်တတဲ့, ကာမဂုဏ်အာရုံတွေမှ ငြိကပ်တွယ်တာတဲ့လောဘကို ကာမာသဝလို့ခေါ်တယ်၊ လောဘမူစိတ် ၈–ခုမှာရှိတဲ့ လောဘစေတသိက်ပေါ့။

ဘဝါသဝဆိုတော့ ဒီနေရာမှာ ဘဝအရ ကာမဘဝကို မယူတော့ဘူး၊ ရူပဘဝ, အရူပဘဝကိုယူပြီးတော့ ရူပဘုံ အရူပဘုံမှာ ကပ်ငြိတတ်တဲ့ တွယ်တာတတ်တဲ့ လောဘ စေတသိက်ကို ဘဝါသဝလို့ခေါ်တယ်။

အဲဒီတော့ ရူပဘုံ, အရူပဘုံမှာ ကပ်ငြိတွယ်တာတတ်တယ်ဆိုသဖြင့် ရူပဈာန်, အရူပဈာန်ကို တွယ်တာတာလည်းပဲ ဘဝါသဝထဲပါသွားတာပဲ၊ ရူပဈာန်, အရူပဈာန်ရဲ့ အကျိုးဖြစ်တဲ့ ရူပဘဝ၊ အဲဒီဟာတွေမှာ တွယ်တာတတ်တဲ့ လိုချင်တတ်တဲ့သဘော တရားကို ဘဝါသဝ၊ ရိုးရိုးပြောမယ်ဆိုရင်တော့ သူလည်း လောဘစေတသိက်ပဲ၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်မှာရှိတဲ့ လောဘစေတသိက်ပဲ။

ဒိဋ္ဌာသဝဆိုတာ ဒိဋ္ဌိအာဝသကို ဒိဋ္ဌာသဝလို့ ပေါင်းထားတာ၊ ၆၂–ပါးသော မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌာသဝ၊ မှားတဲ့အယူတွေပေါ့၊ မြဲတယ်လို့ယူတဲ့အယူ၊ ပြတ်တယ်လို့ ယူတဲ့အယူရှိတယ်၊ လွယ်လွယ်မှတ်ထားရင်တော့ သဿတဒိဋ္ဌိဆိုတာ သတ္တဝါတွေ မြဲတယ်လို့ယူတာကို သဿတဒိဋ္ဌိ, သတ္တဝါတွေ သေရင်ပြီးတာပဲ,

http://www.dhammadownload.com



ပြတ်သွားပြီ ယူတာကို ဥစ္ဆေဒဒိဋ္ဌိ၊ အဲဒီလို ဒိဋ္ဌိမျိုးတွေ၊ အတ္တယုံကြည်တဲ့သူတွေ၊ ကမ္ဘာကြီးကို ဖန်ဆင်းရှင်က ဖန်ဆင်းတယ်လို့ ယူတဲ့အယူတွေ အားလုံးပေါ့လေ၊ ဒါတွေအားလုံးဟာ မိစ္ဆာဒိဋ္ဌိတွေ၊ ဒိဋ္ဌိစေတသိက်၊ အဲဒါတွေက ဒိဋ္ဌာသဝ။

နောက်ဆုံးက အဝိဇ္ဇာသဝ၊ အဝိဇ္ဇာဆိုတာ မောဟစေတသိက်, မောဟဆိုတာ သစ္စာ ၄–ပါးကို ဖုံးလွှမ်းတတ်တယ်၊ ပုဗ္ဗန္တ ဆိုတာ သံသရာ၏ ရှေ့အစွန်း လွန်ခဲ့တဲ့ ဘဝတွေက ဖြစ်ခဲ့တဲ့ ခန္ဓာတွေကိုဆိုလိုတယ်၊ အပရန္တ ဆိုတာက နောက်အစွန်း၊ အနာဂတ်မှာဖြစ်မယ့်ခန္ဓာတွေကို ဆိုလိုတယ်၊ ပုဗ္ဗန္တာပရန္တ ဆိုတာက ရှေ့ရော နောက်ရော၊ ပြီးတော့ ပဋိစ္စသမုပ္ပါဒ်၊ ဤ၈–မျိုးသော တရားတို့ကို ဖုံးလွှမ်းတတ်တဲ့ မောဟကို အဝိဇ္ဇာသဝလို့ခေါ်တယ်။

အာသဝတရား ၄–ပါးရှိတယ်၊ ကာမာသဝ ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ၊ ဒါပြီးရင် သြဃ ၄–ပါးကြည့်လိုက်ကြစို့၊ အာသဝတရား ၄–ပါးနဲ့ သြဃ ၄–ပါး အမှန်တော့ အတူတူပဲ၊ နာမည်ပဲတူတာ၊ ဒီ ၄–ပါးကိုပဲသြဃလို့ ခေါ်တာ။

ဝဲသြဃဆိုတာ ကြားဖူးကြတယ်မဟုတ်လား" မဟာသမုဒ္ဒရာအတွင်း၌ ရှိသော ဝဲသြဃကြီးများသည် မိမိဝဲသြဃအတွင်း ကျရောက်တတ်သော သတ္တဝါများကို အတင်းနစ်၍ သတ်တတ်သကဲ့သို့ ကာမောဃစသော သြဃကြီး ၄–ပါးတို့သည် မိမိတို့နှင့် ဆက်ဆံသမျှသော သတ္တဝါတို့ကို သံသရာထဲ၌ အတင်းနစ်၍ သတ်တတ်ကုန်၏၊ ကူးမြောက်ခြင်းငှာ ခဲယဉ်းကုန်၏၊ ထို့ကြောင့် ကာမောဃစသော တရားတို့သည် သြဃမည်၏။

ဝဲသြဃရေအလျင်ဆိုတာ အင်္ဂလိပ်လို flood ပေါ့၊ ရေကြီးလာတဲ့အခါ ကျတော့ တဝုန်းဝုန်းနဲ့လာလိုက်တာ ဘယ်သူမှ မခံနိုင်ဘူး၊ အကုန်လုံးပါသွားတာပဲ၊ အဲသလိုပဲ သတ္တဝါတွေကို အပါယ်ငရဲထဲ, သံသရာထဲဆွဲဆောင်သွားတတ်တဲ့ သဘောတရားတွေကို သြဃလို့ခေါ်တယ်၊ အဲဒီသြဃက ၄–ပါး။

(၁) ကာမသြဃ (ပေါင်းလိုက်ရင်) ကာမောဃ (၂) ဘဝေါဃ (၃) ဒိဋ္ဌောဃ (၄) အဝိဇ္ဇောဃ၊ ဒါဟာ တရားကိုယ်ကောက်ရင် အာသဝတရား ၄–ပါး တရားကိုယ်နဲ့ အတူတူပဲ၊ ပထမ ၂–ခုက လောဘ၊ တတိယက ဒိဋ္ဌိ, စတုတ္ထက မောဟ။

သြဃပြီးတော့ ယောဂဆိုတဲ့ တရားရှိတယ်၊ ယောဂကလည်းအာသဝ ၄–ပါးကိုပဲ ယောဂလို့ခေါ်တာ။

ယောဂဆိုတာ ထမ်းပိုးခွင်၌ မြင်းတို့ကိုလည်းကောင်း၊ နွားတို့ကိုလည်းကောင်း တပ်၍ကျ၍ ထားကုန်ဘိသကဲ့သို့ (ထမ်းပိုးခွင်မှာ တပ်ထားတော့ ဘယ်မှမထွက်နိုင်

http://www.dhammadownload.com



တော့ဘူးပေါ့) ယောဂ ၄-ပါးတို့ကလည်း သတ္တဝါတို့ကို ဝဋ်ဒုက္ခဘဝစက်ယန္တရား ကြီး၌ တပ်၍ကဲ၍ ထားတတ်ကုန်သောကြောင့် ယောဂလို့ခေါ်တယ်တဲ့။

ဟိန္ဒူဘာသာမှာ ပြောနေတဲ့ ယောဂနဲ့ မတူဘူးနော်၊ အဲဒီယောဂကတော့ ကမ္မဋ္ဌာန်းအားထုတ်မှုလို့ဆိုလိုတယ်၊ ယောဂက အဓိပ္ပါယ် အမျိုးမျိုးရှိတယ်။

အဘိဓမ္မာမှာပြောတဲ့ ယောဂက ယှဉ်စပ်ထားတယ်တယ်ဆိုတဲ့ အဓိပ္ပါယ်၊ ယောဂဆိုတာ အစေးဖြင့်ကပ်၍စပ်ထားသကဲ့သို့ ယှဉ်စပ်ခြင်းအနက်ကိုဟော၏။ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ကပ်ထားတတ်သော တရားကို ဆိုလိုသည်။

ယောဂကလည်း ၄-ပါးပဲ, အတူတူပဲ(၁) ကာမယောဂ (၂) ဘဝယောဂ (၃) ဒိဋ္ဌိယောဂ (၄) အဝိဇ္ဇာယောဂ ၄-ပါးပဲ။

ဒါဖြင့် ကာမယောဂဆိုရင် လောဘ၊ ကာမဂုဏ်ကို တွယ်တာတဲ့ လောဘ စေတသိက်, ဘဝယောဂဆိုရင် ရူပဘုံ၊ အရူပဘုံကို တွယ်တာတဲ့လောဘစေတသိက်၊ ဒိဋ္ဌိယောဂဆိုရင်ဒိဋ္ဌိစေတသိက်၊ အဝိဇ္ဇာယောဂဆိုရင် မောဟ စေတသိက် နောက်ကျ တော့ပြန်ပြီး တရားကိုယ်တွေ ကောက်လိမ့်မယ်နော်၊ ဒါကြောင့် အခုထဲကလုပ်ရမယ်။

နောက်တစ်ခုက ဂန္ထတရား ၄-ပါးတဲ့, ဂန္ထဆိုတာအထုံးအဖွဲ့ဆိုတဲ့ အဓိပ္ပါယ် ရှိတယ်၊ ရစ်ပတ်ချည်နှောင်တတ်သောကြောင့် ဂန္ထခေါ်သည်တဲ့၊ ကြိုးနဲ့အထုံးအဖွဲ့ လုပ်ပြီးချည်ထားလိုက်တာ မလွတ်တော့ဘူးပေါ့။

လက်ထိပ်စသော အနှောင်အဖွဲ့ကဲ့သို့ နာမကာယနှင့် ရူပကာယကို မကွဲမပြား ရအောင် ဖွဲ့တတ်ခြင်း၊ တော်တော်ကြာ ကာယဂန္ထဆိုတဲ့ ကာယတွေကလာမှာမို့ ထည့်ပြောရတာ၊ ဒီမှာ ကာယ အရ နာမကာယရော, ရူပကာယရော ယူရတယ်၊ နာမ်ရောရုပ်ရော ယူရတယ်၊ နာမ်နဲ့ရုပ်ကို ကွဲမသွားရအောင် ချုပ်စပ်ထားတတ်တဲ့ သဘောမျိုးပေါ့၊ ပစ္စုပ္ပန်ကာယနဲ့ အနာဂတ်ကာယဘဝ အဆက်မပြတ်ရအောင် ဆက်စပ်ထားခြင်းပေါ့။

ဒီတရားတွေရှိနေသမျှ လောဘတရားတွေရှိနေသမျှ,ဒိဋ္ဌိတရားတွေ ရှိနေသမျှ ဘဝတွေ ဆက်ဆက်ဖြစ်နေဦးမှာပေါ့၊ အဲဒီတော့ ဒီဘဝနဲ့ ဟိုဘဝ စပ်တယ်၊ ဟိုဘဝနဲ့ ဟိုဘဝစပ်တယ်၊ အဲဒီလို မပြတ်အောင်ဖွဲ့ထားတတ်တယ်၊

ဘဝတစ်ပါး၏ စုတိနှင့် ဘဝတစ်ပါး၏ ပဋိသန္ဓေကို ဘဝအဆက်မပြတ်ရ စေခြင်းငှာ ဖွဲ့တတ်စပ်တတ်သောကြောင့် လောဘစသော တရားတို့သည် ကာယဂန္ထ မည်၏။

အဲဒီ ဂန္ထတရား ၄-ပါးရှိတယ်၊ သူကတော့ နည်းနည်းထူးလာတယ်။

http://www.dhammadownload.com



(၁) အဘိဇ္ဈာကာယဂန္ထ –အလုံးစုံသော တဏှာဆိုတာ လောဘကို ပြောတာ၊ အဲဒီတော့ အကုသလကမ္မပထတရား ၁၀–ပါးတုန်းက အဘိဇ္ဈာပါခဲ့တယ်၊ မှတ်မိလား၊ အဲဒီမှာတုန်းက သူများစည်းစိမ် မတရားလိုချင်မှုကို အဘိဇ္ဈာလို့ ခေါ်ခဲ့တယ်၊ စိတ်ထဲက သူ့ ပစ္စည်းကို ငါ့ပစ္စည်းဖြစ်ရင် ကောင်းမှာပဲလို့ ဖြစ်တဲ့ လောဘမျိုးကို အဘိဇ္ဈာလို့ခေါ်တယ်၊ ဒီမှာကတော့ လောဘမှန်သမျှကို အဘိဇ္ဈာ ကာယဂန္ထ လို့ ခေါ်တယ်၊ သူတပါး ပစ္စည်းမတရားလိုချင်တာကိုမှ မဆိုလိုဘူး။

(၂) ဗျာပါဒ ကာယဂန္ထ၊ ဗျာပါဒဆိုတာ ဒေါသကိုခေါ်တာ၊ ဒေါသစေတသိက် ပေါ့၊ အလုံးစုံသော ဒေါသ

(၃) သီလဗ္ဗတပရာမာသကာယဂန္ထ, ဒါကနည်းနည်း အရေးကြီးတယ်၊

အကြောင်းမဟုတ်သော နွားအလေ့အကျင့် ခွေးအလေ့အကျင့် စသည်များ သည် ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြောင်း မဂ်ပင်တည်းဟု မှားယွင်းသော အလေ့ဆိုး အကျင့်ဆိုးကိုပင် အမှန်ဟု ထင်မှတ် သုံးသပ်တတ်သော ဒိဋ္ဌိစေတသိက်။

နွားအကျင့် ကျင့်ရင် ကိလေသာကုန်တယ်, ခွေးအကျင့်ကျင့်ရင် ကိလေသာ ကုန်တယ်လို့ ဒီလိုစွဲမြဲစွာယုံကြည်ပြီးတော့ ဒီအကျင့်တွေကို ကျင့်နေတာ၊ အဲသလို စွဲမြဲစွာ ယုံကြည်တဲ့ အယူများကို သီလဗ္ဗတပရာမာသကာယ ဂန္ထလို့ခေါ်တယ်။

ရှေးတုန်းက ဒီလိုအကျင့်ကျင့်ဖူးသူတွေရှိတယ်၊ နွားလိုအိပ်တယ်၊ နွားလို စားတယ်, နွားလိုနေတယ်, နွားလိုအော်တယ်၊ တချို့ကလည်း ခွေးလိုကျင့်တယ်, ဒီလိုကျင့်ရင် ကိလေသာကုန်မှာပဲထင်ပြီး ဒီလိုကျင့်တာ၊ ခွေးစားသလို မြေကြီးပေါ် ချစား, ခွေးအိပ်သလို ပြာပုံထဲအိပ်တာတို့ လုပ်တဲ့သူတွေရှိတယ်၊ အဲသလို အကျင့်တွေကို ဝဋ်မှ ထွက်မြောက်ကြောင်း အကျင့်လို့ ယုံကြည်တာ၊ အဲဒါကို သီလဗ္ဗတပရာ မာသကာယဂန္ထ လို့ခေါ်တယ်။

အဲဒီ သီလဗ္ဗတပရာမာသ ကာယဂန္ထ က အရေးကြီးတယ်၊ ဘာကြောင့်လည်း ဆိုတော့ အခုခေတ်ဘယ်လိုဖြစ်နေသလဲဆိုတော့ သီလဆိုတာ အလေ့အကျင့်ပဲ, ဗ္ဗတဆိုတာ အလေ့အကျင့်ပဲ ဆိုပြီးတော့ အကုန်လုံး ရေစက်ချရင်လည်းသီလဗ္ဗတ ပရာမာသပဲ၊ ပရိတ်ရွတ်တာလည်းသီလဗ္ဗတပရာမာသပဲဆိုပြီး အဲသလို လျှောက်ပြော ကုန်ကြတယ်။

သီလဗ္ဗတပရာမာသဆိုတဲ့ အဓိပ္ပါယ်က အဲသလိုအကျင့်ဟာ ဝဋ်မှ ထွက်မြောက် ကြောင်းဖြစ်တယ်လို့ ယူတာ၊ ရေစက်ချရုံချပြီး အမျှဝေတာ, ဒါဟာကောင်းတဲ့အလုပ် လုပ်တာပဲ၊ ဒါဟာသီလဗ္ဗတပရာမာသ မဖြစ်ဘူး။

http://www.dhammadownload.com



ဒါပေမယ်လို့ ရေစက်ချရုံလေးနဲ့ ငါမင်္ဂဖိုလ်ရလိမ့်မယ် ယူဆရင် ဖြစ်နိုင်တယ်၊ သီလစောင့်ရုံလေးနဲ့ မဂ်ဖိုလ်ရလိမ့်မယ်ယူဆရင် အယူမှားဖြစ်နိုင်တယ်၊ ဒါပေမယ့် သီလဟာ ကျင့်သင့်ကျင့်ထိုက်တဲ့ တရားဖြစ်တယ်၊ သီလကို အခြေခံပြီးတော့မှ သမာဓိ, ပညာတတက်ရမှာ၊ အဲဒီတော့ သီလလဲ ကျင့်ရမယ်၊ သမာဓိပညာလဲ တက်ရမယ်၊ ဒီလိုယူဆရင်တော့ အယူမှန်ပဲ။

ဒီလိုမဟုတ်ဘဲ သီလသက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်တယ်၊ ဒါနသက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်တယ်၊ ဒီလိုယူရင်တော့ သီလဗ္ဗတပရာမာသဖြစ်နိုင်တယ်။

ရေစက်ချတာကို သီလဗ္ဗတပရာမသ သွားပြောလို့ မဖြစ်ဘူး၊ ရေစက်ချတာက ရေစက်ချရုံ လှူရုံတန်းရုံနဲ့ နိဗ္ဗာန်ရလိမ့်မယ်လို့ ရည်စူးပြီး လုပ်ကြတာ မဟုတ်ဘူး၊ ကောင်းမှုကုသိုလ်ပြုပြီး အမျှအတန်းပေးဝေတာကို ရေစက်ချတယ်လို့ ခေါ်တယ်၊ အယူတွေ လွဲလွဲသွားတတ်တယ်၊ အဲဒါတွေ သတိထားမှာ။

(၄) ဣဒံ သစ္စာဘိနိဝေသကာယဂန္ထ၊ ဣဒံဆိုတာ ဒီအရာ၊ သစ္စဆိုတာမှန်တယ်၊ ဒါသာမှန်တယ်၊ တခြားဟာတွေက အမှားချည်းပဲလို့ ယူတာ။

"မိမိယူထားပြီးသော မိစ္ဆာအယူကို ငါ၏အယူသာမှန်၏ အခြားတစ်ပါးသော အယူများသည် အမှားတို့သာတည်းဟု ပြင်းပြင်းထန်ထန် အယူသန်မှု"ကို ဣဒံ သစ္စာဘိနိဝေသကာယ ဂန္ထလို့ခေါ်တယ်။

ဒီနေရာမှာ ကိုယ်က ဗုဒ္ဓဘာသာ ယုံကြည်ပြီး ဗုဒ္ဓဘာသာမှန်တယ်၊ တခြားအယူတွေ မမှန်ဘူးလို့ဆိုရင်တော့ အဲဒါကတော့ ဣဒံသစ္စာဘိနိဝေသ မဖြစ်ဘူးတဲ့၊ ကိုယ်က ကုသိုလ်ကံတွေ ပြောရတာကိုး၊ အမှန်တရားကို အမှန်အတိုင်း ယူဆထားပြီးသားကိုး။

ဒီလိုမဟုတ်ဘဲနဲ့ အယူမှားကြီးကိုပဲ ဒါသာမှန်တယ်၊ တခြားဟာမှားတယ်လို့ ယူရင် ဣဒံသစ္စာဘိနိဝေသဖြစ်တယ်၊ ဒါဟာ ဦးဇင်းတို့ ဗုဒ္ဓဘာသာအနေနဲ့ interpet လုပ်တာ၊

အေးလူကလာပြီး ဒါကိုကြည့်ပြီး interpet လုပ်မယ်ဆိုရင်တော့ ဘယ်ဟာပဲ ဖြစ်ဖြစ် ဒီဟာသာမှန်တယ်၊ တခြားဟာမှားတယ်လို့ ယူရင် မိစ္ဆာဒိဋ္ဌိလိုဖြစ်မယ်လို့ ဆိုရမလို ရှိနေပြီ။

ဒါပေမယ်လို့ ဒီလိုဆိုတော့လဲဗုဒ္ဓဘာသာအနေနဲ့ လက်မခံနိုင်ပြန်ဘူး၊ ကိုယ့်အယူ မှန်တယ်လို့ ယူဆတာကို ဘယ်လိုဘာပြီး မိစ္ဆာဒိဋ္ဌိဖြစ်မလဲ၊ ဒီလိုသာ မိစ္ဆာဒိဋ္ဌိဖြစ်မယ်ဆိုရင် ဘုရားရဟန္တာတောင် မိစ္ဆာဒိဋ္ဌိကမကင်းတော့ဘူးဖြစ်မှာပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့ မိစ္ဆာအယူကိုယူပြီးတော့ ဒါသာမှန်တယ်၊ တခြားအယူတွေ အမှားချည်းပဲလို့ ယူဆတာမျိုးကို ဣဒံသစ္စာ ဘိနိဝေသကာယဂန္ထလို့ ခေါ်တယ်၊ သုတ္တန်တွေဖတ်ရင် ဒါကို ခဏခဏတွေ့မယ်၊ ဣဒမေဝသစ္စံ၊ မောဃမညံဆိုပြီးတော့ အဲဒီစကားတွေရှိတယ်၊ ဒါသာမှန်တယ်၊ တခြားဟာတွေက အလကားချည်းပဲလို့ ယူဆတာမျိုး၊

ဂန္ထ ၄-ပါးမှာ နံပတ်တစ်ဂန္ထကလောဘ, နံပတ်နှစ်ဂန္ထက ဒေါသ, နံပတ် သုံးနဲ့လေးက ဒိဋ္ဌိ နံပတ်သုံး သီလဗ္ဗတာပရာမာသကလည်း ဒိဋ္ဌိပဲ၊ ဣဒံသစ္စာဘိနိ ဝေသကလည်း ဒိဋ္ဌိပဲ။

နောက်တစ်ခုသွားရအောင်၊ ဂန္ထပြီးတော့ ဥပါဒါန်တဲ့, ဥပါဒါန် ၄-ပါး ရှိတယ်။

"ဥပါဒါန်ဆိုတာ ဘာကိုခေါ်တာတုန်း, ဖားကိုမြွေဖမ်းစားသောအခါ စွဲစွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ မိမိဆိုင်ရာ အာရုံ၌ စွဲစွဲမြဲမြဲယူတတ်သော စွဲလမ်းတတ်သော တရားကို ဥပါဒါန်ဟု ခေါ်သည်။

ဥပါဒါန်ဆိုတာ စွဲလမ်းတာကို ခေါ်တယ်၊ ရိုးရိုးလိုချင်တာထက်ပိုပြီးတော့ ပြင်းထန်တယ်၊ ရိုးရိုးလိုချင်ရင် တဏှာလို့ခေါ်တယ်၊ မလွှတ်နိုင်အောင်လိုချင်လာပြီ၊ စွဲစွဲလမ်းလမ်း ဖြစ်လာပြီဆိုရင် ဥပါဒါန် အဆင့်အတန်း ရောက်လာပြီ၊ တဏှာပစ္စယ ဥပါဒါန်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်မှလည်း အဲဒါပဲ, ဒီလို အဓိပ္ပါယ်မျိုးပြောရတယ်။

ဖားကိုမြွေက မျိုထားတော့ ဖားဘယ်ကိုမှ မပြေးနိုင်ဘူး၊ မလွှတ်တော့ဘူး၊ စွဲစွဲမြဲမြဲကြီးကို ဖမ်းထားတော့တာပဲ၊ အဲသလို တရားမျိုးကို ဥပါဒါန်လို့ ခေါ်တယ်။

အဲဒီဥပါဒါန် ၄-ပါးရှိတယ်။ ၁။ ကာမုပါဒါန် ၂။ ဒိဋ္ဌုပါဒါန် ၃။ သီလဗ္ဗတုပါဒါန် ၄။ အတ္တဝါဒုပါဒါန်လို့ ဥပါဒါန် ၄-ပါးရှိတယ်။

(၁)ကာမုပါဒါန်ဆိုတာ ဝတ္ထုကာမတို့၌ ပြင်းပြစွာ စွဲလမ်း၍ တပ်မက်သော တဏှာလောဘကို ကာမုပါဒါန်လို့ခေါ်တယ်၊ ကာမုပါဒါန်ဆိုတာ လောဘပဲ၊ ဝတ္ထုကာမဆိုတာ လိုချင်စရာကောင်းတဲ့ အာရုံတွေကို ဝတ္ထုကာမလို့ခေါ်တယ်၊

ကာမဆိုတဲ့ စကားလုံးက အဓိပ္ပါယ် ၂-မျိုးရှိတယ်၊ ဝတ္ထုကာမ, ကိလေသာ ကာမလို့ဒီလို ၂-မျိုးရှိတယ်၊ အဲဒါတွေမှာ အခုခေတ်လူတွေ ဘာသာပြန်တဲ့အခါမှာ ရှုပ်ထွေးပြီးတော့ ရှင်းလင်းအောင် ဘာသာမပြန်နိုင်ဘူး။

ကာမတွေ့ရင် desire သက်သက်ပြန်လို့ မရဘူး၊ တစ်ခါတလေမှာ ကာမက ဝတ္ထုကိုခေါ်တာ၊ နှစ်သက်စရာကောင်းတဲ့ အာရုံတွေကိုခေါ်တာ၊ တစ်ခါ

http://www.dhammadownload.com



တလေမှာ ကာမက အာရုံတွေကို နှစ်သက်တဲ့လောဘကိုခေါ်တာ၊ ဒါကြောင့်မို့ ဝတ္ထုကာမ, ကိလေသာကာမလို့ ဒီလို ၂-မျိုးခွဲတယ်။

ဝတ္ထုကာမဆိုတာက အာရုံတွေပေါ့လေ၊ ကိလေသာကာမဆိုတာက အဲဒီအာရုံတွေကို စွဲလမ်းတတ်တဲ့ လိုချင်တတ်တဲ့ လောဘကိုခေါ်တာ၊ ဒီမှာတော့ ဝတ္ထုကာမတို့၌ ပြင်းပြစွာ စွဲလမ်းတပ်မက်သော လောဘကို ကာမုပါဒါန်။

(၂) ဒိဋ္ဌုပါဒါန်ဆိုတာက အလုံးစုံသော ဒိဋ္ဌိကိုခေါ်တာ၊ အယူမှားမှန်သမျှကို ခေါ်တာ၊ ဗုဒ္ဓဘာသာအနေနဲ့ ပြောရင် အယူမှားဆိုတာ အတ္တရှိတယ်လို့ယူတာ၊ မြဲတယ်လို့ယူတာ၊ ကံကံ၏အကျိုး မရှိဘူးလို့ယူတာ၊ ဖန်ဆင်းရှင်ရှိတယ်လို့ယူတာ အားလုံးတွေဟာ ဒိဋ္ဌိပေါ့။

(၃) သီလဗ္ဗတုပါဒါန် ဆိုတာ ခုနအတိုင်းပဲ, နွားအကျင့်ကျင့်ရင် သံသရာမှ စင်ကြယ်ကြောင်းဖြစ်တယ်၊ ခွေးလိုကျင့်ရင် သံသရာစင်ကြယ်ကြောင်းဖြစ်တယ် စသည်ဖြင့် ယူတဲ့မိစ္ဆာဒိဋ္ဌိ, ဒိဋ္ဌိစေတသိက်တွေပေါ့၊ အဲဒါကို သီလဗ္ဗတုပါဒါန်။

ဒါဖြင့် သီလဗ္ဗတုပါဒါန်နဲ့ သီလဗ္ဗတပရာမာသနဲ့ အတူတူပဲ၊ နာမည်သာ ကွဲတာ။

(၄) အတ္တဝါဒုပါဒါန်တဲ့, ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး ယောကျ်ား မိန်းမစသောအားဖြင့် မှောက်မှောက်မှားမှား အထင်မှားတတ်သော သက္ကာယဒိဋ္ဌိ၊ အဲဒီတော့ဒိဋ္ဌိ ၂-မျိုးတွေ့နေတော့ ဒိဋ္ဌိ ၃-မျိုးဖြစ်နေပြီး၊ ဒိဋ္ဌုပါဒါန်နဲ့ အတ္တဝါဒုပါဒါန် ခွဲရလိမ့်မယ်။

အတ္တဝါဒုပါဒါန်က အတ္တလို့ စွဲလမ်းတာ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲ, အသက်ပဲ, ဝိညာဏ်ပဲ၊ လိပ်ပြာပဲ စသည်ဖြင့် အဲသလိုစွဲလမ်းတာကို အတ္တဝါဒုပါဒါန်ခေါ်ပြီးတော့ ကျန်တဲ့မိစ္ဆာအယူမှန်သမျှကို ဒိဋ္ဌုပါဒါန်လို့ အဲသလို ခွဲရလိမ့်မယ်။

အဲဒီတော့ အတ္တဝါဒုပါဒါန်က တော်တော်အရေးကြီးတယ်၊ တော်တော်နဲ့လည်း မပျောက်ဘူး၊ တရားတွေ ဘယ်လောက်သိသိ, ဒါတွေက ရှိနေသေးတာပဲ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေလည်း ရှိနေတာပဲ၊ လိပ်ပြာထွက်သွားတယ်၊ သေရင် လိပ်ပြာခွဲတယ်၊ အဲဒါ အယူအဆမျိုးတွေရှိနေသေးတာပဲ။

အဲဒီလို ဒီမှာဆိုလိုတဲ့ အတ္တကဒီလိုပေါ့လေ၊ ခန္ဓာငါးပါးမှအလွတ် အမြဲတမ်းတည်နေတဲ့, အနှစ်သာရအခိုင်အမာနဲ့ တည်နေတဲ့တရားတစ်ခု တစ်ခုရှိတယ်၊ အဲသလိုယူတာ၊ အဲဒီအတ္တဟာ ဒီခန္ဓာကနေပြီးနောက်ခန္ဓာတစ်ခု ပြောင်းသွားမယ်၊ နောက်ခန္ဓာတစ်ခုထပ်ပြောင်းသွားမယ် စသည်ဖြင့် တစ်ဘဝမှ တစ်ဘဝ ပြောင်းပြောင်း

http://www.dhammadownload.com



ပြီးတော့ နည်းနည်းချင်း စင်ကြယ်အောင်, တိုးတက်အောင် လုပ်သွားရမယ်။

အဲသလို သတ္တဝါတွေမှာ ခန္ဓာငါးပါးမှ အလွတ် အတ္တဆိုတာရှိတယ်လို့ ယူတာရယ်, ခန္ဓာငါးပါးကိုပဲ အတ္တလို့ယူတာရယ်ပေါ့၊ တချို့က ရုပ်ကို အတ္တလို့ ယူတာရှိတယ်၊ နာမ်ကို အတ္တလို့ယူတာရှိတယ်၊ အမျိုးမျိုးပဲ၊ အဲဒါက ဒိဋ္ဌိ ၆၂-ပါးဆိုတဲ့ ဗြဟ္မဇာလသုတ်ထဲမှာ ပါတယ်၊ နောက်ပြီးတော့ သက္ကာယဒိဋ္ဌိ ၂၀ ဆိုတာထဲမှာလည်းပါတယ်။

အဲဒီလို အနှစ်သာရအတ္တသဘောလေး ရှိတယ်လို့ ယူဆတာမျိုး၊ ဦးဇင်းတို့ စာထဲမှာတော့ ဘယ်လိုသုံးသလဲဆိုတော့ တိတ္ထိတို့ကြံဆအပ်သော လို့သုံးတယ်၊ အစစ်တကယ်ရှိတာမဟုတ်ပဲနဲ့ မှားယွင်းစွာကြံဆပြီးတော့ ယူထားတဲ့ အရာပေါ့၊ စကားလုံး အနေနဲ့တော့ရှိတယ်၊ တကယ့်အနက်အနေနဲ့ မရှိဘူး၊ ယုန်ချိုလို့ပြောတာမျိုးပေါ့၊ ယုန်ချိုဟာ စကားလုံးအနေနဲ့တော့ရှိတယ်၊ ဒါပေမယ့် တကယ်ကတော့ ယုန်ချိုဟာ ဝတ္ထုပစ္စည်းအနေနဲ့မရှိဘူး၊ အဲဒါမျိုးပေါ့။

ဟိန္ဒူတို့က အတ္တ ၂-မျိုးရှိတယ်တဲ့၊ ဇီဝအတ္တရယ် ပရမတ်အတ္တရယ်လို့ ၂-မျိုးရှိတယ်တဲ့။

ဇီဝအတ္တဆိုတာပုဂ္ဂိုလ်တစ်ဦးစီမှာ သီးခြားရှိတဲ့ အတ္တတွေ, အငယ်စားအတ္တတွေ ဒါကို ဇီဝအတ္တလို့ခေါ်တယ်၊ အဲဒီဇီဝအတ္တကိုလည်း မြဲတယ်လို့ ယူဆတယ်၊ အဲဒီမြဲတဲ့ ဇီဝအတ္တလေးဟာ ခန္ဓာကိုယ်တစ်ခု ဟောင်းသွားရင် ခန္ဓာကိုယ်အဟောင်းကို စွန့်ခဲ့ပြီးတော့ ခန္ဓာကိုယ်အသစ် သွားယူတယ်၊ အဲသလို တစ်ဘဝပြီး တစ်ဘဝယူတယ်၊ ဗုဒ္ဓဘာသာမှာလည်း အဲဒါမျိုးလေးတွေ ရှိတယ်နော်၊ မပြောတတ်ရင်, ရှင်းလင်းမပြတတ်ရင် ဒီဘဝကနေ နောက်ဘဝ ဝင်စားသွားတယ်ဆိုတာမျိုးတွေပေါ့၊ ထားပါတော့။

အဲသလို ဇီဝအတ္တလေးဟာ တစ်ဘဝကနေ တစ်ဘဝ သူ့ကိုယ်သူ ပိုမို စင်ကြယ်အောင်လုပ်, လုပ်သွားတာ နောင်တစ်နေ့ကျတော့ universel mind ဆိုတဲ့ ပရမတ်အတ္တဆိုတာကြီးနဲ့ သွားပေါင်းတယ်၊ အဲသလို သွားပေါင်းတာကို သူတို့က mokkha လွတ်မြောက်မှု, တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာအနေနဲ့ပြောရရင် နိဗ္ဗာန်ရတယ်ဆိုတာ သူတို့က အဲဒါကိုဆိုလိုတာ။

အဲဒီတော့ ဇီဝအတ္တဟာ ပရမတ် အတ္တကြီးရဲ့ အစိတ်အပိုင်း၊ အဲဒီပရမတ် အတ္တကြီးရဲ့အစိတ်အပိုင်းလေးတွေ ခွဲထွက်လာတာ၊ အဲဒီပရမတ် အတ္တကြီးနဲ့ပြန်ပေါင်း သွားတာဟာ နိဗ္ဗာန်ပဲ၊ ဒါက သူတို့ရဲ့ အယူအဆ။

ဒါကြောင့်မို့ ဇီဝအတ္တဖြစ်တဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့အတ္တကို ဖြူစင်အောင်

http://www.dhammadownload.com



တရားထိုင်တာတို့, ဟိန္ဒူဆိုင်ရာယောဂကျင့်တာတို့မျိုးလို ကျင့်ပြီးတော့ တဖြည်းဖြည်းနဲ့ စင်ကြယ်အောင်လုပ်သွားရမယ်၊ တစ်နေ့မှာ အဲဒီပရမတ်အတ္တကြီးနဲ့ သွားပေါင်းမယ်၊ အဲဒီပေါင်းတဲ့အချိန်ဟာ မောက္ခပဲ၊ ဒီလိုသူတို့က ယူဆတယ်။

အဲဒီ universal အတ္တကလည်းပဲ မြဲတာပဲ၊ ဇီဝအတ္တကလည်း မြဲတာပဲ၊ အဲသလို မြဲတဲ့အတ္တကို လက်ခံတဲ့ အယူဝါဒကို အတ္တဝါဒလို့ခေါ်တယ်။

မြတ်စွာဘုရားကတော့ အတ္တဆိုတာ ရှိကိုမရှိဘူးလို့ ပြောတယ်၊ ခန္ဓာငါးပါးမှအပ မြဲတဲ့သဘောတရားမရှိဘူး၊ ခန္ဓာငါးပါးဟာလည်းမြဲတဲ့သဘောတရား မဟုတ်လို့ အတ္တမဟုတ်ဘူး၊ ခန္ဓာငါးပါးကိုပဲ အတ္တလို့ သမုတ်ချင် သမုတ်နေကြမယ်ပေါ့လေ၊ ဒါပေမယ်လို့ အမြဲတည်နေတဲ့ (ever lasting) အတ္တမျိုးကတော့ ဘယ်တော့မှ မရှိဘူး၊ အနတ္တတရားကိုပဲ မြတ်စွာဘုရားက ဟောတော်မူတယ်။

ဒီနေရာမှာ ဟိန္ဒူဝါဒစွဲထားတဲ့ သူကလည်း အတ္တမရှိဘူး ပြောရင်မကြိုက်ဘူး၊ ဗုဒ္ဓဘာသာစွဲထားတဲ့သူကလည်း အတ္တရှိတယ် ပြောရင် မကြိုက်ဘူး၊ အဲသလို သွားကြမှာပေါ့။

အဲဒီတော့ မိမိတို့အနေနဲ့ကတော့ ဘာလဲဆိုရင် တစ်နေ့တော့ ဖလော်ရီဒါမှာ တရားပြတယ်၊ နောက်တစ်နေ့ တရားစစ်တဲ့အခါကျတော့ မိန်းမတစ်ယောက်က ပြောတယ်၊ တပည့်တော် ညက တရားဆက်မထိုင်နိုင်ဘူး၊ သိပ်စိတ်ဆိုးလို့တဲ့၊ ဘာလို့ စိတ်ဆိုးတာတုန်းဆိုတော့ အတ္တမရှိဘူးပြောလို့တဲ့၊ သူက ဟိန္ဒူဆရာတွေဆီမှာ တပည့်ခံပြီးတော့ ကမ္မဋ္ဌာန်းထိုင်လာတဲ့မိန်းမကိုး၊သူတို့မှာ အတ္တက သိပ်အရေးကြီးတာ၊ အတ္တမရှိဘူးပြောရမလားလို့ စိတ်ဆိုးတာ။

ဒါနဲ့ ပြောရတယ်၊ ငါလည်းဗုဒ္ဓဘာသာဘုန်းကြီး, ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးက အတ္တရှိပါတယ်လို့ ဘယ်တော့မှ မပြောဘူး၊ ပြီးတော့ ငါ့စကားကိုလည်း ယုံရမယ်လို့ နင့်ကိုလည်း မပြောဘူး၊ နင်တရားထိုင်တဲ့အခါကျတော့ အဲဒီအတ္တလေးကိုရှာကြည့်၊ တွေ့ရင်ယူပေါ့၊ မတွေ့ရင်လည်း နင့်သဘောပဲ, ဘာမှ သူများကို စိတ်ဆိုးမနေနဲ့, ငါ့စကားလည်းမယုံနဲ့, ဘယ်သူ့စကားမှလည်း မယုံနဲ့, ကိုယ့်ဘာသာ တရားထိုင်တဲ့အခါ အဲဒီအတ္တလေး အမြဲတည်တယ်ဆိုတဲ့ အနှစ်သာရ အမာခံဆိုတာလေးများ ရှာတွေ့လား၊ ကိုယ့်ဟာကိုယ်ကြည့်၊ တွေ့ရင်တော့ယူပေါ့”လို့ အဲသလို ပြောလိုက် တယ်။

သူတို့က အဲသလို မခံနိုင်တတ်ဘူး၊ အဲဒါကြောင့်မို့ အဲဒီအတ္တဝါဒကို အလွန် သတိထားရမယ်၊ ဘာကြောင့် သတိထားရမလည်းဆိုရင် မဟာယာနတွေ

http://www.dhammadownload.com



ကိုယ်တိုင် ခုနပြောတဲ့ဟာမျိုးလို ဆန်ဆန်တွေပြောတတ်တယ်၊ ဒီက အတ္တလေးနဲ့ဟိုက အတ္တကြီးပေါင်းသွားတယ်ဆိုတာပေါ့၊ သူတို့ (မဟာယာန)က အတ္တမသုံးဘူး၊ စိတ်ပေါ့၊ သူတို့က Buddha Nature လို့ သုံးလေ့ရှိတယ်၊ universeral individual ပေါ့၊ အဲဒါနဲ့ cosmic mind ပေါင်းသွားတာတို့ကို ဒီနိုင်ငံ (အမေရိကန်) ကလူတွေ အလွန်ပြောလေ့ရှိတယ်။

ဦးဇင်းက ပြောရတယ်၊ ဒို့ကတော့ ဒီလိုမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ ပြန်ပေါင်းတာတွေ cosmic mind တွေ ဘာမှမရှိဘူးလို့၊ သတ္တဝါတစ်ယောက်တစ်ယောက်မှာ သူ့ဟာသူရုပ်နဲ့ နာမ်နဲ့ရှိတာပဲ၊ ဒီနိုင်ငံမှာ အဲဒါတွေ သိပ်လုပ်တယ်။ ပြီးတော့ to be one with nature အဲဒါမျိုးတွေ သိပ်ကြိုက်တယ်။

ဒို့ကတော့ မဟုတ်ဘူး၊ ကိုယ့်ကိုကိုယ်ပဲရှုပြီးတော့ သဘောမှန် မြင်အောင် ကြည့်ရတယ်၊ သူများနဲ့ပေါင်းစပ်ချင်တယ်ဘာတယ် အဲဒီလို ဆက်သွယ်ရတာကို ကောင်းတယ်ထင်နေတာကိုက လောဘတဏှာ attachment ပဲ၊ some of belonging, ဒါကိုက အမှန် attachment ပဲ၊ ဒါတွေကို တကယ် တရား အားထုတ်လာပြီဆိုရင် ဖြတ်ရမှာလို့ ပြောခဲ့တယ်။

တစ်နေ့က တရားပြတုန်းကလည်း ထည့်ပြောခဲ့တယ်၊ ဒါတော့မဟုတ်ဘူး၊ အခြားကိစ္စပါ။

တရားထိုင်တဲ့အချိန်မှာ enjoy ဘာမှမလုပ်ရဘူး၊ nature လည်း enjoy မလုပ်ရဘူး၊ beauty လည်း enjoy မလုပ်ရဘူး၊ ကိုယ့်ဟာကိုယ် တရားထိုင်ပြီး ကိုယ့်အိမ်ကိုယ် ပြန်ရောက်သွားရင် လုပ်ချင်ရာလုပ်ကြ၊ တရားထိုင်နေတဲ့အချိန်မှာတော့ နှင်းဆီပန်းလှလှလေးမြင်လို့ enjoy လုပ်မယ်၊ ငှက်ကလေးသာသာယာယာနဲ့ သီချင်းဆိုနေလို့ enjoy မလုပ်ရဘူး၊ အဲသလို enjoy လုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်နယ်ကထွက်ပြီး သူများနယ်ထဲကျူးလွန်လိုက်ပြီ၊ မြတ်စွာဘုရားက သတိပဋ္ဌာန်တရား၄-ပါးဟာ ကိုယ့်ဘိုးဘွားပိုင် နယ်ပယ်လို့ ဟောထားတယ်၊ ကာမဂုဏ်ဘက်ကို သွားလိုက်တာနဲ့တစ်ပြိုင်နက် ဘိုးဘွားပိုင်နယ်ပယ်က အပြင် ထွက်သွားပြီ၊ အပြင်ထွက်သွားရင် fraught with danger အမျိုးမျိုးဒုက္ခတွေ တွေ့မယ်၊ မာရ်နတ်အခွင့်အလမ်း ရမယ်ပေါ့၊ ဒါကြောင့်မို့ တရားထိုင်နေတုန်းမှာ မင်းတို့ဘာမှ enjoy မလုပ်နဲ့၊ ပြီးရင် ကိုယ့်သဘောပဲလို့ ပြောခဲ့တယ်။

အဲသလိုပြောခဲ့တာကို တချို့လည်းကြိုက်မယ်၊ တချို့လည်း မကြိုက်ဘူး ပေါ့လေ၊ ထားပါတော့။

http://www.dhammadownload.com



သူတို့က ခုနလို some of belonging တို့, one with nature တို့, one with universal mind တို့ကို သိပ်ကြိုက်တယ်၊ မဟာယာနမှာ အဲဒါတွေပြောတော့ သူတို့သဘောကျတယ်၊

ထေရဝါဒမှာတော့ ဒါတွေမရဘူး၊ ကိုယ့်စိတ်ဟာ ကိုယ့်စိတ်ပဲ၊ ကိုယ့်နာမ်ဟာ ကိုယ့်နာမ်ပဲ၊ ကိုယ့်နာမ်ဟာ နာမ်ကြီးရဲ့ အစိတ်အပိုင်းမဟုတ်ဘူး၊ နာမ်ကြီးဆိုတာရှိကို မရှိဘူး၊ အဲသလို ယူဆတာတွေမှန်သမျှဟာ အတ္တဝါဒထဲပါလိမ့်မယ်၊ ပုဂ္ဂိုလ်သတ္တဝါ သူတစ်ပါး ယောကျ်ားမိန်းမ ရှိတယ်လို့ ယူတာလည်း အတ္တဝါဒပဲ။

စကားလုံးအနေနဲ့တော့ ငါဆိုတဲ့စကားလုံး မသုံးလို့ကို မရဘူး၊ မြတ်စွာဘုရား တောင်မှသုံးတယ်၊ ဒါပေမယ်လို့ ဒါကတော့ လောကဝေါဟာရကို ကျော်လွန်လို့ မရတဲ့အတွက်ကြောင့်သုံးတာ၊ တကယ်အယူမှားပြီးသုံးတာ မဟုတ်လို့ ကိစ္စမရှိဘူး။

နီဝရဏတဲ့၊ နီဝရဏက ဘာတဲ့တုန်း "ဈာန်, ဝိပဿနာ, မဂ် စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် လောဘစသော တရားတို့သည် နီဝရဏမည်၏"

ကုသိုလ်စိတ်ကိုတားမြစ်တတ်တယ်၊ ကုသိုလ်ကို ဖြစ်ခွင့်မရအောင် တားမြစ် တတ်တဲ့သဘောတရားတွေကို နီဝရဏလို့ခေါ်တယ်၊ hindrance လို့ အင်္ဂလိပ်လို ပြန်တယ်၊ ဈာန်တို့ဘာတို့ ရဖို့အတွက် တရားအားထုတ်ပြီဆိုရင် နီဝရဏဟာ အလွန်အရေးကြီးတယ်။

ဈာန်မရအောင် သူက တားမြစ်ထားတတ်တယ်၊ ဝိပဿနာ ထိုင်ရင်လည်း ထိုင်လို့ မဖြစ်အောင် တားမြစ်တယ်၊ ဝိပဿနာမဖြစ်ရင် မဂ်ဆိုတာ ဘယ်ရတော့မှာလဲ၊ ဒါတွင်မကဘူး၊ နီဝရဏတွေရှိနေရင် ရိုးရိုးကုသိုလ်တောင်မရနိုင်ဘူး၊ အဲဒီလို ကုသိုလ်တရားတွေ ဈာန် ဝိပဿနာမဂ်စတဲ့ တရားတွေကို မဖြစ်အောင် တားမြစ် တတ်တဲ့သဘောတရားတွေကို နီဝရဏလို့ခေါ်တယ်။

တရားထိုင်ဖူးတဲ့သူဆိုရင် နီဝရဏဆိုတဲ့ စကာလုံးကြားဖူးတယ်၊ နီဝရဏဟာ ကိုယ်တိုင်လည်း ခဏခဏတွေ့ကြုံဖူးတယ်၊ အခုထိုင်ကြည့်, အခုတွေ့မှာပဲ။

ကောင်းပြီ, အဲဒီနီဝရဏဟာ ၆-ပါးရှိတယ်။

(၁) ကာမစ္ဆန္ဒနီဝရဏတဲ့၊ ကာမဂုဏ်ငါးပါး၌ လွန်လွန်ကဲကဲ သာယာ တပ်မက်သောတရား၊ အမှန်တော့ လွန်လွန်ကဲကဲ မဟုတ်ပဲနဲ့ ရိုးရိုးတပ်မက်တာလည်း ကာမစ္ဆန္ဒပါပဲ၊ လောဘမှန်ရင် ဒီနေရာမှာ ကာမစ္ဆန္ဒပါပဲ။

http://www.dhammadownload.com



ဒါကြောင့်မို့ တရားထိုင်လို့ကောင်းတာလေးကြိုက်သွားရင်လည်း နီဝရဏ ဖြစ်သွားတာပဲ၊ ကာမစ္ဆန္ဒဟာ အလွန်သိမ်မွေ့တယ်၊

(၂) ဗျာပါဒနီဝရဏ, ဒါကဒေါသ, စိတ်ဆိုးတာ စိတ်တိုတာ စိတ်ညစ်တာ, စိတ်ပျက်တာ၊ ဒါတွေဟာ ဗျာပါဒတွေပေါ့။

(၃) ထိနမိဒ္ဓနီဝရဏတဲ့၊ ဒါက ထိနမိဒ္ဓနှစ်ပါးကိုခေါ်တယ်၊

(၄) ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏတဲ့၊ ဒါက ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စနှစ်ပါး၊ ဥဒ္ဓစ္စဆိုတာ စိတ်ပျံ့လွင့်တာ, စိတ်မတည်ငြိမ်တာ၊ ကုက္ကုစ္စဆိုတာက နောင်တတစ်ဖန် ပူပန်တာ။

(၅) ဝိစိကိစ္ဆာ နီဝရဏ ဒါကယုံမှားတာ၊ ဘုရား၌ ယုံမှားတယ်၊ တရား၌ ယုံမှားတယ်၊ သံဃာ၌ ယုံမှားတယ်၊ သိက္ခာသုံးပါး၌ ယုံမှားတယ်၊ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားတယ် စသည်ဖြင့်ပေါ့လေ။

(၆) အဝိဇ္ဇာနီဝရဏဆိုတာက အမှန်တရားကို ဖုံးကွယ်တတ်တဲ့ တရား, မောဟပေါ့၊ အဝိဇ္ဇာဆိုတာ မောဟနဲ့ အတူတူပဲ၊ အဲသလို နီဝရဏတရား ၆- ပါးရှိတယ်။

အမှန်အတိုင်းကြည့်မယ်ဆိုရင် အမှတ် ၃ နီဝရဏမှာ ထိနနဲ့ မိဒ္ဓ ၂-ခုကို နီဝရဏတစ်ခုလို့ ဒီမှာဟောထားတယ်၊ အမှန်ကတော့ ထိနက စေတသိက် တစ်ခု၊ မိဒ္ဓက စေတသိက်တစ်ခု၊ ၂-ခုနော်။

ပြီးတော့ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကြည့်လိုက်ဦး၊ ဥဒ္ဓစ္စက စေတသိက်တစ်ခု၊ ကုက္ကုစ္စက စေတသိက်တစ်ခု၊ တခြားစီပဲ၊ ဒါကြောင့်မို့ နီဝရဏတရားကိုယ်ကောက်ပြီဆိုရင် ၈-ခုဖြစ်လိမ့်မယ်၊ နီဝရဏနာမည်နဲ့ သုံးရင် ၆-ခုပဲ။

ဒါဖြင့် ထိနနဲ့ မိဒ္ဓကို ဘာကြောင့် နီဝရဏတစ်ခုထဲလုပ်သလဲ၊ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကို ဘာကြောင့် နီဝရဏတစ်ခု လုပ်သလဲဆိုတော့ သူတို့က ကိစ္စအားဖြင့် တူတယ်၊ အကြောင်းအားဖြင့်တူတယ်၊ ဆန့်ကျင်ဘက်အားဖြင့်တူတယ်၊ အဲသလိုတူလို့ ၂-ခု, ၂ခုကို တစ်ခုလုပ်ပြီး နီဝရဏတစ်ခုအနေနဲ့ ဒီမှာ သုံးထားတယ်။

ဆိုပါတော့, ထိနမိဒ္ဓရဲ့ ကိစ္စသဘောက ထိုင်းမှိုင်းတာပေါ့၊ တွန့်တာပေါ့၊ ထိနမိဒ္ဓဖြစ်လာရင် ဟိုဟာမလုပ်ချင်ဘူး၊ ဒီဟာမလုပ်ချင်ဘူးဖြစ်လာတယ်၊ အဲဒီတော့ စိတ်တွန့်ဆုတ်တာ ထိုင်းမှိုင်းတာကို ထိနမိဒ္ဓလို့ခေါ်တယ်၊ ထိနကလည်း ဒီကိစ္စရှိတယ်၊ မိဒ္ဓကလည်းကိစ္စရှိတယ်၊ တူတဲ့ကိစ္စရှိတယ်၊ ထိနမိဒ္ဓဆိုတာ အမှန်ကတော့ ပျင်းတာက စတာပဲ၊ ပျင်းရင် ထိနမိဒ္ဓဝင်လာတာပဲ၊ ဒါကြောင့်ပျင်းရိမှုဟာ သူတို့အကြောင်း၊ ဒီ၂-ခုလုံးရဲ့ ဆန့်ကျင်ဘက်က ဝီရိယ၊ အဲဒီလိုကိစ္စအားဖြင့်လည်းကောင်း အကြောင်း

http://www.dhammadownload.com



အားဖြင့်လည်းကောင်း, ဆန့်ကျင်ဘက်အားဖြင့်လည်းကောင်း တူတဲ့အတွက်ကြောင့် ထိနမိဒ္ဓကို တစ်ခုထဲလုပ်ထားတယ်။

ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စမှာ ဥဒ္ဓစ္စက ဘယ်စိတ်နဲ့ယှဉ်သလဲ ဆိုရင် မောဟမူစိတ်မှာ နောက်ဆုံးစိတ် (အကုသိုလ်စိတ်မှာ နောက်ဆုံးစိတ်လို့ခေါ်နိုင်တယ်) အဲဒီစိတ်နဲ့ ယှဉ်တယ်။

ကုက္ကုစ္စက ဘယ်စိတ်နဲ့ ယှဉ်သလဲဆိုရင် ဒေါသမူဒွေးနဲ့ယှဉ်တယ်၊ ကြည့်စမ်း, တခြားစီပဲ, ဒါပေမယ့် ဒီမှာ ၂–ခုကို တစ်ခုထဲလုပ်ထားတာလည်းပဲ အဲဒါပဲ၊ မငြိမ်သက် မအေးချမ်းတဲ့ကိစ္စအားဖြင့်လည်းတူတယ်၊ ဥဒ္ဓစ္စကလည်း အာရုံတစ်ခုပေါ်မှာ တည်တည် ငြိမ်ငြိမ်မနေနိုင်ဘူး၊ ကုက္ကုစ္စဖြစ်တော့လဲ မတည်မငြိမ်ဖြစ်တယ်၊ အဲသလို မတည်ငြိမ်မှု ကိစ္စအားဖြင့်တူတယ်။

အကြောင်းအားဖြင့်လည်း တူတယ်တဲ့၊ ဘာလဲဆိုရင် ဆွေမျိုးပျက်စီးတာ၊ စီးပွားဥစ္စာပျက်စီးတာ ဘာညာပေါ့လေ၊ ဆွေမျိုးအကြောင်းကြံစည်တာ၊ စီးပွားဥစ္စာအကြောင်းကြံစည်တာ၊ အဲဒါကနေပြီး ဥဒ္ဓစ္စ, ကုက္ကုစ္စဖြစ်တတ်တယ်တဲ့၊ အဲဒါကြောင့်မို့ အကြောင်းအားဖြင့်လည်းတူတယ်တဲ့။

ဆန့်ကျင်ဘက်အားဖြင့် ဟူတယ်ဆိုတာက သမာဓိရဲ့ဆန့်ကျင်ဘက်ဖြစ်တယ်၊ သမထရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်၊ ဥဒ္ဓစ္စဖြစ်ရင် ဘယ်နည်းနဲ့မှ သမာဓိမရဘူး၊ ကုက္ကုစ္စဖြစ်ရင် ဘယ်နည်းနဲ့မှသမာဓိမရဘူး၊ ငြိမ်းချမ်းမှုမရဘူး၊ အဲသလို ငြိမ်းချမ်းမှုရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်၊ အဲသလို ဆန့်ကျင်ဘက်ချင်းလည်း တူတဲ့အတွက်ကြောင့်မို့ လက္ခဏာအားဖြင့် ကွဲပြားနေတဲ့သီးခြားဒီ တရား ၂–ပါးကို ဒီနေရာမှာ နီဝရဏ ၁–ပါးထဲလို့ ဒီလိုဟောထားတယ်၊ တကယ်အားဖြင့်ဆိုရင် နီဝရဏ ၈–ပါးဖြစ်မယ်။

နောက်တစ်ခုက အနုသယတဲ့, အနုသယက ၇–ပါးရှိတယ်၊ "လျော်ကပ်သောအကြောင်းကို မရလျှင် မဖြစ်ပေါ်ကြကုန်ပဲလျော်ကပ်သောအကြောင်းကိုရလျှင် ဖြစ်လတ္တံ့သော သဘောတရားရှိသောတရားတို့သည် အနုသယမည်၏၊ သတ္တဝါတို့ သန္တာန်၌အစဉ်ကိန်းဝပ်၍ နေသော ဥတ်ခဲတ်, ဝပ်ခဲတ်,မျိုးစေ့ခဲတ်တို့ ပေတည်း။

အနုသယဆိုတာ ကိလေသာထက် နည်းနည်းထူးတယ်၊ အနုသယဆိုတာ ကိန်းဝပ်နေတတ်တဲ့သဘောတရားလို့ ဆိုလိုတယ်၊ အကြောင်းဆုံလာရင် ဖြစ်နိုင်တဲ့ သဘောတရားမျိုးကို အနုသယလို့ခေါ်တယ်၊ potential တကယ်ဖြစ်လာပြီဆိုရင် သူက ကိလေသာလို့ခေါ်ရတော့တယ်၊ ဥပါဒ်, ဌီ, ဘင် အနေအားဖြင့် ဖြစ်လာရင် ကိလေသာ ဖြစ်သွားတယ်၊ အဲဒီအချိန်အခါမှာ အနုသယလို့ မခေါ်တော့ဘူး။

http://www.dhammadownload.com



အနုသယဆိုတာက liability၊ အနုသယက သတ္တဝါတွေ သန္တာန်မှာ ဝပ်နေတယ်၊ ကိန်းနေတယ်၊ တကယ်တော့ ရှိနေတာတော့ မဟုတ်ဘူးနော်၊ ဥပါဒ်, ဠီ, ဘင်အားဖြင့် ရှိတယ်ပြောရင် ဖြစ်လာပြီ၊ ဖြစ်လာရင် သူက ကိလေသာလို့ ခေါ်ရတော့တယ်၊ ဒါပေမယ်လို့ ဖြစ်နိုင်တဲ့ သဘောကို အနုသယလို့ခေါ်တယ်။

ဆိုပါတော့, အခု စာသင်နေတဲ့အချိန် တရားဟောနေတဲ့အချိန်မှာ လောဘ ဒေါသမရှိဘူး ဆိုပါတော့၊အဲဒီတော့ ဘုန်းကြီးသန္တာန်မှာ အခုအခိုက်အတန့်မှာ လောဘ, ဒေါသ, ကိလေသာ မရှိဘူး ပြောနိုင်တယ်၊ ဒါပေမယ်လို့ လောဘဖြစ်စရာ အာရုံတစ်ခုနဲ့တွေ့ရင် လောဘဖြစ်လိမ့်မယ်၊ တရားဟောနေရင်းနဲ့ လိုချင်တာလေး တစ်ခုမြင်လိုက်တယ်၊ လိုချင်လာပြီဆိုရင် လောဘဖြစ်မယ်၊ တစ်စုံတစ်ယောက်က ဘာညာလုပ်လို့ စိတ်ဆိုးလိုက်တယ်၊ ဒေါသဖြစ်မယ်၊ အကြောင်းပေါ်လာရင်ဖြစ်မယ်။

ဒါကြောင့် လောဘ, ဒေါသဆိုတဲ့ အနုသယကျတော့ ဒီဘုန်းကြီးမှာ အမြဲ တမ်းရှိနေတယ်၊ အိပ်နေလည်းရှိနေတာပဲ၊ တရားထိုင်နေလည်းရှိနေတာပဲ၊ ဘုရားရှိခိုး နေလည်း ရှိနေတာပဲ၊ သူ (အနုသယ)က ချောင်ထဲကနေ ချောင်းနေတာ မျိုးပေါ့၊ အကြောင်းမတိုက်ဆိုင်လိုက်နဲ့ တိုက်ဆိုင်လိုက်ရင် ဝုန်းကနဲထဖြစ်မယ်ဆို တာမျိုးကို အနုသယလို့ခေါ်တယ်၊ အဲဒါအရေးကြီးတယ် မှတ်ထားကြ၊ အနုသယနဲ့ ကိလေသာ ကို အဲသလို ခွဲခြားပြီးတော့ နားလည်ရမယ်။

ကိလေသာဆိုတာကျတော့ ဥပါဒ်, ဠီ, ဘင်အားဖြင့် ဖြစ်လာပြီ၊ အနုသယက ဥပါဒ်, ဠီ, ဘင်အားဖြင့် မဖြစ်သေးဘူး၊ အကြောင်းညီညွတ်ရင်ဖြစ်မယ့် သဘော တရားတွေ၊ အဲသလို ကိန်းတတ်တဲ့ သဘောတရားတွေဟာ ၇-ပါးရှိတယ်။

ကိလေသာ ၁၀-ပါးရှိပေမယ်လို့ အားကောင်းပြီးကိန်းနိုင်တဲ့တရား (အနုသယ တရား)က ၇-ပါးပဲရှိတယ်။

(၁) ကာမရာဂါနုသယ-ကာမတရားတို့၌ သာယာနှစ်သက်တတ်သော လောဘ၊

(၂) ဘဝရာဂါနုသယ- မဟဂ္ဂုတ်ကုသိုလ်ဝိပါက်တို့၌ တပ်နှစ်သက်သော လောဘ၊ ရူပဘဝ အရူပဘဝပါပဲ။

(၃) ပဋိဃာနုသယဆိုတာ ဒေါသ၊

(၄) မာနာနုသယဆိုတာမာန၊

(၅) ဒိဋ္ဌာနုသယဆိုတာ ဒိဋ္ဌိ၊

(၆) ဝိစိကိစ္ဆာနုသယဆိုတာ ယုံမှားမှုဝိစိကိစ္ဆာစေတသိက်၊

http://www.dhammadownload.com



(၇) အဝိဇ္ဇာ နုသယဆိုတာ မောဟ၊ ဒီ ၇-ပါးကို အနုသယလို့ခေါ်တယ်၊ ဒီတရားတွေဟာ သတ္တဝါတွေ သန္တာန်မှာ အမြဲတမ်းကိန်းနေတယ်၊ မဂ်နဲ့ကျမှသူ့ကို ပယ်သတ်နိုင်တယ်၊ ရိုးရိုးကုသိုလ်နဲ့ သူ့ကိုမပယ်သတ်နိုင်ဘူး။

တရားအားထုတ်ရုံနေလေးနဲ့ ဝိပဿနာနဲ့ သူ့ကို မပယ်သတ်နိုင်သေးဘူး၊ ဝိပဿနာအားထုတ်လို့ ဝိပဿနာပြည့်စုံလို့ မဂ်ရပြီဆိုတဲ့ အချိန်အခါ အခါကျမှ သူ့ကို ပယ်သတ်နိုင်တယ်၊ အဲဒါ အနုသယတဲ့။

ဒါကြောင့်မို့ အနုသယကိလေသာဆိုတာ အနာဂတ်ကိလေသာကိုခေါ်တာလို့ တချို့ကျမ်းဂန်တွေမှာဆိုတယ်၊ ဆိုလိုတာကတော့ အခုရှိနေတာမဟုတ်ဘူး၊ နောင်ပေါ်လာမယ့်ဟာပေါ့၊ အခုရှိနေတာက ကိလေသာမဟုတ်ဘူး၊ အနုသယပဲရှိသေးတယ်၊ အကြောင်းညီညွတ်လာရင် ပေါ်ချင်ပေါ်မှာ၊ အဲဒါကို အနုသယလို့ခေါ်တယ်၊ အဲဒါက သိပ်ခဲယဉ်းတယ်၊ အနုသယကို သတ်ဖို့က အလွန်ခဲယဉ်းတယ်၊ ပေါ်လာတဲ့ ကိလေသာကို တရားမှတ်ပြီး ပျောက်ပစ်လို့ရတယ်၊ မပေါ်အောင်လုပ်ဖို့ကျတော့ ဘယ်လောက်ခဲယဉ်းသလဲ၊ လိုချင်စရာ အာရုံတွေပါလျက်နဲ့ မလိုချင်ဘူးလို့ဖြစ်နိုင်ဖို့၊ ဒေါသထွက်စရာတွေ့ပါလျက်နဲ့ ဒေါသမထွက်ပဲနေနိုင်အောင် အဲဒါကျတော့ အလွန်ခဲယဉ်းတယ်။

ဒါကြောင့်မို့ အနုသယဓာတ်ကို ပယ်ထားဖို့ရာမှာ ဘုရားရဟန္တာတို့လို ပယ်ထားမှသာ ဖြစ်နိုင်တယ်၊ အနုသယဓာတ်ကို မပယ်နိုင်သေးသမျှ လောဘဖြစ်စရာ အာရုံတွေ့ရင် ထဖြစ်နေဦးမှာပဲ။

သံယောဇဉ်တဲ့၊ ဒီစကားတွေက မြန်မာတွေအဖို့ ရိုးနေပါပြီ၊ သံယောဇဉ်ဆိုတာ ဘုန်းကြီးလည်း ရှိတာပဲ၊ လူလည်းရှိတာပဲ၊ ဒါပေမယ့် လူကပိုများတာပေါ့၊ လူမှာ သံယောဇဉ်ကြိုး ပိုတင်းတယ်, ပိုပြီးတော့ အားကောင်းတယ်။

"ဝဋ်ဆင်းရဲတို့၌ ဖွဲ့တတ်သောသဘောတရားတို့သည် သံယောဇဉ် မည်၏" ဝဋ်ထဲက မထွက်နိုင်အောင် ကြိုးနဲ့ချည်ထားလိုက်တာ, ကြိုးရှည်ရှည်နဲ့ လှန်ထားလိုက်တာ၊ ဒီကြိုးကြီး တန်းလန်းပါနေသမျှ ဘယ်သွားသွား ဒီပြန်ရောက်ရ တာပဲ၊ ထွက်မပြေးနိုင်ဘူး၊ လွတ်အောင် မသွားနိုင်ဘူး, အဲဒါကို သံယောဇဉ်တဲ့၊ ကြိုးနဲ့ တူတယ်လေ။

"လောက၌ရှိသော နှောင်အိမ်အမျိုးမျိုး, နှောင်ကြိုးအမျိုးမျိုးတို့နှင့်တူသော တရားတို့တည်း"

ပြီးတော့မှ ယောဂရယ်, ဂန္ထရယ်, သံယောဇဉ်ရယ်, သူကချည်တတ်တဲ့

http://www.dhammadownload.com



တရား ၃-မျိုးပဲ၊ သူက ဘယ်လို ထူးသလဲဆိုတာ အထူးလေးပြောမယ်။

"ဤ ၃-မျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တစ်မျိုးစီ ယှဉ်စပ်ဖွဲ့နှောင်တတ်ကြသဖြင့် သဘောတူသကဲ့သို့ရှိသော်လည်း၊ အဝေးဘုံဘဝသို့ ရောက်စေကာမူ၊ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့် ဆွဲထားဘိသကဲ့သို့ ဆွဲချည်ဖွဲ့နှောင်တတ်သော သဘောသည် သံယောဇဉ်မည်၏"

"သံကွင်းချင်း ဖွဲ့ဆက်သကဲ့သို့ စုတိ၊ ပဋိသန္ဓေ၊ ပဋိသန္ဓေ စုတိအားဖြင့် နာမ်ရုပ်အပေါင်းကို ဖွဲ့ဆက်တတ်သော သဘောသည် ဂန္ထ (ချိန်းကြိုးလေး စပ်တာမျိုး လိုပေါ့)

သစ်စေးဖြင့် ကပ်သကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိကိန်းရာ သတ္တဝါကို ယှဉ်စပ်ကပ်ထား တတ်သော သဘောသည် ယောဂ၊ အဲဒီလို aspect ထူးတာပေါ့လေ၊ အမှန်ကတော့ ဒီတရား၊ ဒီတရားပါပဲ။

ဒီလိုအနေနဲ့ကြည့်တော့ သံယောဇဉ်ခေါ်တယ်၊ ဒီလိုအနေနဲ့ကြည့်တော့ ယောဂခေါ်တယ်၊ ဒီလိုအနေနဲ့ကြည့်တော့ ဂန္ထ ခေါ်တယ်၊ ဒါပဲ။

သံယောဇဉ် ၁၀-ပါးတဲ့၊ သုတ္တန်နည်း အဘိဓမ္မာနည်း ၂-မျိုးရှိတယ်၊နံပတ်(၁) သုတ္တန်နည်းက ကာမရာဂသံယောဇဉ်တဲ့၊ ဒါဆိုရင် ကာမဂုဏ်မှာတပ်မက်နှစ်သက် တတ်တဲ့လောဘ။

(၂) ရူပရာဂသံယောဇဉ်၊ ရူပဘဝတပ်နှစ်သက်တာ လောဘ (၃)အရူပရာဂ သံယောဇဉ်၊ အရူပဘဝကိုတပ်နှစ်သက်တာ (၄) ပဋိဃသံယောဇဉ်ဆိုတာ ဒေါသပေါ့။

(၅) မာနသံယောဇဉ်ဆိုတာ မာန (၆) ဒိဋ္ဌိသံယောဇဉ်ဆိုတာ ဒိဋ္ဌိ၊ (၇) သီလဗ္ဗတပရာမာသသံယောဇဉ်၊ ခွေးအကျင့်နွားအကျင့်ကို ဟုတ်တယ်လို့ထင်တာဒိဋ္ဌိ၊ (၈) ဝိစိကိစ္ဆာသံယောဇဉ်- ဝိစိကိစ္ဆာ (၉) ဥဒ္ဓစ္စသံယောဇဉ် ဥဒ္ဓစ္စ၊ (၁၀) အဝိဇ္ဇာ သံယောဇဉ် မောဟပေါ့။

အဘိဓမ္မာနည်းကြည့်လိုက်ဦး၊ (၁) ကာမရာဂသံယောဇဉ်၊ ကာမဘဝနဲ့ ဆိုင်တယ် (၂) ဘဝရာဂသံယောဇဉ်၊ ဒါက ရူပနဲ့ အရူပကိုပေါင်းပြီး ဘဝလုပ်ထားတာ၊ ဘဝရာဂသံယောဇဉ်ဆိုတဲ့ ရူပဘဝနဲ့ အရူပဘဝကို တပ်နှစ်သက်တာ၊ (၃) ပဋိဃ (၄) မာန (၅) ဒိဋ္ဌိ (၆) သီလဗ္ဗတပရာမာသ (၇) ဝိစိကိစ္ဆာ သံယောဇဉ်တို့ဆိုတာ သုတ္တန်ဘက်ကအတိုင်းပဲ။

ဣဿာ မစ္ဆရိယ ဒီမှာပိုလာတယ် (၈) ဣဿာသံယောဇဉ်၊ ငြူစူတာ (၉) မစ္ဆရိယသံယောဇဉ်၊ ဝန်တိုတာ (သို့မဟုတ်) ကိုယ့်ပစ္စည်းသူများနဲ့ ဆက်ဆံတာကို

http://www.dhammadownload.com



မခံနိုင်တာ၊ အဝိဇ္ဇာသံယောဇဉ်က အတူတူပဲ။

အဲသလို သုတ္တန်အားဖြင့် သံယောဇဉ် ၁၀-ပါး၊ အဘိဓမ္မာနည်းအားဖြင့် သံယောဇဉ် ၁၀-ပါး၊ အဲသလို သံယောဇဉ် ၁၀-ပါး ၂-မျိုးရှိတယ်၊ ၂-မျိုးလုံး ကိုပဲ မှတ်ရမယ်။

သုတ္တန်တွေဖတ်ရင် သုတ္တန်နည်းသံယောဇဉ်တွေ များများတွေ့မယ်၊ အဘိဓမ္မာ မှာတော့ အဘိဓမ္မာသံယောဇဉ်တွေ့မယ်။

ကောင်းပြီ၊ အဲဒီသံယောဇဉ်မှာ ကာမဘုံနဲ့ဆိုင်တဲ့သံယောဇဉ်၊ ရူပဘုံနဲ့ဆိုင်တဲ့ သံယောဇဉ်ဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ ပါဠိစကားမှာ ဥဒ္ဓံဘာဂိယ ဩရံဘာဂိယရယ်လို့ သုံးတာရှိတယ်၊ သုတ္တန်တွေဖတ်ရင် ခဏခဏတွေ့တတ်တတ်။

ဩရံဘာဂိယဆိုတာ အောက်ဘက်ဆွဲတတ်တယ်လို့ ဆိုပါတယ်၊ ဥဒ္ဓံဘာဂိယ ဆိုတာ အထက်ဖက်ကို ဆွဲတတ်တယ် ချည်နှောင်တတ်တယ်လို့ဆိုတယ်။

အောက်ဘက်ကို ချည်နှောင်တတ်တဲ့တရားဆိုတာက ကာမရာဂ သံယောဇဉ် ရယ်၊ ပဋိဃသံယောဇဉ်ရယ်၊ ဒိဋ္ဌိသံယောဇဉ်ရယ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ် ရယ်၊ ဝိစိကိစ္ဆာသံယောဇဉ်ရယ်၊ ဒီ ၅-ခုကို ဩရံဘာဂိယအောက်ဖက် ချည်နှောင် တတ်တယ်လို့ ဆိုတယ်။

ရူပရာဂရယ်၊ အရူပရာဂရယ်၊ မာနရယ်၊ ဥဒ္ဓစ္စရယ်၊ အဝိဇ္ဇာရယ်၊ သူတို့က အထက်ဘက် ချည်နှောင်တတ်တယ်၊ မာနကရဟန္တာဖြစ်မှပြုတ်တာ၊ အနာဂါမ် ထိအောင် မာနရှိသေးတယ်၊ ဥဒ္ဓစ္စကလည်း မောဟမူစိတ် ဖြစ်တော့ ရဟန္တာဖြစ်မှပြုတ်တာ၊ ဒါကြောင့်မို့ အဲဒီ ၅-ပါးကို ဥဒ္ဓံဘာဂိယ ခေါ်တယ်၊ ပါဠိတွေဖတ်ရင်တွေ့လိမ့်မယ်။

သံယောဇဉ် ၁၀-ပါးရှိတယ်၊ သုတ္တန်နည်းအားဖြင့် သံယောဇဉ် တရားကိုယ် ဘယ်နှစ်ပါးရှိသလဲ၊ ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ် အရူပသံယောဇဉ် တို့ဟာ လောဘဖြစ်တဲ့အတွက်ကြောင့် ဒီ၃-ခုဟာ တရားကိုယ်တစ်ခုထဲပဲ၊ လောဘ

ပဋိဃက ဒေါသ၊ မာနက မာန၊ ဒိဋ္ဌိကဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသကဒိဋ္ဌိ၊ ဝိစိကိစ္ဆာက ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စက ဥဒ္ဓစ္စ၊ အဝိဇ္ဇာက အဝိဇ္ဇာ၊ အဲဒီတော့ သံယောဇဉ် တရားကိုယ် ၇-ခုရှိတယ်။

အဘိဓမ္မာနည်းကျတော့ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ အဝိဇ္ဇာဆိုတော့ ၈-ခု၊ အဲဒီ ၇-နဲ့ ၈ မှာ တူတာမယူပဲနဲ့ မတူတာ ထပ်ထည့်လိုက်ရင် ၉-ခုဖြစ်သွားမယ်။

http://www.dhammadownload.com



ကိလေသာတဲ့၊ စိတ်၏ပူပန်ကြောင်း ညစ်ညူးကြောင်း ကျဉ်နာကြောင်း၊ သနားကြင်နာတာမဟုတ်ဘူး၊ ကျဉ်နာဆိုတာ နာအောင်ကျဉ်အောင် ပြုတာမျိုး ဖြစ်သောကြောင့် ကိလေသာမည်၏၊ ကိလေသာဆိုတာ စိတ်ကို ညစ်ပေအောင်, ပူပန်အောင် လုပ်တတ်တဲ့တရားမျိုး၊ ကိလေသာ ၁၀ပါးရှိတယ်။

(၁) လောဘ (၂) ဒေါသ (၃) မောဟ (၄) မာန (၆) ဝိစိကိစ္ဆာ (၇) ထိန (၈) ဥဒ္ဓစ္စ, (၉) အဟိရိက (၁၀) အနောတ္တပ္ပ အားလုံး အကုသိုလ်ချည်းပဲ၊ ကိလေသာ ၁၀–ပါးဆိုတာ ဒါတွေကိုပြောတာ၊ ဒါလေးတွေကိုမှတ်မိရင်ကောင်းတယ်။

ကောင်းပြီ, တရားကိုယ်ကောက်နည်းမှာလဲ ဘာတဲ့တုန်း၊ ကာမသဒ္ဒါ, ဘဝသဒ္ဒါ, အဘိဇ္ဈာသဒ္ဒါတို့ကိုတွေ့ရင် လောဘကို ကောက်ပါ၊ သီလဗ္ဗတပရာမာသ, ဣဒံ သစ္စာဘိနိဝေသ, အတ္တဝါဒသဒ္ဒါတို့ကိုတွေ့ရင် ဒိဋ္ဌိကို ကောက်ပါ၊ ဗျာပါဒ သဒ္ဒါကိုတွေ့ရင် ဒေါသကို ကောက်ပါ၊ ကျန်တရားကိုယ်တွေကတော့ သူ့အမည် အတိုင်းပဲ။

ကိလေသာနဲ့ ပတ်သက်ပြီးတော့ (တစ်ထောင့်ငါးရာကိလေသာဆိုတာ မြန်မာစကားတောင် ဖြစ်နေပါတယ်) ဘာမှန်းလဲမသိကြပဲနဲ့ တစ်ထောင့်ငါးရာ ပြောနေကြတာ၊ မကောင်းမှု တွယ်တာမှုမျိုးလို, သားမယားအပေါ် တွယ်တာမှုမျိုးလို, တစ်ထောင့်ငါးရာ တစ်ထောင့်ငါးရာနဲ့ သုံးနေကြတော့၊ အမှန်က (အဘိဓမ္မာသဘော မှာတော့) လောဘမှန်ရင် တစ်ထောင့်ငါးရာထဲပါတယ်။

အဲဒီကိလေသာတစ်ထောင့်ငါးရာဖြစ်အောင် ဘယ်လိုတွက်မလဲ တွက်နည်း ဒီမှာပေးထားတယ်။

*** နာမ် စေတသိက်၊ နိပ္ဖန္နာ၊ တည်ပါလက္ခဏာ။**

နာမ် ၅၃–ပါးဆိုတာက စိတ်ကို တစ်ခုထဲက ယူတာ၊ စိတ်တစ်ခု၊ စေတသိက် ၅၂–ခုဆိုတော့ ၅၃–ပါးဖြစ်ရော၊ နိပ္ဖန္နရုပ်က ၁၈–ခုရှိတယ်၊ လက္ခဏာရုပ်က၄– ပါးရှိတယ်၊ အဲဒါ ပေါင်းလိုက်ရင် အားလုံး ၇၅ ပါးရတယ်တဲ့။

အောက်မှာ အဓိပ္ပါယ်ရေးထားပြီးသား၊ စေတသိက် ၅၂–ပါး၊ စိတ်က အာရမ္မဏဝိဇာနန လက္ခဏာအားဖြင့် ၁–ပါးဟု ဆိုအပ်သော နာမ်စေတသိက်သနှင့် နိပ္ဖန္နရုပ် ၁၈–ပါး၊ လက္ခဏာရုပ် ၄–ပါးအားဖြင့် ရုပ်နာမ်ပေါင်း ၇၅–ပါး၊အဲဒါကိုမှ သန္တာန်နှစ်ဖြာဆိုတာက မိမိသန္တာန် သူတပါးသန္တာန် အဇ္ဈတ္တ, ဗဟိဒ္ဓအတွင်းအပြင် ဆိုလိုတယ်၊ သန္တန် ၂–ခုနဲ့ မြှောက်လိုက်ပါတဲ့

*** သန္တာန်နှစ်ဖြာ၊ မြှောက်ပွားကာ၊ တစ်ရာငါးဆယ်ရ။**

http://www.dhammadownload.com



၇၅ ကို ၂ နဲ့မြှောက်တော့ တစ်ရာ့ငါးဆယ်ရရောတဲ့။

* **ယင်းကို တစ်ခါ၊ ကိလေသာ၊ ဆယ်ဖြာမြှောက်ပြန်ချ။**

ကိလေသာ ၁၀ ပါးနဲ့ အဲဒါကို မြှောက်လိုက်, ၁၅၀၀ ရရော, ၎င်း ၁၅၀ ကို ကိလေသာ ၁၀ပါးနဲ့ မြှောက်သော် ၁၅၀၀ ကိလေသာဖြစ်တယ်။

* **ယင်းကိုတစ်ခါ၊ ကိလေသာ၊ ဆယ်ဖြာမြှောက်ပြန်ချ။**

* **တစ်ထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါဖြစ်သည်ပ။**

ပြီးတော့ တဏှာအစစ် တစ်ရာ့ရှစ်တဲ့၊ တဏှာ ၁၀၈ ပါးကိုဟောတာတွေလည်း ရှိသေးတယ်၊ ရတနသုတ်ထဲမှာတောင် ပါသေးတယ်၊ ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာမှာ အဋ္ဌသတံကို ၁၀၈-ပါးလို့ ယူတာရှိတယ်၊ တဏှာ ၁၀၈-ပါးကို ကော ဘယ်လိုလုပ်ပြီး တွက်သလဲ။

* **တဏှာသုံးတန်၊ တည်ထားခံ၊ အာ ကာ သံ နှင့်မြှောက်။**

တဏှာသုံးပါးက ကာမတဏှာရယ်, ဘဝတဏှာရယ်, ဝိဘဝတဏှာရယ်လို့ ရှိတယ်၊ ဓမ္မစကြာရရင်ဖြစ်စေ, ဖတ်ဖူးရင်ဖြစ်စေ သိတယ်။

အဲဒီတဏှာ ၃-တန်ကို တည်ထားပါ၊ အာဆိုတာ အာရုံ၊ ပြီးတော့ အာရုံ ၆-ပါး၊ ကာဆိုတာ ကာလ, ပစ္စုပ္ပန်, အတိတ်, အနာဂတ် ၃-ပါး, သံဆိုတာက သန္တာန်, မိမိသန္တာန် သူတစ်ပါးသန္တာန် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်, အတွင်းအပြင်။

* **တဏှာသုံးတန်၊ တည်ထားခံ၊ အာ ကာ သံ နှင့်မြှောက်။**

အာကာသံဆိုတော့ အာကာသနဲ့ရောပြီး ကောင်းကင်ကြီးလို့ မထင်နဲ့၊ အာက အာရုံ၊ ကာက ကာလ, သံက သန္တာန်ကို ဆိုလိုတယ်။

* **တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏မှတ်လေဘိ။**

အမှန်တော့ ဦးဇင်းတို့ ရထားတာက ဖြစ်၏ လူမှာရောက်၊ အဲဒါက ပိုပြီး ကာရံလိုက်လျောမှုရှိတယ်။

တဏှာ ၁၀၈-ပါးဆိုတာကလည်း သံယုတ်ပါဠိတော်မှာဟောခဲ့တာ အလွန် ပေါတယ်၊ ဟိုဟာနဲ့ မြှောက် ဒီဟာနဲ့ မြှောက်နဲ့ ဖြစ်ကုန်တာပဲ၊ သိပ်မခဲယဉ်းပါဘူး၊ မသိတော့လည်း အခက်ကြီး ထင်ရတာပဲ။

၁၅၀၀-ကိလေသာလို့ ပြောနေကြပေမယ့် ၁၅၀၀ ကိလေသာ သိလားမေးရင် ဖြေနိုင်ဖို့ခက်တယ်၊ အမှန်တော့ ကိလေသာ ၁၀-ပါးပါပဲ၊ ဟိုဟာနဲ့ မြှောက်၊ ဒီဟာနဲ့မြှောက်ရင်း ဖြစ်သွားတာပဲ။

အကုသလသင်္ဂဟအတွက် ဇယားကွက်ရှိတယ်၊ အဲဒီဇယားကွက်က

http://www.dhammadownload.com



ကျေအောင် ပြန်ချေတဲ့သဘောပဲ၊ ဒီဓယားကွက်ဟာ ကောင်းတယ်။

အဲဒီဓယားကွက်ကို ကြည့်လိုက်ရင် အာသဝတရား ၄-ပါးရှိတယ်တဲ့၊ ကာမာသဝရယ်, ဘဝါသဝရယ်, ဒိဋ္ဌာသဝရယ် အဝိဇ္ဇာသဝရယ်။

ကာမာသဝနဲ့ ဘဝါသဝရဲ့ တရားကိုယ်က လောဘ, ဒိဋ္ဌာသဝရဲ့ တရားကိုယ်က ဒိဋ္ဌိ, အဝိဇ္ဇာသဝရဲ့ တရားကိုယ်က မောဟ။

အာသဝတရား ၄-ပါးရှိပေမယ်လို့ တရားကိုယ်က ၃-ပါးပဲရှိတယ်၊ လောဘ, ဒိဋ္ဌိ, မောဟ, အဲသလိုသွားမယ်၊ ဩဃ၄-ပါး, ယောဂ ၄-ပါး ဒီအတိုင်းပဲ။

ဂန္ထ ၄-ပါးရှိတယ်, အဘိဇ္ဈာကာယဂန္ထရဲ့ တရားကိုယ်ကလောဘ၊ ဗျာပါဒ ကာယဂန္ထရဲ့ တရားကိုယ်က ဒေါသ, သီလဗ္ဗတပရာမာသနဲ့ ဣဒံ သစ္စာဘိနိဝေသရဲ့ တရားကိုယ်က ဒိဋ္ဌိ၊ ဒါကြောင့် ဂန္ထ ၄-ပါးမှာ တရားကိုယ် ၃-ပါးပဲရှိတယ်။

ဥပါဒါန် ၄-ပါးရှိတယ်၊ ကာမုပါဒါန်ရဲ့ တရားကိုယ်ကလောဘ၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ရဲ့ တရားကိုယ်က ဒိဋ္ဌိ, ဥပါဒါန်ကျတော့ တရားကိုယ်အားဖြင့် ၂-ပါးပဲရှိတော့တယ်။

နီဝရဏ ၆-ပါးရှိတယ်၊ ကာမစ္ဆန္ဒနီဝရဏက လောဘ, ဗျာပါဒက ဒေါသ, ထိနနဲ့ မိဒ္ဓက ထိနနဲ့မိဒ္ဓ ၂-ခု, ဝိစိကိစ္ဆာက ဝိစိကိစ္ဆာ, ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စက ဥဒ္ဓစ္စ, ကုက္ကုစ္စ ၂ခု၊ အဝိဇ္ဇာက မောဟ၊ အားလုံး နီဝရဏ ၆-ပါး၊ တရားကိုယ် ၈-ပါး တရားအားထုတ်တဲ့အခါကျတော့ အဝိဇ္ဇာ ချန်ထားပြီးတော့ နီဝရဏ ၅-ပါးလို့ သုံးတယ်၊ ဘာကြောင့်လဲဆိုတော့ အဝိဇ္ဇာကို ပယ်လို့မှ မရတာကိုး။

အနုသယ ၇-ပါးရှိတယ်၊ တရားကိုယ်က ၆-ပါး၊ ဘာကြောင့်တုန်း ကာမရာဂါနုသယနဲ့ ဘဝရာဂါနုသယက လောဘတစ်ခုထဲ၊ ပဋိဃာနုသယက ဒေါသ, မာနနုသယက မာန,ဒိဋ္ဌာနုသယက ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ နုသယက ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနုသယက မောဟ။

http://www.dhammadownload.com



## မိဿကသင်္ဂဟ

မိဿကသင်္ဂဟ၌ (၁) ဟိတ် ၆–ပါး၊ (၂)ဈာနင် ၇–ပါး (၃) မဂ္ဂင် ၁၂–ပါး (၄) ဣန္ဒြေ –၂၂ပါး (၅) ဗိုလ် –၉ပါး (၆) အဓိပတိ ၄–ပါး (၇) အာဟာရ ၄–ပါးအားဖြင့် ဝေဖန်ပြဆို၏။

### (၁) ဟိတ်

အာရုံ၌ မိမိနှင့်ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော ပစ္စယုပ္ပန် အကျိုးတရားတို့ကို ကောင်းစွာတည်တံ့စေတတ်သော အကြောင်းတရားသည် ဟိတ်မည်၏၊ ၎င်းဟိတ်တရားတို့သည် သစ်မြစ်နှင့်တူကုန်၏။ သစ်မြစ်တို့သည် ပင်စည်ကို ကြီးပွားခိုင်ခံ့တည်တံ့စေကုန်သကဲ့သို့ ဟိတ် ၆–ပါးသည် မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော စိတ်စေတသိက် တရားတို့ကို အာရုံ၌ မြဲစွဲတည်တံ့ခိုင်ခံ့ ကြီးပွားစေကုန်၏။ ထို့ကြောင့်–

"ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"

ဟုဆို၏၊ ဟိတ်တရားတို့သည် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဟူ၍ ၆–ပါးအပြားရှိကုန်၏။

### (၂) ဈာနင်

ကောင်းသောအာရုံ၌ဖြစ်စေ၊ မကောင်းသောအာရုံ၌ဖြစ်စေ၊ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။ ထို့ကြောင့်–

"စိုက်စိုက်စူးစူး၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်"

ဟုဆို၏၊ ထိုဈာန်၏အစိတ်အစိတ်ဖြစ်သော အင်္ဂါတို့သည် ဈာနင်မည်၏။

ဈာနင်တို့သည် ဝိတက်ဈာနင်၊ ဝိစာရဈာနင်၊ ပီတိဈာနင်၊ ဧကဂ္ဂတာဈာနင်၊ သောမနဿဈာနင်၊ ဒေါမနဿဈာနင်၊ ဥပေက္ခာဈာနင်ဟူ၍ (၇)ပါးအပြားရှိကုန်၏။

### (၃) မဂ္ဂင်

ခရီးလမ်းကို မဂ္ဂဟူ၍ ဆိုအပ်၏၊ စိတ်၏ဖြောင့်ဖြောင့်သွားရန် ကောက်ကောက်ကွေ့ကွေ့သွားရန် ခရီးစဉ်လည်းမဂ်မည်၏၊ အကုသိုလ်မဂ္ဂင်သည် အပါယ်သို့ လားကြောင်းဖြစ်၍ ကုသိုလ်မဂ္ဂင်သည် နတ်ရွာသုဂတိ နိဗ္ဗာန်ချမ်းသာသို့ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ခရီးကောက် ခရီးဖြောင့် နှစ်ပါးတို့၏ အင်္ဂါအဆောက်အဦးတို့သည် မဂ္ဂင်မည်ကုန်၏။

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊

http://www.dhammadownload.com



သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိဟူ၍ ၁၂-ပါး အပြားရှိကုန်၏။

## (၄) ဣန္ဒြေ

သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ဣန္ဒြေမည်၏၊ အစိုးရဟူသည်ကား မိမိတို့၏ဆိုင်ရာဆိုင်ရာ ဌာနကိစ္စတို့၌ သမ္ပယုတ်တရားတို့ကို မိမိအလိုသို့လိုက်စေခြင်း မိမိသဘောအတိုင်း ဖြစ်ရခြင်းကို ဆိုလိုသည်။

ဣန္ဒြေတို့သည်-

(၁) စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေ။

(၂) သောတပသာဒရုပ်သည် သောတိန္ဒြေ

(၃) ဃာနပသာဒရုပ်သည် ဃာနိန္ဒြေ

(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှိန္ဒြေ

(၅) ကာယပသာဒရုပ်သည် ကာယိန္ဒြေ

(၆) ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေ

(၇) ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေ

(၈) ရုပ်ဇီဝိတ, နာမ်ဇီဝိတ ၂-ပါးသည် ဇီဝိတိန္ဒြေ

(၉) စိတ်တစ်ခုယုတ်ကိုးဆယ်သည် မနိန္ဒြေ

(၁၀) သုခဝေဒနာသည် သုခိန္ဒြေ

(၁၁) ဒုက္ခဝေဒနာသည် ဒုက္ခိန္ဒြေ

(၁၂) သောမနဿဝေဒနာသည် သောမနဿိန္ဒြေ

(၁၃) ဒေါမနဿဝေဒနာသည် ဒေါမနဿိန္ဒြေ

(၁၄) ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေ

(၁၅) သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ

(၁၆) ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ

(၁၇) သတိစေတသိက်သည် သတိန္ဒြေ

(၁၈) ဧကဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေ။

(၁၉) လောကီဉာဏသမ္ပယုတ်စိတ် ၃၉ ခု၌ယှဉ်သော အမောဟ စေတသိက်သည် ပညိန္ဒြေ။

(၂၀) သောတာပတ္တိမဂ်၌ယှဉ်သော အမောဟစေတသိက်သည် အနညာတညဿာမီတိန္ဒြေ။

http://www.dhammadownload.com



(၂၁) အထက်မဂ် ၃–ခု၊ အောက်ဖိုလ် ၃–ခု၌ယှဉ်သော အမောဟ စေတသိက်သည် အညိန္ဒြေ

(၂၂) အရဟတ္တဖိုလ်၌ယှဉ်သော အမောဟစေတသိက်သည် အညာတာဝိန္ဒြေ။

ဤဣန္ဒြေ ၂၂–ပါးတို့တွင် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ ၅–ပါးတို့သည် တရားကိုယ်အားဖြင့် ဝေဒနာစေတသိက် ၁–ပါးသာဖြစ်၏။ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ၄–ပါးတို့သည် တရားကိုယ်အားဖြင့် ပညာစေတသိက် တစ်ခုသာတည်း၊ ။ နာမ်ဣန္ဒြေ ၈–ပါးရုပ် ဣန္ဒြေ ၈–ပါးဖြစ်၏။

## အနညာတညဿာမီတိန္ဒြေစသော ဣန္ဒြေ ၃–ပါးအထူး

အနညာတံဉဿာမိတိ ပဋိပန္နဿဣန္ဒြိယံ။ ။အနညာတံ၊ မသိအပ်ဖူးသော နိဗ္ဗာန် (ဝါ) သစ္စာ ၄ပါးတရားကို။ ဉဿာမိတိ၊ သိအောင်အားထုတ်အံ့ဟူ၍။ ပဋိပန္နဿ၊ ကျင့်သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒြေမည်၏။

အဓိပ္ပါယ်ကား ရှေးဦးစွာ သခ်ါရတရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ နှလုံးသွင်းသည်မှစ၍ မသိအပ်သေးသော သစ္စာလေးပါးတရားတို့ကို မသိလျှင် ငါမနေ၊ သိအောင်ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်အား ထိုကြိုးစားမှု မငြိမ်းမစဲမှီပင်လျှင် သောတာပတ္တိမဂ်ကို ရဆဲဖြစ်သော သောတာပန်ပုဂ္ဂိုလ်၏ ပညိန္ဒြေသည် အနညာတညဿာမီတိန္ဒြေမည်၏။

အာဇာနာတီတိအညံ။ ။အာဇာနာတိ၊ ထင်ရှားစွာထပ်၍ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ အညံ၊ အညမည်၏။ အညံဝေ ဣန္ဒြိယံ။ ။အညံဝေ၊ ထင်ရှားစွာထပ်၍ သိတတ်သော တရားသည်ပင်လျှင်။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဣတိ၊ ထို့ကြောင့်။ အညိန္ဒြိယံ၊ အညိန္ဒြိယမည်၏။

အဓိပ္ပါယ်ကား သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါးနိဗ္ဗာန်တရားတို့ကို အဖန်ဖန် အဆင့်ဆင့်ထပ်၍ သိသောကြောင့် အထက်မဂ် ၃–ပါး အောက်ဖိုလ် ၃–ပါး၌ရှိသော ပညိန္ဒြေသည် ပညိန္ဒြေမည်၏။

အညာယိတ္ထာတိအညာတာဝီ။ ။အညာယိတ္ထ၊ အလုံးစုံသိပြီ။ ဣတိ၊ ထို့ကြောင့်။ အညာတာဝီ၊ အညာတာဝီမည်၏။ ။သိသင့်သိအပ်သော တရားများကို သိရှိပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်ရ၏။ ။အညာတာဝိနောဣန္ဒြိယန္တိ အညာတာဝိန္ဒြိယံ။ ။

http://www.dhammadownload.com



အညာတာဝိနော၊ သစ္စာ ၄-ပါး နိဗ္ဗာန်တရားကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဣတိ၊ ထို့ကြောင့်။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေမည်၏၊

အဓိပ္ပါယ်ကား သိမှုကိစ္စအပြီးသို့ ရောက်သောရဟန္တာပုဂ္ဂိုလ်၏ ရဟတ္တဖိုလ်၌ တည်ရှိသော ပညိန္ဒြေသည် အညာတာဝိန္ဒြေမည်၏။

**ဣန္ဒြေ ၂၂ -ပါးကို ဘုံအားဖြင့် ဝေဖန်ခြင်း။** ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ သုခ၊ ဒုက္ခ၊ ဒေါမနဿိန္ဒြေ၊ ဤဣန္ဒြေ ၁၀-ပါးတို့သည် ကာမဘုံ၌ဖြစ်ကုန်၏။ မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဤဣန္ဒြေ ရှစ်ပါးတို့သည် စတုဘူမိကဘုံ ၄-ပါး၌ဖြစ်ကုန်၏။ သောမနဿိန္ဒြေသည် ကာမရူပ လောကုတ္တရာ တေဘူမိကဘုံ ၃-ပါး၌ဖြစ်ကုန်၏။ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာ တာဝိန္ဒြေ ဤဣန္ဒြေ ၃-ပါးတို့သည်ကား လောကုတ္တရာဘုံ၌သာ အကျုံးဝင်၏။

## (၅) ဗိုလ်

ကြံ့ခိုင်မြဲမြံသောကြောင့် ဗိုလ်မည်၏၊ လောက၌ ဗိုလ်အခေါ်ခံသော လူတို့သည် ထိုထိုကိစ္စကို ပြုလုပ်ရာ၌ မယိမ်းမယိုင် မြဲခိုင်ကြသကဲ့သို့၊ ထို့အတူ သဒ္ဓါအစရှိသော တရားများသည် ယုံကြည်ခြင်းစသော ကိစ္စ၌ မယိမ်းမယိုင် မြဲခိုင်ကြသဖြင့် ဗလဟူသော အမည်ကိုရ၏။

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်ဟူ၍ ၉-ပါးအပြား ရှိကုန်၏။

## (၆) အဓိပတိ

အတူပြိုင်ဘက်မရှိ စိုးမိုးကြီးကဲသောတရား။ ။မိမိနှင့် ဆက်သွယ်လျက်တကွ ဖြစ်ဘက်တရားတို့ကို လွှမ်းမိုးအုပ်ချုပ် အရှင်သခင်လုပ်ပြီး၊ ပျှင် တကွဖြစ်ဘက် တရားစုကို ထိုထိုကိစ္စ၌ မိမိအလိုကျအောင် လိုက်ပါစေနိုင်သော တရားကို အဓိပတိခေါ်သည်။

အဓိပတိတို့သည်

(၁) ဆန္ဒာဓိပတိ = သာဓိပတိဇော ၅၂-ခု၌ ရှိသော ဆန္ဒစေတသိက်။

(၂) ဝီရိယာဓိပတိ = သာဓိပတိဇော ၅၂-ခု၌ရှိသော ဝီရိယ စေတသိက်။

(၃) စိတ္တာဓိပတိ = သာဓိပတိဇောစိတ် ၅၂-ခု။

http://www.dhammadownload.com



(၄) ဝီမံသာဓိပတိ = တိဟိတ်ဇော ၃၄–ခု၌ရှိသော ပညာစေတသိက်။

**အဓိပတိနှင့် ဣန္ဒြေအထူး။** ။ တစ်ပါးကုန်သောတရားတို့၏ အစိုးရသည်၏ အဖြစ်ကို တားမြစ်၍ မိမိတစ်ပါးသည်သာ အစိုးရခြင်းသည် အဓိပတိမည်၏– တစ်ပါးကုန်သော ဣန္ဒြေတို့သည် ရှိကုန်သော်လည်း သက်သက်မြင်ခြင်း အစ ရှိသည်တို့၌ စက္ခုဝိညာဏ်အစရှိသည်တို့သည် မိမိအလိုသို့လိုက်စေခါမျှကို ဣန္ဒြေ မည်၏၊ အဓိပတိသည် စကြဝတေးမင်းကြီးနှင့်တူ၏၊ ဣန္ဒြေသည် ပဒေသရာဇ် မင်းငယ်တို့နှင့်တူကုန်၏။

## (၇) အာဟာရ

မိမိဆိုင်ရာအကျိုးတရားများကို ဆောင်တတ်သောတရားကို အာဟာရခေါ်၏။ ဆောင်ဟူသည် ဖြစ်စေခြင်းထောက်ပံ့ခြင်းတည်း။

ဆောင်ပုံ

(၁) ကဗဠီကာရ အာဟာရသည် ဩဇဋ္ဌမရုပ်ကိုဆောင်၏။

(၂) ဖဿာဟာရသည် ဝေဒနာ ၃–ပါးကို ဆောင်၏။

(၃) မနောသဉ္စေတနာဟာရသည် သုံးပါးသောဘဝ၌ ပဋိသန္ဓေကိုဆောင်၏။

(၄) ဝိညာဏာဟာရသည် မိမိနှင့်အတူတကွဖြစ်သော နာမ်ရုပ်တို့ကိုဆောင်၏။

အာဟာရလေးပါးကား

(၁) ဩဇာရုပ်သည် ကဗဠီကာရ အာဟာရမည်၏။

(၂) ဖဿစေတသိက်သည် ဖဿအာဟာရမည်၏။

(၃) စေတနာစေတသိက်သည် မနောသဉ္စေတနာဟာရမည်၏။

(၄) စိတ်တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏာဟာရမည်၏။

**အာဟာရလေးပါးကို ဘုံပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပြခြင်း။** ။ ကာမဘုံ၌ အာဟာရ ၄–ပါးလုံးကိုရ၏၊ အသညသတ်ကြဉ်သော ရူပဘုံ အရူပဘုံတို့၌ အာဟာရ ၃–ပါးကိုသာရ၏၊ အသညသတ်ဘုံ၌ ပစ္စယာဟာရကို ရသည်၊ အသညသတ်ဗြဟ္မာ တို့အား မိမိရအပ်ပြီးသော ပဋ္ဌမစျာန်သည်ပင်လျှင် အာဟာရဖြစ်၍ ပစ္စယာဟာရကို ရသည်ဟုဆို၏၊ ပုဂ္ဂိုလ်အားဖြင့် သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာ– ဆိုခြင်းကြောင့် အလုံးစုံသော ပုထုဇဉ် အရိယာတို့မှာရကြသည်။

http://www.dhammadownload.com



## ဈာန်, မိုလ်, မဂ္ဂင်, ဣန္ဒြေကိစ္စမတတ်သော တရားများ

ဒွေးပဥ္စဝိညာဏ် ၁၀ တို့၌ ဈာန်တို့ကို မရအပ်ကုန်။ ဝီရိယမယှဉ်သော စိတ် ၆-ခုတို့၌ မိုလ်တို့ကို မရအပ်ကုန်၊ ထို့အတူ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဧကဂ္ဂတာ စေတသိက်သည် မဂ္ဂင် ဣန္ဒြေ မိုလ်အဖြစ်သို့မရောက်။

ဒွေးပဥ္စ ဝိညာဏ် ၁၀ ၌ယှဉ်သော ဥပေက္ခာဝေဒနာနှင့် ဧကဂ္ဂတာတို့သည် ဈာန်မျိုး ဖြစ်သော်လည်း ဝိတက်ကင်းသောကြောင့် အာရုံ၌ ရှေးရှုကာမျှဖြစ်၍ အားနည်းသောကြောင့် ဈာန်ကိစ္စမတတ်။

ဝီရိယ မယှဉ်သောစိတ် ၁၆ ခု၌ရှိသော ဧကဂ္ဂတာသည် မိုလ်မျိုးဖြစ်သော်လည်း ဝီရိယမကင်းသောကြောင့် အားနည်းသဖြင့်မိုလ်ကိစ္စမတတ်။

အဟိတ်စိတ် ၁၈ ခုတို့၌ရှိသော ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့သည် မဂ္ဂင်မျိုးဖြစ်သော်လည်း ဟိတ်ကင်းသောကြောင့် အားနည်းသဖြင့် မဂ္ဂင်ကိစ္စမတတ်။

ဝိစိကိစ္ဆာ၌ရှိသော ဧကဂ္ဂတာသည် မိုလ်မျိုး ဣန္ဒြေမျိုး၊ မဂ္ဂင်မျိုး ဖြစ်သော်လည်း အဓိမောက္ခကင်းသောကြောင့် ဆုံးဖြတ်ခြင်းမရှိသဖြင့် မိုလ်ကိစ္စ, ဣန္ဒြေကိစ္စ, မဂ္ဂင်ကိစ္စ မတတ်။

သမ္ပယုတ်ဟိတ်အားဖြင့်လည်းကောင်း၊ ဇောတည်းဟူသော ကိစ္စအားဖြင့်လည်း ကောင်း၊ လွန်စွာအားရှိကြကုန်သော ဒွိဟိတ်ဇော ၁၈-ခု၊ တိဟိတ်ဇော ၃၄-ခု တို့သည်သာလျှင် အဓိပတိကိစ္စကိုတစ်ခုစီ တစ်ခုစီရအပ်၏။

ဧကဟိတ်ဇော မောဟမူဒွေး၊ အဟိတ်ဇော ဟသိတုပ္ပါဒ်၊ လောကီဝိပါက် ၃၂-တို့၌ အချင်းခပ်သိမ်း အဓိပတိမဖြစ်။

ဤမိဿက သင်္ဂဟရှိဟိတ်, ဈာန်, မဂ္ဂင်, ဣန္ဒြေ, မိုလ်, အဓိပတိ, အာဟာရတို့၏ သရုပ်တရားကိုယ်များကို မိဿကသင်္ဂဟဇယားတွင် ကြည့်လေ။

* * *

## သမုစ္စည်းပိုင်း – မိဿကသင်္ဂဟ တရားကိုယ်နှင့် ဌာနယူပုံဇယား

| အမည် | | တရားကိုယ် | | | | | | | | | | | | | | | | | | | | | | တရားကိုယ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | ပသာဒရုပ် ၅၊ ဘာဝရုပ် ၂ | ရူပဇီဝိတ၊ နာမဇီဝိတ | ဆန္ဒ | ဩဇာ၊ ဖဿ၊ မနောသဉ္စေတနာ | စိတ် | ပညာ | ဒိဋ္ဌိ | ဝိတက် | ဝိရတီ ၃ | ဝိစာရ | ပီတိ | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ္ဂတာ | ဝေဒနာ | ဟိရီ၊ ဩတ္တပ္ပ၊ အဟိရိက၊ အနောတ္တပ္ပ | |
| ဟိတ် | ၆ | ၁ | ၁ | ၁ | ၁ | ၁ | | | | | | ၁ | | | | | | | | | | | | ၆ |
| ဈာနင် | ၇ | | | | | | | | | | | | | ၁ | | ၁ | ၁ | | | | ၁ | ၂ | | ၅ |
| မဂ္ဂင် | ၁၂ | | | | | | | | | | | ၁ | ၁ | ၂ | ၃ | | | | ၂ | ၁ | ၂ | | | ၉ |
| ဣန္ဒြေ | ၂၂ | | | | | | ၇ | ၁ | | | ၁ | ၄ | | | | | | ၁ | ၁ | ၁ | ၁ | ၅ | | ၁၆ |
| ဗိုလ် | ၉ | | | | | | | | | | | ၁ | | | | | | ၁ | ၁ | ၁ | ၁ | | ၁ | ၉ |
| အဓိပတိ | ၄ | | | | | | | | ၁ | | ၁ | ၁ | | | | | | | ၁ | | | | | ၄ |
| အာဟာရ | ၄ | | | | | | | | | ၃ | ၁ | | | | | | | | | | | | | ၄ |
| ဌာနယူပုံ | | ၁ | ၁ | ၁ | ၁ | ၁ | *၇ | *၂ | ၁ | *၃ | ၃ | ၅ | ၁ | ၂ | *၃ | ၁ | ၁ | ၂ | ၄ | ၃ | ၄ | ၂ | *၄ | |

* ခရေပွင့်ပြအကွက်များတွင် သဘောသရုပ်တစ်ခုစီဖြစ်၍ ခွဲပြီးရေတွက်၏။ အချို့အကွက်များသည် သဘောချင်းတူ၍ ပေါင်းပြီးရေတွက်ရ၏။ ပညာကို ၅ ဌာန၊ ဝီရိယနှင့် ဧကဂ္ဂတာကို ၄ ဌာနစီ၊ စိတ်နှင့် သတိကို ၃ ဌာနစီ၊ ဝိတက်, သဒ္ဓါ ဝေဒနာကို ၂ ဌာနစီ၊ ကျန် ၂၈ ပါးကို ၁ ဌာနစီယူလေ။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း (၄၄)

## (သမုစ္စည်းပိုင်း)

## မိဿကသင်္ဂဟ

ဒီနေ့ ၁၉၈၈ ခု၊ ဩဂုတ်လ ၂၆–ရက်။

လွန်ခဲ့တဲ့အပတ်က သမုစ္စည်းပိုင်း အကုသလသင်္ဂဟကို လေ့လာခဲ့ကြတယ်၊ အဲဒီမှာ ဇယားကွက် ပြောနေတုန်း အချိန်ကုန်သွားတယ်၊ ဇယားကွက် ပြန်ကြည့်လိုက်ကြဦးစို့။

ဇယားကွက်ကြည့်လိုက်တဲ့အခါကျတော့ ဒီဇယားကွက်က အကုသလသင်္ဂဟရဲ့ အကျဉ်းချုပ်ပါပဲ၊ ကန့်လန့်ဖြတ်ပြီး ဖတ်လိုက်မယ်ဆိုရင် အာသဝတရား, ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဆိုပြီးတော့ တွေ့တယ်၊ ထိပ်က ဇယားကွက်ကို ကြည့်လိုက်ရင် ကာမာသဝနဲ့ ဘဝါသဝရဲ့ တရားကိုယ်က လောဘ, ဒိဋ္ဌာသဝရဲ့ တရားကိုယ်က ဒိဋ္ဌိ၊ အဝိဇ္ဇာသဝရဲ့ တရားကိုယ်က မောဟ။

ပြီးတော့နောက်ဆုံးဂဏာန်း တရားကိုယ်ပေါင်းရဲ့ အကွက်မှာက ၃–ဆိုတော့ အာသဝတရား ၄–ပါးရှိတယ်၊ တရားကိုယ်ပေါင်းက ၃–ပါးရှိတယ်၊ အဲဒီလို သွားမယ်။

ဩဃ ၄–ပါးရှိတယ်၊ တရားကိုယ်က ၃–ပါး, ယောဂ ၄–ပါးရှိတယ်၊ တရားကိုယ် ၃–ပါး, အာသဝတရားမှာ ဩဃ, ယောဂတို့က အကုန် အတူတူချည်းပဲ။

http://www.dhammadownload.com



ဂန္ထ ၄–ပါးရှိတယ်၊ တရားကိုယ်ကျတော့ ၃–ပါး, ဘာတွေတုန်း အဘိဇ္ဈာကာယ ဂန္ထကလောဘ၊ ဗျာပါဒကာယဂန္ထကဒေါသ, သီလဗ္ဗတပရာမသနဲ့ ဣဒံသစ္စာဘိနိဝေသရဲ့ တရားကိုယ်က ဒိဋ္ဌိ ဂန္ထ ၄ပါး, တရားကိုယ် ၃–ပါး။

ဥပါဒါန် ၄–ပါး တရားကိုယ်ကျတော့ ၂–ပါးပဲဖြစ်တော့တယ်၊ ကာမုပါဒါန်ရဲ့ တရားကိုယ်က လောဘ, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ရဲ့ တရားကိုယ်က ဒိဋ္ဌိ၊ ဥပါဒါန် ၄ပါး, တရားကိုယ် ၂–ပါး။

နီဝရဏ ၆–ပါးရှိတယ်၊ တရားကိုယ်ကျတော့ ၈–ပါးရှိတယ်၊ သူကပြောင်းပြန်၊ အခြားသူတွေက တရားကိုယ်နည်းတယ်၊ သူ့ကျတော့ များသွားတယ်၊

ဘာကြောင့်တုန်း, ထိနနဲ့ မိဒ္ဓကို ၂–ခုယူရတယ်၊ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကို ၂–ခုယူရတယ်၊ အဲဒီမှာလည်း သူ့တရားကိုယ်နဲ့သူပဲ၊ ဒေါင်လိုက်ကြည့်သွားရင်ရပြီ။

အနုသယ ၇–ပါးမှာ တရားကိုယ် ၆–ပါး၊ ကာမာရာဂနုသယနဲ့ ဘဝရာဂနုသယက လောဘဖြစ်တာကြောင့် ၆–ပါး။

သံယောဇဉ်ကျတော့ သုတ္တန်နည်းအားဖြင့် သံယောဇဉ် ၁၀–ပါး၊ တရားကိုယ် ၇–ပါး၊ အဘိဓမ္မာနည်းမှာ သံယောဇဉ် ၁၀–ပါး၊ တရားကိုယ် ၈–ပါး၊ သုတ္တန်နည်း အဘိဓမ္မာနည်းရောလိုက်မယ်ဆိုရင် တရားကိုယ် ၉–ပါး။

ကိလေသာ ၁၀–ပါး၊ သူကတော့ သီးခြားပဲ၊ တရားကိုယ်လည်း ၁၀–ပါးပဲ၊ ကိလေသာလည်း ၁၀–ပါးပဲ၊ ဒါက ကန့်လန့်ဖြတ်ဖတ်သွားရင် သိတယ်။

ဒေါင်လိုက်ဖတ်လိုက်မယ်ဆိုရင် အကုသလသင်္ဂဟမှာ လောဘသည် အမည်ဘယ်နှစ်မျိုးရသလဲ ဆိုရင် ပထမဆုံး ၉–မျိုး ရတယ်လို့ဆိုတယ်၊ အဲဒီ ၉–မျိုးက အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ အနုသယ, သံယောဇဉ် ကိလေသာ, သူက အားလုံးရတယ်၊ အကုသလသင်္ဂဟမှာ ပြထားတဲ့ အမျိုးအမည်ပေါင်း ၉–ခုရှိတယ်၊ အမည် ၉–ခုစလုံး လောဘကရတယ်။

ဒေါသကျတော့ အမည် ၅–မျိုးရတယ်။ ဂန္ထ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ။

မာနကျတော့ အမည် ၃–မျိုးရတယ်၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ။

ဒိဋ္ဌိကျတော့ အမည် ၈–မျိုးရတယ်၊ အာသဝ, ဩဃ, ယောဂ, ဂန္ထ ဥပါဒါန်, အနုသယ, သံယောဇဉ်, ကိလေသာ။

ထိနကျတော့ အမည်၂–မျိုးရတယ်၊ နီဝရဏနဲ့ ကိလေသာ။

မိဒ္ဓကျတော့ အမည် ၁–မျိုး, နီဝရဏ၊

http://www.dhammadownload.com



ဝိစိကိစ္ဆာကျတော့ အမည် ၄–မျိုး၊ နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ။

ဥဒ္ဓစ္စက အမည် ၃–မျိုးရတယ်၊ နီဝရဏ, သံယောဇဉ်, ကိလေသာ၊

ကုက္ကုစ္စကျတော့ အမည် ၁–မျိုး နီဝရဏ၊

ဣဿာ–အမည်တစ်မျိုး၊

မစ္ဆရိယ–အမည်တစ်မျိုး၊

မောဟကျတော့ အမည် ၇–မျိုးရတယ်၊ သူက ဘာကျန်သလဲဆိုတော့ ဂန္ထကျန်တယ်၊ ဥပါဒါန်ကျန်တယ်၊ အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ၊

အဟိရိကကလည်းအမည်တစ်မျိုး၊ အနောတ္တပ္ပကလည်း အမည်တစ်မျိုးပဲ၊ အဲဒီ အကုသဂ်ဟမှာ သင်ကြားထားတဲ့ အကျဉ်းချုပ်လေး သိရအောင် မှတ်လိုက်ကြ။

**"အာ, ဩ, ယော, ဂန်၊ ဥ, နီ, မှန်၊ နု, သံ, ကိ ၉–ပါးတဲ့"** ဒါလေး ရထားရင် အကုသလသင်္ဂဟမှာ ဘာတွေပြထားသလဲဆိုတော့ သိတယ်၊ ဒီလောက် သိရင်တော်ပြီ၊ ဒီထက်ပိုသိချင်ရင် လင်္ကာတွေရှိသေးတယ်၊ လေ့လာတဲ့သူတွေအဖို့ ဒီလောက်မလိုပါဘူး။

ကောင်းပြီ, အကုသလသင်္ဂဟမှာ ပြထားတဲ့ တရားတွေကို တရားကိုယ် စုလိုက်ရင် ဘာရသလဲသိလား၊ ဒီတရားကိုယ်တွေဟာ အကုသိုလ် စေတသိက် ၁၄–ပါးပဲ၊ အကုသိုလ် စေတသိက် ၁၄–ပါးကို နာမည်တွေ အမျိုးမျိုးပြောပြနေတာ၊ ဒါပေမယ်လို့ ဒီနာမည်တွေ သိထားရင် စာဖတ်တဲ့အခါမှာ သိပ်အသုံးကျတယ်။

ဒီနေ့ မိဿကသင်္ဂဟသွားကြစို့၊ မိဿကသင်္ဂဟဆိုတော့ ကုသိုလ် အကုသိုလ် အဗျာကတ ရောလိမ့်မယ်။

မိဿကသင်္ဂဟမှာ ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရ, အားလုံးဝေဖန်ပြောပြလိမ့်မယ်။

ပထမဆုံး ဟိတ်, ဟိတ်ဆိုတာ ရေသောက်မြစ်နဲ့တူတဲ့ တရားကိုဟိတ်လို့ ခေါ်တယ်၊ ဒါဟာ ဟေတုသင်္ဂဟ ပကိဏ်းပိုင်းတုန်းက ပါခဲ့ပြီ။

ဟိတ်ဆိုတာ "အာရုံ၌ မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော ပစ္စယုပ္ပန် အကျိုးတရားတို့ကို ကောင်းစွာတည်တံ့စေတတ်သော အကြောင်းတရားသည် ဟိတ်မည်၏၊ ၎င်းဟိတ်တရားတို့သည် သစ်မြစ်နှင့် တူကုန်၏" **"ရေသောက်မြစ်လျှင်, ယင်းသစ်ပင်ကို, စည်ပင်စေထ, ထောက်ပံ့မသို့"** စသည်ဖြင့် လင်္ကာတွေရှိတယ်။

http://www.dhammadownload.com



"သစ်မြစ်တို့သည် ပင်စည်ကို ကြီးပွားခိုင်ခံ့တည်တံ့စေကုန်သကဲ့သို့ ဟိတ် ၆-ပါးသည် မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သောစိတ် စေတသိက်တရားတို့ကို အာရုံ၌ မြဲစွဲတည်တံ့ခိုင်ခံ့ ကြီးပွားစေကုန်၏၊ ထို့ကြောင့်-

*** ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ**"ဟုဆို၏။

ဒါက လယ်တီဆရာတော်ဘုရားကြီး ရေးထားတဲ့ လင်္ကာ။

ဟိတ် ၆-ပါးရှိတယ်၊ လောဘဟိတ်၊ ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်, စေတသိက် ၆-ပါးပါပဲ။

အဲဒီမှာ လောဘ, ဒေါသ, မောဟက အကုသိုလ်, အလောဘ အဒေါသ အမောဟ ကုသိုလ်အဗျာကတ၊

ဈာနင်တဲ့၊ ဈာနင်္ဂကို ဈာနင်လို့ခေါ်တယ်၊ ဈာန်အင်္ဂါလို့ဆိုလိုတယ်၊ နောက်တုန်းက ဈာန်အင်္ဂါ ဘယ်နှစ်ပါးသိခဲ့သလဲ၊ ၅-ပါးပဲ ပြောကြစို့၊ ဈာန်အင်္ဂါ ၅-ပါးလို့ နဂိုကသိခဲ့တယ်၊ ဒီကျတော့ ဈာန်အင်္ဂါ ၇-ပါးပြလိမ့်မယ်၊ ဈာန်ဆိုတာ ဘာလဲ။

"ကောင်းသောအာရုံ၌ဖြစ်စေ၊ မကောင်းသော အာရုံ၌ဖြစ်စေ၊ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။"

ဈာန်ဆိုတာ အာရုံကိုကပ်၍ ရှုတတ်သောကြောင့် ဈာန်ခေါ်တယ်, ပြီးတော့ ရူပဈာန်အရူပဈာန်တို့ကျတော့ ဒီဟာတင်မကဘူး၊ ဘာပါသေးလဲဆိုတော့ နီဝရဏ တရားတွေကို ရှို့တတ်တယ်၊ လောင်ကျွမ်းတတ်တယ်၊ ရှို့မြှိုက်တတ်တဲ့အတွက်ကြောင့် ဈာန်လို့ခေါ်တယ်၊ ဈာန်ရဲ့ အနက်က ၂-မျိုးရှိတယ်၊ ကပ်၍ ရှုတတ်တယ်၊ လောင်ကျွမ်းရှို့မြှိုက်တတ်တယ်၊

*** စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်။**

ဒါလည်း လယ်တီဆရာတော်ဘုရားကြီးရေးခဲ့တာ၊ အဲဒီဈာန်ရဲ့ အစိတ် အပိုင်းဖြစ်တဲ့ တစ်ခုစီ, တစ်ခုစီကို ဈာန်အင်္ဂါလို့ခေါ်တယ်၊ အင်္ဂါတွေပေါင်းစု လိုက်တော့ အပေါင်း ဖြစ်သွားတာပေါ့, ဈာန်ဆိုတာက အင်္ဂါအပေါင်းရဲ့နာမည်, ဈာန်အင်္ဂါဆိုတာက တစ်ခုစီ, တစ်ခုစီရဲ့ နာမည်, နောက်တုန်းကလည်း ပြောခဲ့ပါပြီ။

ပထမဈာန်ဆိုရင် ဈာန်အင်္ဂါ ၅-ပါးအပေါင်းလို့ခေါ်တယ်၊ အဲဒီထဲက ဝိတက်ကို ဈာနင်လို့ခေါ်တယ်၊ ဝိစာရကို ဈာနင်လို့ခေါ်တယ်၊ အခု ဒီမှာ ဈာနင် ၇-ပါးပြလိမ့်မယ်။

ဈာနင်တွေက ဝိတက်ဈာနင်၊ ဝိစာရဈာနင်၊ ပီတိဈာနင်၊ ဧကဂ္ဂတာဈာနင်

http://www.dhammadownload.com



သောမနဿစျာနင်၊ ဒေါမနဿစျာနင်၊ ဥပေက္ခာစျာနင်၊ အမှန်ကတော့ သောမနဿ, ဒေါမနဿ, ဥပေက္ခာ၃–ခုဟာ ဝေဒနာပါပဲ၊ ဝေဒနာစေတသိက်ပဲ၊ ဝေဒနာစေတသိက်ကို ပဲ သောမနဿ, ဒေါမနဿ, ဥပေက္ခာလို့ခေါ်တာ၊ သူတို့ကို စျာနင် (စျာန်ရဲ့ အစိတ်အပိုင်း)တဲ့၊ နောက်နားကျတော့ ဒါတွေ တရားကိုယ်ကောက်နည်းတွေ လာလိမ့်ဦးမယ်၊ အခုတော့ သူ့မှာရှိတဲ့ စျာနင်ဘယ်နှစ်မျိုး ဆိုတာကိုပဲ နားလည်အောင် လုပ်ရလိမ့်မယ်။

မဂ္ဂင်တဲ့၊ မဂ္ဂင်ကို သိထားတာက မဂ္ဂင် ၈–ပါး၊ ဒီမှာက ၁၂–ပါး ပြလိမ့်မယ်။

"ခရီးလမ်းကို မဂ္ဂဟုဆိုအပ်၏၊ စိတ်ကိုဖြောင့်ဖြောင့်သွားရန်, ကောက်ကောက်ကွေ့ကွေ့သွားရန် ခရီးစဉ်သည် မင်္ဂလမ်းမည်၏၊ "လမ်းနဲ့တူတယ်, လမ်းကြောင်းနဲ့တူတယ်၊ လူ့ပြည်နတ်ပြည် ဗြဟ္မာပြည် သုဂတိသွားရာလမ်းကြောင်း အပါယ် ၄ ဘုံ ဒုဂ္ဂတိ သွားရာ လမ်းကြောင်းကို ဆိုလိုတယ်။

"အကုသိုလ် မဂ္ဂင်သည် အပါယ်သို့လားကြောင်းဖြစ်၍ ကုသိုလ်မဂ္ဂင်သည် နတ်ရွာသုဂတိ နိဗ္ဗာန်ချမ်းသာသို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ခရီးကောက်, ခရီးဖြောင့် နှစ်ပါးတို့၏ အင်္ဂါအဆောက်အဦးတို့သည် မဂ္ဂင်မည်ကုန်၏။

တစ်ခါတလေကျတော့ စာထဲရှိတဲ့အတိုင်း ဖော်ပြရတာတစ်မျိုးကြီး ဖြစ်နေတယ်၊ အဆောက်အဦးလို့ ဆိုလိုက်ရင်လူတွေက building ကြီး စိတ်ထဲထင်သွားတတ်တယ်၊ ဘုန်းကြီးသုံးမှာတော့ အဆောက်အဦးဆိုတာ parts ကိုလည်း ခေါ်တာပဲ၊ အစိတ်အပိုင်းကိုလည်း ခေါ်တာပဲ၊ ဒီနေရာမှာတော့ အဆောက်အဦးဆိုတာ အစိတ်အပိုင်းကို ပြောတာ၊

မဂ္ဂင်တွေရဲ့ အပေါင်းကို မင်္ဂလို့ခေါ်တယ်၊ တစ်ခုတစ်ခုစီကိုလည်း မဂ္ဂင်ခေါ်တယ်လို့ နောက်တုန်းက ပြောခဲ့ပြီးပြီ၊ မေ့ချင်လဲမေ့နေလိမ့်မယ်၊ လောကုတ္တရာစိတ်တုန်းက ပြောခဲ့ပြီးပြီထင်တယ်။

အဲသလို မဂ္ဂင်အမည်ရတဲ့ တရား ၁၂–ပါးရှိတယ်၊ တရားကိုယ်ကျတော့ ဘယ်နှစ်ပါးလာမလဲ ကြည့်ကြရအောင်။

မဂ္ဂင် ၁၂–ပါးမှာ ရိုးရိုး နားလည်ပြီးသားက သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, နောက်ထပ် ၄–မျိုးက မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ, ၄–မျိုးထပ်တိုးတယ်၊ မိစ္ဆာဆိုတဲ့အတွက် သူက အကုသိုလ်နဲ့ ယှဉ်တာဖြစ်မှာပေါ့။

http://www.dhammadownload.com



သမ္မာဒိဋ္ဌိစသည်က ကုသိုလ်အဖျာကတနဲ့ ယှဉ်တာဖြစ်မယ်၊ မိစ္ဆာဒိဋ္ဌိစသည်က အကုသိုလ်နဲ့ယှဉ်တာဖြစ်မယ်၊ အားလုံး မဂ္ဂင် ၁၂-ပါး။

ဣန္ဒြေ ၂၂-ပါးရှိတယ် "သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ဣန္ဒြေ မည်၏" ဆိုလိုတာကတော့ သမ္ပယုတ်တရားတွေကို သူ့ဆိုင်ရာကိစ္စမှာ သူ့နောက် လိုက်စေတာပေါ့လေ၊ သူက ပြဋ္ဌာန်းတယ်၊ ဒါကိုပဲ အစိုးရတယ်လို့ သုံးတယ်။

အစိုးရတယ်ဆိုတာ "မိမိတို့၏ဆိုင်ရာဆိုင်ရာဌာနကိစ္စတို့၌ သမ္ပယုတ်တရား တို့ကို မိမိအလိုသို့လိုက်စေခြင်း၊ မိမိသဘောအတိုင်းဖြစ်ရခြင်းဆိုလိုသည်" နောက်နားကျတော့ အဓိပတိနဲ့ ဣန္ဒြေအထူးပြောတဲ့အခါ လာလိမ့်ဦးမယ်။

အဓိပတိက ဘာနဲ့တူသလဲဆိုရင် Prime Minister နဲ့ တူတယ်၊ ဣန္ဒြေက ဌာနဆိုင်ရာ Minister နဲ့တူတယ်၊ ဆိုပါတော့ ပြည်ထဲရေးဝန်ကြီး၊ သာသနာရေး ဝန်ကြီး စသည်ဖြင့်က ဣန္ဒြေ, သူတို့အပေါ် အားလုံးချုပ်ထားတဲ့ ဝန်ကြီးချုပ်က အဓိပတိ။

အဲသလို မိမိဆိုင်ရာကိစ္စမှာအစိုးရတယ်၊ တစ်နည်းအားဖြင့် ပြောရင် သမ္ပယုတ်တရားတွေကို မိမိအလိုသို့ လိုက်ပါစေနိုင်တဲ့ သဘောတရားကို ဣန္ဒြေလို့ ခေါ်တယ်၊ အဲဒီဣန္ဒြေဟာရုပ်လည်းရှိတယ်၊ နာမ်လည်းရှိတယ်၊ ဣန္ဒြေ ၂၂-ပါး တဲ့, ဒီမှာတော့ တရားကိုယ်ပါထည့်ပေးထားတယ်။

စက္ခုန္ဒြေဆိုတာက စက္ခုပသာဒကိုခေါ်တာ၊ ရုပ် ၂၈-ပါးထဲက စက္ခုပသာဒ ရုပ်ရှိတယ်၊ စက္ခုအကြည်ဓာတ်။

သောတိန္ဒြေဆိုတာက သောတပသာဒရုပ်၊ ဃာနိန္ဒြေဆိုတာဃာနပသာဒရုပ်၊ ဇိဝှိန္ဒြေဆိုတာ ဇိဝှာပသာဒရုပ်၊ ကာယိန္ဒြေဆိုတာ ကာယပသာဒရုပ်, ခန္ဓာကိုယ် တစ်ခုလုံးမှာ ပျံ့နှံ့ပြီးတော့တည်တယ်။

ဣတ္ထိန္ဒြေဆိုတာ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်က ပုရိသိန္ဒြေ၊ ဒါက ဘာဝရုပ် ၂-ပါး, ရုပ် ၂၈-ပါးထဲပါတယ်။

ဇီဝိတိန္ဒြေကို နာမည်နဲ့ ပြောတော့ ဣန္ဒြေတစ်ပါးလို့ပြောတယ်၊ ဒါပေမယ့် တရားကိုယ်ကျတော့ ၂-ပါးဖြစ်လိမ့်မယ်၊ ဘာကြောင့်တုန်း, စေတသိက်ထဲမှာ ဇီဝိတိန္ဒြေ စေတသိက်မတွေ့ခဲ့ဘူးလား၊ ရုပ် ၂၈ပါးထဲမှာကော ဇီဝိတရုပ် မတွေ့ခဲ့ ဘူးလား၊ တွေ့ခဲ့တယ်၊ ဒါကြောင့်မို့ ရုပ် ဇီဝိတ, နာမ်ဇီဝိတ ၂-မျိုးရှိတယ်၊ ဒါကြောင့် ဇီဝိတိန္ဒြေဆိုပေမယ်လို့ တရားကိုယ်ကျတော့ ၂-ခုသွားလိမ့်မယ်။

မနိန္ဒြေဆိုတာက ဘာတဲ့တုန်း၊ စိတ်တစ်ခုယုတ် ၉၀, စိတ်အားလုံးကို

http://www.dhammadownload.com



မနိန္ဒြေလို့ခေါ်တယ်။

သုခိန္ဒြေ, သုခဝေဒနာ, ဒုက္ခိန္ဒြေ, ဒုက္ခဝေဒနာ, သောမနဿိန္ဒြေ, သောမနဿဝေဒနာ၊ ဒေါမနဿိန္ဒြေ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခိန္ဒြေ ဥပေက္ခာ ဝေဒနာ၊ ဝေဒနာတစ်ခုထဲကို ၅-မျိုးခွဲတယ်၊ ပကိဏ်းပိုင်း အစတုန်းက ၃-မျိုး ခွဲတာ, ၅မျိုးခွဲတာရှိခဲ့တယ် မဟုတ်လား။

ပြီးတော့ သဒ္ဓိန္ဒြေ, သဒ္ဓါစေတသိက်၊ ရတနာသုံးပါး ကံကံ၏အကျိုးဆုံးဖြတ် ယုံကြည်တဲ့ သဒ္ဓါ, ဝီရိယိန္ဒြေ, ဝီရိယစေတသိက်, သတိန္ဒြေ, သတိစေတသိက်, သမာဓိန္ဒြေ, ဧကဂ္ဂတာ စေတသိက်, ဒါတွေက အထူးသဖြင့် တရားထိုင်တဲ့အခါ တရားအားထုတ်တဲ့အခါ အရေးကြီးတဲ့ စေတသိက်တွေပေါ့။

ပြီးတော့ ပညိန္ဒြေကို ၄-ခုတောင် ခွဲထားတယ်၊ လောကီဉာဏသမ္ပယုတ်စိတ် ၃၉-ခု၌ ယှဉ်သော အမောဟစေတသိက်သည် ပညိန္ဒြေမည်၏၊ ပြီးတော့မှ အနညာတညဿာမိတိန္ဒြေဆိုတာ သောတာပတ္တိ မဂ်မှာယှဉ်တဲ့ အမောဟစေတသိက်ကိုခေါ်တယ်၊ အဲဒီတော့ လောကီ အမောဟစေတသိက်ကို ပညိန္ဒြေလို့ခေါ်တယ်ပေါ့။

လောကုတ္တရာစိတ်နဲ့ယှဉ်တဲ့ အမောဟစေတသိက်ကို ၃-မျိုးခွဲသေးတယ်၊ ပထမဘာတုန်း၊ သောတာပတ္တိမဂ်၌ ယှဉ်သောအမောဟစေတသိက်ကို အနညာတညာဿာမိတိန္ဒြေ, အောက်နားကျတော့ အစီပွါယ်လာလိမ့်မယ်။

အထက်မဂ် ၃-ခု၊ အောက်ဖိုလ်၃-ခု၌ယှဉ်သော အမောဟ စေတသိက်သည် အညိန္ဒြေ, သောတာပတ္တိဖိုလ်ကစ သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်၊ အဲဒီအထက်မဂ် ၃-ခု၊ အောက်ဖိုလ်၃-ခုနဲ့ ယှဉ်တဲ့အမောဟ စေတသိက်ကို အညိန္ဒြေလို့ခေါ်တယ်။

အရဟတ္တဖိုလ်၌ယှဉ်သော အမောဟစေတသိက်ကို အညာတာဝိန္ဒြေလို့ခေါ်တယ်၊ ပညာကိုပါ ဒီမှာ၄-မျိုးခွဲလိုက်တယ်၊ လောကီပညာ ၁-မျိုး၊ လောကုတ္တရာပညာ ၃-မျိုး၊

လောကုတ္တရာ ၃-မျိုးမှာ ပထမကသောတာပတ္တိမဂ်နဲ့ ယှဉ်တယ်၊ ဒုတိယက သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ်, အရဟတ္တမဂ်, ဒီစိတ်တွေနဲ့ယှဉ်တယ်။

တတိယက အရဟတ္တဖိုလ်စိတ်နဲ့ယှဉ်တယ်၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ၊ အားလုံး ဣန္ဒြေ ၂၂-ပါး။

"ဤဣန္ဒြေ၂၂-ပါးတို့တွင် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊

http://www.dhammadownload.com



ဥပေက္ခိန္ဒြေ ၅–ပါးတို့သည် တရားကိုယ်အားဖြင့် ဝေဒနာ စေတသိက် ၁–ပါးသာ ဖြစ်၏" နောင်ကျတော့ တရားကိုယ်လုပ်ရလိမ့်မယ်၊ ဣန္ဒြေ ဘယ်လောက်ရှိသလဲ၊ တရားကိုယ်အားဖြင့် ဘယ်လောက်လဲဆိုရင် သူတို့ ၅–ခုကို ၁–ခုပဲယူရတယ်။

"ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ၄–ပါးတို့သည် တရားကိုယ်အားဖြင့် ပညာစေတသိက် တစ်ခုသာတည်း၊ နာမ်ဣန္ဒြေ ၈–ပါး၊ ရုပ်ဣန္ဒြေ ၈–ပါးဖြစ်၏"၊ တရားကိုယ်ကောက်လိုက်တဲ့အခါကျတော့ ၁၆–ပါးဖြစ်သွားလိမ့်မယ်၊

ကောင်းပြီ၊ အဓိပ္ပါယ်ကို ပြောမယ်၊

အနညာတညဿာမီတိန္ဒြေဆိုတာဘာလဲ၊ ဒီနေရာမှာ လူတွေအတွက် ရေးတဲ့ စာအုပ်ပဲ၊ ဒါပေမယ်လို့ ဒီမှာ ဝိဂြိုဟ်တွေ ဘာတွေနဲ့ ပါဠိထည့်ထားတယ်၊ အနညာတံဆိုတာ မသိအပ်ဖူး သေးသောနိဗ္ဗာန် သို့မဟုတ် သစ္စာ ၄–ပါးတရားကို (သံသရာမှာ တစ်ခါမှ မသိခဲ့ဖူးသေးတဲ့ သစ္စာ ၄–ပါးတရားကို နိဗ္ဗာန် တရားကို) ညဿာမီတိ၊ သိအောင် အားထုတ်အံ့ဟူ၍၊ ပဋိပန္နဿ၊ ကျင့်သော ပုဂ္ဂိုလ်၏ ဣန္ဒြိယံ၊ ဣန္ဒြေသည် အနညာတညဿာမီတိန္ဒြိယံ။ အနညာတညဿာ မီတိန္ဒြေမည်၏။

ဒါက အနညာတညဿာ မီတိန္ဒြေဆိုတာ ဘယ်လိုဟာလဲဆိုတာ ပြောပြတာ၊ တစ်ခါမှ (ပုထုဇဉ်အနေနဲ့ဆိုရင်) သစ္စာ ၄–ပါးကို တကယ် မသိခဲ့သေးဖူးပေါ့၊ သစ္စာ ၄–ပါးသိတာနဲ့တစ်ပြိုင်နက် အရိယာဖြစ်သွားပြီ၊ အဲဒီတော့ သစ္စာ ၄–ပါးကိုသိအောင် အားထုတ်မယ်ဆိုပြီးတော့ ကျင့်တဲ့ပုဂ္ဂိုလ် ဆိုပေမယ်လို့ ဒီနေရာမှာ ဝိပဿနာ ထိုင်တဲ့ပုဂ္ဂိုလ်ရဲ့ ပညာကိုပြောတာ မဟုတ်ဘူး၊ ဒီနေရာမှာ မဂ်ရောက်သွားတဲ့ ပုဂ္ဂိုလ်ကိုပြောတာ၊ ဒါကြောင့်မို့ သောတာပတ္တိမဂ်နဲ့ ယှဉ်တာလို့ဆိုတာ၊ အဲဒီဣန္ဒြေကို အနညာတညဿာမီတိန္ဒြေတဲ့။

အဓိပ္ပါယ်ပါသေးတယ် "ရှေးဦးစွာ သခ်ါရတရားတို့ကို လက္ခဏာရေးသုံးပါး သို့တင်၍ နှလုံးသွင်းသည်မှစ၍ မသိအပ်သေးသော သစ္စာလေးပါး တရားတို့ကို မသိလျှင် ငါမနေ, သိအောင်ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်အား ထိုကြိုးစားမှု မငြိမ်းမစဲမီပင်လျှင်၊ သောတာပတ္တိမဂ်ကို ရဆဲဖြစ်သော သောတာပန်ပုဂ္ဂိုလ်၏ ပညိန္ဒြေသည် အနညာတညဿာမီတိန္ဒြေမည်၏"

"အညိန္ဒြေကျတော့ အာဇာနာတီတိအညံ၊ အာဇာနာတိ၊ ထင်ရှားစွာထပ်၍ သိတတ်၏" ဆိုလိုတာကတော့ သောတာပတ္တိမဂ်သိထားတဲ့အပိုင်းအခြားအတိုင်းပဲ၊

http://www.dhammadownload.com



အထက်မဂ် ၃-ပါးနဲ့ အောက်ဖိုလ် ၃-ပါးကို သိတတ်တယ်၊ သောတာပတ္တိ (သစ္စာလေးပါးသိထားတာဆိုတာပါ) မြင်ထားတဲ့ နိဗ္ဗာန်ကိုပဲထပ်မြင်တယ်၊ သောတာပတ္တိမဂ် သိထားတဲ့ သစ္စာလေးပါးကို ထပ်ပြီးတော့ ဒီအပိုင်းအခြားအတိုင်းပဲသိတယ်။

အဲသလို သိတတ်တဲ့အတွက်ကြောင့် အညလို့ခေါ်တယ်၊ အညသည်ပင်လျှင် ဣန္ဒြိယဖြစ်တဲ့အတွက်ကြောင့် အညိန္ဒြိယံ၊ အညံ၊ ထင်ရှားစွာထပ်၍ သိတတ်သော တရားသည်ပင်လျှင်၊ ဣန္ဒြိယံ၊ ဣန္ဒြေတည်း၊ ဣတိ၊ ထို့ကြောင့် အညိန္ဒြိယံ၊ အညိန္ဒြေမည်၏။

သောတာပတ္တိမဂ် သိထားတဲ့ အပိုင်းအခြားအတိုင်း သိတတ်တဲ့ ဣန္ဒြေဆိုတော့ အဲဒါ အလယ်စိတ် ၆-ခုနဲ့ ယှဉ်တဲ့ အမောဟစေတသိက်၊ အဇ္ဈပ္ပါယ်ကား သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါး နိဗ္ဗာန်တရားတို့ကို အဖန်ဖန် အဆင့်ဆင့် ထပ်၍သိသောကြောင့် အထက်မဂ် ၃ပါး, အောက်ဖိုလ် ၃-ပါးတို့၌ ရှိသော ပညိန္ဒြေသည် အညိန္ဒြေမည်၏။

နောက်တစ်ခုက အညာယိတ္ထာဝီ အညာတာဝီ, အညာယိတ္ထ၊ အလုံးစုံသိပြီ၊ ဣတိ၊ ထို့ကြောင့် အညာတာဝီ၊ အညာတာဝီမည်၏၊ သိစရာကမ်းကုန်သွားပြီ၊ ပြည့်စုံအောင် သိသွားပြီလို့ ဆိုလိုတာ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတုန်း "သိသင့်သိအပ်သော တရားများကို သိရှိပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်ရဲ့" အညာတာဝီလို့ ပြောလိုက်ရင် ရဟန္တာပုဂ္ဂိုလ်ကို ဆိုလိုတယ်၊ သူ့မှာသိစရာ မရှိတော့ဘူး၊ သိစရာ ကုန်သွားပြီ၊ သိပြီးနေပြီ။

အညာတာဝီနော ဣန္ဒြိယန္တိ အညာတာဝိန္ဒြိယံ၊ အညာတာဝိနော သစ္စာလေးပါး နိဗ္ဗာန်တရားကိုသိပြီးသော ရဟန္တာပုဂ္ဂိုလ်၏၊ ဣန္ဒြိယံ၊ ဣန္ဒြေတည်း၊ ဣတိ၊ ထို့ကြောင့်၊ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေ မည်၏။

အဲဒီ ရဟန္တာပုဂ္ဂိုလ် (အရဟတ္တဖိုလ်ရပြီးသား ပုဂ္ဂိုလ်)၏ အရဟတ္တဖိုလ်စိတ်နဲ့ ယှဉ်တဲ့ အမောဟ စေတသိက်သည်၊ အညာတာဝိန္ဒြေ မည်၏။

အဓိပ္ပါယ်က သိမှုကိစ္စအပြီးသို့ ရောက်သောရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်၌ တည်ရှိသော၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော ပညိန္ဒြေသည် အညာတာဝိန္ဒြေမည်၏။

ဣန္ဒြေ ၂၂-ပါးကို ဘုံအားဖြင့် ဝေဖန်ခြင်းတဲ့၊ ဒါက သင်္ဂြိုဟ်ထဲမှာတိုက်ရိုက် မပါဘူး၊ တခြားကျမ်းကယူပြီးတော့ ထည့်ထားတာ၊ ဒီလောက် မသိရင်လည်း သိပ်ပြီးတော့ အရေးမကြီးပါဘူး၊ ဒါပေမယ့် သိရင်လည်းကောင်းတယ်၊

"စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, သုခ, ဒုက္ခ

http://www.dhammadownload.com



ဒေါမနဿိန္ဒြေ၊ ဉာဏိန္ဒြေ ၁၀-ပါးတို့သည် ကာမဘုံ၌ဖြစ်ကုန်၏"

ဒေါသမူစိတ်က ရူပဘုံ အရူပဘုံမှာမဖြစ်ဘူး၊ မင်္ဂနဲ့ပယ်ထားတာ မဟုတ်ပေမယ့်လည်း ဘုံနဲ့ပယ်ထားလို့၊ ဒေါသမူဒွေးက ရူပဘုံ အရူပဘုံမှာ မရဘူး၊ အဲဒါကြောင့်မို့

မနိန္ဒြေ, ဇီဝိတိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေ, ဉာဏိန္ဒြေ ရှစ်ပါးတို့သည် စတုဘူမိက ဘုံ ၄-ပါး၌ဖြစ်ကုန်၏၊ ကာမ, ရူပ, အရူပ, လောကုတ္တရာပေါ့လေ။

"သောမနဿိန္ဒြေသည် ကာမရူပ, လောကုတ္တရာ တေဘူမိကဘုံ ၃-ပါး၌ဖြစ်ကုန်၏" လောကုတ္တရာစိတ်ထဲမှာ သောမနဿနဲ့ ယှဉ်တဲ့စိတ်ရှိတယ်၊ ဥပေက္ခာနဲ့ ယှဉ်တဲ့စိတ်ရှိတယ်မဟုတ်လား၊ ဒါကြောင့် သောမနဿလည်းပါတယ်၊

"အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ဉာဏိန္ဒြေ ၃-ပါးတို့သည်ကား လောကုတ္တရာဘုံ၌သာ အကျုံးဝင်၏" လောကုတ္တရာဆိုတာက တကယ့်ဘုံမဟုတ်ဘူးနော်၊ တင်စားပြီးတော့ခေါ်ထားတာ၊ လောကုတ္တရာတရားပဲ၊ အကျုံးဝင်တယ်တဲ့၊ ဒါက ဘုံအားဖြင့် ခွဲလိုက်တာ။

ဣန္ဒြေ ၂၂-ပါးမှာ စက္ခုန္ဒြေဟာ ဘယ်ဘုံမှာ ရနိုင်သလဲ၊ ကာမဘုံမှာ ရနိုင်တယ်ပေါ့၊ ရူပဘုံမှာရော ရနိုင်တာပေါ့၊ သောတိန္ဒြေကော၊ ရူပဘုံမှာရနိုင်တာပဲ၊ စက္ခုဝတ္ထု သောတဝတ္ထုရတယ်ဆိုရင် စက္ခုန္ဒြေ, သောတိန္ဒြေရနိုင်တာပေါ့၊ ကောင်းပြီ, အဲဒါက ဣန္ဒြေ ၂၂-ပါးကို ဘုံအားဖြင့် ဝေဖန်တာ။

ဣန္ဒြေပြီးတော့ ဗိုလ်တဲ့, ဗလဆိုတဲ့ ပါဠိစကားကို မြန်မာတွေက ဗိုလ်လို့ ခေါ်တာ (စစ်ဗိုလ်တို့ ဘာတို့ဆိုတာ ဒီစကားက ယူသွားတာပဲ)

"ကြံ့ခိုင်မြဲမြံသောသောကြောင့် ဗိုလ်မည်၏"တဲ့၊ ပဋိပက္ခတရားနဲ့တွေ့ပေမယ်လို့ မတုန်မလှုပ်ကြံ့ကြံ့ခံနိုင်တဲ့တရားမျိုးကို ဗိုလ်လို့ခေါ်တယ်၊ ဗလဆိုတာ အားရှိတယ်၊ အားကောင်းတယ်၊ strong ဖြစ်တယ်ပေါ့၊

"လောက၌ ဗိုလ်အခေါ်ခံရသော လူတို့သည် ထိုထိုကိစ္စကို ပြုလုပ်ရာ၌ မယိမ်းမယိုင် မြဲခိုင်ကြသကဲ့သို့ ထိုအတူသဒ္ဓါအစရှိသော တရားများသည် ယုံကြည်ခြင်းစသောကိစ္စ၌ မယိမ်းမယိုင် မြဲခိုင်ကြသဖြင့် ဗလဟူသော အမည်ကိုရ၏"

ဗိုလ်ကို ဗောဓိပက္ခိယ သင်္ဂဟကျတော့လည်း ထပ်တွေ့လိမ့်ဦးမယ်၊ ပဋိပက္ခနဲ့ တွေ့တဲ့အခါမှာ မတုန်လှုပ်ဘူး၊ ကြံ့ကြံ့ခံတယ်၊ ဒီလိုတရားမျိုးကို ဗိုလ်လို့ခေါ်တယ်။

ဗိုလ်လို့ခေါ်တဲ့တရား ၉-ပါးရှိတယ်၊ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်,

http://www.dhammadownload.com



သမာဓိဗိုလ်, ပညာဗိုလ်, ဟိရိဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ်ဆိုပြီး ၉–ပါးရှိတယ်။

အဟိရိက ဝဲလာရင် ဟိရိမကပ်နိုင်ဘူး၊ အနောတ္တပ္ပ ဝဲလာရင် ဩတ္တပ္ပ မကပ်နိုင်ဘူး၊ ဟိရိရှိပြန်တော့လည်း အဟိရိက မလာနိုင်ဘူး၊ ဩတ္တပ္ပရှိပြန်တော့လည်း အနောတ္တပ္ပမလာနိုင်ဘူး၊ အဲဒီလိုဗိုလ် ၉–ပါးရှိတယ်၊ ဗောဓိပက္ခိယ သင်္ဂဟကျတော့ ဒီထဲက ၅–ပါးပဲ ထုတ်ပြောလိမ့်မယ်၊ ဒီမှာတော့ မိဿက သင်္ဂဟဖြစ်နေတော့ ကုသိုလ် အကုသိုလ်အဗျာကတအားလုံးနဲ့ ဆိုင်တာကို ပြောတာဖြစ်တဲ့အတွက်ကြောင့် အကုသိုလ်ဗိုလ်တွေလည်းပါနေတယ်။

ဒီမှာ အကုသိုလ်ဗိုလ် ၂–ခုပါတယ်၊ အဟိရိကနဲ့ အနောတ္တပ္ပ၊ ဟိရိနဲ့ ဩတ္တပ္ပကတော့ ကုသိုလ်အဗျာကတပေါ့။

"အဓိပတိ, အတူပြိုင်ဘက်မရှိ စိုးမိုးကြီးကဲသောတရား၊ မိမိနှင့် ဆက်သွယ် လျက်တကွဖြစ်ဘက်တရားတို့ကို လွှမ်းမိုးအုပ်ချုပ် အရှင်သခင်လုပ်ပြီးလျှင် တကွဖြစ်ဘက်တရားစုကို ထိုထိုကိစ္စ၌ မိမိအလိုကျအောင် လိုက်ပါစေနိုင်သော တရားကို အဓိပတိခေါ်သည်"

အဓိပတိက ခေါင်းချုပ်ပဲ၊ အမှန်ကတော့ president ပဲ၊ ဣန္ဒြေကတော့ အောက်က ရုံးအမှုထမ်းလေးပဲ၊ ကုမ္ပဏီကြီးတစ်ခုမှာ ဟိုထိပ်ကလူသာ အဓိပတိပေါ့၊ သူ့အောက်ဌာန အသီးသီး အုပ်ချုပ်တဲ့သူက ဣန္ဒြေပေါ့။

အဲဒီအဓိပတိ အမည်ရတဲ့ တရားမျိုး ၄–ခုရှိတယ်၊ ပထမက ဆန္ဒာဓိပတိတဲ့၊ စိုးမိုးလွှမ်းကဲတဲ့ဆန္ဒပေါ့၊ ဆန္ဒ အဓိပတိတပ်ပြီး လုပ်ရင် အလုပ်တွေ အောင်မြင်တယ် မဟုတ်လား၊ မြတ်စွာဘုရား အလောင်းဟာ အလွန်ဆန္ဒပြင်းထန်တယ်ဆိုတာပဲ။

ဘယ်လောက်ထိအောင်ဆန္ဒပြင်းထန်သလဲဆိုရင် စကြာဝဠာဒီဘက်တံတိုင်းနဲ့ ဟိုဘက်တံတိုင်း မီးကျီးခဲတွေနဲ့ ပြည့်နေတာကို လျှောက်သွားလို့ ဟိုဘက်တံတိုင်း ရောက်ရင် ဘုရားဖြစ်မယ်ဆိုရင် ဒီအတိုင်းခြေလျင်လျှောက်သွားမယ်ပေါ့လေ၊ အဲသလိုပြင်းထန်တဲ့ ဆန္ဒမျိုးရှိတယ်၊ အဲသလို ဆန္ဒကို အဓိပတိတပ်ပြီး အလုပ်လုပ်ရင် လုပ်ငန်းတွေအောင်မြင်တယ်ပေါ့လေ၊ ဆန္ဒစေတသိက်ပါပဲ။

သာဓိပတိဓာ ၅၂–ခု၌ရှိသော ဆန္ဒစေတသိက်တဲ့၊ သာဓိပတိ ဓာဆိုတာ ဘာမှန်းမသိသေးဘူး၊ ခဏနေဦး။

ဝီရိယာဓိပတိ၊ ဝီရိယကို အဓိပတိတပ်ပြီး လုပ်ငန်းတွေ ဆောင်ရွက်ရင် အောင်မြင်တယ်၊ ဝီရိယဟာ အဓိပတိတပ်နိုင်တဲ့ တရားမျိုးလို့ဆိုတယ်၊ ကောက်

http://www.dhammadownload.com



လိုက်တဲ့အခါကျတော့ ဘာရသလဲ၊ သာဓိပတိဇော ၅၂-ခု၌ရှိသော ဝီရိယစေတသိက် ရ၏၊ သာဓိပတိဇောဆိုတာ မသိသေးဘူး အသာနေကြဦးစို့။

စိတ္တာဓိပတိ၊ စိတ်အဓိပတိဖြစ်နိုင်တယ်၊ သာဓိပတိ ဇောစိတ် ၅၂-ခု ရတယ်။

ဝီမံသာဓိပတိ၊ တိဟိတ်ဇော ၃၄-ခု၌ရှိသောပညာစေတသိက်၊ ဒါဖြင့် အဓိပတိ တပ်နိုင်တဲ့တရား ၄-မျိုးရှိတယ်၊ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ၊ ဝီမံသာဆိုတာ(ဒီနေရာမှာ) ပညာကိုခေါ်တာ၊ ဝီမံသာဆိုတဲ့ အနက်က စုံစမ်းတတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဒါပေမယ်လို့ အမှန်အတိုင်းကတော့ ဒီနေရာမှာ ဝီမံသာဆိုတာ မသိလို့ စုံစမ်းတာမျိုး မဟုတ်ဘူး၊ ပိုင်းပိုင်းခြားခြားသိတာမျိုးကိုခေါ်တယ်။

အဲဒီမှာ အဓိပတိတရားကိုယ်ကောက်တဲ့အခါ ဘယ်လိုကောက်ရမလဲ လာလိမ့်မယ် ထင်တယ်၊ သူကဒီမှာ အခုထဲ ကကောက်ပြထားတယ်။

အဲဒီတော့ ဇော ၅၅-ကို ပထမသိထားရမယ်၊ ဇော ၅၅-ထဲက ၃-ခု ထုတ်ပစ်ရမယ်ဆိုတော့ ၅၂-ခုပဲရှိတယ်၊ အဲဒီ ၃-ခုက ဘယ် ၃-ခုလဲ၊ တော်ကြာ ကျတော့ တွေ့ပါလိမ့်မယ်။

စိတ်ဟာ အဓိပတိ တပ်နိုင်တဲ့တရား၊ ဝီမံသာဟာ အဓိပတိ တပ်နိုင်တဲ့တရား၊ ဒါပေမယ်လို့ အဓိပတိဟာ တစ်ဦးပဲရှိတယ်၊ တစ်ယောက်ပဲရှိရတယ်၊ နှစ်ယောက် ပြိုင်ပြီးတော့ အဓိပတိ မဖြစ်နိုင်ဘူး၊ President နှစ်ယောက် မရှိရဘူး၊ ဘုရင် ၂-ပါး မရှိရဘူး။

ဒါကြောင့်မို့ အဓိပတိ ၄-ပါး ဆိုပေမယ်လို့ တစ်ချိန်မှာတော့ အဓိပတိဟာ ၁-ခုပဲရမယ်၊ အကယ်၍ ဆန္ဒသာ အဓိပတိ တတ်နေတယ်ဆိုရင် ဝီရိယတွေ ဘာတွေက နောက်လိုက်ဖြစ်သွားပြီ၊ ဝီရိယ အဓိပတိ ဖြစ်ရင်လည်း ဆန္ဒစသည်က နောက်လိုက်ဖြစ်သွားပြီ၊ အဲသလိုမျိုး၊ အဓိပတိကတော့တစ်ခုပဲတတ်နိုင်တယ်၊ ဣန္ဒြေတွေကတော့ ၄ူ.ဟာနဲ့သူရတယ်၊ တရား ၅-ခုရှိရင် ၅-ခုလုံး ဣန္ဒြေခေါ်လို့ ရတယ်။

အဓိပတိကျတော့ ဒီလိုမဟုတ်ဘူး၊ အဓိပတိဆိုတဲ့နာမည်ရပြီဆိုတာနဲ့ သူဟာ တစ်ခုပဲ၊ အဓိပတိဆိုတာ ၂-ခု ၃-ခုပြိုင်ပြီးတော့ မရှိရဘူး။

အဓိပတိနှင့် ဣန္ဒြေအထူးတဲ့၊ သူတို့ကတော့ အစိုးရတာချည်းပေါ့လေ၊ ဘယ်လိုထူးသလဲ။

"တစ်ပါးကုန်သော တရားတို့၏အစိုးရသည် အဖြစ်ကိုတားမြစ်၍ မိမိတစ်ပါး

http://www.dhammadownload.com



သည်သာ အစိုးရခြင်းသည် အဓိပတိမည်၏"

သူများ အစိုးမရရဘူး၊ သူသာ အစိုးရရမယ်, သူများတွေအပေါ်က လွှမ်းမိုးပြီးတော့ သူက အုပ်ချုပ်စိုးမိုးတဲ့ တရားမျိုးကို အဓိပတိလို့ခေါ်တယ်။

"တစ်ပါးကုန်သော ဣန္ဒြေတို့သည် ရှိကုန်သော်လည်း သက်သက်မြင်ခြင်း အစရှိသည်တို့၌ စက္ခုဝိညာဏ် အစရှိသည်တို့ကို မိမိအလိုသို့ လိုက်စေခါမှုသည် ဣန္ဒြေမည်၏"

ဆိုလိုတာကတော့ ဣန္ဒြေတို့ဟာ ကိုယ့်ဆိုင်ရာမှာ ကိုယ့်အစိုးရတယ်၊ သူများအပေါ်လွှမ်းမိုးပြီးတော့ အစိုးမရဘူး၊ မြင်ခြင်းကိစ္စကို စက္ခုန္ဒြေကအစိုးရတယ်၊ စက္ခုပသာဒက အစိုးရတယ်၊ ကြားခြင်းကိစ္စမှာ သွားပြီးလူတွင်ကျယ်လုပ်လို့မရဘူး၊ ကြားခြင်းကိစ္စမှာ သောတပသာဒက အစိုးရမယ်၊ အဲသလို သူ့ဌာနနဲ့သူ အစိုးရသွားတာ၊ အဲဒါကို ဣန္ဒြေလို့ခေါ်တယ်။

ခုနလို သူများအပေါ် လွှမ်းမိုးပြီး အကြီးအကဲ မဖြစ်နိုင်ဘူး၊ ကိုယ့်ဆိုင်ရာဌာန, ကိုယ့်ဆိုင်ရာကိစ္စမှာတော့ ကိုယ့်အကြီးအကဲပဲ၊ ဒါကြောင့်မို့ department တစ်ခု ကုမ္ပဏီတစ်ခုမှာဆိုရင် ထိပ်ဆုံးကလူကအဓိပတိပဲ၊ သူ့အောက်က ဌာနမှူးတွေက ဣန္ဒြေနဲ့တူတယ်။

"အဓိပတိသည် စကြဝတေးမင်းကြီးနှင့် တူ၏၊ ဣန္ဒြေသည် ပဒေသရာဇ်မင်းငယ်တို့နှင့် တူကုန်၏"

အဲသလို အဓိပတိနဲ့ ဣန္ဒြေထူးတယ်၊ ပြီးတော့ ခုနပြောသလို ဣန္ဒြေဆိုတာကတော့ တစ်ခုသော အခိုက်မှာ အများရနိုင်တယ်၊ အဓိပတိကတော့ တစ်ခုသော အခိုက်မှာ တစ်ခုပဲရနိုင်တယ်၊ တစ်ခုပဲ အဓိပတိ တတ်နိုင်တယ်၊ ဒါလေးမှတ်ထားကြ။

အဓိပတိပြီးတော့ အာဟာရ၊ မြန်မာစကားက အဟာရလိုဖြစ်နေတယ်၊ မြန်မာစကားဆိုရင်တော့ ပြောချင်သလို ပြောပေါ့လေ၊ ပါဠိစကားလုံး သုံးပြီဆိုရင်တော့ သေသေချာချာ ပီပီသသနဲ့ အာဟာရလို့ ဖတ်ရမယ်။

"မိမိဆိုင်ရာ အကျိုးတရားများကိုဆောင်တတ်သော တရားကို အာဟာရ ဟုခေါ်၏၊ ဆောင်ဟူသည်ဖြစ်စေခြင်း ထောက်ပံ့ခြင်းတည်း"

အကျိုးကို ဖြစ်စေတတ်တယ်၊ တစ်စုံတစ်ခုကိုဖြစ်စေတယ်၊ ထောက်ပံ့တယ်၊ အဲသလို တရားမျိုးကို အာဟာရလို့ ပါဠိလိုခေါ်တယ်။

အများနားလည်ထားတာက အာဟာရဆိုတာအစာ, ရုပ်ပိုင်းမှာ အာဟာရရုပ်ကို တွေ့ခဲ့ပြီ၊ ဩဇာဆိုတဲ့ရုပ်ကို အာဟာရရုပ်လို့ခေါ်ခဲ့ပြီ။

http://www.dhammadownload.com



ဒီမှာကျတော့ အာဟာရဆိုတဲ့ တရားက ရုပ်တင်မဟုတ်ဘူး၊ နာမ်တွေပါ ရှိတယ်လို့ မြတ်စွာဘုရားက အာဟာရ ၄-မျိုးကို ဟောထားတယ်။

အာဟာရဆောင်ပုံက ဘယ်လိုဆောင်သလဲ၊ ဆောင်ပုံကစပြီး ပြမယ်။

(၁) ကာဗဠီကာရအာဟာရ, ကဗဠီကာရ အာဟာရဆိုတာ ရုပ် ၂၈-ပါး မှာပါတဲ့ အာဟာရကိုပဲဆိုလိုတယ်၊ အဲဒီ အာဟာရကဩဇဌမကရုပ်ကို ဆောင်၏တဲ့၊ ဩဇဌမကရုပ်ဆိုတာ အာဟာရဇအဋ္ဌကလာပ်ရုပ်ကို ခေါ်တာ၊ ရုပ်ပိုင်းကို (စိတ်နဲ့) ပြန်သွားလိုက်စမ်း၊ ရုပ်ပိုင်းမှာ ကလာပ်တွေ မလုပ်ခဲ့ဘူးလား၊ ကလာပ်တွေ ရှိခဲ့တယ်၊ ရုပ်တွေဟာ အစုအစုနဲ့ ဖြစ်ကြတယ်၊ အဲဒီမှာ အကြမ်းစား ခွဲလိုက်မယ်ဆိုရင် ကမ္မဇကလာပ်၊ စိတ္တဇကလာပ်, ဥတုဇကလာပ်, အာဟာရဇ ကလာပ်လို့ရှိတယ်၊ အာဟာရဇကလာပ်ထဲမှာ သုဒ္ဓဋ္ဌကလာပ်ဆိုတာရှိတယ်။

အဲဒီ အာဟာရဇ, သုဒ္ဓဋ္ဌကလာပ်ကို ကဗဠီကာရက ထောက်ပံ့နိုင်တယ်၊ နိုင်စေတယ်၊ ဒါကိုပဲ ဆောင်တယ်လို့သုံးတယ်၊ ဒါကြောင့်မို့ ကဗဠီကာရအာဟာရကို အာဟာရလို့ခေါ်တယ်။

(၂) ဖဿာဟာရ, ဖဿကိုလည်း အာဟာရလို့ခေါ်ပြန်တယ်၊ ဘာကြောင့် ဖဿကို အာဟာရလို့ခေါ်သလဲဆိုရင် သုခ, ဒုက္ခ, ဥပေက္ခာဆိုတဲ့ ဝေဒနာ ၃-ပါးကိုဆောင်လို့၊ သို့မဟုတ်ရင် ဝေဒနာ ၅-ပါးလို့လည်းပြောရင်ရပါတယ်၊ သို့ပေမယ့် ဒီနေရာမှာ ပါဠိမှာဝေဒနာ ၃-ပါးဆိုတော့ ၃-ပါးပေါ့။

ဖဿပစ္စယာဝေဒနာလို့ ပဋိစ္စသမုပ္ပါဒ်မှာ မရှိဘူးလား၊ ဖဿကို အကြောင်း ပြုပြီး အမှီပြုပြီးတော့ ဝေဒနာဖြစ်တယ်လို့ဆိုတဲ့ တရားတော်အရ ဖဿသည် ဝေဒနာကိုဆောင်တယ်၊ ဝေဒနာဆောင်တတ်တဲ့အတွက်ကြောင့် ဝေဒနာကို ထောက်ပံ့ စေတတ်တဲ့အတွက်ကြောင့် ဖဿကို အာဟာရလို့ခေါ်တယ်။

(၃) မနောသဉ္စေတနာဟာရ၊ သည် သုံးပါးသောဘဝ၌ ပဋိသန္ဓေကိုဆောင်၏ တဲ့၊ မနောသဉ္စေတနာဟာရဆိုတာ စေတသိက် ၅၂-ပါးထဲက စေတနာစေတသိက်ပဲ၊ နာမည်ကြီးရှည်နေသော့ အထူးအခြားကြီးလို့ ထင်ရပေမယ့် စေတနာ စေတသိက်ကို ခေါ်တာပါပဲ။

အဲဒီ မနောသဉ္စေတနာဟာရက ကာမဘဝ, ရူပဘဝ, အရူပဘဝတို့မှာ ပဋိသန္ဓေကို ဖြစ်စေတာ၊ ဒီကျတော့ ထောက်ပံ့တာ မဟုတ်ဘူး၊ ဖြစ်စေတာ produce လုပ်တာ။

အဲဒီတော့ ပဋိသန္ဓေကို ဖြစ်စေတယ်ဆိုကတည်းက စဉ်းစားကြည့်လိုက်၊

http://www.dhammadownload.com



ကံဆိုတဲ့ စေတနာ မဟုတ်ပေဘူးလား၊ ပဋိသန္ဓေကို ဖြစ်စေတာက ကံကဖြစ်စေတာ မဟုတ်ဘူးလား၊ ကံခေါ်တဲ့ စေတနာက ဘယ်စိတ်တွေနဲ့ ယှဉ်တဲ့စေတနာလဲ၊ စေတနာဆိုတာက စိတ်တစ်ခုယုတ်ကိုးဆယ် အားလုံး ယှဉ်တယ်မဟုတ်ဘူးလား၊ ဒါပေမယ့် စိတ်တစ်ခုယုတ် ကိုးဆယ်နဲ့ ယှဉ်တဲ့စေတနာကို ကံလို့မခေါ်ဘူး၊ ကံလို့ခေါ်တဲ့စေတနာက ကုသိုလ် အကုသိုလ်နဲ့ယှဉ်တဲ့ စေတနာကိုခေါ်တာ။

ဒါကြောင့်မို့ အကုသိုလ် ၁၂ ပါး, မဟာကုသိုလ်စိတ် ၈-ပါး, ရူပကုသိုလ် ၅ပါး၊ အရူပကုသိုလ် ၄-ပါး, ၂၉၊ ဒီစိတ်တွေနဲ့ယှဉ်တဲ့ စေတနာကို ဒီနေရာမှာ မနောသဉ္စေတနာလို့ တိတကျကျပြောတယ်၊ ဒီလိုမပြောချင်ရင်လည်း ကုသိုလ် အကုသိုလ်စေတနာ၊

အဲဒီကုသိုလ် အကုသိုလ်စေတနာသည် ပဋိသန္ဓေကို ဆောင်တတ်တဲ့အတွက် ကြောင့် အာဟာရဆိုသော အမည်ကိုရသည်။

(၄) ဝိညာဏာဟာရသည် မိမိနှင့်အတူတကွဖြစ်သော နာမ်ရုပ်တို့ကို ဆောင်၏တဲ့၊ ဒါက နာမ်ရုပ်တို့ကို ထောက်ပံ့တယ်လို့ ဆိုတယ်၊ ဝိညာဏာဟာရဆိုတာ စိတ်ကိုခေါ်တာပေါ့၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဝိညာဏပစ္စယနာမရူပံ မဟုတ်လား၊ ဒါကြောင့် နာမ်ရုပ်ကို ဆောင်တယ်လို့ ပြောထားတာ။

ပဋိစ္စသမုပ္ပါဒ်ကိုကြည့်ပြီးတော့ အဓိပ္ပါယ် ယူရတာ၊ ဖဿနဲ့ပတ်သက်တုန်း ကလည်း ဖဿပစ္စယာဝေဒနာ၊ ပြီးတော့ မနောသဉ္စေတနာဟာရဆိုရင် သင်္ခါရပစ္စယာ ဝိညာဏံပေါ့၊ ဒီမှာလည်း ဝိညာဏပစ္စယာနာမရူပံ၊ အဲဒါကိုကြည့်ပြီးတော့ ဝိညာဏ် သည် နာမ်ရုပ်ကို ဆောင်တတ်သည်၊ နာမ်ရုပ်ကို ထောက်ပံ့ခိုင်စေတတ်သည်လို့ ဆိုလိုတယ်။

ကောင်းပြီ၊ အဲဒီ အာဟာရ ၄-ပါးသည် ဘာတွေလဲ၊ (၁) ကဗဠီကာရ အာဟာရဆိုတာ ဩဇာရုပ်ကိုခေါ်ပါတယ်၊ အာဟာရရုပ်, ဩဇာရုပ်။

(၂) ဖဿာဟာရဆိုတာ ဖဿစေတသိက်, ဒါကျတော့ စိတ်တစ်ခုယုတ် ကိုးဆယ် အကုန်ယှဉ်တဲ့ဖဿပေါ့။

(၃) မနောသဉ္စေတနာဟာရဆိုတာ စေတနာစေတသိက်ကို ခေါ်ပါတယ်၊ စေတနာစေတသိက်ဆိုတာ ကုသိုလ်အကုသိုလ် စေတနာလို့ ဆိုလိုတယ်။

(၄) ဝိညာဏာဟာရဆိုတာ စိတ်တစ်ခုယုတ်ကိုးဆယ်တဲ့၊ ဌီကာမှာတော့ ဝိညာဏာ ဟာရအရ ပဋိသန္ဓေဝိညာဏ်လို့တောင်ပြောတယ်၊ ပဋိသန္ဓေဝိညာဏ်ဆိုတာ ဝိညာဏပစ္စယာနာမရူပံကျတော့ ပဋိသန္ဓေ ဝိညာဏ်ကို ယူရတာလည်းရှိတယ်၊

http://www.dhammadownload.com



ပဝတ္တိ ဝိညာဏ်ကို ယူရတာလည်းရှိတယ်၊ အဲဒီတော့ အထူးသဖြင့် ဝိပါက်ဝိညာဏ်ပေါ့၊ ဝိပါက် ဝိညာဏ်တွေကို ဝိညာဏာဟာရလို့ခေါ်တယ်၊ အဲသလို မှတ်ထားကြရမယ်။

အာဟာရလေးပါးကို ဘုံပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပြခြင်းတဲ့၊ ဒါလည်းသင်္ဂြိုဟ်မှာ တိုက်ရိုက်မပါဘူး။

"ကာမဘုံ၌ အာဟာရလေးပါးလုံးကို ရ၏"တဲ့၊ ဟုတ်တာပေါ့၊ ကာဗဠီကာရ အာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရ။

"အသညသတ်ကြဉ်သော ရူပဘုံ အရူပဘုံတို့၌ အာဟာရ ၃-ပါးကိုသာရ၏" ဘာတွေတုန်း၊ ကာဗဠီကာရမရဘူးလို့ဆိုတယ်။

"အသညသတ်ဘုံ၌ ပစ္စယာဟာရကိုရသည်၊ အသညသတ်ဗြဟ္မာတို့ကား မိမိရအပ်ပြီးသော ပဥ္စမဈာန်သည်ပင်လျှင်အာဟာရဖြစ်၏၊ ပစ္စယာဟာရကို ရသည် ဟုဆို၏"ဒါဖြင့် ကဗဠီကာရလည်းမရှိဘူး၊ ဖဿလည်းမရှိဘူး၊ မနောသဉ္စေ တနာလည်းမရှိဘူး၊ ဝိညာဏလဲမရှိဘူး၊ သူက အရုပ်ကြီးလို ဖြစ်နေတာ မဟုတ်လား။

"ပုဂ္ဂိုလ်အားဖြင့် သဗ္ဗေသတ္တာ,အာဟာရဋ္ဌိတိကာဟုဆိုခြင်းကြောင့် အလုံးစုံသော ပုထုဇဉ် အရိယာတို့မှာ ရကြသည်" အားလုံးသော သတ္တဝါတွေ အာဟာရသာတည် ကြောင်းရှိတယ်၊ အာဟာရကိုအမှီပြုပြီး တည်ကြတယ်လို့ မြတ်စွာဘုရား ဟောထား တာရှိတယ်၊ အဲဒါကိုထောက်ပြီးတော့ ပုဂ္ဂိုလ်အားဖြင့်တော့အားလုံးရတယ်၊ ပုထုဇဉ် သန္တာန်မှာရောရတယ်၊ အရိယာသန္တာန်မှာလဲရတယ်၊ ဒီ ၄-မျိုးကို အာဟာရ ၄-မျိုးလို့ခေါ်တယ်။

ဒါဖြင့် သမုစ္စည်းမှာ သင်ကြားတဲ့ သဘောတရားတွေ ကုန်သွားပြီ၊ နောက်ကနေ ပြန်ကြည့်လိုက်စမ်းပါ။

ဟိတ်, ဈာန်, မဂ္ဂင်,၊ ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရ, ဒီတရား ၇-မျိုးကို မိဿက သင်္ဂဟမှာ သင်ကြားထားတယ်။

* **ဟိတ် ဈာ မဂ္ဂ, ဣ ဗလ, ဓိ အာ စုနစ်မည်** တရား ၇-မျိုးကို မိဿက သင်္ဂဟမှာ ပြထားသည်။

တစ်ခေါက်ပြန်လိုက်စမ်း၊ ဟိတ် ၆-ပါး၊ ဈာန်-၇ပါး၊ မဂ္ဂင် ၁၂ပါး၊ ဣန္ဒြေ ၂၂-ပါး၊ ဗိုလ် ၉-ပါး၊ အဓိပတိ ၄-ပါး, အာဟာရ ၄-ပါး။

ကောင်းပြီ, အခုဘာလာမလဲဆိုတော့ တရားကိုယ်ကောက်နည်းပေါ့လေ၊ ဈာန်, ဗိုလ်, မဂ္ဂင်, ဣန္ဒြေ ကိစ္စမတတ်သော တရားများတဲ့၊ ဒါက အရေးကြီးတယ်။

သာမညအားဖြင့် ပြောမယ်ဆိုရင် ဒွေးပဉ္စဝိညာဏ် ၁၀ မှာ စေတသိက် ၇-

http://www.dhammadownload.com



ပါးပဲယှဉ်တယ်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးပေါ့။

အဲဒီ သဗ္ဗစိတ္တသာဓာရဏ စေတသိက်၇-ပါးကို သေသေချာချာ ကြည့်လိုက်စမ်း၊ ဖဿ, ဝေဒနာ, ပညာ, စေတနာ, မနသိကာရ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ ၇-ခု။

အဲဒီ စေတသိက် ၇-ခုထဲမှာ ဈာနင် ကောန်ဖြစ်တဲ့ စေတသိက်များပါသလား, ဖဿဟာ ဈာန်အင်္ဂါ မဟုတ်ဘူး, ဝေဒနာဟာ ဈာန်အင်္ဂါ, ပညာ, စေတနာ မပါဘူး, ဧကဂ္ဂတာဟာ ဈာန်အင်္ဂါပါတယ်၊ မနသိကာရ ဈာန်အင်္ဂါမပါဘူး၊ ဇီဝိတိန္ဒြေ မပါဘူး၊ ဒါကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀-ထဲမှာ ဝေဒနာယှဉ်တယ်၊ ဧကဂ္ဂတာ ယှဉ်တယ်။

အဲဒီဒွေးပဥ္စဝိညာဏ် ၁၀-ထဲမှာ ယှဉ်တဲ့ ဝေဒနာသည် ဈာနင်အမည်ရသလား၊ ဧကဂ္ဂတာသည် ဈာနင် အမည်ရသလား, ဒီမှာဖြေထားတယ်။

ဒွေးပဥ္စဝိညာဏ် ၁၀-တို့၌ ဈာန်တို့ကို မရအပ်ကုန်တဲ့၊ ဈာန်တို့ကို မရဘူးဆိုတာ ဒွေးပဥ္စဝိညာဏ် ၁၀-နဲ့ ယှဉ်တဲ့ စေတသိက်ထဲမှာ သာမညအားဖြင့်ပြောမယ်ဆိုရင် ဈာန်အင်္ဂါပါတယ်၊ ဒါပေမယ့် သူတို့ကို အဲဒီအခါကျ ဈာန်အင်္ဂါလို့ မခေါ်နိုင်ဘူး၊ ဈာန်အင်္ဂါကောက်ပါဆိုရင် ဒွေးပဥ္စဝိညာဏ် ၁၀-မှာ ယှဉ်တဲ့ဝေဒနာ မထည့်နဲ့၊ ဧကဂ္ဂတာ မထည့်နဲ့လို့ဆိုတယ်၊ ဒါကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀-တို့၌ ဈာန်တို့ကို မရအပ်ကုန်လို့ဆိုတာ။

ဘာကြောင့်တုန်း, ဝီရိယ မယှဉ်သောစိတ် စသည်ဖြင့်လာတယ်၊ အမှန်ကတော့ ဝိတက်မပါလို့၊ ဝိတက်ပါမှ, ဝိတက်က အာရုံကို ပို့ပေးမှ, အာရုံကို စူးစူးစိုက်စိုက် မြဲမြဲမြံမြံ ရှုရမှာကိုး၊ အခုတော့ဝိတက်မပါဘူး၊ ဒါကြောင့်မို့ ဈာန်အင်္ဂါ မထိုက်ဘူး။

အဲဒီတော့ ဝေဒနာနဲ့ ဧကဂ္ဂတာဟာ ဒွေးပဥ္စဝိညာဏ် ၁၀-မှာ ယှဉ်ပေမယ်လို့ ဈာန်ကို အရကောက်တဲ့အခါမှာ သူတို့ကို ချန်ကောက်ရမယ်။

"ဝီရိယမယှဉ်သောစိတ် ၁၆-ခုတို့၌ ဗိုလ်တို့ကို မရအပ်ကုန်"တဲ့၊ ဗိုလ်ဆိုတာ ကြံ့ကြံ့ခံရမယ်၊ အားရှိရမယ်၊ ဝီရိယမရှိတဲ့သူ ဗိုလ်မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ ဝီရိယနဲ့ မယှဉ်တဲ့စိတ်မှာ ဗိုလ်အမည်ရတဲ့ တရားတွေပါပေမယ်လို့ အဲဒီအခါကျတော့ သူတို့ ဗိုလ်မထိုက်ဘူး။

ဝီရိယမယှဉ်တဲ့စိတ်ဆိုတာ ဇယားမှာပြန်ကြည့်ရင် ဘာတွေတွေ့လဲ၊ ဒွေးပဥ္စဝိညာဏ် ၁၀-မှာ ဝီရိယမယှဉ်ဘူး၊ သမ္ပဋိစ္ဆိုင်းမှာ ဝီရိယမယှဉ်ဘူး၊ သန္တီရဏမှာ ဝီရိယမယှဉ်ဘူး၊ ပဉ္စဒွါရဝဇ္ဇန်းမှာ ဝီရိယမယှဉ်ဘူး။

http://www.dhammadownload.com



အဲဒီ ဝီရိယမယှဉ်တဲ့ စိတ်တွေမှာ စေတသိက်တွေယှဉ်လိမ့်ဦးမယ်၊ အဲဒီ စေတသိက်တွေထဲမှာ သာမညအားဖြင့် ပြောမယ်ဆိုရင် ဗိုလ်ဆိုတဲ့တရားတွေပါချင် ပါလိမ့်မယ်၊ ဒါပေမယ်လို့ ဗိုလ်ကိုအရကောက်တဲ့အခါကျတော့ အဲဒီစိတ်တွေမှာ ယှဉ်တဲ့ဗိုလ်တရားတွေကို ထည့်ကောက်လို့ မရဘူး၊ ဝီရိယမယှဉ်လို့ကို ဗိုလ်မထိုက် တော့ဘူး။

ဒါက တရားကိုယ်ကောက်နည်းတွေကို ပြောနေတာဆိုပါတော့၊ "ဗိုလ်တို့မှာ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်ဆိုပြီး ရှိတယ်မဟုတ်လား၊ အဲဒီမှာ သမာဓိဗိုလ်ကိုကြည့်လိုက်၊ သမာဓိဆိုတာ ဧကဂ္ဂတာ။

အဲဒီတော့ ဝီရိယနဲ့ မယှဉ်တဲ့စိတ်ဆိုရင် ဒွေပဉ္စဝိညာဏ် ၁၀-ပဲ ပြန်သွား ကြစို့၊ ဒွေပဉ္စဝိညာဏ် ၁၀-မှာ ဝီရိယမယှဉ်ဘူး၊ အဲဒီ ဒွေပဉ္စဝိညာဏ် ၁၀-မှာ ဧကဂ္ဂတာယှဉ်တယ်၊ ဧကဂ္ဂတာက သဗ္ဗစိတ္တသာဓာရဏ စေတသိက်ထဲပါလို့ ယှဉ်တယ်၊ အဲဒီ ဧကဂ္ဂတာကို သမာဓိဗိုလ်လို့ ခေါ်ရမလား၊ မခေါ်ရဘူး၊ ဝီရိယနဲ့ မယှဉ်တဲ့စိတ်မှာယှဉ်တဲ့ ဧကဂ္ဂတာကို သမာဓိဗိုလ်လို့မခေါ်ရဘူး၊ အဲသလို နားလည် ရမယ် "ဝီရိယ မယှဉ်သောစိတ် ၁၆- ခုတို့၌ ဗိုလ်တို့ကို မရအပ်ကုန်"ဆိုတာ အဲဒါ ပြောတာ။

ပြန်ပြောဦးမယ်, ပထမဦးဆုံး ဝီရိယမယှဉ်တဲ့စိတ်တွေကို ဇယားမှာကြည့် လိုက်ရင် အလွယ်ပြောမယ်ဆိုရင် ဒွေပဉ္စဝိညာဏ် ၁၀-တွေ့တယ်၊ အဲဒီ ဒွေပဉ္စ ဝိညာဏ် ၁၀-ဟာ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုနဲ့ ယှဉ်တယ်၊ အဲဒီ ၇- ခု ဧကဂ္ဂတာပါတယ်။

အဲဒီ ဧကဂ္ဂတာသည် သမာဓိဗိုလ် အမည်ရမလား၊ မရဘူး၊ အဲဒါကြောင့် သမာဓိဗိုလ် အရကောက်လိုက်စမ်းပါဆိုရင် ဒွေပဉ္စဝိညာဏ် ၁၀-မှာယှဉ်တဲ့ ဧကဂ္ဂတာကို ချန်ကောက်ရလိမ့်မယ်၊ ဒါတင်မကဘူး၊ သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ပဉ္စဒ္ဒါရာဝဇ္ဇန်းတို့မှာ ယှဉ်တဲ့ဧကဂ္ဂတာကိုချန်ပြီး ကောက်ရလိမ့်မယ်၊ ဒါကို ဆိုလိုတယ်။

"အဟိတ်စိတ် ၁၀-ခုတို့၌ မဂ္ဂင်တို့ကို မရအပ်ကုန်" ခုနက မဂ္ဂင် ၁၂- ပါး တွေ့ခဲ့ပြီ၊ အဟိတ်စိတ်မှာ ယှဉ်တဲ့အဲဒါတွေကို မဂ္ဂင်လို့မခေါ်နဲ့တော့၊ အဲဒီတော့ မဂ္ဂင်တွေကြည့်လိုက်စမ်း။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတဲ့, အဟိတ်စိတ် ၁၈-ခုထဲမှာ မနောဒွါရာဝဇ္ဇန်းကို ကြည့်လိုက်စမ်းပါ၊ မနောဒွါရာဝဇ္ဇန်းဟာ ဝီရိယယှဉ်တယ်။

http://www.dhammadownload.com



အဲဒီမနောဒွါရဝဇ္ဇန်းမှာယှဉ်တဲ့ ဝိရိယကို သမ္မာဝါယာမမဂ္ဂင်လို့ ခေါ်ရမလား၊ မခေါ်ရဘူး၊ အဟိတ်စိတ်မှာယှဉ်နေလို့၊ ဘာလို့တုန်းဆိုတော့ မခိုင်မြဲလို့ပေါ့၊ အမြစ်တွယ်ပြီး စွဲနေမှ ဒီလမ်းဖြောင့်ဖြောင့်သွားလို့ရမှာ၊ ခိုင်ခိုင်ခံ့ခံ့ဖြစ်နေမှ သူက လမ်းအဖြစ်နဲ့ အသုံးခံနိုင်မှာ, နိဗ္ဗာန်ပို့နိုင်မှာ။

ဒီလိုမဟုတ်ပဲနဲ့ သူ့မှာ အမြစ်မရှိတော့ မခိုင်မြဲဘူးပေါ့၊ ဒါကြောင့်မို့ မနောဒွါရဝဇ္ဇန်းစိတ်မှာ ဝိရိယယှဉ်သော်လည်းပဲ ထိုဝိရိယကို သမ္မဝါယာမလို့ မခေါ်ရ၊ သမ္မဝါယာမ မဂ္ဂင်မဟုတ်ဘူး၊ မဂ္ဂင်မထိုက်ဘူးလို့ ဆိုလိုတယ်။

"ထို့အတူ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ဧကဂ္ဂတာ စေတသိက်သည် မဂ္ဂင် ဣန္ဒြေဗိုလ်အဖြစ်သို့ မရောက်"

ဝိစိကိစ္ဆာစိတ်နဲ့ ဧကဂ္ဂတာ မယှဉ်ဘူးလား၊ ဧကဂ္ဂတာကတော့ စိတ်တစ်ခုယုတ်ကိုးဆယ် အကုန်ယှဉ်နေတာပဲ၊ ဒါပေမယ့်လို့ အဲဒီ ဝိစိကိစ္ဆာစိတ်မှာရှိတဲ့ ဧကဂ္ဂတာ စေတသိက်ကို သမာဓိမဂ္ဂင်လို့လည်းမခေါ်ရဘူး၊ သမာဓိဣန္ဒြေလို့လည်း မခေါ်ရဘူး၊ သမာဓိဗိုလ်လို့လည်း မခေါ်ရဘူး။

ဒါကြောင့်မို့ သမာဓိမဂ္ဂင် အရကောက်ပါ၊ သမာဓိဣန္ဒြေအရကောက်ပါ၊ သမာဓိဗိုလ် အရကောက်ပါဆိုရင် ဝိစိကိစ္ဆာသဟဂုတ်မှာ ယှဉ်တဲ့ဧကဂ္ဂတာကို ချန်ရလိမ့်မယ်၊ ဒါက တကယ်လုပ်ရင်အတော်ရှုပ်တယ်၊ ဘာကြောင့်လဲဆို အကုန်ကြည့်ရမှာကိုး၊ ဝိရိယနဲ့ မယှဉ်တဲ့စိတ် ၁၆–ခုမှာဗိုလ်မရဘူး၊ အဟိတ်စိတ် ၁၈–ခုမှ မဂ္ဂင်မရဘူးဆိုတာရှိသေးတယ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာ ဧကဂ္ဂတာ စေတသိက်ဟာ မဂ္ဂင်, ဗိုလ်, ဣန္ဒြေတို့ မရဘူးတဲ့။

အောက်မှာ အဓိပ္ပါယ်လေးတွေ ပြထားတယ်။

ဒွေးပဉ္စဝိညာဏ် ၁၀–၌ ယှဉ်သော ဥပေက္ခာဝေဒနာနှင့် ဧကဂ္ဂတာတို့သည် ဈာန်မျိုးဖြစ်သော်လည်း ဝိတက်ကင်းသောကြောင့် အာရုံ၌ ရှေ့ရှုကာမျှဖြစ်၍ အားနည်းသောကြောင့် ဈာန်ကိစ္စမတတ်။

ဝိရိယမယှဉ်သော စိတ် ၁၆–ခု၌ရှိသော ဧကဂ္ဂတာသည် ဗိုလ်မျိုးဖြစ်သော်လည်း ဝိရိယကင်းသောကြောင့် အားနည်းသဖြင့် ဗိုလ်ကိစ္စမတတ်။

အဟိတ်စိတ် ၁၈–ခုတို့၌ရှိသော ဝိတက်, ဝိရိယ, ဧကဂ္ဂတာတို့သည် မဂ္ဂင်မျိုးဖြစ်သော်လည်း ဟိတ်ကင်းသောကြောင့် အားနည်းသဖြင့် မဂ္ဂင်ကိစ္စမတတ်။

ဝိစိကိစ္ဆာ၌ရှိသော ဧကဂ္ဂတာသည် ဗိုလ်မျိုး ဣန္ဒြေမျိုး မဂ္ဂင်မျိုးဖြစ်သော်လည်း အဓိမောက္ခကင်းသောကြောင့် ဆုံးဖြတ်ခြင်းမရှိသဖြင့် ဗိုလ်ကိစ္စ, ဣန္ဒြေကိစ္စ,

http://www.dhammadownload.com



မဂ္ဂင်ကိစ္စမတတ်။

ဒါကြောင့်မို့ ဗိုလ်အရကောက်မယ်, ဣန္ဒြေအရကောက်မယ်, မဂ္ဂင်အရကောက်မယ်ဆိုရင် ဒီဟာကို သတိရရမယ်၊ ဒီဟာကိုကြည့်ပြီး ကောက်ရမယ်၊ အရမ်းသွားကောက်လို့မရဘူး၊ ဒီစေတသိက်ဟာ ဒီစိတ်မှာ ယှဉ်နေတာပဲ, ငါတော့ ကောက်လိုက်မယ်ဆိုလို့ မရဘူး၊ ခုနလို ဝိတက်မယှဉ်တဲ့စိတ်က ဖြစ်တဲ့အတွက်ကြောင့် ဈာန်မရဘူးဆိုတာမျိုးတွေရှိတယ်။

ကောင်းပြီ, ဘာလာသလဲ။

"သမ္ပယုတ်ဟိတ်အားဖြင့်လည်းကောင်း, ဓောတည်းဟူသော ကိစ္စအားဖြင့်လည်းကောင်း၊ လွန်စွာအားရှိကြကုန်သော ဒွိဟိတ်ဇော ၁၈–ခု၊ တိဟိတ်ဇော ၃၄– ခုတို့သည်သာလျှင် အဓိပတိကိစ္စကိုတစ်ခုစီ, တစ်ခုစီ ရအပ်၏"

ဒါကသာ ဓိပတိဇော ၅၂–ကို အဓိပ္ပါယ်တစ်မျိုးနဲ့ ပြောနေတာ၊ ဇော ၅၅–ရှိတဲ့အနက်က ဒွိဟိတ်ဇောနဲ့ တိဟိတ်ဇောသာ အဓိပတိထိုက်တယ်၊ အဲဒီတော့ ဒွိဟိတ်ဇော, တိဟိတ်ဇောပြီးရင် အခြားဘာဇောတွေရှိသေးသလဲ။

ဇောဆိုတာ ကုသိုလ်, အကုသိုလ်, ဗိုလ်, ကြိယာ, ဖယားမှာမြင်ရဲ့လား၊ အဲဒီထဲက ဒွိဟိတ်နဲ့ တိဟိတ်သာ ဇောကိစ္စတတ်တယ်ဆိုတော့ ဟိတ်နဲ့ယှဉ်တဲ့အခါမှာ ဒွိဟိတ်စိတ်, တိဟိတ်စိတ်, ဟိတ် ၃–ပါးနဲ့ ယှဉ်တဲ့စိတ်,ဟိတ် ၂–ပါးနဲ့ယှဉ်တဲ့စိတ်, ဟိတ် ၁–ပါးနဲ့ ယှဉ်တဲ့စိတ် မရှိဘူးလား၊ ဟိတ်နဲ့မယှဉ်တဲ့စိတ်လည်းရှိတယ်။

ဒါဖြင့် ဇောထဲမှာ ဟိတ် ၁–ပါးနဲ့ ယှဉ်တဲ့ဇောရှိတယ်၊ အကုသိုလ်ထဲကြည့်၊ မောဟမူဒွေး မဟုတ်ဘူးလား၊ မောဟမူဒွေးဟာ မောဟနဲ့သာယှဉ်တယ်၊ လောဘနဲ့ မယှဉ်ဘူး၊ ဒေါသနဲ့ မယှဉ်ဘူး၊ သူ့ကို ဧကဟိတ်ဇောလို့ ခေါ်တယ်၊ ဟိတ်တစ်ခုထဲနဲ့သာယှဉ်တယ်။

ပြီးတော့ ဟသိတုပ္ပါဒ်ကြည့်လိုက်စမ်း၊ ဟသိတုပ္ပါဒ်ဟာ ဇောပဲ၊ သူက ဟိတ်နဲ့ လုံးဝမယှဉ်ဘူး၊ အဟိတ်စိတ်ပဲ၊ ဒါကြောင့်မို့ ဒွိဟိတ်ဇော, တိဟိတ်ဇောလို့ ပြောလိုက်ရင် အဲဒီ ၃–ခု ကျန်ရစ်တယ်၊ ၅၅–ထဲက ၃–ခု နုတ်လိုက် ၅၂ ကျန်တယ်၊ အဲဒီ ၅၂–ကို အဓိပတိတတ်တဲ့ဇောဖြစ်တဲ့အတွက်ကြောင့် ပါဠိလိုသာ ဓိပတိဇောလို့ ခေါ်တယ်။

ဒါကြောင့်မို့ "သမ္ပယုတ်ဟိတ်အားဖြင့်လည်းကောင်း, ဇောတည်းဟူသော ကိစ္စအားဖြင့်လည်းကောင်း လွန်အားရှိကြကုန်သော ဒွိဟိတ်ဇော ၁၈–ခု၊ တိဟိတ်ဇော ၃၄–ခုတို့သည်သာလျှင် အဓိပတိကိစ္စကို တစ်ခုစီ တစ်ခုစီ (တစ်ကြိမ်မှာတစ်ခုသာ)

http://www.dhammadownload.com



အဓိပတိတတ်တယ်၊ ခုနပြောခဲ့တာ ဒါပဲဆိုပါတော့၊ လောဘမူပထမစိတ်က အဓိပတိတတ်တယ်ဆိုရင် ဆန္ဒကအဓိပတိ မတတ်နိုင်တော့ဘူး၊ ဝီရိယက အဓိပတိ မတတ်နိုင်တော့ဘူး၊ အကယ်၍ ဆန္ဒက အဓိပတိ တပ်တယ်ဆိုရင် အခြား ၃-ပါးက မတတ် နိုင်တော့ဘူး၊ တစ်ကြိမ်မှာတစ်ခုပဲ အဓိပတိတတ်မယ်၊ ဒါကိုပြောတာ။

"ဧကဟိတ်ဇော, မောဟမူဒွေး, အဟိတ်ဇော, ဟသိတုပ္ပါဒ်, လောကီဝိပါက် ၃၂-တို့၌ အချင်းခပ်သိမ်း အဓိပတိမဖြစ်။

"ဤမိဿက သင်္ဂဟရှိ ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရတို့၏ သရုပ်တရားကိုယ်များကို မိဿကသင်္ဂဟ ဇယားတွင် ကြည့်လေတဲ့" ကိုင်း ဇယားကြည့်ရဦးမယ်၊ ဇယားကြည့်ပြီးတော့မှ ဘယ်နှစ်မည်ရတယ်ဆိုတာ လုပ်ရဦးမယ်"

ဇယားကြည့်လိုက်၊ ဟိတ် ၆-ပါး၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, ဟိုကျတော့ ပညာဖြစ်နေပြီ၊ ဒါက အမောဟလို့ ဆိုရမှာ၊ ဟိတ် ၆-ပါး၊ တရားကိုယ် ၆-ပါးပဲ။

ဈာန် ၇-ပါးရှိတယ်၊ တရားကိုယ် ၅-ပါး၊ သောမနဿ ဒေါမနဿက ဝေဒနာဖြစ်သွားရော၊ တရားကိုယ်ကျတော့ ၅-ပါးပဲဖြစ်သွားတယ်။

မဂ္ဂင် ၁၂-ပါးရှိတယ်၊ တရားကိုယ်ကျတော့ ၉-ပါးပဲ၊ ရိုးရိုးမဂ္ဂင်က ၈-ပါး၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိလို့ မပါဘူးလား၊ မိစ္ဆာဒိဋ္ဌိ ဆိုတာ ဒိဋ္ဌိစေတသိက်, အဲဒါပိုလာတယ်၊ မိစ္ဆာသင်္ကပ္ပကလည်း စေတသိက်၊ သမ္မာသင်္ကပ္ပကလည်း ဝိတက်စေတသိက်ပဲ၊ အဲဒီတော့ တရားကိုယ်မှာ အထူးပိုမလာ တော့ဘူး။

မိစ္ဆာဝါယာမကလည်း ဝီရိယပဲ၊ သမ္မာဝါယာမကလည်း ဝီရိယပဲ၊ မိစ္ဆာ သမာဓိက ဧကဂ္ဂတာ၊ သမ္မာသမာဓိကလည်း ဧကဂ္ဂတာ၊ ဒါဖြင့်ရင် အမှန်အတိုင်း ကတော့ ရိုးရိုး မဂ္ဂင် ၈-ပါးထဲမှာ ဒိဋ္ဌိစေတသိက်ထပ်တိုးလာတယ်၊ အဲဒါ ၉-ပါး ဖြစ်သွားရော။

ဣန္ဒြေ ၂၂-ပါးရှိတယ်၊ တရားကိုယ်ကျတော့ ၁၆-ပါးပဲရှိတယ်၊ ဘာကြောင့်တုန်း, သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ ဥပေက္ခိန္ဒြေ ဆိုတာက ဝီရိယဆိုတော့ တစ်ခုထဲ ယူရတယ်၊ ဇီဝိတကတော့ ရုပ်ဇီဝိတ, နာမ် ဇီဝိတ ၂-ခုယူရတယ်၊ ဣန္ဒြေ ၁-ခုကို ၂-ခုယူရတယ်၊ ဣန္ဒြေငါးခုကို တစ်ခုယူရတယ်၊ ဒါကြောင့်မို့ သေသေချာချာ စစ်ဆေးကြည့်လိုက်ရင် ဣန္ဒြေတရားကိုယ် ၁၆-ပါးပဲယူရတယ်။

http://www.dhammadownload.com



ဗိုလ် ၉ –ပါးတဲ့၊ တရားကိုယ်ကလည်း ၉–ပါးပဲ၊ ထပ်တာမရှိဘူး၊ အဓိပတိ၄–ပါးတဲ့၊ တရားကိုယ် ၄–ပါးပဲ၊ အာဟာရ ၄ –ပါးလည်း တရားကိုယ် ၄–ပါးပဲ၊ ဒါတွေကတော့ မထပ်ဘူး။

http://www.dhammadownload.com



## ဗောဓိပက္ခိယသင်္ဂဟ

သတိပဋ္ဌာန် ၄ပါး၊ သမ္မပ္ပဓာန် ၄ ပါး ဣဒ္ဓိပါဒ် ၄ပါး ဣန္ဒြေ ၅ ပါး ဗိုလ် ၅ ပါး ဗောဇ္ဈင် ၇ ပါး မဂ္ဂင် ၈ ပါး

ဗောဓိ= သစ္စာလေးပါး တရားကို သိတတ်သောကြောင့် ဗောဓိမည်သော အရိယာမဂ်ဉာဏ်၏၊ ပက္ခအသင်းအပင်း၌၊ အိယ၊ ဖြစ်သောတရား သစ္စာလေးပါး တရားတို့ကို သိတတ်သောကြောင့် ဗောဓိမည်သော အရိယမဂ်ဉာဏ်၏ အသင်း အပင်း၌ဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် တရားတို့သည် ဗောဓိပက္ခိယတရားမည်ကုန်၏၊ ထိုဗောဓိပက္ခိယတရားအပေါင်းကို သိမ်းယူရာသိမ်းယူကြောင်း စကားအပေါင်းသည် ဗောဓိပက္ခိယသင်္ဂဟမည်၏။

## သတိပဋ္ဌာန်

အခြားတပါးများစွာသော အာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကို တားမြစ်၍ ကိုယ်စသော ကမ္မဋ္ဌာန်း အာရုံ၌သာလျှင် အစဉ်ဝင်လျက် တည်တံ့စွာဖြစ်တတ်သော မဟာကုသိုလ် မဟာကြိယာအပ္ပနာဇော ဤ ၄၂–ပါးတို့၌ရှိသော (ဝါ) လောကုတ္တရာ စိတ် ၈–ခု၌ရှိသော သတိစေတသိက်။

## သတိပဋ္ဌာန် ၄–ပါး

(၁) ကာယာနုပဿနာသတိပဋ္ဌာန် = ရူပကာယ၌ (ဝါ) ကိုယ်၌ အဖန်ဖန် ရှုဆင်ခြင်ခြင်း။

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန် = ဝေဒနာတို့၌ အဖန်တလဲလဲ ရှုဆင် ခြင်ခြင်း။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် = သရာဂစိတ်အစရှိသော ထိုထိုဖြစ်ပေါ်လာ သောစိတ်ကိုအဖန်တလဲလဲရှုဆင်ခြင်ခြင်း။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် = သညာသင်္ခါရဖြစ်သော နီဝရဏစသော တရားတို့ကို ထိုထိုဓမ္မဟုလည်းကောင်း၊ အနိစ္စဝိပဿနာအားဖြင့်လည်းကောင်း၊ အဖန်တလဲလဲရှုဆင်ခြင်ခြင်း။

http://www.dhammadownload.com



## သမ္မပ္ပဓာန်

သမ္မပ္ပဓာနဟူသော အမည်သည် ဝီရိယ၏အမည်တည်း၊ အကြောအခြင် အရိုးအရေကြွင်းစေ၊ အသွေးအသားကုန်ခန်းစေ၊ အသက်ပင်သေစေဟူ၍ ရဲရဲဝံ့ဝံ့ ဆိုခဲ့ပြီးသောစိတ် ၄၂ ပါး၌ရှိသော(ဝါ) လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ စေတသိက်သည် သမ္မပ္ပဓာန်မည်၏။

## သမ္မပ္ပဓာန် ၄-ပါး

(၁) ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယဝါယာမော = ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်မှုဝီရိယ။

(၂) အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယဝါယာမော= မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်မှု ဝီရိယ။

(၃) အနုပ္ပန္နာနံကုသလာနံ ဥပ္ပါဒါယဝါယာမော = မဖြစ်ကုန်သေးသော ကုသိုလ် တရားတို့ကို ဖြစ်စေခြင်းငှာအားထုတ်မှု ဝီရိယ။

(၄) ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယဝါယာမော= ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို အလွန်ပွားများစေခြင်းငှာ အားထုတ်မှုဝီရိယ။

## ဣဒ္ဓိပါဒ်

ရှာန်မဂ်ဖိုလ်ပြေအောင် အားထုတ်သဖြင့် ထိုဈာန်မဂ်ဖိုလ်များ ထမြောက်လာမှု၊ ပြီးစီးပြည့်စုံမှု (ဈာန်မဂ်ဖိုလ်ရမှု) ကို ဣဒ္ဓိဟုခေါ်၏၊ ထိုဈာန်မဂ်ဖိုလ်ကိုရဖို့ရန် အခြေခံဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသဟူသော အဓိပတိတရား ၄-ပါး တို့သည် ဣဒ္ဓိပါဒ် မည်၏။

http://www.dhammadownload.com



## ဣဒ္ဓိပါဒ် ၄ ပါး

(၁) ဆန္ဒိဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈–ခုဌ်ရှိသော ဆန္ဒစေတသိက်။
(၂) ဝီရိယဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈–ခုဌ်ရှိသော ဝီရိယစေတသိက်။
(၃) စိတ္တိဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈–ခု။
(၄) ဝီမံသိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁–ခုဌ်ရှိသော ပညာစေတသိက်။

## ဣန္ဒြေ ၅–ပါး = ဗိုလ် ၅–ပါး

(၁) သဒ္ဓိန္ဒြေ = သဒ္ဓါဗိုလ် = စိတ် ၄၂–ခုဌ် ရှိသော သဒ္ဓါ စေတသိက်။
(၂) ဝီရိယိန္ဒြေ = ဝီရိယဗိုလ် = စိတ် ၄၂–ခုဌ်ရှိသော ဝီရိယစေတသိက်။
(၃) သတိန္ဒြေ = သတိဗိုလ် = စိတ် ၄၂–ခုဌ်ရှိသော သတိစေတသိက်။
(၄) သမာဓိန္ဒြေ = သမာဓိဗိုလ် = စိတ် ၄၂–ခုဌ်ရှိသော ဧကဂ္ဂတာစေတသိက်။
(၅) ပညိန္ဒြေ = ပညာဗိုလ် = စိတ် ၄၂–ခုဌ်ရှိသော အမောဟစေတသိက်။

**ဣန္ဒြေနှင့် ဗိုလ်အထူး။** စိတ်ကို အစိုးတရ ပိုင်နိုင်သောကြောင့် ဣန္ဒြေမည်၏။ တစ်စုံတစ်ခုသောတရားဖြင့် မလှုပ်မရှားနိုင်ခန့်ခိုင်သောကြောင့် ဗိုလ်မည်၏။ တရားကိုယ်တစ်ပါးတည်းပင် ဖြစ်လင့်ကစား သတ္တိဂုဏ်ကွဲပြားသောကြောင့် ဣန္ဒြေ, ဗိုလ်ဟု ၂–ပါး ကွဲပြား၏။

## ဗောဇ္ဈင်

(ဗောဓိ+အင်္ဂ) သတိပညာစသော တရား(၇)ပါးသည် လေးပါးကုန်သော အရိယသစ္စာတို့ကို ထိုးထွင်း၍ သိတတ်၏၊ ထိုတရားအပေါင်းသည် ဗောဓိမည်၏၊ ထိုတရားအပေါင်းဟု ဆိုအပ်သော ဗောဓိ၏အကြောင်း အင်္ဂါအစိတ်တို့သည် ဗောဇ္ဈင်မည်၏။

## ဗောဇ္ဈင် ၇–ပါး

(၁) သတိသမ္ဗောဇ္ဈင် = စိတ် ၄၂–ခုဌ်ရှိသော ကမ္မဋ္ဌာန်းအာရုံ ပမာဒတရားကို ဖျက်ဆီး၍ မမေ့မလျော့သော အပ္ပမာဒတရားကို ပြည့်စုံစေတတ်သော သတိစေတသိက်။
(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် = စိတ် ၄၂–ခုဌ်ရှိသော ကမ္မဋ္ဌာန်း၏အာရုံဖြစ်သော သင်္ခါရတရားတို့၌ အနိစ္စတာစသော အထူးထူးသော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်တတ်သောအမောဟ စေတသိက်။

http://www.dhammadownload.com



(၃) ဝီရိယသမ္ဗောဇ္ဈင် = စိတ် ၄၂-ခုဌ်ရှိသော သမ္မပ္ပဓာန်အာရုံတို့၌ ဘာဝနာကိစ္စ၏အစွမ်းဖြင့် ကောင်းစွာ ကြိုးပွား၍ အစဉ်အတိုင်း ကုသိုလ်တရားတို့၌ တွန့်တိုဆုတ်နစ်ခြင်း ကိလေသာတရားအပေါင်းကိုပယ်ဖျက်တတ်သောဝီရိယစေတသိက်။

(၄) ပီတိသမ္ဗောဇ္ဈင် = စိတ် ၄၂-ခု၌ ဘာဝနာ၏အာရုံတွင် မမွေ့မလျော်ပျင်းရိမှုတရားတို့ကို ဖျက်ဆီးမှုတ်လွင့်တတ်သော ပီတိစေတသိက်။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် = စိတ် ၄၂-ခုဌ်ရှိသော ဘာဝနာ၏အာရုံ၌ စိတ်ပူပန်မှုတောင့်တမှုကို ပယ်ဖျောက်တတ်သော ပဿဒ္ဓိစေတသိက်။

(၆) သမာဓိသမ္ဗောဇ္ဈင် = စိတ် ၄၂-ခုဌ်ရှိသော ဘာဝနာ၏အာရုံ၌ စိတ်၏မတည်ကြည်မှုလှုပ်ရှားမှုများကို ပယ်ဖျောက်တတ်သော ဧကဂ္ဂတာစေတသိက်။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်= စိတ် ၄၂-ခုဌ်ရှိသော ဘာဝနာအာရုံ၌ စိတ်၏နုံ့လွန်းခြင်း, ထက်လွန်းခြင်းကို ပယ်ဖျောက်တတ်သော တတြမဇ္ဈတ္တတာ စေတသိက်။

## မဂ္ဂင်ရှစ်ပါး

(၁) သမ္မာဒိဋ္ဌိ = အမောဟစေတသိက်
(၂) သမ္မာသင်္ကပ္ပ = ဝိတက်စေတသိက်
(၃) သမ္မာဝါစာ = သမ္မာဝါစာစေတသိက်
(၄) သမ္မာကမ္မန္တ = သမ္မာကမ္မန္တ စေတသိက်
(၅) သမ္မာအာဇီဝ = သမ္မာအာဇီဝစေတသိက်
(၆) သမ္မာဝါယာမ = ဝီရိယစေတသိက်
(၇) သမ္မာသတိ = သတိစေတသိက်
(၈) သမ္မာသမာဓိ = ဧကဂ္ဂတာစေတသိက်

(လောကုတ္တရာစိတ် ၈-ခုဌ်ရှိသော(ဝါ)ဆိုအပ်ပြီးသော စိတ် ၄၂-ခုဌ်ရှိသော အမောဟစေတသိက်စသည်တို့ကိုကောက်။)

သရုပ်တရားကိုယ်များနှင့် ဌာနအားဖြင့် ဝေဖန်ပုံကို ဇယားတွင်ယူလေ။

**ဗောဓိပက္ခိယသင်္ဂဟပြီး၏။**

## သမုစ္စည်းပိုင်း – ဗောဓိပက္ခိယသင်္ဂဟ တရားကိုယ်နှင့် ဌာနယှဉ်ပုံဇယား

| အမည် | | ဆန္ဒ | သဒ္ဓါ | ဝီရိယ | သတိ | လောကုတ်စိတ် | ပီတိ | ပဿဒ္ဓိ | ဧကဂ္ဂတာ | ပညာ | ဝိတက် | သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | တတြမဇ္ဈတ္တတာ | တရားကိုယ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တရားကိုယ် ၁၄ | | | | | | | | | | | | | | |
| သတိပဋ္ဌာန် | ၄ | | | | ကာယာ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာ | | | | | | | | | | | ၁ |
| သမ္မပ္ပဓာန် | ၄ | | | ဥပ္ပန္နပါပက<br>အနုပ္ပန္နပါပက<br>အနုပ္ပန္နကုသလ<br>ဥပ္ပန္နကုသလ | | | | | | | | | | | | ၁ |
| ဣဒ္ဓိပါဒ် | ၄ | ဆန္ဒ | | ဝီရိယ | | စိတ္တ | | | | ဝီမံသ | | | | | | ၄ |
| ဣန္ဒြေ | ၅ | | သဒ္ဓိန္ဒြေ | ဝီရိယိန္ဒြေ | သတိန္ဒြေ | | | | သမာဓိန္ဒြေ | ပညိန္ဒြေ | | | | | | ၅ |
| ဗိုလ် | ၅ | | သဒ္ဓါ | ဝီရိယ | သတိ | | | | သမာဓိ | ပညာ | | | | | | ၅ |
| ဗောဇ္ဈင် | ၇ | | | ၃ ဝီရိယ | ၁ သတိ | | ၄ ပီတိ | ၅ ပဿဒ္ဓိ | ၆ သမာဓိ | ၂ ဓမ္မဝိစယ | | | | | ၇ ဥပေက္ခာ | ၇ |
| မဂ္ဂင် | ၈ | | | ၆ သမ္မာဝါယာမ | ၇ သမ္မာသတိ | | | | ၈ သမ္မာသမာဓိ | ၁ သမ္မာဒိဋ္ဌိ | ၂ သမ္မာသင်္ကပ္ပ | ၃ သမ္မာဝါစာ | ၄ သမ္မာကမ္မန္တ | ၅ သမ္မာအာဇီဝ | | ၈ |
| ဌာနယှဉ်ပုံ = | | ၁ | ၂ | ၉ | ၈ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၁ | ၁ | ၁ | ၁ | |

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၄၅

## [သမုစ္စည်းပိုင်း]

### ဗောဓိပက္ခိယသင်္ဂဟ

ဒီနေ့ စက်တင်ဘာ ၂-ရက်၊ ၁၉၈၈ ခု။

လွန်ခဲ့တဲ့အပတ်က မိဿကသင်္ဂဟ ဇယားကွက်ကြည့်ဖို့ပြောတယ်၊ မိဿကသင်္ဂဟမှာ ပြထားတဲ့ တရားတွေက ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ အာဟာရတို့ဖြစ်တယ်၊ "ဟိတ်ဈာမဂ္ဂ၊ ဣံဗလ၊ ဓိအာခုနစ်မည်ဆိုပြီးတော့ လင်္ကာလေး ဟိုနေ့က ပြောခဲ့ပြီ။

ဒီဇယားကွက်က ဘာပြောတာလဲဆိုရင် နာမည်ဘယ်နှစ်ခုရတယ်၊ ဌာန ဘယ်နှစ်ခုတတ်တယ်ဆိုတာ ပြောတာပါ၊ ဇယားကွက်အစဉ်အတိုင်း ကြည့်မယ်ဆိုရင် လောဘ တစ်ဌာနတတ်တယ်၊ နာမည်တစ်ခုရတယ် နာမည်က"ဟိတ်" ဒေါသလည်း ဟိတ်၊ အလောဘလည်းဟိတ်၊ အဒေါသလည်းဟိတ်။

ပသာဒရုပ် ၅-ပါးဆိုတာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝရုပ် ၂-ပါးဆိုတာ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ အဲဒီ ၇-ခုက ဘာနာမည်ရသလဲဆိုရင် ဣန္ဒြေဆိုတဲ့ တစ်နာမည်ထဲရတယ်။

ပြီးတော့ ဇီဝိတက ရုပ်ဇီဝိတ၊ နာမ်ဇီဝိတဆိုပြီး ၂-မျိုးရှိတယ်၊ ဇီဝိတိန္ဒြေအရ ကောက်တဲ့အခါမှာ ရုပ်ဇီဝိတရယ်၊ နာမ်ဇီဝိတရယ် ၂-မျိုးကောက်ရမယ်။

http://www.dhammadownload.com



ရုပ်ဇီဝိတနာမည် ဘယ်နှစ်မျိုးရသလဲဆိုတော့ ဣန္ဒြေတစ်ခုပဲ၊ နာမ်ဇီဝိတကလည်း ဣန္ဒြေတစ်ခုပဲရတယ်။

ပြီးတော့ ဆန္ဒနာမည်က အဓိပတိ၊ ကာဗဠီကာရ အာဟာရ (ဩဇာရုပ်ပေါ့)၊ ဖဿစေတသိက်ရယ်၊ စေတနာစေတသိက်တို့က အာဟာရဆိုတဲ့ တစ်နာမည်ပဲရတယ်။

ဟိတ်ကျတော့ ဣန္ဒြေ၊ မနိန္ဒြေ၊ အဓိပတိ၊ အာဟာရရတယ်၊ ပညာကနာမည်၊ အများဆုံးပဲ၊ ၅–နာမည်တောင်ရတယ်၊ ဟိတ်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ။

နာမည်တွေဖော်တတ်ရင် သိပ်ကောင်းမှာပဲ၊ ဟိတ်ဆိုရင် ဘာတုန်း၊ ပညာဆိုတော့ ဘာဟိတ်လဲ အမောဟဟိတ်၊ မဂ္ဂင်ဆိုတော့ ဘာမဂ္ဂင်လဲ၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဣန္ဒြေဆိုတော့ရော၊ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ၄–ခု၊ ဗိုလ်ဆိုတော့ ပညာဗိုလ်၊ အဓိပတိဆိုတော့ ဝီမံသာအဓိပတိ၊ အဲသလိုလေး ပါဖော်သွားနိုင်ရင် ပိုကောင်းတယ်၊ ဖော်နိုင်ဖို့က နောက်ကဟာကျေမှရမယ်။

ဒိဋ္ဌိက မဂ္ဂင်ဆိုတဲ့ တစ်နာမည်ပဲရတယ်၊ မိစ္ဆာဒိဋ္ဌိ ပြီးတော့ ဝိတက်က ဈာနင်၊ မဂ္ဂင်ရတယ်၊ မဂ္ဂင်မှာ သမ္မာသင်္ကပ္ပရယ်၊ မိစ္ဆာသင်္ကပ္ပရယ်လို့ ၂–မျိုးရှိတယ်၊ ဝိရတိစေတသိက် ၃–ခုကလည်း မဂ္ဂင်ဆိုတဲ့ နာမည်ပဲရတယ်၊ ဝိစာရစေတသိက်လည်း ဈာနင်ပဲ၊ ပီတိစေတသိက်လည်း ဈာနင်ပဲ၊ သဒ္ဓါစေတသိက်ကျတော့ သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်၊ ၂–ခုရတယ်၊ ဝီရိယကျတော့ သမ္မာဝါယာမ၊ မိစ္ဆာဝါယာမဆိုတော့ မဂ္ဂင် ၂ ခု၊ ဣန္ဒြေကျတော့ ဝီရိန္ဒြေ၊ ဗိုလ်ကျတော့ ဝီရိယဗိုလ်၊ အဓိပတိကျတော့ ဝီရိယာဓိပတိ။

သတိမှာ မဂ္ဂင်ရယ်၊ သမ္မာသတိရယ်၊ ဣန္ဒြေက သတိန္ဒြေ၊ ဗိုလ်က သတိဗိုလ်၊ ဧကဂ္ဂတာက ၄–မည်ရတယ်၊ ဈာန်၊ မဂ္ဂင်က ၂ ခု၊ (မိစ္ဆာသမာဓိနဲ့ သမ္မာသမာဓိ) ဣန္ဒြေက သမာဓိန္ဒြေ၊ ဗိုလ်က သမာဓိဗိုလ်။

ဝေဒနာမှာ ၂–မည်ရတယ်၊ ဈာန်၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဆိုတာ ၃–ခု၊ ဣန္ဒြေက ၅–ခု၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ။

ဟိရီ၊ ဩတ္တပ္ပ၊ အဟိရိက အနောတ္တပ္ပ၊ ဒီ ၄–ခုက ဗိုလ်ဆိုတဲ့ နာမည်ပဲရတယ်၊ ဒါပါပဲ၊ အဲသလို ပညာက ၅–မည်ရတယ်၊ ဝီရိယက ၄–မည်ရတယ် စသည်ဖြင့် လျှောက်တွက်ပြီး သရုပ်ကျေအောင်ဆိုရင် အမျိုးမျိုး အပြန်ပြန်အလှန်လှန် တွက်ရတယ်။

http://www.dhammadownload.com



ဒီနေ့ လေ့လာမယ့် ဗောဓိပက္ခိယ သင်္ဂဟမှာ ဘာတွေကို ပြထားသလဲဆိုရင် သတိပဋ္ဌာန် ၄ပါး, သမ္မပ္ပဓာန် ၄ ပါး, ဣဒ္ဓိပါဒ် ၄ ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးတို့ကို ပြလိမ့်မယ်၊ အဲဒီမှာလည်း လင်္ကာလေး ရှိသေးတယ်။

*** သတိ သမ္မ၊ ဣဒ် ဣန် ဗ၊ ဗောဇ္ဈ မဂ် ခုနစ်"** ဗောဓိပက္ခိယမှာ ဒီတရားတွေကို ပြလိမ့်မယ်။

ဘာကြောင့် ဗောဓိပက္ခိယလို့ ခေါ်သလဲဆိုရင် ဗောဓိဆိုတာ သစ္စာလေးပါး တရားကိုသိတတ်သောကြောင့်, ဗောဓိမည်သော အရိယာမဂ်ဉာဏ်၏၊ ပက္ခ၊ အသင်းအပင်း၌၊ အိယ၊ ဖြစ်တဲ့တရား၊ အဲသလို သွားရမယ်၊ ပက္ခိယက အသင်း အပင်း မဟုတ်ဘူး၊ ပက္ခဆိုတာ အင်္ဂလိပ်လို Side လိုဟာမျိုး၊ ဟိုဘက်ဒီဘက် အဲဒီမှာဖြစ်တဲ့ တရားတွေကို ဗောဓိပက္ခိယလို့ခေါ်တယ်၊ဗောဓိ + ပက္ခ+ အိယ,ဗောဓိ ဘက်သား တွေပေါ့လေ။

ဗောဓိလို့ ဘာကြောင့်ခေါ်သလဲ၊ သစ္စာလေးပါး တရားတို့ကို သိတတ်သော ကြောင့်, ဗောဓိမည်သော အရိယာမဂ်ဉာဏ်၏အသင်းအပင်း၌ ဖြစ်ကုန်သော (ဆိုလိုတာကတော့) အရိယာမဂ်ဉာဏ်ကိုရရာရကြောင်းဖြစ်တဲ့ တရားတွေ, အရိယာ မဂ်ဉာဏ်နဲ့ အတူတကွဖြစ်တဲ့ တရားတွေလို့ ဆိုလိုတယ်၊ အဲဒီတရားတွေကို ဗောဓိပက္ခိယသင်္ဂဟ အခန်းမှာပြမယ်။

"ထိုဗောဓိပက္ခိယတရားအပေါင်းကို သိမ်းယူရာ သိမ်းယူကြောင်း စကား အပေါင်းသည် ဗောဓိပက္ခိယ သင်္ဂဟမည်၏" ဗောဓိပက္ခိယမည်တဲ့ တရားတွေကို ပြဆိုတဲ့အခန်းကို ဗောဓိပက္ခိယ သင်္ဂဟမည်တယ်တဲ့။

သတိပဋ္ဌာန်လို့ဘာကြောင့်ခေါ်သလဲ၊ "အခြားတစ်ပါး များစွာသော အာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကို တားမြစ်၍ ကိုယ်စသော ကမ္မဋ္ဌာန်းအာရုံ၌သာလျှင် အစဉ်ဝင်လျက် တည်ဘိစွာဖြစ်တတ်သော မဟာကုသိုလ် မဟာကြိယာ, အပ္ပနာဇော, ဤ ၄၂-ပါး၌ရှိသော (ဝါ) လောကုတ္တရာစိတ် ၈-ခု၌ ရှိသောစေတသိက်"

သတိပဋ္ဌာန်ဆိုတာ သတိစေတသိက်ကိုခေါ်တယ်၊ အာရုံ၌ စွဲမြဲစွာ တည်တဲ့ သတိလို့ ဆိုလိုတယ်၊ သတိ + ပဋ္ဌာန၊ ပဋ္ဌာနဆိုတာ စွဲစွဲမြဲမြဲတည်တဲ့အဓိပ္ပါယ် စွဲစွဲမြဲမြဲတည်တဲ့ သတိပေါ့လေ။

အဲဒီ သတိပဋ္ဌာန်ကို အရကောက်တဲ့အခါမှာ မဟာကုသိုလ်, မဟာကြိယာ အပ္ပနာဇော-၂၆ (ရူပါဝစရကုသိုလ်ကြိယာ, အရူပါဝစရကုသိုလ်ကြိယာ,

http://www.dhammadownload.com



လောကုတ္တရာ ၈) အဲဒီစိတ်တွေနဲ့ ယှဉ်တဲ့သတိလို့ဆိုလိုတယ်၊ တစ်နည်းအားဖြင့် အမြတ်ဆုံးယူမယ်ဆိုရင် လောကုတ္တရာစိတ် ၈–ခုမှာရှိတဲ့ သတိစေတသိက်။

ကောင်းပြီ, သတိပဋ္ဌာန် ၄–ပါးက ဘာတဲ့တုန်း၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

(၁) ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတာ ရူပကာယ၌ (ဝါ) ကိုယ်၌ အဖန်ဖန်ရှုဆင်ခြင်ခြင်း၊ ကိုယ်ဆိုတာ မိမိရဲ့ ခန္ဓာကိုယ်ကြီးပေါ့၊ ခန္ဓာကိုယ်တစ်ခုလုံးဆိုလည်းရတယ်၊ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းဆိုရင်လည်းရတယ်၊ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားသွားလာမှုတွေလည်း ရတယ်၊ သတိပဋ္ဌာန်သုတ် ဖတ်ဖူးရင် ဒါတွေ သိလိမ့်မယ်၊ ထွက်သက်ဝင်သက် ရှုတာလည်း ကာယာနုပဿနာ သတိပဋ္ဌာန်ပဲ၊ ဣရိယာပုတ် ထိုင်တယ်မှတ်တယ် ဆိုတာလည်း ကာယာနုပဿနာ သတိပဋ္ဌာန်ပဲ၊ သွားတယ် လာတယ် စားတယ်သောက်တယ် မှတ်တာလည်း ကာယာနုပဿနာ သတိပဋ္ဌာန်ပဲ၊ ဒီအပြင် အသုဘရှုတာလည်း ကာယာနုပဿနာ သတိပဋ္ဌာန်ပဲ၊ ကေသာလောမာ ရှုတာလည်း ကာယာနုပဿနာသတိပဋ္ဌာန်ပဲ စသည်ဖြင့် အများကြီး ရှိတယ်၊ ခန္ဓာကိုယ်မှာ ရှုတာ။

(၂) ဝေဒနာ နုပဿနာကတော့ ဝေဒနာတို့၌ အဖန်ဖန်တလဲလဲရှုဆင်ခြင်ခြင်းတဲ့၊ ကောင်းတဲ့ဝေဒနာရှိတယ်၊ မကောင်းတဲ့ဝေဒနာရှိတယ်၊ အလယ်အလတ်ဝေဒနာရှိတယ်၊ အဲဒီဝေဒနာတွေ ဖြစ်ပေါ်လာတဲ့အခါမှာ ကောင်းရင်လည်းကောင်းတဲ့ ဝေဒနာပေါ့၊ ဆိုးရင်လည်း ဆိုးတဲ့ဝေဒနာပေါ့၊ အလယ်အလတ်ဖြစ်ရင်လည်း အလယ်အလတ် ဝေဒနာကို သိမှတ်ရှုနေတာကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်။

(၃) စိတ္တာနုပဿာန သတိပဋ္ဌာန်က စိတ်ကိုရှုတာ၊ စာမှာလာတဲ့အတိုင်း ဆိုရင် "သရာဂစိတ် အစရှိသော" ဆိုတာ ရာဂနဲ့တကွဖြစ်တဲ့ စိတ်, ဒေါသနှင့်တကွ ဖြစ်တဲ့စိတ်, မောဟနဲ့တကွဖြစ်တဲ့စိတ် စသည်ဖြင့် မိမိနဲ့ သန္တာန်မှာ ရာဂဖြစ်နေရင်လည်း ငါ့စိတ်ဟာ ရာဂနှင့်တကွ ဖြစ်နေတယ်၊ ဒါကို သိအောင်ရှုတာ။

ဒေါသနှင့်တကွဖြစ်ရင် ဒေါသနဲ့တကွဖြစ်တယ်၊ မောဟနှင့်တကွဖြစ်ရင် မောဟနှင့်တကွ ဖြစ်တယ်စသည်ဖြင့် အဲသလိုရှုမှတ်တာကို စိတ္တာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်တယ်၊ ရိုးရိုးပြောရင်တော့စိတ်ကို ရှုမှတ်တာပေါ့လေ၊ စိတ်တွေ ပြေးသွားနေတာကို ရှုမှတ်ရင်လည်း စိတ္တာနုပဿနာ သတိပဋ္ဌာန်ပဲ၊ ဘာကြောင့်လဲ

http://www.dhammadownload.com



ဆိုတော့ ဝိက္ခိတ္တစိတ်ဆိုတာ ပျံ့လွင့်နေတဲ့စိတ်ပဲ။

(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရဲ့အဓိပ္ပါယ်က သညာသင်္ခါရဖြစ်သော နီဝရဏစသော တရားတို့ကို ထိုထိုဓမ္မဟုလည်းကောင်း, အနိစ္စဝိပဿနာအားဖြင့် လည်းကောင်း အဖန်တလဲလဲရှုဆင်ခြင်ခြင်းတဲ့။

ကာယာနုပဿနာသတိပဋ္ဌာန်က ရူပက္ခန္ဓာက ယူသွားပြီ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်က ဝေဒနက္ခန္ဓာက ယူသွားပြီ, စိတ္တာနုပဿနာသတိပဋ္ဌာန်က ဝိညာနက္ခန္ဓာက ယူသွားပြီဆိုတော့ ခန္ဓာ ၅-ပါးထဲမှာ ဘာကျန်တုန်း, သညာသင်္ခါရ ကျန်တယ်၊ အဲဒါကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကယူတယ်တဲ့။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ ဓမ္မအရ ဘာတွေယူတာလဲဆိုတာ သိချင်ရင် သတိပဋ္ဌာန်သုတ် ဖတ်မှပဲ သိမယ်, နီဝရဏ ၅-ပါး, ဥပါဒါနက္ခန္ဓာ ၅-ပါး, အာယာတန ၁၂-ပါး စသည်ဖြင့်ပေါ့လေ၊ အဲဒီဟာတွေကို ဒီနေရာမှာ ဓမ္မလို့ခေါ်တယ်။

ပါဠိစကားဓမ္မဆိုတဲ့ စကားလုံးဟာ အလွန် အဓိပ္ပါယ်များတယ်၊ သူ့နေရာ အလိုက် ကွဲပြားခြားနားတယ်၊ အဓိပ္ပါယ်မတူဘူး၊ ဟိုနေရာကျတော့ ဓမ္မရဲ့အဓိပ္ပါယ်က တစ်မျိုး၊ ဒီနေရာကျတော့ ဓမ္မရဲ့အဓိပ္ပါယ်က တစ်မျိုးနဲ့ရှိတယ်၊ ဒါကို နားလည်ဖို့ အရေးကြီးတယ်။

အဲဒီတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာ (အမှန်ကတော့) နီဝရဏစတဲ့ တရားတွေကိုရှုတာ၊ ဒေါသဖြစ်ရင် ဒေါသ, ဒေါသလို့ရှုတယ်၊ လောဘဖြစ်ရင် လောဘ, လောဘလို့ရှုတယ်၊ ဒါကဓမ္မာနုပဿနာဖြစ်သွားပြီ၊ စိတ်ဆိုးတယ်, စိတ်ဆိုးတယ်ဆိုပြီးရှုတော့ စိတ်ကိုရှုတာဖြစ်လို့ စိတ္တာနုပဿနာဖြစ်လိမ့်မယ်။

တကယ်တရားထိုင်တဲ့အခါကျတော့ ငါဟာ စိတ္တာနုပဿနာ ရှုနေသလား၊ ဓမ္မာနုပဿနာရှုနေသလား စဉ်းစားနေစရာမလိုပါဘူး၊ မျက်မှောက်ပစ္စုပ္ပန် အခိုက် အတံ့မှာ ထင်ရှားလာတဲ့တရားကို ရှုလိုက်ရင်သတိပဋ္ဌာန် တစ်ခုခုတော့ ဖြစ်သွားတာပဲ။

အဲဒီလို သတိပဋ္ဌာန် ၄-ပါးရှိတယ်၊ အဲဒီမှာ ကာယာနုပဿနာသတိပဋ္ဌာန်က အမှန်အတိုင်းကတော့ ခန္ဓာကိုယ်မှာ တင့်တယ်တယ်လို့ ယူဆတဲ့အယူအဆကို ပယ်စွန့်ဖို့ရာ, မတင့်တယ်ဘူးလို့ ရှုဖို့ရာ ပွားများရတာ။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်က ဘာလဲဆိုတော့ ချမ်းသာတယ်လို့ မှတ်တဲ့ အမှတ်ကို ပယ်ဖို့ရာ ဆင်းရဲတယ်လို့ အသိအမှတ်ဖြစ်ဖို့ရာ (ဝေဒနာ နုပဿနာက) ရှုတာ။

စိတ္တာနုပဿနာကျတော့ မြဲတယ်ဆိုတာပျောက်အောင်ရှုတာ၊ စိတ္တာ

http://www.dhammadownload.com



နုပဿနာကို မှတ်ကြည့်၊ စိတ်ဟာ ဘယ်လောက်ကြာကြာခံသလဲ၊ ကိုယ်တိုင်ရှုမှတ်ကြည့်ရင်သိတယ်၊ စိတ်ကလေး တစ်ခုပြီးတစ်ခု ဖြစ်နေတာ၊ နောက်တစ်ခုပြီးတစ်ခု ဖြစ်လိုက် ပျက်လိုက် ဖြစ်နေတာ၊ မြဲတယ်ဆိုတဲ့ သဘောတရား လက်ခံနိုင်စရာကို မရှိဘူး၊ ဒါကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်က နိစ္စပညာလို့ခေါ်တယ်၊ မြဲတယ်ဆိုတဲ့ အမှတ်အသားကို ဖျောက်ပြီးတော့ မမြဲဘူးဆိုတဲ့ အမှတ်အသားရအောင် သူက လုပ်ပေးတယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျတော့ နီဝရဏစတဲ့ တရားတွေကို ရှုလိုက်တဲ့အခါကျတော့ ဒါတွေဟာ တရားသဘောမျှပဲ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိဘူး၊ အတ္တဆိုတာ မရှိဘူးလို့ဒီလိုမြင်လာတယ်၊ ဒါကြောင့်မို့ဓမ္မနုပဿနာက အတ္တအစွဲအလမ်း, အတ္တလို့ ထင်မှတ်မှားမှုကိုပယ်ပြီးတော့ အနတ္တလို့ သိမှတ်ခြင်းကို ဖြစ်စေတယ်၊ အဲသလို သူ့ကိစ္စနဲ့သူ၊ သူ့ပယ်တာနဲ့သူ ၄-မျိုးရှိတယ်၊ ဝိပလ္လာသ ၄-ပါးလို့ခေါ်တယ်။

တင့်တယ်တယ်လို့ မှတ်တာ၊ ချမ်းသာတယ်လို့မှတ်တာ၊ မြဲတယ်လို့မှတ်တာ၊ အတ္တလို့မှတ်တာ၊ အဲဒါကို ဝိပလ္လာ ၄-ပါး၊ ဖောက်ဖောက်ပြန်ပြန် ယူဆတဲ့သဘောမျိုး၊ အဲဒါတွေကို ပြောင်းပြန်လှန်ပြီးတော့ မတင့်တယ်ဘူး၊ ဆင်းရဲတယ်၊ မမြဲဘူး၊ အတ္တမဟုတ်ဘူးလို့ယူတာ၊ အဲသလိုမြင်အောင်ရှုတာ၊ အဲဒါကို ကာယာနုပဿနာ, ဝေဒနာနုပဿာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဒီလိုခေါ်တယ်။

သတိတစ်ခုထဲဖြစ်ပေမယ်လို့ အာရုံက ၄-မျိုးရှိတယ်၊ သူတို့ရှုတဲ့အခြင်းအရာက ၄-မျိုးရှိတယ်၊ သူတို့ပယ်တဲ့ အမှတ်သညာက၄-မျိုးရှိတယ်၊ ဒါကြောင့်မို့ သတိပဋ္ဌာန် ၄-ပါးဖြစ်သည်တဲ့။

သမ္မပ္ပဓာန်တဲ့, သမ္မပ္ပဓာန်ဆိုတာ ဝီရိယကိုခေါ်တာ၊ အဲဒီ သမ္မပ္ပဓာန်က ဘယ်လောက်ထိအောင် ခိုင်ခိုင်မြဲမြဲ ဆောက်တည်ရမှာလဲဆိုတော့ "အကြောအခြင် အရိုးအရေကြွင်းစေ, အသွေးအသား ကုန်ခန်းစေ, အသက်ပင်သေစေဟူ၍ ရဲရဲဝံ့ဝံ့ ဆိုခဲ့ပြီးသော စိတ် ၄၂-ခု၌ ရှိသော (ဝါ) လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ စေတသိက်သည် သမ္မပ္ပဓာန်မည်၏"

ဒါက ကျမ်းစာတစ်ခုရဲ့ အလိုပေါ့လေ၊ တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသကတော့ ကုသိုလ်စိတ်မှာရှိတဲ့ ဝီရိယကိုသာ သမ္မပ္ပာဓာန်လို့ခေါ်ရမယ်တဲ့၊ ကြိယာစိတ်နဲ့ မဆိုင်ဘူးတဲ့၊ ဒါဟာ နောက်တော့ ထင်ရှားလိမ့်မယ်။

သမ္မပ္ပဓာန် ၄-ပါးက (၁) ဥပ္ပန္နာနံပါပကာနံ ပဟာနာယဝါယာမော, ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်မှု၊ ဒါလည်းဝီရိယပဲ။

http://www.dhammadownload.com



(၂) အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယဝါယာမော,မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်အောင် အားထုတ်မှု၊

(၃) အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယဝါယာမော မဖြစ်သေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်တာ။

(၄) ဥပ္ပန္နာနံကုသလာနံဘိယျောဘာဝါယဝါယာမော, ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေ ပွားများအောင်လုပ်တာ၊ အဲသလို ၃-မျိုးရှိတဲ့အတွက်ကြောင့် သမ္မပ္ပဓာန် ၄-မျိုးပြားတယ်။

ဒီနေရာမှာ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်ခြင်းငှာ အားထုတ်မှုဝီရိယဆိုတော့ ဘယ်လိုလုပ်ပြီး ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်မလဲ၊ ခပ်လွယ်လွယ်ပြောကြစို့၊ မနေ့က အကုသိုလ်တစ်ခုပြုခဲ့ပြီ၊ အဲဒီအကုသိုလ်က မနေ့ကချုပ်သွားပြီမဟုတ်လား၊ အဲဒါ ဘယ်လိုလုပ်ပြီးတော့ ဖြစ်ပြီးအကုသိုလ်ကိုပယ်မှာလဲ၊ အကုသိုလ်က မရှိတော့ဘူးလေ၊ ချုပ်သွားပြီပဲ။

အမှန်ကတော့ ဖြစ်ပြီးအကုသိုလ်ကိုပယ်တယ်ဆိုတာ အဲဒီအကုသိုလ်ရဲ့ အကျိုးမပေးနိုင်အောင်လုပ်တာကို ဖြစ်ပြီးတဲ့ အကုသိုလ်ကို ပယ်တယ်လို့ ဆိုရတယ်၊ အကုသိုလ်က ကံဖြစ်နေတော့ ကံကအကျိုးပေးမှာပေါ့၊ သို့သော် ဒီလို အားထုတ်လိုက်လို့ ရဟန္တာဖြစ်သွားတဲ့အခါကျတော့ အဲဒီ အကုသိုလ်ကံက အကျိုးပေးရန်အခွင့်မရှိတော့ဘူးလေ၊ ဘာကြောင့်လဲဆိုတော့ ရဟန္တာဆိုတာက ဒီဘဝပြီးရင် ဘဝက ပြတ်သွားပြီကိုး။

နောက်တစ်ခုကတော့ ရှေးကပြုခဲ့ဖူးတဲ့ အကုသိုလ်ရယ်၊ အဲဒီအကုသိုလ်နဲ့တူတဲ့ မပြုဖူးသေးတဲ့ အကုသိုလ်ကိုလည်းဖြစ်ပြီးသော အကုသိုလ်လို့ပဲဆိုရတယ်၊ နောက်တုန်းက ပါဏာတိပါတ ပြုခဲ့ဖူးတယ်၊ ဒါက ဖြစ်ပြီး အကုသိုလ်ပေါ့၊ ပါဏာတိပါတဟာ နောက်ထပ်လည်း ကိုယ်ကပြုချင်ပြုဦးမယ်လေ၊ အဲဒီလို နောက်ထပ်ပြုမယ့် ပါဏာတိပါတမျိုးလည်းဖြစ်ပြီး အကုသိုလ်လို့ပဲ ဆိုရတယ်၊

အဲဒီတော့ ဖြစ်ပြီး အကုသိုလ်နဲ့ ပတ်သက်ပြီးတော့ ဘာလုပ်သင့်သလဲ၊ အဲဒါ အရေးကြီးတယ်၊ ဖြစ်ပြီး အကုသိုလ်နဲ့ ပတ်သက်ပြီးတော့ နောင်တတရားရနေမယ်, စိတ်ညစ်နေမယ်၊ ဒီလိုနေရမှာလား၊ မြတ်စွာဘုရားဟောထားတာ သုတ်တစ်သုတ်မှာရှိတယ်။

ဆိုပါတော့, "ငါဟာ ပါဏာတိပါတ ကျူးလွန်ခဲ့မိတယ်၊ ပါဏာတိပါတဟာ ကောင်းတာမဟုတ်ဘူး၊ အဲသလို တွေးပြီးတော့ စိတ်ဆင်းရဲနေမယ်ဆိုရင် ငါ့မှာ

http://www.dhammadownload.com



အကုသိုလ်ပဲတိုးပွားမယ်၊ ပြုပြီးသားအကုသိုလ်ကိုဖျက်ဆီးလို့ မရတော့ဘူး၊ ပြုပြီးသား အကုသိုလ်ဟာ ဒီလိုနောင်တရနေလို့ ပျက်သွားမှာလည်းမဟုတ်ဘူး၊ နောင်တရတဲ့ အတွက်ကြောင့်, ပြုပြီးသား အကုသိုလ်ကိုပြန်ပြီး သတိရနေတဲ့ အတွက်ကြောင့် ကိုယ့်မှာ ထပ်ပြီး အကုသိုလ်သာပွားတယ်။

ဒါကြောင့်မို့ ဖြစ်ပြီးသား အကုသိုလ်နဲ့ ပတ်သက်လာရင် မေ့နိုင်အောင် ကြိုးစားရမယ်၊ သူ့ကို နှလုံးမသွင်းနဲ့ အာရုံမပြုနဲ့, သတိမရနဲ့, ပြီးတော့နောက်လည်းပဲ ဒီအကုသိုလ်မျိုး မလုပ်နဲ့၊ ကုသိုလ်တွေ ပွားများ၊ အဲသလိုနည်းနဲ့ဖြစ်ပြီး အကုသိုလ် တွေကို ပယ်ရမယ်။

တကယ်ကတော့ ဖြစ်ပြီးသား အကုသိုလ်ဆိုတာဖြစ်ပြီး ချုပ်သွားတာပါပဲ၊ ဒါပေမယ်လို့ သူနဲ့တူတဲ့ အကုသိုလ်လည်း မဖြစ်အောင်, နောက်ထပ်သူနဲ့ ပတ် သက်ပြီး အကုသိုလ် မပွားအောင် လုပ်ရမယ်၊ ဖြစ်ပြီး အကုသိုလ် ပယ်ဖို့ဆိုတာ အဲသလို ဆိုလိုတယ်။

မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်အောင် ဒါနပြုတယ်၊ သီလ ဆောက်တည်တယ်၊ ကမ္မဋ္ဌာန်းထိုင်တယ် စသည်ဖြင့်ပေါ့လေ၊ အကြောင်းတိုက်ဆိုင် လာတဲ့အခါမှာ ဖြစ်ပေါ်မယ့် အကုသိုလ်တွေရှိတယ်၊ အဲဒီအကုသိုလ်တွေမဖြစ်အောင် ကာကွယ်စောင့်ရှောက်တာ၊ ဒါကို မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်အောင် အားထုတ်တာလို့ ခေါ်တယ်။

ဒါဟာ ဝီရိယရှိမှနော်၊ ဝီရိယ မရှိတဲ့လူဟာ ဒါလုပ်ဖို့ မတတ်နိုင်ဘူး၊ အကုသိုလ်ကို ကိုယ်က resist မလုပ်နိုင်ဘူးပေါ့၊ အဲဒီမှာ စိတ်ဓာတ်အားလိုတာ၊ ဝီရိယဆိုတာ အမှန်တော့ စိတ်ဓာတ်အားပေါ့။

မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်မှု၊ ဒါကတော့ မလုပ်ဖူးသေးတဲ့ ကုသိုလ်တွေလုပ်ပေါ့၊ ဝိပဿနာမထိုင်ဖူးသေးရင် ထိုင်၊ မဂ်ကုသိုလ် မဖြစ်ဖူးသေးဘူး, ဖြစ်အောင်လုပ်၊ အဲဒါက မဖြစ်ဖူးသေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် ကြိုးစားအားထုတ်မှုပဲ။

ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေကို ပွားများစေဖို့ဆိုတာ နောက်တုန်းက လုပ်ဖူးတဲ့ ကုသိုလ်တွေထပ်ပွားတာ၊ ဝိပဿနာ တစ်ခါထိုင်ဖူးတာပဲ၊ တော်ပါပြီဆိုပြီး ဒီလိုမနေနဲ့၊ နောက်တစ်ခါ ထပ်ပွား ထပ်ပွားပေါ့၊ အဲသလို အမျိုးမျိုး အထပ်ထပ် ပွားအောင် လုပ်ရမယ်တဲ့၊ ဒါဟာ ဝီရိယ ၄-မျိုး၊ သမ္မပ္ပဓာန် ၄-ပါးတဲ့။

ကောင်းပြီ၊ ဒီ သမ္မပ္ပဓာန် ၄-ပါးကို ကြည့်လိုက်တဲ့အခါမှာ ကုသိုလ်,

http://www.dhammadownload.com



အကုသိုလ်နဲ့ ဆိုင်နေတယ် မဟုတ်လား၊ ကုသိုလ်၊ အကုသိုလ်နဲ့ ဆိုင်နေရင် ဒီဝီရိယဟာ ရဟန္တာအတွက် ဟုတ်ပါ့မလား၊ ရဟန္တာက သူ့ကိစ္စပြီးပြီးသား၊ ပြုပြီးသား အကုသိုလ် ပယ်စရာ မလိုဘူး၊ ပယ်ကိုပြီးနေပြီ၊ ပယ်ဖို့ကြိုးစားစရာတောင် မလိုတော့ဘူး၊ ကုသိုလ်ဖြစ်အောင် ကြိုးစားစရာလည်း မလိုဘူး၊ ကုသိုလ်မဖြစ်ဘူး၊ ရဟန္တာမှာ ကြိယာသာဖြစ်တယ်။

ဒါကြောင့်မို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက ကုသိုလ်စိတ် ၂၁-ခုမှာရှိတဲ့ ဝီရိယကိုသာ သမ္မပ္ပဓာန်အရကောက်ပါတဲ့၊ အထက်က သတိပဋ္ဌာန်တို့လို မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော အဲဒီမှာရှိတဲ့ သတိကောက် သလို ဒီမှာ မကောက်ပါနဲ့လို့ အဲသလိုမှာတယ်၊ ရဟန္တာအတွက် ဒါတွေမလိုဘူး၊ ဒါဟာ သမ္မပ္ပဓာန် ၄-ပါး။

ဣဒ္ဓိပါဒ်တဲ့၊ "ဈာန်မဂ်ဖိုလ်ရအောင် အားထုတ်သဖြင့် ထိုဈာန်မဂ်ဖိုလ်များ ထမြောက်လာမှု ပြီးစီးပြည့်စုံမှုကို (ဈာန်မဂ်ဖိုလ်ရမှု)ကို ဣဒ္ဓိဟုခေါ်၏" ဒီနေရာမှာ ဣဒ္ဓိဟာ ဖော်ပြခဲ့တဲ့အဓိပ္ပါယ်ပဲ၊ သာမညအားဖြင့်ဆိုရင် ဣဒ္ဓိကိုတန်ခိုးလို့ခေါ်ကြတယ်၊ ဒီနေရာမှာ တန်ခိုးဆိုပေမယ်လို့ ဈာန်တို့, မဂ်, ဖိုလ်တို့ကိုခေါ်တယ်။

"ထိုဈာန် မဂ်ဖိုလ်ကိုရဖို့ရန် အခြေခံဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဟူသော အဓိပတိတရား ၄-ပါးတို့သည် ဣဒ္ဓိပါဒ်မည်၏" အဓိပတိ ၄-ပါးကို လွန်ခဲ့တဲ့အပတ်တုန်းက ပြောခဲ့ပြီ၊ အဲဒီအဓိပတိ ၄-ပါးကိုပဲ ဒီနေရာမှာ ဣဒ္ဓိပါဒ လို့ခေါ်တယ်၊ ဣဒ္ဓိရဲ့အခြေခံ။

ဣဒ္ဓိပါဒ် ၄-ပါးက, ဆန္ဒိဒ္ဓိပါဒ်, ဆန္ဒပေါ့၊ ဝီရိယိဒ္ဓိပါဒ်, ဝီရိယစေတသိက်ပေါ့၊ စိတ္တိဒ္ဓိပါဒ်ဆိုရင် စိတ်၊ ဝီမံသိဒ္ဓိပါဒ်ဆိုရင် ပညာ။

ဒီမှာလည်းပဲ မဟာဂန္ဓာရုံဆရာတော်က ကုသိုလ်စိတ်မှာရှိတဲ့ ဆန္ဒ, ဝီရိယ, ကုသိုလ်စိတ်ရယ်, ပညာစေတသိက်ရယ်ကို ဣဒ္ဓိပါဒ် အရကောက်ပါတဲ့၊ ဘာကြောင့်လဲဆိုတော့ ဈာန်မဂ်ဖိုလ်ရအောင် အားထုတ်သဖြင့် ဈာန်မဂ်ဖိုလ်ရဖို့ရန် အခြေခံ၊ ရဟန္တာက ဈာန်မဂ်ဖိုလ်ရဖို့ရန် လုပ်စရာမလိုတော့ဘူး၊ လုပ်ပြီးနေပြီလေ၊ ဒါကြောင့် သူနဲ့မဆိုင်တော့ဘူး၊

ဒါကြောင့်မို့ လောကုတ္တရာစိတ် ၈-ခုမဟုတ်ပဲနဲ့ ကုသိုလ်စိတ်-၂၁ ခုဌ်ရှိသော ဆန္ဒစေတသိက်, ကုသိုလ်စိတ် ၂၁-ခုဌ်ရှိသော ဝီရိယစေတသိက်၊ စိတ္တိဒ္ဓိပါဒ်အရ ကျတော့ ကုသိုလ်စိတ် ၂၁-ခု၊ ဝီမံသိဒ္ဓိပါဒ်ကျတော့ ကုသိုလ်စိတ် ၂၁-ခုဌ်ရှိသော . ပညာစေတသိက်လို့ အဲသလို မှတ်ထား။

http://www.dhammadownload.com



လောကုတ္တရာစိတ် ၈–ခုမှာရှိတဲ့ ဆန္ဒစေတသိက်ကို ဆန္ဒိဒ္ဓိပါဒ်လို့ခေါ်ရင် ပုထုဇဉ်မှာ ဆန္ဒိဒ္ဓိပါဒ် မရနိုင်တော့ဘူး၊ အမှန်တော့ ပုထုဇဉ်မှာလည်း ဆန္ဒိဒ္ဓိပါဒ် ဝီရိယိဒ္ဓိပါဒ် ဖြစ်တာပဲ၊ ဒါကြောင့်မို့ ကုသိုလ်စိတ်မှာရှိတဲ့ ဆန္ဒစေတသိက်စသည်ကို ဆန္ဒိဒ္ဓိပါဒ် စသည်ကောက်ပါတဲ့၊ အဓိပတိတတ်မှ ပြီးစီးမှုရဲ့ အခြေခံဖြစ်တာကိုး၊ ဒါကြောင့် အဓိပတိတတ်တဲ့ ၄–ပါးကိုပဲ ဣဒ္ဓိပါဒ် ၄–ပါးလို့ခေါ်တယ်။

ဣန္ဒြေ ၅–ပါးတဲ့၊ မိဿက သင်္ဂဟမှာတုန်းက ဣန္ဒြေ ၂၂–ပါးတွေ့ခဲ့ပြီ၊ အဲဒီ ဣန္ဒြေ ၂၂–ပါးထဲက ဣန္ဒြေ ၅–ပါးထုတ်မယ်၊ ဒီဣန္ဒြေ ၅–ပါးကဗောဓိပက္ခိယ၊ အရိယာမဂ်ဉာဏ်ကိုရခြင်းရဲ့ အကြောင်းဖြစ်လို့ပေါ့၊ အရိယာမဂ်ဉာဏ်ရဲ့ အသင်းအပင်း ဖြစ်လို့ဆိုပြီးတော့ ဒီ ၅–ခုကိုပဲ ဗောဓိပက္ခိယသင်္ဂဟမှာ ထုတ်တယ်။

(၁) သဒ္ဓိန္ဒြေ (၂) ဝီရိယိန္ဒြေ (၃) သတိန္ဒြေ (၄) သမာဓိန္ဒြေ (၅) ပညိန္ဒြေ

ဒီမှာလည်း သဒ္ဓါအရ စိတ် ၄၂–ခုၙရှိသော သဒ္ဓါစေတသိက်၊ ဝီရိယစေတသိက်, သတိစေတသိက်, ဧကဂ္ဂတာစေတသိက်, အမောဟစေတသိက် (သို့မဟုတ်) ပညာစေတသိက်။

ဗိုလ် ၅–ပါးလည်းဒါပဲ၊ မထူးပါဘူး၊ သူ့ကိစ္စမှာ ဣန္ဒြေကအစိုးရတယ်၊ ဗိုလ်က ကြံ့ကြံ့ခံနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ နာမည်၂–မျိုးပေးထားတာ၊ လူတစ်ယောက် ထဲကို နာမည် ၂–မျိုး ၃–မျိုးပေးထားသလိုပေါ့၊ အိမ်မှာနေတော့ အိမ်တောင်ရှင် ယောကျ်ား၊ အလုပ်သွားတော့ အရာရှိ၊ အခုလို classလာတက်တော့ ကျောင်းသားပေါ့၊ အဲသလိုပဲ တရားတစ်ခုထဲကိုပဲ အစိုးရတဲ့အနေနဲ့ပြောရင် သဒ္ဓိန္ဒြေ၊ ဆန့်ကျင်ဘက်တရားတွေလာတဲ့အခါမှာ ကြံ့ကြံ့ခံနိုင်တယ်၊ အဲဒီသဘောကိုကြည့်ပြီးပြောရင် သဒ္ဓါဗိုလ် စသည်ဖြင့် သွားပေါ့။

တရားအားထုတ်တဲ့သူတွေအဖို့ ဣန္ဒြေ ၅–ပါးကို သိဖို့ပိုပြီး အရေးကြီးတယ်၊ ဣန္ဒြေ ၅–ပါးဟာ အညီအမျှ အလုပ်လုပ်နေမှ တရားတိုးတက်တယ်၊ ဣန္ဒြေ ၅–ပါးထဲက တစ်ပါးပါးက လွန်သွားရင် တရားပျက်တယ်ခေါ်ရတယ်၊ သမာဓိပျက်သွားတယ်၊ တရားထိုင်လို့ မကောင်းတော့ဘူး ဖြစ်သွားတယ်၊ ဒါကြောင့်မို့ ဣန္ဒြေ ၅–ပါးကို မျှအောင်ထိန်းဖို့ အရေးကြီးတယ်။

အထူးသဖြင့် အရေးကြီးတာကတော့ ဝီရိယနဲ့ သမာဓိပဲ၊ ဒီ ၂–ခုက ပိုပြီး အရေး ကြီးတယ်၊ သဒ္ဓိန္ဒြေကတော့ နဂိုကရှိခဲ့ပြီးသား တရားအားထုတ်နေပြီကိုး၊

တရားအားမထုတ်ပဲနဲ့ အပြင်မှာနေတဲ့အခါကျတော့ သဒ္ဓိန္ဒြေနဲ့ ပညိန္ဒြေမျှဖို့ အရေးကြီးတယ်၊ သဒ္ဓါတရား သိပ်ထက်သန်ပြီးတော့ ပညာနည်းရင် တွေ့ကရာ

http://www.dhammadownload.com



ယုံတတ်တယ်၊ ဟိုကပြောရင်ယုံ ဒီကပြောရင် ယုံနဲ့, အလိမ်အညာခံရတတ်တယ် (သဒ္ဓါလွန်ရင်)

ပညာလွန်ရင် စဉ်းလဲတတ်တယ်၊ သိပ်ပညာတတ်လာရင် ဟိုကပ် ဒီကပ်နဲ့ မဟုတ်တရုတ်တွေ လုပ်လာတတ်တယ်၊ ဒါကြောင့်မို့ သဒ္ဓါနဲ့ပညာမျှရမယ်။

ပညာလွန်တာနဲ့ ပတ်သက်ပြီး ကျမ်းဂန်မှာ ပြောထားတာကတော့ ဒါနဆိုတဲ့ ပုဒ်ကို ကျကျနန define လုပ်တဲ့အခါကျတော့ စေတနာကို ဒါနခေါ်တယ်၊ လှူတယ်ဆိုတာ စေတနာကိုခေါ်တာ၊ အဲဒီတော့ စာသိပ်တတ်တဲ့ ပုဂ္ဂိုလ်က ဘာပြောသလဲဆိုရင် စေတနာလေးဖြစ်နေရင် ဒါနဖြစ်နေတာပဲကွာ၊ စိတ်ထဲမှာ စေတနာရှိနေရင် မလှူလည်းကိစ္စမရှိဘူး၊ လှူဖို့မလိုဘူး၊ စေတနာဖြစ်ရင် ဒါနဖြစ်တာပဲ၊ အဲသလို မတော်တရော် ပြောတတ်တယ်။

တကယ်ကတော့ ပစ္စည်းတစ်ခု မပေးပဲနဲ့ ပေးတဲ့ စေတနာ ဘယ်လိုလုပ် ဖြစ်မှာလဲ၊ ဒါနကို အတိအကျ အရကောက်ရင် စေတနာကို ကောက်ရတာမှန်တယ်၊ ဒါပေမယ်လို့ အဲဒီစေတနာဟာ ပစ္စည်းတစ်ခုပေးမှပေးတဲ့စေတနာဖြစ်တော့မှာပေါ့၊ စာသိပ်တတ်တော့ အဲသလိုဖြစ်တတ်တယ်၊ အခုခေတ် လူတွေလည်းပဲ တချို့လူတွေ ပညာလွန်တဲ့လူတွေရှိတယ်။

ပရိတ်ရွတ်တာ ဘုရားဟောထားတာမှဟုတ်ရဲ့လား၊ ရေစက်ချတာရော ဟုတ်မှဟုတ်ရဲ့လား၊ အဲသလိုဟိုဟာဝေဖန် ဒီဟာဝေဖန်နဲ့ အဲဒီလို လူတွေဟာ အဲဒါနဲ့ ပတ်သက်တဲ့ ကုသိုလ်(သူတို့မှာ) မရဘူးဖြစ်ကုန်တယ်။

ဝေဖန်ရင်မလုပ်ချင်တော့ဘူး၊ မလုပ်ရင် ကုသိုလ်မရဘူး၊ အဲဒီတော့ ချင့်ချိန်ပြီး ဒါလုပ်ရင် ကုသိုလ်ဖြစ်သလား, အကုသိုလ်ဖြစ်သလား ကြည့်ပေါ့၊ မကောင်းတာ ဖြစ်တယ် အကုသိုလ်ဖြစ်တယ်ဆိုရင် မလုပ်နဲ့ပေါ့။

တချို့တွေပြောလေ့ရှိတယ်၊ ရေစက်ချဖို့မလိုပါဘူးတဲ့၊ မှန်ပါတယ်၊ ပစ္စည်း တစ်ခုကို လှူလိုက်တဲ့အခါ ဒီအတိုင်းပေးလိုက်လဲ အလှူမြောက်တာပါပဲ၊ ရေစက်ချမှ အလှူမြောက်တာ မဟုတ်ဘူး၊ ဒါတော့မှန်တယ်။

ဒါပေမယ့် ရေစက်ချတာ အပြစ်ရှိသလား၊ ရေစက်ချတဲ့အတွက် အကုသိုလ် ဖြစ်သလား, ရေစက်ချတဲ့အတွက် အကျိုးကျေးဇူးမဲ့သလား။

တချို့လူတွေက အဲသလို ပြောတတ်တယ်၊ ဆရာတော်ကြီးတွေကတော့ သဘောမှန်ကိုဟောပြောသွားတာမျိုး ဖြစ်နိုင်တယ်၊ ရေစက်ချဖို့ မလိုပါဘူးကွာ စသည်ဖြင့် ပြောတယ်။

http://www.dhammadownload.com



ဒါပေမယ့် ဆရာတော်တွေပြောတာက သူတို့အသိနဲ့ သူတို့အမှန်အကန် ပြောတာ၊ ကျန်ရစ်တဲ့ တပည့်တွေက ဆရာတော်ရဲ့ အာဘော်ကို အကုန်မသိပဲ အဖျားဆွတ် စကားကိုယူပြီး ရေစက်ချဖို့ မလိုဘူးတဲ့ဟော့၊ ရေစက်ချတာ အလကားပဲ၊ အဲသလိုလုပ်တဲ့သူတွေရှိတယ်။

အဲဒီတော့ ရေတစ်စက်တစ်စက်ချမှ အလှူမြောက်တာ မဟုတ်ဘူး၊ ဆိုတာ တကယ်မှန်တယ်၊ ပေးတာဟာ လှူတာပဲပေါ့၊ ပေးပြီးရင် ပြီးတာပဲပေါ့။

ရေစက်ချတယ်ဆိုတာ ဆုတောင်းတယ်၊ အမျှဝေတယ်၊ အမျှဝေတယ်ဆိုတာ ဒါနတစ်ခု ထပ်လုပ်တာ၊ ဘုံပိုင်းတုန်းက ပတ္တိဒါနဆိုတာကို ပြောခဲ့ပြီ။

အဲဒါကြောင့်မို့ ရေစက်ချသဖြင့် ကုသိုလ်ပိုရတယ်၊ ကိုယ်ရထားပြီးသား ကုသိုလ် သူများကို အမျှပေးတယ်၊ အမျှယူတော် မူကြပါဆိုလိုက်တဲ့ အတွက်ကြောင့် ဒါနကုသိုလ်တစ်ခါ ထပ်ရတဲ့အတွက်ကြောင့် ကုသိုလ်တိုးတယ်ပေါ့၊

အဲဒါကြောင့်မို့ ဝေဖန်တာလွန်ရင် ကိုယ်ရသင့်ရထိုက်တဲ့ကုသိုလ်ကို မရပဲ ရှိတတ်တယ်၊ ဒါကို အလွန်သတိထားရမယ်။

ပရိတ်ရွတ်တယ်၊ နာတယ်၊ ပရိတ်ရွတ်နေ နာနေတဲ့အချိန်မှာ ကိုယ့်မှာ ကုသိုလ်စိတ်ဖြစ်နေသလား၊ အကုသိုလ်စိတ်ဖြစ်နေသလား စဉ်းစားကြည့်ပေါ့၊ အကုသိုလ်စိတ်ဖြစ်နေတယ်ဆိုရင် မလုပ်သင့်ဘူးပေါ့၊ ကုသိုလ်စိတ် ဖြစ်နေတယ်ဆိုရင် မလုပ်သင့်စရာ အကြောင်း မရှိဘူး၊ အဲသလို မျှတစဉ်းစားတွေးခေါ်ရမယ်၊ ပညာ မလွန်စေရဘူးလို့ဆိုတယ်၊ သဒ္ဓါတရားက တဖက်က ပြန်ထိန်းထားရတယ်။

ပြီးတော့ ဝီရိယနဲ့ သမာဓိမျှရမယ်၊ ဒါဟာ တရားအားထုတ်တဲ့အခါမှာ အလွန်အရေးကြီးတယ်၊ ဝီရိယလွန်သွားရင် ဥဒ္ဓစ္စ၊ စိတ်ပျံ့လွင့်သွားတယ်၊ ဒီကိစ္စဟာ **balance** ဖြစ်နေမှ တရားမှန်မှန်လေး အားထုတ်လို့ကောင်းတာ၊ အဲဒီအခါမှာ ကိုယ်က လောဘ ဝင်လာပြီးတော့ ပိုကောင်းချင်တာ၊ တရားမှတ်လို့ သိပ်ကောင်းနေ တာပဲဆိုပြီး ပိုပြီး စိတ်က ဝီရိယတိုးလိုက်တယ်၊ အဲသလိုတိုးလိုက်တဲ့အချိန်မှာ ကောင်းတာလေးပျောက်တာပဲ၊ အဲဒါဟာ ဝီရိယလွန်တာ။

ဝီရိယလွန်လာရင် စိတ်ဥဒ္ဓစ္စဖြစ်တယ်၊ စိတ်ဟာ အာရုံနဲ့ စွဲကပ်မှု မရှိဘူး၊ စိတ်နဲ့အာရုံ ကွာတာတာ ဖြစ်လာတယ်၊ ဝီရိယမလွန်စေရဘူး၊ ဝီရိယလွန်ရင် ဥဒ္ဓစ္စဖြစ်တယ်၊ ဝီရိယနည်းရင် ထိနမိဒ္ဓဝင်တယ်၊ ပျင်းလာတာပေါ့။

သမာဓိလွန်တဲ့အခါကျတော့ အပျင်းရောက်သွားတယ်၊ ဝီရိယလျော့သွားပြီး သမာဓိများသွားတဲ့အခါကျတော့ အားမထုတ်ချင်တဲ့ သဘောဘက်ရောက်သွားတယ်၊

http://www.dhammadownload.com



အဲဒါ ဘယ်အခါမျိုးဖြစ်တတ်သလဲဆိုရင် တရားမှတ်လို့ အလေ့အကျင့်လေးရလာတော့ လွယ်လာပြီ၊ လွယ်လာတော့ ဝီရိယ လျော့သွားပြီ၊ သမာဓိပိုသွားတယ်၊ အဲဒီအခါမျိုး ကျတော့ အိပ်ချင်တာမဟုတ်ပဲနဲ့ ငိုက်ငိုက်ကျတာမျိုးတွေ ဖြစ်တယ်၊ ပြီးတော့ ပျင်းရိမှုတွေ ဝင်လာတတ်တယ်၊ အဲဒါကြောင့်မို့ သမာဓိပိုလာရင်လည်း အဲသလို ဖြစ်တတ်တယ်၊ အဲဒါ သတိထားရမယ်။

ဝီရိယပိုနေရင် ဝီရိယကိုလျှော့ပေးရမယ်၊ သမာဓိပိုနေရင် သမာဓိကိုလျှော့ပေး ရမယ်။

အဲဒီတော့ ဝီရိယလိုနေပြီ၊ ဝီရိယကို တိုးပေး၊ ပိဂရစိုက်ပြီး တရားကိုမှတ်ပေး၊ မှတ်စရာတိုးပြီး မှတ်ပေး၊ ဖောင်းတယ် ပိန်တယ်မှတ်ရာကနေပြီး ထိုင်တယ်ဆိုတာ ထည့်မှတ်တယ်၊ ဒီ ၃-ခုတင် အားမရသေးဘူး၊ ထိတယ်ပါ ထည့်မှတ်တယ် စသည်ဖြင့် စိတ်ကို အလုပ်တိုးပေးလိုက်တဲ့အခါကျတော့ စိတ်က ပြန်ပြီးတည်ငြိမ် သွားတယ်၊ အဲသလို ဝီရိယနဲ့ သမာဓိမျှအောင် လုပ်ရတယ်။

ရှေးတုန်းက သောဏဆိုတဲ့ သူဌေးသားတစ်ယောက်ရှိတယ်၊ သူက အလွန် သိမ်မွေ့နူးညံ့တယ်၊ ခြေဖဝါးမှာတောင် အမွေးပေါက်တယ်၊ နောင်တစ်နေ့ကျတော့ သူကမြတ်စွာဘုရားရဲ့ တရားကိုနာပြီး ရဟန်းဝတ်တယ်၊ ရဟန်းဖြစ်တဲ့အခါကျတော့ သူက စဉ်းစားတယ်။

ငါဟာ သူဌေးသား ဘဝကလာခဲ့တာ (ဘော်ကြော့နေလာခဲ့တယ်ဆိုကြပါစို့) ရဟန်းဖြစ်လာရင်တော့ ဘော်ကြော့နေလို့မရဘူး၊ ကြိုးကြိုးစားစား အားထုတ်မှ ဖြစ်မယ်ဆိုပြီးတော့ ညဘက်ပါ စင်္ကြံလျှောက်ပြီးတော့ တရားအားထုတ်တာ။

စင်္ကြံလျှောက်ပြီး တရားအားထုတ်တာ ဘယ်လောက်တောင် အားထုတ် သလဲဆိုရင် ခြေထောက်တွေ ပေါက်ပြဲကုန်ရော၊ နဂိုက နူးညံ့တဲ့ ပုဂ္ဂိုလ်ဆိုတော့ ခြေထောက်တွေပေါက်ကုန် သွေးထွက်ကုန်ရော၊ အဲသလို အားထုတ်တာတောင် တရားမရတော့ သူ စိတ်ပျက်ပြီး ထိုင်ပြီး စဉ်းစားတယ်။

"ဒီလောက်အားထုတ်တာတောင် ငါ့မှာဘာမှဖြစ်မလာဘူး၊ ငါ့မှာလည်း စည်းစိမ်ချမ်းသာတွေ ရှိတယ်၊ လူပြန်ထွက်ပြီး ဒါနသီလလေးပြုနေရင် ကောင်း မလား"ပေါ့၊ အဲသလို စိတ်ထဲဖြစ်ပေါ်တာကို မြတ်စွာဘုရားကသိရော၊ မြတ်စွာ ဘုရားက သောဏထံကြွပြီး "မင်း ဒီလိုအကြံတွေ ကြံနေတယ်မဟုတ်လား မေးတော်မူတယ်၊ ဟုတ်ပါတယ် ဝန်ခံတော့ မြတ်စွာဘုရားက စောင်းတီးတာနဲ့ ဥပမာပေးပြီးတော့ တရားဟောတယ်။

http://www.dhammadownload.com



သင်ဟာ လူ့ဘဝတုန်းက စောင်းတီးတတ်ကျွမ်းတယ်မဟုတ်လား၊ တတ်ပါတယ်ဘုရား၊ ကြိုးသိပ်လျော့နေရင် အသံကောင်းကောင်း ထွက်သလား မထွက်ပါဘူး၊ ကြိုးသိပ်တင်းနေရင်ကော၊ အသံကောင်းကောင်း မထွက်ပါဘူး၊ ဘယ်လိုအနေအထားမှ အသံကောင်းထွက်သလဲ၊ မလျော့မတင်းလေးမှ အသံကောင်းကောင်း ထွက်ပါတယ်၊ အဲသလိုပဲ ဝီရိယကို လွန်အောင်လည်း မလုပ်နဲ့၊ လျော့အောင်လည်း မလုပ်နဲ့၊ မယုတ်မပိုစေပဲ ဝီရိယကို ကြိုးစားအားထုတ်ပါတဲ့။

ဒါကြောင့်မို့ တရားအားထုတ်တဲ့အခါမှာ သမာဓိနဲ့ ဝီရိယကို အဲသလို ထိန်း၊ ထိန်းပြီး ပေးရတယ်၊ လွန်သွားရင် ထိန်းပေးရတယ်၊ ယောဂီမသိရင်လည်း တရားပြ ဆရာက ထိန်းပေးရတာပေါ့။

သတိကတော့ကောတဲ့ဆိုတော့ စာမှာဆိုထားတာက သဗ္ဗတ္ထိကတော့ ဘယ်တော့မှလွန်တယ်မရှိဘူး၊ ဘယ်တော့မှ သတိပိုတယ်မရှိဘူး၊ သတိဟာ နေရာတကာမှာ အလိုရှိအပ်တယ်၊ ဒါကြောင့်မို့ သတိကတော့ အမြဲတမ်း ဂရုစိုက်ရမယ့်တရားပေါ့၊ အဲသလို ဣန္ဒြေ ၅–ပါး ရှိတယ်။

အဲဒီ ဣန္ဒြေ ၅–ပါးမျှနေတဲ့အခါမှာ တရားအားထုတ်လို့ ကောင်းနေတာပဲ၊ တရားသားကျနေတာပဲ၊ ဣန္ဒြေ ၅–ပါးထဲက အထူးသဖြင့် ဝီရိယနဲ့ သမာဓိ တစ်မျိုးတစ်မည် ဖြစ်သွားရင် တရားထိုင်လို့ အချိုးမကျတော့ဘူး၊ ပျက်သွားပြီ၊ ပြန်ပြီးတော့ ထိန်းယူရပြန်တာပေါ့၊ ဣန္ဒြေ ၅–ပါးဆိုတာလည်း ဗိုလ်၅–ပါးနဲ့ အတူတူပါပဲ။

ဣန္ဒြေနှင့် ဗိုလ်အထူးက "စိတ်ကို အစိုးတရပိုင်နိုင်သောကြောင့် ဣန္ဒြေမည်၏၊ တစ်စုံတစ်ခုသောတရားဖြင့် မလှုပ်မရှားနိုင် ခန့်ခိုင်သောကြောင့် ဗိုလ်မည်၏၊ တရားကိုယ်တစ်ပါးတည်းပင် ဖြစ်လင့်ကစား သတ္တိဂုဏ်ကွဲပြားသောကြောင့် ဣန္ဒြေ၊ ဗိုလ်ဟု ၂–ပါးကွဲပြား၏"တဲ့။

ဗောဇ္ဈင်တဲ့၊ ဗောဇ္ဈင်ဆိုတာ "သတိပညာစသော တရား ၇–ပါးသည် လေးပါးကုန်သော အရိယာသစ္စာတို့ကို ထိုးထွင်း၍ သိတတ်၏၊ ထိုတရားအပေါင်းသည် ဗောဓိမည်၏၊ ထိုတရားအပေါင်းဟုဆိုအပ်သော ဗောဓိ၏အကြောင်းအင်္ဂါ အစိတ်တို့သည် ဗောဇ္ဈင်မည်၏။

ဗောဇ္ဈင်ဆိုတာ ဗောဓိ+အင်္ဂကလာတယ်၊ ဗောဓိကသစ္စလေးပါးတရားကို ထိုးထွင်း၍ သိခြင်းကို ဗောဓိလို့ခေါ်တယ်၊ သစ္စာလေးပါးတရားကို ထိုးထွင်းသိခြင်းရဲ့ အကြောင်းအင်္ဂါအစိတ်အပိုင်းကို ဗောဇ္ဈင်လို့ခေါ်ပါတယ်။

http://www.dhammadownload.com



ရှင်းရှင်းကတော့ အရိယာမဂ်ရောက်အောင် ပို့ဆောင်ပေးတတ်တဲ့ တရားမျိုး၊ အရိယာမဂ်နှင့် အတူတကွဖြစ်တဲ့ တရားမျိုးကို ဗောဇ္ဈင်လို့ခေါ်တာပေါ့လေ၊ မြန်မာလူမျိုးတွေအနေနဲ့ ဗောဇ္ဈင်ဆိုတဲ့စကား ကြားလိုက်ရင် ဖျားတဲ့အခါ ရွတ်တဲ့ ဗောဇ္ဈင်သုတ်ဘက်စိတ်ရောက်သွားလေ့ရှိကြတယ်။

ဗောဇ္ဈင် ၇-ပါးရှိတယ် (၁) သတိသမ္ဗောဇ္ဈင်တဲ့၊ ဒါလည်း စိတ် ၄၂-ခု၌ရှိသော ကမ္မဋ္ဌာန်း အာရုံ၌ အပ္ပမာဒတရားကို ဖျက်ဆီး၍ မမေ့မလျော့သော အပ္ပမာဒတရားကို ပြည့်စုံစေသော သတိစေတသိက်ပဲ။

(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာ ပညာကိုခေါ်တာ၊ အမောဟစေတသိက်ပဲ၊ အဲဒီမှာ "ကမ္မဋ္ဌာန်းအာရုံဖြစ်သော သင်္ခါရတရားတို့၌ အနိစ္စတာစသော အထူးထူးသော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်တတ်သော အမောဟစေတသိက်"ကို ဆိုလိုတယ်။

စူးစမ်းဆင်ခြင်တယ်ဆိုပေမယ်လို့ အမှန်ကတော့ သိမြင်တာကို ဆိုလိုတယ်၊ အင်္ဂလိပ်လိုပြန်တော့ Investigation of Dhamma လို့ပြန်တယ်၊ တကယ်ကတော့ investigation လို့ မဟုတ်တော့ဘူး၊ သိမှု အမောဟစေတသိက် ပညာကိုပဲ ဓမ္မဝိစယ သမ္ဗောဇ္ဈင်လို့ခေါ်တယ်၊ စူးစမ်းဆင်ခြင်တယ်ဆိုတော့ ဝိတက် ဝိစာရ သဘောမျိုး စိတ်ကထင်သွားမှာစိုးရတယ်၊ အဲဒါမျိုး မဟုတ်ဘူး၊ တကယ်တော့ အမှန်အတိုင်း သိမြင်တာကိုပဲဒီနေရာမှာ ဓမ္မဝိစယလို့ခေါ်တယ်။

(၃) ဝီရိယ သမ္ဗောဇ္ဈင်တဲ့၊ ဒါက ဝီရိယစေတသိက်ပေါ့၊ "စိတ် ၄၂-ခု၌ ရှိသော သမ္မပ္ပဓာန် အာရုံတို့၌ ဘာဝနာကိစ္စ၏ အစွမ်းဖြင့် ကောင်းစွာကြီးပွား၍ အစဉ်အတိုင်း ကုသိုလ်တရားတို့၌ တွန့်တိုဆုတ်နစ်ခြင်း ကိလေသာ တရားအပေါင်းကို ပယ်ဖျက်တတ်သော ဝီရိယ စေတသိက်"

(၄) ပီတိ သမ္ဗောဇ္ဈင်ဆိုတာ ပီတိစေတသိက်ပေါ့၊

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတာက ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စေတသိက်။

(၆) သမာဓိ သမ္ဗောဇ္ဈင်, ဧကဂ္ဂတာ စေတသိက်

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်, အဲဒါ သတိထား၊ ဥပေက္ခာဟာ ဝေဒနာ မဟုတ်ဘူး၊ တတြမဇ္ဈတ္တတာ စေတသိက်၊ ဒါကြောင့်မို့ ဥပေက္ခာဆိုတဲ့စကားလုံးတွေ့ လာရင် သတိထား၊ တွေ့ရတဲ့ ဥပေက္ခာဟာ ဝေဒနာလား၊ တတြမဇ္ဈတ္တတာလား၊ တခြားဥပေက္ခာတွေလည်းရှိသေးတယ်၊ ဥပေက္ခာ ၁၀-မျိုးတောင် ရှိတယ်၊ ဒါပေမယ့် ရှုပ်နေလိမ့်မယ်၊ အသာထား။

ဥပေက္ခာတွေ့တိုင်းတွေ့တိုင်း ဝေဒနာဥပေက္ခာလား၊ ခံစားမှုကို ဆိုလိုတာလား

http://www.dhammadownload.com



သို့မဟုတ် တတြ မဇ္ဈတ္တတာဆိုတဲ့ လစ်လျူရှုတတ်တဲ့ သဘောကို ဆိုလိုတာလား၊ အမြဲတမ်း သတိထားရမယ်။

ဒီနေရာမှာ တွေ့တဲ့ဥပေက္ခာ သမ္ဗောဇ္ဈင်မှာ ပါတဲ့ ဥပေက္ခာက တတြမဇ္ဈတ္တတာ စေတသိက်ကို ဆိုလိုတယ်၊ ဝေဒနာ စေတသိက်ကို မဆိုလိုဘူး။

ဗောဇ္ဈင် ၇-ပါးကလည်း တရားအားထုတ်လို့ တရားသား တက်နေတဲ့အခါမှာ ဆိုရင် ဒီ ၇-ပါး စလုံး ဖြစ်နေတာပဲ၊ မှတ်တဲ့အာရုံရဲ့ သဘောလေးကို သိ, သိနေရင် အမှတ်နဲ့အာရုံကပ်, ကပ်သွားရင် သတိသဗ္ဗောဇ္ဈင်ပဲ၊ မှတ်အပ်တဲ့သဘော လေးတွေ သိသွားတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောလေးတွေကို သိသိသွားတယ်၊ ဖြစ်ပြီးရင် ချုပ်သွားတဲ့ သဘောလေးတွေကို သိသွားရင်ဓမ္မဝိစယပဲ။

ဝီရိယကလည်း မပါလို့ မရဘူး၊ ဝီရိယပါမှဖြစ်တော့ ဝီရိယကလည်း အဲဒီမှာ ရှိနေတယ်၊ ပီတိသမ္ဗောဇ္ဈင်, ပီတိကလည်း တရားအားထုတ်တဲ့အခါကျတော့ ခံစားကြရတယ်၊ အမျိုးမျိုးရှိတယ်၊ ကြက်သီးထလာတဲ့ ပီတိမျိုးရှိတယ်၊ ခန္ဓာကိုယ် လှုပ်လာတာမျိုးရှိတယ်၊ ရှေ့သွားတာမျိုးရှိတယ်၊ တစ်ကိုယ်လုံး စိမ့်နေသလိုမျိုး ဖြစ်တဲ့ ပီတိမျိုး စသည်ဖြင့်ပေါ့လေ။

ပီတိဖြစ်ပြီဆိုရင် ပဿဒ္ဓိခေါ်တဲ့ ကိုယ်စိတ် ငြိမ်းချမ်းမှုကလည်းဖြစ်တော့တာပဲ။

သမာဓိဆိုတာ ဧကဂ္ဂတာ စေတသိက်၊ သမာဓိမပါရင် အာရုံမှာ စိတ်က တည်ကို မတည်နိုင်တော့ဘူး၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကတော့ အညီအမျှ လုပ်ပေးတာပေါ့ လေ၊ "အာရုံ၌ စိတ်၏နှဲ့လွန်းခြင်းထက်လွန်းခြင်း" (တွန့်တိုတဲ့စိတ်လည်း မဖြစ် အောင် အလွန်အကျွံကြီးလဲ Over eager မဖြစ်အောင်) ထိန်းပေးတာ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ပဲ။

အဲသလို ဥပေက္ခာသမ္ဗောဇ္ဈင်က ထိန်းပေးတဲ့အတွက်ကြောင့်မို့ တခြား ဗောဇ္ဈင်တွေဟာ မိမိတို့ အလုပ်ကို မိမိတို့ မှန်ကန်စွာ လုပ်သွားတယ်၊ အဲဒီလို လုပ်တဲ့အခါကျတော့ စက်တစ်ခုမှာ စက်မှာပါတဲ့ ကိရိယာတွေဟာ သူ့အလုပ်သူ လုပ်နေတဲ့အခါကျတော့ စက်ဟာ ပုံမှန်လည်ပတ်နေတာပေါ့၊ စက်ကိရိယာတွေထဲက အစိတ်အပိုင်းလေး တစ်ခုက အလုပ်ကောင်းကောင်း မလုပ်ဘူးဆိုရင် စက်ကြီး တစ်ခုလုံး ကိုးရိုးကားရား ဖြစ်တော့ တာပဲ။

ဒီလိုပဲ၊ ဒီမှာလည်း တရားတစ်ခုက အလုပ်လွန်သွားသည်ဖြစ်စေ, လျော့သွား သည်ဖြစ်စေ၊ တရားအားထုတ်တဲ့စက်ကြီးဟာ ကောင်းကောင်းမလည်တော့ဘူးပေါ့။

ဒါကြောင့်မို့ ဗောဇ္ဈင် ၇-ပါးဟာ ပြန်ကြည့်လိုက်ရင် ဣန္ဒြေ ၅-ပါးနဲ့

http://www.dhammadownload.com



တူတာတွေ ပါနေတယ်၊ အဲဒီဗောဇ္ဈင် ၇-ပါးကို ဘုရားရဟန္တာ ပုဂ္ဂိုလ်တွေက အဆင့်အတန်း အမြင့်ဆုံးရောက်အောင် တွေ့ကြုံပြီးသား ခံစားပြီးသား ဖြစ်နေတယ်။

ဒါကြောင့်မို့ ဗောဇ္ဈင်သုတ်ကိုရွတ်ပြီး, ဗောဇ္ဈင်သုတ်ကိုနာပြီးတော့ နှလုံးသွင်းလိုက်တာနဲ့ တစ်ပြိုင်နက် ဗောဇ္ဈင်တရားတွေ အဲဒီပုဂ္ဂိုလ်တွေ သန္တာန်မှာ အားကြီးစွာ ဖြစ်လာတယ်၊ အဲဒီလို ဖြစ်လာတဲ့အတွက်ကြောင့် ရောဂါဝေဒနာတွေ ကင်းဝေးသွားနိုင်တယ်။

အဲဒီတော့ တရားအားထုတ်ဖူးသူတွေအနေနဲ့လည်း ဒီဗောဇ္ဈင် ၇-ပါးကို အထိုက်အလျောက် တွေ့ကြုံခံစားဖူးတာပဲ၊ ဒါကြောင့်မို့ မိမိတို့ အနေနဲ့လည်း နေမကောင်းတဲ့အခါတွေမှာ ဗောဇ္ဈင် ၇-ပါးကို နှလုံးသွင်းနေတယ်, အာရုံပြုနေတယ် ဆိုရင် ချမ်းသာမှုရတာပဲ။

အမှန်ကတော့ မြတ်စွာဘုရား နေမကောင်းလို့ စုန္ဒမထေရ်က ရွတ်တယ်၊ ပြီးတော့ ရှင်မောဂ္ဂလာန်နဲ့ ရှင်မဟာကဿပနေမကောင်းတဲ့အခါ မြတ်စွာဘုရားက သွားရွတ်ပေးတယ်ဆိုတာ အမှန်ကတော့ အခုခေတ်ရွတ်တဲ့နာတဲ့ သဘောထက် အဲဒီလို နာနေတဲ့အချိန်မှာ ဒီတရားတွေဟာ အဲဒီပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ဖြစ်နေတာ၊ အဲသလိုဖြစ်နေတာကြောင့် ဒီတရားတွေရဲ့ အရှိန်ကြောင့် အစွမ်းသတ္တိကြောင့် ရောဂါရုပ်တွေဟာ ချုပ်သွားတာပေါ့၊ ရောဂါရုပ်တွေကို ဗောဇ္ဈင် ၇-ပါး ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေကတိုက်ဖျက်ပစ်လိုက်တဲ့သဘော ဖြစ်နိုင်တယ်၊ healing ဖြစ်နိုင်တယ်၊ self healing က ဗုဒ္ဓဘာသာအလိုက ဖြစ်နိုင်တယ်။

ကိုယ်က သူများကို heal လုပ်လို့ မဖြစ်တာ၊ ကိုယ့်ဟာကိုယ် heal လုပ်လို့ ဖြစ်နိုင်တယ်၊ နေမကောင်းတဲ့အခါတို့ ဘာတို့မှာ ဒီလိုကုသိုလ် တရားတွေကို အာရုံပြုနေတယ်၊ ပွားများနေတယ်၊ တရားမှတ်နေတယ်ဆိုရင် self healing ဖြစ်တာပဲ၊ ဘာကြောင့်တုန်းဆိုတော့ အဲဒီအချိန်မှာ စိတ်ဟာအညစ်အကြေးကင်းနေတဲ့ စိတ်၊ သန့်ရှင်းတဲ့စိတ်ပဲ။

ဒီစိတ်တွေကြောင့်ဖြစ်တဲ့ရုပ်ဟာ ကောင်းတဲ့ရုပ်တွေဖြစ်မယ်၊ ကောင်းတဲ့ရုပ်တွေ များများဖြစ်ရင် မကောင်းတဲ့ရုပ် (ရောဂါရုပ်)ကို တိုက်ဖျက်နိုင်တယ်၊ အဲဒါကြောင့်မို့ ဗောဇ္ဈင်သုတ်ကိုနာပြီးတော့ ရောဂါပျောက်တယ်ဆိုတာ အမှန်ကတော့ အဲဒီလို ဖြစ်တာနဲ့ တူတယ်။

အခုခေတ်မှာတော့ လူနာက ဗောဇ္ဈင်ဆိုတာ ဘာမှန်းတောင်သိကြမှာ မဟုတ်ဘူး၊ ဒါပေမယ့် ဘုန်းကြီးတွေလာပြီး ပရိတ်ရွတ်ကြတယ်၊ ဒါကဗောဇ္ဈင်သုတ်ပဲ၊

http://www.dhammadownload.com



ရောဂါပျောက်သတဲ့ဆိုရင် ယုံကြည်မှုနဲ့ နာကြတော့တာပဲ၊ အထိုက်အလျောက်တော့လည်း အကျိုးရှိမှာပေါ့လေ၊ ဒါပေမယ့် အဲသလို လေးနက်တဲ့ အဓိပ္ပါယ်ကို နားလည်ရင် ပိုပြီးတော့ ကောင်းတယ်။

မဂ္ဂင်ရှစ်ပါးတဲ့၊ ပြောဖို့တောင် မလိုဘူးထင်တယ်၊ ခဏခဏ အထပ်ထပ်တွေ့နေတာ။

သမ္မာဒိဋ္ဌိဆိုတာဘာလဲဆိုရင် အမောဟစေတသိက်, ပညာစေတသိက်၊ သမ္မာသင်္ကပ္ပ၊ ဝိတက်စေတသိက်၊ သမ္မာဝါစာ, သမ္မာဝါစာစေတသိက်, သမ္မာကမ္မန္တ, သမ္မာကမ္မန္တစေတသိက်။

သမ္မာအာဇီဝ, သမ္မာအာဇီဝစေတသိက်, သမ္မာဝါယာမ, ဝီရိယစေတသိက်, သမ္မာသတိ, သတိစေတသိက်, သမ္မာသမာဓိ, ဧကဂ္ဂတာစေတသိက်။

အဲဒီမဂ္ဂင်ရှစ်ပါးမှာလည်း လောကုတ္တရာ စိတ် ၈-ခု၌ ရှိတဲ့, စိတ် ၄၂ ခုမှာရှိတဲ့ အမောဟစေတသိက် စသည်ကိုယူပါတဲ့၊

မိဿကသင်္ဂဟမှာတုန်းက မဂ္ဂင် ၁၂-ပါးကို တွေ့ခဲ့တယ်၊ ဒီမှာကျတော့ ၈-ပါး, ဒီမှာကတော့ အရိယာမဂ်, နိဗ္ဗာန်သို့ သွားရာလမ်းပေါ့လေ၊ ဟိုမှာကတော့ သုဂတိ ဒုဂ္ဂတိ နှစ်မျိုးစလုံး သွားရာလမ်း၊ ဒီမှာကတော့ ကောင်းတဲ့ဘက်သွားတဲ့လမ်း၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စသည်ဖြင့်ရှိတယ်။

အဲဒီ မဂ္ဂင် ၈-ပါးမှာ (အရင်လည်းပြောဖူးပါတယ်) သီလ သမာဓိ ပညာနဲ့ မဂ္ဂင် ၈-ပါးကို ခွဲခြားတတ်ရမယ်၊ မြတ်စွာဘုရားက သီလ, သမာဓိ, ပညာလို့ **blue print** ချပေးခဲ့တယ်။

အဲဒီ သီလသမာဓိ ပညာနဲ့ မဂ္ဂင် ၈-ပါးနဲ့ ဟပ်ထားရမယ်၊ မဂ္ဂင် ၈-ပါး ကျင့်ကြတယ်ဆိုရင် သီလ သမာဓိ ပညာ ကျင့်ကြနေတာပဲ။

အဲဒီမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃- ပုဟာ သီလမဂ္ဂင်လို့ ခေါ်တယ်၊ သမ္မာဝါစာဆိုတာ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်တာ၊ သမ္မာကမ္မန္တဆိုတာ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်တာ၊ သမ္မာအာဇီဝ ဆိုတာမှားယွင်းတဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်တာ၊ အဲဒီလို ရှောင်ကြဉ် တာဟာ သီလပဲ၊ ဒါကြောင့်မို့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ တို့ဟာ သီလမဂ္ဂင် ၃-ပါး။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဒီ ၃-ပါးကိုတော့ သမာဓိမဂ္ဂင်လို့ ခေါ်တယ်၊ သမာဓိက အရေးကြီးတာပေါ့လေ၊ သတိမပါပဲ သမာဓိမဖြစ်ဘူး၊ ဒီတော့ ဝီရိယမပါပဲနဲ့ သတိမဖြစ်ဘူး၊ ဝီရိယရှိမှ သတိဖြစ်တယ်၊ သတိရှိမှ

http://www.dhammadownload.com



သမာဓိဖြစ်တယ်၊ အဲဒီတော့ ဝီရိယနဲ့သတိက သမာဓိကို ကူညီထောက်ပံ့တာပေါ့လေ၊ ဒါကြောင့်မို့ ဒီ ၃-ခုကို သမာဓိမဂ္ဂင်။

သမာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ၂-မျိုးကိုတော့ ပညာမဂ္ဂင်လို့ခေါ်တယ်၊ သမ္မာဒိဋ္ဌိ ပညာဖြစ်တာကတော့ ထင်ရှားပြီ၊ သမ္မသင်္ကပ္ပက ဘယ်လိုလုပ်ပြီး ပညာဖြစ်တာလဲ။

သမ္မာသင်္ကပ္ပကို ကောင်းစွာကြံခြင်းလို့ အဲသလောက်လေး အနက်ရောက်နေရင် အဓိပ္ပါယ်မပေါက်နိုင်ဘူး၊ သမ္မာသင်္ကပ္ပဆိုတာ ဝိတက်စေတသိက်ပဲလို့ သဘောပေါက်ထားရမယ်၊ ဒါက အဘိဓမ္မာ သင်ထားလို့သိတာ၊ ရိုးရိုးလူက မသိဘူး။

ရိုးရိုးလူက သမ္မာသင်္ကပ္ပဆိုတာ ကောင်းစွာကြံခြင်းဟာ ဘယ့်နှယ်လုပ်ပြီး ပညာထဲပါနေရတာလဲဆိုတော့ ဒီနေရာမှာ သမ္မာသင်္ကပ္ပဆိုတာ ဝိတက်စေတသိက်။

ဝိတက်စေတသိက်ရဲ့လက္ခဏာ ဝိတက်စေတသိက်ရဲ့ ကိစ္စက စိတ်ကိုအာရုံဆီပို့ ပို့ပေးတာ၊ သူ (ဝိတက်)က အာရုံပို့ပေးတာ၊ သမ္မာဒိဋ္ဌိက ဖမ်းသိတာ၊ သူကသာ မပို့ရင် သမ္မာဒိဋ္ဌိက မသိနိုင်ဘူး၊ သမ္မာဒိဋ္ဌိ သိစရာမရှိဘူး၊ အာရုံပေါ်ကို စိတ်က မရောက်တာပဲ။

အဲဒါကြောင့်မို့ သူကို ပညာမဂ္ဂင်ထဲထည့်ထားတာ၊ သူ့က ပို့ပို့ပေးတယ်၊ သူကပို့ပို့ပေးတဲ့ အတွက်ကြောင့် စိတ်က အာရုံပေါ်ရောက်သွားတယ်၊ အာရုံရောက်တဲ့ အခါမှာ စိတ်နဲ့အတူတကွဖြစ်တဲ့ သမ္မာဒိဋ္ဌိ (ပညာ)က အာရုံကို ပိုင်းပိုင်းခြားခြား သိသွားတယ်။

အဲသလို အာရုံဆီသို့ စိတ်ကို ပို့ပေးတတ်တဲ့အတွက်ကြောင့် သမ္မာသင်္ကပ္ပကို ပညာထဲထည့်ထားတာ၊ ဝိတက်စေတသိက် ပညာမဂ္ဂင်ထဲထည့်ထားတာ၊ ဒါကြောင့်မို့ မဂ္ဂင် ၈-ပါးဟာ သီလ, သမာဓိ, ပညာ ၃-ပါးနဲ့ အတူတူပဲ။

အဲဒီ မဂ္ဂင် ၈-ပါးထဲမှာ သီလ မဂ္ဂင် ၃-ပါး ဖယ်လိုက်ရင် ၅-ပါး မကျန်ဘူးလား၊ အဲဒီ ၅-ပါးကို ကာရကမဂ္ဂင်လို့ခေါ်တယ်၊ မြန်မာလို ပြန်လိုက်ရင် လုပ်သားမဂ္ဂင်ပေါ့။

အမှန်တော့ ဝေရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒီ ၅-ပါးဟာ အမြဲတမ်းဖြစ်နေတယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ, သမ္မာသမာဓိ။

ကောင်းတဲ့တရား မှတ်ချက်တိုင်းမှာ ဒီ ၅- ခုပါနေရတယ်၊ ကောင်းကောင်း မှတ်လို့ မရသေးရင် သမာဓိကောင်းကောင်းမရသေးရင် ဒီ ၅-ခုမပါသေးဘူးပေါ့။

သမာဓိကောင်းကောင်းရလို့ တရားမှတ်လို့ ကောင်းနေပြီဆိုရင် ဒီ ၅-ခုဟာ အမြဲတမ်းရှိနေတယ်၊ ဒါကြောင့်မို့ သူတို့ကို ကာရကမဂ္ဂင် လုပ်သားမဂ္ဂင်ပေါ့။

http://www.dhammadownload.com



သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝကတော့ အမှန်အတိုင်းပြောရင် တရားအားထုတ်တဲ့အချိန်မှာ စိတ်ထဲမှာမယှဉ်ဘူး၊ သူတို့က ရှောင်စရာရှိမှ ယှဉ်တာကိုး၊ ရှောင်စရာတွေ့တာကိုရှောင်မှ ယှဉ်တာမဟုတ်လား၊ (ဝိရတိစေတသိက်ဆိုတာ)

တရားအားထုတ်တဲ့အခါမှာ သူ့အသက်သတ်စရာ ကိစ္စလည်းမပေါ်ဘူး ဆိုတော့ ရှောင်စရာလည်း မရှိဘူး၊ ဒါကြောင့်မို့ အမှန်အတိုင်းပြောရင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝက တရားအားထုတ်တဲ့အချိန်မှာ စိတ်နဲ့ယှဉ်နေတာ မဟုတ်ဘူး။

ဒါပေမယ်လို့ တရားစထိုင်ကတည်းကိုက ဒါတွေအားလုံး ရှောင်ကြဉ်မယ်၊ သို့မဟုတ် မြန်မာလိုပြောရင် သီလဆောက်တည်ပြီးမှ တရားထိုင်ကြတာဖြစ်တဲ့ အတွက်ကြောင့်မို့ သူတို့ဟာလည်း ပြီးပြီးသားပေါ့လေ၊ ရှိနေသလိုပဲ ယူဆရတယ်၊ တကယ်ကတော့ သူတို့ဟာ စိတ်နဲ့ယှဉ်မနေဘူး၊ သူတို့က ရှောင်ကြဉ်တဲ့အခါမှသာ ယှဉ်မှာကိုး၊ မရှောင်ကြဉ်တဲ့အခါမှာ မယှဉ်ဘူး၊ သို့သော် သူတို့လည်းပဲ ပါသွားတယ်လို့ ဆိုရတယ်၊ အရေးကြီးတာကတော့ မဂ္ဂင် ၅–ပါး တကယ်အလုပ်လုပ်နေဖို့ အရေးကြီးတယ်။

အဲသလို တကယ်အလုပ်လုပ်နေအောင် အားထုတ်နိုင်ရင် ဒီပုဂ္ဂိုလ်ရဲ့အားထုတ်မှုဟာ မှန်တာပဲ၊ မဂ္ဂင် ၅–ပါး ထင်ထင်ရှားရှား မဖြစ်ပေါ်သေးဘူးဆိုရင် တရားအားထုတ်တာ အချိုးမကျသေးဘူးလို့ ဆိုရမှာပေါ့လေ။

ဒါကြောင့်မို့ ဒီ ၅–ပါးဖြစ်ပေါ်အောင် အထူးဂရုစိုက်ပြီးတော့မှတ်ပေးရမယ်၊ ဒါကြောင့် တရားထိုင်တဲ့ပုဂ္ဂိုလ်တွေကို အမှတ်ကို ဂရုစိုက်ဖို့ပြောရတယ်၊ ပေါ့ပေါ့ဆဆလေး လုပ်သွားတတ်ကြတယ်၊ အမှတ်ကျဲအောင် လုပ်တတ်ကြတယ်၊ အမှတ်ကျဲရင် မရဘူး၊ အမှတ်စိပ်မှရတယ်။

အမှတ်စိပ်မှ သမာဓိဖြစ်တာ၊ သမာဓိဖြစ်မှ အမောဟဆိုတဲ့ ပညာပေါ်တာ၊ ဒါကြောင့်မို့ တရားထိုင်တဲ့အခါမှာ အထူးဂရုစိုက်ပြီးတော့ ထင်ရှားပေါ်လာတဲ့ အာရုံကို မှတ်ရတယ်၊ ပေါ့ပေါ့ဆဆလေး မှတ်ရင် မရဘူး၊ ဒါကမဂ္ဂင် ၈–ပါးတဲ့။

မဂ္ဂင် ၈–ပါးကလည်း ဘယ်မှာရှိတဲ့ စေတသိက်တွေလည်းဆိုရင် ဒီမှာတော့ မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇော ၂၆–မှာရှိတဲ့ အမောဟ စေတသိက် စသည်ကို မဂ္ဂင် ၈–ပါးလို့ ဒီလိုခေါ်ရတယ်။

တကယ့်အထွတ် အထိတ်ရောက်တဲ့မဂ္ဂင် ၈–ပါးပါလို့ပြောရင် လောကုတ္တရာစိတ် ၈–ခုမှာ ယှဉ်တဲ့ ၈–ပါးပေါ့၊ အဲဒါကို မဂ္ဂင်လို့ခေါ်တယ်။

http://www.dhammadownload.com



ကောင်းပြီ, ဒါက သရုပ်နဲ့ တရားကိုယ်နဲ့ပြီးပြီ, နာမည်ဘယ်နှစ်ခုရသလဲ ဆိုတာ ဖယားကွက်ကြည့်ကြဦးစို့။

သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး, ရှိတယ်၊ တရားကိုယ်က ၁၄-ပါးရှိတယ်၊ မိဿကသင်္ဂဟတုန်းက တရားကိုယ် အာလုံး ၃၆-ပါး ရှိတယ်၊ ရုပ်က ၉-ပါး၊ နာမ်က ၂၇ ပါး၊

ဗောဓိပက္ခိယသင်္ဂဟမှာတော့ တရားကိုယ် ၁၄-ပါးရှိတယ်၊ အဲဒီမှာ စေတသိက်ပါတယ်၊ ဆန္ဒက ဘယ်နှစ်ဌာနတတ်သလဲ သို့မဟုတ် နာမည်ဘယ်နှစ်ခု ရသလဲဆိုရင် တစ်ခုပဲရတယ်၊ ဣဒ္ဓိပါဒ်။

သဒ္ဓါစေတသိက်ကျတော့ သဒ္ဓိန္ဒြေရယ်, သဒ္ဓါဗိုလ်ရယ်, ၂-မည်ရတယ်,။

ဝီရိယကျတော့ ၉-မည်ရတယ်၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗွောဇ္ဈင်၊ မဂ္ဂင်။

ဝီရိယက ဝီရိယိန္ဒြေ, ဝီရိယ, သမ္မာဝါယာမ။

သတိကျတော့ ၈-မည်ရတယ်, သတိပဋ္ဌာန် ၄-ပါး, သတိန္ဒြေ, သတိဗိုလ် သတိသမ္ဗောဇ္ဈင်, သမ္မာသတိ။

စိတ်ကျတော့ သာမညထားလိုက်ကြစို့၊ လောကုတ္တရာသာ ထည့်ထားလိုက်တော့၊ စိတ်ဆိုတာ ကုသိုလ်စိတ်၊ ကြိယာစိတ် စသည်ပေါ့၊ လောကုတ္တရာစိတ် သက်သက်ဆိုရင် မဟုတ်နိုင်ဘူး။

စိတ်ကျတော့ တစ်မည်ထဲရတယ်၊ ဣဒ္ဓိပါဒ်။

ပီတိလည်း တစ်မည်ပဲရတယ်၊ ပီတိသမ္ဗောဇ္ဈင်။

ပဿဒ္ဓိလည်းပဲ တစ်မည်ပဲရတယ်၊ ဧကဂ္ဂတာကျတော့ သမာဓိန္ဒြေ၊ သမာဓိဗိုလ် သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိ။

ပညာကျတော့ ဝီမံသဣဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယ, သမ္ဗောဇ္ဈင်, သမ္မဒိဋ္ဌိ, ပညာက ၅-မည်။

ဝိတက်က တစ်မည်ပဲရတယ်၊ သမ္မာသင်္ကပ္ပမဂ္ဂင်, သမ္မာဝါစာတစ်မည်, သမ္မာကမ္မန္တတစ်မည်, သမ္မာအာဇီဝတစ်မည်, တတြမဇ္ဈတ္တတာ, ဥပေက္ခာသမ္ဗောဇ္ဈင် ဆိုတဲ့ တစ်မည်၊ အားလုံး တရားကိုယ် ၁၄-ပါး၊ ဒါက ဗောဓိပက္ခိယ သင်္ဂဟပဲ။

ဗောဓိပက္ခိယတရားတွေ ကိုယ့်သန္တာန်မှာ ဖြစ်အောင် ကြိုးစားအားထုတ်ပြီး နေရတာ၊ ဒါတွေများများဖြစ်မှ ဗောဓိဘက်နီးမှာကိုး၊ ဗောဓိဆိုတာ အရိယာမဂ်ဉာဏ်။

http://www.dhammadownload.com



ဒီသင်္ဂဟကတော့ အကောင်းချည်းပါတဲ့ သင်္ဂဟပေါ့၊ သင်္ဂဟကတော့ မိဿကသင်္ဂဟဆိုတော့ ကုသိုလ်, အကုသိုလ်, ကောင်းတာရော, မကောင်းတာရော ရောထားတာ၊ ပထမသင်္ဂဟကတော့ မကောင်းတာချည်းပဲ။

နောက်ဆုံးသင်္ဂဟကတော့ သဗ္ဗသင်္ဂဟ, အကုန်လုံးခြုံပြီးတော့လာ လိမ့်ဦးမယ်။

နာမည်တွေအကုန်လုံး အလွတ်မရနိုင်တောင် ပြန်ရှာနိုင်ပြန်ကြည့်နိုင်ရင် တော်ပါပြီ၊ ဗောဓိပက္ခိယတရား ၃၇–ပါးကို ချက်ချင်းဘယ်အလွတ်ရမလဲ၊ စာအုပ် ကြည့်ပြီး ပြောတတ်ရင် ပြီးတယ်၊ အလွတ်မသိလည်းရတယ်၊ ဒါပေမယ်လို့ ဗောဓိပက္ခိယတရား ၃၇–ပါးဆိုတာကို သိရမယ်၊ ပြီးတော့ ဒီထက်ပို သိချင်သေးရင် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဆိုတာ သိရမယ်၊ တစ်ခုစီ တစ်ခုစီရဲ့ နာမည်တော့ မှတ်မိချင်မှ မှတ်မိမယ်။

အရကောက်တဲ့အခါမှာ သတိပဋ္ဌာန် ၄–ပါးအရကောက်တော့ စိတ် ၄၂ ပါးမှာရှိတဲ့ သတိ၊ သမ္မပ္ပဓာန်ကျတော့ ကုသိုလ်စိတ်မှာရှိတဲ့ ဝီရိယ၊ ဣဒ္ဓိပါဒကျတော့ ကုသိုလ်စိတ်မှာရှိတဲ့ ဆန္ဒစသည်ပေါ့။

ဣန္ဒြေ, စိတ် ၄၂–ပါးမှာရှိတာ၊ ဗိုလ်, စိတ် ၄၂ –ပါးမှာရှိတာ၊ ဗောဇ္ဈင်, စိတ် ၄၂–ပါးမှာရှိတာ၊ မဂ္ဂင်စိတ် ၄၂–ပါးမှာရှိတာ၊

ဒါဖြင့်ရင် သတိပဋ္ဌာန်ရယ်, ဣန္ဒြေရယ်, ဗိုလ်, ဗောဇ္ဈင် မဂ္ဂင်တို့ဟာ စိတ် ၄၂–ပါးမှာရှိတာ။

သမ္မပ္ပဓာန်နဲ့ ဣဒ္ဓိပါဒ်တို့ကတော့ ကုသိုလ်စိတ်မှာရှိတာ၊ အဲဒါပါပဲ။

http://www.dhammadownload.com



သဗ္ဗသင်္ဂဟ

ခန္ဓာ ၅ပါး ဥပါဒါနက္ခန္ဓာ ၅ပါး အာယတန ၁၂ ပါး ဓာတ် ၁၈ ပါး သစ္စာ ၄ပါး

ခန္ဓာ ၅ ပါး

(၁) ရုပ်အဌဝီသသည် ရူပက္ခန္ဓာ။

(၂) ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ။

(၃) သညာစေတသိက်သည် သညာက္ခန္ဓာ။

(၄) ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ။

(၅) စိတ် တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ။

အပေါင်းအစုဟူသော အနက်ကြောင့် ခန္ဓာမည်၏။

ရုပ်, သင်္ခါရ ဝိညာဏ်တို့သည် အပေါင်းအစုရှိကြ၍ ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု ဆိုသင့်သော်လည်း တစ်ပါးတည်းသာဖြစ်သော ဝေဒနာ, သညာကို အဘယ့်ကြောင့် ခန္ဓာဟုခေါ်ဆိုအပ်ပါသနည်းဟူမူ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍လည်းကောင်း, စက္ခုသမ္ဖဿဇာသညာ(ပ) မနောသမ္ဖဿဇာသညာဟူ၍လည်းကောင်း, အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဒူရ အာသန္န ဟီန ပဏီတ ဩဠာရိက သုခုမဟုဆိုအပ်သော ၁၁–ဌာနဖြင့် ဖြစ်ကုန်သော ဝေဒနာအချင်းချင်း သညာအချင်းချင်းပေါင်း၍ ယူအပ်သောကြောင့် ခန္ဓာဟု ဆိုအပ်ပါသည်။

ဥပါဒါနက္ခန္ဓာ

(၁) ရူပုပါဒါနက္ခန္ဓာ (၂) ဝေဒနုပါဒါနက္ခန္ဓာ (၃) သညုပါဒါနက္ခန္ဓာ (၄) သင်္ခါရုပါဒါနက္ခန္ဓာ (၅) ဝိညာဏုပါဒါနက္ခန္ဓာဟူ၍ ၅–ပါးအပြားရှိ၏။

ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏။ တရားကိုယ်မှာ ဝိညာဏုပါဒါနက္ခန္ဓာ၌ လောကီစိတ် ၈၁ ကို ကောက်သည်သာ ထူး၏။ ထို့ကြောင့် လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက်ဆတ္တိံ သသည် ခန္ဓာ သာမည်၍ ဥပါဒါနက္ခန္ဓာမမည်၏။

အာယတန ၁၂–ပါး

၁။ စက္ခုပသာဒရုပ် စက္ခာယတန

၂။ သောတပသာဒရုပ်သည် သောတာယတန

၃။ ဃာနပသာဒရုပ်သည် ဃာနာယတန

http://www.dhammadownload.com



၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန
၅။ ကာယပသာဒရုပ်သည် ကာယာယတန
၆။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် မနာယတန
၇။ ရူပါရုံသည် ရူပါယတန
၈။ သဒ္ဒါရုံသည် သဒ္ဒါယတန
၉။ ဂန္ဓာရုံသည် ဂန္ဓာယတန
၁၀။ ရသာရုံသည် ရသာယတန
၁၁။ ပထဝီ တေဇော ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန
၁၂။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်သည် ဓမ္မာယတန

ထိုအာယာတန ၁၂ ပါးတို့တွင် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဤ ၆-ပါးသည် အဇ္ဈတ္တိကာယတနမည်၏။ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ဤ၆-ပါးသည် ဗာဟိရာယတနမည်၏။

ရှည်လျားလှစွာသော ဝဋ်ဆင်းရဲကိုဖြစ်စေတတ်သောကြောင့် အာယတန မည်၏။

## ဓာတ် ၁၈-ပါး

| **အခံဓာတ်** | **အတိုက်ဓာတ်** | **အပွင့်ဓာတ်** |
|---|---|---|
| စက္ခုဓာတ် | ရူပဓာတ် | စက္ခုဝိညာဏဓာတ် |
| သောတဓာတ် | သဒ္ဒဓာတ် | သောတဝိညာဏဓာတ် |
| ဃာနဓာတ် | ဂန္ဓဓာတ် | ဃာနဝိညာဏဓာတ် |
| ဇိဝှါဓာတ် | ရသဓာတ် | ဇိဝှါဝိညာဏဓာတ် |
| ကာယဓာတ် | ဖောဋ္ဌဗ္ဗဓာတ် | ကာယဝိညာဏဓာတ် |
| မနောဓာတ် | ဓမ္မဓာတ် | မနောဝိညာဏဓာတ် |

တစ်စုံတစ်ယောက်သော သတ္တဝါတို့၏အလိုသို့မလိုက်ပါမူ၍ မိမိ၏သဘောကို သာလျှင် တည့်တည့်မတ်မတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ်မည်၏။ (တရားကိုယ်များကို ဇယားတွင် ကြည့်ပါ)

## အာယာတန-ဓာတ်အပြားဖြစ်ပုံ

ဒွါရခြောက်ပါး အာရုံခြောက်ပါး ပြားသောကြောင့် အာယတန ၁၂-ပါး

http://www.dhammadownload.com



ပြားကုန်၏။ ဒွါရခြောက်ပါး အရုံခြောက်ပါး ထိုဒွါရအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ် ခြောက်ပါး အစဉ်ပြားသောကြောင့် ဓာတ် ၁၈-ပါး ပြားကုန်၏။

**သစ္စာလေးပါး**

၁။ လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈ ဤ တေဘူမိကဖြစ်သော ဝဋ်တရားသည် ဒုက္ခသစ္စာမည်၏။

၂။ ဒုက္ခ၏ အကြောင်းဖြစ်သော တဏှာဟူသော လောဘစေတသိက်သည် သမုဒယ သစ္စာမည်၏။

၃။ ဒုက္ခသမုဒယနှစ်ပါးတို့၏ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ နိရောဓသို့ရောက်ကြောင်း မဂ်စိတ် ၄-ခု၌သော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

**သစ္စဝိမုတ်**

မဂ်စိတ္တုပ္ပါဒ်-၂၉ ဖိုလ်စိတ္တုပ္ပါဒ်-၃၇, တို့သည် သစ္စာ ၄-ပါး၌ မပါဝင်သဖြင့် သစ္စဝိမုတ်မည်၏၊ ။မဂ်စိတ် ၄-ပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍ ၎င်းနှင့်ယှဉ်သော စေတသိက် ၂၈-ပါးကို ပေါင်းသော် မဂ်စိတ္တုပ္ပါဒ် ၂၉-ဖြစ်၏။ (မဂ္ဂင်တရားကိုယ် ၈-ပါးကို မဂ္ဂသစ္စာယူ၍ စေတသိက် ၂၈-ဖြစ်သည်)။ ဖိုလ်စိတ် ၄-ပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍ ၎င်းနှင့်ယှဉ်သော စေတသိက် ၃၆-ကို ပေါင်းသော် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ဖြစ်၏။

http://www.dhammadownload.com

# အဘိဓမ္မာသင်တန်း ၄၆

## [သမုစ္စည်းပိုင်း]

## သဗ္ဗသင်္ဂဟ

ဒီကနေ့ စက်တင်ဘာ ၉-ရက် ၁၉၈၈ ခု၊ လွန်ခဲ့တဲ့အပါတ်က ဗောဓိပက္ခိယ သင်္ဂဟ ပြီးသွားခဲ့တယ်၊ ဒီအပါတ် နောက်ဆုံးဖြစ်တဲ့ သဗ္ဗသင်္ဂဟကို လေ့လာကြရမယ်။

သဗ္ဗသင်္ဂဆိုတော့ သဗ္ဗဆိုတာ အကုန်လုံးပေါ့, အလုံးစုံပေါ့၊ အဲဒီတော့ အားလုံးပါတာကို သဗ္ဗသင်္ဂဟဆိုတယ်၊ ခန္ဓာဆိုရင်လည်းရှိသမျှ တရားတွေ ကုန်သွားမယ်၊ အာယတနဆိုရင် ရှိသမျှ တရားတွေကုန်သွားမယ်၊ ဓာတ်ဆိုရင်ရှိသမျှ တရားတွေ ကုန်သွားမယ်၊ သစ္စာဆိုရင်ရှိသမျှ တရားတွေကုန်သွားမယ်။

အဲဒီတော့ အားလုံးစုံ သိမ်းမြှုနိုင်တဲ့ တရားအစု၊ အဲဒီတရားအစုတွေကို ပြရာဖြစ်တဲ့ ဒီအပိုင်းကို သဗ္ဗသင်္ဂဟလို့ ခေါ်မယ်နော်၊ ဒါပေမယ်လို့ ခန္ဓာနဲ့ ခွဲတဲ့အခါကျတော့ နိဗ္ဗာန် မပါဘူးဖြစ်နေတယ်၊ နိဗ္ဗာန်က ခန္ဓာက အလွတ်ဖြစ်နေတယ်၊ ဒါကတော့ မတတ်နိုင်ဘူး။

ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါးကို ဒီသင်္ဂဟမှာပြမယ်နော်၊ ခန္ဓာကိုလည်း နှစ်မျိုးခွဲပြီးတော့ပြမယ်၊ ပထမခန္ဓာ ရိုးရိုးရယ်, ဥပါဒါနက္ခန္ဓာရယ်လို့ ဒီလိုနှစ်မျိုး ခွဲပြီးတော့ ပြမယ်။

http://www.dhammadownload.com



ပထမဆုံး ခန္ဓာငါးပါးတဲ့, ဒီသင်္ဂဟ ပိုတောင်အရေးကြီးသေးတယ်၊ ဘာလို့ တုန်းဆိုတော့ အပြောများတာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖြစ်လို့ပဲ။

အဲဒီတော့ ခန္ဓာငါးပါးက –

(၁) ရူပက္ခန္ဓာ, (၂) ဝေဒနက္ခန္ဓာ၊ (၃) သညက္ခန္ဓာ၊ (၄) သင်္ခါရက္ခန္ဓာ၊ (၅) ဝိညာနက္ခန္ဓာလို့ ဒီလို ခန္ဓာငါးပါးရှိတယ်။

ကောင်းပြီ, ခန္ဓဆိုတဲ့ ပါဠိစကားလုံးကို မြန်မာလို ခန္ဓာလို့ လုပ်ထားတာ, ခန္ဓာဆိုတော့ မြန်မာတွေအနေနဲ့ ကိုယ်ခန္ဓာလို့ နားလည်ကြတယ်၊ အမှန်ကတော့ ခန္ဓာဆိုတာ ဘယ်လိုအနက်ရှိတုန်း ဘယ်လိုအနက်ကို ဟောသတုန်းဆိုရင် group, အပေါင်းအစုရှိတဲ့ တရားမျိုး အပေါင်းအစုဖြစ်တဲ့ တရားမျိုး, မြတ်စွာဘုရားက ခန္ဓာလို့ ဒီလိုဟောတော်မူတယ်။

အဲဒီတော့ ရုပ်, သင်္ခါရ, ဝိညာဏ်တို့သည် အပေါင်းအစုရှိကြ၍၊ ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာနက္ခန္ဓာဟု ဆိုသင့်သော်လည်း တစ်ပါးတည်းသာဖြစ်သော ဝေဒနာကို အဘယ်ကြောင့် ခန္ဓာဟု ခေါ်ဆိုအပ်ပါသနည်းဟူမူ သုခဝေဒနာ, ဒုက္ခဝေနာ, ဥပေက္ခာဝေဒနာဟူ၍လည်းကောင်း၊ စက္ခုသမ္ဖဿဇသည်(ပ)၊ ပဆိုတာက မြှုပ်ထားတာကို ဆိုတယ်၊ စက္ခုပြီး သောတ သမ္ဖဿ စသည် ဆိုရမယ်လို့ ဆိုလိုတယ်၊ မနောသမ္ဖဿဇ သညာဟူလည်းကောင်း (ဒါကဘယ်သူက ယူရေးလဲ မသိဘူး၊ စာထဲမှာ ပါတာကတော့ အတိတ်အနာဂါတ်တရားပဲပါတယ်)၊ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, အာသန္န, ဟုဆိုအပ်သော ၁၁–ဌာနဌ်ဖြစ်ကုန်သော ဝေဒနာအချင်းချင်း, သညာ အချင်းချင်း ပေါင်း၍ ယူအပ်သောကြောင့် ခန္ဓာဟု ဆိုအပ် ပါသည်တဲ့။

ဆိုလိုတာကတော့ ဒီခန္ဓာ အပေါင်းဆိုတာဟာ တကယ်အပေါင်းအစုတွေ ခဲနေတာကြီးကို ဆိုလိုတာမဟုတ်ဘူး၊ ဒါကို နားလည်ရမယ်၊ အဲဒီတော့ ဒီနေရာမှာ ဘယ်လို တရားမျိုးကို ခန္ဓာလို့ ခေါ်ရသလဲ၊ ခန္ဓာဖွဲ့ရသလဲလို့ ဆိုရင် အဲဒီတရားမှာ အတိတ် အနာဂတ်, ပစ္စုပ္ပန်လို့ ကွဲပြားမှု, ရှိသလား၊ ရုပ်ဆိုတာ အတိတ်မှာ ဖြစ်ခဲ့တဲ့ရုပ်၊ ပစ္စုပ္ပန်မှာ ဖြစ်ခဲ့တဲ့ရုပ်, အနာဂါတ်မှာ ဖြစ်ခဲ့တဲ့ရုပ် ဒီလိုကို ကွဲပြားမှုဖြစ်တဲ့ရုပ်ကို ခန္ဓလို့ဆိုရတယ်။

အဲဒီတော့ တကယ်ပေါင်းစုနေတာ မဟုတ်ဘူး၊ ပြီးတော့ တစ်ခုသော အခိုက်အတန့်မှာ အတိတ်ရော, အနာဂတ်ရော, ပစ္စုပ္ပန်ရော သုံးပါးလုံးရော ရနိုင်ပါ့မလား၊ သုံးပါးလုံး ရနိုင်မှာ မဟုတ်ဘူး။

http://www.dhammadownload.com



အခုလက်တွေ့ဖြစ်ပေါ်နေတဲ့ ရုပ်တရားဟာ အတိတ်ရုပ်တရား မဟုတ်ဘူး၊ အနာဂါတ် ရုပ်တရား မဟုတ်ဘူး၊ ပစ္စုပ္ပန်။

ဒါပေမယ်လို့ သူ့ရဲ့သဘောက အတိတ်, ပစ္စုပ္ပန်, အနာဂါတ်လို့ သုံးမျိုး ရှိနိုင်တယ်၊ သုံးမျိုး ကွဲပြားနိုင်တဲ့အတွက်ကြောင့်မို့ အဲဒီသုံးမျိုး ကွဲပြားနိုင်တာကို အကြောင်းပြုပြီးတော့ ရုပ်တစ်ခုတည်းကိုပဲ ရုပ်အစုလို့ခေါ်တယ်၊ ခန္ဓာလို့ခေါ်တယ်နော်၊ အဲဒါကို သဘောကျအောင် မှတ်ရမယ်။

ရုပ်ကတော့ နှစ်ဆယ့်ရှစ်ပါးရှိလို့ ခန္ဓာခေါ်တာတော့ ဟုတ်ပါပြီ ဘာညာနဲ့ ပြောတာ သိပ်ပြီးတော့ သဘာဝ မကျဘူး။

ဘာကြောင့်တုန်းဆိုတော့ အမှန်က ရုပ် နှစ်ဆယ့်ရှစ်ပါးလုံးကို ရူပက္ခန္ဓာလို့ ခေါ်ရတာ မဟုတ်ဘူး၊ ရုပ်တစ်ခုထဲကိုလည်းပဲ ရူပက္ခန္ဓာလို့ ခေါ်ရတာပဲ၊ စိတ် တစ်ခုထဲကို လည်းပဲ ဝိညာဏက္ခန္ဓာလို့ခေါ်ရတာပဲ၊ အဲဒီတော့ ခန္ဓာ ဖွဲ့တော့မယ်, ခန္ဓာလို့ ခေါ်တော့မယ်ဆိုရင် ဒီတရားမှာ ဘယ်လိုကွဲပြားမှု ရှိရမလဲ၊ ဘယ်လိုအစု ရှိရမလဲဆိုရင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဒီလိုကွဲပြားမှုရှိသလား၊ မရှိဘူးလားကြည့်၊ ရှိရင် သူ့ကို ခန္ဓာဖွဲ့မယ်။

တစ်ခါ အဇ္ဈတ္တ, ဗဟိဒ္ဓ ဒီနှစ်ခု တစ်တွဲမှတ်၊ အဇ္ဈတ္တဆိုတာ မိမိသန္တာန်မှာ ဖြစ်တာ ဗဟိဒ္ဓဆိုတာက အပသန္တာန် သူတစ်ပါးသန္တာန်မှာ ဖြစ်တာရယ်၊ သက်မဲ့သန္တာန်မှာ ဖြစ်တာရယ်၊ အဲဒီလို အဇ္ဈတ္တမှာ ဖြစ်တဲ့တရား၊ ဗဟိဒ္ဓမှာဖြစ်တဲ့ တရားလို့ ခွဲခြားလို့ ရသလား၊ ရရင် အဲဒီတရားကို ခန္ဓာဖွဲ့နိုင်တယ်။

ရုပ်ဆိုတာ မိမိသန္တာန်မှာဖြစ်တဲ့ ရုပ်ရှိတယ်၊ သူတစ်ပါး သန္တာန်မှာဖြစ်တဲ့ ရုပ်ရှိတယ်၊ အဲဒီလို အဇ္ဈတ္တမှာ ဖြစ်တဲ့ရုပ်, ဗဟိဒ္ဓမှာ ဖြစ်တဲ့ရုပ် ကွဲပြားနိုင်တယ်၊ ကွဲပြားနိုင်ရင် ဒီရုပ်ကို တစ်ခုထဲပင် ဖြစ်သော်လည်း သူ့ကို ခန္ဓာလို့ပဲ ခေါ်ရတယ်၊ အဲဒီလို သွားရမယ်၊ ဟို ဝေဒနာ, သညာ, စသည်လည်း ဒီအတိုင်းပဲသိရမယ်။

ဒူရ, အာသန္န ။ ဒူရ=ဆိုတာက ဝေးတာ၊ အာသန္န=ဆိုတာက နီးတာ, ဒီနေရာမှာ နီးတဲ့ရုပ်, ဝေးတဲ့ရုပ်ဆိုတာ အသိခက်တဲ့ရုပ်ကို ဝေးတဲ့ရုပ်လို့ခေါ်တယ်၊ သိလွယ်တဲ့ ရုပ်ကို နီးတဲ့ရုပ်လို့ ခေါ်တယ်၊ အတိုင်းအတာအားဖြင့် ခရီးအားဖြင့် နီးတာ, ဝေးတာကို ပြောတာမဟုတ်ဘူးနော်၊ ဒူရ, အာသန္န နောက်ကျတော့ သုခမ, ဩဠာရိကတို့ကလည်း လာလိမ့်အုံးမယ်နော်၊ ဒူရ– အာသန္န နီးတဲ့ရုပ်, ဝေးတဲ့ရုပ်။ ဒါတော့ နှစ်မျိုးရလိမ့်မယ်လို့ ထင်တယ်။ distance အားဖြင့်လည်းပဲ ဝေးတဲ့ရုပ်ကို ဒူရခေါ်မယ်၊ နီးတဲ့ရုပ်ကို အာသန္နခေါ်မယ်၊ ဉာဏ်အားဝေးတဲ့ရုပ်ကို,

http://www.dhammadownload.com



အသိခက်တဲ့ရုပ်ကို ဒူရခေါ်မယ်၊ သိလွယ်တဲ့ရုပ်ကို အာသန္န–နီးတဲ့ရုပ်လို့ ခေါ်မယ်နော်၊ အဲဒီလိုမှတ်ပါ၊ အဲသလို ဒူရအာသန္နကွဲပြားသလား၊ ကွဲပြားရင် သူ့ကို ခန္ဓာဖွဲ့မယ်။

သိမ်မွေ့တာရှိတယ်၊ မသိမ်မွေ့တာရှိမယ်၊ နီးတာရှိတယ်၊ ဝေးတာရှိတယ်၊ သိလွယ်တာရှိတယ်၊ မသိလွယ်တာရှိမယ်၊ အဲသလို ၂–မျိုးကွဲရင်လည်း သူတို့ကို ခန္ဓာဖွဲ့မယ်။

ပြီးတော့ ဟီန ပဏီတတဲ့၊ ဟီနဆိုတာ ယုတ်ညံ့တာ၊ ပဏီတဆိုတာ မြတ်တာ၊ အဲသလို မြတ်တဲ့ရုပ်, ကောင်းတဲ့ရုပ် ညံ့တဲ့ရုပ် ကွဲပြားမှုရှိသလား၊ ဟီနပဏီတကွဲပြားမှုရှိသလား၊ ရှိရင် သူ့ကိုလည်း ခန္ဓာဖွဲ့မယ်။

ဩဠာရိက, သုခုမ၊ ဩဠာရိကဆိုတာ ကြမ်းတမ်းတာ, သိလွယ်တာ၊ သုခုမ ဆိုတာက သိမ်မွေ့တာ, အသိခက်တာ၊ သိနိုင်ခဲတယ်၊ အဲသလို ကွဲပြားမှုရှိရင်လည်း သူ့ကို ခန္ဓာဖွဲ့ရမယ်။

အဲသလို အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကွဲရင်လည်း ခန္ဓာဖွဲ့နိုင်မယ်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ကွဲရင်လည်းခန္ဓာဖွဲ့ရမယ်၊ ဒူရ, အသန္နကွဲရင်လည်း ဖွဲ့နိုင်တယ်၊ ဟီန ပဏီတကွဲရင်လဲ ခန္ဓာဖွဲ့နိုင်တယ်၊ ဩဠာရိက သုခမကွဲရင်လည်း ခန္ဓာဖွဲ့နိုင်တယ်။

ဒါကြောင့်မို့ ဝေဒနာဆိုတာဟာ စေတသိက် တစ်ခုထဲမဟုတ်လား၊ ဝေဒနာ စေတသိက် တစ်ခုထဲကို ဝေဒနာ အစုလို့ခေါ်တာ၊ သုခ ဒုက္ခဝေဒနာတွေများလို့ ခေါ်တာမဟုတ်ဘူး၊ သုခ ဝေဒနာတစ်ခုထဲကိုပဲ ဝေဒနက္ခန္ဓာလို့ခေါ်မှာ၊ ဒုက္ခဝေဒနာ တစ်ခုထဲကိုပဲ ဝေဒနက္ခန္ဓာလို့ ခေါ်မှာ။

ဒါကြောင့်မို့ တကယ့်တကယ် ပြောရရင် အတိတ်, အနာဂတ် ပစ္စုပ္ပန် စသည်ကွဲပြားမှုရှိ, မရှိ ကြည့်ပြီးတော့ ခန္ဓာဖွဲ့တာ၊ ဒါကြောင့် တစ်ခုတစ်ခု **individually** ခန္ဓာခေါ်လို့ရတယ်။

ရုပ် ၂၈–ပါးထဲက စက္ခုပသာဒ တစ်ခုထဲကို ခန္ဓာခေါ်လို့ရတယ်၊ သောတ ပသာဒတစ်ခုထဲကို ခန္ဓာခေါ်လို့ရတယ်၊ ဦးဇင်းတို့ ညဝါဆိုလို့ ခန္ဓာအာယတနဓာတ်, သစ္စာဖွဲ့တဲ့အခါကျတော့ အဲဒီအတိုင်း ဖွဲ့ဖွဲ့သွားရတယ်။

ကောင်းပြီ၊ ရူပက္ခန္ဓာဆိုတာ ဘာကိုခေါ်သလဲ၊ ရူပက္ခန္ဓာအရ တရားကိုယ် ဘာတွေကောက်ရသလဲ၊ ရုပ် အဋ္ဌဝီသ (အဋ္ဌဝီသဆိုတာ–၂၈) ရုပ် ၂၈–ခုသည် ရူပက္ခန္ဓာ၊ အဲဒါရုပ် ၂၈–ခုလုံးပေါင်းပြီးမှ မဟုတ်ဘူး၊ ခုနပြောသလို တစ်ခု တစ်ခုစီလည်း ရူပက္ခန္ဓာ။

ဝေဒနာက္ခန္ဓာဆိုတာ ဝေဒနာစေတသိက်, သညာက္ခန္ဓာဆိုတာ သညာ

http://www.dhammadownload.com



စေတသိက်, သင်္ခါရက္ခန္ဓာဆိုတာက ဝေဒနာသညာမှ ကြွင်းတဲ့စေတသိက်–၅၀။

အဲဒီစေတသိက်–၅၀ မှာ သင်္ခါရလို့ခေါ်တဲ့ စေတနာက ဦးစီးဦးဆောင် ဖြစ်တဲ့အတွက်ကြောင့် သူတို့ကို သင်္ခါရက္ခန္ဓာလို့ခေါ်တယ်၊ အမှန်တော့ သင်္ခါရဆိုတဲ့ စကားဟာ စေတနာရဲ့နာမည်၊ စေတနာကိုပဲ သင်္ခါရလို့ ခေါ်တယ်။

အဲဒီစေတနာ ဦးဆောင်တဲ့ စေတသိက်ဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကို သင်္ခါရက္ခန္ဓာ, သင်္ခါရအစုလို့ခေါ်တယ်။

ဝိညာဏက္ခန္ဓာဆိုတာ စိတ်တစ်ခုယုတ်–၉၀ သို့မဟုတ် အကျယ်–၁၂၁ ပါးပေါ့၊ စိတ် တစ်ခုယုတ်–၉၀ ကို ဝိညာဏက္ခန္ဓာလို့ခေါ်တယ်၊ ကောင်းပြီ ရုပ်ကို ရူပက္ခန္ဓာခေါ်တာလည်းပဲမကျေနပ်စရာ မရှိဘူး၊ စိတ်ကို ဝိညာဏက္ခန္ဓာခေါ်တာလည်း မကျေနပ်စရာမရှိဘူး။

စေတသိက်–၅၂ ခုကို ဘာကြောင့် ၃–မျိုးခွဲသလဲ၊ ဝေဒနာကို ခန္ဓာသီးခြား တစ်ခုဖွဲ့တယ်၊ သညာကို ခန္ဓာသီးခြား တစ်ခုဖွဲ့တယ်၊ ကျန်တဲ့–၅၀ ကျတော့မှ ခန္ဓာတစ်ခုဖွဲ့တယ်၊ မတရားသလိုကြီး ဖြစ်မနေဘူးလား၊ ဝေဒနာနဲ့ သညာကျတော့ ဦးစားပေးထားတယ်။

ဘာကြောင့် ဝေဒနာနဲ့ သညာကို ဦးစားပေးပြီး ခန္ဓာဖွဲ့ရတာလဲဆိုတော့ ဝေဒနာက ဝဋ်တရားမှာ သာယာဖို့ရန်အကြောင်းဖြစ်တယ်၊ ဝေဒနာခံစားမှုရှိပြီး တဲ့နောက်မှာ တဏှာက သာယာတာ၊ တဏှာက တွယ်တာတာ။

ပထမဝေဒနာနဲ့ခံစားတယ်၊ အထူးသဖြင့်တော့ ကောင်းတဲ့ ဝေဒနာကို ခံစားတယ်၊ မကောင်းတဲ့ဝေဒနာနဲ့ တွေ့ပြန်တော့လည်း ကောင်းတဲ့ ဝေဒနာကို တောင့်တတယ်ပေါ့လေ၊ အဲသလို ဝေဒနာက ခံစားမှုစွဲလမ်းမှုရဲ့အကြောင်းခံ ဖြစ်စေတယ်။

ဝေဒနာက အဲသလိုဖြစ်ပြီးတော့ သညာက အဲဒီဝေဒနာခံစားလို့ ကောင်းအောင် သူက ပြုပြင်စီမံပေးရတယ်၊ ထမင်းချည်းစားရင် မကောင်းဘော့ ဟင်းနဲ့စားရတယ်၊ အဲသလိုပဲ ဝေဒနာက ထမင်းနဲ့တူပြီးတော့ သညာကဟင်းနဲ့ တူလိမ့်မယ်။

သညာက အမှတ်အသား (ဦးဖင်းတို့ကို) လုပ်ပေးတဲ့အတိုင်း ဝေဒနာခံစားတာ၊ ဒါကြောင့်မို့ သညာနောက်လိုက်ပြီးတော့ ဝေဒနာကခံစားတာ၊ သညာက ဒါကောင်း တယ်ဟော့လို့ အမှတ်ခိုင်းထားရင် ကိုယ်က အကောင်းအဖြစ်ခံစားလိုက်တာပဲ၊ ဒါမကောင်းဘူးဟော့လို့ သညာက ပြောထားတော့ မကောင်းတဲ့ အနေနဲ့ ခံစားလိုက် တာပဲ၊ အဲဒါရှင်းရဲ့လား၊ ပုံရိုင်းရိုင်း ပြောရရင် ခွေးတွေအဖို့ မစင်ဟာ ကောင်းတယ်လို့

http://www.dhammadownload.com



ဣဋ္ဌာရုံအနေနဲ့ သူတို့က မှတ်သားမထားဘူးလား၊ မှတ်သား ထားတော့ အဲဒီသညာက ပြုပြင်ပေးထားတဲ့အတိုင်း သညာက စိမံပေးထားတဲ့အတိုင်း ဝေဒနာက ကောင်းတယ် ဆိုတဲ့ အနေနဲ့ ခံစားလိုက်တယ်။

လူသတ္တဝါကျတော့ (မစင်ကို) မကောင်းတဲ့အာရုံ အနိဋ္ဌာရုံဆိုတော့ မကောင်းတဲ့ အနေနဲ့ ခံစားလိုက်တယ်၊ အဲဒါ သညာကပြုပြင်ပေးတာ၊ အဲသလို သညာက စိမံပေးတယ်ဆိုပါတော့၊ (ဟင်းလိုပဲ)၊ ဝေဒနာက ခံစားပေးတယ်။

အဲဒီသညာက အပေါ်က ဆားဖြူးပေးသလို သညာက လုပ်ပေးတဲ့အတိုင်း ဝေဒနာ ခံစားပြီးတော့ တဏှာကစွဲလမ်းတာဖြစ်တဲ့အတွက်ကြောင့် ဝေဒနာနဲ့ သညာကို သီးခြားခန္ဓာဖွဲ့တယ်၊ ဝဋ်တရားအတွက် အရေးကြီးတယ်ပေါ့လေ။

မြတ်စွာဘုရားဟောတဲ့ တရားတွေဆိုတာ ဝဋ်တရားမှလွတ်မြောက်ဖို့ အရေး ထကြီးရည်ရွယ်ချက်နဲ့ဟောတာ၊ မြတ်စွာဘုရားဟောတဲ့ တရားတွေဆိုတာ ငါ သိတယ်၊ ငါတတ်တယ် ပြချင်လို့ဟောတာ မဟုတ်ဘူး၊ အမှန်တော့ ဒီတရားကို နာပြီးတော့ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ကြဖို့ ရည်ရွယ်ချက်နဲ့ မြတ်စွာဘုရားဟောတော် မူတယ်။

ဝဋ်တရားအနေနဲ့ကြည့်မယ်ဆိုရင် ဝေဒနာနဲ့ သညာဟာ အရေးကြီးတဲ့ တရားတွေ ဖြစ်တယ်၊ အဲဒါကြောင့်မို့ သူတို့ကို သီးခြားထုတ်ပြီးတော့ ဝေဒနာကို ဝေဒနာက္ခန္ဓာ၊ သညာကို သညာက္ခန္ဓာလို့ ဒီလိုခန္ဓာဖွဲ့တယ်၊ ပြီးတော့ကျန်တဲ့ စေတသိက်တွေကို အားလုံးပေါင်းပြီးတော့ သင်္ခါရက္ခန္ဓာလို့ ဒီလိုဖွဲ့လိုက်တယ်၊ ဒါကြောင့်မို့ ၅-ပါးဖြစ်သွားတယ်၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ဒါ ရှင်းပြီနော်။

ဥပါဒါနက္ခန္ဓာတဲ့၊ ဥပါဒါနက္ခန္ဓာကလည်း မထူးပါဘူး၊ ရူပနဲ့ ဥပါဒါနက္ခန္ဓာနဲ့ တွဲလိုက်ရင် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါ နက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာလို့ ဥပါဒါနက္ခန္ဓာ ၅-ပါးအပြားရှိတယ်။

ဥပါဒါနဆိုတာ ဥပါဒါန်, ဥပါဒါန်ကိုလေ့လာပြီးပြီလား၊ ဥပါဒါန် ဘယ်မှာ ပါခဲ့သလဲ၊ အကုသလသင်္ဂဟမှာ ပါခဲ့ပြီ၊ ဥပါဒါန် ၄-ပါးရှိတယ် မဟုတ်လား၊ အဲဒီဥပါဒါန်နဲ့ စွဲလမ်းလို့ရတဲ့ ခန္ဓာမျိုးကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ ရှင်းရှင်းပြောရ ရင်တော့ ဥပါဒါန်နဲ့ အာရုံပြုခံရတဲ့ ခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဥပါဒါန်ကဘာတွေတုန်း၊ ဥပါဒါန်ရဲ့ တရားကိုယ်က ဘာတွေလဲ ပြန်ကြည့်စမ်းပါဦး။

ဥပါဒါန်ရဲ့ တရားကိုယ်က လောဘနဲ့ ဒိဋ္ဌိ၊ ကောင်းပြီ, ပကိဏ်းပိုင်း

http://www.dhammadownload.com



ပြန်လိုက်စမ်း၊ အာရမ္မဏသင်္ဂဟ ပြန်ကြည့်လိုက်စမ်း၊ လောဘကဘာယ်အထိ အောင် အာရုံပြုနိုင်သလဲ၊ လောကီတရားအားလုံးကို အာရုံပြုနိုင်တယ်၊ လောဘက လောကုတ္တရာကို အာရုံမပြုနိုင်ဘူး၊ အကုသိုလ်စိတ်ကြည့်လိုက်၊ အကုသိုလ်စိတ်က ဘယ်ကို အာရုံပြုသလဲ၊ လောဘရဲ့ အာရုံပြုနိုင်ရာနယ်ပယ်က လောကီသာဖြစ်တယ်။

ဒါကြောင့်မို့ ဥပါဒါနက္ခန္ဓာလို့ပြောရင် လောကီတရားထဲမှာပဲ ကောက်ရ လိမ့်မယ်၊ လောကုတ္တရာထဲကောက်လို့ မရဘူး။

ကောင်းပြီ ရူပုပါဒါနက္ခန္ဓာတဲ့၊ ဥပါဒါန်ရဲ့ အာရုံဖြစ်တဲ့ ခန္ဓာ၊ ရူပက္ခန္ဓာဆိုတာ ဘာတုန်း၊ ရုပ် ၂၈–ပါးလုံးပဲ၊ မထူးဘူး၊ ရူပက္ခန္ဓာဆိုလည်း ရုပ် ၂၈–ပါးလုံးပဲ၊ ရူပုပါဒါနက္ခန္ဓာဆိုရင်လည်းရုပ် ၂၈–ပါးပဲ။

ဒီရုပ် ၂၈–ပါးကိုလောဘနဲ့ အာရုံပြုလို့ရတယ်၊ တွယ်တာလို့ရတယ်၊ ဒိဋ္ဌိနဲ့ အယူမှားလုပ် လို့ရတယ်၊ ရူပုပါဒါနက္ခန္ဓာတဲ့။

ဝေဒနုပါဒါနက္ခန္ဓာတဲ့၊ ဝေဒနာစေတသိက်ပဲ၊ သေသေချာချာ ပြောမယ်ဆို ရင်တော့ အဲဒီဝေဒနာစေတသိက်က လောကီဝေဒနာစေတသိက်ပဲ၊ လောကီစိတ်နဲ့ ယှဉ်တဲ့ဝေဒနာ စေတသိက်ပဲ ဖြစ်ရမယ်၊ လောကုတ္တရာစိတ်နဲ့ယှဉ်တဲ့ ဝေဒနာ စေတသိက်ကို မကောက်ဘူး၊ ဒါလေးကွာသွားတာ၊ လောကီနဲ့ လောကုတ္တရာ ကွာသွားတာ။

သညုပါဒါနက္ခန္ဓာဆိုရင် သညာစေတသိက်၊ ထို့အတူပဲ လောကီစိတ်မှာယှဉ်တဲ့ သညာစေတသိက်။

သင်္ခါရုပါဒါနက္ခန္ဓာ၊ ထို့အတူပဲ၊ လောကီမှာယှဉ်တဲ့ စေတသိက် ၅၀။

ဝိညာဏုပါဒါနက္ခန္ဓာ၊ ဘာကောက်မလဲ၊ လောကုတ္တရာစိတ် ချန်ရမယ်၊ လောကီစိတ် ၈၁–ကိုသာ ကောက်ရမယ်၊ အဲဒါနည်းနည်းလေး ထူးတယ်။

ရူပက္ခန္ဓာဆိုရင် ရုပ်–၂၈ ခု၊ ရူပုပါဒါနက္ခန္ဓာဆိုရင် ရုပ်–၂၈ ခု၊ ဒါကတော့ အတူတူပဲ၊ ရုပ်မှန်ရင် ဥပါဒါန်ရဲ့ အာရုံမဟုတ်တာလို့ မရှိဘူး။

ဝေဒနက္ခန္ဓာဆိုရင် စိတ်တစ်ခုယုတ်–၉၀ မှာ ယှဉ်တဲ့စေတသိက်၊ သူကတော့ သာမညကောက်ရတယ်၊ ဝေဒနုပါဒါနက္ခန္ဓာဆိုရင် လောကီစိတ်မှာယှဉ်တဲ့ ဝေဒနာ စေတသိက်။

သညက္ခန္ဓာဆိုရင် စိတ်အားလုံးမှာယှဉ်တဲ့ သညာစေတသိက်, သညုပါဒါ နက္ခန္ဓာဆိုရင် လောကီစိတ်မှာ ယှဉ်တဲ့သညာစေတသိက်။

သင်္ခါရက္ခန္ဓာဆိုရင် စိတ်အားလုံးမှာယှဉ်တဲ့ စေတသိက်–၅၀၊ သင်္ခါရုပါဒါ

http://www.dhammadownload.com



နက္ခန္ဓာဆိုရင် လောကီစိတ်မှာ ယှဉ်တဲ့စေတသိက်–၅၀။

ဝိညာနက္ခန္ဓာဆိုရင် စိတ်တစ်ခုယုတ်–၉၀၊ ဝိညာဏုပါဒါနက္ခန္ဓာဆိုရင် လောကီစိတ်–၈၁၊ အဲသလောက်လေးပဲထူးတယ်၊ သိပ်မထူးပါဘူး။

အဲဒီတော့ ဥပါဒါနက္ခန္ဓာဆိုတဲ့ စကားလုံးကိုတော့ ကောင်းကောင်း နားလည်အောင်လုပ်ထားရမယ်၊ တရားထိုင်တဲ့အခါ, တရားအားထုတ်တဲ့အခါ, တရားစကားပြောတဲ့အခါ ဥပါဒါနက္ခန္ဓာဆိုတဲ့စကား ခဏခဏ ပြောရတယ်၊ ဥပါဒါန်တွေရဲ့ အာရုံဖြစ်တဲ့ ခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ တရားကိုယ်က လောကီစိတ်မှာ ကောက်ပေတော့။

လောကုတ္တရာစိတ် ၈–ခုနဲ့ အဲဒီမှာယှဉ်တဲ့ စေတသိက်ဟာ ခန္ဓာသာမည်တယ်၊ ဥပါဒါနက္ခန္ဓာ မမည်ဘူးပေါ့။

ဘာကြောင့် ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာ ၂–မျိုးခွဲပြီး ဘုရားက ဟောရတာတုန်း၊ ခန္ဓာထဲမှာ ဥပါဒါနက္ခန္ဓာ အကုန်လုံးပါမသွားဘူးလား၊ ပါနေတာပဲ၊ ခန္ဓာက အရာကျယ်တယ်၊ ဥပါဒါနက္ခန္ဓာက အရာကျဉ်းတယ် မဟုတ်ဘူးလား။

ဆိုပါတော့၊ ဝေဒနက္ခန္ဓာဆိုရင် စိတ်–၈၉ မှာ အကုန်လုံးယှဉ်တဲ့ဝေဒနာ၊ ဝေဒနုပါဒါနက္ခန္ဓာဆိုရင် လောကီစိတ်မှာယှဉ်တဲ့ ဝေဒနာဆိုတော့ ဥပါဒါနက္ခန္ဓာဟာ ခန္ဓာထဲပါပြီးသားပဲ၊ ဘာကြောင့် ၂–ခုခွဲဟောရတာတုန်း။

ခန္ဓာကတော့ လောကီလောကုတ္တရာ အကုန်လုံးပေါင်းပြီးတော့ ခန္ဓာအနေနဲ့ ပြချင်လို့ မြတ်စွာဘုရားက ခန္ဓာဒေသနာကို ဟောတော်မူတယ်၊ အဲဒါကြောင့် ခန္ဓာမှာဆိုရင်တော့ လောကီလောကုတ္တရာအကုန်လုံး ကောက်ရမယ်။

ဥပါဒါနက္ခန္ဓာကို ဘာကြောင့်ဟောရတာလဲဆိုတော့၊ ဝိပဿနာထိုင်တဲ့အခါမှာ ဝိပဿနာပုဂ္ဂိုလ်တွေ ဝိပဿနာရှုဖို့ လောကီတရား သက်သက်ကို ဟောချင်လို့ ဥပါဒါနက္ခန္ဓာကိုဟောတာ။

အဲဒီတော့ ဝိပဿနာထိုင်ရင် ဘာကိုရှုရသလဲဆိုတော့ "ဝိပဿနာ, ဉာဏ်ဆိုတာ,ဘယ်ဟာရှုရာဖြစ်သနည်း"လို့ မဟာစည် ဆရာတော်ကြီးရေးတဲ့ အမေးရှိတယ်၊ စွဲလန်းနိုင်ရာ, ငါးခန္ဓာတဲ့၊ ငါးခန္ဓာဆိုတာ ဥပါဒါနက္ခန္ဓာကိုပြောတာ၊ ဥပါဒါနက္ခန္ဓာ ၅–ပါးကိုရှုရတယ်၊ လောကုတ္တရာခန္ဓာကို မရှုရဘူး၊ လောကုတ္တရာစိတ်ကို ဝိပဿနာ ရှုလို့မရဘူး၊ ဘာကြောင့်တုန်းဆိုတော့ ကိုယ်ကိုယ်တိုင်ကရကိုမရဘူးသေးလို့၊ နိဗ္ဗာန်ဆိုတာလည်း ဝိပဿနာရှုစရာအာရုံမဟုတ်ဘူး။

ဒါကြောင့်မို့ ဝိပဿနာရှုစရာအာရုံအနေနဲ့ ဖော်ပြချင်လို့ ဥပါဒါနက္ခန္ဓာကို

http://www.dhammadownload.com



မြတ်စွာဘုရားက ဟောတော်မူတာ။

အဲဒီအခါမှာ ဝိပဿနာရဲ့ အာရုံဆိုတာဟာ လောကီတရားသာ ဖြစ်တယ်၊ လောကုတ္တရာမဖြစ်ဘူး၊ ဒါကြောင့်မို့ ဥပါဒါနက္ခန္ဓာ အရကောက်ရင် လောကီတွေပဲ ကောက်ရတယ်။

ဒါဟာ သဘာဝကျကျ စဉ်းစားကြည့်ရင် ခုနက ပြောသလို လောဘနဲ့ဒိဋ္ဌိရဲ့ အာရုံဖြစ်နိုင်တဲ့ တရားဆိုရင် လောကီတရားပဲရှိတယ်၊ လောကုတ္တရာတရားမှာ လောဘဒိဋ္ဌိရဲ့ အာရုံဖြစ်နိုင်တဲ့တရားမရှိဘူး၊ ရဲရဲပူနေတဲ့ သံတွေခဲကြီးမှာ ယင်ကောင် မအုံဝံ့သလို လောဘဒိဋ္ဌိတွေရော၊ အခြားကုသိုလ်တွေရော နီဗ္ဗာန်ကျတော့ အာရုံ မပြုနိုင်ဘူး၊ လောကုတ္တရာကျတော့ အာရုံမပြုနိုင်ဘူး၊ဒါကြောင့်မို့ ဥပါဒါနက္ခန္ဓာကို ခွဲ၍ ဟောပါသည်။

ဒါကြောင့်မို့ တရားထိုင်နေတဲ့သူ၊ တရားဝါသနာပါသူတွေအနေနဲ့ ဥပါဒါ နက္ခန္ဓာကို သိကိုသိရမယ်။

ကောင်းပြီ၊ လက်တွေ့အားဖြင့် ပြောကြစို့၊ ဥပါဒါနက္ခန္ဓာ ၅-ပါးဆိုတာ ဘာတွေလဲ၊ အခုပြောနေတာက စာစကားနဲ့ ပြောနေတာ၊ လူစိမ်းတစ်ယောက်က လာပြီး တရားထိုင်တယ်၊ မင်းဥပါဒါနက္ခန္ဓာကို ရှုဟော့ဆိုရင် အဲဒီလူ နားလည်ပါ့ မလား၊ အဲဒီတော့ ဥပါဒါနက္ခန္ဓာဆိုတာ အမှန်ကတော့ နားမလည်ဘူး။

ဥပါဒါနက္ခန္ဓာ ၅-ပါးဆိုတာ အကုန်လုံးပဲ၊ ပစ္စုပ္ပန်အခိုက်အတံ့မှာ ထင်ရှားတာ မှန်သမျှ ဥပါဒါနက္ခန္ဓာပဲ၊ အဲဒီတော့ ဥပါဒါနက္ခန္ဓာ ၅-ပါးရှုရမယ်ဆိုတာ ပစ္စုပ္ပန် အခိုက်အတံ့မှာ ထင်ရှားတာ၊ မြင်စရာ ကြားစရာ၊ နံစရာ စသည် အားလုံးဟာ ဥပါဒါနက္ခန္ဓာပဲ။

ဒါကြောင့် စာစကားနဲ့ ပြောမယ်ဆိုရင်တော့ ဥပါဒါနက္ခန္ဓာ ၅-ပါးကို ရှု၊ ရိုးရိုးစကားနဲ့ ပြောမယ်ဆိုရင် တွေ့ကြုံသမျှ အားလုံး ပစ္စုပ္ပန် အခိုက်အတံ့မှာ ထင်ရှားတဲ့ အာရုံမှန်သမျှဟာ ဥပါဒါနက္ခန္ဓာပဲ။

တစ်ခါတလေ ရုပ်ရှုမိမယ်၊ တစ်ခါတလေ ဝေဒနာကိုရှုမိမယ်၊ တစ်ခါတလေ သညာကို ရှုချင်ရှုမိမယ်၊ တစ်ခါတလေ စိတ်ကို ရှုချင်ရှုမိမယ် စသည်ဖြင့်ပေါ့၊ အဲသလိုအမျိုးမျိုး ရှုမိတယ်၊ တစ်ခါတလေ သင်္ခါရက္ခန္ဓာ ရှုမိတဲ့အခါရှိတယ်၊ လောဘရှုမိတဲ့အခါရှိတယ်၊ ဒေါသရှုမိတဲ့အခါ မရှိဘူးလား၊ အဲဒီအခါကျတော့ သင်္ခါရုပါဒါနက္ခန္ဓာကို ရှုနေတာပေါ့၊ ဝေဒနာရှုတာမရှိဘူးလား ရှိတာပေါ့၊ အဲဒါကျတော့ ဝေဒနုပါဒါနက္ခန္ဓာကို ရှုနေတာပေါ့။

http://www.dhammadownload.com



သညုပါဒါနက္ခန္ဓာကို ရှုတာကတော့ နည်းလိမ့်မယ်၊ မှတ်သားတဲ့ဟာကျတော့ ရုတ်တရက် အာရုံပြုချင်မှ ပြုမိမယ်။

စိတ်ကိုရှုပြီတဲ့၊ စိတ်ပြေးတယ်, ပြေးတယ် ရှုတယ်၊ ဒါဆိုရင် ဝိညာဏုပါဒါနက္ခန္ဓာရှုတာပေါ့၊ အဲဒီလို ဝိပဿနာရှုဖို့ လောကီတရားသက်သက်ကို ကွက်ပြီး ဟောချင်တဲ့အတွက်ကြောင့်မို့ ဥပါဒါနက္ခန္ဓာ ဒေသနာကို မြတ်စွာဘုရား ဟောတော်မူတယ်။

ဒါကြောင့်မို့ ဥပါဒါနက္ခန္ဓာကိုသာ ဝိပဿနာရှုရသည်၊ ဒါကို သေသေချာချာ မှတ်ထားရမယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ဘာပြောချင်တာရှိလဲဆိုတော့ "သဗ္ဗေသင်္ခါရာ အနိစ္စာတိ ယဒါပညာယပဿတိ, သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ, ယဒါပညာယပဿတိ, သဗ္ဗေဓမ္မာ အနတ္တာတိ ယဒါပညာယပဿတိ" ဆိုပြီး ဓမ္မပဒမှာ ဂါထာ ၃-ပုဒ် ရှိတယ်။

သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သင်္ခါရတရားမှန်သမျှ အနိစ္စပဲ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သင်္ခါရတရားမှန်သမျှ ဆင်းရဲချည်းပဲ၊ သဗ္ဗေသင်္ခါရာအနတ္တာ၊ အလုံးစုံသော တရားမှန်သမျှ အနတ္တချည်းပဲလို့ဟောတဲ့ နေရာမှာ ဝိပဿနာနဲ့ ပတ်သက်တဲ့နေရာ မဟုတ်ပဲနဲ့၊ ရိုးရိုး statement အနေနဲ့ ဟောတာဖြစ်ရင် သဗ္ဗေ သင်္ခါရာ အနိစ္စာ အရ ခန္ဓာ ၅-ပါးကို ယူရတယ်၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ အရ ခန္ဓာ ၅-ပါးကို ယူရတယ်၊ သဗ္ဗေ ဓမ္မာ အနတ္တာ အရ ခန္ဓာငါးပါးရော၊ နိဗ္ဗာန်ရောယူရတယ်။

နိဗ္ဗာန်ဟာ အတ္တ မဟုတ်ဘူးနော်၊ နိဗ္ဗာန်ဟာ နိစ္စ၊ သုခ၊ ဒါပေမယ်လို့ အတ္တမဟုတ်ဘူး၊ အနတ္တပဲ၊ အဲသလို ယူရတယ်။

ဒါပေမယ်လို့ ဓမ္မပဒမှာကျတော့ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ, သဗ္ဗေ ဓမ္မာ အနတ္တာတိ, ယဒါပညာယပဿတိ, အထနိဗ္ဗိန္ဒတိဒုက္ခေ"လို့ အဲသလို ဆက်ဟောတယ်။

နိဗ္ဗိဒါဉာဏ်ဖြစ်တယ်၊ ဆင်းရဲတရားမှ ငြီးငွေ့တယ်ဆိုတာ ဝိပဿနာရှုမှ ဖြစ်တာ၊ ဒါကြောင့် အဲဒီဂါထာမှာကျတော့ ဝိပဿနာကို ဆိုလိုတယ်။

ဝိပဿနာနဲ့ ပတ်သက်ပြီး ဟောနေတာဖြစ်တဲ့အတွက်ကြောင့်မို့ အဋ္ဌကထာ ဆရာက ဒီနေရာမှာ သဗ္ဗေ ဓမ္မာအရ ခန္ဓာ ၅-ပါးပဲလို့ ဖွင့်တယ်၊ ဝိပဿနာကို ရည်ရွယ်ပြီးဖွင့်တာပဲဆိုတာကိုမသိရင် အဋ္ဌကထာဆရာကို မှားတယ်လို့ ပြောမိတတ်တယ်၊ ဒါလေး သတိပေးချင်တယ်။

http://www.dhammadownload.com



သိရိလင်္ကာဆရာတော်ဦးနာရဒက အဲသလိုသူက မှားတယ်လို့လည်း တိုက်ရိုက် မပြောဝံ့ဘူး၊ ဒါပေမယ်လို့ သူမကြိုက်ဘူး သဘောမျိုးမှတ်ချက်လေး ရေးထားတယ်၊ သဗ္ဗေဓမ္မာအနတ္တာအရ နိဗ္ဗာနဟာ အနတ္တပဲ၊ နိဗ္ဗာန်ပါပါရမယ်နဲ့ သူ့ရဲ့ ဓမ္မပဒမှာ ရေးတယ်၊ ဒါကြောင်မို့ သူလွဲတယ်။

ဓမ္မပဒက ဟောတာမျိုးမဟုတ်ပဲနဲ့ ရိုးရိုး statement အနေနဲ့ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ လို့ဟောတဲ့ နေရာမျိုးမှာဆိုရင် သဗ္ဗေ ဓမ္မာ အရ နိဗ္ဗာန်ပါထည့်ယူရမယ်။

ဒါပေမယ့် ဝိပဿနာအရာမှာ ဟောတာကျတော့ ဝိပဿနာနဲ့ ညှိပြီးတော့ ရှုရမယ်၊ ဝိပဿနာနဲ့ ကိုက်အောင်ယူရမယ်၊ ဝိပဿနာအရာမှာ နိဗ္ဗာန်ကို ဝိပဿနာရှုတယ်လို့ ဘယ်တော့မှ မရှိဘူး၊ လောကုတ္တရာ တရားကို ဝိပဿနာ ရှုတယ်လို့ ဘယ်တော့မှ မရှိဘူး၊ ဒါကြောင့်မို့ သဗ္ဗေဓမ္မာလို့ ဟောထားပေမယ့်လည်း ဓမ္မပဒဂါထာမှာကျတော့ ခန္ဓာငါးပါးကိုပဲယူရတယ်၊ နိဗ္ဗာန်ကို မယူရဘူး၊ ဒါလေး နားလည်ထားဖို့ကောင်းတယ်။

တော်တော်ကြာ အဲဒီ အရှင်နာရဒရေးတဲ့ ဓမ္မပဒ သွားဖတ်မိရင် သူ့မှတ်ချက် လေးတွေ့ရင် သူ့ဘက်ပါသွားမှာစိုးလို့ သတိပေးတာ။

အာယတန ၁၂-ပါးတဲ့၊ အာယတနရဲ့အဓိပ္ပါယ်က ဘာတဲ့တုန်း၊ ပေးထားတဲ့ စာရွက်ထဲမှာ အာယတနရဲ့ အဓိပ္ပါယ်က "ရှည်လျားလှစွာသော ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အာယတန မည်၏"တဲ့။

အာယတနဆိုတဲ့ ပုဒ်ရဲ့အနက်က အမျိုးမျိုးရှိတယ်နော်၊ အကြောင်းဆိုတဲ့ အနက်လည်းရှိတယ်၊ တည်ရာဆိုတဲ့ အနက်လည်းရှိတယ်၊ တည်ရာနေရာ အခုလို နတ်ကွန်းတို့ ဘာတို့ဆိုတဲ့နေရာမှာ တည်ရာနေရာ ဝတ်မျိုးပေါ့၊ အဲသလိုလဲပဲ ရှိတယ်၊ အမျိုးမျိုး အကုန်လုံးရတယ်၊ သံသရာကို ဝဋ်ဆင်းရဲကို ဖြစ်စေတတ် တယ်ဆိုတာလည်း ရတယ်၊ အမျိုးမျိုးဖွင့်ကြတယ်၊ စိတ်ဖြစ်ပေါ်ဖို့ရာအကြောင်း စိတ် စေတသိက် ဖြစ်ပေါ်ဖို့ရာအကြောင်း ဒီလိုလဲဆိုလို့ရတယ်။

အာယတန ၁၂-ပါးရှိတယ်၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန ဒီ ၆-ခုက တစ်စု။

ပြီးတော့ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာ ယတန, ဓမ္မာယတန, သူက တစ်စု, နှစ်ခုရှိတယ်၊ အားလုံးပေါင်းလိုက်ရင် အာယတန ၁၂-ပါး။

http://www.dhammadownload.com



ကောင်းပြီ, စက္ခာယတနဆိုတာ ဘာတုန်း၊ ဘယ်သူ့ကို ဆိုလိုတာတုန်း စက္ခာယတနရဲ့ တရားကိုယ်က ဘာတုန်း၊ စက္ခုပြသာဒရုပ်တဲ့။

ရုပ် ၂၈-ပါးထဲမှာ စက္ခုပြသာဒရုပ်ကို စက္ခာယတန၊ သောတာပသာဒရုပ်ကို သောတာယတန, ဃာနပသာဒရုပ်ကို ဃာနာယတန, ဇိဝှါပသာဒရုပ်ကို ဇိဝှါယတန, ကာယပသာဒရုပ်ကို ကာယာယတန, စိတ်တစ်ခုယုတ် ကိုးဆယ်ကို မနာယတနလို့ ခေါ်တယ်, သူတို့က အတွင်း အာယတန ၆-ပါး, (အဇ္ဈတ္တ မဟိဒ္ဓကွဲတာကို တွေ့လိမ့်မယ်)

အပြင် အာယာတန ၆-ပါးက ရူပါယတနဆိုတာ ရူပါရုံကိုခေါ်တာ၊ ဒါလည်း ရုပ် ၂၈ပါးထဲကပဲ,၊ သဒ္ဒါယတနကို သဒ္ဒါရုံ, ဂန္ဓာယတနကို ဂန္ဓာရုံ ရသာယတနကို ရသာရုံ, ဖောဋ္ဌဗ္ဗာယတနဆိုတာ ပထဝီ, တေဇော, ဝါယောဆိုတဲ့ ဘုတ်ကြီး ၃-ပါး, ဒီထဲမှာ အာပေါမပါဘူးနော်၊ အဲဒါကို သတိရကြလား၊ ဖောဋ္ဌဗ္ဗာရုံဆိုရင် အာပေါမပါဘူး။

ပြီးတော့ စေတသိက်-၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန်အားလုံး ပေါင်းတော့ - ၆၉၊ ဒီ-၆၉ ပါးကို ဓမ္မာယတနလို့ ခေါ်တယ်။

အဲဒါကြောင့် ဒီပုဒ်တွေကို အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ခက်တာ၊ ဓမ္မာယတနကိုပြန်ဖို့ အများကြီး ခက်တယ်၊ ဒီနေရာမှာ ဓမ္မဆိုတဲ့ပုဒ်ကို ဘာသာပြန်ဖို့ခက်တယ်၊ တချို့ကလည်း mental တို့ ဘာတို့ လျှောက်ပြန်သွားတယ်၊ ဒီအဓိပ္ပါယ်ဟာ အားလုံးမခြုံမိဘူး၊ ဓမ္မဟာဒီနေရာမှာ ဓမ္မအတိုင်းပဲထားရမှာ၊ ပြောင်းလို့ မရဘူး။

ဓမ္မာယတနဆိုတာ, စေတသိက်, သုခုမရုပ်, နိဗ္ဗာန်, သူတို့ကို ဓမ္မာယတန ခေါ်တယ်, အဲဒီတော့ ပထမ ၆-ခုကအတွင်း၊ နောက် ၆-ခုကအပြင်။

အပြင်ဆိုပေမယ်လို့ အမှန်ကတော့ ကိုယ့်သန္တာန်မှာကော ရှိတာပါပဲ၊ ဒါပေမယ်လို့ ပိုပြီးတော့ ခန္ဓာကိုယ်ကို ကျေးဇူးများတာကို အတွင်းလို့ ခေါ်တာပဲ၊ ရုပ်ပိုင်းတုန်းက ဒီအကြောင်းအရာကို ပြောခဲ့ပြီနော်။

ဒါကြောင့်မို့ ပထမ ၆-ခုကို အဇ္ဈတ္တိကာယတန, နောက် ၆ ခု (အပ အာယာတန)ကို ဗာဟိရာယတန။

သူ့ဟာနဲ့သူ ဟပ်ထားရင် စက္ခာယတနနဲ့ ရူပါရုံ, သောတာယတနနဲ့ သဒ္ဒါရုံနဲ့ စသည်ဖြင့် ဒီလို ဟပ်ထားရမယ်။

ဓာတ် ၁၈-ပါးတဲ့၊ ဓာတ်ဆိုတာဘာလဲဆိုရင် မိမိရဲ့သဘောအတိုင်း

http://www.dhammadownload.com



ဖြစ်နေတဲ့ တရားမျိုးကို ဓာတ်လို့ခေါ်တယ်၊ ပါဠိလိုတိုက်ရိုက်ပြောရင် မိမိရဲ့ ပင်ကိုယ်သဘောကို ဆောင်တတ်တယ်လို့ အဓိပ္ပါယ်ရတယ်။

မိမိရဲ့ ပင်ကိုယ်သဘောဆောင်တတ်တယ်ဆိုတာ မိမိရဲ့ ပင်ကိုယ်သဘော အတိုင်းဖြစ်တယ်၊ အခြားသဘောကို ပြောင်းလွဲမသွားတတ်ဘူး၊ အဲဒီလို တရားမျိုးကို ဓာတုလို့ ပါဠိလိုခေါ်တယ်။

ဓာတ်ဆိုရင် အာရုံကိုသိခြင်း လက္ခဏာသဘောရှိတယ်၊ ဒီသဘောမှဖောက်ပြန် မသွားဘူး၊ ဒီသဘောကို ထိန်းသိမ်းထားတယ်, ဆောင်ထားတယ်, ဒီသဘောအတိုင်း ဖြစ်တယ်၊ သူ့ကိုဓာတ်လို့ခေါ်တယ်၊ ထို့အတူပဲ တခြားဓာတ်တွေလည်း ဒီအတိုင်းပဲ သွားလိမ့်မယ်၊ အဲဒါကြောင့်မို့ သူတို့ကို ဓာတုလို့ ဒီနေရာမှာ ခေါ်တယ်။

ဓာတုဆိုတာ မိမိရဲ့သဘောကိုဆောင်ထားတတ်တယ်၊ မိမိရဲ့သဘောအတိုင်း ဖြစ်တယ်၊ မိမိသဘောမှ ရွေ့လျောပြီးတော့ အခြားသဘောနဲ့ဖြစ်တာမဟုတ်ဘူး၊ အဲဒီလို ဖြစ်တတ်တဲ့တရားမျိုးကို ဓာတုလို့ခေါ်တယ်။

သဗ္ဗသင်္ဂဟမှာ ဓာတုလို့ ပြောလိုက်ရင် ဒီ ၁၈–ပါးကို ဆိုလိုတယ်၊ တခြား နေရာမှာတော့ ဓာတုဟာ တခြားတရားတွေကိုလည်း ဟောနိုင်တာပဲ။

အဲဒီတော့ ဓာတ် ၁၈–ပါး ဘယ်လိုကွဲပြားသွားသလဲ, အာယတန ၁၂– ပါးနဲ့ ဓာတ် ၁၈–ပါးနဲ့ ပြန်ဟပ်ရဦးမှာ၊ သို့သော် ဓာတ် ၁၈–ပါး သရုပ် အရေ အတွက် လုပ်ကြည့်လိုက်ကြဦးစို့။

ဓာတ်ကို ၃–မျိုး ခွဲထားတယ်၊ အခံဓာတ်, အတိုက်ဓာတ်, အပွင့်ဓာတ် ဒီ ၃–ခုကိုလည်း တွဲရမယ်နော်။

စက္ခုဓာတ်ဆိုရင် တရားကိုယ် ဘာကောက်ရမလဲ၊ စက္ခာယတန အတိုင်းပဲ ကောက်ပေတော့၊ စက္ခုပသာဒဓာတ်, သောတပသာဒဓာတ်, ဃာနပသာဒဓာတ်, ဇိဝှါပသာဒဓာတ်။

မနောဓာတ်ကျတော့ စိတ်တစ်ခုယုတ်ကိုးဆယ် မဟုတ်တော့ဘူး၊ မနောဓာတ် မှတ်မိကြလား၊ ပကိဏ်းပိုင်းပြန်ကြည့်၊ မနောဓာတ်က ၃–ခုပဲရှိတယ်၊ ပဉ္စဒွါရ ဝဇ္ဇန်းရယ်, သမ္ပဋိစ္ဆိုင်း ၂–ခုရယ်, ဒီ ၃–ခုကို မနောဓာတ်လို့ခေါ်တယ်။

ဘာကြောင့်လဲဆိုတော့ ဟိုဘက်ဝိညာဏဓာတ်ထဲမှာ စိတ်တွေကပါသွားမှာ ဒါကြောင့်မို့ မနောဓာတ်အရ ဘာကိုယူရမလဲဆိုရင် ပဉ္စဒွါရဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ၂– ခု။

ကောင်းပြီ, အပွင့်ဓာတ်ကြည့်လိုက်ကြရအောင်၊ စက္ခုဝိညာဏဓာတ်,

http://www.dhammadownload.com



စက္ခုဝိညာဏ် ၂–ခုပေါ့, သောတဝိညာဏဓာတ်, သောတဝိညာဏ် ၂–ခု, ဃာန ဝိညာဏဓာတ်, ဃာနဝိညာဏ် ၂–ခု၊ ဇိဝှါဝိညာဏဓာတ် ဇိဝှါဝိညာဏ် ၂–ခု၊ ကာယဝိညာဏ်ဓာတ်, ကာယ ဝိညာဏ် ၂–ခု။

မနောဝိညာဏဓာတ်, စိတ် ၈၉–ထဲက စက္ခုဝိညာဏ်စတဲ့ ၁၀–ခုရယ်၊ မနောဓာတ် ၃–ခုရယ်၊ ၁၃–နှုတ်လိုက် ၇၆–ကျန်တယ်၊ ကျန်တဲ့စိတ် ၇၆–ကို မနောဝိညာဏဓာတ်လို့ ခေါ်တယ်၊ ကောက်တတ်ပြီနော်။

အဲဒီတော့ မနောဓာတ် မနောဝိညာဏဓာတ် ခွဲကောက်တတ်ရမယ်၊ မနော ဓာတ်ဆိုရင် ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း–၂ ခု၊ မနောဝိညာဏဓာတ်ဆိုရင် အဲဒီ မနောဓာတ် ၃–ခုရယ်, ဒွေးပဉ္စ ဝိညာဏ် ၁၀–ရယ်၊ အဲဒါတွေမှ ကျန်တဲ့စိတ်– ၇၆။

ဒါဖြင့် အကုသိုလ်စိတ်–၁၂ ခု, ဘယ်ဓာတ်ထဲသွားမလဲ၊ မနောဓာတ်လား၊ မနောဝိညာဏဓာတ်လား၊ ပဉ္စဝိညာဏဓာတ်လား။

အကုသိုလ်စိတ် ၁၂–ခုက မနောဝိညာဓာတ်ထဲပါတာပေါ့၊ မဟာကုသိုလ်စိတ် ၈–ခုဆိုရင် မနောဝိညာဏဓာတ်ထဲပါတယ် စသည်ဖြင့် သွားရော။

အဲဒီတော့ အခံဓာတ်, အပွင့်ဓာတ်, အတိုက်ဓာတ်ဟာ အမှန်ပဲ၊ စက္ခုဓာတ်က အခံဓာတ်, အတိုက်ဓာတ်ကရူပါရုံ၊ စက္ခုပသာဒသို့ ရူပါရုံကလာပြီးတော့ တိုက်လိုက်တဲ့ အခါမှာ စက္ခုဝိညာဏ်ပွင့်ပြီး အပွင့်ဓာတ် ဖြစ်ပေါ်လာတယ်၊ ဒါကို မြတ်စွာဘုရား ဟောထားတာက "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ, စက္ခုဝိညာဏံတဲ့။

စက္ခုပသာဒကိုလည်းကောင်း, ရူပါရုံကိုလည်းကောင်းအစွဲပြုပြီးတော့ စက္ခု ဝိညာဏ်ဖြစ်ပေါ်လာတယ်၊ ဒါကြောင့်မို့ စိတ်ဘာကြောင့် ဖြစ်သလဲမေးရင် အတိုက်နဲ့ အခံနဲ့ ဒီနှစ်ခုတွေ့လို့ ဖြစ်ပေါ်တာ။

အဲဒီတော့ စက္ခုဝိညာဏ်စိတ်ဟာ အမှန်တော့ ဝိပါက်စိတ် မဟုတ်ဘူးလား၊ ကံကြောင့် ဖြစ်တာပဲ၊ ကံကြောင့် ဖြစ်တယ်ဆိုပေမယ်လို့ ဒီ condition နှစ်ခု ကလည်း ရှိရဦးမယ်။

ဒီ condition နှစ်ခု မရှိရင်ကံက ဘယ်လောက်ပဲ အားကောင်းကောင်း မဖြစ်ဘူး၊ အဲဒါကြောင့်မို့ ကံကြောင့်ဖြစ်တာလည်းမှန်တယ်၊ သို့သော် ကံကတော့ efficient cause ဖြစ်စေတတ်တဲ့အကြောင်း။

ဒါပေမယ်လို့ ဖြစ်စေတတ်တဲ့ အကြောင်းရှိရုံနဲ့ မပြီးသေးဘူး၊ အကူအညီ အထောက်အပံ့အကြောင်းဆိုတဲ့ စက္ခုပသာဒနဲ့ ရူပါရုံကလည်း ရှိရဦးမယ်၊ အဲဒီလို

http://www.dhammadownload.com



စက္ခုပသာဒနဲ့ ရူပါရုံ တွေ့လိုက်တဲ့ အခါမှာ စက္ခုဝိညာဏ် ဆိုတာ ထဖြစ်တယ်။

အဲဒီတော့ စက္ခုဝိညာဏ်ဟာ ဘယ်မှာပုန်းအောင်းနေသလဲ ဒီလိုပြောလို့ ဘယ်လိုမှ မရဘူး၊ ဒီနှစ်ခုတွေ့တဲ့အခါမှာ ထဖြစ်တာပဲ၊ ဖဿလည်း ဒီ ၃-ခုတွေ့တဲ့ အခါမှာ ဖဿဖြစ်တာ၊ အဲဒီလို။

တချို့က မေးတယ်၊ စိတ်က ဘာကြောင့်ဖြစ်သလဲ၊ စိတ်ဖြစ်ရခြင်းရဲ့ အကြောင်းက ဘာလဲတဲ့။

ဒါကြောင့် စိတ်ဖြစ်ရခြင်းကအများကြီးရှိတယ်၊ အထူးသဖြင့်တော့ condition အနေနဲ့ ပြောရင် ဒီလိုအခံဓာတ်နဲ့ အတိုက်ဓာတ်ခေါ်တဲ့ ပသာဒနဲ့ အာရုံတွေ့တဲ့အခါမှာ မနောကျတော့ ဘဝင်စိတ်ပေါ့လေ၊ မနောနဲ့အာရုံတွေ့တဲ့ အခါမှာ ဖြစ်ပေါ်လာတယ်။

**မေး။** ။အတိုက်ဓာတ်ကို အာရုံခေါ်ပါသလား။

**ဆရာတော်။** ဟုတ်တယ်၊ အတိုက်ဓာတ်ကို အာရုံခေါ်တယ်။

ကောင်းပြီ၊ အဲဒီတော့ စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ ဒါကတော့ သူ့ဟာသူ သွားတာရတယ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏ် ဓာတ်ထိအောင် သွားလို့ရတယ်၊ မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ်၊ ဒါကတော့ မဟုတ်ဘူး၊ အဲဒါကျတော့ ဒီလိုတွဲလို့ မရဘူး။

"တစ်စုံတစ်ယောက်သော သတ္တဝါတို့၏ အလိုသို့ မလိုက်ပါမူ၍ မိမိကိုယ် သဘောကိုသာလျှင် တည့်တည့်မတ်မတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ် မည်၏" တဲ့။

ကောင်းပြီ၊ အာယတန ၆-ပါးပြားပြီးတော့ ဓာတ်က ၁၈-ပါးပြားတာ ဘာကြောင့်လဲဆိုတော့ အာယတနမှာ ကြည့်လိုက်ရင် စက္ခာယတနတို့ ဘာတို့ဟာ စက္ခုပသာဒကို ကောက်တာမဟုတ်လား၊ စက္ခုဒွါရ၊ သောတဒွါရ၊ အဲသလို ဒွါရ ၆-ပါး၊ အာရုံ ၆-ပါးဖြစ်တဲ့အတွက်ကြောင့်မို့ အာယတနကျတော့ ၁၂-ပါးဖြစ်တယ်။

အဲဒီဒွါရ ၆-ပါး အာရုံ ၆-ပါးကို မှီပြီးတော့ ဝိညာဏ် ၆-ပါးကဖြစ်တဲ့ အတွက်ကြောင့်မို့ ဓာတ်ကျတော့ ၁၈-ပါး ဖြစ်သွားတယ်။

အမှန်ကတော့ အာယတန ၁၂-ပါးနဲ့ ဓာတ် ၁၈-ပါးနဲ့ တရားကိုယ် အတူတူပဲ၊ အမှန်အတိုင်းဆိုရင် အာယတန ၁၂-ပါးဆိုတာလည်းစိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ကုန်သွားတာပဲ၊

အဲဒီတော့ အာယတနမှာတုန်းက မနာယတနရှိတယ်မဟုတ်လား၊ အဲဒီ

http://www.dhammadownload.com



မနာယတနတစ်ခုတည်းက ဓာတ်ကျတော့ ဘယ်နှစ်မျိုး လာဖြစ်သလဲ၊ မနာယတန ဓာတ်က မနောဓာတ်နော်။

စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှာဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်၊ ဒီလို လာမဖြစ်ဘူးလား၊ ဝိညာဏဓာတ် အားလုံး ၇-ပါး, အဲဒီလို အဆိုရှိတယ်။

တကယ်ကတော့ မနောဓာတ်ဟာ ဝိညာဏဓာတ်တော့ မဟုတ်ဘူး၊ ဒါပေမယ် လို့ သူကလည်း စိတ်ဖြစ်နေတဲ့အတွက်ကြောင့် တခြားဝိညာဏဓာတ်တွေနဲ့ ပေါင်းပြီးတော့ သူ့ကိုလည်း ဝိညာဏဓာတ်လို့ခေါ်တယ်၊ တိတိကျကျပြောမယ် ဆိုရင်တော့ မနောဓာတ်ဟာ မနောဓာတ်ပဲ, မနေဝိညာဏဓာတ်လို့ သူ့ကို မခေါ်ရဘူး။

ဒါကြောင့်မို့ မနာယတန တစ်ခုတည်းက ဓာတ်အဖြစ်ကျတော့ ၇-ပါး ပြားသွားတယ်၊ ဒွါရ ၆-ခု၊ အာရုံ ၆-ခု အလိုက် ဝိညာဏ် ၆-မျိုး (ဆိုကြပါစို့) အဲဒီလို ပြားသွားတယ်။

သစ္စာ ၄-ပါးရောက်ပြီ, သစ္စာကို ဒီအထဲသိတာနဲ့ ငါသစ္စာ ၄-ပါးသိပြီ သောတာပန် ဖြစ်ပြီလို့တော့ သွားမပြောကြနဲ့ဦး၊ တချို့တွေ အဲဒါမျိုးတွေလုပ် လုပ်နေကြလို့ ခက်နေတာ၊ တစ်ထိုင်တည်းနဲ့ သူတို့ကသောတာပန် ဖြစ်, ဖြစ် သွားတယ်။

သစ္စာ ၄-ပါးက အကြမ်းဖျင်းတော့ သိပြီးသားပါပဲ, ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ။

ဒုက္ခဆိုတာ ဆင်းရဲပေါ့, သစ္စာဆိုတာ အမှန်တရားကိုဆိုတာ၊ မှန်တယ်ဆိုတာ ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ ပြောတဲ့အတိုင်း ဟုတ်တာကို ဆိုတယ်။

အဲဒီတော့ သစ္စာဆိုတာ အကောင်းမှ သစ္စာဖြစ်ရမယ်လို့ မထင်နဲ့၊ ကောင်း သည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ ပြောတဲ့အတိုင်း မှန်နေတာကို သစ္စာလို့ ခေါ်တယ်။

ဒါကြောင့်မို့ သစ္စာထဲမှာ တဏှာကြီးမပါဘူးလား၊ လောဘစေတသိက်ကြီး မပါဘူးလား၊ ပါနေတာပဲ၊ လောဘချဉ်းတဲ့ စေတသိက်တွေ ဒုက္ခသစ္စာထဲပါနေတာပဲ။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာမှာ သစ္စာဆိုတာ အကောင်းကိုသာ ခေါ်တာမဟုတ်ဘူး၊ အဲဒါမှတ်ထား truth။

တခြားဘာသာတွေမှာတော့ truth ဆိုတာ အကောင်းလောက်ပဲယူတာ၊ ဗုဒ္ဓဘာသာမှာတော့ truth ဆိုတာ သူ့ဟာသူ မှန်နေတာကို truth ခေါ်တာပဲ၊

http://www.dhammadownload.com



ဆိုပါတော့၊ ကျောက်ခဲကမှာတယ်၊ မှာတယ်ဆိုတာ truth ပဲ၊

အဲဒီသစ္စာမှာလည်း ဒီသစ္စာက ဘာလဲဆိုတော့ အရိယာသစ္စာလို့ ခေါ်တဲ့သစ္စာ၊ လောကီသစ္စာ၊ သမ္မုတိသစ္စာ မဟုတ်ဘူး၊ ပရမတ္ထ သစ္စာပေါ့။

သမ္မုတိသစ္စာအနေနဲ့ ပြောမယ်ဆိုရင် လူ ယောကျ်ားလို့ ပြောလိုက်ရင် သမ္မုတိ သစ္စာအနေနဲ့ ပြောတယ်။

လူတစ်ယောက် ထိုင်နေတယ်၊ ယောကျ်ားတစ်ယောက် ထိုင်နေတယ်လို့ ပြောရင် ဒါဟာ အမှန်ပဲ, မမှားဘူး၊ လောကက သမုတ်ထားတဲ့ လောကက လက်ခံထားတဲ့ အခေါ်အဝေါ်အရ ဒီလူကို ယောကျ်ားမခေါ်လို့ ဘာသွားခေါ်မတုန်း၊ ဒါကြောင့်မို့ ယောကျ်ားတစ်ယောက် ထိုင်နေတယ်လို့ ပြောရင် ဒါဟာ သမ္မုတိသစ္စာ အရမှန်တယ်၊ ဒါကြောင့်မို့ အဲဒါကို ဒီနေရာမှာမဆိုလိုဘူး။

ဒီမှာကတော့ အရိယာသစ္စာဟာ တကယ်ကို ဟုတ်တဲ့တရား၊ ဒါကြောင့်မို့ လူတစ်ယောက် ယောကျ်ားတစ်ယောက် ထိုင်နေတာကို အရိယာသစ္စာအနေနဲ့ ပြောမယ်ဆိုရင် ရုပ်, နာမ်ပေါ့၊ ပရမတ္ထ သစ္စာအနေနဲ့ ပြောမယ်ဆိုရင် ရုပ်, နာမ်၊ အဲဒီလို သစ္စာကို ဒီမှာ ဆိုလိုတယ်။

မြတ်စွာဘုရားက လောကကြီးကိုကြည့်လိုက်တဲ့အခါမှာ ဒုက္ခဆိုတဲ့ သဘောတရားကိုပဲ မြင်တော်မူတယ်၊ ဒါကြောင့်မို့ လောကကြီးကို ဒုက္ခလို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဒါဟာ သမားတော်ကြီးက လူနာကို စစ်ဆေးလိုက်တဲ့အခါမှာ ရောဂါရှာတွေ့သလိုပေါ့၊ မင်းမှာ ဒီရောဂါရှိပြီလို့ ပြောလိုက်တာမျိုးကို မြတ်စွာဘုရားကလည်း လောကကြီးကို ရှုလိုက်တဲ့အခါမှာ ဒုက္ခ ဆိုတာကို သွားတွေ့တယ်။

ဒါကြောင့်မို့ အထူးသဖြင့်တော့ လောကမှာရှိသမျှဟာ ဒုက္ခ၊ အဲဒီဒုက္ခသစ္စာ အခေါ်ခံရတဲ့ တရားတွေဟာ ဒီပရမတ္ထ တရားကိုယ်အားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တရားကိုယ်အားဖြင့် ဘာတွေလဲ၊ ဒုက္ခသစ္စာဆိုတာ ဘာတဲ့တုန်း။

လောကီစိတ်–၈၁, လောဘကြဉ်သော စေတသိက်–၅၁, ရုပ်–၂၈, ဤတေဘူမိကဖြစ်သော ဘုံမှာ အကျုံးဝင်တာပေါ့။

ဘုံ ၃–ပါးက, ကာမဘုံ, ရူပဘုံ, အရူပဘုံ, အဲဒီဘုံ ၃–ပါးမှာ အကျုံးဝင်တဲ့ လောကီတရားတွေကို ဒုက္ခသစ္စာလို့ခေါ်တယ်။

ဒါဖြင့်ရင် အဘိဓမ္မာသင်နေတာလည်း ဒုက္ခသစ္စာပဲ၊ ဘုရားရှိခိုးနေရင်လည်း ဒုက္ခသစ္စာပဲ၊ တရားထိုင်နေရင်လည်း ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာကလွတ်ကို

http://www.dhammadownload.com



မလွတ်နိုင်ဘူး။

ဒီနေရာမှာ ဒုက္ခဆိုတဲ့ သဘောကို နားလည်ဖို့ အရေးကြီးတယ်၊ ဒုက္ခလို့ပဲ ပြောပြော၊ အင်္ဂလိပ်လို (suffering) ပြောပြော၊ လူတွေထင်ကြတာက တကယ့်ကို နာကျင်ကိုက်ခဲ ဆင်းရဲနေတာမျိုးကို ဒုက္ခလို့ ဆိုတာကို။

မြတ်စွာဘုရားရဲ့ အဓိပ္ပါယ်ဖွင့်ပြချက်က ဒုက္ခဆိုတာ "ယဒနိစ္စံ တံ ဒုက္ခံ" တဲ့နော်၊ အကြင်တရားသည် မမြဲဘူး၊ ထိုတရားသည် ဒုက္ခပဲ၊ အဲဒီတော့ မမြဲတဲ့ တရားမှန်သမျှ ဒုက္ခပဲ။

အဲဒီတော့ ဒီတရားတစ်ခုက ဒုက္ခဟုတ်သလား၊ မဟုတ်လား ဆိုတာကို အဲဒီနည်းနဲ့ စစ်ဆေးကြည့်ရမယ်၊ သူဟာမြဲသလား၊ မမြဲဘူးလား၊ မမြဲရင် ဒုက္ခထဲ သွင်းရမယ်၊ မြဲရင်ဒုက္ခထဲမသွင်းနဲ့။

ဘယ်လိုတရားကို မြဲတယ်လို့ ခေါ်တာတုန်း၊ ဘယ်လိုတရားကို မမြဲဘူးလို့ ခေါ်တာတုန်း။

အဖြစ်အပျက်ရှိတဲ့ တရားကို မမြဲဘူးလို့ခေါ်တာ၊ အဲဒီတော့ ပစ္စည်းတစ်ခု (သို့မဟုတ်) တရားတစ်ခုကို ကြည့်လိုက်တဲ့အခါမှာ သူ့မှာအစရှိသလား၊ အဆုံးရှိသလား၊ အဖြစ်ရှိသလား၊ အပျက်ရှိသလား။

အစရှိတယ်၊ အဆုံးရှိတယ်၊ အဖြစ်ရှိတယ်၊ အပျက်ရှိတယ်ဆိုရင် သူဟာ အနိစ္စပဲ၊ အနိစ္စဖြစ်ရင် ခုနက criterion အရ ဒုက္ခပဲ၊ အဲဒီနည်းနဲ့ မြတ်စွာဘုရားက ရှုမြင်ပြီးတော့ လောကကြီးကို ဒုက္ခလို့ ဟောတော်မူတာ၊ အဲဒီ Philosophical understanding ထိအောင်ဒုက္ခကို နားလည်တဲ့နေရာမှာ သွားရမယ်။

ကိုယ့်လက်တူထုမိလို့ ဆင်းရဲပြီး ဒုက္ခပဲဆိုတာ လူတိုင်းသိတယ်၊ ဆူးစူးလို့ နာလိုက်တာဆိုတာ ဒုက္ခပဲ၊ လူတစ်ယောက် သေသွားတယ်၊ ဆင်းရဲပဲ၊ ဒီလိုသိတာ မျိုးက အပေါ်ယံသိတာ။

မြတ်စွာဘုရားကတော့ ဒီလိုမဟုတ်ဘူး၊ မင်းတို့ ကောင်းတာတွေ ထိုင်စားနေ ကောင်းတဲ့အာရုံတွေ ခံစားနေလည်းအဲဒီဟာတွေ ကိုယ်တိုင်က ဒုက္ခပဲ၊ ဘာကြောင့်တုန်း ဆိုရင် အဲဒီခံစားမှုဟာ ခဏလေးပဲ တည်ပြီးတော့ ပျောက်သွားတယ်၊ အစရှိတယ်၊ အဆုံးရှိတယ်၊ အဖြစ်ရှိတယ်၊ အပျက်ရှိတယ်ဆိုတော့ ဒုက္ခဆိုတဲ့ definition က မလွတ်ဘူး၊ အဲဒီအနေနဲ့ ဒုက္ခကို မြတ်စွာဘုရားက ဟောတော်မူတာ။

အဖြစ်အပျက်နဲ့ အနှိပ်စက်ခံရတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ တကယ် တရားထိုင်လာပြီဆိုတော့ ဖြစ်တာပျက်တာတွေ့မြင်လာရပြီး အလိုလို စိတ်ပျက်

http://www.dhammadownload.com



လာတယ်၊ ဒုက္ခသဘောက တကယ်ပေါ်လာတာ၊ အဲဒါကြောင့် လောကီစိတ်၊ စေတသိက်ဟာ ဒုက္ခသစ္စာ။

အဲဒီဒုက္ခသစ္စာဟာ ဘုရားဖန်ဆင်းလို့ ဖြစ်လာတာလား၊ အကြောင်းမရှိပဲနဲ့ ဖြစ်တာလားဆိုတော့ မြတ်စွာဘုရားကတစ်ဆင့်တက်ပြီးတော့ စစ်ဆေးလိုက်တဲ့အခါ ကျတော့ သူ့မှာ အကြောင်းရှိတယ်၊ အကြောင်းကြောင့်ဖြစ်လာတာ၊ အကြောင်းမရှိပဲနဲ့ မဖြစ်ဘူး၊ အကြောင်းမရှိပဲနဲ့ ဘာမှ လောကမှာ မဖြစ်ဘူးဆိုတာ ပေါ်လာတယ်။

အဲဒီဒုက္ခသစ္စာရဲ့ အကြောင်းဟာ ဘာလဲဆိုတော့ မြတ်စွာဘုရားက သမုဒယ သစ္စာတဲ့၊ သမုဒယသစ္စာဆိုတာ တဏှာဟူသော လောဘစေတသိက်။

တွယ်တာမှုတဏှာလောဘရှိတဲ့ အတွက်ကြောင့် ဆင်းရဲမှုတွေ ဖြစ်နေတာ၊ တွယ်တာမှု မရှိတော့ဘူးဆိုရင် ဆင်းရဲမှုလည်းမဖြစ်ဘူး၊ တွယ်တာမှုမရှိတော့ဘူးဆိုရင် ဘဝဖြစ်ပါဦးမလား၊ မဖြစ်ဘူး၊ ဘဝမဖြစ်တော့ဘူးဆိုရင် ဘဝနဲ့ဆင်းရဲက အတူတူပဲ equation ပဲ၊ အဲဒီတော့ ဘဝမရှိတော့ဘူးဆိုရင် ဆင်းရဲလည်း မရှိတော့ဘူး။

တွယ်တာမှုရှိနေသဖြင့် ဘဝရှိတယ်၊ ဘဝရှိတော့ ဆင်းရဲရှိတယ်၊ ဒါကြောင့်မို့ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းဟာ ဘာလဲဆိုရင် လောဘစေတသိက် သမုဒယတဏှာ၊ ဒါကို ကောက်လိုက်တယ်။

အမှန်ကတော့ ဒါက ပဓာနကျတဲ့အကြောင်းကို ကောက်တာပဲ၊ လောဘကို ကောက်လိုက်တယ်ဆိုရင် မောဟရော မပါပေဘူးလား၊ လောဘသက်သက်ဆွဲထုတ်လို့ မရဘူးနော်၊ လောဘနဲ့ မောဟဟာ အမြဲတမ်းဖက်ထားတာ။

အဲဒီတော့ မောဟကဖုံးလွှမ်းပေးတယ်၊ လောဘကတွယ်တာတယ်၊ မောဟက မျက်စိပိတ်ပေးထားတယ်၊ လောဘက တစ်ခုခုကို ယူအောင် ကိုင်အောင် လုပ်တယ်၊ အဲဒီလို။

ဒါပေမယ်လို့ လောဘက တွယ်တာတာဆိုတော့ ပဓာနကျလို့ ဒီမှာ လောဘကို ထုတ်ထားတာ၊ အမှန်ကတော့ မောဟလည်းပါတာပဲ။

အဲဒီတော့ သမုဒယသစ္စာဆိုတာဘာလဲ၊ ဒုက္ခရဲ့အကြောင်းတရား၊ ခုန သမားတော်ကြီးက ရောဂါကိုတွေ့ပြီးတဲ့နောက် ဒီရောဂါ ဘာကြောင့်ဖြစ်သလဲဆိုတာ စစ်ဆေးရတယ်။

ဘယ်လိုအကြောင်းကြောင့် ဖြစ်တာလဲ၊ ဆေးပညာနည်းနဲ့ ပြောမယ်ဆိုရင် သွေးဖောက်ပြန်လို့လား၊ လေဖောက်ပြန်လို့လား၊ သလိပ်ဖောက်ပြန်လို့လား၊ သည်းခြေ ဖောက်ပြန်လို့လား၊ အဲဒီလို သိအောင်လုပ်ရသလိုပဲ မြတ်စွာဘုရားကလဲ ဒုက္ခရဲ့

http://www.dhammadownload.com



အကြောင်းတရားကို ရှာတဲ့အခါမှာ သမုဒယသစ္စာကိုသွားတွေ့တယ်။

တဏှာလောဘကို သမုဒယသစ္စာလို့ ဟောနိုင်တာဟာ ဗုဒ္ဓဘာသာမှာသာ ရှိတယ်၊ တခြားဘာသာတွေမှာ ဒုက္ခရဲ့အကြောင်း ရှာလိုက်စမ်းဆိုရင် ဖန်ဆင်းရှင်နဲ့ပဲ သွားပြီးတော့ အဆုံးသတ်တော့တာပဲ၊ ဒါက ပြောလို့ သိပ်လွယ်တယ်၊ သိပ်လည်း မစဉ်းစားရဘူး။

မြတ်စွာဘုရားကတော့ ဒီလို မဟုတ်ဘူး၊ ဒုက္ခဖြစ်ရခြင်းဟာ လောဘကြောင့် ဖြစ်တာ၊ လောဘသည်သာလျှင် တကယ့် လက်သည်အစစ်ပဲ၊ ဒီလို မြတ်စွာဘုရားက တွေ့တော်မူတယ်။

ကောင်းပြီ၊ ရောဂါရှိတယ်လည်းပြောပြီ၊ ဒီရောဂါဘာကြောင့် ဖြစ်တယ်လည်း ပြောပြီ၊ ဒီရောဂါပျောက်ပါမလား၊ ပျောက်နိုင်ပါ့မလားဆိုတော့ မြတ်စွာဘုရားက ပျောက်ကင်းနိုင်တယ်တဲ့၊ သတ္တဝါတွေ အားငယ်နေမှာစိုးလို့ အားပေးတယ်။

မင်းတို့မှာ ဒီရောဂါရှိတယ်ဆိုတာတော့မှန်တယ်၊ ဒါပေမယ်လို့ မင်းတို့မှာရှိနေတဲ့ ရောဂါပျောက်ပါတယ်ပေါ့။

ကိုယ်လည်း ဆရာဝန်တစ်ယောက်က ပြောမယ်၊ ခင်ဗျားမှာရောဂါရှိတယ်၊ ဒါပေမယ့် ကုလို့ရပါတယ်ဆိုရင် စိတ်ချမ်းသာသွားတယ် မဟုတ်လား၊ အားရှိသွားတာပေါ့။

အဲဒီလို ရောဂါပျောက်မှုလည်းရှိပါတယ်ဆိုတာ ပြချင်လို့ တတိယ နိရောဓ သစ္စာကို မြတ်စွာဘုရားက ဟောတော်မူတယ်။

နိရောဓသစ္စာဆိုတာ ဒုက္ခသမုဒယနှစ်ပါးတို့ရဲ့ ချုပ်ရာချုပ်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်၊ ဒုက္ခအားလုံး ချုပ်ငြိမ်းမှု ဒုက္ခအားလုံး ချုပ်ငြိမ်းခြင်းရဲ့ အကြောင်းပေါ့လေ။

အကြောင်းဆိုတာ ဖြစ်စေတတ်တဲ့အကြောင်း မဟုတ်ဘူး၊ အာရုံအနေနဲ့ ဖြစ်တတ်တဲ့အကြောင်း၊ အဲဒါကြောင့်မို့ နိဗ္ဗာန်ကို ချုပ်ငြိမ်းမှု (သို့မဟုတ်) ချုပ်ငြိမ်းကြောင်း နိုးရောဓသစ္စာလို့ ခေါ်တယ်။

ဓမ္မစကြာသုတ်မှာ ဘယ်လိုဟောထားသလဲ"ယော တဿာယေဝ တဏှာယ, အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော" တဏှာရဲ့ အကြွင်းမဲ့ချုပ်ခြင်းကို နိရောဓသစ္စာလို့ မြတ်စွာဘုရားဟောတော်မူတာ။

ဘာကြောင့် အဲသလို ဟောသလဲဆိုတော့ အကြောင်းချုပ်ရင် အကျိုးချုပ် တာကိုး၊ တဏှာချုပ်ရင် ဒုက္ခချုပ်တာပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက အကြောင်းကို ကိုင်တာ, အကျိုးကို မကိုင်ဘူး၊ ဒါကြောင့် အဲဒီကျတော့ တဏှာချုပ်ခြင်းသည်

http://www.dhammadownload.com



နိရောဓသစ္စာ၊ ယောတတ္ထာယောဝ တဏှာယလို့ ဟောတော်မူတယ်နော်။

တဏှာ အကြွင်းမဲ့ချုပ်တယ်ဆိုတာလည်း နိဗ္ဗာန်ကို အာရုံပြုပြီး မဂ်စိတ်ဖြစ်တဲ့ အခါမှာ အကြွင်းမဲ့ချုပ်တယ်၊ နိဗ္ဗာန် အာရုံမပြုရရင် မဂ်စိတ် မဖြစ်ပေါ်နိုင်ဘူး၊ မဂ်စိတ် မဖြစ်ပေါ်နိုင်ရင် တဏှာအကြွင်းမဲ့ မချုပ်နိုင်ဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်သည် တဏှာအကြွင်းမဲ့ ချုပ်ခြင်းရဲ့ အကြောင်းဖြစ်တယ်။

ကောင်းပြီ, ရောဂါရှိတာလည်းသိပြီ၊ ဘာကြောင့် ဒီရောဂါဖြစ်တာလည်းသိပြီ၊ ရောဂါပျောက်နိုင်တယ်ဆိုတာလည်းသိပြီ၊ ဒါဖြင့် ဘာဆေးလေးများ သောက်ရမှာ တုန်း၊ ဆေးမပေးနိုင်ဘူးလား မေးတော့ မြတ်စွာဘုရားက စတုတ္ထသစ္စာ, မဂ္ဂသစ္စာကို ဟောတော်မူသည်။

မဂ္ဂသစ္စာဆိုတာ နိရောဓသို့ ရောက်ကြောင်းတဲ့၊ ရောဂါပျောက်ငြိမ်းမှုသို့ ပို့ဆောင်ပေးမယ့် တရားပေါ့။

ဒုက္ခတည်းဟူသော ရောဂါကြီးပျောက်ငြိမ်းမယ့် အဖြစ်သို့ ပို့ဆောင်ပေးမယ့် တရားက မဂ္ဂင်တရားကိုယ် ၈-ပါး၊ မဂ္ဂင်တရားကိုယ် ၈-ပါးက အတိ အကျ ကောက်လိုက်ပြီဆိုတော့ မဂ်စိတ် ၄-မှာရှိတဲ့ မဂ္ဂင်တရားကိုယ် ၈-ပါး၊ ဒါကမှ အသေအချာကိုး၊ မဂ်စိတ်မှာပါတဲ့ မဂ္ဂင်ကမှ အသေအချာ နိဗ္ဗာန်ကို ပို့မှာ၊ ဝိပဿနာ ရှုတဲ့အခါပါတဲ့ မဂ္ဂင်က နိဗ္ဗာန်ကို အတိအကျမပို့သေး ဘူးလေ။

ဘာကြောင့်တုန်းဆိုတော့ မဂ်မရောက်သေးခင် နိဗ္ဗာန်က ပျက်သွားနိုင်တယ်၊ ပြန်လန်ကျသွားနိုင်တယ်၊ မဂ်ရောက်ပြီးမှသာ သေချာသွားတာ။

ဒါကြောင့်မို့ အတိအကျကောက်ကြစို့ဆိုရင် မဂ်စိတ် ၄-ခုမှာရှိတဲ့ မဂ္ဂင်တရား ကိုယ် ၈-ပါးကို မဂ္ဂသစ္စာအရ ကောက်ရမယ်၊ ဒါဖြင့် အဲဒီမဂ္ဂင်တရားကိုယ် ၈-ပါးဟာ ပုဗ္ဗဘာဂ ပဋိပဒါလို့ခေါ်တဲ့ သူ့ရောက်အောင်ကျင့်တဲ့ ရှေ့ပြေးအကျင့်မပါပဲနဲ့ မဂ်စိတ် ဖြစ်နိုင်ပါ့မလားဆိုတော့ ရှင်းရှင်းပြောမယ်၊ ဝိပဿနာမရှုပဲနဲ့ မဂ်စိတ် မဖြစ်နိုင်ဘူး။

ဒါဖြင့် ဝိပဿနာရှုနေတဲ့ အခိုက်အတန့်မှာကော မဂ္ဂင် ၈-ပါးတွေ ဖြစ်နေတာပဲ၊ အဲဒါတွေကျတော့ မဂ္ဂသစ္စာလို့ မုချအတိအကျခေါ်လို့ မရဘူးပေါ့။

ဘာကြောင့်တုန်းဆိုရင် မဂ္ဂသစ္စာဆိုတာ ဒီနေရာမှာ တကယ့်ကို မလွဲမသွေ နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ တရားမျိုးဆိုတော့ သောတာပတ္တိမဂ်ရတဲ့ ပုဂ္ဂိုလ်မှသာလျှင် နိဗ္ဗာန်ဟာ သေချာတော့တယ် မဟုတ်ဘူးလား၊ သောတာပတ္တိမဂ်မရောက်သေးဘူး ဆိုရင် မသေချာသေးဘူးနော်၊ ပုထုဇ္ဇဘဝမှာရှိသေးတယ်၊ ဒါကြောင့်မို့ အတိအကျ

http://www.dhammadownload.com



ကောက်ကြစို့ဆိုရင် မဂ်စိတ် ၄–ခုမှာရှိတဲ့ မဂ္ဂင်တရားကိုယ် ၈–ပါးကို မဂ္ဂသစ္စာလို့ ကောက်။

ဒါပေမယ်လို့ ဝိပဿနာအားထုတ်နေတဲ့ အခိုက်အတန့် တခြားကုသိုလ်ပြုနေတဲ့ အခိုက်အတန့်မှာ ဖြစ်တဲ့တရားတွေကိုလည်း လောကီမဂ္ဂသစ္စာခေါ်မယ်ဆိုရင်လည်း ခေါ်နိုင် တယ်။

သို့သော် မဂ္ဂသစ္စာအနေနဲ့ ပြောပြီဆိုရင်တော့ လောကုတ္တရာစိတ်မှာရှိတဲ့ မဂ်စိတ် ၄–ပါးမှာ ရှိတဲ့ လောကုတ္တရာစိတ်ကို မဂ္ဂသစ္စာလို့ခေါ်တယ်။

ကောင်းပြီ, သစ္စာ ၄–ပါးစုံသွားပြီ။

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာက မကောင်းတဲ့ သစ္စာနှစ်ခု၊ နိရောဓနဲ့ မဂ္ဂက ကောင်းတဲ့ သစ္စာနှစ်ခု၊ ဒုက္ခနဲ့ နိရောဓက အကျိုးသစ္စာ, သမုဒယနဲ့ မဂ္ဂက အကြောင်းသစ္စာ၊ နိရောဓနဲ့မဂ္ဂက ဖြစ်စေတတ်တဲ့အကြောင်းတော့ မဟုတ်ဘူး၊ သို့သော် သူ့ကို အာရုံပြုပြီးတော့ ဖြစ်ရတာမို့ အကြောင်းလို့ ခေါ်ရတယ်ဆိုတော့ ဒုက္ခနဲ့ သမုဒယကအဖြစ် လောကမှာရှိတဲ့ သစ္စာ၊ နိရောဓနဲ့ မဂ္ဂက အချုပ်လောကမှာရှိတဲ့ မဖြစ်လောကမှာရှိတဲ့သစ္စာ၊ အဲဒီလို သစ္စာ ၄–ပါးဟာ အကြောင်းအကျိုးခွဲယူလို့ ရသေးတယ်။

ခန္ဓာ, အာယတန, ဓာတ်, သစ္စာတွေမှာ အဋ္ဌကထာတွေ, ဋီကာတွေက ဖွင့်တဲ့အခါကျတော့ ဘာကြောင့် ခန္ဓာတွေကို ဒီလိုအစဉ်အတိုင်း ဟောသလဲ ဘာပြီးမှဘာ ဟောသလဲဆိုတဲ့ ကိစ္စတွေရှိတယ်၊ ဒါကြောင့်မို့ ဒါတွေက သိပ်အရေးမကြီးလို့ မပြောခဲ့ဘူး။

သစ္စာ ၄–ပါးနဲ့ ပတ်သက်ပြီးတော့ ဘာကြောင့် ပထမဒုက္ခလာသလဲ၊ ဒုက္ခပြီးတော့ သမုဒယ, သမုဒယပြီးတော့ နိရောဓ, နိရောဓပြီးတော့ မဂ္ဂဟောသလဲ ဆိုတာကိုတော့ နားလည်ဖို့ကောင်းတယ်။

ဘာကြောင့်လည်းဆိုတော့ သစ္စာနဲ့ ပတ်သက်ပြီးတော့ စကားပြောစရာတွေက များတယ်၊ အဲဒီတော့, လင်္ကာလေးဖတ်ပြမယ်နော်။

* **လောကီဘုံဝယ်၊ သာယာဖွယ်ဟု၊ တာတွယ်လေငြား၊ ဝေနေယျများကို၊ တရားသံဝေ၊ ရပါစေဟု၊ ထွေထွေဒုက္ခ, ဦးစွာပြ၏။**

လောကီမှာ သာယာစရာတွေ့ပြီးတော့ လူတွေက ပျော်ပါးနေကြတယ်၊ ဒီသတ္တဝါတွေကို ဒါဟာ ဒုက္ခပဲလို့ တရားသံဝေဂရသွားအောင် ဆိုပြီးတော့ ဒုက္ခသစ္စာကို မြတ်စွာဘုရားက ဟောတော်မူတယ်တဲ့။

http://www.dhammadownload.com



* **ဒုက္ခသောင်းပြောင်း၊ တရားပေါင်းလည်း၊ အကြောင်းမဲ့စွာ မဖြစ်ရာရှင့်။**
ဒီ ဒုက္ခကလည်း အကြောင်းကင်းပြီးတော့ ဖြစ်တာမဟုတ်ဘူးတဲ့။

* **မဟာဖြဟ္မ၊ ထာဝရဟု၊ ဘုရားတစ်သင်း၊ မဖန်ဆင်းတည့်၊ ထန်ပြင်းသော့သွမ်း၊ တဏှာစွမ်းကြောင့်၊ ပရမ်းပတာ၊ ဖြစ်ကြရာဟော၊ သမုဒယော တဲ့။**
တဏှာကြောင့်ဖြစ်တဲ့အကြောင်းကို မြတ်စွာဘုရား ဟောတော်မူတယ်တဲ့။

* **သုံးလောကတွင်၊ ဒုက္ခထင်၍၊ လွတ်ခွင်ထွက်ရာ၊ ရတက်ဖြာသော်။**
ကောင်းပြီ၊ ဒုက္ခတော့ သိပါပြီ၊ ဒုက္ခလွတ်တာများ မရှိဘူးလားလို့ ရတက်ဖြာတဲ့ အခါမှာ။

* **သက်သာစေရန်၊ အနေဖန်လျက်၊ ခေမံနိရောဓ၊ သုံးကြိမ် ပြ၏။**
ဒါဟာ consolation ဖြစ်အောင်ပေါ့၊ စိတ်သက်သာရာရအောင် ဆိုပြီးတော့ နိရောဓ သစ္စာကို တတိယမြောက် ဟောတော်မူတယ်။

* **နိဗ္ဗာနနန်း၊ ရောက်ဖို့မှန်းက၊ ဤလမ်းဖြင့်တက်၊ ဤမဂ်ကိုပွား၊ မိန့်သည့်လားသို့၊ လေးပါးမြောက်တွင်၊ မဂ်လမ်းထွင်သည်၊ ဟောစဉ်လက်ရိုး ဆူဆူတည်း"တဲ့။**
နိရောဓသစ္စာပြီးတော့ နိဗ္ဗာန်ရောက်ချင်ရင် ဒါတွေကျင့်ကြ၊ ဒီလမ်းလိုက်ကြပါလို့ ပြောဖို့ရန် မဂ္ဂသစ္စာကို ဟောတော်မူသည်၊ ဒါက သစ္စာ ၄-ပါး။

သစ္စ ဝိမုတ်ဆိုတာလေး ပြောကြဦးစို့၊ သစ္စဝိမုတ်ဖတ်စမ်းပါ။

"မဂ် စိတ္တုပ္ပါဒ်-၂၉၊ ဖိုလ်စိတ္တုပ္ပါဒ်-၃၇ တို့သည် သစ္စာ ၄-ပါး၌ မပါဝင်သဖြင့် သစ္စဝိမုတ်မည်၏"

ကြည့်စမ်း၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ၄-ခုထဲမှာ သစ္စာလေးပါးထဲ မပါတဲ့ တရားတွေ ရှိသေးသတဲ့၊ ဘာတွေလဲ။

မဂ်စိတ္တုပ္ပါဒ်-၂၉၊ ဖိုလ်စိတ္တုပ္ပါဒ်-၃၇၊ သူတို့ဟာ ဒုက္ခ သစ္စာထဲလည်း မပါဘူး၊ သမုဒယသစ္စာထဲလည်း မပါဘူး၊ နိရောဓသစ္စာထဲလည်း မပါဘူး မဂ္ဂသစ္စာထဲလည်း မပါဘူးတဲ့။

"မဂ်စိတ် ၄-ပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍၊ ၎င်းနှင့်ယှဉ်သော စေတသိက် ၂၈-ပါးကို ပေါင်းသော် မဂ်စိတ္တုပ္ပါဒ်-၂၉ ဖြစ်၏"

လောကုတ္တရာစိတ်မှာ စေတသိက် ၃၆-ယှဉ်တယ်၊ အဲဒီ ၃၆-ထဲက မဂ္ဂင်တရားကိုယ်ပေါ့၊ နုတ်လိုက် ၂၈-ကျန်တယ်၊ အဲဒီစေတသိက် ၂၈-ရယ်၊ မဂ်စိတ်ကိုတော့ ၁-ဆိုပြီးတော့ ယူရတယ်၊ မဂ်စိတ် ၄-ခုပေမယ်လို့ ၁-ပဲ ယူလိုက်တော့ ၂၉-မဖြစ်ဘူးလား။

http://www.dhammadownload.com



အဲဒီတော့ မဂ်စိတ် ၄–ပါးရယ်၊ အဲဒီ မဂ်စိတ် ၄–ပါးမှာ ယှဉ်တဲ့စေတသိက်ထဲက မဂ္ဂင် ၈–ပါး ချုပ်လိုက်လို့ ကျန်တဲ့ ၂၈–ပါးရယ် ပေါင်း–၃၂၊ အဲဒါကို မဂ်စိတ္တုပါဒ် ၃၂–လို့ ခေါ်တယ်။

မဂ်စိတ္တုပါဒ် ၃၂–ဆိုတာ မဂ်စိတ်တစ်ခု (တစ်ခုဆိုတာ ၄–ခုကို တစ်ခုဆိုပြီး ပေါင်းယူတာ) ပြီးတော့ အဲဒီမှာယှဉ်တဲ့ စေတသိက် ၂၈–ခု၊ (မဂ္ဂင် ၈–ပါးကြဉ်တဲ့ ၂၈ ခု) ပေါင်း–၃၂၊ အဲဒီ–၃၂ ကို မဂ်စိတ္တုပါဒ်–၃၂ လို့ ခေါ်တယ်။

ဖိုလ်စိတ္တုပါဒ်–၃၇ ဆိုတာကတော့ ဖိုလ်စိတ် ၄–ခုကို ၁–ခုထဲယူ၊ အဲဒီမှာ ယှဉ်တဲ့ စေတသိက် ၃၆–နဲ့ ပေါင်း၊ ၃၇–ဖြစ်၊ ဟုတ်ပြီလား။

ဒါကြောင့်မို့ မဂ်စိတ္တုပါဒ်–၃၂၊ ဖိုလ် စိတ္တုပါဒ်–၃၇ တို့ဟာ သစ္စာ ၄–ပါးမှ လွတ်တယ်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာထဲမှာ မပါဘူး၊ တကယ်စစ်ကြည့် မပါဘူး။

ဒုက္ခသစ္စာထဲမှာ လောကီစိတ်သာပါတယ်၊ လောကုတ္တရာစိတ်မပါဘူး၊ သမုဒယသစ္စာဆိုတာက လောဘ, နိရောဓ သစ္စာဆိုတာက နိဗ္ဗာန်, မဂ္ဂသစ္စာဆိုတာက မဂ်စိတ် ၄–ပါးမှာရှိတဲ့ မဂ္ဂင် ၈–ပါး။

အဲဒီတော့ မဂ်စိတ် ၄–ပါးမှာရှိတဲ့ မဂ္ဂင် ၈–ပါးမှာ ကျန်တဲ့စေတသိက်တွေ သစ္စာ ၄–ပါးမှ လွတ်တယ်၊ ဖိုလ်စိတ်ရယ်, ဖိုလ်စိတ်နဲ့ယှဉ်တဲ့ စေတသိက်တွေရယ်၊ သစ္စာ ၄–ပါးမှ လွတ်တဲ့အတွက်ကြောင့်မို့ သစ္စဝိမုတ်။

သစ္စဝိမုတ်တရားရှိသလားဆိုရင် ရှိတယ်ပေါ့၊ မဂ်စိတ္တုပါဒ်–၃၂ ရယ်၊ ဖိုလ် စိတ္တုပါဒ်–၃၇ ရယ်၊ ၃၂ နဲ့ ၃၇, ဖော်တတ်ပြီနော်၊ အဲဒါ သစ္စဝိမုတ်၊ သစ္စာ ၄–ပါးမှ လွတ်တယ်တဲ့၊ ဒါက အဘိဓမ္မာနည်းအရ၊ အတိအကျတွက်တာ။

သုတ္တန်နည်းအလို သုတ္တန်မှာ ဟောထားတာ အဋ္ဌကထာမှာ ပြောထားတာက သစ္စာ ၄–ပါးမှ လွတ်တဲ့တရား လောကမှာ မရှိဘူးတဲ့။

အဲသလို အဆိုအရ သွင်းယူမယ်ဆိုရင် ဖိုလ်စိတ်မှာယှဉ်တဲ့မဂ္ဂင် တရားတွေကို မဂ္ဂင်ချင်းတူလို့ မဂ္ဂသစ္စာထဲသွင်းလိုက်၊ (တကယ်ကေန်မုချတော့ မဟုတ်ဘူး) ကြွင်းတဲ့ဟာတွေကို သင်္ခါရဒုက္ခဖြစ်လို့ ဒုက္ခသစ္စာထဲသွင်းလိုက်လို့ရတယ်။

ဖိုလ်စိတ်နဲ့ ယှဉ်တဲ့ စေတသိက်–၃၆ ခုထဲက မဂ္ဂင်တရားကိုယ် ၈–ပါးကို မဂ်စိတ်မှာယှဉ်တဲ့ မဂ္ဂင်တရားကိုယ် ၈–ပါးနဲ့ အမျိုးအစားတူလို့ သူတို့ကို မဂ္ဂသစ္စာထဲသွင်းလိုက်၊ ဒါဟာ ပရိယာယ်အားဖြင့် သွင်းယူရတယ်။

မဂ်စိတ် ဖိုလ်စိတ်တွေရယ်,တခြားစေတသိက်တွေကျတော့ သူတို့က သင်္ခါရ

http://www.dhammadownload.com



သဘောတွေပဲ, ဖြစ်ပျက်ရှိတဲ့ဟာတွေ ဆိုတော့ ဒုက္ခသစ္စာထဲ သွင်းလိုက်၊ ဒီလို သွင်းယူရင်လည်းရတယ်။

ဒါက ပရိယာယ်အားဖြင့် သစ္စာ ၄-ပါးမှ လွတ်တဲ့ဓေယျတရား၊ သိဖွယ်တရား မရှိလို့ဆိုထားတဲ့ အဆိုအရသွင်းတယ်၊ အဲသလိုဆိုရင် မဂ္ဂသစ္စာထဲရယ်, ဒုက္ခသစ္စာ ထဲရယ် ထိုက်သလို ဝင်သွားမယ်။

ဒါပေမယ်လို့ အဘိဓမ္မာသဘောအရ တိတိကျကျ ပြောပါဆိုရင် မဂ်စိတ် စိတ္တုပါဒ်-၂၉၊ ဖိုလ်စိတ်တ္တုပါဒ် ၃၇-ဟာ ဘယ်သစ္စာမှ မဟုတ်ဘူး။

ကောင်းပြီ, တစ်ခုပဲသတိပေးချင်တယ်။

ဒုက္ခသစ္စာအကြောင်း ပြောတဲ့အခါမှာ သက်ရှိကိုသာ ပြောရတယ်၊ သက်မဲ့နဲ့ သွားပြီး မကပ်ရဘူး၊ မကိုင်ရဘူး။

ဒါကြောင့်မို့ သစ်ပင်ကြီးဟာ ဒုက္ခသစ္စာပဲပြောလို့ မရဘူး၊ ကမ္ဘာလောက ကြီးကို ဒုက္ခသစ္စာလို့ သွားပြောလို့ မရဘူး၊ သက်ရှိလောကကိုသာ ဆိုလိုတယ်။

ဒုက္ခသစ္စာဆိုတာ ပါဠိလိုပြောရင် ဣန္ဒြိယဗဒ္ဓ လောကကိုသာ ဆိုလိုတယ်၊ ဘာကြောင့်တုန်းဆိုတော့ သစ်ပင်ကို ဒုက္ခသစ္စာလို့ ပြောမိရင် သမုဒယ သစ္စာက လာရဦးမှာကိုး၊ အဲဒီသစ်ပင်က လောဘကြောင့် ဖြစ်တယ် ဖြစ်နေဦးမှာ။

အဲဒါကြောင့် ဒုက္ခသစ္စာဆိုတဲ့ အမည်နဲ့ ပြောရင် သက်ရှိသတ္တဝါတွေကို ရည်ရွယ်ပြီး ပြောတာလို့ မှတ်ထားရမယ်၊ ကိုင်း သစ္စာ ၄-ပါး ပြီးသွားပြီ။

http://www.dhammadownload.com

- ❑ မိမိဉာဏ်မပိုင်၍ မကြံနိုင်သော လောကအကြောင်းအရာကို မကြံလေနှင့် ကြံဖန်များလျှင် အသိဉာဏ် အမှန်မရပါက ရူးသွပ်တတ်သည်ဟု ဘုရားဟောရှိကြောင်း သိပါသလား။
- ❑ စကြဝဠာတံတိုင်းအထိအောင် ပျံ့နှံ့သွားသော ဘုရားရှင်၏ ရောင်ခြည်တော်
- ❑ ပဌာန်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ်ကို ယှဉ်စပ်၍ ရေးသော ဂျာမန်လူမျိုး အရှင်ဉာဏတိလောက
- ❑ သမထအားမထုတ်ပဲ ဝိပဿနာအားထုတ်၍မရဆိုသော ယခုခေတ် လူအချို့၏ အယူအဆမှန်/မမှန်
- ❑ သမထသက်သက်က နိဗ္ဗာန်ကို ရောက်အောင် မပို့ဆောင်နိုင်
- ❑ ဝိပဿနာသက်သက် အားထုတ်ပြီး တရားထူးရနိုင်ကြောင်း
- ❑ ဝိပဿနာတန့်အောင်, ရှေ့မတိုးတက်အောင်, ညစ်ညူးအောင် ပြုတတ်သည့် ဘေးရန် ၁၀–ပါး
- ❑ နိဗ္ဗာန်ကိုမမြင်သေးခင် သင်္ခါရတရားထံ ပြန်လာတတ်သည့် ဝိပဿနာ ဉာဏ်
- ❑ အနာဂါမ်လို့ပြောရင် စမ်းသပ်ဖို့ သိပ်လွယ်တယ်
- ❑ အဘိဓမ္မာနားလည်ရသည့်အကျိုး တန်ဖိုးမဖြတ်နိုင်စသော ဟောပြော ပို့ချချက်များ ပါဝင်သည်။

# အဘိဓမ္မာသင်တန်းပို့ချချက်များ (ပဉ္စမတွဲ)


## အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)

ပါမောက္ခချုပ်ဆရာတော်


ထွက်တော့မည်


ပြည်လုံးကျွတ်ဖြန့်ချိရေး

**ရွှေစန္ဒာထွန်းစာပေ**

အမှတ်–၉၆၊ (မြေညီ)၊ ၃၈ လမ်း၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ၀၁–၂၄၃၈၇၀